
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက်အမှတ် [ ၃၇၇ /၉၆ (၇) ]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၃၅၇ /၉၆ (၈) ]

❑

**စီစဉ်ထုတ်လုပ်မှု**
ရာပြည့် ဦးစိုးညွန့်

❑

**ပုံနှိပ်ခြင်း**
ပထမတွဲ ပထမအကြိမ် -(ဇန်နဝါရီ၊၁၉၄၁)ကြီးပွားရေးစာအုပ်တိုက်
ဒုတိယတွဲ ပထမအကြိမ် -(နိုဝင်ဘာ၊၁၉၄၁)ကြီးပွားရေးစာအုပ်တိုက်
နှစ်တွဲပေါင်း၊ဒုတိယ အကြိမ် -(၁၉၄၉) ရွှေမဝစာအုပ်တိုက်
နှစ်တွဲပေါင်း၊တတိယ အကြိမ်-(၁၉၆၂) ပုဂံစာအုပ်တိုက်
နှစ်တွဲပေါင်း၊စတုတ္ထအကြိမ် -(၁၉၆၆) ငြိမ်းစာစဉ်
နှစ်တွဲပေါင်း၊ပဉ္စမ အကြိမ် -(၁၉၇၃) သိတာစာပေ
နှစ်တွဲပေါင်း၊ဆဋ္ဌမအကြိမ် -(၁၉၉၆) ရာပြည့်စာအုပ်တိုက်
အုပ်ရေ [၁၀၀၀]

❑

**မျက်နှာဖုံးရိုက်**
ဦးမြသိန်း [၀၁၄၂၇]၊ သိန်းမြင့်ဝင်းအော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**
ဒေါ်တင်တင်ဆွေး [၀၅၂၄၀]၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**
ဦးစိုးကြည် (၀၉၅၈)၊ မိုးကြည်စာပေ
အမှတ် ၃၈၇(က)၊(၇)ရပ်ကွက်၊ မျှော်ပုံလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။

❑

**စာအုပ်ချုပ်**
ကိုမြင့်

❑

**မျက်နှာဖုံးပန်းချီ**
စံတိုး

❑

**တန်ဖိုး**
၁၇၅ ကျပ်

BURMESE CLASSIC .com

# ပထမံ ဆရာသိန်း

## ရွှေဥဒေါင်း

[ ၁၊ စက်တင်ဘာ၊ ၁၉၉၆ ]

www.burmeseclassic.com

www.burmeseclassic.com

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

| | |
|---|---|
| ၁။ ဒဂုန်ဦးထွန်းမြင့် | ဓာတ်ကြီးဆယ်ဘွဲ့ |
| ၂။ ပါရဂူ | ပဏ္ဍိတ ကထာ<br>[ကမ္ဘာ့ဗုဒ္ဓစာပေ ပညာရှင်များအကြောင်း တစေ့တစောင်း] |
| ၃။ ပါရဂူ | ထေရ ကထာ |
| ၄။ ပါရဂူ | အမ္ဗပါလီ |
| ၅။ သိန်းဖေမြင့် | ဝတ္ထုတိုပေါင်းချုပ်သစ် |
| ၆။ ဦးသိန်းသန်းထွန်း | ရှေးမြန်မာမင်းတို့၏ ရတနာသုံးပါး ဂုဏ်တော်ဂါရဝ |
| ၇။ ဦးသိန်းသန်းထွန်း | ရှေးမြန်မာမင်းတို့၏ အမိန့်တော်များ |
| ၈။ ကျော်အောင် | မောရစ်ကောလစ်၏ နေဝင်ဘုရင်များ |
| ၉။ ကျော်အောင် | အဖေနှင့်အမေ |
| ၁၀။ ဇင်သန့် | အမြတ်ရအောင် ဈေးရောင်းနည်း |
| ၁၁။ နတ်နွယ် နှင့် ချစ်ဝင်းညွန့် | ကမ္ဘာကျော် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အောင်မြင်ရေး လျှို့ဝှက်ကျင့်စဉ်များ |
| ၁၂။ မောင်ပေါ်ထွန်း | လုပ်ငန်းအောင်မြင်ရေး လျှို့ဝှက်ချက်များ<br>(Success Secrects by Mark H. Mc Cormack) |
| ၁၃။ မောင်ပေါ်ထွန်း | အမြန်ဆုံး သူဌေးဖြစ်နည်း (How You Can Get Richer.......Quicker! By M.R. Kopmeyer) |
| ၁၄။ မောင်ပေါ်ထွန်း | ကန္တာရ စမ်းရေအိုင် (ANNIE by Thomas Meehan) |
| ၁၅။ မောင်သာနိုး | ထင်းရှူးပင်ရိပ် |
| ၁၆။ အုတ်လှငယ် | သမိုင်းကြေးမုံ |
| ၁၇။ မောင်သုတ နှင့် မောင်ခင်မင်(ဓနုဖြူ) | စာဆိုတော်များ အတ္ထုပ္ပတ္တိ |
| ၁၈။ ဒေါက်တာသိန်းလွင် | ဗုဒ္ဓနည်းကျ စိတ်ထား လေ့ကျင့်ပျိုးထောင်မှု |
| ၁၉။ ဒေါက်တာမတင်ဝင်း | မှတ်သားမိသော စကားများ (၂) |
| ၂၀။ ဒေါက်တာမတင်ဝင်း | ကမ္ဘာ့ ပညာရေး တွေးခေါ်ရှင်ကြီးများ |
| ၂၁။ ဒေါက်တာမတင်ဝင်း | ကြီးပွားသွားကြသူများ၏ အလေ့အကျင့်ကောင်းများ |
| ၂၂။ အုပ်စိုးခိုင် | စီးပွားရေး မော်အောင်သွားသူ စွန့်ဦးတီထွင် မြန်မာလူငယ်များ |

## အခန်း ၁

ကျွန်ုပ်သည် ၁၉၁၁ ခုနှစ်တွင် ရန်ကုန်မြို့ ကောလိပ်ကျောင်းမှ အိုင်အေစာမေးပွဲ အောင်မြင်ပြီးနောက်၊ ၁၉၁၃ ခုနှစ်တွင် အိန္ဒိယပြည် ဒယ်ရဒွန်းမြို့၌ သစ်တောကျောင်းတက်ရန်အတွက် အစိုးရ ရွေးကောက်စေလွှတ်သူများ အနက်တွင် တစ်ယောက် အပါအဝင် ဖြစ်ခဲ့ရာ၊ ၁၉၁၆ ခုနှစ်တွင် အစိုးရ သစ်တောစာမေးပွဲကို အောင်မြင်ခဲ့ပြီးလျှင် ဝန်ထောက်အဖြစ်နှင့် ပျဉ်းမနားမြို့၊ မိုးကုတ်နှင့် ကသာမြို့များတွင် ၇ နှစ်ခန့် တိုင်တိုင် အမှုထမ်းခဲ့ဖူးလေသည်။

ထိုအချိန်ကာလ အတောအတွင်း၌ ပျဉ်းမနား သစ်တောနယ်အတွင်းမှ ရရှိခဲ့သော ငှက်ဖျားရောဂါသည် မကြာခဏ ဖိစီးနှိပ်စက်ခဲ့သည်တစ်ကြောင်း၊ အထက်လူကြီးများနှင့် မသင့်မတင့် ဖြစ်သည့်အတွက်ကြောင့် နှစ်စဉ်တိုးမြဲ လခကို သုံးနှစ်တိုင်တိုင် မတိုးဘဲ ရပ်စဲထားခြင်းတည်းဟူသော အပြစ်ဒဏ်ပေးခြင်းကို ခံရသည်က တစ်ကြောင်းကြောင့် အစိုးရဘက်၌ အမှုထမ်းရွက်ရခြင်းကို စိတ်ပျက်ပြီးလျှင် အားလပ်ခွင့် လေးလ ခံယူရာမှ နောက်ဆုံး၌ တစ်ခါတည်း နုတ်ထွက်ခဲ့လေသည်။

အထက်လူကြီးများနှင့် မသင့်မတင့် ဖြစ်ရခြင်းမှာ ကျွန်ုပ်သည် အလုပ်ဝတ္တရားများ၌ ပျက်ကွက်ပေါ့လျော့သောကြောင့် မဟုတ်။ သစ်တောဘက်[illegible]ပါ သျှက်နှင့် အခြားဘက်များကို တုပ၍ အထူးသဖြင့် အရှိအသေကြိုက်သူ သစ်တော



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်တစ်ယောက်နှင့် အချင်းဖြစ်ပွား စကားများကြရာတွင် စိတ်မာန်အလျှောက် လက်သီးလက်ရုံးတန်းကာ ခုခံ ပြောဆိုမိသော အပြစ်ကို ဝန်ချတောင်းပန်ခြင်းမပြုဘဲ ခေါင်းမာခဲ့ခြင်းအတွက်ကြောင့်၊ ထိုကဲ့သို့ အပြစ်ပေးခြင်းခံရသူ ဖြစ်လေသည်။

ကျွန်ုပ်၏ ဖခင်မှာ တရုတ်လူမျိုး ကုန်သည်ကြီးတစ်ဦးဖြစ်၍ မိခင်မှာ မြန်မာလူမျိုး ဖြစ်လေရာ၊ ဖခင်သည် ကျွန်ုပ်အား ငယ်စဉ်ကပင် ပြေကြီးသို့ ပို့ထား၍ တရုတ်စာနှင့် တရုတ်စကားတို့ကို သင်ကြား လေ့လာခဲ့စေသည့်အတွက် ကျွန်ုပ်၏ ရုပ်အသွင်မှာ တရုတ်လူမျိုး အစစ်များနှင့် မခြားမနား ရှိနေသည့်ပြင်၊ တရုတ်ကပြားမို့ ခက်ခဲလှစွာသော တရုတ်စာနှင့် တရုတ်စကားကိုလည်း သွက်လက်စွာ ပြောနိုင်၊ ရေးနိုင်၊ ဖတ်နိုင်သည့်တိုင်အောင် တတ်မြောက်ခဲ့လေသည်။ အလုပ်မှ ထွက်လာခဲ့ပြီးသည့် နောက်၌ပင် ကျွန်ုပ်သည် ဖခင်၏ တိုက်တွန်းချက်အရ မြန်မာပြည်နှင့် တရုတ်ပြည်ကြီး၏ ကုန်စည်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းအတွက် တရုတ်ပြည်ရှိ မြို့ကြီးများ အသီးသီးသို့ ၂ နှစ်ကျော် ၃ နှစ်တိုင်တိုင် လှည့်လည် စုံစမ်းခဲ့ရသည်ဖြစ်ရာ၊ ဖခင်၏ ရည်ရွယ်ချက်မှာ တရုတ်ပြည်ဖြစ် ကုန်စည်များကို ပင်ရင်းဌာနဖြစ်သော ဒေသများမှ ကုန်သည်ကြီးများနှင့် တိုက်ရိုက် ဆက်ဆံခြင်းပြု၍ မြန်မာပြည်သို့ တင်ပို့ရောင်းချပေးရန် ဖြစ်လေသည်။

ထိုအတောအတွင်း၌ ကျွန်ုပ်၏မိခင်နှင့် ဖခင်တို့မှာ ရုတ်တရက် ရောင်တခင် ရောဂါမျိုးဖြင့်၊ တစ်လအတွင်းတွင် နှစ်ဦးစလုံး ကွယ်လွန်အနိစ္စ ရောက်လေရကား၊ ထိုစဉ်အခါက ရှန်ဟဲမြို့သို့ ရောက်နေသော ကျွန်ုပ်မှာ အလုပ်လက်လွတ်ဖြစ်ရုံမျှမက၊ မြန်မာပြည်သို့ ပြန်လာဖို့ပင် စရိတ်ကြေးငွေအတွက် ကျပ်တည်းခဲယဉ်းခြင်းနှင့် တွေ့ကြုံရလေ၏။ စင်စစ်မှာ ကျွန်ုပ်၏ သဘော၌လည်း မြန်မာပြည်သို့ ပြန်လိုသောဆန္ဒ မရှိလှချေ။ ရှန်ဟဲမြို့ရှိ ဖခင်၏ မိတ်ဆွေဟောင်းများထံမှ စရိတ်စက တောင်းခံရသော် ရနိုင်ဖို့ နည်းလမ်းရှိပါ၏။ သို့ရာတွင် သစ်တောဘက်၌ အမှုထမ်းခြင်းအားဖြင့် မြန်မာပြည်၌ စိတ်အပျက်ကြီး ပျက်ခဲ့သော ကျွန်ုပ်သည် တရုတ်ပြည်နယ်၌ပင် ရတတ်သရွေ့ အလုပ်အကိုင် ရှာဖွေလုပ်ကိုင်ရန် အကြံဖြစ်ခဲ့၏။





သို့ဖြစ်၍ ရန်ကုန်မြို့မှ ညီဖြစ်သူ တင်ပို့လိုက်သော ငွေကလေးကို အိမ်လခနှင့် ထမင်းဖိုးအတွက် အသုံးပြုလျက် ရှန်ဟဲမြို့၌ပင် ဆက်လက်၍ အလုပ်အကိုင် ရှာဖွေခဲ့ရာ၊ အချို့သော အလုပ်ကလေးများ၌ ခေတ္တမျှ လုပ်ရသော အချိန်ကာလမှတစ်ပါး အားလပ်သည်သာလျှင် များခဲ့၍ နောက်ဆုံး၌ အိမ်ရှင်ကပင် သုံးလတွက် အိမ်လခကြောင့် နှိုတစ်များပေးခြင်း ခံခဲ့ရလေပြီ။

တစ်ညနေ၌ ကျွန်ုပ်သည် နောက်ဆုံးကျန်ရှိသော ကြေးငွေကလေးနှင့် ထမင်းဆိုင်တစ်ဆိုင်၌ ဝင်ရောက်စားသောက်ခဲ့၍ ဤညစာသည် နောက်ဆုံးညစာပင် ဖြစ်ချေမည်လောဟု မသိနိုင်သော အနေမျိုးဖြင့် စိတ်ပျက်စွာ လျှောက်လာခဲ့စဉ် ရန်ကုန်မြို့ ကောလိပ်ကျောင်း၌ အတူတကွ ပညာသင်ကြားဖူးသော ကျောင်းနေဘက် သူငယ်ချင်း ကျင်ဟုတ်နှင့် တွေ့လေ၏။

"အခန့်သင့်လိုက်လေ ကိုကျင်စိန်၊ ခင်ဗျားကို မနက်ကတည်းက ကျုပ်လိုက်ရှာနေတယ်၊ အလုပ်အကိုင်များ ဘယ့်နှယ်လဲ"

"နေရာမှ မကျသေးပေါင်ဗျာ၊ ဘာကိစ္စနဲ့ ခင်ဗျားလိုက်ရှာသလဲ"

"ခင်ဗျားအတွက် အလုပ်တစ်ခု တွေ့ထားလို့ဗျ၊ ကျုပ်ရောက်တာတော့ ခင်ဗျားက မသိဘူး၊ ခင်ဗျားအကြောင်းတော့ ကျုပ် သိပြီးပြီ"

"ဘယ်လို အလုပ်မျိုးလဲဗျ"

"ကျောင်းကတည်းက ခင်ဗျားဟာ စွန့်စွန့်စားစား လုပ်ရတဲ့အလုပ်မျိုးကို လုပ်ချင်ကြောင်း ပြောဖူးတာ ကျုပ် အခုတောင် မမေ့ဘူး။ဒါကြောင့် ပထမ ဆရာသိန်းက မနက်တုန်းက လူတစ်ယောက်လိုတယ်လို့ ပြောပြောချင်း ခင်ဗျားကို ကျုပ် ချက်ခြင်းသတိရလာတယ်"

"ဘယ်က ပထမ သိန်းလဲဗျ"

"ခု ကာလ နောက်ပေါ်တွေထဲက အင်းတွေ၊ မန္တရားတွေ၊ လက်ဖွဲ့တွေ၊ သိုက်စာတွေ စတဲ့၊ လုပ်ရပ်တွေကို လောကဓာတ်ပညာနဲ့တွဲပြီး လိုက်စားနေတာ ဒီသူတစ်ယောက်ပဲ ရှိသေးတယ်၊ ခင်ဗျား မကြားဖူးဘူးလား"

"သန့်သန့်တော့ ကြားဖူးပါရဲ့ဗျာ၊နေဦးဗျို့ ဘယ်မှာတုန်းကပါလိမ့်၊ ဪ



www.burmeseclassic.com

www.burmeseclassic.com



သတိရပြီ၊ကာသာမှာ ကျုပ် သစ်တောဝန်ထောက် လုပ်တုန်းက ရွှေလီနယ်မှာ ကျုပ်တစ်ခါ သူ့အကြောင်း ကြားခဲ့တယ်၊ လူထူးလူဆန်းတစ်ယောက် ဆိုပါကလား"

"ထူးဆန်းတာကတော့ ဘာပြောဖို့ ရှိသလဲဗျာ၊ရှေးက တိမ်မြုပ်နေတဲ့ ပညာရပ်တွေကို လိုက်စားတဲ့အပြင်၊ ဒီလူက တရုတ်စကား၊ အင်္ဂလိပ်စကား၊ ကုလားစကား၊ ကချင်စကား၊ ရှမ်းစကားမှ စပြီး ဘာသာမျိုးစုံတတ်တဲ့ လူတစ်ယောက်ပဲ"

"နို့ နေပါဦးဗျာ၊ သူက ဘယ်လိုအလုပ်မျိုး ကျုပ်ကိုပေးနိုင်သတဲ့လဲ"

"ဒါတော့ ကျုပ် သေသေချာချာ မသိဘူး၊ တရုတ်စကား ကောင်းကောင်းတတ်ပြီး သတ္တိလဲရှိ၊ အလုပ်လက်မဲ့လဲဖြစ်၊ အရွယ်လဲ ကောင်းကောင်းနဲ့ လူတစ်ယောက် လိုချင်တယ်လို့ ဒီကနေ့မနက်ပဲ သူက ကျုပ်ကိုပြောတယ်။ဒါကြောင့် ကျုပ်က ခင်ဗျား ဒီရောက်နေတာ သိလေတော့ ခင်ဗျားတို့နှစ်ယောက် ဆက်သွယ်ပေးရရင် နေရာကျမယ်လို့ အောက်မေ့တဲ့အတွက် ခင်ဗျားကို ကျုပ် လိုက်ရှာနေတာပဲ"

"တွေ့စမ်းရအောင်လေဗျာ"

"လာ–ဒါဖြင့် လိုက်ခဲ့၊ ဈေးနားက ဘုံအိမ်ကို သူလာတတ်တယ်။ ဒီလူက တရုတ်စကားတတ်ပြီး တရုတ်တွေနဲ့ အားကြီးပေါင်းတဲ့လူဗျ"

"ဒီလူက ဘာကြောင့် ရှန်ဟဲကို ရောက်နေရတာလဲ"

"ရှန်ဟဲ မပြောနဲ့ ဆရာ၊ ဒီလူက ပီကင်းလဲ ရောက်ဖူးတယ်၊ အိန္ဒိယပြည်လဲ နှံ့လို့၊ ဘိလပ်တောင် ရောက်ဖူးသေးတယ်လို့ ပြောကြတယ်"

"တွေ့ချင်သဗျာ၊ အလုပ်နေရာ ကျကျ မကျကျ၊ သူနဲ့တွေ့ရရင် တော်ပါပြီ၊ လာဗျာ သွားကြရအောင်"

ထိုနောက် ကိုကျင်ဟုတ်နှင့် ကျွန်ုပ်တို့သည် လန်ခြားတစ်စီးနှင့် ဘုံအိမ်သို့ သွားကြလေရာ၊ ပထမ သိန်းနှင့် မတွေ့ရသော်လည်း ၎င်း ငှားရမ်းနေထိုင်လျက်ရှိသော အိမ်ကိုသိသည့် တရုတ်ကုန်သည်ကြီးတစ်ဦး၏ ညွှန်ကြားချက်အရ လန်ခြားနှင့်ပင် ဆက်လက်သွားရောက်ကြလေ၏။ထိုအိမ်သို့ ရောက်သောအခါ တရုတ်လူမျိုး အစေခံတစ်ယောက်နှင့်တွေ့၍ ၎င်း၏ဆရာမှာ ည ၇ နာရီအချိန်မှ ပြန်လာမည်ဟု ပြောသွားကြောင်းနှင့် ပြောပြလေ၏။





"ပွကျတာပဲဗျာ၊ ၇ နာရီဆိုတော့ ကျုပ်မှာ ကိစ္စကလေးတစ်ခုရှိလို့ မအားပေဘူး၊ သို့သော် ဒီလိုလုပ်ပေတော့၊ ကျုပ်က စာတစ်စောင် ရေးပေးလိုက်မယ်၊ဒီစာနဲ့ ခင်ဗျားသွားပေတော့၊ ကိစ္စမရှိပါဘူး သွားသာ သွားပါ၊ ဒီလူက ခင်ဗျားကို မြင်ရရင် သဘောကျပြီးသားပါဗျ၊ သူ့အလုပ်ကိုသာ ခင်ဗျားက သဘောကျမယ် မကျမယ်ကိုသာ ခင်ဗျားစဉ်းစားဖို့ လိုမှာပါ၊ ဘယ့်နှယ်လဲ"

ထိုအခါ အလုပ်လက်မဲ့ဖြစ်နေ၍ နက်ဖြန်အတွက်ပင် ထမင်းစားဖို့ မရှိအောင် ဖြစ်နေသော ကျွန်ုပ်မှာ ထိုသူနှင့် စမ်းသပ်တွေ့ဆုံရန် သဘောတူညီရလေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကိုကျင်ဟုတ်၏ နေအိမ်သို့ သွားကြ၍ ကိုကျင်ဟုတ်က ကတိပေးထားသည့်အတိုင်း စာကို ရေးသား ပေးအပ်ပြီးလျှင် နက်ဖြန် သူ့ထံ အကြောင်းပြန်ရန် မှာထားပြီးနောက် ခွဲခွာကြလေ၏။

ကျွန်ုပ်သည် ဈေးအနီးတွင် လမ်းလျှောက်ရင်း၊ မည်သို့သောအလုပ်မျိုး ဖြစ်ချေမည့်အကြောင်းကို စဉ်းစားစိတ်ကူးလျက်ရှိရာ ၇–နာရီထိုးသည်နှင့် တစ်ပြိုင်နက် လန်ခြား မတတ်နိုင်သည်ဖြစ်သောကြောင့် ခြေလျင်လျှောက်လာခဲ့လေ၏။ ပထမသိန်း၏အိမ်သို့ ရောက်သောအခါ ယခင်က အစေခံနှင့်တွေ့၍ ကိုကျင်ဟုတ်ပေးလိုက်သောစာကို ပေးလိုက်ရာတွင် အစေခံသည် အိမ်ပေါ်သို့ တက်သွား၍ ၄ မိနစ်ခန့် ကြာသောအခါတွင် အိမ်ပေါ်မှ ဆင်းလာပြီးလျှင် ကျွန်တော့်အား ခေါ်သွားလေ၏။

အစေခံသည် တစ်ခုသော အခန်းတွင်း၌ ကျွန်ုပ်အား ထားသဖြင့် ကျွန်ုပ်သည် တစ်ယောက်တည်း စောင့်နေစဉ် အခန်း၏ အခြေအနေကို ကြည့်ရှုရာတွင် ဈေးဆရာကြီးတို့၏ အနေအထိုင်နှင့် ခြားနားလှ၍ ဥရောပတိုက်သား အရာရှိကြီးများ၏ နေအိမ်အလား ခမ်းနားသပ်ရပ်စွာ ခင်းကျင်းပြင်ဆင်ထားသော စားပွဲ ကုလားထိုင်နှင့် ဆိုဖာကြီးများကို တွေ့ရသဖြင့် ပထမသိန်းဆိုသူမှာ အလွန်တရာ အတတ်ဆန်းသည့်အပြင်၊ ဥစ္စာကြေးငွေ အရာဌာနၥ္ဍလည်း အတော်အတန် ခိုင်လုံသူ တစ်ယောက်ဟူ၍ ခန့်မှန်းမိ၏။

တစ်မိနစ်ခန့် ကြာသောအခါ အတွင်းဘက်တံခါးသည် ရုတ်တရက်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လာ၍ အလွန်တရာ ကျစ်လျစ်သေးသွယ်လျက် အရပ်မြင့်မားလှသော လူတစ်ယောက် ကြောင်ကဲ့သို့ အလွန်တရာ ညင်သာလှသော ခြေလှမ်းဖြင့် အခန်းတွင်းသို့ ဝင်လာလေ၏။ ပထမံသိန်းဟူသော အမည်ရှိခြင်းအားဖြင့် ယောင်ချောကြီးထုံးလျက် လွယ်အိတ်နှင့် ပုဆိုးရှည် ဝတ်ဆင်သော လူစားမျိုးဟူ၍ မှတ်ထင်ခဲ့ပါလျှင် မှားယွင်းချေမည် ဖြစ်လေသည်။ ပိုးဘောင်းဘီအပွကြီး၊ နက်ပြာရောင် ဘလေဇာကုတ်နှင့် ပေဘင်ရှူးကိုစီးလျက် ဗိုလ်ကေကိုလည်း ချောပြောင် သပ်ယပ်လှစွာဖြင့် နောက်သို့လှန်၍ ဖီးထားသည်ဖြစ်ရာ၊ အသားမှာမူ အင်္ဂလိပ်လူမျိုးတို့က ကြေးဝါရောင်ဟု ခေါ်ကြ၍ မြန်မာလူမျိုးတို့က ရွှေရောင်ဟု ခေါ်ကြသည့် လွန်မင်းစွာ ဝါထိန်လှသော အဆင်းရှိချေ၏။ နက်မှောင် ဖြောင့်စင်းစွာရှိသော မျက်ခုံးတို့နှင့် အရောင်တလက်လက် ထွက်သည့်တိုင်အောင် ချောပြောင် သပ်ရပ်စွာ ဖြီးထားသော ဆံပင်တို့၏အကြား၌ ကျယ်ဝန်းလှစွာသော မဟာနဖူးကြီးသည်လည်း ဝါဝင်းသောအသားကြောင့် လွန်မင်းစွာ ပေါ်လွင်ထင်ရှားလျက် ရှိချေ၏။ ထိုကဲ့သို့ ထူးခြားသော အင်္ဂါရုပ်၌ အထူးခြားဆုံးသော အင်္ဂါအစိတ်အပိုင်းမှာမူကား ၎င်း၏ ကြည်လင်တောက်ပသော မျက်လုံးများပေတည်း။ ပထမံသိန်းသည် ကျွန်ုပ်အား စိုက်၍ ကြည့်လိုက်သော အခါများ၌ ဦးခေါင်းတစ်ခုလုံးကို ဖောက်ထွင်း၍ သွားဘိသည့်အလား မှတ်ထင်ရသည့်ပြင် ဝမ်းတွင်း၌ရှိသော စိတ်အကြံအစည်နှင့်တကွ အူသိမ်အူမ မကျန်အောင် ထိုးဖောက် မြင်စွမ်းနိုင်ပေဘိ၏ တကားဟူ၍ပင် မှတ်ထင်ရပေ၏။ ၎င်း၏ အသက်မှာမူ ခန့်မှန်းရန် ခဲယဉ်းလှသော အင်္ဂါရုပ်မျိုးဖြစ်သဖြင့် ၄၀ ၏ ပတ်ဝန်းကျင်လောက်၌ ရှိမည်ဟူ၍ တွေးထင်ရ၏။

အခန်းတွင်းသို့ ဝင်လာသောအခါ ပထမံသိန်းသည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ရှိနေသော ဆိုဖာကြီးပေါ်တွင် စည်းစိမ်ရှိသော အမူအရာနှင့် ဖြည်းညင်းစွာ ထိုင်ပြီးနောက်

"ကိုကျင်စိန် ဟုတ်ပါစ"

"မှန်ပါတယ်"

"ကျုပ်ကို ခင်ဗျားက ဘယ်လိုများ အကဲခတ်မိသလဲတော့ မဆိုနိုင်ဘူး၊





ကျုပ်တော့ဖြင့် ခင်ဗျားကို မြင်မြင်ချင်း သဘောကျပြီ၊ ကိုင်း ကျုပ်က စကားရှည်ရှည် ပြောတတ်တဲ့လူ မဟုတ်ဘူး၊ ပြောစရာရှိတဲ့ ကိစ္စကို တိုက်ရိုက်ပဲ ပြောကြစို့၊ တရုတ်စကား ခင်ဗျားပြောတတ်တာတော့ သိရပြီ၊ စွန့်စားတဲ့ဖက်ကတော့ ဘယ်အထိ ခင်ဗျား စွန့်စားမလဲ"

"စွန့်စားထိုက်တဲ့ အလုပ်မှန်လျှင် အသက်အထိ ကျွန်တော် စွန့်ဝံ့ပါတယ်"

"ကောင်းလှပြီ၊ ကျုပ်လဲ ယုံကြည်တယ်၊ သို့သော် စွန့်စားထိုက် မထိုက်ဆိုတာက ရှိပေတယ်။ ဒီလိုဗျ ကိုကျင်စိန် စွန့်စားထိုက်တယ် ဆိုတာ တိုင်းပြည်အတွက်၊အမျိုးသားအတွက်၊ကိုယ်ကျိုးအတွက်ဆိုလို့ အမျိုးမျိုး ရှိတာကိုးဗျ။ ကောင်းပြီ၊ အမျိုးသား.မှာလဲ အကျိုးရှိမယ်၊ ကိုယ်တိုင်လဲပဲ အများကြီး အကျိုးခံစားရမယ်၊ ဒီလိုဆိုရင် ဘယ်အထိ ခင်ဗျား စွန့်စားမလဲ"

"ဒီလိုများဆိုရင် အသက်ကိုပါ မညှာပါဘူးဆရာ စွန့်ပါမယ်"

"ကောင်းလှပြီ၊ လောကကြီးမှာ ပညာတွေက ၎ုပ်ချည်ပေါ်ချည် ဖြစ်နေတယ်ဗျ၊ ခုကာလ လူများကတော့ ဘယ်လို ထင်နေကြသလဲဆိုတော့ ယခုခေတ်ကြီးမှာ ပညာတွေဟာ တိုးတက်လာတယ်တဲ့ဗျ၊ ရှေးက ဘယ်တော့မှ ဒီအခြေမျိုးကို မရောက်ဖူးဘူးတဲ့ဗျ၊ စင်စစ်မှာ ဒီလို မဟုတ်ဘူးဗျ၊ တိုးတက်တဲ့ဖက်က တိုးတက်လာပြီး တိမ်မြုပ်တဲ့ဖက်က တိမ်မြုပ်သွားတဲ့ ပညာတွေ အများကြီးပဲ ကိုကျင်စိန်"

"ကျွန်တော် သဘောကျပါတယ်"

"ကျုပ်တစ်ယောက်ကတော့ ဘယ်လိုတုန်းဆိုတော့ ခေတ်ကာလပညာကိုလဲ တတ်နိုင်သမျှ ဆည်းပူးတယ်၊ ရှေးက တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ပညာအ၎ုပ် အရင်းတွေကိုလဲ တတ်နိုင်သမျှပေါ်အောင် လိုက်နေတယ်"

"သဘောကျပါတယ်ဗျာ"

"အာတပွနဗေဒင်ဆိုတာ ခင်ဗျား ကြားဖူးတယ် မဟုတ်လား"

"မီးရှို့ပစ်ရတဲ့ ဗေဒင်ကျမ်းဟာ မဟုတ်လား"

"မှန်တယ်၊ သို့သော် ၎င်းဗေဒင်ကျမ်းကို မီးရှို့စဉ်က အခြားမှ[illegible]မှကျန်ရှိသေးတယ်ဆိုတာကော ခင်ဗျား ကြားဖူးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မကြားဖူးဘူးဗျ"

"ခင်ဗျားလဲ မကြားဖူးဘူး၊ တိဘက်ပြည်က ရဟန်းတော်သုံးပါးနဲ့ ကျုပ် တစ်ယောက်ကလွဲလို့ ဒီပြင် ဘယ်သူမှလဲ မကြားဖူးဘူး၊ ကျုပ်က ဘယ်နည်းနဲ့ ဒီအကြောင်းကို သိရသလဲ ဆိုတာတော့ မမေးပါနဲ့တော့၊ ရှိကြောင်းကိုတော့ကျုပ်က တပ်အပ်သေချာ သိရတယ်၊ ဒီလိုဗျ သီဟိုဠ်ကျွန်းမှာ ဒေဝါနံ ပိယတိဿမင်း လက်ထက်က ရဟန်းသုံးပါး သာသနာပြုဖို့ ထွက်ကြွတော်မူကြတယ်။ အဲဒီ အာတပွန ဗေဒင်ကျမ်း၏ ဒုတိယမူဟာလဲ ၎င်းရဟန်းတော်များနဲ့ အတူပါသွားပြီး၊ ယခု တိဘက်ပြည်မှာ ရောက်နေတယ်၊ သို့သော် ဒီအကြောင်းကို ဂိုဏ်းချုပ်ကြီး သုံးပါးမှတစ်ပါး တိဘက်တစ်ပြည်လုံးကလဲ မသိဘူး၊ မြန်မာပြည်ကလဲ မသိကြဘူး၊ သီဟိုဠ်ကျွန်းကလဲ မသိဘူး၊ တစ်ကမ္ဘာလုံးကလဲ မသိကြဘူးဗျ"

"ဆရာ့အကြံက ဘယ်လိုရှိလို့လဲ"

"ကျုပ်အကြံက ဒီဗေဒင်ကျမ်းကို တရားသဖြင့်ရအောင် ကြံနိုင်လျှင်ကြံယူ၊ တရားသဖြင့်နဲ့ မရလျှင် မတရားဖြင့် ခိုးဝှက်လို့ ယူနိုင်လျှင်ယူဖို့ ကြံတယ်"

"ဘယ်လိုများ အသုံးချနိုင်လို့လဲဗျ"

"လောကမှာ ငွေအရေးကြီးတယ် မဟုတ်လားဗျ။ ဒီကျမ်းကိုရလျှင် ငွေကို ခင်ဗျားလိုချင်သလောက် ရမယ်။ လိုချင်သလောက် ငွေရလျှင် လောကမှာ ခင်ဗျားမတတ်နိုင်သေးတာ ဘာများ ကျန်ဦးမလဲဗျ"

"ဒီဗေဒင်ကျမ်းကို ရပါပြီတဲ့ဗျာ၊ ငွေရအောင် ခင်ဗျား ဘယ့်နှယ်လုပ်မလဲ၊ ဗေဒင်ဟောစားမှာလား"

"ဘာ ဒီလိုဟုတ်မလဲ ကိုကျင်စိန်၊ ဗေဒင်ဟောလို့ ရှင်ဘုရင့်ဇာတာတစ်စောင်ကို ဟောလို့တောင် ခင်ဗျား ဘယ်လောက်ရဦးမှာလဲ၊ ငွေရနည်းက ဒီလိုဗျ။ အင်္ဂလန်ပြည် လန်ဒန်မြို့တော်မှာ အိုက်စချိန်းဆိုတဲ့ အလုပ်ဌာနကြီးတစ်ခု ရှိတယ်။ ဒီဌာနကြီးဟာက ငွေဒင်္ဂါးနဲ့ ရွှေဒင်္ဂါး တက်ဈေး ကျဈေးမှစ၍ ရှယ်ယာအမျိုးမျိုး တက်ဈေး ကျဈေးနဲ့ ပတ်သက်ပြီး သိန်းသန်းကုဋေ ကြွယ်ဝတဲ့ သူဌေးကြီးများ ဈေးကစားရာ ဌာနကြီး ဖြစ်တယ်။ ၎င်းဌာနကြီးမှာ တစ်နှာရီအတွင်း ရွှေဒင်္ဂါးတစ်





သန်း နှစ်သန်း ရှုံးမှ မြတ်မှုဟာ နေ့စဉ်လို ကြုံတွေ့ရလို့ ဘာမှ ထူးထူးဆန်းဆန်း မဟုတ်သေးဘူးတဲ့ဗျ၊ဒီလိုနေရာကြီးမျိုးမှာ ရှေ့အဖြစ်ကို တစ်ရက် နှစ်ရက် မပြောနဲ့တစ်နာရီလောက် ကြိုတင်ပြီး မြင်နိုင်လျှင် တစ်နေ့တစ်နေ့မှာ ရွှေဒင်္ဂါး ဆယ်သန်း ဆယ့်ငါးသန်းရဖို့ ဘာမှ မခဲယဉ်းဘူး ကိုကျင်စိန်ရဲ့။ အဲဒီအိုက်စချိန်းမှာ တစ်နေ့တည်းနဲ့ သူဌေးအဖြစ်က ပြာကျသွားတဲ့လူတွေ၊ တော်ရုံတန်ရုံ အခြေအနေက သူဌေးဖြစ်သွားတဲ့လူတွေ ပြည့်နေတာပဲ ကိုကျင်စိန်။ ကျုပ်တို့က ဒီဗေဒင်နဲ့ တွက်ကြည့်လို့တက်ဈေး ကျဈေးကို ကြိုတင်ပြီး သိနှင့်ထားလျှင် တစ်နေ့တစ်နေ့အတွင်းမှာ ရွှေဒင်္ဂါး ဆယ့်လေးငါးသန်းမြတ်ဖို့ ဘာခဲယဉ်းသလဲ ကိုကျင်စိန်"

"ဒါကတော့ ဟုတ်ပါပြီဗျာ၊ကျွန်တော် ကြားဖူးတာကတော့ ဒီလူ့စုထဲသင်နိုင်အောင်ဟာ ကိုယ့်မှာ လက်ကိုင်ကောင်းကောင်းတောင့်မှ ဝင်နိုင်တယ် ဆိုပါကလားဗျာ"

"လက်ကိုင် ဘယ်လောက်လိုသလဲ၊ ရွှေဒင်္ဂါး တစ်သန်းလိုတယ် ဆိုပါစော့၊ ကောင်းပြီ၊ မြင်းပွဲတွေက ကျုပ်တို့ ရအောင်ယူမယ်၊ မြင်းပွဲတွေမှာ နိုင်မယ့်မြင်းကို ကျုပ်တို့ ဗေဒင်တွက်ပြီး ထိုးယူမယ်ဆိုရင် မြန်မာပြည်က မြင်းပွဲတွေထားလိုက်ပါဦးတော့၊ အင်္ဂလန်ပြည်က မြင်းပွဲတွေမှာ လောင်းယူလျှင် ရွှေဒင်္ဂါး တစ်သန်းလောက်ငွေကို ဘယ်နှစ်ပတ်ကြာအောင် လောင်းနေရမှာဦးလဲဗျ"

"ကောင်းပေ့ဗျာ– ခင်ဗျားအကြံ၊ ဒါထက် ဒီငွေတွေရတော့ ခင်ဗျား ဘာလုပ်မလဲ"

"ကျုပ်တို့ မြန်မာပြည်က လူစုတွေ ဟုမ္မရူးရအောင်လို့ ကြိုးစားနေကြတယ်ဆို မဟုတ်လား၊ သူတို့နည်းနဲ့ ရဖို့က ခဲယဉ်းတယ်၊ ကျုပ်နည်းနဲ့ ရဖို့က လွယ်တယ် ကိုကျင်စိန်"

"ဘယ်လိုလုပ် ယူမလဲဗျ"

"ကျုပ်က အင်္ဂလိပ်အစိုးရကို ပူပူဆူဆူ ဘာမှ မလုပ်ဘူး၊ ကျေကျေနပ်နပ်နဲ့ ဟုမ္မရူးရအောင် လုပ်ယူမယ်၊ ခုနင်ကပြောတဲ့ အိုက်စချိန်းမှာ တစ်နေ့ကို ရွှေဒင်္ဂါး လေးငါးဆယ်သန်း မြတ်အောင် ဈေးကစား၊ မြတ်တဲ့ငွေတွေကို ဘဏ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆေး ငါး ဆယ်တိုက် ခွဲပြီးအပ်၊ ဒီလိုချည်း နှစ်ရှည်လများ လုပ်ယူရရင် ကျုပ်တို့ လက်ထဲကို ငွေတွေ ဘယ်လောက်ရောက်မလဲ၊ ဒီအခါကျတော့ မြန်မာပြည်ကို ကျုပ်တို့ မဝယ်ယူနိုင် ပေဘူးလားဗျ။ အင်္ဂလိပ်အစိုးရကလဲ သူတို့ကြိုက် အဖိုးရရင် မြန်မာပြည်ကို မပြောနဲ့ အိန္ဒိယပြည်ကိုတောင် ရောင်းသေးရဲ့၊ သူတစ်ပါး တိုင်းပြည်ကို လွှမ်းမိုးအုပ်ချုပ်တယ် ဆိုခြင်းဟာ ဘာကိုလိုလို့ အုပ်ချုပ်တာလဲဗျ၊ ငွေလိုလို့ပဲ မဟုတ်ဘူးလား၊ ဒီတော့ကာ ကျုပ်တို့က သူတို့လိုချင်တဲ့ အဖိုးကို ပေးနိုင်ခဲ့လို့ရှိရင် ရောင်းလှ ချေပေါ့ ကိုကျင်စိန်"

"ကောင်းတဲ့ယ်ဗျာ ခင်ဗျားအကြံ၊ သူတို့ပြည်ကငွေနဲ့ သူတို့ ပြန်ဝယ်မှာကိုးဗျ၊ နေရာကျလိုက်လေဗျာ"

"အကယ်၍ အင်္ဂလိပ်အစိုးရက မြန်မာပြည်ကို မရောင်းဘူးဘဲ ထားဦးတော့ဗျာ၊ကျုပ်တို့မှာ အိက်စချိန်းမှာ သုံးလေးနှစ်လောက် ဈေးကစားပြီး ရွှေဒင်္ဂါးတွေ ကုဋေကုဋာနဲ့ မြန်မာပြည်ပြန်လာပြီး အမျိုးသားတွေဖို့ အလုပ်ကြီးအကိုင်ကြီးတွေဖွင့်၊စပါးလုပ်ငန်းတွေ၊သစ်လုပ်ငန်းတွေကို ကျုပ်တို့ မြန်မာလူမျိုး လက်ထဲရောက်အောင် ကြံယူ၊ငွေကိုသာ လိုချင်သလောက် ရှိပါစေဗျာ၊မြန်မာလူမျိုးတစ်မျိုးလုံးကို ဟုမ္မရူးရသလောက် ချောင်ချိသွားအောင် လုပ်ပေးနိုင်တဲ့ နည်းလမ်းတွေ အများကြီး ရှိပါတယ်၊အကယ်၍ ကျုပ်တို့ကိုယ်တိုင် မလုပ်တတ်စေကာမူ လိုသလောက် ငွေရင်းထုတ်ပေးနိုင်ရင်တော့ တစ်မျိုးလုံး ချောင်ချိဖို့ လုပ်ငန်းဆောင်တာဖက်က အကြံဉာဏ်ပေးနိုင်တဲ့ ပညာရှင်တွေ အများကြီးရှိပါတယ် ကိုကျင်စိန်"

"ခင်ဗျားအကြံကဖြင့် ကြားရရုံနဲ့ သွားရည်ယိုလောက်ပါပေ့ဗျာ၊ ဒါထက် တစ်ခု မေးပါရစေဗျာ၊ အကယ်၍ ဒီကျမ်းဟာ တိဘက်ရဟန်းတော်ကြီးများ လက်ဝယ်၌ ရှိစေကာမူ၊ ရအောင်ကြံစည်ဖို့ဟာက မခဲယဉ်းလားဗျ"

"ဒီပြင်လူ အဖို့မှာတော့ ခဲယဉ်းရုံမကဘူး၊ မဖြစ်နိုင်ပေဘူးလို့ ဆိုရလိမ့်မယ်၊ သို့သော် ကျုပ်မှာတော့ အကူအပံ့ရဖို့ အချက်တွေက တော်တော်များများကြီး ရှိတယ်၊ သို့သော် ဒါနဲ့တောင် ကျုပ်တို့မှာ မလွယ်သေးဘူးဗျ၊ အသက်ကိုစွန့်ပြီး ကြံရမယ့် အလုပ်ဖြစ်တယ်"





"ဒီလို အလုပ်မျိုးအတွက် စွန့်ရရင်တော့ တစ်သက်မကဘူး ဆယ်သက်စွန့်နိုင်ပါတယ် ဆရာ"

"ကြိုက်ပြီ။ သို့သော် ခင်ဗျားမှာ ခိုင်လုံတဲ့ လူတစ်ယောက်မဟုတ်ကြောင်း ကျုပ် သိတဲ့အတွက် ကျုပ်တို့ အကြံအစည် အထမြောက်သည်ဖြစ်စေ၊ မမြောက်သည်ဖြစ်စေ ဝမ်းစာကလေး ရအောင်ဟာတော့ ကျုပ် စီမံပေးမယ်"

"နေပါစေဆရာ၊ ကျွန်တော် ယုံကြည်ပါတယ်"

"မနေပါစေနဲ့၊ ဒီလို လုပ်ကြစို့။ ကျုပ်တို့ အကြံအစည် အထမြောက်ရင်တော့ ငွေရေးကြေးရေးအတွက် ပြောစရာ မရှိတော့ဘူးပလေ။ သို့သော် အထမြောက်မယ်လို့ အမှန်မပြောနိုင်တဲ့အတွက် စီမံဖို့လိုတယ်။ ကိုင်း ဒီတော့ ခင်ဗျားက ကျုပ်နဲ့လိုက်ဖို့ သဘောတူခဲ့လို့ရှိရင် အထမမြောက်ဘဲ ကျုပ်တို့ ပြန်လာတဲ့အခါမှာ ခင်ဗျား ရင်းနှီးစားသောက်ဖို့ ငွေ ၅၀၀၀ကျပ် ကျုပ်ပေးမယ်။ ခင်ဗျား အပ်ချင်တဲ့ လူနဲ့ အပ်ထားခဲ့။ ကြိုက်ပလား"

"ကြိုက်ပါပြီ ဆရာ၊ ဒါထက် ဘယ်လောက်ကြာလိမ့်မယ် ထင်သလဲ"

"ပြောဖို့ ခက်တယ်ဗျ၊ တစ်လကြာချင် ကြာမယ်၊ တစ်နှစ်ကြာချင် ကြာမယ်။အမှန် မပြောနိုင်ဘူး"

"နှောင့်နှေးတယ်လို့ စိတ်မရှိပါနဲ့ဆရာ။ အင်မတန်ကြီးတဲ့ အကြံကြီးဖြစ်သတော့ တစ်နေ့နဲ့ တစ်ညလောက်တော့ စဉ်းစားခွင့်ပြုပါဆရာ"

"ဘယ့်နှယ်စိတ် ရှိရမလဲဗျာ။ ခင်ဗျားက မစဉ်းစားရင်တောင် ကျုပ်က စဉ်းစားဖို့အချိန် ပေးရမှာပေါ့၊ ကောင်းပြီ ဒါဖြင့် တစ်နေ့နဲ့တစ်ည စဉ်းစားချင်သယ် ဟုတ်လား၊ ဒါဖြင့် နက်ဖြန် ဒီအချိန်မှာ စကားပြန်ပေတော့"

"ကောင်းပါပြီဆရာ"

ထိုအခါ ပထမ ဆရာသိန်းသည် အစေခံကိုခေါ်၍ လက်ဖက်ရည်ပွဲ ပြင်ခဲ့ဆေရာ ကျွန်ုပ်တို့မှာ လက်ဖက်ရည်သောက်ရင်း ထွေရာလေးပါး စကားတို့ကို ပြောနေရာမှ

"ဗေဒင်ဆိုတာ ခင်ဗျားယုံကြည်ရဲ့လား ကိုကျင်စိန်"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပြောရမှာဖြင့် မယုံတစ်ဝက် ယုံတစ်ဝက်ပဲ ဆရာ။ မယုံဘူးလို့တော့ လုံးလုံး မဟုတ်ပါဘူး"

ထိုအခါ ပထမံသိန်းသည် ပြုံးစိစိ မျက်နှာထားနှင့် ကျွန်ုပ်အား ကြည့်ပြီးနောက် ဖြည့်ညင်းစွာ လေချွန်လိုက်ရာတွင် ကြောင်နက်ကြီးတစ်ကောင်သည် မည်သည့်အရပ်က လာသည်မသိ။ ကျွန်ုပ်၏ ရှေ့တည့်တည့်သို့ ဖြုံးကနဲ ခုန်ချလိုက်သဖြင့် လန့်၍ပင် သွားမိသေးသည်။

ပထမံသိန်းသည် စားပွဲပေါ်မှ စာတစ်ရွက်ကိုယူ၍ (၁) မှ (၁၀) သို့တိုင်အောင် ဂဏန်းများကို ခပ်ကြဲကြဲရေးပြီးနောက် ကြောင်နက်ကြီး၏ လည်ဂုတ်ကို ပွတ်သပ်လျက် နားနားသို့ကပ်၍ စကားတိုးတိုး ပြောရာတွင် ကြောင်နက်ကြီးသည် ကျွန်ုပ်၏ မျက်နှာကို မော်လျက်ကြည့်၏။ ထိုအခါ ကျွန်ုပ်မှာ မည်သို့အကြောင်းကြောင့်မသိ၊ ကျောထဲမှပင် ချမ်း၍ စိမ့်သွား၏။

၎င်းနောက် ကြောင်နက်ကြီးသည် ကြမ်းပေါ်၌ ခင်းထားသော စာရွက်ပေါ်ရှိ ဂဏန်းများကို နမ်းရှုပ်ခါ ကြည့်ပြီးနောက် ဂဏန်းလေးလုံးကို ခြေလေးဘက်ဖြင့် ထောက်ထားလေ၏။ ပထမံသိန်းသည် ဂဏန်းများကို ကြည့်ပြီးနောက် ကျွန်ုပ်အား မော်ကြည့်လျက်

"ကိုကျင်စိန် ခင်ဗျား ၁၂၅၀ ပြည့်နှစ်ဖွား မဟုတ်လား"

ဟု မေးရာ၊ ဟုတ်ကြောင်းနှင့် ဝန်ခံရ၏။

ထိုနောက် မြန်မာလ၏ အမည်များကို ရေးပြန်၍ ကြောင်ကြီး၏ရှေ့၌ ခင်းပေးလျက် ရှေးနည်းအတူပြောပြန်၍၊ ကြောင်ကြီးသည် တန်ဆောင်မုန်းလ၌ ထောက်ထားကြောင်းကို ကျွန်တော်ကိုယ်တိုင် မြင်ရ၏။ ထိုနောက် နေ့ကိုမေးမြန်းရာ သောကြာနေ့သားဖြစ်ကြောင်းကို ကြောင်ကြီးက ပြနိုင်ပြန်၏။

ကျွန်ုပ်မှာ မည်သည့်နည်းဖြင့် ကြောင်ကြီးအား သင်ကြားထားသည်ကို နားမလည်နိုင်သဖြင့် အံ့သြစွာ ရှိနေစဉ်

"ကိုင်းကိုင်း ကိုကျင်စိန် နောက်များတော့ ကျုပ်ပညာစွမ်းကို ထူးထူးခြားခြား ပြရသေးတာပေါ့၊ ခင်ဗျား စဉ်းစားဖို့ အလုပ်ကိုသာ ၂၄ နာရီနဲ့ ပြီးအောင်





စဉ်းစားချေပါဦးတော့"ဟု ပြောလိုက်သဖြင့်၊ ကျွန်ုပ်သည် ထိုထူးဆန်းသောလူ၏ နေအိမ်မှ ဆင်းလာခဲ့လေ၏။

ပထမံသိန်း၏ နောက်ဆုံးမှာထားလိုက်သော စကားမှာမူ မိမိတို့၏ အကြံအစည်သည် မည်သို့သော အကြံအစည် ဖြစ်သည့်အကြောင်းကို မည်သူ ဘစ်စုံတစ်ယောက်အားမျှ ဖွင့်ဟပြောဆိုခြင်းမပြုရန် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

ထိုညဥ့်၌ ကျွန်ုပ် ကောင်းစွာ မအိပ်နိုင်ချေ။ ပထမံသိန်း၏ စူးစိုက်စွာသော မျက်လုံးများသည် ကျွန်ုပ်၏ ဦးနှောက်ကို ထိုးဖောက်မိသည်အလား စွဲမြဲစွာ ထင်မြင်လျက်ရှိရာ၊ အိပ်ပျော်ခြင်းသို့ ရောက်သောအခါ၌လည်း ပထမံသိန်းသည် ကျွန်ုပ်အား ကြောင်ဖြစ်အောင် ပြုစားလိုက်ခြင်းအားဖြင့် ထိုကြောင်နက်ကြီးနှင့် တွေးလုံးသတ်ပုတ်နေရသည် ဟူ၍လည်း အိပ်မက် မြင်မက်သေး၏။

နံနက်လင်းသောအခါ၌ ကျွန်ုပ်သည် ဖခင်၏ မိတ်ဆွေဟောင်းဖြစ်သော ဘုံလူကြီးထံ သွားရောက်တိုင်ပင်အံ့ဟု အကြံရသည်နှင့် လင်ချင်းဆောင်အမည်ရှိ လူကြီး၏နေအိမ်သို့ ထွက်လာခဲ့၏။ ထိုလူကြီးသည် ရှန်ဟဲမြို့သို့ ကျွန်ုပ်ဆိုက်ရောက်သည့် နေ့မှစ၍ ငွေမှု ကြေးမှုနှင့်တကွ အလုပ်အကိုင် ရစေမှုအတွက်ပါ ကူညီခဲ့သော လူကြီးတစ်ယောက် ဖြစ်လေသည်။ ကျွန်ုပ်သည် လင်ချင်းဆောင်၏ အိမ်သူ အိမ်သားများနှင့်အတူ နံနက်စာထမင်း စားသောက်ပြီးနောက် လူကြီးနှင့်အတူ နှစ်ယောက်တည်း ထိုင်လျက်ရှိကြစဉ်

"ဦးနဲ့ တိုင်ပင်စရာ ကိစ္စလေးတစ်ခုရှိတယ် ဦးရဲ့"

"မင်းတို့ဖခင် မရှိတဲ့နောက် ဦးကို ဖခင်အရာထားပြီး တိုင်ပင်စရာရှိ တိုင်ပင်ပေါ့ မောင်ကျင်စိန်။ တတ်နိုင်သလောက် ကူညီပါ့မယ်"

"ရှန်ဟဲမြို့ရောက်နေတဲ့ ပထမံသိန်း ဆိုတဲ့လူကို ဦး သိသလား"

"ဘယ့်နှယ် မသိဘဲနေမလဲ မောင်ကျင်စိန်။ သူ့အကြောင်းကို ကျုပ်ကောင်းကောင်းကြီး သိတာပေါ့"





"သူက ကျွန်တော့်ကို အလုပ်တစ်ခုပေးတယ် ဦးရဲ့။ဒီအလုပ်အတွက် ကျွန်တော် ငွေ ၅၀၀၀ကျပ် ရမယ်၊ လက်ခံလို့ တော်ပါ့မလား"

"ဘယ်လို အလုပ်မျိုးလဲ"

"ဒီဟာတော့ ကျွန်တော်ပြောဖို့ အခွင့်မရှိဘူး ဦးရဲ့"

"ဪ မောင်ကျင်စိန် မောင်ကျင်စိန်၊ဒီလူနဲ့မှ သွားတွေ့ပါပေတယ် မောင်ရယ်။ မောင့်ကို တူအရင်းလို၊ သားကလေးလို ကျုပ်အောက်မေ့လို့ ပြောရတော့မယ်။ငွေဘယ်လောက်ပဲ ရရ၊ ဒီလူနဲ့များဖြင့် တွဲပြီး အလုပ် မလုပ်ပါလေနဲ့ မောင်ရယ်။ မလွန်သေးလို့ရှိရင် နောက်ဆုတ်လိုက်ပါ၊ ဦးပြောတာ မမှားပါဘူး"

"ဘယ်လိုကြောင့်တုန်း ဦးရယ်"

ထိုအခါ လင်ချင်းဆောင်သည် စားပွဲအံဆွဲတစ်ခုမှ စာတစ်စောင်ကို ထုတ်ယူလာပြီးလျှင် စာအိတ်မှ ထုတ်လျက်

"ဟောဒီစာက ပြည်ကြီးမှာရောက်နေတဲ့ ကျုပ်မိတ်ဆွေ ရှေ့နေကြီး ဦးလောဟုတ်က ပေးလိုက်တဲ့စာ မောင်ရဲ့။နားထောင် ကျုပ်ဖတ်ပြမယ်" ဟု ပြော၍ တရုတ်ဘာသာဖြင့် ရေးထားသောစာကို ဖတ်ပြရာ၊ လိုရင်း အကျဉ်းချုပ် အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

"လွန်ခဲ့သော၂နှစ်ခန့် အခါက ကျွန်တော်ရေးဖူးသော စာအတိုင်း ကျွန်တော့်မှာ ပထမံသိန်းဆိုသော မြန်မာလိုလို တရုတ်လိုလို လူတစ်ယောက်နှင့် ပတ်သက်၍ အကြီးအကျယ် ဒုက္ခတွေ့လျက် ရှိပါသည်။ရှန်ဟဲမြို့၌ ရှိစဉ်က ကျွန်တော်သည် စက်ကွင်း အမည်ရှိသော တရားခံတစ်ယောက်ကို ရှေ့နေခ မယူဘဲ လူသတ်မှုတစ်ခုမှ လွတ်အောင် ဆောင်ရွက်ပေးဖူးရာ၊ ထိုသူသည် ထောင်မှ လွတ်လာသောအခါတွင် ကျွန်တော့်အား ကျေးဇူးတင်သော အထိမ်းအမှတ်ဖြင့်၊ ဆင်စွယ်ကြုပ်ကလေး တစ်ခုကို လက်ဆောင်ပေးဖူးပါသည်။ စက်ကွင်းက ထိုကြုပ်ကလေး၏ အသုံးကို မိမိ မသိသော်လည်း၊ အချို့သော သူတို့သည် ကြုတ်ကလေးကို ရလိုမှုအတွက်ကြောင့် လူကိုပင် သတ်ဖြတ်ဝံ့သည် ဖြစ်သောကြောင့်၊ ဇကန်မချွတ် ဘစ်နည်းနည်းအားဖြင့် အသုံးဝင်မည့် ပစ္စည်းဟူ၍လည်း ပြောဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမံဆရာသိန်းဆိုသော လူသည် ကျွန်တော့်ထံ၌ ထိုကြုတ်ကလေး ရှိကြောင်းကို တစ်နည်းနည်းနှင့် သတင်းရသည်ဖြစ်၍၊ကျွန်တော့်အား ချော့မော့ချိတစ်ခါ၊ ခြိမ်းခြောက်ချိတစ်လှည့်ဖြင့် ကြုတ်ကိုရအောင် ကြံစည်ပါသည်။ ကျွန်တော့်မှာလည်း ခင်ဗျားသိသည့်အတိုင်း ခေါင်းမာသောလူတစ်ယောက် ဖြစ်သောကြောင့်၊ ထိုသူက ခြိမ်းခြောက်ချော့မော့လေလေ၊ မပေးလိုလေလေ ဖြစ်ပြီးလျှင် မည်မျှပင် ကြိုးဝါးပါသော်လည်း ငြင်းဆန်ခဲ့ပါသည်။ ထိုလူသည် ၎င်းကြုတ်ကို ရလိုမှုအတွက်ကြောင့်၊ လူဆိုးများငှားရမ်း၍ ကျွန်တော်၏ နေအိမ်ကို ဖောက်ထွင်းသည်မှာ နှစ်ကြိမ်၊ လမ်းမှစောင့်၍ လုစေသည်က အကြိမ်ပေါင်းများစွာ ရှိပါပြီ။ သို့ရာတွင် သူက အတင်းကြံလေလေ၊ ကျွန်တော်က ခေါင်းမာလေလေဖြစ်၍ ရက်ရှည်လများ ကြာရှိခဲ့ရာ၊ နောက်ဆုံး၌ ကံအားလျော်စွာ သူ၏လက်တွင်းသို့ ထိုကြုတ်ကလေး ရောက်သွားသောအခါမှ၊ ကျွန်တော့်မှာ ငြိမ်းချမ်းစွာ နေထိုင်ခွင့် ရပါတော့သည်။ ကျွန်တော့်မှာ ထိုသူ၏ ညှဉ်းပန်းနှိပ်စက်ခြင်း အတွက်ကြောင့် မည်မျှလောက် စိတ်ပင်ပန်းခြင်း ဖြစ်ခဲ့ရသည်ကို စုံလင်စွာ မဖော်ပြနိုင်ပါ။ မော်ဆရာယောင်ယောင်၊ ဗေဒင်ဆရာယောင်ယောင်နှင့် အထက်တန်းစား လူဟူသမျှကို ခြောက်လှန့်နိုင်သော အစွမ်းရှိသည့် ပထမံသိန်းဆိုသူကို မိတ်ဆွေနှင့်တကွ မိတ်ဆွေ၏ ဆွေမျိုးဉာတိ ဟူသမျှတို့သည် အဝေးမှ ရှောင်ကွင်းကြစေရန် ကျွန်တော် သတိပေးလိုက်ရပါသည်”

စာကို ဖတ်ပြပြီးသောအခါ၌ လင်ချင်းဆောင်က

“ကိုင်း ဘယ့်နှယ်ထင်သလဲ မောင်ကျင်စိန်”

“ခက်တာပဲ ဦးရယ်၊ အလုပ်ရှားပါးတဲ့အခါကြီးမှာ တစ်နှစ်အတွက် ငွေ ၅၀၀၀ကျပ် ဆိုတာကလဲ မနည်းပေဘူး ဦးရဲ့။ ငွေ ၅၀၀၀ကျပ် ပေးနိုင်တဲ့အခြေ မရှိဘူးလို့ ဦးက ဆိုလိုသလား”

“ဒီလိုဟုတ်ရိုးလားမောင်။ဒီလူက ငွေ ၅၀၀၀ကျပ် မဆိုထားနှင့်၊ ငါးသောင်းလဲ ပေးနိုင်ပါလိမ့်မယ်။ ပြည်ကြီးက သိုက်တစ်ခုတူးက တော်တော်နှင့် လောက်အောင် ရသွားတယ်ဆိုကပဲ။ ကျုပ်သတိပေးတာက ငွေရေး ကြေးရေး





အတွက်ကြောင့် မဟုတ်ဘူး။ မောင်တို့ မြန်မာပြည်ကလူများ ပြောကြတာလို အောက်လမ်း ဆရာတစ်ယောက်ထင်လို့ တစ်ဘဝအတွက်တာကလေးနှင့် တစ်လမ်းသွားကြီး များ ဖြစ်နေမလားလို့ သတိပေးရပါတယ် မောင်ကျင်စိန်။ သို့သော် မောင်လဲ ငယ်တဲ့ လူတစ်ယောက်မှ မဟုတ်ဘဲ၊ ပညာလဲ အရှိသားနှင့် စဉ်းစဉ်းစားစားသာ လုပ်ပေတော့ မောင်ရယ်”

လင်ချင်းဆောင်၏နေအိမ်မှ ထွက်လာခဲ့သောအခါ ကျွန်ုပ်မှာ အတော်ပင် ငတ်လေးလျက် ရှိလေ၏။ ထိုနေ့ တစ်နေ့လုံး ကျွန်ုပ်သည် လူပြတ်လတ်သော နေရာများသို့ သွားရောက်၍ သစ်ပင်ရိပ်အောက်များတွင် မှောက်ချည်လှန်ချည် ဖြင့် ဆင်ခြင်စဉ်းစားခဲ့ရာ နောက်ဆုံး၌ ပထမံသိန်း၏ အကြံသည် အကြံကောင်း ဖြစ်သောကြောင့် ထ,ခြောက်ခဲ့လျှင် မိမိနှင့်တကွ တစ်ပြည်လုံး ချမ်းသာဖို့ ဖြစ်ချေမည်။ အထ မခြောက်ခဲ့လျှင်လည်း ထိုသူပေးသော ငွေ ၅၀၀၀ကျပ်ကို ရင်းနှီးစားသောက်နိုင်သေးသည်။ အကယ်၍ ထိုအကြံအတိုင်း ဆောင်ရွက်နေစဉ် အတောအတွင်း၌ သေးအန္တရာယ် တစ်စုံတစ်ခုနှင့်တွေ့၍ အသက်ဆုံးရှုံးခဲ့ပါလျှင်လည်း မိမိအတွက် ပူပန်ရန် သားလည်းမရှိ၊ မယားလည်းမရှိ ဖြစ်သောကြောင့် ငဲ့ညှာသောက်ထားဖွယ်ရာ မရှိပြီ။ သို့ဖြစ်၍ အချိန်တိုင်ရောက်သောအခါတွင် ထိုအလုပ်ကို လက်ခံချေတော့အံ့ဟု ဆုံးဖြတ်လိုက်၏။

၇ နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ပထမံသိန်း၏ နေအိမ်သို့သွား၍ ယမန်နေ့က နည်းတူ ထိုအခန်းတွင်း၌ တွေ့ဆုံခွင့် ရလေ၏။

“အချိန်မှန်ပါပေ့ဗျာ ကိုကျင်စိန်။ ကျုပ်က အလုပ်လုပ်လျှင် ဒီလိုလူမှ ကြိုက်တယ်။ ဘယ့်နှယ်လဲဗျ။ ဘယ်လိုများ ဆုံးဖြတ်ခဲ့သလဲ”

“ကျွန်တော် မေးချင်တာကလေး တစ်ခွန်း နှစ်ခွန်း မေးရလျှင် ဆရာ့အကြံကို လက်ခံဖို့ သဘောတူပါတယ်”

“မေးပါဗျာ မေးပါ၊ ခင်ဗျား မေးသမျှကို မကွယ်မဝှက် ဟုတ်မှန်တဲ့အတိုင်း ဖြေဖို့ ကျုပ်ကတိထားပါတယ်”

“ဦးလောဟုတ်ဆိုတဲ့ လူတစ်ယောက်ကို ခင်ဗျား သိသလား”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းကြီး သိတာပေါ့ဗျ၊ ဒီမြို့မှာ သူ ရှေ့နေလုပ်သွားသေးတာကပဲ၊ ဘယ့်နှယ် မသိဘဲ နေမလားဗျ။ သူ့ဆီမှာရှိတဲ့ ဆင်စွယ်ကြွတ်ကို ကျုပ်ရဖို့ ဘယ်လောက် ကြံစည် ယူရသလဲဗျ"

"ဒီလိုဆိုလျှင် ဆရာလုပ်ပုံဟာ တရားသဖြင့်လို့ ခေါ်နိုင်ပါ့မလားဆရာ"

"တယ်ခက်တယ် ကိုကျင်စိန်၊ လောကကြီးမှာ လူအမျိုးမျိုး ရှိကြတယ်ဗျ၊ တစ်ယောက်က တရားတယ်လို့ ထင်တဲ့ အပြုအမူတစ်ခုကို ဒီပြင်တစ်ယောက်က မတရားဘူးလို့ ဆုံးဖြတ်လိမ့်မယ်။ သူ့နေရာနဲ့သူ ကြည့်ပြီး မဆုံးဖြတ်သမျှ ကာလပတ်လုံး တစ်ခုသော အပြုအမူသည် မှန်သည် မှားသည်ဟူ၍ တထစ်ချ ဆုံးဖြတ်ဖို့ ခက်တယ်ဗျ။ လူတစ်ယောက်မှာ ပစ္စည်းတစ်ခုရှိတယ်၊ ဒီပစ္စည်းကို သူလဲ အသုံးမချနိုင်ဘူး၊ ပစ္စည်း၏ အသုံးကို သိတဲ့ လူတစ်ယောက်က အများကောင်းကျိုးအတွက် အသုံးပြုမည့် အကြံအစည်နှင့် ဒီပစ္စည်းကို အဖိုးပေးပြီး ဝယ်တယ်၊ ဝယ်သော်လဲ သူက မရောင်းဘူး။ ဘယ်လောက်ပေးပေး မရောင်းဘူးလို့ ပြောတယ်၊ ဒီအခါမှာ ၎င်းပစ္စည်းကို လူအများကောင်းကျိုးအတွက် အသုံးပြုဖို့ ခိုးယူသည်ဖြစ်စေ၊ တိုက်ယူသည်ဖြစ်စေ၊ ကျုပ်မျက်စိထဲမှာတော့ မတရားဘူးလို့ မဆိုချင်ဘူးဗျ"

"အများ ကောင်းကျိုးအတွက်ဆိုလျှင်တော့ ဟုတ်ပါတယ်"

"ဒါပေါ့ဗျ၊ ကျုပ်တို့ ယခုကြံစည်တဲ့ အကြံအစည်ဟာလဲ ဒီဟာမျိုးပေါ့"

"ကျေနပ်ပါပြီဆရာ။ ဒါထက် ခင်ဗျား ကတိထားတဲ့ ငွေ ၅၀၀၀ကျပ်ဟာက ဘယ်တော့ ပေးနိုင်မလဲ"

"ခင်ဗျားက ကျုပ်အလုပ်ကို လက်ခံပါတယ်လို့ အခုပြောလျှင် အခုချက်ခြင်း ကျုပ်ပေးမှာပါ"

"ကျွန်တော် ထွက်ပြေးမှာ ခင်ဗျားမစိုးရိမ်ဘူးလား"

"မစိုးရိမ်ဘူး"

"ဘာကြောင့်လဲဆရာ"

"ပြေးမဲ့လူမျိုးဆိုလျှင် ကျုပ်အစကတည်းက မခေါ်ဘူး။ ပြေးမှာဖြစ်လျှင်လဲ စောစောကပြေးတာပဲ ကျုပ်ကြိုက်တယ်၊ ပြေးပေ့စေ။ သို့သော် ခြိမ်းခြောက်တာ





လဲ မဟုတ်ပါဘူး။ခင်ဗျား ပြေးနိုင်လို့ရှိလျှင် တစ်နှစ်ပေါ့ဗျ။ ၂နှစ်ပေါ့ဗျ။ တစ်နေ့တော့ ကျုပ်နှင့် တွေ့မှာပေါ့"

"ကျွန်တော့်ကို ယခုလို ယုံကြည်တဲ့အတွက် ဝမ်းမြောက်ပါတယ်။ ကိုင်း ခင်ဗျားအလုပ်ကို ကျုပ် လက်ခံဖို့ သဘောတူပါပြီဗျာ"

"ကောင်းပါပြီဗျာ"

၎င်းနောက် ပထမံသိန်းသည် စားပွဲအံဆွဲမှ ချက်စာအုပ်ထုတ်၍ ဖောင်တိန်နှင့် ရေးပြီးလျှင် တစ်ရွက်ကိုဆုတ်၍ ကျွန်ုပ်အား ပေးလေရာ၊ ငွေ ၅၀၀၀ကျပ်အတွက်ဖြစ်ကြောင်း တွေ့ရှိရလေ၏။

"ဒီကနေ့မနက် လင်ချင်းဆောင်အိမ် ခင်ဗျားသွားလို့ ဦးလောဟုတ်ဆီကစာကို ဖတ်ပြလိုက်တယ် မဟုတ်လား"

"ဆရာ ဘယ်နှယ့်သိသလဲ"

"ကျုပ်သိတဲ့နည်းတွေ အပုံပေါ့ဗျ။ဒါကြောင့် ခင်ဗျားထွက်ပြေးမှာကို ကျုပ် မစိုးရိမ်ဘူးလို့ ပြောတယ် မဟုတ်ဘူးလား။သူနဲ့ ခင်ဗျားနဲ့ ဘယ်လိုစကားပြောခဲ့ကြတယ်ဆိုတာ ကျုပ် ပြောပြစေချင်သေးလျှင် ကျုပ်မျက်နှာကို ခင်ဗျားစေ့စေ့ကြည့်စမ်း"

"မလိုပါဘူး ဆရာ။တော်ပါပြီ"

"ခင်ဗျားကို မြင်မြင်ချင်း ကျုပ် ယုံကြည်တယ်။ကျုပ် ယုံကြည်ပြီဆိုမှဖြင့်လဲ မှားတယ်လို့ မရှိသေးပါဘူး။ ကျုပ်တို့ ယခုသွားကြမယ့် ခရီးဟာက ဘေးအန္တရာယ်ကြားထဲ သွားရမှာဖြစ်လေတော့ တစ်ယောက်ကိုတစ်ယောက် စိတ်ချရ ယုံကြည်ရမှ ဖြစ်နိုင်ကြမှာဗျနော်။ ကျုပ်အပေါ်မှာ ခင်ဗျား သစ္စာမဖောက်ဘူးဆိုလျှင် ဘာပဲဖြစ်ဖြစ် ခင်ဗျားကို ကျုပ် စောင့်ရှောက်မယ်။ အကယ်၍ ခင်ဗျားက ကျုပ်အပေါ်မှာ အနည်းငယ်ကလေး ဝတ္တရား ပျက်ကွက်ခဲ့လို့ ရှိရင်တော့ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲလို့ ကျုပ် သဘောထားလိုက်မှာပဲ။ ကဲ ကျေနပ်ကဲ့လား"

"ကျေနပ်ပါပြီဆရာ။ ကိုင်း သွားရမယ့် ခရီးစဉ်ကိုသာ ပြောပါတော့၊ ဘယ်တော့လောက် ထွက်ကြရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

ပထမံသိန်းသည် ငွေစီးကရက်ဘူးမှ စီးကရက် တစ်လိပ်ကို မီးညှိသောက်၍ ဘူးကို ကျွန်ုပ်ရှေ့တွင် တည်ခင်းထားပြီးနောက် ဆိုဖာပေါ်တွင် မှီထိုင်လျက်

"ဒီလိုဗျ ကိုကျင်စိန်။ ဦးလောဟုတ်စာထဲမှာပါတဲ့ ဆင်စွယ်ကြုတ်ဟာ ကျုပ်လက်ဝယ်မှာ ရှိနေကြောင်းကို တချို့လူများ သိခဲ့လို့ရှိလျှင် ရှန်ဟဲမြို့ကြီးမှာတောင် ကျုပ်သက်တမ်းဟာ ၅ မိနစ်ထက်ပိုပြီး ရှည်မယ်လို့ အာမ မခံနိုင်ဘူး။ ဒီကြုတ်ကို ရမယ်ဆိုလျှင် လူတစ်ယောက်အသက်မက ဆယ်ယောက်အသက်ကို သတ်ဖို့ ဝန်မလေးတဲ့ လူတစ်စု ရှိတယ်ဗျ။ ဒီလူစုနဲ့ ဦးလောဟုတ်နဲ့ မဆက်သွယ်မိတာကို ကျေးဇူးတင်ရသေးတယ်။ ဒီကြုတ်ကလေးအကြောင်းကို ကျုပ် လိုက်ပြီး စုံစမ်းနေလိုက်ရတာ တစ်နှစ်လဲ မကဘူး၊ နှစ်နှစ်လဲ မကဘူး။ ဒီပညာမျိုးကို ကျုပ်စပြီး လိုက်ကတည်းက ဆိုပါတော့ဗျာ။အနှစ် ၂၀ ကျော်သွားပြီ။ဒီကြုတ်အတွက်နဲ့ မြန်မာပြည် တစ်ပြည်လုံးလဲ နံ့လို့၊ တရုတ်ပြည်မှာလဲ ကျုပ် ခြေရာချင်း ထပ်နေပြီ။ အိန္ဒိယပြည်မှာလဲ ကျုပ် မရောက်ခဲ့တဲ့နေရာ ခပ်ရှားရှားပဲ။ ဘာကြောင့် ဒီကြုတ်ကို ဒီလောက် အရေးတကြီး လိုက်ရသလဲဆိုတော့ ဒီဟာကိုရမှ ကျုပ်ပြောတဲ့ အာတပွန ဗေဒင်ကျမ်းကိုရဖို့ လမ်းပွင့်မှာကိုးဗျ။ ကျုပ် မနေ့ညနေက ပြောခဲ့တဲ့အတိုင်း ဒေဝါနံပိယတိဿမင်း လက်ထက်က ရဟန်းတော်သုံးပါးဟာ သီဟိုဠ်ကျွန်းမှ ထွက်ကြွ လာပြီးနောက် ကျုပ်တို့ မြန်မာပြည်ကို ဖြတ်၊ တောကြီးတောင်ကြီးများ





ကိုကျော်၊ နောက်ဆုံးမှာ တိဘက်ပြည်ကိုရောက်တော့ မဟာယာနဂိုဏ်းရယ်လို့ တည်ထောင်ကြတယ်။ ကျုပ်တို့မြန်မာပြည်က ဗုဒ္ဓဘာသာများမှာတော့ ဟိနာယန ဂိုဏ်းရယ်လို့ ခေါ်ဝေါ် သမုတ်ကြတယ်။ သူတို့ အဆိုအတိုင်းတော့ ကျုပ်တို့ဂိုဏ်းက သူတို့ဂိုဏ်းလောက် မမြတ်ဘူးပေါ့ဗျာ။ ဒီဂိုဏ်းနှစ်ဂိုဏ်း၏ ခြားနားပုံကိုတော့ ကျုပ် ပြောပြနေဖို့ မလိုပါဘူး။

"ကွဲလွဲတဲ့ အချက်ကြီး လေးချက်အနက် ပထမ အရေးကြီးတဲ့ အချက်ကြီးကတော့ ကျုပ်တို့ ဟိနာယန ဂိုဏ်းသားများမှာတော့ ကိုယ်စီကိုယ်ငှ ကျွတ်တန်းဝင်ကြဖို့ ရည်ရွယ်ချက်ထားပြီး တရားအားထုတ်ကြတယ်။ မဟာယန ဂိုဏ်းသားများကတော့ ကိုယ်တစ်ယောက်တည်း ကျွတ်တန်းဝင်ရုံနဲ့ မမြတ်သေးဘူးတဲ့၊ သတ္တဝါအများကို မိမိနဲ့အတူ ကျွတ်တန်းဝင်အောင် လုံးပမ်းနိုင်မှ မြတ်တယ်တဲ့။ ဒီတော့ သူတို့ မဟာယနဂိုဏ်းဝင်များကတော့ မဂ်တရား ဖိုလ်တရားကို မလိုလားဘဲ ဘုရားဆုပန်ချည်းပဲဗျ။ဒါကို ထားလိုက်ဦး၊ ခုနင်ကပြောတဲ့ ရဟန်းတော်သုံးပါးနှင့်အတူ အာတပွနဗေဒင်ကျမ်း ဒုတိယ မူတစ်မူ ပါသွားတယ်ဗျ။ ၎င်းရဟန်းတော်များ ပြုစုပျိုးထောင်တဲ့ဂိုဏ်းမှာ လှို့ဝှက်စွာထားတဲ့ ပစ္စည်းသုံးခု ရှိတယ်။တစ်ခုက ဆင်စွယ်ကြုပ်၊ ဒုတိယက မြတ်စွာဘုရား ကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ်က လက်ကိုင်သုံးစွဲတော်မူခဲ့တဲ့ သပိတ်ကွဲ၊ ၎င်းသပိတ်ကွဲမှာ အလွန်ထူးခြားတဲ့ အင်းများ ပါရှိတယ်။တတိယပစ္စည်းက အရှင်မဟာကဿပ မထေရ်ကြီးက ညှပ်ရိုးတော်ဖြင့် ထုထားတဲ့ ဆင်းတုတော်တစ်ဆူ၊ စုစုပေါင်း သုံးခုရှိတယ်။ ၎င်းပစ္စည်းများကို အကြီးအမှူးဖြစ်သော ရဟန်းတော်ကြီးသုံးပါးက တစ်ခုစီ အစဉ်အဆက် ထိန်းသိမ်းလာခဲ့ရတယ်။

"ဂိုဏ်းချုပ်ကြီး သုံးပါးအနက် နှစ်ပါးမှာ တရုတ်ပြည်၌ သတင်းသုံးတယ်။ တရုတ်ပြည်က ဂိုဏ်းချုပ်ကြီးမှာ မကြာခင်က ကွယ်လွန်သည့်အတွက် ၎င်း၏ နေရာတွင် ဟန်ကောင်မြို့က တရုတ်ဂိုဏ်းချုပ်ကြီးကို မဟာယန ဂိုဏ်းချုပ်ကြီး အဖြစ်နဲ့ ရွေးကောက်တင်မြှောက်တယ်။ ရွေးကောက်ခြင်းခံရပြီးနောက် ဟန်ကောင်မြို့မှ ဂိုဏ်းချုပ်ကြီးသည် တိဘက်ပြည်သို့သွား၍ မဟာယန ဂိုဏ်းချုပ်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဝတ္တရားကို လက်ခံပြီးလျှင် ဆိုင်ရာပညာရပ်များကို သင်ကြားရမယ်။ ဒီတော့ကာ ကျုပ်က ဟန်ကောင်မြို့ ဂိုဏ်းချုပ်ကြီးအဖြစ်နဲ့ သူ၏ကိုယ်စား သွားဖို့ စီမံသည့်အတွက် ခင်ဗျားနဲ့ ယခု စီစဉ်ကြခြင်း ဖြစ်တယ်"

"တရုတ်ပြည်က ဂိုဏ်းချုပ်လက်ထဲမှာ ဆင်စွယ်ကြုတ် ထားတယ်ဆိုပါတော့ "

"မှန်တယ်"

"ဒီတော့ ခင်ဗျားက ဒီဆင်စွယ်ကြုတ်ကို လက်ကိုင်ပြုပြီး ဂိုဏ်းချုပ်ယောင်ဆောင်သွားမယ် ဆိုပါတော့"

"မှန်တယ်"

"နို့ နေပါဦးဗျာ၊ ကြုတ်ပျောက်သွားတဲ့ အကြောင်းကို ဆိုင်ရာဂိုဏ်းချုပ်က သတင်းမပေးဘူးလား"

"သတင်း မပေးဝံ့ဘူးဗျ၊သူတို့စည်းကမ်းက အင်မတန်ကြီးတယ်။ ကိုယ့်အသက်ထက် ထိုပစ္စည်းကို လုံခြုံစွာ သိမ်းဆည်းဖို့ ကတိသစ္စာ ပြုထားရတယ်"

"ဟိုကျတော့ ဂိုဏ်းချုပ်နှစ်ယောက် ဆုံနေကြလျှင်ကော ဆရာ"

"ဂိုဏ်းချုပ်အစစ် မသွားဖြစ်အောင် ကျုပ် စီမံထားတယ်။ ထ မြောက်မယ်၊ မထမြောက်မယ် မပြောတတ်သေးဘူး"

"ရာထူးလက်ခံစဉ်မှာ အာတာပွန ဗေဒင်ကျမ်းကို ရအောင်ကြံမယ် ဆိုပါတော့"

"မှန်တယ်။ ဗေဒင်ကျမ်းတွင် မကသေးဘူးဗျ၊ရှေးက ဖတ်ခဲ့ဖူးတဲ့ လောကီပညာတွေဟာ အဲဒီမှာ အားလုံးစုံရောလို့ ကျုပ် ကြားထားတယ်။ဒီအတတ်တွေကို ခင်ဗျား ယုံရဲ့လား"

"မြင်ရမှ ယုံမှာပဲ ဆရာ"

"ကိုင်း ကိုင်း၊ကျုပ် တစ်ခုတော့ ပြရမှာပေါ့၊ ဒီမှာ ကြည့်စမ်း"

ပထမံသိန်းသည် ကျွန်ုပ်အား စေ့စေ့ကြည့်လျက် လက်ညှိုးကို ထောင်၍ ယမ်းပြလေရာ၊ ကျွန်ုပ်သည် လက်ညှိုးကို စိုက်၍ ကြည့်နေစဉ် လက်ညှိုး၏ အဖျား၌





အပြာရောင်ရှိသော မီးတောက်ကလေးတစ်ခု ထွက်ပေါ်သည်ကို တွေ့မြင်ရ၏။ ၎င်းနောက် စိုက်ကြည့်နေရင်းပင်၊ ပထမံသိန်းနှင့်တကွ မီးတောက်ပါ ကွယ်ပျောက်သွား၍ တစ်ခန်းလုံးမှ မီးခိုးများ အူလျက် ထွက်လာသည်ကို ကျွန်ုပ် မြင်ရ၏။

မီးခိုးများသည် အနံ့အပြားရှိနေရာမှ တဖြည်းဖြည်း အခန်း၏အလယ်၌ စုဝေးကြပြီးလျှင် လူတစ်ယောက်၏အသွင် ပေါ်လာလေ၏။ ထိုလူသည် ပထမ၌ မှုံးမှေးမှိန်မှိန် ရှိနေရာမှ တဖြည်းဖြည်း ထင်ရှားသည်ထက် ထင်ရှားလာပြီးလျှင် အသက်၅၀ ကျော် အရွယ်ခန့်ရှိ ဗိုလ်လိုဝတ်သော တရုတ်လူမျိုးတစ်ယောက်သည် ခါးထောက်ရပ်လျက်ရှိရာ၊ ထိုသူ၏လက်၌ ဝတ်ထားသော စိန်လက်စွပ်ကြီးမှ အရောင်တဖျပ်ဖျပ် ထွက်နေသည်ကိုပင် တွေ့မြင်ရ၏။ ထိုသူသည် စကားပြောတော့မည်ကဲ့သို့ ပါးစပ်ကို ပြင်နေရာမှ၊ မှေးမှိန်သော အဖြစ်သို့ ပြောင်းလဲသွားလေရာ၊ နောက်ဆုံး၌ မီးခိုးများအဖြစ်သို့ ပြန်ရောက်သွား၍ တစ်ခန်းလုံး အနံ့အပြားလွင့်စင်သွားပြီးလျှင်၊ တဖြည်းဖြည်း မီးခိုးပါ ကွယ်ပျောက်သွား၍၊ ပထမံသိန်း၏ ယမ်းလျက်ရှိသော လက်ညှိုးနှင့် ပထမံသိန်းသာလျှင် ကျန်နေရစ်လေ၏။

ထိုအခါ ပထမံသိန်းသည် ယမ်းနေသောလက်ညှိုးကို ရပ်တန့်၍ ဓာတ်ပုံစာအုပ်တစ်အုပ်ကို ထယူပြီးလျှင် "ကိုင်း ခင်ဗျား မြင်တဲ့လူဟာ ဒီအထဲမှာ ပါသလား၊ ရှာကြည့်စမ်း" ဟုပြောလျက် ကျွန်ုပ်အား ဓာတ်ပုံစာအုပ်ကို ပေးလေ၏။

စာအုပ်ကို လှန်လှောကြည့်ရှုသဖြင့် တွေ့ရှိရသော ဓာတ်ပုံများအနက်တွင် ယခင်က တွေ့မြင်ရသော အသက် ၅၀ ကျော် တရုတ်လူမျိုး၏ပုံကို တွေ့ရသော အခါတွင် ကျွန်ုပ်သည် အောက်တွင် ရေးထားသောစာကို ဖတ်မိရာ၊ လောဟုတ် ဟူသော အမည်ကို တွေ့မြင်ရလေ၏။ ၎င်း၏လက်၌ ဝတ်ထားသော စိန်လက်စွပ်သည်ပင်လျှင် ကျွန်ုပ်မြင်လိုက်ရသော လက်စွပ်နှင့် မခြားနား ရှိနေ၍ ခါးထောက်နေပုံခြင်းမှာလည်း အတူတူပင် ဖြစ်လသည်။

"ဦးလောဟုတ်ကို ခင်ဗျား မမြင်ဖူးဘူးနော်"

"မမြင်ဘူးပေါင်ဗျာ"

"ကျုပ်၏စိတ်အစွမ်းကြောင့် မရှိသော အရာဝတ္ထုကို ခင်ဗျား မြင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လုပ်နိုင်စေကာမူ၊ ခင်ဗျားမမြင်ဘူး မတွေ့ဘူးတဲ့ လူတစ်ယောက်ကို မြင်ရတွေ့ရအောင် လုပ်နိုင်ခြင်းဟာ မထူးဆန်းဘူးလား"

"ထူးဆန်းပါပေ့ဗျာ"

"စိတ်သာရှင်စော ဘုရားဟောလို့ လူတိုင်း ပါးစပ်က ရွတ်ကြတယ်။ သို့သော် စိတ်တို့မည်သည် ဘယ်လောက်တန်ခိုးသတ္တိ ရှိတဲ့အကြောင်းကို လူတိုင်း မသိကြဘူးဗျ။ အနောက်တိုင်းက လောကဓာတ်ဆရာတွေဟာ ရုပ်ဘက်ကတော့ တော်ကြပါပေရဲ့။ သို့သော် စိတ်ဘက်ဆိုင်ရာကျတော့ အရှေ့တိုင်းသားများ ပေါက်ရောက်ဖူးသလောက် သူတို့ရောက်ဖို့ အဝေးကြီး လိုသေးတယ်ဗျ။ နာမ်တရားသည် ရုပ်တရားကို လွှမ်းမိုးအုပ်ချုပ်တဲ့အတွက် ရုပ်ဘက်ကို မလိုက်ဘဲ နာမ်တရားဘက်ကို သူတို့ လိုက်ကြရလျှင် ဒီလူတွေ ဒီလောက်မကဘူး တော်ကြဦးမယ်။ စိတ်ကို လေ့ကျင့်တဲ့ အလုပ်ဟာက ကျုပ်တို့ဘက်မှာတော့ မြတ်စွာဘုရား မပွင့်မီကတည်းက အတော်ကြီးပဲ လိုက်စားခဲ့ကြတယ်။ သို့သော် ဒီပညာတွေ တိမ်မြုပ်နေလို့ ကျုပ်တစ်ယောက်တော့ဖြင့် အငုတ်အရင်း ပေါ်နိုင်သမျှ ပေါ်အောင် တစ်သက်ပတ်လုံး အလုပ်ကြီးတစ်ခုထားပြီး လိုက်ခဲ့တာပဲ၊ ဒီပြင် ကြည့်ချင် သေးသလား"

"တစ်ခုလောက် ပြပါဦး ဆရာ"

"ဟော့ဒါဘာလဲ ကြည့်စမ်း"

ပထမံသိန်းသည် ဓာတ်ပုံစာအုပ်ကိုယူ၍ တစ်မျက်နှာသို့ လှန်ပြီးလျှင် ကျွန်ုပ်အား ပြလေရာ၊ အလွန်တရာ ရုပ်ရည် ချောမောလှပသော တရုတ်မကလေး တစ်ယောက်၏ ဓာတ်ပုံကို တွေ့မြင်ရလေ၏။

ကျွန်ုပ်သည် ၎င်း၏အမိန့်အတိုင်း ဓာတ်ပုံကိုစိုက်၍ ကြည့်နေဆဲတွင်၊ တရုတ်မကလေး၏ ဓာတ်ပုံသည် တဖြည်းဖြည်း အသက်ရှုရှိုက်လာရာမှ မျက်တောင်များ ခတ်စ ပြုလာလေ၏။ ထိုနောက် ရီးရီးနေသော မျက်နှာထားမှ ပြုံးရွှင်သော မျက်နှာထားသို့ ပြောင်းလဲလာပြီးလျှင်၊ ကျွန်ုပ်အား မြူနေသော မျက်နှာပေးမျိုးဖြင့် မထိတထိ ပြုံးစိစိကြည့်နေရင်း ထိုင်ရာမှထ၍ ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာလေ၏။ ထိုအခါ၌မူကား ကျွန်ုပ်သည် ဓာတ်ပုံဟူသော အမှတ်အသားကို





လည်းကောင်း၊ ပထမံသိန်းနှင့် အတူရှိနေခြင်းတည်းဟူသော အခြင်းအရာကိုလည်းကောင်း၊ အလျှင်းမေ့လျော့ပြီးလျှင် အလွန်တရာ ချောမောလှပသော တရုတ်မကလေးတစ်ယောက်က မပ၊ ပါအောင် ချော့မြူနေသော အဖြစ်အပျက်ကိုသာလျှင် စိတ်ထဲ၌ ခံစားလျက် ရှိနေ၏။ မိန်းကလေးသည် ကျွန်ုပ်၏ပါးကို ကိုင်တွယ်ခြင်း၊ ဦးခေါင်းကို ပွတ်သပ်ခြင်း စသည်ဖြင့် ပြုလုပ်ပြီးနောက်၊ ကျွန်ုပ်နှင့်အတူယှဉ်လျက် ထိုင်နေရာမှ ရုတ်တရက် ထ၍ အသွားတွင် ကျွန်ုပ်သည် ကယောင်ကတမ်းနှင့် လိုက်၍ ဆွဲလိုက်ရာ၊ တရုတ်မကလေးကို မဆွဲမိဘဲ ပထမံဆရာသိန်းကို ဆွဲမိသဖြင့်၊၎င်း၏ ရယ်မောလိုက်သော အသံကို ကြားလိုက်ရသောအခါမှ သတိရလာလေ၏။

"ဘယ့်နှယ်လဲ ဆရာကြီး၊ ကြည့်ဦးမလား"

"တော်ပါပြီ ဆရာ၊ တောင်းပန်ပါရစေတော့"

"လေ့ကျင့်ထားတဲ့ လူတစ်ယောက်၏ စိတ်ဟာ၊ တခြားလူတစ်ယောက်၏ စိတ်ကို ဘယ်လောက်လွှမ်းမိုးနိုင်တယ်ဆိုတာ ယုံကြည်ပြီလား ကိုကျင်စိန်"

"ဟစ်ပနော့တီးဇင်း ဆိုတဲ့ ပညာအကြောင်းကို အရင်လဲ ကြားဖူးပါရဲ့။ ဆရာလောက် ပေါက်ရောက်တဲ့သူကိုတော့ မတွေ့ဖူးသေးပါဘူးဗျာ"

"ကျုပ်တတ်တဲ့ပညာက (က)ကြီး (ခ)ခွေး လောက် ရှိသေးတယ်ဗျ။ ကျုပ်တို့ သွားကြမည့်နေရာက ရဟန်းတော်ကြီးတွေ တတ်တာက လူတစ်ယောက်တည်းကိုမကဘူး။ တစ်ရွာ၊ တစ်ထောင်၊ တစ်ပြည်လုံး၊ တစ်နိုင်ငံလုံးကို လှည့်စားနိုင်တယ်။အိုးခြမ်းပဲ့ ကောက်ပြီး ရွှေဆိုလျှင် ရွှေ၊ ငွေဆိုလျှင် ငွေ၊ကျောက်စရစ်ခဲကိုတောင် ငမောက်ကျောက်ဖြစ်အောင် လုပ်နိုင်တယ်"

"ဒီဟာတွေဟာ တကယ် ဖြစ်တာလားဗျာ"

"တကယ်တော့ ဘယ်ဟုတ်မလဲဗျာ၊ မြင်သူများ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်နိုင်တဲ့ အတတ်ပေါ့ဗျာ။ထင်ယောင်ထင်မှားဆိုပေမယ့် ခင်ဗျားကို ခုခံတိုက်ခိုက်ဖို့ ခေါဘဏီတပ်ကြီး ဖန်ဆင်းပြနိုင်လျှင် ခင်ဗျာ့ရန်သူတွေ ပြေးရမှာ မဟုတ်လားဗျ၊ ရန်သူပြေးလျှင် ခင်ဗျားမှာ ရန်အောင်မယ်။ ရန်အောင်ခဲ့လို့ရှိလျှင်



www.burmeseclassic.com

ခင်ဗျားခေါ်ဘဏ်တိုက်ပ်ဟာ လူအစစ် ဖြစ်ချင်ဖြစ် မဖြစ်ချင်နေ၊ ၈၁လုပ်တဲ့ ကြောင်ရုပ် ဖြစ်စေ ကြွက်သေလျှင် ပြီးရော မဟုတ်လားဗျ”

“နေရာ ကျတယ်ဗျို့ ခင်ဗျားအကြံ၊ သွားကြစို့ဗျာ ဘယ်တော့လဲ”

“နေပါဦး၊ ကျုပ်ကို ခင်ဗျား သစ္စာမဖောက်ဘူးပေါ့၊ စိတ်ချရတော့မလား”

“စိတ်ချပါဗျာ။သစ္စာဖောက်ခဲ့လို့ရှိလျှင် ခင်ဗျားသဘောရှိ စီရင်ပါတော့ ဗျာ”

“ကျေနပ်ပြီ”

“နေပါဦးဗျာ၊ ဒါထက် ဦးလောဟုတ်ဆီက ခင်ဗျားရထားတဲ့ ဆင်စွယ် ကြုတ်ဆိုတာ ခင်ဗျားဆီမှာ အခု ရှိသလား။ကျွန်တော် မကြည့်ရဘူးလား ဆရာ”

“ကြည့်နိုင်ပါတယ် ကိုကျင်စိန်။ ပြပါမယ်” ဟုပြော၍ ပထမံသိန်းသည် အတွင်းခန်းသို့ ဝင်သွားပြီးလျှင် ၅မိနစ်ခန့် ကြာသောအခါ၌ ကတ္တီပါအိတ်ကလေး တစ်လုံးကို ဆွဲလျက် ထွက်လာလေ၏။

ထိုနောက် ကတ္တီပါအိတ်ရှုံ့ကိုဖွင့်၍ အတွင်း၌ရှိသော အရာဝတ္ထုကို ထုတ်ပြီးလျှင် ကျွန်ုပ်၏လက်သို့ ပေးအပ်လိုက်ရာ၊ ကျွန်ုပ်သည် ထိုအရာကို ကိုင်မိသည်နှင့်တစ်ပြိုင်နက် ကြက်သီးမွေးညင်းထ၍ ဦးခေါင်းမျှား ကြီးသွားလေ၏။ ထိုမျှနှင့်ပင် ၎င်းအရာဝတ္ထု၏ တန်ဖိုးအာနိသင် ကြီးမားကြောင်းကို ကျွန်ုပ် ကျေနပ်ခဲ့လေပြီ။

ဆင်စွယ်ကြုတ်မှာ လေးထောင့်ရှိသော ပြသာဒ်ပုံသဏ္ဍာန်ဖြစ်၍ အမြင့် လေးလက်မ၊အလျားအနံ နှစ်လက်မစီ ရှိလေရာ ထိပ်တည့်တည့်၌ ပိုးပန်းပွားကြီး တပ်ထား၏။ကြုတ်၏ သုံးဖက်သော မျက်နှာတို့၌ မြတ်စွာဘုရား၏ ဆင်းတုတော်များ ထုထားသည်ဖြစ်ရာ၊ တစ်ဆူမှာ တင်ပျဉ်ခွေ၊ တစ်ဆူမှာ ရပ်တော်မူ၊ တစ်ဆူမှာ လျောင်းတော်မူ ကိုယ်တော်များ ဖြစ်လေသည်။စတုတ္ထ မျက်နှာ၌မူကား၊ မြတ်စွာဘုရားသည် ရဟန္တာ ၇ပါးနှင့် ကောင်းကင်ခရီးမှ ချာန်ကြွသွားတော်မူဟန် ဖြစ်လေရာ၊ ထိုအခြင်းအရာမှာ မြေပြင်မှ ဖူးမြော်ကန်တော့လျက်ရှိသော လူအချို့တို့၏ပုံကို ထောက်ချင့်သဖြင့် သိရှိနိုင်ပေ၏။

ထိုကြုတ်၏ထိပ်ဖြစ်သော ပြသာဒ်မှန်ကင်း၌ ပိုးပန်းဖွား တပ်ထားသည်





ဖြစ်ရာ၊ အောက်ဘက်၌မူကား ဗျည်း ၃၃ လုံးကို မြင်းသွားဖြင့် (အ)သေအောင် ချထားသော ၃၃ကွက် အင်းတစ်ခု ထွင်းထုပါရှိလေသည်။ ကြုတ်တွင်း၌မူကား သူ၏ အံသွားလေးချောင်း ပါရှိလေရာ၊ ၎င်းတို့မှာ ရှင်မဟာကဿပ မထေရ်ကြီး၏ သွားတော်များ ဖြစ်ကြောင်းနှင့် ပထမံသိန်း ပြောပြသဖြင့် သိရှိရလေသည်။

“အောက်ဘက်က အင်းကို ခင်ဗျား မြင်သလား ”

“မြင်ပါတယ်၊ ၃၃ကွက် အင်း မဟုတ်လား”

“မှန်တယ်၊ သို့သော် ဒီအင်းကို (အ)သေအောင် ချနိုင်တဲ့လူ အင်မတန် များတယ်ဗျ။ ဒီအင်းတစ်ခုတည်းနှင့်ပဲ ဒီကြုပ်ဟာ အင်မတန် စွမ်းနေပြီ”

“ခင်ဗျားလက်ထဲမှာ ဒီကြုပ်ကို သူတို့လူစု တွေ့သွားလျှင် ခင်ဗျား ငှက်မရောက်ပေးဘူးလား”

“လွယ်လွယ်ကူကူ ကိစ္စဖြစ်လျှင်လဲ ခင်ဗျားကို ငွေ၅၀၀၀ကျပ် ပေးပြီး ခေါ်ပါ့မလားဗျာ။ အသက်ကိုစွန့်ပြီး သွားရမယ့်လမ်း ဖြစ်လို့မို့ ကူညီနိုင်မယ့် တိုင်ပင်ဖော်တိုင်ပင်ဖက်တစ်ယောက် လိုနေလို့သာ လက်ထဲရောက်ပြီး ငွေ ၅၀၀၀ကျပ် ကို ကျုပ်ပေးတာပေါ့ဗျ။ သို့သော်လဲ ခင်ဗျားကြောက်လို့ရှိလျှင် နောက်ဆုတ်ချင် ဆုတ်နိုင်တယ် ကိုကျင်စိန်”

“ဘာကြောင့် ဆုတ်လိမ့်မလဲဗျ၊ ဒီလောက်တောင် ကော်ပေါက်တွေများ တဲ့လမ်းကိုမှ မစွန့်ဝံ့လျှင် ဘယ်နေရာသွားပြီး စွန့်ရမှာလဲ၊သွားသာ သွားပါ။ ကျွန်တော် လိုက်ပါမယ်၊ ဘယ်တော့လောက် စ,ထွက်မလဲ”

“ပထမအလုပ်က ပီကင်းမြို့တော်ကြီးကို ကျုပ်လွှတ်ထားတဲ့ လူတစ်ယောက် ပြန်လာအောင် စောင့်ရလိမ့်မယ်။ ကျုပ်လူက လူဝတ်နဲ့ပေမယ့် သူတို့ အသင်းသားထဲက တစ်ယောက်ဗျ။ သူပြန်လာလို့ ကျုပ်တို့သိလိုတဲ့ သတင်းစကား ပြောရတဲ့အခါမှာ ကျုပ်တို့နှစ်ယောက် တရုတ်လိုဝတ်ပြီး ခရီးထွက်ကြရလိမ့်မယ်။ ကျုပ်လဲ ခင်ဗျားလိုပဲ မြန်မာအစစ် မဟုတ်ဘူး။ သို့သော် ခင်ဗျားလောက်တော့ တရုတ်သွေး မများပေဘူး။ ကျုပ်အဘိုးကမှ တရုတ်အစစ် ဖြစ်တယ်။ဒီသွေး တော်စပ်လောက် ပါတာပေါ့လေ။ နို့ပေမယ့် တရုတ်ပြည်ကို အရောက်အပေါက်

www.burmeseclassic.com



ခွာပြီး၊ သူတို့အမှုအရာတွေ နားလည်ထားလို့မို့၊တရုတ်လို ဝတ်လိုက်တဲ့ အခါမှာ ကျုပ်ကို တရုတ်အစစ် မဟုတ်ဘူးလို့ ဘယ်သူကမှ မဆိုနိုင်ဘူး၊နောက်တော့ ခင်ဗျား မြင်ပါလိမ့်မယ်။ ကျုပ်ကိုယ်ကျုပ် ရုပ်ဖျက်နိုင်တာနဲ့ သူတို့အသင်း လက်ထဲက အသက်ချမ်းသာရာ ရခဲ့တာ ဘယ်နှစ်ခါ ရှိနေပြီလဲဗျ”

“ခင်ဗျားလူက ဘယ်တော့လောက် ရောက်မလဲ”

“ဒီည ရောက်မလား၊နက်ဖြန် ရောက်မလား ပြောတတ်ဘူး။ နီးတော့ နီးပြီ”

“သူမလာခင် ကျွန်တော်တို့လုပ်ဖို့ ဘာအလုပ်များ ရှိသလဲ”

“မရှိပါဘူးဗျာ”

“ဒါဖြင့် ကျွန်တော် ပြန်ဦးမယ်။ နက်ဖြန် ဘယ်အချိန်လောက် လာခဲ့ရမလဲ”

“ကျုပ် လူလွှတ်ပြီး ခေါ်လိုက်မယ်။ခင်ဗျား ကြောက်စိတ် မရှိဘူးနော်”

“နည်းနည်းကလေးမှ မရှိပါဘူးဆရာ”

“ဘယ်သူက မေးမေး၊ ခြောက်မေးမေး ဒီအကြောင်းကို မပြောလေနဲ့နော်”

“စိတ်ချပါ ဆရာ”

၎င်းနောက် ကျွန်ုပ်သည် ပထမံသိန်း၏နေအိမ်မှ ဆင်းလာခဲ့လေ၏။

လမ်းပေါ်သို့ရောက်၍ ထောင့်ချိုးတစ်ခုကို ကွေ့မိသောအခါတွင် တရုတ်လူမျိုးတစ်ယောက်သည် မှောင်ရိပ်မှ ရုတ်တရက်ထွက်လာ၍ ကျွန်ုပ်၏နောက်သို့ လိုက်လာလေ၏။

ကိုက် ၅၀၀ ခန့်မျှ သွားမိ၍ နောက်သို့ လှည့်ကြည့်လိုက်သောအခါ ထိုသူသည် အခြားသူတစ်ယောက်နှင့် အတူတွဲလျက် လျှောက်လာသည်ကို မြင်ရပြီးနောက်၊ ပထမ တွေ့ရသောလူသည် ထောင့်ချိုးလမ်းတစ်လမ်းကို ချိုးလိုက်၍ ဒုတိယလူ တစ်ယောက်တည်းသာလျှင် ကျွန်ုပ်နောက်မှ လိုက်ပါလာလေ၏။ဤနည်းအားဖြင့် ကျွန်ုပ်၏ အိမ်သို့ မရောက်မီ လူသုံးယောက်မျှ ပြောင်းလဲ လိုက်ပါ





လာသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။အတော်အတန်ထူထပ်သော ရပ်ကွက်သို့ ရောက်လာသောအခါ ကျွန်ုပ်သည် ခပ်သုတ်သုတ် လျှောက်သွား၍ လမ်းငယ်တစ်ခုသို့ ရုတ်တရက် ချိုးဝင်ပြီးလျှင် နောက်ထပ်ကွေ့သော လမ်းကလေးတစ်လမ်းသို့ ထပ်မံချိုးဝင် ပြန်လေရာ၊ ထိုသူသည် ကျွန်ုပ်ကို မျက်ခြေပြတ် သွားဟန်ရှိ၏။ ၎င်းနောက် ကျွန်ုပ်သည် ၎င်းလမ်း၌ရှိသော လင်ချင်းဆောင်၏ နေအိမ်သို့သွား၍ အိမ်ရှေ့မှ ခေါက်လေရာ၊ လင်ချင်းဆောင်ကိုယ်တိုင် ပြတင်းပေါက်မှ ခေါင်းပြူ၍ ကြည့်ပြီးနောက်၊ကျွန်ုပ်ကို မြင်သည်နှင့် အောက်သို့ဆင်း၍ တံခါးဖွင့်ပေးလေ၏။

“ဘယ့်နှယ်လဲ မောင်ကျင်စိန်၊ မိုးချုပ် လှချေကလား”

“ကိစ္စကလေးရှိလို့ ဦးရယ်”

“ဘယ့်နှယ်လဲ မောင်၊ ပထမံသိန်းနဲ့ တွေ့ခဲ့ရဲ့လား”

“တွေ့ခဲ့ရုံ မကဘူး၊ သူ့အလုပ်ကို လက်ခံခဲ့ပြီ။ ဟောဒီမှာ သူပေးနှင့်တဲ့ ငွေ ၅၀၀၀ကျပ်ပဲ ဦးရဲ့”

လင်ချင်းဆောင်သည် ငွေ ၅၀၀၀ကျပ် တန် ချက်စက္ကူနှင့် ကျွန်ုပ်၏ မျက်နှာကို ခေါက်တုံ့ခေါက်ပြန် ကြည့်ပြီးနောက်

“အလုပ်သဘောနှင့် တူပေသားပဲ၊ ဒီဘက်ကတော့ ဒီလူက စိတ်ချရပါတယ်။ ဒါထက် ဒီငွေကို မောင် ဘာလုပ်မလဲ”

“ဦးဆီမှာ အပ်ထားခဲ့ချင်တယ်။ ကျွန်တော်တို့ကိစ္စက တစ်နှစ်လောက်ကြာလိမ့်မယ်။ကျွန်တော် ပြန်လာနိုင်လျှင်လဲ ကျွန်တော့်ကို ပြန်ပေးဖို့၊ ပြန်မလာခဲ့လို့ ရှိလျှင်လဲ ရန်ကုန်မှာရှိတဲ့ ကျွန်တော့်ညီကို ပေးလိုက်ဖို့ပါပဲ ဦးရယ်”

“ကောင်းပါပြီမောင်။ ဒါပြင်ကော”

“ကျွန်တော့်ကို ယခု ငွေ ၁၀၀ကျပ် လောက် ပေးနှင့်ပါ”

လင်ချင်းဆောင်သည် ကျွန်ုပ်အလိုရှိသော ငွေကို သေတ္တာမှ ထုတ်ယူရေတွက် ပေးအပ်ပြီးနောက်

“များများတော့ ပြောဖို့မလိုပါဘူး မောင်ကျင်စိန်။ဦး တစ်ခုပြောချင်တာက မိကောင်းဖခင် သားသမီးပီပီ၊ အမိအသရေ၊ အဖအသရေ မပျက်ပြားရအောင် အစစအရာရာမှာ စဉ်းစဉ်းစားစား တိုင်းတိုင်းထွာထွာ ပြုလုပ်ပါလေ မောင်ကျင်စိန်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် လင်ချင်းဆောင်၏ နေအိမ်မှ ဆင်းလာ၍ ကိုက်ပေါင်း ၃၀၀ခန့်မျှ လျှောက်မိသောအခါတွင် နောက်သို့လှည့်၍ ကြည့်လိုက်ရာ လူတစ်ယောက်သည် ကျွန်ုပ်၏ နောက်မှ လိုက်လာသည်ကို မြင်ရပြန်၏။ ဤအခါ၌မူကား အိတ်ထဲ၌ ငွေများစွာ မပါတော့သည်ဖြစ်၍ ယခင်ကကဲ့သို့ မစိုးရိမ်လှတော့ချေ။ သို့ရာတွင် သိချင်သော စိတ်မူကား ရှိသေး၏။

ကျွန်ုပ်သည် လက်ယာဘက်မှ လမ်းငယ်သို့ ချိုးဝင်၍ အတန်ငယ် လျှောက်ပြီးနောက် လှည့်ကြည့်လိုက်ရာ ထိုသူသည်လည်း ၎င်းလမ်းအတိုင်း ချိုး၍ လိုက်လာ၏။ ကျွန်ုပ်သည် မြေကွက်လပ်တစ်ခုကို ဖြတ်ကျော်၍သွားရာ၊ ထိုသူသည်လည်း ကွက်လပ်ကိုဖြတ်၍ လိုက်၏။၎င်းနောက် ကျွန်ုပ်သည် ခပ်သုတ်သုတ် လျှောက်သွား၍ တစ်ဖက်၌ ဝင်းထရံကာထားသော လမ်းကျဉ်းကလေးတစ်လျှောက် ဝင်းထရံမှ ကပ်၍ လိုက်သွားပြီးလျှင် တံခါးဝသို့ ရောက်သောအခါတွင် ဖျတ်ခနဲ ချိုးဝင်ပြီးမှ မှောင်ရိပ် တွင်ခိုလျက် ပုန်းနေ၏။ တစ်ခဏမျှ ကြာသောအခါ ထိုသူသည် တံခါးပေါက်သို့ ရောက်လာ၍ အတွင်းသို့ ချိုးဝင်ပြီးနောက် ရှေ့သို့ မျှော်ကြည့်ရာတွင် ကျွန်ုပ်ကို မမြင်သည်နှင့် ကျွန်ုပ် ပုန်း၍နေသော နေရာနှင့် ၁၀လှမ်းခန့်အတွင်းတွင် တန့်ရပ်ခါ တောင်မြောက်လေးပါးကို ကြည့်နေလေ၏။ ၎င်းနောက် ထိုလူသည် အခြားဘက် တွင်ရှိသော မှောင်မိုက်နေသည့်လမ်းသို့ ကျွန်ုပ်ကူးသွားပြီ ထင်မှတ်ဟန်နှင့် ခပ်သုတ်သုတ် လိုက်သွားလေရာ ကျွန်ုပ်နှင့် မျက်ခြေပြတ် သွားကြလေ၏။

ထိုသူနှင့် ကွဲသွားသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ပုန်းအောင်းရာမှ ထွက်လာပြီးလျှင် နေအိမ်သို့ ခြေကုန်တင်၍ ပြန်လာခဲ့လေ၏။ သို့ရာတွင် ကျွန်ုပ်သည် အိမ်ပေါက်ဝသို့ ဝင်၍ နောက်သို့ လှည့်ကြည့်လိုက်သောအခါ ထိုသူသည် တစ်ခုသော ထောင့်ချိုးမှ ထွက်ပေါ်လာသည်ကို မြင်ရသည်နှင့် အိမ်ပေါ်သို့ပြေးတက်၍ ပြတင်းပေါက်မှ ချောင်း၍ ကြည့်နေမိ၏။ ထိုသူသည် အိမ်ရှေ့၌ နှစ်ခေါက် သုံးခေါက်မျှ ခေါက်တုံ့ခေါက်ပြန်လျှောက်ခါ အိမ်ပေါ်သို့ မော်ကြည့်ပြီးနောက်၊ နောက်ဆုံး၌ ထိုလမ်းမှ ထွက်ခွာသွားလေ၏။

နာရီဝက်အတွင်းတွင် ကျွန်ုပ်သည် အိပ်ရာသို့ ဝင်အိပ်၍ ပထမံသိန်း၏





အကြောင်းကို အိပ်မက်ထဲ၌ ဆက်လက်မြင်မက်ခဲ့ရာ၊ ထိုသူ၏ အတတ်ကြောင့် ကျွန်ုပ်မှာ ဆင်ဖြူတော်ကြီးအဖြစ်သို့ ရောက်သွား၍ ဟိမဝန္တာတော၌ လှည့်လည် ကျက်စားရသည်ဟု မြင်မက်မိသေး၏။

ကျွန်ုပ်သည် မည်မျှလောက်ကြာအောင် အိပ်ပျော်နေခဲ့သည်မသိ၊ အိပ်ရာမှ သန့်နိုး၍ မျက်စိကို ဖွင့်ကြည့်လိုက်ရာတွင် တရုတ်လူမျိုးတစ်ယောက်သည် ခုတင်အနီး၌ ရပ်လျက်ရှိသည်ကို တွေ့ရသဖြင့် ရုတ်တရက် ထထိုင်လိုက်၏။

"တိတ်တိတ်နေ။ မအော်နဲ့။ အော်လျှင် သေသွားလိမ့်မယ်"ဟု ထိုသူက တရုတ်စကားဖြင့်ပြောရာတွင် ကျွန်ုပ်သည် ခေါင်းအုံးအောက်၌ ဝှက်ထားသော ဓားမြှောင်ကို စမ်းသပ်ရှာဖွေသော်လည်း မတွေ့ရတော့ချေ။

"ခင်ဗျား ကျုပ်ကို ဘယ့်နှယ်လုပ်မလို့လဲ"

"တိုးတိုးပြောပါလေ၊ ကျုပ် နားမပင်းပါဘူး။ ပထမံသိန်းက လွှတ်လိုက်လို့ ခင်ဗျားကို လာခေါ်တယ်။ ချက်ခြင်း လိုက်ခဲ့ရမယ်တဲ့"

"ခုနင်ကပဲ သူ့ဆီက ကျုပ်ပြန်လာခဲ့တယ်။ဘယ်အတွက်ကြောင့် ကျုပ်ကို ချက်ခြင်းခေါ်ရသတဲ့လဲ"

"ဘယ်အတွက်ကြောင့်လဲတော့ ကျုပ်မပြောတတ်ဘူး၊ ခေါ်ချေပါဆိုလို့ လာခေါ်ရတာပဲ"

ထိုအခါ ကျွန်ုပ်သည် အိပ်ရာမှထ၍ အဝတ်များ လဲလှယ်ရလေရာ၊ပီကင်းမြို့သို့ ပထမံသိန်း စေလွှတ်ထားသောလူ ပြန်ရောက်လာသောကြောင့် ဖြစ်တန်ရာ၏ဟု တွေးတောမိ၏။ အဝတ်များ လဲလှယ်ပြီးနောက် ကျွန်ုပ်သည် ထိုလူနှင့် အတူ အိမ်ပေါ်မှ ဆင်းလာကြလေရာ အိမ်ရှေ့၌ လန်ချားတစ်စီး ဆိုက်ရပ်ထားသည်ကို တွေ့ရ၏။ ၎င်းနောက် ကျွန်ုပ်သည် ထိုသူနှင့်အတူ လန်ချားပေါ်သို့ တက်ကြလေရာ လန်ချားလည်း ထွက်လာခဲ့လေ၏။

ကျွန်ုပ်သည် လက်ပတ်နာရီကို ကြည့်လိုက်သောအခါ တစ်နာရီထိုးပြီးသည်ကို တွေ့မြင်ရ၍ လမ်းပေါ်၌ လူသွားလူလာ ပြတ်စဲနေခြင်းကိုလည်း သတိပြုမိ၏။ ၁၅ မိနစ်ခန့် သွားမိကြသောအခါ၊ထိုသူသည် ကျယ်ဝန်းသော ဝင်းကြီးတစ်ဝင်းအတွင်းရှိ အိမ်ကြီးတစ်ဆောင်ရှေ့၌ လန်ချားကို ရပ်စေပြီးလျှင် ကျွန်ုပ်အား စောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းရန် မှာထားပြီးနောက် အိမ်တွင်းသို့ ဝင်သွားလေ၏။၅ မိနစ်ခန့် ကြာသော အခါ ထိုသူသည် တစ်ဖန် ထွက်လာ၍ ပထမံသိန်းသည် ကျွန်ုပ်နှင့်တွေ့ရန် အဆင်သင့်ရှိနေကြောင်းနှင့် ပြောပြီးလျှင် လန်ခြားကို အခပေး၍ လွှတ်လိုက်လေ၏။

အိမ်ကြီးမှာ မှောင်နှင့်မည်းမည်းရှိနေ၍ အလွန်တရာ တိတ်ဆိတ်လှ၏။ ကျွန်ုပ်နှင့် ထိုလူလည်း အိမ်ရှေ့ခန်းမှ ဝင်သွားကြ၍ မီးလက်လက်မြင်ရာ နောက်ဖေးခန်းဆီသို့ သွားကြရာတွင် တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်၏ လည်ကုပ်ကို ရုတ်တရက် ကိုင်ဖမ်းကာ ပါးစပ်ထဲသို့ အဝတ်တစ်ထည်ကို ထိုးသွင်းလိုက်ပြီးလျှင် လက်ပြန်ကြိုး ချည်လိုက်၏။ထိုအခြင်းအရာမှာ အလွန်တရာ လျှင်မြန်လှသည်ဖြစ်ရကား ကျွန်ုပ်မှာ ခုခံရန်လည်း အချိန်မရ၊ အော်ဟစ်ဖို့ကိုမျှ သတိမရနိုင်မီ ချည်ပြီး တုပ်ပြီး ဖြစ်နေခဲ့လေပြီ။ နောက်တစ်ခဏ၌ သန်စွမ်းဟန် လက္ခဏာရှိသော လူတစ်ယောက်သည် ကျွန်ုပ်အား နောက်မှနေ၍ တွန်းသွားပြီးလျှင် မီးရောင်လက်လက်မြင်ရာ အခန်းတွင်းသို့ သွင်းသွားလေ၏။

အခန်းတွင်း၌ရှိသော စာပွဲတစ်ခု၌ကား၊ လိပ်ရင်ဘတ် ကိုင်းတပ်ထားသည့် မျက်မှန်ဝိုင်းကြီးများကို အသီးသီးတပ်ဆင်လျက် အင်္ကျီပွကြီးများကို ဝတ်ဆင်ထားသော တရုတ်လူမျိုး သုံးယောက်တို့ ထိုင်လျက်ရှိကြရာ၊ အကြီးအကဲနှင့် သဏ္ဍာန်တူသည့် အလယ်မှထိုင်သော တရုတ်ကြီးသည် ကျွန်ုပ်၏ပါးစပ်၌ ထိုးသွင်းထားသော အဝတ်ကို ဖြုတ်စေပြီးနောက် တရုတ်စကားဖြင့် "ကျန်းခံ့သာ၏ မာပါစ" ဟူသော စကားလုံးကြီးမျိုးဖြင့် ကျွန်ုပ်အား မေးမြန်း၏။

ထိုအခါ ကျွန်ုပ်သည် တရုတ်လူမျိုးတို့ ပြောဆိုလေ့ရှိသော ထုံးစံအတိုင်း အရေးမလုပ်လောက်အောင် နုံ့ဖွဲ့သိမ်ငယ်လှသည့် စကားဖြင့် ကျွန်ုပ်မှာ ကျန်းမာစွာ ရှိပါကြောင်းနှင့် ဖြေဆိုရလေ၏။

၎င်းနောက် အလယ်၌ထိုင်သော အကြီးအကဲ တရုတ်ကြီးက ကျွန်ုပ်မှာ မည်သို့သောကိစ္စနှင့် ရှန်ဟဲမြို့သို့ လာရောက်ကြောင်း မေးမြန်းလေရာ၊ ကျွန်ုပ်က ကုန်စည် ကူးသန်းရောင်းဝယ်မှု အကြောင်းနှင့် စပ်လျဉ်း၍ ထောက်လှမ်းစုံစမ်းရန် လာရောက်ပါကြောင်းနှင့် ပြန်ပြောလေ၏။





သို့ရာတွင် လက်ယာဘက်၌ ထိုင်နေသော တရုတ်ကြီးသည် ကျွန်ုပ်၏ အဖြေကို မကျေနပ်ဟန်နှင့်

"ခင်ဗျား မှန်မှန်မပြောဘူး၊ ပထမံသိန်းဆိုတဲ့လူနဲ့ ခင်ဗျား ဘယ်လို အဆက်အသွယ် ရှိကြသလဲ"

ထိုအခါ ကျွန်ုပ်က မသိဟန် မျက်နှာထားနှင့် "ပထမံသိန်းဆိုတာ ဘယ်လူလဲ ခင်ဗျာ၊ မေးစမ်း ပါရစေဦး"

"ပထမံသိန်းဆိုတာ ၂ ညတိတိ ခင်ဗျားသွားလည်တဲ့ လူဟာပေါ့။ ခင်ဗျားနဲ့ သူနဲ့ ဘယ်လိုမတရားတဲ့ အကြံတွေများ ကြံစည်နေကြသလဲ၊ ပြောစမ်း"

ထိုအခါ ကျွန်ုပ်သည် ပထမံသိန်းနှင့် အလျဉ်း မသိကျွမ်းပါဟူ၍ ကွယ်ဝှက်သော် အချည်းနှီးဖြစ်မည်ကို မြင်သည်နှင့် ရှန်ဟဲမြို့မှ ပိုးထည်များကို မြန်မာပြည်သို့ တင်ပို့ရောင်းချရန် အကြံအစည်နှင့် တိုင်ပင်ဆွေးနွေးကြပါကြောင်း ပြန်ပြောရာတွင် အလယ်မှ အကြီးဆုံးမျက်မှန်ကြီးနှင့် တရုတ်ကြီးက မကျေမနပ် မယုံကြည်သော အမူအရာနှင့်

"မှန်မှန်ပြောပါ။ ကျုပ်ကိုလိမ်လျှင် ခင်ဗျား ဒုက္ခတွေ့မယ်။ ကျုပ်တို့ မေးတာကို မှန်မှန်ပြောရင် ခင်ဗျားကို ကျုပ်တို့ ဘယ့်နှယ်မှ မလုပ်ဘူး။ စိတ်ချပါ"

"ကျွန်တော် ဒီထက်ပိုပြီး မပြောနိုင်ပါဘူး ခင်ဗျာ"

"အသာတကြည်နဲ့ မေးလို့မရရင် မပြောဘဲ မနေနိုင်တဲ့နည်းနဲ့ ကျုပ်တို့ မေးရလိမ့်မယ်"

ကျွန်ုပ်လည်း မတုန်မလှုပ် ရှိနေရာတွင် အလယ်မှထိုင်နေသော တရုတ်ကြီးသည် အခန်းဝ၌ ရပ်လျက်စောင့်နေသော တပည့်များအား လက်ပြလိုက်၏။ ထိုအခါ လူနှစ်ယောက်တို့သည် တရုတ်ပြည်၌ တရားခံများအား ရှေးအခါက ညှဉ်းပန်းစစ်ဆေးသော ကိရိယာ တန်ဆာမျိုးဖြစ်သည့် သံကြိုးကြီးတစ်ချောင်းနှင့် ထူထဲသော ပုံသဏ္ဍာန်ရှိသည့် သစ်သားတုတ်ကြီး သုံးလေးချောင်းကို အခန်းတွင်းသို့ သွင်းလာခဲ့ကြလေရာ ကျွန်ုပ်မှာ ချွေးများယိုစီး၍ ကျလာလေ၏။ တရုတ်တို့ ညှဉ်းသမားများအား စစ်ဆေးမေးမြန်းသော ကိရိယာတန်ဆာမှာ အလွန်



www.burmeseclassic.com

www.burmeseclassic.com



နာကျင်လှသည်ဟူ၍ ကြားဖူးရုံမျှ ကြားခဲ့ဖူးလေရာ၊ ယခုမှ ကိုယ်တွေ့ဖြစ်ချေတော့မည်ဟု ရင်ထဲတွင် တဒိန်းဒိန်း ခုန်လျက်ရှိ၏။

"ပထမံသိန်းအကြောင်းကို ခင်ဗျား ဘာများသိသလဲ"

"ကျွန်တော် ဖြေပြီးပါပြီ၊ ထပ်ပြီး ဖြေစရာ မရှိတော့ပါ"

"ပထမံသိန်းအကြောင်းကို ခင်ဗျား ဘာများသိသလဲ"

"ဖြေပြီးပါပြီ"

"ဒီတစ်ခါ နောက်ဆုံးပဲနော်။ ပထမံသိန်းအကြောင်းကို ခင်ဗျား ဘာများ သိသလဲ"

"ဖြေပြီးပါပြီ၊ ဒီပြင် ဖြေစရာ မရှိတော့ပါ" ဟု စိတ်ကိုတင်း၍ ပြောရသော်လည်း နှလုံးသားကို ခဲလုံးကြီးဖြင့် ဖိနှိပ်ထားဘိသကဲ့သို့ လေးလံလှချေ၏။

ထိုအခါ အလယ်မှ တရုတ်ကြီးသည် တပည့်များအား လက်ပြလိုက်လေရာ ကျွန်ုပ်မှာ ရှန်းကန်ရန် အချိန်မရမီ တစ်ယောက်သောလူသည် ရင်ဘတ်ကို တွန်း၍ ကြမ်းပေါ်သို့ လှဲလိုက်ပြီးနောက် တစ်ယောက်သည် ကျွန်ုပ်၏လည်ပင်းတွင် သံကြိုးကွင်း စွပ်လေ၏။ ထိုနောက် လူနှစ်ယောက်တို့သည် သစ်သားတုတ်ချောင်းများနှင့် သံကြိုးကို ကလန့်၍ လှည့်ကြလေရာ နောက်တစ်ပတ် လှည့်လိုက်ပါမူ ကျွန်ုပ်မှာ လည်ပင်းအစ်၍ အသက်ထွက်ရုံမျှသာ ရှိတော့၏။ ထိုအခါ တရုတ်ကြီးက ခေတ္တရပ်တန့်ရန် လက်ပြလျက်

"ပထမံသိန်းအကြောင်းကို ခင်ဗျား ဘာများ သိသလဲ"

ကျွန်ုပ်သည် ယခင်က ဖြေပြီးစကားအတိုင်း ဖြေဆိုရန် ကြိုးစားပါသော်လည်း လည်ပင်းအစ်လှသည် ဖြစ်သောကြောင့် ဂူးဂူး ဝါးဝါးနှင့်သာ မပီကလာ ဖြစ်၍ နေလေ၏။ ထိုအခါ တရုတ်ကြီးသည် လူများကို လက်ပြ၍ ကျွန်ုပ်၏ အနီးသို့ ချဉ်းကပ်ပြီးလျှင် လက်ကို ကိုင်ဆွဲလျက် 'ကျေနပ်ပါပြီ ကိုကျင်စိန်၊ ဘာမှ မကြောက်ပါနဲ့၊ ခင်ဗျား ဘာမှ မဖြစ်စေရပါဘူး' ဟု ပြောလေရာ ထိုအသံမှာကား ပထမံသိန်း၏ အသံပင် ဖြစ်ချေ၏။

## အခန်း ၄

ပထမံသိန်း၏ ရုပ်ဖျက်ထားခြင်းမှာ တရုတ်စစ်စစ်နှင့် လွန်မင်းစွာ တူပေရကား ကျွန်ုပ်သည် နဂိုအသံအတိုင်း ပြောလိုက်ခြင်းကို ကြားရသဖြင့် ယောင်၍ ကြည့်လိုက်သောအခါ၌ပင်လျှင် ဟုတ်မှ ဟုတ်ပါလေ၏လောဟု ယုံမှားခြင်း မကင်းနိုင်အောင် ရှိနေခဲ့ချေသေး၏။ ကိုယ်ဟန် အမူအရာသည် လည်းကောင်း၊ မျက်နှာထားသည် လည်းကောင်း၊ သံနေသံထားသည် လည်းကောင်း အသက် ၅၀ အရွယ်ခန့်ရှိ အထက်တန်းစား တရုတ်လူမျိုးတစ်ယောက်နှင့် တစ်သဝေမတိမ်းအောင် တူညီလှပေ၏။ ပထမံသိန်းသည် သိပြီးဖြစ်သော ကျွန်ုပ်ကိုပင် မရိပ်မိနိုင်အောင် လှည့်ပတ်နိုင်ခဲ့သည် ဖြစ်သောကြောင့်၊ ၎င်းအား မသိမကျွမ်းဘူးသော သူများကို ဒွိဟအလျဉ်းကင်းအောင် လှည့်ဖြားနိုင်မည့်အကြောင်းမှာ ကျွန်ုပ်၏စိတ်၌ ယုံမှားခြင်း အလျဉ်းမရှိတော့ချေ။ ကျွန်ုပ်သည် ရန်သူများ လက်တွင်း၌ ကျရောက်၍ သေလုမတတ်ရှိအောင် ညှဉ်းပန်းခြင်း ခံရတော့မည်ဟု ထင်မှတ်ရာမှ သံကြိုးများကိုဖြုတ်၍ လွတ်လပ်ခြင်း ရရှိသောအခါတွင် မည်မျှလောက် စိတ်သက်သာခွင့် ရရှိခဲ့သည်ကို တွေးတောနိုင်ကြ ပေလိမ့်မည်။

"ဆရာက ကိုယ့်လူအကြောင်း စမ်းကြည့်တာတော့ ဟုတ်ပါရဲ့၊ ခံရတဲ့လူမှာဖြင့် သေလုသွားတာပဲ ဆရာ"

"စိတ်မရှိပါနဲ့ ကိုကျင်စိန်၊ ယုံကြည်ရတယ် ဆိုပေမယ့် တကယ့်တကယ်နင်လား ငါလားဆိုတော့ ခင်ဗျားလို နှုတ်လုံတဲ့လူ အဟုတ် ရှားတယ်ဗျ။ ဒါထက် ကျုပ် ရုပ်ဖျက်ထားပုံ ဘယ့်နှယ့်လဲ တော်တော်ဟန်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်နေရာကျတယ်ဗျာ။ ဒီလောက်တောင် တူလိမ့်မယ်လို့ ဘယ်နည်းနဲ့မှ ကျွန်တော် မထင်မိဘူး။ နေပါဦး။ယခု ကျွန်တော်တို့ ဘယ်ရောက်နေကြသလဲ"

"ကျုပ်လူတစ်ယောက်ရဲ့ အိမ်ပါပဲ။ ကိုင်း ဒါထက် အလုပ်နဲ့ပတ်သက်တဲ့ စကား တိုင်ပင်ကြစို့။ ဟောဒီ ညာဘက်ကလူက လောဝမ်တဲ့ဗျ။ ပီကင်းမြို့ကို ကျုပ်လွှတ်ထားတဲ့ လူပဲ။ခင်ဗျား ပြန်သွားပြီးတဲ့နောက် နာရီဝက်အတွင်းမှာ သူ ရောက်လာတယ်။ကျုပ်သိချင်တဲ့ အကြောင်းအရာကို သိခဲ့ရပြီ။ ကျုပ်တို့ သွားကြရုံပဲ ရှိတော့တယ်။ ခင်ဗျား အဆင်သင့်ရှိပြီလား"

"အိမ်ပြန်ပြီး သိမ်းဆည်းစရာကလေး တစ်ခု နှစ်ခု သိမ်းဆည်းခဲ့ပြီး လိုက်ရုံပါပဲဆရာ"

"ကိုင်း ဒါဖြင့် ကျုပ်တပည့်တစ်ယောက် ခေါ်သွားပေတော့။ ခင်ဗျား ယူစရာ ပစ္စည်းကလေးများ သူ ကူပြီး ယူခဲ့လိမ့်မယ်။ မကြာစေနဲ့နော်"

"စိတ်ချပါ ဆရာ"

ကျွန်ုပ်သည် ပထမ သိန်း၏ တပည့်တစ်ယောက်နှင့်အတူ အိမ်သို့ပြန်လာခဲ့၍ ခရီးသွားရာ၌ ဆောင်ယူရန် ပစ္စည်းကလေးများကို သားရေအိတ်ငယ်တစ်လုံးတွင် ထည့်ပြီးလျှင် ကျန်သောပစ္စည်းများကို သေတ္တာတစ်လုံးတွင် သွတ်သွင်း၍ အိမ်ရှင်အတွက် စာတစ်စောင်၊ ပထမံသိန်းနှင့် ဆက်ပေးသော ကိုကျင်ဟုတ်ထံ စာတစ်စောင် အသီးသီး ရေးသားပြီးနောက် အိမ်လခအတွက် ပေးရန်ရှိသောငွေကို အိမ်ရှင်၏ စာအိတ်ထဲ၌ ထည့်သွင်းခဲ့၏။ ထိုနောက် စာများကို စားပွဲပေါ်၌ ထားခဲ့၍ သားရေအိတ်ကို တပည့်အား ပေးအပ်လျက် ၎င်းနှင့်အတူ ပထမံသိန်းရှိရာ နေအိမ်သို့ ပြန်လာခဲ့လေ၏။

ပထမံသိန်းသည် ကျွန်ုပ်အား စောင့်မျှော်လျက်ရှိရာ၊ ကျွန်ုပ်ရောက်လာသောအခါတွင် အခန်းတစ်ခန်းတွင်းသို့ ခေါ်သွား၍ ကျွန်ုပ်ဝတ်ဆင်ရန်အတွက် အသစ်ဝယ်ခြမ်း ပြင်ဆင်ထားသော တရုတ်အဝတ်အစားများကို ပြသပေးအပ်လေ၏။ ထိုနောက် ပထမံသိန်း၏ ကူညီခြင်းအားဖြင့် ကျွန်ုပ်သည် ရှေးခပ်ကျကျ အထက်တန်းစား တရုတ်လူမျိုးများ ဝတ်ဆင်သည့် ဘောင်းဘီပွ အင်္ကျီပွ စသော





အဝတ်အစားများကို ဝတ်ဆင်၍ မျက်မှန်ဝိုင်းကြီးကို တပ်ဆင်လိုက်သောအခါတွင် တရုတ်သွေး ထက်ဝက်ပါရှိသော ကျွန်ုပ်မှာ တစ်ခဏချင်းတွင် တရုတ်အစစ်အဖြစ်သို့ ပြောင်းလဲသွားလေ၏။ ထိုနောက် လက်မောင်းနှင့် မျက်နှာတို့တွင် ပထမံသိန်း ကိုယ်တိုင် ဖော်စပ်ထားသော ဆေးရည်များကို လိမ်းကျံ၍ ပါးပြင်နှင့် နဖူး နားထင်စသည်တို့တွင်၊ ပထမံသိန်းက စုတ်တံနှင့် ရေးခြယ် ပြုပြင်ပေးလိုက်သော အခါ၌မူကား ကျွန်ုပ်၏နဂိုရုပ် လုံးလုံးပျောက်သွားသည့်အပြင်၊ အသက်အားဖြင့်လည်း အနည်းဆုံး ၁၅ နှစ်ခန့် ပိုမိုရင့်အို၍ လာလေ၏။

အလုံးစုံ ပြင်ဆင်ပြီးကြသော အခါ၌ ပထမံသိန်းက "ကိုယ့်ကိုကိုယ်တော့ဖြင့် ဟန်လှပြီ ထင်ကြရတာပဲ။ သို့သော် တကယ့် တရုတ်အစစ်နဲ့ တူသည် မတူသည်ကို နာရီဝက်လောက်ကြာတဲ့အခါမှာ စမ်းသပ်ဖို့ အခွင့်ပေါ်လာလိမ့်မယ်။ စမ်းသပ်ပုံက ဒီလိုဗျ၊ တရုတ်ကောင်စစ်ဝန်ရုံးမှာနေတဲ့ လောတင်ဆိုတဲ့ လူတစ်ယောက်အိမ်မှာ မန်ချူမင်းဆက် ဖြုတ်ဖို့အကြောင်းနဲ့ စပ်လျဉ်းတဲ့ အစည်းအဝေး တစ်ခု ကျင်းပလိမ့်မယ်။ လောဝမ်က အစည်းအဝေးသွားပြီး ပီကင်းမြို့က ကုန်သည်ကြီးနှစ်ယောက် ဆိုက်ရောက်လာတဲ့အကြောင်း၊ ၎င်းကုန်သည်ကြီးများ ဟာလဲ ပီကင်းမြို့က အသင်းကြီးမှ အသင်းသားများ ဖြစ်တဲ့အကြောင်း ပြောထားနှင့်လိမ့်မယ်။ ကျုပ်နဲ့ ခင်ဗျားနဲ့က တရုတ်ကုန်သည်ကြီးနှစ်ယောက် ယောင်ဆောင်ပြီး အစည်းအဝေးကို ဝင်ကြရလိမ့်မယ်။ ပွဲမဝင်ခင် အပြင်က ကျင်းပဆိုတာလို တရုတ်အစစ်နဲ့ တူ မတူ လူများ ရိပ်မိ မရိပ်မိ အကြောင်းကို ဒီအစည်းအဝေးမှာ စမ်းသပ်ကြရလိမ့်မယ်။ ဒီမှာတော့ အကယ်၍ မိသွားဦးတော့ သေလောက် ပျောက်လောက် မဖြစ်တဲ့နိုင်ဘူးဗျ၊ ဟိုကျမှဆိုတော့ ယခုအလိမ်ပေါ်လျှင် ယခု သေရလိမ့်မယ်။ ဒီတော့ ကျုပ်တို့ ဝတ်ပုံ၊ စားပုံ၊ ပြောပုံ၊ ဆိုပုံနဲ့ လူဟန်အမူအရာတွေဟာ တကယ့်တရုတ်တွေ မျက်စိမှားနိုင်လောက်အောင် ပီပြားသေဝပ်ပါမလားလို့ ဒီကတည်းက ခမ်းခဲ့ချင်တယ် ကိုကျင်စိန်"

"သူတို့ အစည်းအဝေးကို ဝင်တဲ့အခါမှာ လျှို့ဝှက်တဲ့စကားတွေ ဘာတွေ ရှိသေးတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက်တော့ မစိုးရိမ်နဲ့ ၊လောဝမ်က စုံစမ်းပြီးလို့ အားလုံးသိခဲ့ရပြီ"

"ဒီအဝတ်နဲ့ ကျောင်းသားမရသေးမီ ချက်ခြင်း စမ်းကြည့်လို့ တော်ပါမလား ဗျာ"

"ဒီလို စမ်းဖို့အခွင့် နောက်တစ်ကြိမ် ကျုပ်တို့ မရနိုင်ဘူး ကိုကျင်စိန်၊ အကယ်၍ ပေါ်ပေါက်သွားခဲ့လို့ရှိလျှင် ဘယ်နေရာ ဘယ်အချက်မှာ ကျုပ်တို့လို သေးသကိုးလို့ သိရတော့ နောင်ကို ကျုပ်တို့ ပြင်ဆင်နိုင်တာပေါ့ဗျ။ မကြောက်ပါနဲ့ ဗျာ၊ လာသာလာပါ"

"ကြောက်လို့ မဟုတ်ပါဘူးဆရာ၊အလျင်လိုလွန်း မလားလို့ပါ။ သို့သော် ဆရာကျေနပ်လျှင် သွားလေဆရာ"

ထိုနောက် ပထမံသိန်းနှင့် ကျွန်ုပ်သည် အိမ်ကြီးမှ ထွက်လာခဲ့ကြ၍ လမ်းဘေး၌ ရပ်လျက်စောင့်နေသော ထမ်းစင်ပေါ်သို့ တစ်ယောက်စီတက်ပြီးလျှင် ကောင်စစ်ဝန်ရုံးဆီသို့ ရှေ့ရှုထွက်လာ ခဲ့ကြလေ၏။ ရုံး၏ တောင်ဘက်၌ရှိသော တရုတ်အိမ်ကြီးတစ်ဆောင် ရှေ့သို့ ရောက်ကြသောအခါ ပထမံသိန်းသည် ထမ်းစင်သမားကို လွှတ်လိုက်ပြီးနောက် အစည်းအဝေးသို့ဝင်ရန် လျှို့ဝှက်သောစကားမှာ မန်ချူဖြစ်ကြောင်း၊ မန်ချူဟူ၍ နှုတ်မှ ရွတ်ဆိုသောအခါတွင် လက်ယာဘက်မှ လက်ညှိုးနှင့် လက်ခလယ်ကို လက်ဝဲဘက် လက်ဝါးပြင်တွင် ကပ်ထားလျက် ဦးခေါင်းကို ညိတ်ရမည့်အကြောင်းနှင့် သွန်သင် ပြောပြလေ၏။ ထိုနောက် ကျွန်ုပ်တို့သည် အိမ်ကြီး၏ တံခါးသို့ ချဉ်းကပ်ကြ၍ ပထမံသိန်းသည် လက်ဝဲဘက်လက်တွင် ဝတ်ထားသော ကြောင်လက်စွပ်နှင့် တံခါးကို သုံးချက် မှန်မှန်ခေါက်လိုက်ရာတွင် တံခါးမကြီးအလယ်မှ တံခါးငယ်ကလေးတစ်ခု ပွင့်လာ၍ "လူကောင်းသူကောင်းများ အိပ်ပျော်နေသောအချိန်တွင် တံခါးကိုခေါက်၍ နှောင့်ယှက်သူကား မည်သူဖြစ်သနည်း" ဟု တရုတ်စကားဖြင့် မေးလိုက်၏။

ထိုအခါ ပထမံသိန်းက 'ကျွန်ုပ်တို့ကား မန်ချူအရေးအတွက် မြို့တော်ကြီးမှ ဆိုက်ရောက်လာကြသော ကုန်သည်ကြီးနှစ်ဦး ဖြစ်ပါသည်' ဟု ပြန်ပြော၍ လက်ချောင်းများကို ကျွန်ုပ်အား ပြထားသောနည်းအတိုင်း ပြုလုပ်ပြသသည်နှင့် တစ်ပြိုင်နက် တံခါးကြီးလည်း ပွင့်သွားလေ၏။





ကျွန်ုပ်နှင့် ပထမံသိန်းတို့သည် တံခါးပေါက်မှ ဝင်သွားကြသောအခါ၊ အိမ်ရှေ့ခန်းမှာ တစ်ခုတည်းသော မီးခွက်ကလေး၏အရောင်ဖြင့် မှေးမှိန်စွာရှိနေသည်ဖြစ်ရာ တံခါးမှူးသည် ကျွန်ုပ်တို့အား ဦးခေါင်းညိတ်ခါ ခေါ်သွား၍ ၎င်းနောက်မှ လိုက်သွားကြရလေ၏။ နောက်ဖေးဆောင်သို့ ရောက်သောအခါ တံခါးမှူးသည် တံခါးကို ခေါက်လိုက်သဖြင့် တံခါးပွင့်လာရာတွင် ထိန်လင်းစွာသော မီးရောင်ကို တွေ့မြင်ရပြီးလျှင် အတွင်းသို့ ဝင်သွားကြသောအခါ၌မူကား နှစ်ဆယ်ခန့်မျှသော တရုတ်လူမျိုးများသည် စားပွဲဝိုင်းကြီးတစ်ခု၏ ပတ်လည်၌ ဝိုင်းဖွဲ့ကာထိုင်နေသည်ကို တွေ့ရလေ၏။

တစ်ယောက်သော အသင်းသားသည် ထိုင်ရာမှ ထလာ၍ လစ်လပ်နေသော နေရာနှစ်နေရာကို ကျွန်ုပ်တို့နှစ်ယောက်အား ပေးပြီးလျှင် တရုတ်ဆေးအိုးများကိုလည်း တည်ခင်းပေးသဖြင့် ကျွန်ုပ်တို့သည် ဆေးအိုးများကို ဖွာလျက်ရှိကြစဉ် လူအားလုံးတို့သည် စကားတစ်ခွန်းမျှ ပြောဆိုခြင်းမပြုဘဲ ၅ မိနစ်ခန့်တိုင်တိုင် တစ်ခန်းလုံး တိတ်ဆိတ်စွာ ရှိကြလေ၏။ ထိုအချိန် အတောအတွင်း၌ ကျွန်ုပ်မှာ စိတ်၏ငြိမ်သက်ခြင်းကို မရဘဲ ရင်ထဲ၌ တဒိန်းဒိန်း လှုပ်ခုန်လျက်ရှိနေ၏။ သို့ရာတွင် ထိုသို့သော အခြင်းအရာကို အသင်းသားများ မရိပ်မိစေရန်ကြံဖန်ဆည်လျက် ထိုင်နေရ၏။

၎င်းနောက်ကျွန်ုပ်တို့၏ လက်ယာဘက်နားတွင် ထိုင်လျက်ရှိသော တရုတ်ကြီးတစ်ယောက်သည် ထိုင်ရာမှထ၍ ပထမံသိန်းအား ရှန်ဟဲမြို့သို့ လာရောက်ခြင်းကိစ္စကို မေးမြန်းသဖြင့် ပထမံသိန်းသည် တရုတ်လူမျိုးတို့၏ ထုံးစံအတိုင်း လေးလေးဆေးဆေး ကြံဖန်ရသော အမူအရာနှင့် မိမိလာရောက်ခြင်းမှာ ကိုယ်ကျိုးကိုယ့်စီးပွားအတွက် မဟုတ်ကြောင်း၊ အမျိုးသားအတွက် ဆောင်ရွက်ရန် အခွင့်အလမ်း ပေါ်ပေါက်ခဲ့ပါလျှင် ဆောင်ရွက်ရန်နှင့် ရှန်ဟဲမြို့ကြီးသို့ ရောက်ဖူးသည်ဟူ၍ ပြောရနိုင်စေရန် မျှသာလျှင် ဖြစ်ကြောင်းနှင့် ပြန်ပြောလေ၏။

၎င်းနောက် ထိုလူကြီးသည် ကျွန်ုပ်အားလည်း အလားတူ မေးခွန်းမျိုးကို မေးမြန်းပြန်လေရာ၊ ကျွန်ုပ်ကလည်း ပထမံသိန်း၏ အဖြေမျိုးဖြင့်ပင် ပြန်လည်ဖြေကြားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အသင်းသားများသည် ရေးနည်းအတူ ၅ မိနစ်ခန့်ကြာအောင် တိတ်ဆိတ်စွာ နေကြပြန်ပြီးနောက်၊ အကြီးအကဲဖြစ်သူက မိမိတို့ဆောင်ရွက်ရန် ကိစ္စများအကြောင်းနှင့် စတင်ပြောပြရာတွင် အသင်းသားအားလုံးတို့သည် ထက်သန်သော စိတ်ကို လှုံ့ဆော်နှိုးဆွ၍ ပေးလိုက်ဘိသကဲ့သို့ လှုပ်လှုပ်ရှရှ ရှိလာကြပြီးလျှင် သူ့ထက်ငါ တစ်ယောက်တစ်ခွန်းဖြင့် အကြံအစည် အမျိုးမျိုး ခင်းကျင်းပြောပြကြလေရကား တစ်ခန်းလုံးမှာ စားပွဲကိုထုသံ၊ လက်ခုပ်လက်ဝါးတီးသံ၊ ကြမ်းကို ခြေနှင့် ဆောင့်သံ စသည်တို့ဖြင့် ဆူညံစွာ ရှိလေ၏။ ကျွန်ုပ်မှာမူ မည်သူ၏စကားကို နားထောင်ရမည် မသိသောကြောင့် စိတ်အာရုံပြားလျက် ရှိနေသဖြင့် မည်သူ၏ စကားကိုမျှ နားမဝင်မိချေ။

သို့ရာတွင် နောက်ဆုံး၌မူကား ပထမံသိန်း၏ အသံသည် အကျယ်ဆုံးဖြစ်၍ ၎င်းပြောပြသော စကားတို့မှာ အဓိပ္ပာယ် အလေးနက်ဆုံးဖြစ်သည့်အပြင် မန်ချူမင်းဆက်ကို ဖြုတ်ပစ်ခြင်းနှင့် ပတ်သက်၍ သူတစ်ပါးတို့ အိပ်မက်မျှ မမက်ဝံ့လောက်အောင် ကြောက်မက်ဖွယ်ရာသော နည်းလမ်းတို့ကို ထောက်ခံညွှန်ပြလေရကား၊ အသင်းသားအားလုံးတို့မှာ မိမိတို့ထက် စိတ်အားထက်သန်၍ ကြံဝံ့ဖန်ဝံ့သော လူတစ်ယောက်ပါပေတကားဟု အောက်မေ့ဟန်ဖြင့် ပါးစပ်ကိုဟ,ကာ အကြောင်သား ငေးလျက် နားထောင်နေကြရလေ၏။

နာရီဝက်ခန့် ပြောဟောမိလျှင်ပင် ပထမံသိန်းသည် အသင်းသားအားလုံးတို့၏ စိတ်ဓာတ်ကို မိမိအလိုရှိရာသို့ ညွတ်ပျောင်းလိုက်ပါစေလောက်အောင် စွမ်းဆောင်နိုင်ခဲ့သည် ဖြစ်ရကား၊ ၎င်းအား လက်ခုပ်တီး၍ သြဘာပေးကြသော အသံများမှာ တဖြောင်းဖြောင်း တသောသော ရှိနေသည်ဖြစ်၍၊ ဥက္ကဋ္ဌကပင် သတိပေးခဲ့သေး၏။ သို့နှင့် သုံးနာရီထိုးလတ်သော် အစည်းအဝေးကို ရုပ်သိမ်း၍ အသင်းသားများသည် နှစ်ယောက်တစ်တွဲ စသည်ဖြင့် အခန်းတွင်းမှ ထွက်သွားကြလေရာ နောက်ဆုံး၌ လောဝမ်၊ ကျွန်ုပ်၊ ပထမံသိန်းနှင့် အကြီးအကဲ တရုတ်ကြီးတို့ သာလျှင် အခန်း၌ ကျန်နေရစ်ကြတော့၏။

ထိုအခါ ပထမံသိန်းသည် ကျွန်ုပ်တို့သွားရန်ကိစ္စအကြောင်းနှင့် စပ်လျဉ်း





၍ သိလိုသော အချက်များကို တရုတ်ကြီးအား ကျင်လည်စွာ တီးခေါက်စုံစမ်းလေရာ၊ အကြီးအကဲဖြစ်သော တရုတ်ကြီးက တိဘက်ပြည်ရှိ ရဟန်းတော်များ၏ လက်ဝယ်၌ ရှိနေသော အရာဝတ္ထု တစ်စုံတစ်ခုကို ရရှိအောင် ကြိုးပမ်းခြင်းမည်သည်မှာ ကမ္ဘာပေါ်၌ မိမိသိသမျှသော ကိစ္စအပေါင်းတို့တွင် အခက်ဆုံးဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်များသည် ရဟန်းတော်များပင် ဖြစ်စေကာမူ ဘာသာရေးနှင့်ဆိုင်ရာ လျှို့ဝှက်နက်နဲသော ပညာရပ်များကို တစ်ဦးတစ်ယောက်သောသူက မိမိတို့ထံမှ မတရားသော နည်းလမ်းဖြင့် ရဖို့ ကြံစည်ခြင်းကို ရိပ်မိခဲ့ပါလျှင် ထိုသူကို သုတ်သင်ဖို့ အနည်းငယ်မျှ ဝန်မလေးကြောင်း၊ တရားသဖြင့်ရအောင် ကြံစည်ဖို့မှာလည်း စိတ်ကူးမျှ မထည့်သင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်များသည် မိမိတို့ လက်ဝယ်၌ရှိသည့် လျှို့ဝှက်သော ပညာရပ်များ ပျံ့နှံ့သွားမည်ကို မိမိတို့၏ အသက် ဆုံးရှုံးရခြင်းထက်ပင် စိုးရိမ်ကြကြောင်း၊ သို့ဖြစ်၍ ထိုသို့သော အကြံအစည်မျိုး ရှိခဲ့ပါလျှင် ထိုနေရာ ထိုအချိန်မှစ၍ ၎င်းအကြံကို လျှော့လိုက်ပါမည့် အကြောင်းနှင့် ဖျောင်းဖျ ပြောဆိုလေ၏။

ထိုအခါ ပထမံသိန်းက သာမည မဟုတ်သော အကြံအစည်ကို ကြံစည်ဝံ့ခြင်းမှာ သာမညလူတစ်ယောက် မဟုတ်သောကြောင့် ဖြစ်ကြောင်းနှင့် ပြော၍ အင်္ကျီပွကြီးအတွင်း၌ လျှို့ဝှက်၍ ယူခဲ့သော ဆင်စွယ်ကြုတ်ကို ထုတ်ပြလေရာ၊ တရုတ်ကြီးသည် ၎င်းကိုမြင်သည်နှင့် တစ်ပြိုင်နက် ကြမ်းပေါ်၌ ဒူးထောက်ပြီးလျှင် "သိလိုသမျှကို မေးတော်မူပါ၊ ကျွန်ုပ်သိသမျှ ဖြေပါမည်" ဟု ပြော၏။

"ကျွန်ုပ် ဘာကိုမျှ မမေးလို၊ စီစဉ်ထားပြီးအတိုင်း ကျွန်ုပ်ထံ ပို့လိုက်ပါ"

"ကောင်းပါပြီ အရှင်"

"အချိန် မနှောင်းပါစေနှင့်၊ ဘယ်သူ့ကိုမှလည်း မပြောလေနှင့်၊ ဤလိပ်အတိုင်း ပို့လိုက်လေ"

"စိတ်ချပါ အရှင်"

ပထမံသိန်းသည် စက္ကူတစ်ရွက်တွင် လိပ်ကိုရေး၍ တရုတ်ကြီးအား ပေးခဲ့ပြီးနောက် ခွဲခွာခဲ့ကြလေရာ၊ ကျွန်ုပ်နှင့် ပထမံသိန်းသည် ယခင်က တွေ့ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သော အိမ်သို့ လျှောက်လာခဲ့ကြလေ၏။ နေအိမ်သို့ရောက်၍ အခန်း၌ ထိုင်မိကြသောအခါ ပထမံသိန်းက

"ဘယ့်နှယ်လဲ ကိုကျင်စိန်၊ ဆင်စွယ်ကြုတ်၏ အစွမ်းကို ခင်ဗျားကိုယ်တိုင် မြင်ခဲ့ရပြီ မဟုတ်လား၊ ကျုပ်တို့ ခုနင်က တွေ့ခဲ့တဲ့ တရုတ်ကြီးက ကျုပ်တို့သွားရမယ့်အရပ်က အသင်းသားတစ်ယောက် ဖြစ်တယ်။ တံခါးသုံးတန် ရှိတဲ့အနက် ပထမတံခါးကို သူဖွင့်ပေးလိမ့်မယ်၊ကျန်တဲ့ တံခါးနှစ်တန်တော့ ဟိုကျတော့ လျှောက်လျှားပေါ့ဗျာ။ ကိုင်း ကိုကျင်စိန်၊ နဂိုအဝတ်အတိုင်း တစ်ခါ ပြန်လဲပေဦးတော့။ ပြီးလျှင် ကျုပ်နေတဲ့အိမ်ကို လိုက်ခဲ့ဗျာ။မနက်စာ မစားခင် သင်္ဘောဆင်းကြရလိမ့်မယ် ထင်တယ်"

မူလအဝတ်များကို ပြန်လည်လဲလှယ် ဝတ်ဆင်ကြပြီးနောက် ကျွန်ုပ်နှင့် ပထမံသိန်းတို့သည် ပထမံသိန်း နေထိုင်ရာဖြစ်သောအိမ်သို့ ခြေကျင်လျှောက်လာကြလေရာ၊ ထိုအချိန်သည်ကား အရုဏ်တက်ခဲ့လေပြီ။ အိမ်ပေါ်သို့ တက်မိကြသောအခါ အစေခံများသည် ဝမ်းဘဲဆံပြုတ်နှင့် အဆင်သင့် စောင့်လျက်ရှိကြ၏။ ကျွန်ုပ်တို့သည် စားပွဲတွင်ထိုင်၍ တစ်ဇွန်းမျှ သောက်စပြုသည်နှင့် အစေခံသည် အခန်းတွင်းသို့ဝင်၍ ဧည့်သည်တစ်ယောက် ဆိုက်ရောက်လာကြောင်း၊ အရေးကြီးသောကိစ္စ ရှိသည်ဟု ပြောကြောင်းနှင့် ပြောပြလေရာ၊ ကျွန်ုပ်တို့သည် အပြင်သို့ ထွက်လာကြသောအခါတွင် ဧည့်သည်မှာ လောဝမ်ဖြစ်ကြောင်း တွေ့ရှိရလေ၏။

"ဘယ့်နှယ်လဲ လောဝမ်၊ တရုတ်ကြီးက ဘာများ မှာလိုက်သလဲ"

ထိုအခါ စကားနည်းလှသော လောဝမ်သည် မည်သို့မျှ မပြောဘဲ၊ အင်္ကျီအိတ်အတွင်းမှ စာတစ်ရွက်ကိုထုတ်၍ ပထမံသိန်းအား ပေးလေ၏။ ပထမံသိန်းသည် စာရွက်ကို ကြည့်ပြီးလျှင် ကျွန်ုပ်အား လှမ်းပေးလိုက်ရာ တရုတ်စာဖြင့် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရလေ၏။

**တီယန်ဆင်မြို့၊ အတောင်တစ်ရာလမ်း၊ ကွန်းငုံ၏အိမ်။**

ဤမျှသာလျှင် ပါရှိသောကြောင့် ကျွန်ုပ်က 'ခုနင်က တရုတ်ကြီးက ပေးလိုက်တာလား ဆရာ'





"ဒါပေါ့ ကိုကျင်စိန်၊ ဟေ့ လောဝမ်၊ မြောက်ပိုင်းသွားတဲ့သင်္ဘော ဘယ်အချိန် ထွက်သလဲ"

"၆ နာရီခွဲတိတိ ထွက်တယ်"

"ကိုင်း လောဝမ်၊ သင်္ဘောကို မင်း ဆင်းနှင့်ပေတော့၊ငါတို့ တော်တော်ကြာ ဆင်းလာခဲ့မယ်။ သို့သော် ငါတစ်ခု မှာထားမယ်၊ တီယန်ဆင်မြို့ကို မရောက်မချင်း ငါတို့နဲ့ မင်းနဲ့ မမြင်ဘူး မတွေ့ဘူးယောင် ဟန်ဆောင်နေ ကြားလား"

လောဝမ်လည်း ဦးခေါင်းညိတ်၍ ဆင်းသွားလေ၏။

ထိုအချိန်မှာ ၅ နာရီထိုး အချိန်မျှသာ ရှိသေးသဖြင့် ကျွန်ုပ်တို့သည် ဆံပြုတ်ကို ဆက်လက်၍သောက်ရင်း ယမန်ညဥ့်က အဖြစ်အပျက်များနှင့် နောင်ရေးအကြောင်းကို ဆွေးနွေးတိုင်ပင်လျက် ရှိကြရာ၊ ၅ နာရီခွဲသည်နှင့် တစ်ပြိုင်နက် ပထမံသိန်းသည် ၎င်း၏ အစေခံကို ခေါ်၍ "အရှန် ငါ တခြားကို သွားအုံးမယ်၊ ဘယ်လောက်ကြာမယ် ငါမပြောနိုင်ဘူး၊ ၁၀ ရက် ကြာချင်ကြာမယ်၊ ၁၀ လ ကြာချင်ကြာမယ်။ ငါ့ပစ္စည်းတွေကို မင်းကြည့်ရစ်။ ကြောင်ကို နွားနို့ မှန်မှန်တိုက်၊ ငါပြန်လာလို့ ငါ့ကြောင် ပိန်နေတာတွေ့ရရင် မင်းကို ကြောင်လိုပိန်အောင် လုပ်လိမ့်မယ် ကြားလား"

"ကောင်းပါပြီ"

"ရော့ ဟောဒီမှာ ၁၀ လတွက် လခ၊ ဒီအတွင်း မင်းထွက်ပြေးရင် မင်းဘာဖြစ်မယ် သိသလား၊ ဝက်ဖြစ်အောင် ငါလုပ်မယ်"

အရှန်သည် ထိုစကားကို ကြားရသောအခါ အကယ်ပင် ယုံကြည်ဟန်ရှိသဖြင့် မျက်နှာပျက်၍ သွားသည်ကိုပင် ကျွန်ုပ်မြင်ရ၏။ ထိုခဏ၌ ကြောင်နက်ကြီးသည် ဗီရိုပေါ်မှ စားပွဲပေါ်သို့ ခုန်ချလိုက်လေရာ အရှန်မှာ လန့်၍အော်လိုက်၏၊ ပထမံသိန်းသည် ကြောင်ကြီးကို ပွေ့ယူပွတ်သပ်လျက် 'သွားမယ်နော် ကျော်ကြုတ်၊ သွားမယ်ဟေ့ အရှန်' ဟု နှုတ်ဆက်၍ ပစ္စည်းများကို လန်ခြားပေါ်သို့ တင်စေပြီးလျှင် ကျွန်ုပ်တို့သည် သင်္ဘောဆိပ်သို့ ဆင်းလာကြလေ၏။

သင်္ဘောဆိပ်သို့ ရောက်ကြသောအခါ သင်္ဘောမှာ ရေလယ်၌ ဆိုက်ကပ်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် သမ္မန်တစ်စင်းနှင့် ပစ္စည်းများကို တင်လျက် ကူးကြရ၏။သင်္ဘောပေါ်သို့ ရောက်ကြသောအခါ လောဝမ်သည် ကျွန်ုပ်တို့ကို မြင်သော်လည်း ဆရာ၏ မှာထားချက်ကြောင့် လှည့်၍မျှ မကြည့်ချေ။ ပထမံသိန်းမှာ မည်သို့သော နည်းအားဖြင့် ရှာဖွေစုဆောင်းပြီး ပစ္စည်းရှိသည် မသိ။ အနေအထိုင် အဝတ်အစား စသည်တို့၌ ပထမတန်းချည်းသာလျှင် အသုံးပြု၍၊ ခရီးသွားရာ၌လည်း ပထမတန်းပင်စီးသူဖြစ်လေသည်။ လောဝမ်မှာမူ တတိယတန်းတွင် မိတ်ဆွေတရုတ်များနှင့် ပိုက်ကျုံးဖဲ ကစားလျက် လိုက်ပါလာလေ၏။

ကျွန်ုပ်တို့သည် လမ်းခရီး၌ ထူးခြားသော အခြင်းအရာ တစ်စုံတစ်ရာမျှ ကြုံတွေ့ရခြင်းမရှိဘဲ တီယန်ဆင်မြို့သို့ ကောင်းမွန်စွာ ဆိုက်ရောက်ကြလေရာ၊ သင်္ဘောကူလီများသည် ပထမံသိန်း၏ ပစ္စည်းများကို အခြားခရီးသည်များ၏ ပစ္စည်းထက် လုယက်သယ်ယူကြသည်ကို ကျွန်ုပ် သတိပြုမိ၏။

ပစ္စည်းများကို တက္ကစီတစ်စီးပေါ်သို့ တင်စေ၍ ပထမံသိန်းသည် မစ္စတာ ဝီလျံဆင် ဆိုသူ ဗိုလ်ကပြားတစ်ယောက်၏ အိမ်သို့ မောင်းစေရာ၊ အိမ်ရှင် ဝီလျံဆင်သည် ပထမံသိန်းအား ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပုံကို ထောက်သဖြင့်၊ ထိုသူနှစ်ယောက်တို့သည် ရှေးအခါက တစ်စုံတစ်ခုသော အလုပ်၌ အတူတွဲဖက်၍ လုပ်ဖူးရာတွင် ဝီလျံဆင်က အတော်ပင် အကျိုးခံစားရဖူးဟန် ရှိသည်ဟု ခန့်မှန်းဖွယ်ရာ ရှိပေ၏။

ပထမံသိန်း၌ ထူးခြားသော အရည်အချင်းတစ်ခုမှာ တရုတ်လူမျိုးများနှင့် တွေ့ဆုံ ရောနှောရသည့်အခါတွင် တရုတ်လူမျိုး ထုံးစံအလျောက် ဝတ္တရားကျေပွန်အောင် ပြုလုပ်တတ်၍၊ ဗိုလ်ကပြားတစ်ယောက်နှင့် ရောနှောဆက်ဆံရာ၌လည်း မိမိကိုယ်တိုင် ဗိုလ်ကပြားတစ်ယောက် ဖြစ်သည့်ပမာ အမူအရာ၌ လည်းကောင်း၊ အပြောအဆို၌ လည်းကောင်း သွက်လက်ချေင်ခြင်း ရှိလှခြင်းတည်းဟူသော အခြင်းအရာပင် ဖြစ်ပေသည်။ထိုမျှမက ကုလားလူမျိုး၊ ဂျပန်လူမျိုးများနှင့် ရောနှောဆက်ဆံရပါလျှင်လည်း ထိုနည်းတူစွာပင် ဝတ္တရားကျေပွန်လိမ့်မည်ဟူ၍ ကျွန်ုပ် ယုံကြည်ပေသည်။ ယင်းသို့ ရှိနေခြင်းမှာ ပထမံသိန်းသည် ထိုလူမျိုး အသီးသီးတို့၏ နေရင်းဌာနသို့ ကိုယ်တိုင် ရောက်ခဲ့ဖူးရုံမျှမက၊ အထက်တန်းစား လူများနှင့် ရင်းနှီးစွာ ဆက်ဆံခွင့် ရခဲ့သည့်ပြင် ထိုသူတို့၏ ပြုမူပြောဆိုပုံများကို ဂရုပြု၍ လေ့လာမှတ်သားခဲ့ခြင်းဟူသော ဒေသန္တရ ဗဟုသုတကြောင့် ဖြစ်ဟန် တူချေသည်။

ဝီလျံဆင် ဆိုသူမှာ အင်္ဂလိပ်ကောင်စစ်ဝန်ရုံး၌ အမှုထမ်းသူတစ်ယောက်ဖြစ်လေရာ ပထမံသိန်းက ၎င်း၏နေအိမ်၌ တစ်ရက် နှစ်ရက်မျှ တည်းခိုလိုကြောင်းပြောရာတွင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားဟန်ရှိ၍၊ တစ်ရက်နှစ်ရက်မျှမက တစ်လနှစ်လ တစ်နှစ် နှစ်နှစ်လည်း တည်းခိုနိုင်ကြောင်းနှင့် ပြန်ပြောလေ၏။ ကျွန်ုပ်အားလည်း ပထမံသိန်းက ၎င်းနှင့်အတူ အရေးကြီးသော လုပ်ငန်းကြီးတစ်ခုတွင် တွဲဖက်လုပ်ကိုင်မည့် လူတစ်ယောက်ဖြစ်ကြောင်းနှင့် အသိအကျွမ်း ဖွဲ့ပေးရာတွင် ဝီလျံဆင်သည် ကျွန်ုပ်နှင့် သိကျွမ်းရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပြော၍ လက်ဆွဲနှုတ်ဆက်လေ၏။

ကျွန်ုပ်တို့သည် ဝီလျံဆင်၏ နေအိမ်၌ နေသားတကျ ရှိကြ၍ ဝီလျံဆင်သည် ကျွန်ုပ်တို့ကို နှုတ်ဆက်ရင်း မိမိတို့အိမ်ကဲ့သို့ပင် လွတ်လပ်စွာ နေထိုင်နိုင်ပါကြောင်းနှင့် ပြောဆိုပြီးလျှင် အလုပ်ရုံးသို့ ထွက်သွားရလေရာ ၁၀ မိနစ်ခန့်ကြာသောအခါတွင် လောဝမ် ရောက်လာလေ၏။

"ဆရာကြီး ရောက်မည့်အကြောင်းကို သိနှင့်ကြပြီး ဖြစ်သောကြောင့် အသင့်ပြင်ဆင် စောင့်ဆိုင်းနေကြပါသည်"

"ကောင်းပြီ လောဝမ်၊ မြင်းများ ဝယ်ထားနှင့်ပေတော့၊ နက်ဖြန်နံနက် ငါတို့ ပီကင်းကို သွားကြမယ်"

"အတောင်တစ်ရာလမ်းက အိမ်ကို ဆရာကြီး ဘယ်တော့သွားမလဲ"

"ဒီကနေ့ည ၁၀ နာရီနှင့် ၁၁ နာရီအတွင်း ငါရောက်အောင် လာခဲ့မယ်"

"ကောင်းပါပြီ ဆရာကြီး"

ထိုနောက် လောဝမ်သည် အိမ်ပေါ်မှ ဆင်းသွားလေ၏။

ထိုနေ့ညနေ၌ ဝီလျံဆင် ပြန်လာသောအခါတွင် ပထမံသိန်းနှင့် ဝီလျံဆင်





ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တို့သည် အခန်းတွင်းသို့ဝင်ကြ၍ တစ်နာရီခန့်မျှ တိုင်ပင်ဆွေးနွေးကြလေရာ၊ ကျွန်ုပ်မှာ ဝရန်တာတွင်ထိုင်လျက် ဆေးပြင်းလိပ်သောက်ရင်း ကျွန်ုပ်တို့၏ အကြံအစည် အထမြောက်သောအခါ၌ စွမ်းဆောင်နိုင်မည့် အလုပ်များအကြောင်းကို တွေးတောကာ စိတ်ကူးယဉ်လျက်ရှိ၏။ ကျွန်ုပ်တို့သည် ဗိလျှံဆင်က ကျွေးမွေးသော ညစာကို မြိန်ရှက်စွာ စားသောက်ကြပြီးနောက်၊ ပထမ်သိန်းက အတောင်တစ်ရာလမ်းသို့ သွားရန် အချိန်တော်ပြီဟု ပြောသဖြင့်၊ ကျွန်ုပ်တို့ နှစ်ယောက်လုံးသည် မျက်နှာနှင့် လက်များကိုပါ ဆေးခြယ်၍ ယခင်က တရုတ်အဝတ်အစားများကို လဲလှယ် ဝတ်ဆင်ကြလေ၏။ ဗိလျှံဆင်၏အိမ်မှာ မြို့၏ အစွန်အဖျား၌ တည်ရှိသည်ဖြစ်ရာ ကျွန်ုပ်တို့သည် ထိုအိမ်မှ ဆင်းလာ၍ မြို့တွင်းသို့ လျှောက်လာကြသောအခါတွင် ၁၀ နာရီ ကျော်ခဲ့လေပြီ။

ကျွန်ုပ် ရောက်ဖူးသမျှသော မြို့များအနက်တွင် တီယန်ဆင်မြို့သည်ကား အပေရေ အညစ်ပတ်ဆုံးနှင့် အကျဉ်းမြောင်းဆုံးသော လမ်းများရှိသည့်မြို့ ဖြစ်ချေသည်။ အချို့သောလမ်းများမှာ မညီမညာ မဖြောင့်မတန်း ရှိနေသည့်ပြင်၊ အချို့သော နေရာများမှာ ရန်ကုန်မြို့မှ နောက်ဖေးလမ်းကြားများထက် မကျယ်ဝန်းလှချေ။ ပထမ်သိန်းမှာမူ ထိုမြို့၏ လမ်းများကို အားလုံးသိနေသည့် လက္ခဏာနှင့် လမ်းကျဉ်းကလေးတစ်ခုမှ တစ်ခုသို့ နှောင့်နှေးဆိုင်းတွခြင်း မရှိဘဲ ဖြတ်ကျော်ချိုးဝင်ခဲ့ပြီးလျှင်၊ အတော်အတန် သန့်ရှင်းကျယ်ဝန်းသော လမ်းတစ်လမ်း၏ ထောင့်သို့ ရောက်သောအခါတွင် ခေါက်ဆွဲဆိုင်တစ်ဆိုင်မှ စောင့်ကြည့်နေသော လောဝမ်နှင့်တွေ့၍ ခေါ်ဆောင်သွားလေ၏။

အမိုးကော့ကြီးများနှင့် တရုတ်လူမျိုး ထုံးစံအတိုင်း ဆောက်လုပ်ထားသော တစ်ထပ်တိုက်တစ်တိုက်သို့ ရောက်ကြသောအခါ လောဝမ်သည် တံခါးကို လက်သီးနှင့် သုံးချက် ထုလိုက်သဖြင့် တံခါးပွင့်လာ၍ လူတစ်ယောက် ထွက်လာရာတွင် လောဝမ်က စကားတီးတိုး ပြောလိုက်၏။

ထိုသူသည် ကျွန်ုပ်နှင့် ပထမ်သိန်းတို့ကို ခြေဆုံး ခေါင်းဆုံး ကြည့်ပြီးနောက် ဦးခေါင်းညိတ်လျက် "ကောင်းကင်၌ နေတစ်စင်းသာ ရှိ၏" ဟု စကိုရွတ်သကဲ့





သို့ ရွတ်ဆိုလေရာ၊ ပထမ်သိန်းက ဆိုင်းတွခြင်းမရှိဘဲ "သို့ရာတွင် ကြယ်တာရာမှကား အမြောက်အမြား ရှိပါသည်" ဟု သွက်လက်စွာ ရွတ်ဆိုလေ၏။ ထိုအခါ ၎င်းလူသည် ရှေ့မှ ဝင်သွားလေရာ၊ ကျွန်ုပ်တို့လည်း နောက်မှ လိုက်ကြရလေ၏။

ပိတ်ထားသော တံခါးတစ်ခုသို့ ရောက်ကြသောအခါ ကျွန်ုပ်တို့ကို ခေါ်သွင်းခဲ့သော လူသည် တံခါးမှူးအား စကားတီးတိုး ပြောလိုက်သဖြင့်၊ တံခါးမှူးက "မြစ်ထဲ၌ ရေများလှ၏" ဟု ရွတ်ဆိုပြန်ရာ၊ ပထမ်သိန်းက "သမုဒ္ဒရာ၌ သာ၍ ရေများသေး၏" ဟု ပြောလိုက်၏။ ထိုအခါ တံခါးမှူးသည် တံခါးကို ဖွင့်ပေး၍ ကျွန်ုပ်တို့ကို ခေါ်သွားလေရာ၊ ပထမလူသည် ပထမတံခါးဆီသို့ လှည့်၍ ပြန်သွားလေ၏။

တရုတ်ဘုရားရှိခိုးကျောင်း အတွင်းကဲ့သို့ ပြင်ဆင်ထားသော အခန်းကြီးတစ်ခန်းသို့ ရောက်ကြသောအခါ၊ ကျွန်ုပ်တို့ကို ခေါ်ဆောင်သွင်းခဲ့သော လူသည် နှုတ်ဆိတ်ကြိမ်း ထိလုမတတ် ရှိသည့်တိုင်အောင် ပထမ်သိန်းအား ဦးညွှတ်ကာ အရိုအသေပြုပြီးနောက် ထွက်သွားလေရာ၊ ကျွန်ုပ်တို့မှာ တရုတ်ပဲထည်များဖြင့် အုပ်ချုပ်လုပ်ထားသော ဖုံကြီးပေါ်တွင် ထိုင်လျက် စောင့်နေရစ်ရလေ၏။ အခန်းတွင်း၌ ခင်းကျင်း ပြင်ဆင်ထားသော အဖိုးတန် အသုံးအဆောင် အိမ်ထောင်ပစ္စည်းများကို ကြည့်ခြင်းအားဖြင့် အိမ်ရှင်မှာ ကြွယ်ဝချမ်းသာသူတစ်ယောက် ဖြစ်ရမည်ဟု၍ ကျွန်ုပ်၏စိတ်ထဲ၌ တွေးတောမိ၏။ ၅ မိနစ်ခန့်တိုင်အောင် မည်သူမျှ မပေါ်လာဘဲ ကျွန်ုပ်တို့နှစ်ယောက်တည်း အခန်းကြီးအတွင်း၌ထိုင်လျက် စောင့်နေကြရလေလျှင်၊ ကျွန်ုပ်မှာ စိတ်ထဲ၌ အနည်းငယ် သင်္ကာမကင်း ဖြစ်လာသည်နှင့် ပထမ်သိန်းအား ထိုအကြောင်းကို ပြောတော့မည်အပြုတွင် ပထမ်သိန်းက နှုတ်ခမ်းကို လက်ဖြင့် ပွတ်သပ်လိုက်ခြင်းကို မြင်သဖြင့် ဆိတ်ဆိတ်နေလိုက်၏။ နောက်တစ်ခဏ၌ အသက် ၈၀ ထက်မနည်း အိုမင်းလှသော တရုတ်အဖိုးကြီးတစ်ယောက်သည် အတွင်းဘက်တံခါးမှ တောင်ဝှေးကိုင်ကာ ထွက်ပေါ်လာပြီးလျှင် ရှိသေလေးမြတ်သော အမူအရာနှင့် ပထမ်သိန်းအား နှုတ်ခွန်းဆက်သပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



"အရှင် ထွက်ကြွလာမည့် အကြောင်းကို ကြားသိရသဖြင့် ကြိုဆိုနေကြသည်မှာ တနင်္ဂနွေတစ်ပတ် ရှိခဲ့ပါပြီ။ ရှေ့သို့ ထွက်ကြွရန် ခရီးစဉ်အတွက် အားလုံး အဆင်သင့် ပြင်ဆင်ပြီးပါပြီ အရှင်"

"ဆန်ချူးမြို့မှာ ကျွန်ုပ် ကြန့်ကြာသွားပါသည်။ ကျွန်ုပ်ခရီးစဉ်အတွက် မည်ကဲ့သို့ စီမံထားပါသနည်း"

"ပီကင်းမြို့တော်သို့ အရှင်ကြွလာမည့်အကြောင်းကို သတင်းပို့ထားပါပြီ။ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ကျောင်းတော်ကြီးမှ ကြိုဆိုပါလိမ့်မည်"

"ကျွန်ုပ်အား ခန့်ထားခြင်းအကြောင်းကို လူအများက ဘယ်ကဲ့သို့ ပြောကြပါသနည်း"

"အရွယ်အားဖြင့် အကြီးဆုံး မဟုတ်သော်ငြားလည်း၊ ကျမ်းဂန် ဗဟုသုတဘက်၌ နိုင်လုံသူဖြစ်သောကြောင့် ကျေနပ်ကြပါသည်"

"ကောင်းပြီ။ ကျွန်ုပ် ယနေ့ည ဤအိမ်မှာ တည်းခို၍ နက်ဖြန် နံနက်စောစော ခရီးထွက်ရမည်"

၎င်းနောက် အဘိုးကြီးသည် မိမိ၏ ယုတ်ညံ့သောနေအိမ်၌ ဤမျှလောက် မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးတစ်ဦး တည်းခိုခြင်းအတွက် ဂုဏ်ကြီးမြင့်သည်ဟု မှတ်ထင်ပါကြောင်းနှင့် ပြောဆို၍ လိုသမျှအရာကို အမိန့်ပေးရန် မှာထားပြီးလျှင် အပြင်သို့ ထွက်သွားလေ၏။

နှစ်ယောက်တည်း ကျန်ရစ်ကြသောအခါ ပထမ်သိန်းက ရွှင်ပျဝမ်းမြောက်စွာသော မျက်နှာထားဖြင့် ပြောသည်မှာ

"ကိုင်း ကိုကျင်စိန်၊ ကျုပ်တို့အကြံအစည်ဟာ ယခုအချိန်အထိတော့ဖြင့် နေရာတကာ လမ်းဖြူးနေတာပဲ။ ကျုပ်တွေ့ချင်တဲ့ လူနှစ်ယောက် ကျုပ်လက်ထဲကိုရောက်လျှင် ကျုပ်တို့အကြံ အထ,မမြောက်စရာ ဘာမျှ မရှိတော့ဘူး။ကိုင်း နားထောင်စမ်း၊ ကျုပ်ပြောမယ်။ ဝီလျံဆင်ဆိုတဲ့ အင်္ဂလိပ်ကပြားဟာက ကျုပ်နဲ့ တစ်ကိုုတ်တည်း တစ်ကြံတည်းဗျ။ဒီအကြံ အထမြောက်လျှင် သူကြိုက်တဲ့ အင်္ဂလိပ်မကို လက်ထပ်ဖို့ ရွှေဒင်္ဂါးတစ်သိန်း ပေးမယ်လို့ ပြောထားလေတော့၊





သူ့က ကျုပ်ကို ကောင်းကောင်းကူညီနေတယ်။ ရွှေဒင်္ဂါးတစ်သိန်းပေးဖို့ကို ခင်ဗျားသိတဲ့အတိုင်း၊ ကျုပ်တို့ အကြံအစည် အထမြောက်လျှင် ဘာမှမခဲယဉ်းဘူးဗျ။ ဆယ်သိန်းလဲ ပေးနိုင်တယ်။ ဒီလူက တရုတ်ပြည်မှာရော၊ တိဘက်ပြည်မှာရော နေခဲ့ဖူးလေတော့၊ ကျုပ်ပြောတဲ့ အသင်းအကြောင်းကို အများကြီးသိတဲ့ လူတစ်ယောက်ပဲ။ သူ့ဆီက သတင်းတွေ အများကြီး ကျုပ်ရခဲ့တယ်။ အရေးကြီးတဲ့ သတင်းတစ်ခုက ဘာလဲဆိုတော့ ဟန်ကောင်မြို့က ဂိုဏ်းချုပ်ကြီးကို တိဘက်ပြည်က ရဟန်းတော်များ အစည်းအဝေးသို့ ကိုယ်စားလှယ်အဖြစ်နဲ့ သွားဖို့ ရွေးကောက်ခန့်ထားတယ်တဲ့"

"ကျုပ်အကြံက ဘယ်လိုလဲဆိုတော့ ၎င်းဂိုဏ်းချုပ်ကြီးကို အစည်းအဝေးမတက်ဖြစ်အောင် လမ်းခုလတ်က သွေးဆောင်ထုတ်ယူသွားပြီး သူ့ကိုယ်စား ကျုပ်က အစည်းအဝေးတက်ဖို့ စီစဉ်ထားတယ်။ လောဝမ်၏ စကားကြောင့် ဒီမြို့က လူများက ကျုပ်ကို ဟန်ကောင်မြို့က ဂိုဏ်းချုပ်ကြီးလို့ ထင်မှတ်နေကြတာကတော့ ဟုတ်ပြီ။ သို့သော် ဂိုဏ်းချုပ်အစစ် ကြွလာခြင်းကို လမ်းကစောင့်ပြီး ဖြားယောင်းသွေးဆောင်ဖို့နဲ့ အရပ်တစ်ပါးကို ထုတ်ယူသွားဖို့က စီမံဖို့ လိုသေးတယ်။ ဒီအလုပ်အတွက် ကျုပ်မှာ လူနှစ်ယောက်ရှိတယ်။ သူတို့ဆီကို ကျုပ် ယခုအကြောင်းကြားဖို့ စီမံမယ်။ ဒီတော့ခါ ကျုပ် ယခုရေးမယ့်စာကို ခင်ဗျားက ဝီလျံဆင်လက်ကို သွားပြီး ပေးပေတော့။ ဝီလျံဆင်က ထိုလူနှစ်ယောက်ထံ မနက်စောစောကြနှန်းရိုက်ပြီး စီစဉ်လိမ့်မယ်"

၎င်းနောက် ပထမ်သိန်းသည် မှတ်စုစာအုပ်ကလေးတွင် လက်ရေးသေးသေးနှင့် အင်္ဂလိပ်ဘာသာဖြင့် သုံးမျက်နှာတိတိ ရေးသားပြီးလျှင် စာရွက်များကို ဆုတ်၍ ကျွန်ုပ်အား ပေးအပ်လေ၏။

"ဒီစာကို ဝီလျံဆင်အား ပေးပြီး ချက်ချင်း ခင်ဗျားပြန်လာခဲ့ပေတော့"

"ဂိုဏ်းချုပ်ကြီး ထွက်လာမယ့် ခရီးစဉ်ကို ဝီလျံဆင် သိသလား"

"သူ ကောင်းကောင်းသိတယ်"

"ဆောင်ရွက်မည့် လူနှစ်ယောက်က ဘယ်သူများလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တရုတ်လူမျိုးထဲက ပါပဲ။သူ ကောင်းကောင်း သိပါတယ်။ ကျုပ်ကို အင်မတန်လန့်တဲ့ လူနှစ်ယောက် ဖြစ်တဲ့အတွက်က တစ်ကြောင်း၊ ငွေကောင်းကောင်း မွေးနိုင်တဲ့လူ ဖြစ်တယ်လို့ ယုံကြည်တဲ့အတွက်က တစ်ကြောင်း ကျုပ်နိုင်းတာကို ဘာမဆို လုပ်မဲ့လူတွေဗျ။ တန်အောင်သာ ကြည့်ပေး။ ဘယ်လိုအလုပ်ကိုမှ သူတို့မငြင်းဘူး။ ကျုပ်ကိုလဲ သူတို့ယုံကြည်တယ်"

"တပည့်ကောင်းတွေ ပေါပါပေ့ဆရာ"

"ဒါကြောင့် ဒီလိုအကြံကြီးကို ကြံဝံ့တာပေါ့ဗျ။ ကိုင်း သွားပေတော့ဗျာ ကိုကျင်စိန်"

ကျွန်ုပ်သည် ဝီလျံဆင်၏ နေအိမ်သို့ရောက်၍ တံခါးကို ခေါက်လိုက်သောအခါ ကျွန်ုပ်ကို စောင့်ဆိုင်းလျက်ရှိသော ဝီလျံဆင်သည် တံခါးကိုဖွင့်ပြီးနောက် အံ့ဩသော မျက်နှာထားနှင့် ကျွန်ုပ်အား ကြည့်လျက်ရှိ၏။ အကြောင်းကိုဆိုသော် ဝီလျံဆင်သည် ကျွန်ုပ်တို့ အဝတ်လဲလှယ်၍ ရုပ်ပြောင်းသွားကြခြင်းကို မမြင်လိုက်ရသည် ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့ကို တွေ့ရမည်အထင်နှင့် တံခါးကို ဖွင့်လိုက်သောအခါတွင်၊ အင်္ကျီပွ ဘောင်းဘီပွကြီးများကို ဝတ်ဆင်လျက်ရှိသည့် အသက်အရွယ် အတော်ပင်ကြီးရင့်သော တရုတ်လူမျိုးတစ်ယောက်ကို တွေ့မြင်ရသောကြောင့် ဖြစ်ချေသည်။ တရုတ်အစစ်ကဲ့သို့ ဝတ်ဆင်၍၊ မျက်နှာ၌ အရေများ လိပ်သည်နှင့်တူအောင် ဆေးခြယ်ထားသောအခါ၌၊ ကျွန်ုပ်မှာ အသက် ၅၀နှင့် ၆၀ အတွင်းကဲ့သို့ ရှိနေ၍၊ ပထမမှာ ၆၀ နှင့် ၇၀ အတွင်းကဲ့သို့ မှတ်ထင်ရလေသည်။

ဝီလျံဆင်သည် ပထမသိန်း၏စာကို ဖတ်ပြီးနောက်

"ကျွန်ုပ်တို့ရဲ့ မိတ်ဆွေ ပထမသိန်းဟာ အင်မတန် ရဲဝံ့တဲ့လူတစ်ယောက်ပါပဲဗျာ၊ ယခု သူကြံစည်တဲ့ အကြံအစည်ဟာ မတော်တဆ တစ္စွန်းတစ်စလောက် ပေါ်ပေါက်သွားခဲ့လို့ရှိလျှင် စစ်လားကြောလား လုပ်နေမယ့်လူစု မဟုတ်ဘူး။ ချက်ချင်း သတ်မဲ့ လူစုဗျ"

"မိလျှင်လဲ သတ်ပေစေလေ၊ မမိလျှင် တစ်သက်လုံးချမ်းသာဖို့ အလုပ်ကြီးပဲ မိတ်ဆွေ၊ ဒီလောက်တော့ စွန့်ဝံ့ပါမှပေါ့"





ယင်းကဲ့သို့ ပြောဆိုလျက်ရှိစဉ် ဝီလျံဆင်သည် ပထမသိန်း၏ စာနှင့်အတူပူးတွဲ၍ ပေးလိုက်သော ကြေးနန်းကို ကြေးနန်းပုံစံ စာရွက်တွင် ရေးကူးလေရာ၊ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ယောင်ကောင်မြို့ ဝပ်ဆင်လီမိတက်က ကျေးဇူးပြု၍

ကလစ်ဖို့နှင့် ပွန်ဆင် တို့သို့ –

*မိုရာသင်္ဘောနှင့် တီယန်ဆင်မြို့သို့ ချက်ချင်း လိုက်ခဲ့ပါ။ ရောက်သောအခါ ဝီလျံဆင်ထံမေး၍ သူခိုင်းသည့်အတိုင်း ဆောင်ရွက်ပါ။*

သိန်း

ထိုနောက် ဝီလျံဆင်က "ဒီကြေးနန်းကို နက်ဖြန် ကြေးနန်းရုံး ဖွင့်ဖွင့်ချင်း ကျုပ်ကိုယ်တိုင်သွားပြီး ရိုက်လိုက်မယ်လို့ ပြောလိုက်ပါ"

"ကောင်းပါပြီ"

"ခင်ဗျားတို့ ဘယ်အချိန် ထွက်ကြမလဲ"

"မိုးလင်းလင်းချင်း ထွက်မယ်လို့ ပြောတယ်"

"သူနဲ့ အလုပ်လုပ်ရတာ ခင်ဗျား မကြောက်ဘူးလား"

"မကြောက်ပေါင်ဗျာ"

"ခင်ဗျား တော်တော်သတ္တိကောင်းတဲ့လူနဲ့ တူတယ်"

"ကိုယ့်ဖို့ကြံတော့ သက်လုံကောင်းဆိုတဲ့ မြန်မာစကားပုံ ရှိတယ်ဗျ၊ များများကြီး အကျိုးခံစားရဖို့မြင်လေ၊ များများကြီးစွန့်ဖို့ မခဲယဉ်းပါဘူး မိတ်ဆွေ"

"ဒါလဲ မှန်ပေတယ်၊ ကိုင်း ညဉ့်လဲနက်ပြီ၊ ပြန်ပေဦးတော့။ သူ့စာထဲမှာပါတဲ့အတိုင်း အနည်းငယ်မျှ မလွဲမချော် မမှားမယွင်းစေရအောင် ဆောင်ရွက်ပါမယ်လို့ ပြောလိုက်ပါဗျာ"

"ကောင်းပါပြီ"

ကျွန်ုပ်သည် အတောင်တစ်ရာလမ်းသို့ ပြန်လာခဲ့၍ ယခင်ကနေအိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါတွင် ပထမ်သိန်း သင်ကြားထားသည့် လျှို့ဝှက်သော စကားများကို ရွတ်ဆိုခြင်းအားဖြင့် အိမ်တွင်းသို့ ဝင်ခွင့်ရလေ၏။

ပထမ်သိန်းသည် ခိုင်းစေသည့်အတိုင်း ချောမောစွာ ဆောင်ရွက်ခဲ့ကြောင်း ကြားသိရသောအခါ ကျွန်ုပ်အား ချီးမွမ်းပြောဆို၍ အိပ်ရန် အချိန်အနည်းငယ်သာ ကျန်ရှိတော့ကြောင်းနှင့် ပြောပြီးလျှင် အိပ်ရာသို့ ဝင်ကြလေ၏။

## အခန်း ၅

ကျွန်ုပ်၏ပခုံးကို လှုပ်၍နှိုးသဖြင့် မျက်စိဖွင့်ကြည့်လိုက်သောအခါ ပထမ်သိန်းမှာ ခရီးထွက်ရန်အတွက် ပြင်ဆင်ပြီး ရှိနေလျက်၊ အနီးရှိ စားပွဲပေါ်၌လည်း အငွေ့တထောင်းထောင်းထွက်နေသော ဆန်ပြုတ်ပန်းကန်များကို တွေ့မြင်ရလေ၏။

"လောဝမ် ရောက်နေပြီ၊ မြင်းတွေလဲ ပြင်ပြီးပြီ။ ဆန်ပြုတ်သောက်ပြီး ခရီးထွက်ကြရမယ်ဗျို့၊ ထ,ပေတော့"

ဆန်ပြုတ်သောက်ကြပြီးနောက် ယမန်ညဦးက အဖိုးကြီးသည် အခန်းတွင်းသို့ ဝင်လာခဲ့ရာတွင်၊ ပထမ်သိန်းသည် ၎င်းအား အခန်းထောင့်သို့ ခေါ်သွား၍ ဆေးနက်စွာသော ကိုယ်ဟန်အမူအရာဖြင့် စကားတီးတိုး မှာကြားလေရာ၊ အဖိုးကြီးလည်း သဘောကျသော အမူအရာနှင့် ဦးခေါင်းညွှတ်ကာ နားထောင်နေလေ၏။ ၎င်းနောက် ကျွန်ုပ်တို့သည် အိမ်သားအားလုံးတို့နှင့်အတူ အိမ်နောက်ရှိ ဝင်းကြီးထဲသို့ ထွက်လာခဲ့ကြလေရာ၊ လောဝမ်သည် မြင်း ၅ စီးနှင့် စောင့်ဆိုင်းလျက်ရှိလေ၏။ မြင်းနှစ်စီးတို့မှာ ဝန်စည်ပစ္စည်းများဖြင့် တင်လျက်ရှိ၍ သုံးစီးကိုမူ ပထမ်သိန်း၊ ကျွန်ုပ်နှင့် လောဝမ်တို့က တက်စီးကြ၏။ ၎င်းနောက် ပထမ်သိန်းသည် အဖိုးကြီးအား နှုတ်ဆက်၍ အစေခံများသည် ဝင်းတံခါးကို ဖွင့်ပေးကြလေရာ၊ ကျွန်ုပ်တို့သည် တီယန်ဆင်မြို့မှ ထွက်ခွာလာခဲ့ကြလေ၏။

မြို့ကို ကျော်လွန်ကြပြီးနောက် ပထမ်သိန်းသည် လူဂုဏ်တန်တစ်ဦးနှင့် ဆလျော်ညီစွာ ရှေ့ဆုံးမှသွား၍ ၎င်း၏နောက်မှ ကျွန်ုပ်၊ ထိုနောက်မှ လောဝမ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှ ကုလီ ၃ ယောက်က ဝန်တင်မြင်းများကို ဆွဲလှုက် လိုက်ပါလာကြ၏။ ထွက်ခါစဥ်မှ ပထမံသိန်းသည် ကျွန်ုပ်နှင့် စကားပြောဆိုခြင်း မပြုဘဲ ရှေ့ဆုံးမှ တစ်ယောက်တည်း စီးသွားလေရာ၊ ၅ မိုင်ခရီးခန့် ပေါက်ရောက်သောအခါမှ ကျွန်ုပ် မီအောင် စောင့်နေ၍ မြင်းချင်းယှဉ်၍ စီးသွား၏။

“ယခုအချိန်လောက်ဆိုလျှင် ဗိလုံးဆင်ရိုက်လိုက်တဲ့ ကြေးနန်းကို ကလစ်ဖို့နဲ့ ဂျွန်ဆင်တို့ ရလောက်ပြီ ကိုကျင်စိန်။ ကြေးနန်းရလျှင် ကျုပ်သဘောကို ကောင်းကောင်းသိကြတဲ့ လူ ၂ ယောက် ဖြစ်လေတော့၊ တနင်္ဂနွေ တစ်ပတ်အတွင်းမှာ ဟန်ကောင်မြို့က ဂိုဏ်းချုပ်ကို သူတို့လက်ထဲ ရောက်ပြီ ဖြစ်အောင် စီမံကြလိမ့်မယ်။ လက်ထဲ ရောက်ပြီးတဲ့နောက် ကျုပ်တို့ဆီကို သတင်းပို့ဖို့က ၃ ရက်လောက် ကြာဦးမယ်။ ဒီတော့ကာ ကျုပ်တို့ ကျောင်းတော်ကြီးကိုမဝင်မီ ပီကင်းမြို့က ၁၀ ရက်လောက် စောင့်ကြဖို့ ရှိတယ်။ ကျောင်းတော်ကြီး မဝင်သေးမီ ထို ၁၀ ရက်အတွင်းမှာတော့ ကျုပ်တို့လူစု အိမ်တစ်အိမ်မှာ တည်းခိုကြမယ်။ ဒီလို တည်းခိုနေတဲ့အခိုက်မှာ ကျုပ်က အထူးကမ္မဋ္ဌာန်းအားထုတ်မယ်လို့ ဆိုပြီး ဘယ်သူ့ကိုမှ အတွေ့မခံ၊ အိမ်တွင်းက အိမ်ပြင်ကိုတောင် မထွက်ဘဲ နေမယ်။ ဒီလိုနေကြတုန်းမှာ ကလစ်ဖို့တို့ဆီက သတင်းကြားရလိမ့်မယ်။ ကျုပ်စီမံပေးခဲ့တဲ့အတိုင်း ဂိုဏ်းချုပ်ကြီးကို လက်ဝယ်ရောက်အောင် ဖမ်းပြီးပြီလို့ သတင်းရတဲ့အခါကျတော့ ကျုပ်တို့လူစု ကျောင်းတော်ကြီးကို ဝင်ရုံပဲ ရှိတော့တာပေါ့”

“နေပါဦး ဆရာ၊ ဆရာ့လူစုက ဂိုဏ်းချုပ်ကြီးလို ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦးတစ်ယောက်ကို သူတစ်ပါး မရိပ်မိအောင် ဖြားယောင်းသွေးဆောင်ပြီး ခေါ်သွားနိုင်ပါ့မလား ဆရာ”

“ဒီလူတွေက ကျုပ်လူတွေဗျ၊ သူတို့ကိုလဲ ကျုပ် ကောင်းကောင်းသိတယ်၊ ကျုပ်ကိုလဲ သူတို့ ကောင်းကောင်းသိကြတယ်။ ကျုပ်ခိုင်းတဲ့ကိစ္စကို အထမြောက်လျှင် ဘယ်လို၊ အထ,မမြောက်ရင် ဘယ်လိုဆိုတာ သူတို့ ကောင်းကောင်းသိတယ်။ ခိုးဝှံ့ တိုက်ဝှံ့ လူကို သတ်ဝံ့တဲ့ တပည့်တွေ၊ ကျုပ်လက်အောက်မှာ ဗိုလ်ကပြားထဲက သုံးယောက်၊ ကုလားထဲက နှစ်ယောက်၊ ဂျပန်ထဲက နှစ်ယောက်၊ တရုတ်ထဲက





လေးယောက်၊ မြန်မာထဲက ခြောက်ယောက်တောင် ရှိတယ်၊ ကျုပ် ခုပြောတဲ့လူတွေဟာ စက်တိုင်ကို မကြောက်ဘူး၊ ကျုပ်စိတ်ဆိုးမှာကို ကြောက်တဲ့လူတွေဗျ”

“စက်တိုင်က သေအောင် သတ်နိုင်တယ်၊ ဆရာက ဘယ်လိုများ ပိုပြီး တတ်နိုင်သေးလို့လဲ”

“စက်တိုင်က တစ်ခါတက်လို့ သေပြီးလျှင် ပြီးရော၊ ကျုပ်က စိတ်ဆိုးပြီဆိုမှဖြင့် နေ့လိုလို၊ ညလိုလို၊ အထက်ကလာမယ့် ဘေးရန်လိုလို၊ အောက်ကလာမယ့် ဘေးရန်လိုလို ဟိုလူ့မယုံနိုင်၊ ဒီလူ့မယုံနိုင်နဲ့ နောက်ဆုံးကျတော့ ရူးသလို နှမ်းသလို ဖြစ်ပြီး ကိုယ့်ကိုယ်ကို ကြိုးဆွဲချသေတဲ့လူတွေ ဘယ်နှစ်ယောက် ရှိပြီလဲ”

“သစ္စာမဖောက်ဘဲ ဆောင်ရွက်တဲ့လူများကို ဆရာက ဘယ်လိုများ ချီးမြှင့်ခဲ့ဖူးပါသလဲ”

“လူမျိုးအလိုက် တင့်တင့်တယ်တယ် နေနိုင်အောင် ကျုပ်က လစဥ် စရိတ်ထောက်ပံ့ခဲ့တယ်ဗျ”

“မေးပါရစေဆရာ၊ ဒီလူတွေကို စရိတ်ထောက်ဖို့ ဆရာ့မှာ ဘယ်က ငွေရသလဲ”

“လောကမှာ ဥစ္စာရှင် မရှိတဲ့ ပစ္စည်းတွေ အပုံဗျာ၊ ပစ္စည်းမြှုပ်ထားပြီး ဘယ်သူ့မှ ပြောခွင့်မရဘဲ ဘဝတစ်ပါး ပြောင်းသွားရတဲ့ လူတွေ ပြည်နဲ့အဝှမ်းပေါ့ဗျ၊ ကျုပ်တို့မြန်မာပြည်မှာထက် အိန္ဒိယမှာ သာပြီး ပေါသေးတယ်၊ ရှေးတုန်းကတော့ ဘဏ်တိုက်တွေ ဘာတွေ မရှိလို့ မြေကြီးကို ဘဏ်တိုက်လုပ်ကြရတဲ့ လူတွေ နည်းရောလားဗျာ”

“ပစ္စည်းမြှုပ်တဲ့ နေရာကို ဆရာ ဘယ့်နှယ် သိနိုင်သလဲ”

“မြေကြီးကို ကြည့်လိုက်ရင် ဒီအောက်မှာ ဘဏ္ဍာ ရှိမရှိကို သိနိုင်တဲ့နည်း ရှိတယ်၊ သို့သော် နေဦး။ ဒီအကြောင်းတွေကို နောက်များမှ ကျုပ်ပြောပြဦးမယ်”

ငှင်းနောက် ပထမံသိန်းသည် စကားကိုဆက်လက်၍ မပြောတော့ဘဲ ခေါင်းစိုက်ကာ အကြံထုတ်လျက် စီးသွားလေရာ ကျွန်ုပ်မှာ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဆက်လက်ကြားလိုလှသော်လည်း မေးတိုင်းဖြေမည့် လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်းကို သိသည်နှင့် သိလိုသောစိတ်ကို ချုပ်တည်း၍ ထားလိုက်ရလေ၏။

နေပူပြင်းသောအချိန်၌ ကျွန်ုပ်တို့သည် သစ်ပင်ရိပ် ကောင်းကောင်းတွင် နားနေကြ၍ လောဝမ်နှင့် အစေခံများ ချက်ပြုတ်ကျွေးမွေးသော အစာအာဟာရကို စားသောက်ကြစဉ် မြင်းများကို မြက်ခင်း၌ လွှတ်ထားကြလေသည်။ အတန်ငယ် နေချိုသောအခါ ကျွန်ုပ်တို့သည် ဆက်လက်၍ ခရီးသွားကြပြန်လေရာ နေဝင်လုဆဲဆဲအချိန်တွင် တစ်ဝက်ခရီးဖြစ်သော ရွာကလေးတစ်ရွာသို့ ဆိုက်ရောက်ကြ၍ ခရီးသည်များ တည်းခိုလေ့ရှိသော ထမင်းဆိုင်တစ်ဆိုင်၌ ညဥ့်အိပ်ရန် ပြင်ဆင်ကြလေ၏။

ကျွန်ုပ်နှင့် ပထမ်သိန်းသည် ထမင်းဆိုင်မှ ညံ့ဖျင်းလှစွာသော ထမင်းဟင်းများကို စားသောက်လျက်ရှိကြစဉ်၊ သူတောင်းစားများသည် တစ်ယောက်နှင့်တစ်ယောက် သူ့ထက်ငါ ရှေ့သို့ရောက်အောင် တိုးဝှေ့တောင်းခံကြလေရာ၊ လောဝမ်က နှင်၍ထုတ်သော်လည်း မရနိုင်ဘဲ ရှိနေ၏။တစ်ယောက်သော သူတောင်းစားသည် အခြားသူတို့ထက် ရဲရင့်ပြောင်တင်းဟန် လက္ခဏာရှိ၍ ပထမ်သိန်းနှိုက် မည်ပြုနေသော ဟင်းခွက်၏ရှေ့၌ ခွက်ကြီးကို ထိုး၍ ခံရာတွင် ပန်းကန်နှင့်ခွက် ထိသွားလေ၏။ ထိုအခါ ပထမ်သိန်းသည် ပြင်းစွာ အမျက်ထွက်လာသည်နှင့် လောဝမ်အား ဆွဲထုတ်ရန် အမိန့်ပေးလိုက်၏။

လောဝမ်သည် ဆရာ၏ အမျက်ထွက်ခြင်းကို မြင်သဖြင့် မျက်နှာလိုအားရပြုလိုသော သဘောနှင့် သူတောင်းစား၏ လက်နှစ်ဖက်ကို ဆွဲကိုင်ခါ အပြင်သို့ ထုတ်သွားပြီးလျှင် လှေကားမှ ခြေနှင့်ကန်၍ ချလိုက်ရာ၊ သူတောင်းစားသည် ၃ ထစ် ရှိသော လှေကားမှ ပျမ်းပြန်၍ ကျသွားလေ၏။အောက်သို့ရောက်သောအခါ သူတောင်းစားသည် လက်သီး လက်မောင်းတန်းလျက် အပေါ်သို့ တက်လာဦးမည်ဟန် ဖြစ်နေပြီးမှ လောဝမ်၏ တုတ်ခိုင်သော လက်မောင်းများကို မြင်သည်နှင့် မျက်စောင်းထိုးခါ ထွက်သွားလေ၏။

ထိုညဥ့်၌ ကျွန်ုပ်နှင့် ပထမ်သိန်းတို့သည် ပီကင်းမြို့၌ ဆောင်ရွက်ရန်ရှိသော





အလုပ်ဝတ္တရားများအကြောင်းကို တစ်နာရီခန့်မျှကြာအောင် ဆွေးနွေးတိုင်ပင်ကြပြီးနောက် အိပ်ရာသို့ ဝင်ကြလေ၏။

ကျွန်ုပ်မှာ အကြံအစည် အထမြောက်ပါက ခံစားရမည့် အကျိုးကျေးဇူးများနှင့်၊ တိဘက်အသင်းသားများ ရိပ်မိပါက ကြုံရအံ့သော ဘေးအန္တရာယ်များအကြောင်းကို တွေးတော စိတ်ကူးလျက်နေသဖြင့် ရုတ်တရက် အိပ်မပျော်နိုင်ဘဲ အိပ်ရာ၌ တလိမ့်လိမ့် တတွန့်တွန့် ရှိနေလေ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် စိတ်နှလုံး မသာယာဘွယ် အတင်းတိုးဝင်လာကြသော စိတ်ကူးများကို တွန်းလှန်ဖျောက်ဖျက်ရန် မတတ်နိုင်သည် ဖြစ်သောကြောင့် စကြံလျှောက်နေဦးမည် အကြံနှင့် အိပ်ရာမှ ထလိုက်ရာတွင် လျှို့ဝှက်စွာ လျှောက်လာသောခြေသံ ကြားရသဖြင့် နားစွင့်၍ နေမိ၏။

ခြေသံသည် ရပ်စဲချည်တစ်ခါ ရှေ့သို့ တိုးချည်တစ်လှည့်နှင့် တဖြည်းဖြည်း နီး၍လာလေရာ၊ ကျွန်ုပ်သည် ခါး၌ထိုးထားသော ခားမြှောင် ရှိ မရှိကို လက်ဖြင့် စမ်းကြည့်၍ မရှိကြောင်းကို တွေ့ရသောအခါ၌ အိပ်ရာ၏ ခြေရင်းအခန်းထောင့်၌ ဝပ်ခါ ချောင်းမြောင်း၍ နေ၏။ ခြေသံသည် ကျွန်ုပ်၏ အခန်းတံခါးကို ကျော်လွန်၍ ရှေ့သို့ ဆက်လျှောက်သွားသည်ကို ကြားရသောအခါ ကျွန်ုပ်သည် အိပ်ခန်းတံခါးကို ဖြည်းညင်းစွာဖွင့်၍ ဦးခေါင်းပြူလျက် ကြည့်လေ၏။

သို့ရာတွင် မှောင်နှင့်မည်းမည်းရှိသောကြောင့် မည်သည့်နေရာကိုမျှ မမြင်ရဘဲ ပထမ်သိန်း၏ အခန်းရှိရာသို့ တဖြည်းဖြည်း တရွေ့ရွေ့ သွားနေသော ခြေသံကိုသာလျှင် ကြားရလေ၏။ထိုလူသည် မည်သူပင်ဖြစ်စေ မကောင်းသောအကြံအစည်နှင့် လာခြင်းမှာကား ထင်ရှားချေ၏။ သို့ဖြစ်၍ ကျွန်ုပ်၏ အခန်းမှ ထွက်လာ၍ ခြေသံကြားရာသို့ တရွေ့ရွေ့လိုက်သွားရာ ပထမ်သိန်း၏ တံခါးပေါက်ဆီသို့ရောက်သည်နှင့် တစ်ပြိုင်နက် လေးဖက်ထောက် တွားသွားနေသော လူတစ်ယောက်ကို ခြေနှင့်တိုက်မိသဖြင့် ထိုသူ၏အပေါ်သို့ အလျားမှောက်လျက် လဲကျသွားလေ၏။

နောက်တစ်ခဏ၌ ထိုသူသည် ကျွန်ုပ်၏လည်ကုပ်ကို ကိုင်ဖမ်းသဖြင့် ကျွန်ုပ်နှင့် ထွေးလုံးရစ်ပတ် ဖြစ်နေကြစဉ် ပထမ်သိန်းသည် အအိပ်ဆတ်သော



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် ဖြစ်သောကြောင့် အိပ်ရာမှ လန့်နိုး၍ ဖယောင်းတိုင်တစ်တိုင်နှင့် ထွက်လာလေ၏။ ကျွန်ုပ်သည် မှောင်မိုက်ကြီးထဲ၌ ကိုင်မိကိုင်ရာ ကိုင်ဖမ်းလိုက်ရာတွင် မောင်းချမားကြီးတစ်ချောင်း ကိုင်ထားသော ထိုသူ၏ လက်ယာဘက်လက်ကောက်ကို အုပ်ကိုင်ထားလိုက်မိသည် ဖြစ်၍၊ ထိုသူသည် ကျွန်ုပ်အား ရန်မမူနိုင်ဘဲ ရှိနေဆဲတွင် ပထမံသိန်းရောက်လာ၍ ကူညီ ဖမ်းဆီးခြင်းအားဖြင့် ထိုသူ့လက်ကို လက်ရဖမ်းမိလေ၏။

ထိုအခါ၌ကား လောဝမ်နှင့်တကွ ထမင်းဆိုင်ရှင်တို့ နိုးလာကြသဖြင့်၊ အသံကြားရာသို့ ပြေးလာကြလေရာ၊ ကျွန်ုပ်တို့ ဖမ်းဆီးမိသောသူမှာ အခြားမဟုတ်၊ ခပ်စောစောက လောဝမ် တွန်း၍ချလိုက်သော သူတောင်းစားပင် ဖြစ်ကြောင်း တွေ့ရှိကြရလေ၏။ ထိုသူသည် မိမိအား တွန်း၍ချသော လောဝမ်အပေါ်၌ ရန်ညိုးမဖွဲ့ဘဲ အမိန့်ပေးသူ ပထမံသိန်း အပေါ်တွင် ရန်ညိုးထား၍ သတ်ဖြတ်ရန် လာခဲ့ခြင်း ဖြစ်ဟန်တူချေသည်။

အဘယ်ကြောင့်ဆိုသော် လောဝမ်ကို သတ်လိုခဲ့ပါမူ အခန်းဝတွင် အိပ်ပျော်နေသော လောဝမ်ကို အလွယ်တကူနှင့် သတ်နိုင်၏။ ယခုမှာမူ လောဝမ်ကို ကျော်လွန်၍ ပထမံသိန်းရှိရာ အခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် လာရောက်ခြင်း ဖြစ်သောကြောင့် တပည့်ကို မသတ်ဘဲ ဆရာကိုသတ်ဖို့ အကြံရှိဟန် တူလေသည်။

ထမင်းဆိုင်ရှင်နှင့် လောဝမ်တို့သည် သူတောင်းစား၏လက်ကို တစ်ဖက်စီကိုင်လျက်ရှိကြစဉ် ပထမံသိန်းက "အာဂ အကောင်ပဲ၊ ငါ့ကိုသတ်ရအောင် မင်း လာတယ် ဟုတ်လား" ဟု မေးသောအခါ ထိုသူသည် မည်သို့မျှ ပြန်မပြောဘဲ အံကြိတ်ခါ ကြည့်နေလေ၏။ ထိုအခါ ပထမံသိန်းသည် မိမိ၏ အတတ်ပညာစွမ်းကို ပြရန် အချိန်သင့်သည်ဟု ဆုံးဖြတ်ဟန် လက္ခဏာနှင့်

"သူ့လက်ကို လွှတ်လိုက်ပါ၊ ဒီအကောင် မပြေးနိုင်ပါဘူး။ ကိုင်း မင်းပြေးနိုင် ပြေးစမ်း၊ မင်း မပြေးနိုင်ဘူး"

ထိုသူသည် ထွက်ပြေးဖို့ ကြိုးစားသော်လည်း ခြေထောက်နှင့်ကြမ်း ခွာ၍ မရအောင် ဖြစ်နေလေ၏။





ပထမံသိန်းသည် ထိုသူအား စေ့စေ့ကြည့်လျက်

"မင်းပါးစပ်ကို ဟလိုက်စမ်း"

ထိုသူသည် ပါးစပ်ကို ဟလိုက်၏။

"မင်းပါးစပ်ကို မင်းပြန်ပိတ်လို့ မရတော့ဘူး၊ စမ်းကြည့်စမ်း"

ထိုသူ၏ ပါးစပ်မှာ ထောက်နှင့် ထောက်ထားသည့်အလား ရှိနေ၍ ပိတ်ဖို့ရန် အတန်တန် ကြိုးစားသော်လည်း မရနိုင်ဘဲ ခွေးတလုံးလုံးနှင့် ရှိနေ၏။ နောက်ဆုံး၌ ထိုသူသည် မေးစေ့ကို လက်ဖြင့်ဖိနှိပ်၍ ချရန် ကြိုးစား၏။ သို့ရာတွင် ပါးစပ်သည် ပွင့်လျက်ပင် ရှိနေ၏။ ထိုအခါ၌မူကား သူတောင်းစားသည် ထိတ်လန့်လှပြီ ဖြစ်သောကြောင့် သနားဖွယ်ရာ အသံဖြင့် ညည်းညူလျက် ရှိ၏။ ထိုအခါမှ ပထမံ သိန်းက

"ကိုင်း မင်းပါးစပ် ပိတ်လိုက်တော့"

ပါးစပ်ကို ပိတ်၍ရသည်နှင့် တစ်ပြိုင်နက်၊ ထိုသူသည် ထွက်ပြေးဖို့ ကြိုးစားပြန်ရာ ပထမံသိန်းက "မင်း မပြေးနိုင်ဘူး" ဟု ပြောလိုက်သောကြောင့် ကြမ်းနှင့် ခြေထောက် ကပ်လျက်ရှိလေ၏။

"မျက်စိကို မှိတ်လိုက်စမ်း"

ထိုသူလည်း ခိုင်းသည့်အတိုင်း ပြုလုပ်ရ၏။

"ကိုင်း မင်းမျက်စိကိုလဲ ဖွင့်လို့မရဘူး၊ ကန်းလဲကန်း အ,လဲ အ,သွားပြီ"

ထိုအခါ ထိုသူသည် မျက်စိကိုလည်း မဖွင့်နိုင်၊ ပါးစပ်ကိုလည်း မဟ,နိုင်ဘဲ ရှိနေရာ ရေးကထက်ပင် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်လာ၍ ပထမံသိန်း၏ ခြေရင်းတွင် ဒူးထောက်ခါ ရှိခိုးလေ၏။ ထိုအခါ၌မူကား ရွာသားအချို့တို့ ရောက်လာကြပြီဖြစ်၍ ပရိသတ် အတော်ပင် စည်ကားလာခဲ့၏။ ရွာသားများသည် အံ့သြလှသော မျက်နှာထားနှင့် ပထမံသိန်းအား ကြည့်လျက်ရှိကြ၏။

"အခုတော့မှ ကြောက်တယ်၊ ဟုတ်လား။ ထပါ ထပါ၊ မင်းမျက်စိကို ဖွင့်ပါတော့၊ ဖွင့်နိုင်ပါပြီ။ ပါးစပ်လဲ ဟ,လို့ရပါပြီ။ မင်းကတော့ ငါ့ကို သတ်ဖို့လာ တယ်။ သို့သော် ငါကတော့ မင်းကို ချမ်းသာပေးလိုက်ပါမယ်။ နောက်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို မင်း ရန်မူဖို့ ကြံစည်ခဲ့လို့ရှိလျှင် မျက်စိလ်ကန်း၊ ပါးစပ်လဲ အ,အောင် ငါပြုစားလိုက်မယ်။ နားလည်လား၊ သွားတော့"

ထိုကဲ့သို့ အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ထိုသူသည် နှစ်ကြိမ်ပြော ဖို့ မလိုဘဲ ချက်ခြင်းပင် ထ၍ ထွက်ပြေးလေရာ၊ ပရိသတ်များလည်း အနိုင်နိုင် လမ်းဖယ်၍ ပေးလိုက်ကြရ၏။

ထိုနောက် ရွာသားများနှင့် ထမင်းဆိုင်ရှင်သည် ပထမံသိန်းအား လှည့် ကြည့် လှည့်ကြည့်နှင့် ထွက်သွားကြလေရာ၊ ကျွန်ုပ်နှင့် လောဝမ်သာလျှင် ကျန်နေ တော့၏။ ထိုအခါ ပထမံသိန်းက

"လောဝမ်"

"ဆရာကြီး"

"မင်းက တံခါးပေါက်မှာ စောင့်အိပ်ပါလျက်၊ ဒီအကောင် အခန်းထဲကို ဝင်လာနိုင်ခြင်းဟာ မင်း ပေါ့လျော့တဲ့အတွက် ဖြစ်တယ်။ ဒီက မိတ်ဆွေ မနိုးခဲ့လျှင် ငါ သေဖွယ်ရာ အကြောင်းရှိတယ်။မင်းကို ဝတ္တရားပေါ့လျော့မှုအတွက် ငါ အပြစ် ပေးရမယ်"

ထိုအခါ လောဝမ်သည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် ပထမံသိန်း ၏ ခြေရင်းတွင် ဒူးထောက်လေ၏။

"ဘယ်လိုအပြစ်ဒဏ်မျိုး ငါပေးရမလဲ ပြောစမ်း"

"ကျွန်တော် အိပ်ပျော်နေသည့်အတွက် ယခုလို ဖြစ်ရပါတယ် ဆရာကြီး"

"ဒီဟာ ငါ မလိုချင်ဘူး။ မင်းသည် ဝတ္တရားပျက်ကွက်ခြင်း မှန်တယ်။ ဝတ္တရားပျက်ကွက်ခြင်း အပြစ်ကို ငါ ဘယ်အခါမှ ချမ်းသာပေးလေ့ မရှိဘူးဆိုတာ မင်းသိတယ်။သို့သော် အခြားနေရာများမှာ သစ္စာရှိဖူးတဲ့ အချက်ကို ထောက်သဖြင့် မင်းကို အပြစ်ကြီးစွာတော့ ငါ မပေးလိုဘူး။ သို့သော် လုံးလုံးလဲ ငါ မလွှတ်နိုင် ဘူး။ ဒီတော့ခါ တစ်နာရီအတွင်း မြင်းပြင်ပြီး တီယန်ဆင်မြို့ကို ပြန်သွား၊ မင်းကို ငါ မကျေနပ်လို့ ပြန်လွှတ်လိုက်တယ်လို့ မစ္စတာဝီလျံဆင်ကို ပြောပြ၊ ငါ့ဆီက သတင်းစကား မကြားမချင်း သူ့ဆီမှာ မင်းနေ၊ ငါပြောတဲ့အတိုင်း တိတိကျကျ မင်း မလိုက်နာခဲ့လျှင် ၂ ရက်အတွင်း မင်းသေလိမ့်မယ် ကြားရဲ့လား"





လောဝမ်လည်း မည်သို့မျှ ပြန်မပြောဘဲ ဦးခေါင်းကို ညွှတ်လေရာ ပထမံ သိန်းက "ကိုင်း သွားပေတော့" ဟု အမိန့်ပေးလိုက်သော အခါတွင် ဝပ်နေရာမှ ထသွားလေ၏။

လောဝမ် ထွက်သွားသောအခါ ကျွန်ုပ်သည် လောဝမ်အတွက် စိတ် မကောင်း ဖြစ်သည်နှင့်၊ ပထမံသိန်းအား ကျွန်ုပ်တို့၏ အကြံအစည်အကြောင်းကို ကြိုတင်၍လောက်သိနေသော လူတစ်ယောက်အား ယခုကဲ့သို့ ကြပ်တည်းစွာ အရေးယူ အပြစ်ပေးခြင်းသည် သင့်လျော်ပါမည်လောဟု ကန့်ကွက်ပြောဆိုလေ၏။

ထိုအခါ ပထမံသိန်းက "စိတ်မချရတဲ့ တပည့်ကို ဘာအသုံးချဦးမှာလဲ ကိုကျင်စိန်။ ယခုလို ကြပ်ကြပ်တည်းတည်း လုပ်ခဲ့တဲ့အတွက်ကြောင့် ကျုပ်တပည့် တွေဟာ ကျုပ်ကိုကြောက်ပြီး မျက်မှောက်မျက်ကွယ် သစ္စာထိန်းကြတာပေါ့ ကို ကျင်စိန်။ တစ်ယောက်ကို ချမ်းသာပေးရင် ဒီသတင်းကြီး ပျံ့နှံ့သွားပြီး နောက်ဆုံး တော့ ကျုပ်ကိုကြောက်တဲ့လူ ရှိတော့မှာ မဟုတ်ဘူးဗျ။ လောဝမ်က ကျုပ်ကို ကာကွယ်ဖို့အတွက်တော့ ခင်ဗျား မပူပါနဲ့။ စက်တိုင် တက်ရမှာထက် ကျုပ်တစ်ခွန်း ပေါက်မှာကို ကြောက်တဲ့လူပါ။ ဒါထက် ခင်ဗျာ့ကို ဒီကနေ့ည ကျုပ်က ကျေးဇူး တင်ဖို့ အချက်တစ်ခု ပေါ်လာပေပြီဗျာ။ ခင်ဗျားမနိုးရင် ကျုပ်သေဖို့ပဲ။ ကျုပ်ပြော တာ ခင်ဗျားမှတ်ထား ကိုကျင်စိန်။ ဒီကနေ့ည ကျုပ်အသက်ကို ခင်ဗျား ကယ်ဆယ် တဲ့အတွက် တစ်နေ့နေ့ကို ခင်ဗျားကျေးဇူးကို ကျုပ်ဆပ်မယ် စိတ်သာချ"

"ကံအားလျော်စွာ ဖြစ်ကြရတာပါ ဆရာ"

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကျေးဇူးကို ကျုပ်မမေ့ဘူးဗျာ"

ထိုနောက် ကျွန်ုပ်တို့သည် အိပ်ရာသို့ အသီးသီးဝင်၍ အိပ်ကြလေရာ၊ မိုးလင်း၍ ထူးခြားသော အဖြစ်အပျက် တစ်စုံတစ်ရာမျှ ထပ်မံ ကြုံတွေ့ရခြင်းမရှိ ဘဲ ကောင်းစွာ အိပ်စက်ကြရ၏။

နံနက်လင်းသောအခါ ထမင်းဆိုင်ရှင်က ခင်းကျင်းကျွေးမွေးသော အစား အစာများကို စားသောက်ကြပြီးနောက်၊ ဆက်လက်၍ ခရီးသွားကြရပြန်၏။ ... ခမ်မှာမူ ပထမံသိန်း၏ အမိန့်အတိုင်း လိုက်နာရသည် ဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှင့်အတူ မပါတော့ချေ။ ထမင်းဆိုင်ရှေ့၌ ကျွန်ုပ်တို့ ထွက်ခါနီးတွင် စုရုံးလာရောက် ကြည့်ရှုကြသော ရွာသူရွာသားတို့၏ မျက်နှာထားကို ကြည့်ခြင်းအားဖြင့်၊ ထိုသူတို့သည် ပထမံသိန်းအား ရွံ့ကြောက်လေးစားခြင်းရှိကြောင်း ထင်ရှားပေ၏။

မွန်းတည့်ချိန်တွင် အရိပ်အာဝါသကောင်းသော နေရာ၌ နားနေကြပြီးနောက်၊ ညနေခင်းအချိန်တွင် ခရီးဆက်လက်ထွက်လာကြ၍ အတန်ငယ် သွားမီသဖြင့် ကုန်းမြင့်တစ်ခုပေါ်သို့ တက်မိကြသောအခါတွင် ပီကင်းမြို့တော်ကြီး၏မြို့ရိုးများကို အဝေး၌ ရေးရေး မြင်ကြရလေ၏။ မြို့ရိုးကြီးမှာ လက်ဝဲ လက်ယာသို့ မျက်စိတစ်ဆုံးမျှ တိုင်အောင် တန်းလျက်ရှိနေရာ ကျွန်ုပ်တို့သည် အနိမ့်သို့ ချဉ်းကပ်လာလေလေ မြို့ရိုးသည် မြင့်၍မြင့်၍ တက်လေလေ ရှိနေသည့်အဖြစ်ကို တွေ့ရလေ၏။

နေဝင်လုဆဲဆဲဖြစ်သော အချိန်တွင် ကျွန်ုပ်တို့သည် မြို့တံခါးသို့ ဆိုက်ရောက်ကြ၍ ထုံးစံအတိုင်း ဝင်ကြေးအတွက် အခွန်အတုတ် ပေးဆောင်ပြီးနောက် ပထမံသိန်းသည် လူစည်ကားသော လမ်းများကို ရှောင်ကွင်း၍ ပေရေညစ်ပတ်စွာရှိသော ရပ်ကွက်တစ်ခုသို့ ရှေ့ဆုံးမှ လမ်းညွှန်သွားလေရာ ကျွန်ုပ်နှင့်တကွ ဝန်တင်မြင်းများကိုဆွဲလျက် ပါလာသော ကူလီများသည် နောက်မှ လိုက်ပါသွားကြ၏။ ကျဉ်းမြောင်းသော လမ်းတစ်လမ်း၌ အခြားအိမ်များထက် သပ်ယပ်စွာ ဆောက်လုပ်ထားသော အိမ်တစ်အိမ်သို့ ရောက်ကြသောအခါ ပထမံသိန်းသည် မြင်းပေါ်မှဆင်း၍ တံခါးကို ခေါက်လေရာ အလွန်တရာ ဝဖြိုးတုတ်ခိုင်လှသော တရုတ်ကြီးတစ်ယောက်သည် တံခါးကို ဖွင့်ပေးပြီးနောက် ပထမံသိန်းကို မြင်သောအခါတွင် ဦးညွှတ်ခါဖြင့် အိမ်တွင်းသို့ဝင်ကြရန် ပြောလေ၏။

ပထမံသိန်းသည် ကူလီများအား ပစ္စည်းများကို အိမ်တွင်းသို့ သယ်ယူသွင်းပို့စေပြီးနောက်၊ မြင်းငှားခ ငွေနှင့်တကွ ကူလီခ,များကို ပေးအပ်လိုက်ရာ ကူလီများလည်း မြင်းများကိုဆွဲလျက် ပြန်သွားကြလေ၏။

ကျွန်ုပ်တို့သည် အိမ်တွင်းသို့ရောက်ကြ၍ အိမ်ရှင်သည် ကျွန်ုပ်တို့အတွက် ညစာထမင်းကို ချက်ပြုတ် ပြင်ဆင်လျက်ရှိစဉ် ပထမံသိန်းက





"ပီကင်းမြို့ကိုဖြင့် ရောက်လာပေပြီ ကိုကျင်စိန်။ ကျောင်းတော်ကြီးကို ခင်မီ ကာလစ်ဖို့နဲ့ ဂျွန်ဆင်တို့ဆီက သတင်းကို ကျုပ်တို့ ဒီအိမ်က စောင့်ကြရ လိမ့်မယ်။ ကျုပ်က ကမ္ဘဋ္ဌာန်းတရား အားထုတ်မယ်လို့ ပြောပြီး နေ့ခင်းအချိန်မှာ အိမ်တွင်း အောင်းရလိမ့်မယ်၊ ကျုပ်ဆီကို လူဝင် လူထွက် မရှိရအောင် ခင်ဗျားက စောင့်ကြပ်ပေတော့။ ကျုပ်ကိုယ်တိုင်တော့ ညအခါများမှ မြို့ထဲထွက်ပြီး သတင်း နည်းနာရမယ်။ ဟောဒီမှာ သုံးဖို့စွဲဖို့ စားဖို့သောက်ဖို့ စီမံရေးအတွက် ငွေယူထားပေတော့" ဟု ပြော၍ သားရေအိတ်ငယ်တစ်လုံးကို ကျွန်ုပ်အား ပေးအပ်ထားလေ၏။

ထိုည၌ ကျွန်ုပ်သည် ပီကင်းမြို့ကြီး၏ အခြေအနေကို လှည့်လည်ကြည့်ရှု သည်ဟု ပထမံသိန်းထံမှ အခွင့်တောင်း၍ မြို့တွင်းသို့ တစ်ယောက်တည်း ထွက်လာ ရာ ခရီးထွက်လာစဉ်အတွင်း ငတ်ပြတ်၍လာခဲ့သော ဝမ်းဗိုက်ကို ပြည့်တင်းအောင် စားသောက်ခဲ့ပြီးနောက်၊ ကြည့်ရှုရန်များကို လှည့်လည်ကြည့်ရှု၍ ၁၀ နာရီထိုး အချိန်ခန့်တွင် တည်းအိမ်သို့ ပြန်လာခဲ့၏။

ညနေခင်းအချိန်ကပင် ခေါင်းထဲက အုံတုံတုံ ရှိနေသော ကျွန်ုပ်မှာ အိပ်ရာသို့ ဝင်သောအခါ၌ မအီမသာ ဖြစ်လာခဲ့၍ ထိုည၌ တစ်ညဉ့်လုံး ကောက်၍ သလို အပြင်းအထန် ဖျားနာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

နံနက်လင်းသောအခါ ကျွန်ုပ်သည် အိပ်ရာမှ မထနိုင်ဘဲ အဖျားတက်လျက်ရှိရာ ပထမ်သိန်းသည် အရေးကြီးလှသော အချိန်အခါတွင်မှ ဖျားနာရချေသည်လောဟု စိတ်ပျက်ဟန် လက္ခဏာရှိသော်လည်း အမူအရာအားဖြင့် မထင်ရှားစေဘဲ ဆရာဝန်များပင့်ခေါ်၍ ကောင်းမွန်စွာ စောင့်ရှောက်ပြုစုလေ၏။ သို့ပါသော်လည်း ကျွန်ုပ်၏ဝေဒနာမှာ ရုတ်တရက် သက်သာခြင်းမရှိဘဲ ၁၂ ရက်တိုင်တိုင် အိပ်ရာမှ မထနိုင်အောင် ရှိခဲ့လေ၏။

၁၃ ရက်မြောက်သော နေ့၌မူ ပထမ်သိန်း တိုက်လိုက်သော ဆေးတစ်ခွက်၏ အစွမ်းကြောင့် ကျွန်ုပ်၏ အဖျားရောဂါမှာ ယူ၍ ပစ်လိုက်ဘိသကဲ့သို့ ရုတ်တရက် ချက်ခြင်း သက်သာရာ ရသည်နှင့် ဤကဲ့သို့သော ဆေးစွမ်းကောင်း ရှိပါလျက်နှင့် ဤမျှလောက် နေ့ရက်ကုန်လွန်အောင် စောင့်ဆိုင်း၍ နေရချေသလောဟူ၍ပင် ပထမ်သိန်းအား အပြစ်တင်မိသေး၏။ထိုအခါ ပထမ်သိန်းက "ဆေးဆရာဆိုတာ လူနာ၏အကဲကို ခတ်ဖို့ အင်မတန် အရေးကြီးတယ် ကိုကျင်စိန်။ ရောဂါအရှိန် ပြင်းနေတုန်းကို ဘယ်ဆေးတိုက်လို့မှ ဆေးစွမ်းမပြနိုင်ဘူးဗျ။ ရောဂါလဲ တန့်ခနဲ ရှိရော၊ ဆေးစွမ်းကောင်းကိုလဲ တိုက်လိုက်ကရောဆိုလျှင် ဆေးတစ်ခွက်တည်းနဲ့ ခရီးရောက်နိုင်တာမျိုးကလား ကိုကျင်စိန်ရဲ့။ ဒါကြောင့် လွန်ခဲ့တဲ့ ရက်တွေမှာ ခင်ဗျားအကဲနဲ့ ရောဂါအကဲ စောင့်ကြည့်နေပြီး ဒီကနေ့မှ





ဆေးတိုက်ဖို့တော်ပြီ လို့ ကျုပ် အကဲရပြီး တစ်ခွက်တည်း တိုက်လိုက်တာနဲ့ ခင်ဗျား ဘယ်လောက် သက်သာ သွားသလဲ။ နောက်နှစ်ရက်ဆိုရင် ခင်ဗျား သွားနိုင် လာနိုင် ဖြစ်ပြီ၊ ၅ ရက် ဆိုရင် ကျုပ်တို့အလုပ် ဆက်လုပ်ကြရမယ်"

"ခင်ဗျား လူများဆီက သတင်းရပြီလား"

"စာရပြီ၊ ခင်ဗျား ဖတ်နိုင်ပါ့မလား"

"ခင်ဗျားပဲ ဖတ်ပြပါတော့ဗျာ"

ငင်းနောက် ပထမ်သိန်းသည် ကလစ်ဖို့နှင့် ဂျွန်ဆင်တို့ထံမှ ရသောစာကို ဖတ်ပြလေရာ၊ စာမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထား၍ မြန်မာလို အကျဉ်းချုပ် အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

"လွန်ခဲ့သော ကြာသပတေးနေ့က ကျွန်ုပ်တို့သည် ဝီလျံဆင် ရိုက်ကြားလိုက်သော ကြေးနန်းကို ရရှိ၍ တီယန်ဆင်မြို့သို့ လိုက်လာခဲ့ကြပါသည်။ တီယန်ဆင်မြို့၌ ဝီလျံဆင်နှင့်တွေ့၍ ခင်ဗျားစေခိုင်းလိုက်သော အလုပ်သဘောကို သိရှိရပါသည်။ ဟန်ကောင်မြို့မှ ဂိုဏ်းချုပ်ကြီးမှာ ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သောကြောင့်၊ ပထမ၌ ကျွန်ုပ်တို့သည် ဖြစ်နိုင်ပါမည်လောဟုပင် စိုးရိမ်မိကြပါသည်။ သို့ရာတွင် ခင်ဗျား၏သဘောကို ကျွန်ုပ်တို့ သိပြီးဖြစ်သည့်အတိုင်း မဆုတ်မနစ် ယုံယုံကြည်ကြည် ကြိုးစားစီစဉ်၍ ပြီးပါပြီ"ဆိုသော စာပင် ဖြစ်ပါသည်။

သို့နှင့် ၅ ရက်မြောက်၍ ကျွန်ုပ် ကျန်းမာလာသောနေ့တွင် ပထမ်သိန်းနှင့် ကျွန်ုပ်မှာ အစီအစဉ်အတိုင်း အလုပ် စ,ကြပါသည်။

ပိကင်းကျောင်းတော်ကြီးကို ဝင်ရန်ကိစ္စနှင့် ၎င်းကျောင်းရှိ ဘုန်းကြီးအိုကြီးနှင့် တွေ့ရန်မှာလည်း သေးသောအရေး မဟုတ်၍ အခက်အခဲ အမျိုးမျိုးနှင့် ကြုံရသည်။

ကျွန်ုပ်တို့ ဝင်လာသောအဖြစ်ကို အတွင်းမှ လူများက မြင်ကြဟန်ရှိသော်လည်း တံခါးအနီးသို့ မည်သူမျှ မပေါ်လာဘဲ တံခါးကြီးမှာ ပိတ်လျက်ပင် ရှိနေလေ၏။ ထိုအခါ ကျွန်ုပ်တို့၏ နောက်လိုက် နောက်ပါအဖြစ်နှင့် ပထမ်သိန်း ငှားရမ်းခေါ်ငင်ခဲ့သော တပည့်များသည် တံခါးကြီးကို ခေါက်ပါသော်လည်း မည်သူ ဘစ်ဦး တစ်ယောက်မျှ ပြူထွက်၍ မလာချေ။ ၅ မိနစ်ခန့်မျှ စောင့်ဆိုင်းကြသော

www.burmeseclassic.com

www.burmeseclassic.com



အခါ၌ ခေါင်းတုံးရိတ်ထားသဖြင့် တရုတ်ဘုန်းကြီးဟူ၍ ခန့်မှန်းရသည့် လူတစ်ယောက်သည် တံခါးကြီး၏ ထောင့်၌ရှိသော တံခါးငယ်ကလေးကိုဖွင့်၍ ဦးခေါင်းမျှသာ ပြူထွက်လာပြီးလျှင် ကိစ္စကို မေးမြန်းလေ၏။

ထိုအခါ ပထမံသိန်းသည် အပေါက်ငယ်အနီး ချဉ်းကပ်၍ ထိုသူ၏ နားနားသို့ကပ်လျက် စကားတီးတိုး ပြောလိုက်ရာတွင်၊ တံခါးကြီးသည် ရုတ်တရက် ပွင့်လာလေ၏။ ပထမံသိန်းသည် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာသော နောက်ပါများအား ငွေမည်၍မည်မျှ ပေးလိုက်ရန် ကျွန်ုပ်အား အမိန့်ပေးသဖြင့် ကျွန်ုပ်သည် ပထမံသိန်း ပေးအပ်ထားသော ငွေထုတ်ကြီးကို ဖြေ၍ ရက်ရောစွာ ပေးကမ်းလိုက်ရာတွင် နောက်ပါများလည်း တံခါးဝမှ လှည့်၍ ပြန်သွားကြလေ၏။

ထိုနောက် ပထမံသိန်းက ကျွန်ုပ်အား လက်ညှိုးညွှန်ပြလျက် ဤလူကား ကျွန်ုပ်၏ ကပ္ပိယဖြစ်၍ ကျွန်ုပ်နှင့်အတူ ဝင်ပါစေဟု ပြောရာတွင်၊ တရုတ်ဘုန်းကြီးသည် ကျွန်ုပ်တို့နှစ်ယောက်လုံးကို ဝင်ခွင့်ပြုသဖြင့် တံခါးပေါက်မှ ဝင်သွားကြရလေ၏။

ကျောင်းတော်ကြီးပေါ်သို့ ရောက်ကြသောအခါ ကျွန်ုပ်တို့ကို သွင်းခဲ့သော ဦးပဉ္စင်းသည် အခန်းကြီးတစ်ခန်းအတွင်းသို့ ခေါ်သွား၍ ခေတ္တမျှ စောင့်ဆိုင်းရန် ပြောခဲ့ပြီးလျှင် အတွင်းဆောင်သို့ ဝင်သွားလေ၏။ တစ်ခဏမျှ ကြာသောအခါ အလွန်တရာ အိုမင်းလှသော ဘုန်းကြီးအိုကြီး တစ်ပါးကို ဦးပဉ္စင်းနှစ်ပါးတွဲလျက် အတွင်းဆောင်မှ ပေါ်ထွက်လာကြလေရာ၊ ကျွန်ုပ်နှင့် ပထမံသိန်းတို့သည် ကြမ်း၌ ဦးခိုက်လျက် ကန်တော့ကြ၏။

"အသင် မည်သူဖြစ်သနည်း"

"ဟန်ကောင်မြို့မှ ဂိုဏ်းချုပ်ဖြစ်ပါသည်။ တိဘက်ပြည် မဟာယနဂိုဏ်းအစည်းအဝေးသို့ သွားရမည်ဖြစ်ပါ၍ အရှင်ဘုရားထံ၌ သိသင့်သိထိုက်သော အကြောင်းအရာများကို လျှောက်ထား စုံစမ်းရန်အတွက် ခြေတော်ဦးခိုက် ဝင်ရောက်ကန်တော့ရခြင်း ဖြစ်ပါသည်။ တပည့်တော် လာရောက်မည့်အကြောင်းကို အရှင်ဘုရား သိနှင့်တော်မူပြီး ဖြစ်သည်ဟု ယုံကြည်ပါသည်"





"ဟန်ကောင်မြို့မှ ဂိုဏ်းချုပ်ဖြစ်ကြောင်းကို သက်သေခံပစ္စည်း တစ်စုံတစ်ရာ ပါရှိသလော"

"ပါရှိပါသည် ကြည့်တော်မူပါ"

ထိုနောက် ပထမံသိန်းသည် ကတ္တီပါအိတ်နှင့် ထည့်ထားသော ဆင်စွယ်ကြုတ်ကိုထုတ်၍ ဘုန်းကြီးအိုကြီး၏လက်သို့ ပေးအပ်လေရာ၊ ဘုန်းကြီးအိုကြီးသည် ထိုကြုတ်ကိုမြင်သည်နှင့် တစ်ပြိုင်နက် စိတ်ကျေနပ်သော အမူအရာနှင့် "လုံလောက်သော သက်သေခံပစ္စည်းကို မြင်ရသောကြောင့် ကျွန်ုပ် စိတ်ကျေနပ်ပါပြီ အလိုရှိသလောက် ဤကျောင်းတွင် သီတင်းသုံးနိုင်ပါသည်။ ကျွန်ုပ် သိရှိရသမျှကိုလည်း သွန်သင်ပြောပြ လိုက်ပါမည်။ ယနေ့မှာ အချိန်ကုန်ပြီ ဖြစ်သောကြောင့် နက်ဖြန်မှ ကျွန်ုပ် ပြောပြပါမည်။ ဤညဉ့်အတွက် ဤကျောင်း၌ပင် သီတင်းသုံးစေလိုပါသည်"

"အစည်းအဝေးအတွက် ရက်မနည်းလှသောကြောင့် အလျဉ်မလိုလှသေးပါ၊ နက်ဖြန်မှပင် သွန်သင်တော်မူပါ အရှင်ဘုရား"

ထိုနောက် ဘုန်းတော်ကြီးသည် အနီး၌ရှိသော ဦးပဉ္စင်းတစ်ပါးအား ကျွန်ုပ်တို့အဖို့ တည်းခိုရန်အခန်းကို လိုက်၍ပြစေရာ၊ ကျွန်ုပ်တို့ တည်းခိုရမည့်အခန်းမှာ သုံးထပ်ကျောင်းကြီး၏ အထက်ဆုံးသော အထပ်၌ တည်ရှိသော အခန်းတစ်ခန်း ဖြစ်ချေ၏။ ကျွန်ုပ်တို့သည် ထိုအခန်းတွင်းသို့ ရောက်ကြပြီးနောက် ပထမံသိန်းသည် ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးနှင့် ရင်းနှီးရလေအောင် စကားစမြည် ပြောမည်ဟု ဘုန်းကြီးအိုကြီးနှင့် တွေ့ဆုံရန် အောက်ထပ်သို့ ဆင်းသွားလေရာ၊ ကျွန်ုပ်မှာလည်း ဤမျှလောက် ကြီးမားသော ကျောင်းတော်ကြီးအကြောင်းကို ကြားရုံမျှ မကြားဘူးသည်နှင့် အတွင်းသို့ ရောက်ခွင့်ရသော ထိုအချိန်ကို အကောင်းဆုံး အသုံးချမည် အကြံနှင့် နှံ့စပ်အောင် လှည့်လည်ကြည့်ရှုအံ့ဟု ဆင်းလာခဲ့လေ၏။

အောက်ဆုံးအထပ်သို့ ရောက်သောအခါ၊ ၂၀ ကျော်ခန့်ရှိသော ဦးပဉ္စင်းများသည် သင်အံလေ့ကျက်လျက်ရှိသော စာအုပ်များကို ချထား၍၊ ဝတ္ထုပုံပြင်များပြောလျက် တဝါးဝါး ရယ်မောနေကြသည်ကို တွေ့မြင်ရသည်နှင့် ဝင်ရောက်ဆောင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် တစ်ပါးသော ဦးပဥ္စင်းသည် တစ္ဆေပုံဝတ္ထုများကို ပြောလျက်ရှိရာ၊ ကျွန်ုပ်ကလည်း တတ်သ၍ မှတ်သ၍ ကြံလိုသောဆန္ဒနှင့် ကျွန်ုပ်ကြားဖူးသော သရဲဝတ္ထုတစ်ပုဒ်ကို ထိုသူ၏ ဝတ္ထုအဆုံးတွင် အခွင့်တောင်း၍ ပြောပြလေ၏။ ဝတ္ထုအဆုံး၌ အားလုံးသော ဦးပဥ္စင်းများက ယနေ့ပြောကြသော ဝတ္ထုများအနက်တွင် ကျွန်ုပ်ဝတ္ထုသည် အကောင်းဆုံးသော ဝတ္ထုဖြစ်ကြောင်းနှင့် ဆူညံစွာ ဩဘာပေးလျက်၊ ဆုံးဖြတ်ကြရာတွင် နောက်ဆုံးပြောခဲ့သော ဦးပဥ္စင်းသည် ကျွန်ုပ်ကို မနှာလိုသော သဘောနှင့် မျက်စောင်းထိုး၍ ကြည့်နေရာမှ အံ့အားသင့်သော အမူအရာနှင့် စိုက်၍ကြည့်နေ၏။

ထိုသူ စိုက်ကြည့်နေခြင်းကို ကျွန်ုပ် မြင်ရသောအခါ အဘယ်အကြောင်းကြောင့်ပေနည်းဟု ထိုသူ၏ မျက်နှာကို သေချာစွာ ကြည့်မိရာတွင် ကျွန်ုပ်မြင်ဖူးသော လူတစ်ယောက်ဖြစ်ကြောင်းကို ရုတ်တရက် သတိရသည်နှင့် ရင်ထဲ၌ ရုတ်ခနဲ ဖြစ်သွား၏။ ထိုသူကလည်း ကျွန်ုပ်၏စိတ်ထဲ၌ တုန်လှုပ်ခြင်း တည်းဟူသော အခြင်းအရာကို ရိပ်မိဟန်ရှိ၏။ အခြားသော ဦးပဥ္စင်းများသည် ကျွန်ုပ်အား နောက်ထပ် ဝတ္ထုတစ်ပုဒ် ပြောပါရန် တိုက်တွန်းလျက်ရှိကြစဉ် ထိုဦးပဥ္စင်းသည် ကျွန်ုပ်၏ နောက်သို့ တိတ်တဆိတ်လာ၍ လက်ဝဲဘက် အင်္ကျီလက်ကို အမှတ်တမဲ့ လှန်လိုက်ရာတွင် လေးသစ်ခန့် အလျားရှိသော အမာရွတ်တစ်ခု ပေါ်ထွက်လာသည်ကို မြင်သွားလေ၏။

ထိုခဏ၌ ခေါင်းလောင်းထိုးသံ ကြားသည်နှင့် အားလုံးသော ဦးပဥ္စင်းများသည် စာအုပ်များကို ယူ၍ အခန်းတွင်းမှ ထွက်သွားကြလေရာ ကျွန်ုပ်မှာမူ ကျွန်ုပ်ကိုသိဖူးသော ပုဂ္ဂိုလ်တစ်ယောက်နှင့် တွေ့ရသည့်အတွက် အကြံအစည်အားလုံး ပေါ်ပေါက်ချေတော့မည်လောဟု ထိတ်လန့်တုန်လှုပ်စွာနှင့် ကျွန်ုပ်တို့၏ အခန်းသို့ ပြန်လာခဲ့လေ၏။

ထိုဦးပဥ္စင်းမှာ လွန်ခဲ့သောနှစ်က ဟောင်ကောင်မြို့၌ အိမ်တစ်အိမ်တွင် ကျွန်ုပ်တည်းခိုလျက်ရှိစဉ် အိမ်ကို ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများကို ခိုးယူနေခိုက်တွင် ကျွန်ုပ်နိုးလာသဖြင့် ကျွန်ုပ်နှင့် လုံးထွေးသတ်ပုတ်ကြရာတွင် ကျွန်ုပ်၏





လက်ကို ဓားနှင့်ထိုး၍ ထွက်ပြေးတိမ်းရှောင်နေသော ဝရမ်းပြေးတစ်ယောက် ဖြစ်လေသည်။

ဝရမ်းပြေးများသည် ကျောင်းတော်၌ ခိုအောင်း၍ သင်္ကန်းဝတ်နေခဲ့ပါလျှင် ပုလိပ်တို့၏ ဘေးရန်မှ လုံခြုံသည်ဖြစ်သောကြောင့် ဤနည်းအားဖြင့် အစိုးရအပြစ်ဒဏ်မှ ရှောင်တိမ်းကြသော သူတို့၏ အရေအတွက်မှာ မြန်မာပြည်ထက်ပင် မြောက်မြားလှပေ၏။

ကျွန်ုပ်သည် ကျွန်ုပ်တို့အတွက် ပေးထားသောအခန်းသို့ ပြန်ရောက်သောအခါ၌ ပထမ်သိန်းသည် အခန်းတွင်းသို့ ရောက်နေနှင့်ပြီးဖြစ်သဖြင့် အဘယ်သို့ သွားနေကြောင်းနှင့် ခပ်ဆတ်ဆတ် မေးမြန်းရာတွင် ကျွန်ုပ်က ဝရမ်းပြေး ဦးပဥ္စင်းနှင့် တွေ့ခဲ့ရပုံ အဖြစ်အပျက်များကို ပြန်ပြောပြရလေ၏။

ထိုအခါ ပထမ်သိန်းသည် ကျွန်ုပ်အတွက်ကြောင့် မိမိတို့အကြံအစည် ပျက်ပြားရချေတော့မည်ကဲ့သို့ ရှိနေခြင်းအတွက် အမျက်ထွက်ဟန် ရှိသော်လည်း၊ ၎င်း၏အသက်ကို တစ်ကြိမ် ကယ်ဆယ်ခဲ့ဖူးသည့် ကျေးဇူးကို ထောက်ထားသဖြင့် အပြစ်များစွာ မတင်ဘဲ၊ ကျွန်ုပ်၏လက်ကိုသာလျှင် ကြည့်ရှုပြီးနောက် "ခက်တော့တာပဲ ကိုကျင်စိန်၊ ဒီကရှေ့ကို သတိဝီရိယနဲ့ နေကြမှ တော်မယ်၊ ဒီအကောင်က ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးကို သွားလျှောက်မယ်လို့ ခင်ဗျား ထင်သလား"

"ကျွန်တော့်အထင်တော့ လျှောက်လိမ့်မယ်လို့ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကို သူက တော်တော်မုန်းနေတဲ့ လက္ခဏာ ရှိတယ်"

"ဒါဖြင့် မဖြစ်ဘူး၊ ကျုပ်တို့က ဦးအောင် တစ်စုံတစ်ခု ပြုမှ တော်မယ်"

၎င်းနောက် ပထမ်သိန်းသည် ကျွန်ုပ်အား မည်သို့မှ မပြောဘဲ အခန်းတွင်း၌ စကြံလျှောက်ခါ အကြံထုတ်လျက်ရှိရာ၊ တစ်ခဏမျှကြာလျှင် ဦးပဥ္စင်းတစ်ပါးသည် အခန်းတွင်းသို့ ဝင်လာ၍ ကျွန်ုပ်တို့နှစ်ယောက်လုံးကို ဆရာတော်ကြီးက ဆွေ့လိုကြောင်းနှင့် ပြောဆိုခေါ်ငင်သဖြင့် ကျွန်ုပ်တို့လည်း ဦးပဥ္စင်းနှင့်အတူ သိုက်သွားကြရလေ၏။

ဆရာတော်ကြီး၏ အခန်းတွင်းသို့ ရောက်ကြသောအခါ ၂၀ ကျော်ခန့်မျှသော ဦးပဥ္စင်းများသည် အနီး၌ ဝပ်လျိုးခါ ရှိကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝရမ်းပြေး ဦးပဥ္ဇင်းမှာမူ ဆရာတော်ကြီးအပါး၌ ကပ်လျက် ဝပ်နေသည်ကို တွေ့ရှိရလေ၏။ ထိုအခြင်းအရာကို တွေ့မြင်ကတည်းက ပထမံသိမ်းသည် ကျွန်ုပ်၏မျက်နှာကို လှမ်း၍ကြည့်လိုက်ရာ၊ ကျွန်ုပ်မှာလည်း ပထမံသိမ်းဦးဆောင်ရာ စကားအတိုင်း နင်း၍လိုက်ချေအံ့ဟု ပြင်ဆင်လျက် နေရ၏။ ဆရာတော်ကြီးသည် ပထမံသိမ်းအား ၎င်း၏အနီးတွင် နေရာပေးပြီးနောက် ပြောသည်မှာ

"ကျွန်ုပ်တို့ တရုတ်လူမျိုးထုံးစံမှာ လူအချင်းချင်းမှာပင် အိမ်ရှင်က ညှော်သည်ကို စွပ်စွဲဖို့ များစွာ ခဲယဉ်းပါသည်။ အိမ်ရှင်ရဟန်းက ညှော်သည်ရဟန်းအား ရဟန်း အချင်းချင်း စွပ်စွဲဖို့မှာမူကား သာ၍ပင် ခဲယဉ်းပါသည်။ သို့ရာတွင် မဟာယနဂိုဏ်း အစည်းအဝေးကြီးသို့ ကြွရောက်မည့်ကိစ္စမှာ အထူးသဖြင့် အရေးကြီးသော သာသနာရေးကိစ္စ ဖြစ်သောကြောင့် အချင်းချင်း မျက်နှာကို ထောက်ထားခြင်းထက် သာသနာတော်၏ မျက်နှာကို ထောက်ထားဖို့တာဝန်က သာလွန်၍ ကြီးလေးလှပါသည်။ သို့ဖြစ်၍ ကျွန်ုပ်အား ဝတ္တရားအတိုင်း ဆောင်ရွက်ဖို့ ခွင့်ပြုတော်မူပါ" ဟု စကားခံသည်တွင် ပထမံသိမ်းက

"မိန့်တော်မူပါ အရှင်ဘုရား" ဟု လျှောက်ထား၏။

"ကျွန်ုပ်၏ တပည့်ဦးပဥ္ဇင်းက ဂိုဏ်းချုပ်ကြီး၏ ကပ္ပိယအပေါ်၌ စွပ်စွဲရန် ရှိပါသည်"

"စွပ်စွဲပါစေ အရှင်ဘုရား"

ထိုအခါ ဝရမ်းပြေး ဦးပဥ္ဇင်းက "ဂိုဏ်းချုပ်ကြီး၏ ကပ္ပိယသည် တရုတ်လူမျိုးအစစ် မဟုတ်ပါ၊ တရုတ်ကပြား ကျင်စိန်ဆိုသူ ဖြစ်ပါသည်"

"ကပြားဖြစ်ခဲ့လျှင် အကြောင်းမည်သို့ ထူးပါသနည်း" ဟု ပထမံသိမ်းက ဆရာတော်အား မေးလျှောက်သောအခါ ဆရာတော်က

"မဟာယနဂိုဏ်း အစည်းအဝေး၏ စည်းကမ်းမှာ ဤကြောင်းနှင့် စပ်လျဉ်း၍ အလွန်ကြပ်တည်းပါသည်။ အစည်းအဝေးသို့ ဝင်မည့်ပုဂ္ဂိုလ်မှာ တရုတ်လူမျိုးစစ်စစ် ဖြစ်ရမည့်အပြင်၊ အစည်းအဝေးသို့ ကြွရောက်မည့် ပုဂ္ဂိုလ်သည် တရုတ်လူမျိုး အစစ်မဟုတ်သူ တစ်ယောက်ကို စည်းဝေးရာဌာနသို့ ခေါ်ဆောင်သွား





ခရာက်ခြင်း မပြုရ ဟူသော စည်းကမ်းရှိပါသည်။ ထိုစည်းကမ်းကို ပြုလုပ်ရခြင်းမှာ လွန်ခဲ့သော ၁၀ နှစ်အခါက ပြုလုပ်ခဲ့သော အစည်းအဝေးပွဲတွင် ခရစ်ယာန်သာသနာပြု ဆရာတစ်ယောက်သည် ထိုအခါက ဂိုဏ်းချုပ်ကြီးကို တံစိုးလက်ဆောင်ပေး၍ ကပ်ရပ်လိုက်ပါသွားပြီးလျှင် အစည်းအဝေး ကျင်းပပုံများကို သတင်းစာမှ လှောင်ပြောင်ကဲ့ရဲ့ခြင်း ပြုခဲ့ဖူးသောကြောင့် နောက်နောင် ထိုကဲ့သို့ မဖြစ်ရစေရန် ဥပဒေဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်"

ပထမံသိမ်းက ဝရမ်းပြေး ဦးပဥ္ဇင်းအား "ကျွန်ုပ်၏တပည့်သည် အသင်ပြောသော ကျင်စိန်ဆိုသူဖြစ်ကြောင်း ခိုင်လုံသော သက်သေ ပြနိုင်သလော"

ဝရမ်းပြေး။ ။"ပြနိုင်ပါသည်"

သိမ်း။ ။"အကယ်၍ ပြနိုင်ခဲ့လျှင် တပည့်တော်၏ကိစ္စနှင့် ဘယ်သို့ သက်ဆိုင်ပါသနည်း အရှင်ဘုရား" ဟု ဆရာတော်ကြီးအား လျှောက်ထားသောအခါ၊ ဆရာတော်ကြီးက "စိတ်မရှိပါနှင့်၊ ဝတ္တရားအတိုင်း ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ စည်းကမ်းကို ချိုးဖောက်၍ တရုတ်မစစ်သူတစ်ယောက်ကို စည်းဝေးရာဌာနသို့ ခေါ်ဆောင်ခဲ့သော ပုဂ္ဂိုလ်အား ကျွန်ုပ် အကူအညီ မပေးနိုင်ပါ။ ကျွန်ုပ် ပြောရန်ရှိသော ညွှန်ကြားချက်များကို မပြောဘဲ ထားရပါမည်"

သိမ်း။ ။"ကောင်းလှပါပြီ အရှင်ဘုရား။ ဤကိစ္စမှာ အရေးကြီးလှသောကိစ္စ ဖြစ်ပါသောကြောင့် အခြားကျောင်းမှ ရဟန်းတော်များကိုပါ ပင့်ခေါ်၍ ရဟန်းအစုံအညီ အစည်းအဝေးတွင် စစ်ဆေးဆုံးဖြတ်တော်မူပါ၊ အခြားကျောင်းမှ ရဟန်းတော်များကို ပင့်ခေါ်ရန်အတွက် ယနေ့ အချိန်မရှိ ဖြစ်ပါသောကြောင့် နက်ဖြန် နံနက်စောစော စစ်ဆေးတော်မူပါ အရှင်ဘုရား" ဟု လျှောက်ထားသော အခါ ဆရာတော်ကြီးသည် ထိုလျှောက်ထားချက်ကို လျော်ကန်သင့်မြတ်ကြောင်းနှင့် ပြောဆိုပြီးနောက် ကျွန်ုပ်တို့အား အခန်းမှ ထွက်သွားခွင့် ပြုလိုက်လေ၏။

ထိုညဉ့်၌ ကျွန်ုပ်တို့သည် ဤအကြပ်အတည်းမှ လွတ်မြောက်စေရန် ဦးခေါင်းချင်းရိုက်မတတ် တိုင်ပင်ဆွေးနွေး၍ အကြံအစည် အမျိုးမျိုး ထုတ်ကြလေ၏။

ဝရမ်းပြေး ဦးပဥ္ဇင်းသည် ခိုင်လုံသောသက်သေ တင်ပြမည်ဆိုရာ၌ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



၏ လက်ကောက်ဝတ်တွင်ရှိသော အမာရွတ်ကို ပြမည့်အကြောင်းကိုကား သိရှိ၏။ သို့ရာတွင် ထိုအမာရွတ်ကို တစ်ညဉ့်အတွင်းတွင် ပျောက်ကွယ်အောင် ပြုလုပ်ဖို့မူကား မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့သည် ဝရမ်းပြေးကို လာဘ်ထိုး၍ ကျောင်းတော်ကြီးမှ ထွက်ပြေးစေဖို့ စီမံမည် အကြံနှင့် ၎င်းအား ရှာဖွေသော်လည်း ထိုသူသည် အခြားဦးပဉ္စင်းများနှင့် မခွဲဘဲ၊ ငါ၏အကြံ အောင်ချေတော့မည်ဟူသော မျက်နှာထားမျိုးနှင့် ရွှင်ပျစွာ ရှိနေသည်ကိုသာလျှင် တွေ့ရလေ၏။ ထိုအကြံကို လျှော့လိုက်ပြီးနောက် ပထမသိန်းသည် အခန်းထဲတွင် စကြံလျှောက်ရင်း အကြံထုတ်လျက်ရှိပြန်ရာ၊ သန်းခေါင်နီးသော အချိန်တွင်မှ အကြံတစ်ခု ရလာဟန်နှင့် ကျွန်ုပ်အနီးတွင် လာ၍ ထိုင်လေ၏။

အခန်း ၇

ဒီလိုဗျာ ကိုကျင်စိန်။ နက်ဖြန်ကျအောင် ကျုပ်တို့မစောင့်ဘဲ ဒီကနေ့ ည ထွက်ပြေးမယ်လို့ ဆိုလျှင်တော့ ဖြစ်နိုင်ရဲ့။ နို့ပေမယ့် နှစ်ပေါင်းများစွာ ငွေကုန်လူပန်းရှုံးမှုမက အသက်ကိုပါ အတန်တန်စွန့်ပြီး ကျုပ် လုံးပမ်းလာခဲ့ သမျှတွေဟာ မဟုတ်တဲ့ ဝရမ်းပြေးတစ်ယောက်အတွက်နဲ့ ခဲလေသမျှ သဲရေကျ ဖြစ်ရမယ်လို့ ကျုပ် မနေနိုင်ဘူးဗျာ။ ဒီတော့အခါ ကျုပ်တော့ဖြင့် နောက်ကို မဆုတ်တော့ဘူး။ အကြံမအောင်လို့ ကျုပ်ကို သုတ်သင်ပစ်ကြပေစေတော့။ ခင်ဗျားကို ကိုးပြီး ကျုပ်ဖြင့် ရှေ့ကိုသာ တိုးတော့မယ်ဗျာ"

"ကျွန်တော် ဆောင်ရွက်လို့ရမယ့် ကိစ္စဖြင့် စိတ်သာချပါ ဆရာ။ တတ်နိုင် ကျွန်တော် အားထုတ်ပါမယ်"

"ကျုပ် စိတ်ကူးလို့ရတဲ့ အကြံကတော့ ခင်ဗျားဆောင်ရွက်မှ ဖြစ်မယ့်အကြံ၊ ခင်ဗျား မအောင်မြင်ခဲ့လို့ရှိလျှင် ကျုပ်တော့ သေရစ်ရုံ ရှိတော့မှာပဲ"

"ပြောစမ်းဗျာ၊ မသေရစေပါဘူး၊ ကျွန်တော် ကြိုးစားပါမယ်"

"ကိုင်း နားထောင် ကျုပ်ပြောပြမယ်။ ခင်ဗျား ကျောင်းတော်ကြီးက အခုသွားပြီး ပီကင်းမြို့ကိုသွား။ တောင်ကြီး တောင်ဘက် နှစ်အိမ်ခြားမှာနေတဲ့ ရိုတ်ဆိုတဲ့ လူကို တွေ့အောင်ရှာ"

"နေပါဦးဗျာ၊ နေဝင် ဝင်ချင်း မြို့တံခါးပိတ်တယ် မဟုတ်လား။ မြို့တွင်းအောင် ကျုပ် ဘယ့်နှယ်လုပ်ပြီး ဝင်နိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ရိုးကို ကျော်တက်ရလိမ့်မယ်"

"မြင့်က မြင့်ပါဘိသနဲ့။ ဘယ့်နှယ်လုပ်ပြီး တက်နိုင်ပါမလဲ ဆရာ"

"တက်နိုင်တဲ့ နေရာတစ်ခု ကျုပ်တွေ့ထားတယ်။ ခင်ဗျား ဖျားနေတုန်းက မြို့ရိုးနား လျှောက်သွားရင်း၊ နောင် လိုလိုမယ်မယ် အသုံးချရန် အသုံးသဘောနှင့် မြို့ရိုးကို စုံစမ်းကြည့်တော့ တောင်ဘက်တံခါးရဲ့ အနောက်ဘက် အတောင် ၂၀ လောက် ဝေးတဲ့နေရာမှာ ကျောက်တုံးကြီးတွေဟာ ဒီပြင်နေရာက ကျောက်တုံးတွေထက် ကြီးလဲကြီးတယ်၊ ကြမ်းလဲကြမ်းတယ်၊ ခြေကုပ် ကောင်းကောင်း ရနိုင်တယ်ဗျ။ တချို့ဈေးသည်တွေဟာ အကောက်မပေးချင်လို့ သူတို့ကုန်စည်များကို ညအခါမှာ ဒီလမ်းက သွင်းတယ်လို့တောင် ကျုပ် သတင်းရတယ်။ ကောင်းပြီ။ မြို့ရိုးပေါ် ကျော်တက်ပြီးတဲ့နောက် ပတ်တရောင်နှင့် ဘာနှင့်များ တွေ့သွားလို့ရှိလျှင် ရက်ရက်ရောရောသာ ငွေပေးလိုက်၊ ခင်ဗျားကို သူတို့ မဖမ်းဘူး"

"နားလည်ပါပြီ ဆရာ"

"မြို့ထဲရောက်တော့ တောင်ကြီး တောင်ဘက် နှစ်အိမ်ခြားမှာနေတဲ့ လောရိတ်အိမ်ကိုသွား၊ လောရိတ်ကို အကျိုးအကြောင်း ပြောပြ။ ငွေ ၅၀၀ ကျပ် ပေးမယ်လို့ ကတိထားပြီး ကျုပ်ဆီကို မပါ ပါအောင် ခေါ်ခဲ့၊ ကျုပ်က ကျောင်းတော်ကြီးတောင်ဘက်တံခါးက စောင့်နေမယ်။ တံခါးကို ခေါက်၊ ခေါက်တဲ့အခါမှ ချောင်းဟန့်လိုက်၊ ကျုပ်က တံခါးကို ဖွင့်ပေးမယ်။ ကျောင်းတွင်းက အလုပ်အတွက် ကျုပ် တာဝန် ထားလိုက်၊ကျုပ် ကြည့်ပြီး စီမံထားနှင့်မယ်၊ အပြင်ကိစ္စကိုသာ ခင်ဗျားက နေရာကျအောင် ဆောင်ရွက်ခဲ့ပေတော့၊ ဟုတ်ပြီလား"

"ကောင်းပါပြီဆရာ"

"ကိုင်း ဒါဖြင့် လာဗျာ၊ အချိန်များများ မရဘူး၊ သန်းခေါင်ကျော်သွားပြီ"

ကျွန်ုပ်တို့သည် ကျောင်းပေါ်မှ ခြေသံမကြားအောင် ဆင်းလာကြ၍ ဝင်းတံခါးအနီးသို့ သွားကြရာတွင် ကွင်းပြောင်သော နေရာများကို ရှောင်ကွင်းလျက် မှောင်ရိပ်မှ သွားကြလေ၏။ တံခါးကြီးသို့ ရောက်ကြသောအခါ တံခါးစောင့် ဦးပဥ္စင်းသည် ကင်းစောင့်တဲကလေးအတွင်း၌ အိပ်ပျော်လျက်ရှိသည်ကို တွေ့ရ





သဖြင့် ကျွန်ုပ်တို့သည် သံမင်းတုန်းကြီးကို နှစ်ယောက် မ၍ တံခါးကိုဖွင့်၍ အပြင်သို့ ထွက်ကြလေ၏။

တံတိုင်းတစ်ထပ် ကျော်လွှန်ပြီးနောက်၊ ဒုတိယတံတိုင်း၌မူ တံခါးဝတွင် အစောင့်မရှိဘဲ တံခါးကို ပိတ်ရုံမျှ ပိတ်ဆို့ထားသည်ကို တွေ့ရလေရာ ကျွန်ုပ်တို့သည် ရှေးနည်းအတိုင်းဖွင့်၍ ဒုတိယတံတိုင်းကို ကျော်လွှန်ခဲ့ကြပြန်လေ၏။ တတိယတံတိုင်း၌မူကား တံခါးကို မင်းတုံးမချဘဲ သော့ခတ်ထားသည်ကို တွေ့ကြရလေ၏။

တံခါးကို ကျော်တက်ရန်မူကား တံခါးထိပ်၌ မုခ်ပေါက်သဖွယ် ဆောက်လုပ်ထားသောကြောင့် မဖြစ်နိုင်ချေ။ သို့ပါသော်လည်း အရာရာမျိုး၌ အမှတ်မဲ့မနေဘဲ သတိနှင့် ကြည့်ရှုမှတ်သားထားလေ့ရှိသော ပထမံသိန်းသည် ကျွန်ုပ်၏လက်ကို ကိုင်ဆွဲ၍ ခေါ်သွားပြီးလျှင် သစ်ပင်ကြီးတစ်ပင်ကို ပြလေ၏။ ထိုသစ်ပင်ကြီးမှာ တံတိုင်း၏အနီးတွင် ကပ်လျက် ပေါက်နေသည် ဖြစ်သောကြောင့် သစ်ပင်ပေါ်သို့ တက်ခဲ့လျှင် တံတိုင်းပေါ်သို့ ရောက်ဖို့ မခက်လှချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် စီစဉ်ဆသည့်အတိုင်း တိတိကျကျ ဆောင်ရွက်ခဲ့မည့်အကြောင်းနှင့် ပထမံသိန်းအား စောင့်ခဲ့ဖို့ ပြောပြီးနောက်၊ သစ်ပင်သို့ တက်လေ၏။ ခွဆုံသို့ ရောက်သောအခါ တံတိုင်းဖက်သို့သွားသော သစ်ကိုင်းကို လျှောက်သွား၍ တွဲရရွဲ ချလိုက်ရာတွင် တံတိုင်းပေါ်သို့ ခြေဖျားထောက်မိလေ၏။ထိုမှတစ်ဖန် ၁၂ ပေမျှမြင့်သော တံတိုင်းမှ မြေပေါ်သို့ရောက်အောင် ခုန်ချခြင်းမှာ မခဲယဉ်းလှချေ။

မြေပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ပီကင်းမြို့ဖက်သို့ မောင်းလာခဲ့ရာ ကွင်းပြင်ထဲ၌ မြင်းလွတ် ၂ စီးကို တွေ့ရ၏။ ထိုအခါ ခြေလျင်ပြေးရခြင်းထက် မြင်းနှင့် စိုင်းရခြင်းက လျင်မြန်မည်ဖြစ်သဖြင့် နွယ်ကြိုးတစ်ချောင်းကို ကျစ်ပြီးလျှင် မြင်းတစ်ကောင်ကို ချော့ဖမ်းရာ အလွယ်တကူနှင့်ပင် ဖမ်းမိလေ၏။ထိုနောက် နွယ်ကြိုးကို ဇက်ခွံ၍ ကုန်းမပါသော မြင်းပေါ်သို့ လွှားတက်ပြီးလျှင် ပီကင်းဘက်သို့ စိုင်းသွားလေရာ ကံအားလျော်စွာ စိတ်သဘောကောင်းသောမြင်း ဖြစ်သဖြင့် အလွယ်တကူ မောင်းနှင် စီးနင်းလာခဲ့နိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်တံခါးသို့ရောက်သောအခါ ကျွန်ုပ်သည် မြင်းကို သစ်ငုတ်တိုတစ်ခုတွင် ချည်ထားခဲ့ပြီးနောက် ပထမံသိန်း ညွှန်ကြားလိုက်သော နေရာကို ရှာဖွေရာတွင် ကျောက်တုံးကြီးများဖြင့် စီထားသော နေရာကို တွေ့ရ၏။ ကျောက်တုံးကြီးများ၏ အကြားတွင် ခြေလှမ်းလျှိုလျက် အထက်မှ ကျောက်တုံးများကို လှမ်းကိုင်ပြီးလျှင် တစ်လှမ်း နှစ်လှမ်း သုံးလှမ်းမျှ တက်ရခြင်းသည် လွယ်ကူသေး၏။ သို့ရာတွင် ခုလတ်သို့ ရောက်လာသော အခါ၌မူကား ကျောက်တုံးကြားများတွင် ခြေကုပ် ကောင်းစွာ မရနိုင်သည့်အပြင် အချို့သော နေရာများ၌လည်း လက်ကိုင်စရာပင်မှ မရနိုင်ဘဲ လက်သည်းဖြင့်သာလျှင် ကုပ်ခြစ်တွယ်ကပ်၍ ထားရလေရကား ချွေးစီးများ ပြန်လာလျက် အောက်လန် ကျလုဆဲဆဲပင် ဖြစ်နေခဲ့လေ၏။သို့ရာတွင် ရှေ့သို့ တက်ရန် မကြိုးစားသေးဘဲ အတန်ငယ်မျှ အမောပြေအောင် နားနေပြီးနောက်၊ အားသစ်လောင်း၍ တစ်ဖန်ပြန်တက်ပြန်ရာ ခဲယဉ်းစွာ အပေါ်သို့ ရောက်လာလေ၏။

ကျွန်ုပ်သည် အမောပြေအောင်မျှပင် မစောင့်ဆိုင်းဘဲ လှေကားမှဆင်းသွား၍ မြို့တွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် လုံကြီးကို ကိုင်ထားသော တရုတ်စစ်သားတစ်ယောက်သည် မှောင်ရိပ်မှ ထွက်လာ၍ ဖမ်းဆီးမည်ပြုလေရာ ကျွန်ုပ်က ငွေဒင်္ဂါးတစ်ဆုပ်ကို လက်တွင်းသို့ ထည့်ပေးလိုက်သောအခါတွင်မှ ထွက်သွားခွင့် ပေးလိုက်၏။

ထိုနေရာမှ တောင်ကြီးရှိသော အရပ်သို့ တစ်မိုင်နီးပါးမျှ ဝေးသေးသည်ဖြစ်ရာ ကျွန်ုပ်သည် လောရိတ်ကို အခန့်သင့် တွေ့ပါစေဟု ဆုတောင်းလျက် ခပ်သုတ်သုတ် လျှောက်လာခဲ့လေ၏။ တောင်ကြီးသို့ရောက်၍ တောင်ဖက်နှစ်အိမ်ခြားအိမ်ကို ရေတွက်ပြီးနောက် တံခါးကို ခေါက်သောအခါ၊ လူတစ်ယောက် ထွက်လာလေ၏။ ကျွန်ုပ်က လောရိတ်ပေလောဟု မေးသောအခါ ထိုသူက လောရိတ်၏အိမ်မှန်သော်လည်း လောရိတ်မူကား အိမ်၌မရှိကြောင်းနှင့် ပြောသောကြောင့် ဟိုက်ခနဲ ဖြစ်၍သွား၏။

ထိုအခါ ကျွန်ုပ်သည် ငွေတစ်ဆုပ်ကို ထိုသူ၏လက်ထဲသို့ ထည့်ပြီးနောက် လောရိတ်ရှိရာသို့ လိုက်ပို့ရန် ပြောရာတွင် ထိုသူသည် ငွေ၏မျက်နှာကြောင့် မငြီးမငြင် လိုက်၍ပို့ပေ၏။





ကျွန်ုပ်တို့သည် ရှေးဦးစွာ ပိုက်ကြူးဝိုင်းနှစ်ဝိုင်းသို့ ဝင်ရောက်စုံစမ်းကြ၏။ သို့ရာတွင် ကစားနေသော လူများက ယခုပင် လောရိတ်ပြန်သွားကြောင်းနှင့် ပြောလိုက်သဖြင့် စိတ်ပျက်စွာနှင့် ထွက်လာခဲ့ရ၏။ ယင်းကဲ့သို့ ကစားဝိုင်းတစ်ဝိုင်းမှ တစ်ဝိုင်းသို့ သတင်းနှာခံ လိုက်သွားသဖြင့် ထိုရပ်ကွက်၌ ကစားဝိုင်းပေါင်းများစွာ ရှာသော်လည်း လောရိတ်ကိုကား မတွေ့ရချေ။ နောက်ဆုံး ထိုသူသည် အကြံတစ်ခု ရလာဟန်နှင့် လာခဲ့သည့် လမ်းအတိုင်း ပြန်လာကြ၍၊ ဘိန်းခန်းတစ်ခန်းသို့ ဝင်ရောက်ရှာဖွေကြလေရာ၊ လောရိတ်ကိုမူကား တစ်ခုသောချောင်၌ တွေ့ပါ၏။ သို့ရာတွင် ဘိန်းမူးလျက်ရှိသည် ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ အကြံအစည်အတိုင်း ဆောင်ရွက်နိုင်ဟန် လက္ခဏာ မရှိချေ။

ထိုအခါ ကျွန်ုပ်က အတူလာသူအား လောရိတ်ကို ဘိန်းမူးပြေပျောက်အောင် လုပ်ပေးနိုင်ပါမူ ငွေထပ်၍ ပေးပါဦးမည်ဟုပြော၍ ငွေဒင်္ဂါးအချို့ကို လက်တွင်းသို့ထည့်ခါ တိုက်တွန်းရာတွင် ထိုသူသည် ဆေးတစ်ဆုပ်ကိုတောင်းပြီးနောက် လောရိတ်၏ ပါးစပ်တွင်းသို့ ခွံ့ထည့်၍ ရေနှင့် လောင်းချလေ၏။ တစ်ခဏမျှ ကြာလျှင် လောရိတ်သည် မျက်စိများဖွင့်၍ ကြည့်နိုင်သောအခြေသို့တိုင် ရောက်လာသည်နှင့် ကျွန်ုပ်က အပြင်သို့ တွဲခေါ်လာခဲ့လေ၏။

လမ်းအနည်းငယ် လျှောက်လိုက်ရသောအခါ၌မူကား လောရိတ်သည် အတော်ပင် ကြည်လင်စွာ ရှိလာသည်နှင့် ကျွန်ုပ်က ပထမံသိန်းက စေလွှတ်လိုက်သောလူ ဖြစ်ကြောင်းနှင့် ပြောပြလေ၏။ လောရိတ်သည် ပထမံသိန်းဟူသော အသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက်၊ဘိန်းမူးခြင်း လုံးလုံးပြေပျောက်၍ ကိစ္စကို မေးမြန်းလေရာ၊ ကျွန်ုပ်က လောရိတ်ကို တွေ့အောင်ရှာပေးသောလူကို ကျေးဇူးတင်ကြောင်းပြော၍ လွှတ်လိုက်ပြီးမှ ပထမံသိန်းမှာလိုက်သော ကိစ္စကို လောရိတ်အား ပြောပြလေ၏။

"ကျွန်ုပ်နဲ့ အတူလိုက်ခဲ့လို့ရှိလျှင် ခင်ဗျားကို ငွေ ၅၀၀ကျပ်ပေးမယ်တဲ့"

"ငွေပေးချင်ပေး မပေးချင်နေ၊ သူ့ခေါ်လျှင် ကျုပ် မငြင်းဘူး။ ချက်ချင်းလိုက်မယ်၊ လာသွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ကျွန်ုပ်နှင့် လောရိတ်တို့သည် ကျွန်ုပ်တက်လာခဲ့သော နေရာသို့ သွားကြလေရာ၊ ယခင်က စစ်သားသည် စောင့်လျက်ပင် ရှိနေသေး၏။ ကျွန်ုပ်သည် ထိုလူ၏လက်ထဲသို့ ငွေအနည်းငယ် ထည့်လိုက်သောအခါ၊ စစ်သားသည် ကျွန်ုပ်တို့အား သွားခွင့်ပြုသည်ဖြစ်၍ ကျွန်ုပ်တို့သည် မြို့ရိုးမှဆင်းရန် ပြင်ဆင်ကြလေ၏။ မြို့ရိုးကို တက်ခဲ့ရသောအခါ၌ ကျွန်ုပ်မှာ များစွာကြပ်တည်းခဲ့ယဉ်းခြင်းနှင့် ကြုံတွေ့ခဲ့ရသည်ဖြစ်ရာ၊ ဆင်းသောအခါ၌မူ တက်လာစဉ်ကထက် ၁၀ ဆမျှ ပို၍မိုခဲယဉ်းသည့်အဖြစ်ကို တွေ့ရှိရ၏။ ထိုအချိန်၌မူကား အထက်ကောင်းကင်၌ မိုးတိမ်များ ဖုံးအုပ်လျက်ရှိသည် ဖြစ်သောကြောင့် ကျောက်တုံးများ၏အကြားကို မမြင်နိုင်ဘဲ ခြေဖြင့် စော်ရမ်းခါသာလျှင် စမ်းသပ်ဆင်းသက်ကြရ၏။ တက်ရသော အချိန်၏ နှစ်ဆမျှကြာသောအခါ ကျွန်ုပ်တို့သည် မြေပြင်သို့ နှစ်ယောက်လုံး ဆိုက်ရောက်ကြ၍ ယခင်က သစ်ငုတ်တိုတွင် ချည်ထားခဲ့သော မြင်းကို ဖြုတ်ယူပြီးလျှင် ဘိန်းမူးခြင်းအရှိန်ကြောင့် ယိုင်တိုင်တိုင် ရှိနေသေးသော လောရိတ်ကို မြင်းပေါ်၌ စီးစေလျက်၊ ကျွန်ုပ်ကမူ မြင်းဇက်ကိုဆွဲကာ ရှေ့မှ ခြေကျင်လျှောက်၍ ပြေးရလေ၏။ ကျွန်ုပ် မောပန်းသောအခါတွင် လောရိတ်ကတစ်လှည့် ဆင်း၍ပြေးသဖြင့် ကျွန်ုပ်ကတစ်လှည့် မြင်းစီးခွင့် ရခဲ့၏။

ယင်းကဲ့သို့ တစ်ယောက်တစ်လှည့် စီးချည်တစ်ခါ၊ ပြေးချည်တစ်လှည့်နှင့် အချိန်မကုန်အောင် ခြေကုန်သုတ်ခဲ့ကြသည်ဖြစ်၍ ကျွန်ုပ်တို့သည် ၃ နာရီ ထိုးပြီးသည်နှင့် တစ်ပြိုင်နက်၊ ကျောင်းတော်ကြီး၏ တံခါးပေါက်သို့ ရောက်ကြလေ၏။ ကျွန်ုပ်သည် ပထမံသိန်းနှင့် အချက်ပေးထားသည့်အတိုင်း ချောင်းဟန့်လျက်တံခါးကိုခေါက်ရာတွင် သက်န်းများကို ကျစ်ထားသော ကြိုးတစ်ချောင်းသည် ကျွန်ုပ်တို့၏အနီးသို့ ကျလာလေ၏။ ကျွန်ုပ်တို့သည် ထိုကြိုးမှတွယ်လျက် တစ်ယောက်စီ တက်ကြ၍ တံတိုင်းပေါ်သို့ရောက်ကြသောအခါ၊ ယခင်က သစ်ပင်ကြီးမှလျှောဆင်း၍ ကျောင်းဝင်းအတွင်းသို့ ရောက်ကြလေ၏။ ဒုတိယတံတိုင်း၌ရှိသော တံခါးမှာမူ အစောင့်မရှိသောကြောင့် အလွယ်တကူနှင့် ဝင်ခဲ့နိုင်ကြ၏။ အတွင်းဆုံးဖြစ်သော တံတိုင်းတံခါးမှာမူ အစောင့်ပင်ရှိသော်လည်း အိပ်ပျော်လျက်ပင် ရှိနေသေးသည်





ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် တံခါးပေါက်မှ ဝင်လာ၍ မင်းတုံးကြီးကို နေရာ ဘကျ ချထားပြီးသည့်တိုင်အောင် နိုးကြားခြင်းမရှိဘဲ ဟောက်လျက်ပင် ရှိလေ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် လှေကားတစ်လျှောက် ခြေသံမကြားစေရအောင် ဖြည်းညင်းစွာ လျှောက်လာကြ၍ ကျွန်ုပ်တို့အား ပေးထားသော အခန်းတွင်းသို့ ရောက်ကြသောအခါမှ အသက်ရှူနိုင်ခွင့် ရကြလေ၏။ ထိုအခါ ပထမံသိန်းသည် ကျွန်ုပ်၏ လက်နှစ်ဖက်ကို သူ၏ လက်နှစ်ဖက်နှင့် ဆွဲကိုင်ကာ အားပါးတရလှုပ်ခါလျက် "ကျုပ်အသက်ကို ခင်ဗျားကယ်ဆယ်တာ နှစ်ကြိမ်ရှိပေပြီ ကိုကျင်စိန်၊ ခင်ဗျားကျေးဇူးကို ကျုပ်မမေ့ဘူး၊ စိတ်သာချ။ လာဟေ့ လောရိတ်" ဟု ပြောပြီးလျှင် သေတ္တာကလေးတစ်လုံးကိုဖွင့်၍ စုတ်တံနှင့် ဆေးခွက်များကို ပြင်ဆင်လေ၏။ ထိုနောက် ပထမံသိန်းသည် ကျွန်ုပ်၏မျက်နှာကို တစ်ချက်တစ်ချက် လှည့်ကြည့်၍ လောရိတ်၏မျက်နှာကို စုတ်တံဖြင့် ရေးခြယ်လေရာ၊ ၁၅ မိနစ်ခန့် ခြယ်လှယ်ပြီးသောအခါတွင် ကျွန်ုပ်နှင့် လောရိတ်တို့ကို အဝတ်ချင်း လဲလှယ် ဝတ်ဆင်စေ၏။

ငင်းနောက် ပထမံသိန်းသည် ရုပ်ဖျက်ခြင်းကိစ္စအတွက် ဆောင်ယူလာခဲ့သော ခါးပိုက်ဆောင် မှန်ကလေးကိုထုတ်၍ ကျွန်ုပ်တို့အား ပြသဖြင့်၊ ကျွန်ုပ်တို့သည် တစ်ယောက်၏မျက်နှာကို တစ်ယောက် ကြည့်ချည်တစ်ခါ၊ မှန်ကို ကြည့်ချည်တစ်လှည့် ပြုကြသောအခါတွင်၊ တစ်ယောက်နှင့်တစ်ယောက်မှာ အရေကိုခွာ၍ ငုံ၍ပေးလိုက်ဘိသကဲ့သို့ တူညီလှသည် ဖြစ်သောကြောင့် ရယ်ချင်မတတ် ဖြစ်နေကြရလေ၏။ စင်စစ်မှာ အသက်ဘေးအတွက် စိုးရိမ်နေရသော အချိန်အခါ မဟုတ်ခဲ့ပါလျှင်၊ အူတက်မတတ် ရယ်မောကြမည် ဖြစ်လေသည်။ လောရိတ်နှင့် ကျွန်ုပ်မှာ လုံးလုံးလူထယ်နှင့် အရပ်အမောင်းမှတစ်ပါး တူညီသောအကွက် တစ်ကွက်မျှ မရှိသော မျက်နှာနှစ်ခုကို စုတ်တံနှင့် လေးငါးဆယ်ချက် ရေးခြစ်ခြယ်လှယ်လိုက်ရုံမျှနှင့် ခွဲမရနိုင်လောက်အောင် ဤမျှလောက် တူညီသောအဖြစ်သို့ ရောက်နိုင်ခြင်းမှာ အံ့သြခြင်း မဆုံးနိုင်အောင် ရှိပေ၏။

ထို့ပြင် ဂါထာမန္တရားအတတ်နှင့် စိတ်ဖြင့် ညှို့ခြင်းတည်းဟူသော အတတ်အပြင်၊ လူတစ်ယောက်နှင့်တစ်ယောက် တူညီအောင် ခြယ်လှယ်နိုင်ပေသော ပထမံ



www.burmeseclassic.com

www.burmeseclassic.com



သိန်း၏ အတတ်မျိုးစုံခြင်းကိုလည်း ကျွန်ုပ်၏စိတ်ထဲ၌ အံ့သြ၍ မကုန်နိုင်အောင် ရှိခဲ့ပေ၏။ ကျွန်ုပ်၏စိတ်၌မူ အရေးကြီး၍ တတ်အပ်သောအတတ် မှန်ခဲ့လျှင် ပထမံသိန်း မခေါက်မိသောအတတ် မရှိဟူ၍ပင် ထင်မြင်မိပေသည်။

ပထမံသိန်းသည် ကျွန်ုပ်တို့နှစ်ယောက်ကို ယှဉ်၍ကြည့်ပြီးနောက် "ခင်ဗျားတို့နှစ်ယောက် တူတာတော့ ဟုတ်ပြီ၊ သို့သော် ကိုကျင်စိန်ကို ရုပ်ပြောင်းပေးဖို့ လိုသေးတယ်" ဟု ပြောပြီးလျှင် ကျွန်ုပ်၏ မျက်နှာကို စုတ်တံဖြင့် လေးငါးဆယ် ချက်မျှ ထိုမှ ဤမှ ရေးခြစ်ခြယ်လှယ်လေ၏။ နောက်ဆုံး၌ ကျွန်ုပ်အား မှန်ကလေးကို ပြသဖြင့် ကြည့်လိုက်သောအခါ၊ ကျွန်ုပ်မှာ နဂိုရုပ် အလျဉ်းမရှိတော့ဘဲ မည်သည့်အခါကမျှ ကျွန်ုပ် မမြင်ဘူးရ ဟူ၍ အောက်မေ့ရသော လူတစ်ယောက် အဖြစ်သို့ ပြောင်းလဲသွားလေ၏။

ကျွန်ုပ်သည် လောရိတ်အား ကျွန်ုပ်တို့၏ အကြံအစည်အကြောင်းကို အတော်အတန် ပြောပြခဲ့ပြီးဖြစ်ရာ ပထမံသိန်းက လိုသမျှ အချက်ကလေးများကို ထပ်လောင်းဖြည့်စွက် သွန်သင်လေ၏။ နောက်ဆုံး၌ ကျွန်ုပ်က

"အမာရွတ် ကျန်ပါသေးကော ဆရာ"

"လုပ်ပေးပါ့မယ် မမေ့ပါဘူး"

ထိုကဲ့သို့ ပြောပြီးနောက် ပထမံသိန်းသည် ၎င်း၏ ဆေးသေတ္တာမှ ကြပ်စည်းသော ကိရိယာများကို ထုတ်ယူ၍ အမာရွတ်ရှိသော ကျွန်ုပ်၏ လက်ဝဲဘက် လက်ကို ကြပ်စည်းပေးပြီးလျှင် အဝတ်နှင့် လက်ကို ပခုံးတွင် သိုင်းပေးလေ၏။

အရုဏ်တက်သည်နှင့် တစ်ပြိုင်နက် ကျောင်းတော်ကြီးမှ ကုလားတက် ခေါက်၍ ဝင်းတံခါးကြီးများကို ဖွင့်လိုက်လေရာ၊ မြို့တွင်းမှ လူအမြောက်အမြားသည် ဘုရားဝတ်ပြုရန် ဝင်ရောက်လာကြ၍၊ ၎င်းတို့နှင့်အတူ အကျိုးအကန်း စသော သူတောင်းစားများသည်လည်း ကျောင်းမှ စွန့်ပစ်သော ဆွမ်းတော်တင်များကို ကောက်ယူရန်လိုက်ပါလာကြ၏။ ထိုသူတောင်းစားများအနက်တွင် ကျွန်ုပ်ကဲ့သို့ပင် လက်ကို ကြပ်စည်းထားသူများမှာလည်း သုံးယောက်ထက်မနည်း ပါလာလေ၏။ သို့ဖြစ်၍ ပထမံသိန်း၏ သွန်သင်ချက်အတိုင်း ကျွန်ုပ်သည် အပြင်မှဝင်လာကြ





သော လူများနှင့်ရောနှော၍ အခန်းမကြီးထဲတွင် မယောင်မလည် လှည့်လည်ကြည့် ...ကြ်ရှိ၍ ကျွန်ုပ်အား မည်သူကမျှ ထူးကဲပိုမို၍ ဂရုမစိုက် အမှတ်မထားကြချေ။

အနီးအပါးရှိ ကျောင်းများမှ ပင့်ဖိတ်ထားသော ရဟန်းများသည် မိုးလင်း ...ည်နှင့်တစ်ပြိုင်နက် ဆိုက်ရောက်လာကြ၍ ခန်းမကြီးထဲတွင် စုရုံး စောင့်ဆိုင်း ...ကြ်ရှိရာ၊ ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးလည်း ယမန်ညဉ့်က အမှုကို ဆုံးဖြတ်ရန် မိမိ ...ကျောင်းမှ ဦးပဉ္စင်းများနှင့် တကွ ကြွရောက်လာလေ၏။

ပရိတ်သတ်တို့သည် အရေးကြီးသော အမှုကို နားထောင်သော သူတို့၏ ...ခံအတိုင်း လည်ပင်းတမော့မော့နှင့် ရှိနေကြစဉ် ဦးပဉ္စင်းနှစ်ပါးသည် ကျွန်ုပ်အား ...င်ခဲ့သော ဝရမ်းပြေးဦးပဉ္စင်းကို တရားခွင်သို့ သွင်းခဲ့လေ၏။

ငါက နိုင်ရမည် မုချတည်းဟူသော မျက်နှာမျိုးနှင့် ရဲရင့်စွာ ထွက်လာသော ...မ်းပြေးကို မြင်မိသောအခါ ကျွန်ုပ်မှာ ပြုံးမိသေး၏။ ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးက ...ဉ်းစွာ မိန့်မြွက်သဖြင့် ဝရမ်းပြေးက တစ်ခွန်းနှစ်ခွန်း ပြန်ကြား လျှောက်ထားရာ ...ွင် ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးသည် ပထမံသိန်းဘက် လှည့်၍ တစ်ခွန်းနှစ်ခွန်း ...ပြာလိုက်၏။

ထိုအခါ ပထမံသိန်းသည် တည်ငြိမ်လှစွာသော အသံဖြင့် ဝရမ်းပြေး၏ ...်နှာကို စေ့စေ့ကြည့်လျက် ပြောသည်မှာ

"အလဇ္ဇီရဟန်း၊ သင်သည် ကောက်ကျစ်စဉ်းလဲသော အကြံအစည် ...ည်ဖြစ်၍ ကျွန်ုပ်၏တပည့်အား မဟုတ်မတရား စွပ်စွဲခဲ့ချေပြီ၊ ကျွန်ုပ်သည် ...င်းမစွမ်း ရှိနေပြီ ဖြစ်သော်လည်း သင်၏ ယုတ်မာဆိုးသွမ်းသော အကြံအစည် ...ည် ဘွင်းဘွင်းကြီးပေါ်သောအခါ သင့်အား မကောင်းကျိုးပေးရန် နှောင့်နှေးခြင်း ...ည် မထင်လေနှင့်၊ သတိနှင့် စွပ်စွဲလေ"

ထိုနောက် ပထမံသိန်းသည် အနီးတွင်ရှိနေသော ဦးပဉ္စင်းတစ်ပါးအား ...းတီးတိုး ပြောလိုက်ရာတွင် ဦးပဉ္စင်းသည် အပြင်သို့ထွက်သွား၍ တစ်ခဏမျှ ...သောအခါတွင် ကျွန်ုပ်အသွင် ရှိနေသော လောရိတ်ကို အခန်းတွင်း... ...ာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းနောက် လောရိတ်နှင့် ဝရမ်းပြေးတို့သည် တရားသူကြီးဖြစ်သော ကျောင်းထိုင်ပုဂ္ဂိုလ်ကြီး၏ တစ်ဖက်တစ်ချက် မျက်နှာချင်းဆိုင် ထိုင်လျက် ရှိကြ လေ၏။

ထိုအချိန်၌မူကား အလင်းရောင်သည် လောရိတ်ရပ်နေသော နေရာသို့ ကောင်းစွာ မရောက်နိုင်သည် ဖြစ်သောကြောင့် လောရိတ်၏မျက်နှာမှာ မှောင်ရိပ် ကျကျ ဖြစ်နေလေ၏။ ဤအချိန်၌ တရားစစ်ဆေးဖို့ ချိန်းဆိုခြင်းမှာလည်း ပထမံ သိန်း၏ ဉာဏ်သွားခြင်းပေတည်း။

တရားသူကြီးသည် ဝရမ်းပြေးအား စွပ်စွဲရန်ရှိသမျှ စွပ်စွဲဖို့ အမိန့်ပေး လေရာ ဝရမ်းပြေးက "ကျွန်ုပ်နှင့် ယောင်ကောင်မြို့တွင် တွေ့ဆုံခဲ့ဖူးပုံကို လည်း ကောင်း၊ ကျွန်ုပ် တည်းခိုသောအိမ်ကို ဖောက်ထွင်းဝင်ရောက်ပုံကို လည်းကောင်း ကျွန်ုပ်နှင့် ထွေးလုံး သတ်ပုတ်ကြ၍ ကျွန်ုပ်၏လက်ဝဲဘက်လက်ကို ဓားနှင့် ထိုး ထွက်ခဲ့ပုံကို လည်းကောင်း၊ကျွန်ုပ်မှာ တရုတ်စစ်မဟုတ် ကပြားမျှသာဖြစ်၍ အမည် မှာ ကျင်စိန် ဟူ၍ ခေါ်ကြောင်းကို လည်းကောင်း"ပြောပြီးလျှင် လောရိတ်အား ငြင်းနိုင်လျှင် ငြင်းကွယ်လော့ ဟူ၍ စိတ်ချလက်ချ ပိုင်ပိုင်နိုင်နိုင် စွပ်စွဲလေ၏။

သူ၏စကား အဆုံး၌ ပထမံသိန်းသည် တရားသူကြီးအား လျှောက်ထား သည်မှာ

"အရှင်ဘုရား၊ အရှင်သည် ဤအလဇ္ဇီ ရဟန်း၏ စွပ်စွဲချက်ကို ကြား တော် မူရပါပြီ၊ထိုသူသည် ကျောင်းတော်ကြီး၏အရိပ်ကို ခိုလှုံနေသဖြင့် မင်းပြစ် ဒဏ်မှ လွတ်ကင်းချမ်းသာခွင့် ရနေသော်လည်း သူ၏ဖြောင့်ချက် အရပင်လျှင် သိက္ခာ သမာဓိရှိသူ မဟုတ်သောကြောင့် ထိုသူ၏စကားကို ယုံကြည်ထိုက် မယုံ ကြည်ထိုက် ဆင်ခြင်သင့်ပါသည်။ ထိုသူက တပည့်တော်၏ကပ္ပိယကို တရုတ်လူမျိုး အစစ်မဟုတ် ဟူ၍ စွပ်စွဲသော စကားမှာ အလျဉ်းမမှန်ပါ။ ထိုသူသည် မိမိစကား မှန်ကန်ကြောင်းကို ခိုင်လုံသော သက်သေခံချက် ပြနိုင်ပါလျှင် တပည့်တော်၏ ကပ္ပိယသည် တပည့်တော်အား လှည့်ဖြားကြောင်း ထင်ရှားပေသဖြင့် ထိုက်သင့် သော အပြစ်ဒဏ်ကို ပေးသင့်ပါသည်။ သို့မဟုတ်ဘဲ ခိုင်လုံသော သက်သေခံ





ချက် မပြနိုင်ဘဲလျက် တပည့်တော်တို့အား နှောင့်ယှက်လိုသော အကြံအစည်နှင့် မဟုတ်မတရား စွပ်စွဲခြင်း ဖြစ်ခဲ့ပါလျှင် အရှင်ဘုရား၏တပည့်ကို တပည့်တော်၌ အခွင့်အာဏာ ရှိသည့်အတိုင်း အပြစ်ပေး ဆုံးမ,ရ ပါလိမ့်မည်ဘုရား"

ထိုအခါ ဝရမ်းပြေးက "သူ၏လက်မောင်းကို လှန်၍ကြည့်တော်မူပါ၊ တပည့်တော်၏ဓားဒဏ်ရာ အမာရွတ် ရှိပါသေးသည်" ဟု လျှောက်ထား၏။

ထိုအခါ တရားသူကြီးဖြစ်သော ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးသည် "လာလှည့်၊ ငါ စစ်ဆေးကြည့်ရှုမည်" ဟု ပြောလျက် အခန်းတစ်ခန်းအတွင်းသို့ ခေါ်သွားလေ ရာ ငှင်းတို့နှင့်အတူ ဦးပဉ္ဇင်းနှစ်ပါးလည်း ပါသွားကြ၏။

တရားသူကြီး၊ တရားခံနှင့်တကွ ဦးပဉ္ဇင်းနှစ်ပါးတို့သည် အခန်းအတွင်း၌ ၁၅ မိနစ်ကြာအောင် ဝင်နေကြသောအခါ ကျွန်ုပ်မှာ ရင်ဖိုလိုက်ခြင်း ရှိသော်ငြား လည်း ပထမံသိန်းမူကား ငြိမ်သက်သော ဣန္ဒြေဖြင့် ရေတည်တည်သို့သာလျှင် ကြည့်ထိုင် နေလေ၏။

နောက်ဆုံး၌ တရားသူကြီးနှင့် တရားခံသည် အခန်းတွင်းမှ ထွက်လာ ကြ၍ တရားသူကြီးသည် မိမိ၏ နေရာ၌ တစ်ဖန်ထိုင်ပြီးလျှင် တောင်ဝှေးနှင့်ကြမ်း ကို ဆောင့်လိုက်ရာ တီးတိုးစကား ပြောနေကြသော ပရိတ်သတ်များသည် တိတ် ဆိတ်စွာ ရှိနေကြလေ၏။

ထိုအခါ တရားသူကြီးက "ငါနှင့်တကွ ငါ့တပည့်နှစ်ယောက်သည် တရားခံကို သေချာစွာ စစ်ဆေးကြည့်ရှုရာ စွပ်စွဲချက်သည် အလျဉ်းမမှန်ကန် ကြောင်း တွေ့ရှိရသည်ဖြစ်သောကြောင့် မတရားစွပ်စွဲသောသူကို ဂိုဏ်းချုပ်ကြီး အလိုရှိရာ ပြုစေဖို့ ငါ အပ်နှင်းလိုက်သည်"ဟု မိန့်မြွက်လေ၏။

ထိုအခါ ပထမံသိန်းသည် ဝရမ်းပြေးကို ရှေ့သို့ခေါ်ပြီးမှ "ငါတို့ကို မတရားသောအကြံနှင့် နှောင့်ယှက်လိုသော အလဇ္ဇီရဟန်း၊ ရှေ့သို့ တိုးဦးလော့" ဟု တည်ငြိမ်သော အသံဖြင့် ပြောလိုက်သည်တွင်၊ ထိုသူသည် ဒူးများ ဆတ်ဆတ် တုန်လျက် ရှေ့သို့တိုး၍ ရပ်နေ၏။

ပထမံသိန်းသည် ထိုသူ၏ မျက်နှာကို စေ့စေ့ကြည့်လျက် ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆန့်တန်းပြီးလျှင် ထိုသူ၏ ဦးခေါင်းပေါ်၌ တည့်တည့်ထိုး၍ ထားလေရာ၊ ထိုသူမှာ စပါးကြီးမြွေ ညှို့ထားသော ယုန်ငယ်ကဲ့သို့ မလှုပ်မရှား ရပ်လျက်နေ၏။ ထို့နောက် ပထမသိန်းသည် လက်ညှိုးကို အောက်သို့ ရွေ့လာခဲ့၍ ထိုသူ၏ ဦးခေါင်းအောက်သို့ ရောက်အောင် နှိမ့်ဆင်းသွားလေရာ၊ ထိုသူသည် ဦးခေါင်းကို လက်ညှိုးနှင့် တပါတည်းလိုက်၍ ငုံ့လျှိုးသွားသည်ဖြစ်သောကြောင့် နောက်ဆုံး၌ ခါးကုန်းလျက် ရပ်နေလေ၏။

"မြင်ရဲ့လား၊ ကျွန်ုပ်၏အာဏာကို သင် မလွန်ဆန်နိုင်ပြီ။ ကျွန်ုပ်က လှုပ်ရှားခွင့် မပြုလျှင် သင် မလှုပ်ရှားနိုင်ပြီ"ဟု ပြောရာတွင်၊ဝရမ်းပြေးသည် မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် ကြည့်နေရှာ၏။

"သင် မတ်မတ် ရပ်နိုင်သေးရဲ့လား၊ စမ်းကြည့်စမ်း"

"မရပ်နိုင်တော့ပါ" ဟု ပြောလျက် ချွေးများ စီး၍ ကျလာလေ၏။

ပရိတ်သတ်အားလုံးမှာမူ ပါးစပ်ဟ,ကာ စိုက်ငေးလျက် ကြည့်နေကြ၏။

"ကျွန်ုပ်မျက်နှာကို ကြည့်စမ်း"

ထိုသူ ခိုင်းစေသည့်အတိုင်း မျက်နှာကို မော့ကြည့်၏။

"နက်ဖြန် ယခုအချိန် မတိုင်မချင်း သင်သည် မတ်မတ်ရပ်ခြင်းငှာ မတတ်နိုင်ပြီ။ နောက်နောင်အခါ၌ ကိုယ့်ထက် မြင့်မြတ်သော သူများကို မဟုတ်မတရား စွပ်စွဲခြင်း မပြုဝံ့လေအောင် ကျွန်ုပ် အပြစ်ဒဏ် ပေးခဲ့သည်။တစ်နေ့ပတ်လုံး ခါးကုန်း၍ နေပါစေ။ မတ်မတ် မရပ်နိုင်ပါစေနှင့်။ တော်ပြီ၊ သွားတော့"

ထိုသူသည် ပရိတ်သတ်၏ အလယ်၌ ခါးကုန်းလျက်ပင် ထွက်သွားလေရာ၊ ပရိတ်သတ်အားလုံးတို့မှာ ဂိုဏ်းချုပ်ကြီး ပညာစွမ်းကို ချီးမွမ်းပြောဆိုလျက် ကျန်ရစ်ကြလေ၏။

ထိုအခါ ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးသည် ပထမသိန်းဘက်ကို လှည့်၍ "စွမ်းပါပေသည် ဂိုဏ်းချုပ်ကြီး။ ထို့ကြောင့်လည်း ထေရ်ကြီး ဝါကြီးများကို ကျော်လွန်၍ ဂိုဏ်းချုပ်ကြီးအရာ၌ ရွေးကောက် ခန့်ထားကြဟန် တူပါပေသည်။ သက်သေခံပစ္စည်းကိုလည်း ယုံပါ၏။ ပညာစွမ်းကိုလည်း ယုံကြည်ပါ၏။ မဟာယန





ဂိုဏ်း အစည်းအဝေးကြီးသို့ ကြွရမည့်ခရီးစဉ်ကို ကျွန်ုပ် ညွှန်ပါတော့မည်။ ကြွတော်မူပါ"ဟု မိန့်မြွက်၍ အတွင်းဆောင်သို့ ခေါ်သွားလေရာ၊ တခြားကျောင်းမှ ဦးပဉ္စင်းများလည်း အသီးအသီး ကန်တော့၍ ပြန်သွားကြလေကုန်၏။

ပထမသိန်းသည် ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးနှင့် ဆွေးနွေးလျက်ရှိစဉ်၊ ကျွန်ုပ်နှင့် လောရိတ်တို့သည် ကျွန်ုပ်၏ အခန်းတွင်း၌ တွေ့ဆုံကြ၍ အဝတ်များ ဘင်ဖန် လဲလှယ်ကြလေ၏။ ထို့နောက် ကျွန်ုပ်သည် လောရိတ်အား ကတိထားခဲ့သောငွေကို အပ်ပြီးနောက်၊ လောရိတ်အား အမှတ်မဲ့ ကျောင်းပြင်သို့ ထွက်သွားစေပြီးလျှင် ပထမသိန်းအား စောင့်ဆိုင်းလျက်ရှိရာ တစ်နာရီခန့်မျှ ကြာသောအခါတွင် ပထမသိန်းသည် ရွှင်ပြုံးသော မျက်နှာ ထားနှင့် အခန်းတွင်းသို့ ဝင်လာ၍ တံခါးကို လုံခြုံစွာ ပိတ်ထားလိုက်ပြီးမှ၊ "နေရာကျပြီ မောင်ကျင်စိန်။ မြေပုံနှင့်တကွ ခရီးစဉ်ရော၊ စကားဝှက်တွေရော အစုံအလင် ရခဲ့ပြီ။နက်ဖြန် နံနက်စောစော ကျုပ်တို့ ထွက်ကြရုံပဲ ရှိတော့တယ်"

"တိဘက်ပြည်ကိုလား"

"ဒါပေါ့ ကိုကျင်စိန်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈

နောက်တစ်နေ့ နံနက်စောစော၌ ပထမံသိန်း တင်ကူးစီး မှာထားသော မြင်းများနှင့် နောက်ပါနှစ်ယောက်တို့သည် တံတိုင်းအပြင်ဘက်မှ စောင့်ဆိုင်းလျက်ရှိကြလေရာ ကျွန်ုပ်တို့သည် နံနက်စာကို လျင်မြန်စွာ စားသောက်၍ ကျောင်းထိုင် ပုဂ္ဂိုလ်ကြီးအား ကန်တော့ နှုတ်ဆက်ကြလေ၏။ (တရုတ်ဘုန်းတော်ကြီး များမှာ မြန်မာဘုန်းတော်ကြီးများနှင့် ဝိနည်းသိက္ခာပုဒ် ထိန်းသိမ်းရာတွင် ခြားနားခြင်း ရှိသည်ဖြစ်၍ မြင်းစီးသောထုံးစံ ရှိလေသည်။)

ကျွန်ုပ်တို့သည် ကျောင်းတော်ကြီးမှ မြင်းများနှင့် ထွက်လာကြ၍ ထူးခြားသော အဖြစ်အပျက် တစ်စုံတစ်ရာမျှ မတွေ့ရဘဲ မွန်းတည့်အချိန်တိုင်အောင် ခရီးသွားကြပြီးလျှင် နေပြင်းသော မွန်းတည့်ချိန်တွင် ရှေးကနည်းတူ သစ်ပင်ရိပ်၌ နားနေကြ၍ နေချိုသောအခါတွင် ခရီးဆက်၍ သွားကြပြန်လေ၏။ နေဝင်လုဆဲဆဲအချိန်တွင် ဟိုရန်လိုအမည်ရှိ ခံတပ်မြို့သို့ ဆိုက်ရောက်ကြ၍ ထမင်းဆိုင်တစ်ဆိုင်တွင် ညဥ့်အိပ်ကြလေရာ ထိုနေ့အတွက် ၃၆ မိုင်ခန့်မျှ ခရီးပေါက်ခဲ့ကြ၏။

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်တို့သည် နံနက်စာ စားသောက်ပြီးကြ၍ ပထမံသိန်းသည် ထမင်းဆိုင်ရှင်နှင့် လမ်းခရီးအကြောင်းကို စုံစမ်းလျက်ရှိစဉ် ကျွန်ုပ်သည် အစေခံများ မြင်း ပြင်နေခိုက်ဖြစ်သဖြင့် အပျင်းပြေသောမျိုးနှင့် အိမ်၏အခြေအနေကို လှည့်ပတ်ကြည့်ရှုကာ ရှိနေသည်တွင် အိမ်၏နံဘေးရှိ





ခေါ်းအနီး၌ စကားတီးတိုးပြောလျက် တိုင်ပင်နေကြသော လူနှစ်ယောက်ကို ရုတ်ခနဲ မြင်လိုက်ရ၏။

ထိုသူတို့သည် ကျွန်ုပ်ကို မြင်သောအခါတွင် တံခါးပေါက်မှ အတွင်းသို့ ဝုန်းခနဲ ဝင်သွားကြသော်လည်း ကျွန်ုပ်သည် ထိုလူ ၂ ယောက်၏ အင်္ဂါရုပ်ကို အကဲခတ်ဖို့ အချိန်ရလိုက်သေး၏။

ထို ၂ ယောက်အနက် တစ်ယောက်မှာ အရပ်မြင့်မြင့် ဖြစ်၍ တစ်ယောက်မှာ ခပ်ပုပုဖြစ်လေရာ မြင့်မြင့်လူကိုမူ ရှေးက မမြင်ဘူးသော်လည်း ပုပုလူ၏မျက်နှာကိုမူကား မြင်ဘူးသည်ဟူ၍ တွေးထင်မိ၏။ ကျွန်ုပ်သည် ထိုသူကို မည်သည့်အရပ်၌ မြင်ဘူးချေသနည်းဟု တွေးတောလျက်ရှိနေစဉ် ကျွန်ုပ်တို့၏ အစေခံက မြင်းများ ပြင်ပြီးပြီ ဖြစ်သဖြင့် အဆင်သင့် စောင့်နေကြောင်းနှင့် လာရောက်ပြောဆိုသည် ဖြစ်၍ ကျွန်ုပ်သည် မြင်းများရှိရာသို့ ပြန်လာခဲ့ရာ ပထမံသိန်းမှာ မြင်းပေါ်သို့ပင် ရောက်နေနှင့် ခဲ့လေပြီ။

ပထမံသိန်းသည် ထုံးစံအတိုင်း ရှေ့ဆုံးမှ သွား၍ ကျွန်ုပ်နှင့် အစေခံများက နောက်မှ လိုက်ပါကြလေရာ တောင်ကြား၌ရှိသော စမ်းချောင်းတစ်ချောင်းကို ဖြတ်ကျော်ပြီးနောက်၊အခြားဘက်ရှိ ကုန်းမြင့်ပေါ်သို့ တက်လာကြသောအခါတွင် မြောက်ဘက်အရပ်၌ရှိသော တောင်တန်းကြီးများကို အဝေး၌ ရေးရေး မြင်ကြရလေ၏။ မွန်းတည့်ချိန်တွင် ကျွန်ုပ်တို့သည် ထိုတောင်တန်းသို့ ရောက်ကြ၍ တောင်ခြေတွင် အတော်အတန် ထင်ရှားစွာရှိနေသော လမ်းကလေးတစ်လျှောက် လိုက်သွားကြလေရာ၊ လမ်း၌မူကား ခြင်းတောင်းများကို ထမ်းလာသော ဈေးသည် ခရီးသည် နှစ်ဦး သုံးဦးမှတစ်ပါး အခြားသူများကို မတွေ့ကြရချေ။ ရွာများမှာမူ ထိုအရပ်၌ တစ်ရွာနှင့်တစ်ရွာ လွန်စွာ ခရီးဝေးကွာလှသဖြင့် တဲကလေး ဆယ့်လေးငါးတဲနှင့် ဖွဲ့ထားသည့် အိမ်စုကလေး နှစ်စု သုံးစုမျှသာလျှင် တွေ့ခဲ့ကြရ၏။

ထိုညဥ့်၌ ကျွန်ုပ်တို့သည် တောင်ထိပ်၌ရှိသော ရွာငယ်ကလေး၌ တည်းခိုခဲ့ကြ၍ နံနက်လင်းသောအခါတွင် တောင်၏အခြားဘက်သို့ ကျော်ဆင်းကာ ဆက်လက်၍ ခရီးထွက်ခဲ့ကြ၏။ မိုးချုပ်သော အခါ၌မူကား ကျွန်ုပ်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



ရွာငယ်ကလေးမှ မိုင် ၃၀ ခန့် ခရီးပေါက်ခဲ့ကြ၏။ ထိုအရပ်၌မူကား လမ်းသည် လွန်မင်းစွာ ဆောက်မတ်သည် ဖြစ်သောကြောင့် နောက်တစ်ရွာသို့ ဆိုက်ရောက်ကြသောအခါတွင် ကျွန်ုပ်တို့၏ မြင်းများကို လားများနှင့် လဲလှယ်ကြရလေ၏။

ပီကင်းမြို့တော်မှ ထွက်လာကြသည့် စတုတ္ထညဉ့်၌ ကျွန်ုပ်တို့သည် အလွန်မြင့်မားလှသော တောင်ကြီးတစ်တောင်၏ ထိပ်၌ ဆောက်ထားသော ဘုန်းကြီးကျောင်းကလေး တစ်ကျောင်းသို့ ဆိုက်ရောက်ကြ၍ ထိုစခန်း၌ပင် ညဉ့်အိပ်ရန် ပြင်ဆင်ကြလေ၏။ ထိုကျောင်းကလေး၌ တိဘက်ဘုန်းတော်ကြီးတစ်ပါးနှင့် ဦးပဉ္ဇင်း ၆ ပါးမျှ သီတင်းသုံးလျက်ရှိကြရာ၊ ၎င်းတို့သည် ကျွန်ုပ်တို့အား ဝမ်းမြောက်ဟန် လက္ခဏာနှင့် ခရီးဦးကြို ပြုကြပေ၏။ ထိုကျောင်း၌ အခန်းသုံးခန်းမျှ ရှိ၍ တစ်ခန်းမှာ ဘုန်းတော်ကြီးနှင့် ဦးပဉ္ဇင်းများ ကျိန်းစက်လေရာ၊ ကျဉ်းမြောင်းစွာ ရှိသော အခန်းငယ်တစ်ခန်းကို ကျွန်ုပ်တို့အဖို့ ပေးအပ်လေ၏။

ကျွန်ုပ်တို့ ဆိုက်ရောက်ပြီးနောက် နာရီဝက်ခန့် ကြာသောအခါတွင် အခြားခရီးသည်တစ်စုတို့ ဆိုက်ရောက်လာကြလေရာ၊ ဦးပဉ္ဇင်းများသည် မီးအိမ်များနှင့် ကြိုဆိုကြရာတွင် ခရီးသည်သုံးယောက်နှင့် အစေခံနှစ်ယောက်တို့သည် လားကိုယ်စီနှင့် ဝင်လာကြသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျောင်းထိုင်ပုဂ္ဂိုလ်သည် နောက်ရောက်လာသော ခရီးသည်များအား သာ၍ပင် ကျဉ်းမြောင်းလှသော တတိယခန်းကို ပေးအပ်၍၊ တစ်နှစ်တွင် တစ်ကြိမ်မျှ ခရီးသည် မရောက်လာခဲ့ဘူးသော ကျောင်းသို့ တစ်ညဉ့်အတွင်း ခရီးသည် နှစ်စုပင် ရောက်လာခြင်းမှာ တိုးတိုးခွေ့ခွေ့နှင့် ကျဉ်းကျဉ်းကျုတ်ကျုတ် ရှိစေဖို့ နတ်များက ဖန်တီး၍ လွှတ်လိုက်ဟန်တူကြောင်းနှင့် ပြုံးရယ်ကာ ပြောဆိုလေ၏။

ကျွန်ုပ်သည် မှောင်ရိပ်ခိုလျက် နောက်ရောက်လာသော ခရီးသည်များမှာ မည်သို့သော လူစားမျိုး ဖြစ်သည်ကို အကဲခတ်လျက်ရှိရာ၊ ၎င်းတို့၌ ဓားလုံစသော လက်နက်များကို ကိုင်စွဲလျက်ရှိသော်ငြားလည်း ဝန်စည်ပစ္စည်းဟူ၍ ပြောပ,လောက်အောင် ပါရှိသည်ကို မတွေ့မြင်ရချေ။ အစေခံနှစ်ယောက်သည် လားများကို ကုန်းဖြုတ်လျက် ရှိကြစဉ်၊ခရီးသည် သုံးယောက်အနက် တစ်ယောက်သည် ကျောင်းမှ





ဆင်းလာ၍ အစေခံများရှိရာသို့ လျှောက်လာပြီးလျှင်၊ ကျွန်ုပ်ကို မြင်သောအခါ၌ ခြေတစ်ရက် တန့်၍ လားများကို စစ်ဆေးကြည့်ရှုဟန်ပြုလျက် ခပ်ကုန်းကုန်း ရပ်နေလေ၏။ ထိုသူသည် ၎င်း၏မျက်နှာကို ကျွန်ုပ်ဘက်သို့ တစ်ကြိမ်တစ်ခါမျှ မလှည့်ဘဲ ခပ်ကွယ်ကွယ်သာလျှင် ရပ်ကြည့်နေ၏။နောက်ဆုံး၌ ထိုသူသည် ဘာကိုမျှ လုပ်ခြင်းမရှိဘဲ ကျောင်းထဲသို့ တစ်ဖန်လှည့်၍ ဝင်သွားလေရာ၊ ကျွန်ုပ်၏စိတ်၌ ဤသူသည်ကား မျက်နှာကို ကျွန်ုပ် မမြင်စေလိုသော ရည်ရွယ်ချက် ရှိသည်ဟူ၍ ဆုံးဖြတ် မိ၏။ ယင်းကဲ့သို့ တွေးမိလေလေ ကျွန်ုပ်သည် ထိုသူကို သိလိုသောစိတ် ဆက်သန် လေလေ ဖြစ်၍ လာခဲ့၏။

သို့ဖြစ်၍ ကျွန်ုပ်သည် ကျောင်းပေါ်သို့ မတက်သေးဘဲ ခရီးသည်များ၏ အကဲကို စုံစမ်းရန်အကြံနှင့် ကျောင်းသို့ လှည့်ပတ် ကြည့်ရှုလေ၏။

ထိုခရီးသည်များ၏အခန်းမှာ ကျောင်း၏ အစွန်ဘက်၌ ရှိနေသည်ဖြစ်ရာ၊ ကျောင်းမှာ တောင်ကမ်းပါးယံ၌ ဆောက်လုပ်ထားသည် ဖြစ်သောကြောင့်၊ကျောက်စွန်း တစ်စွန်းသည် ကျောင်းပေါ်သို့ မိုးလျက် ထွက်နေလေ၏။ ထိုကျောက်စွန်းမှ အောက်သို့ ငုံ့၍ကြည့်လိုက်သော် ခရီးသည်များ တည်းခိုသော အခန်းပြတင်းပေါက်မှ တစ်ခန်းလုံးကိုပင် မြင်နိုင်ဖွယ်ရာ ရှိလေသည်။

ထိုအခြင်းအရာကို သိရှိရသောအခါတွင် ကျွန်ုပ်သည် ကျောင်းဝင်းကိုကွင်း၍ တောင်ပေါ်သို့တက်ပြီးလျှင် ကျောက်စွန်းသို့ ချဉ်းကပ်လေ၏။ကျွန်ုပ် တွေးထင်သည့်အတိုင်း ကျောက်စွန်းမှသည် ထိုအခန်းသို့မြင်နိုင်ဖွယ်ရာရှိသော်လည်း၊ကျောက်စွန်းမှာ တစ်ထွာခန့်မျှသာ ကျယ်ဝန်းသည် ဖြစ်သောကြောင့်၊ ခြေချော်၍ ကျခဲ့မူ အနည်းဆုံး ခြေကျိုးဖွယ်ရာ ရှိချေသည်။သို့ရာတွင် ထိုလူအား မသင်္ကာသောစိတ်သည်ထက်သန်စွာရှိနေသည်ဖြစ်သောကြောင့်၊ကျွန်ုပ်သည်မတ်စောက်သောကျောက်နံရံကို ကျောနှင့်ကပ်၍ တစ်ထွာခန့်မျှ ကျယ်ဝန်းသော ကျောက်စွန်းတစ်လျှောက် ဖြည်းဖြည်း ခြေနှင့်စမ်းသပ်၍ လျှောက်လာခဲ့ရာ၊ကျွန်ုပ် မျှော်လင့်သည့်အတိုင်း အခန်းပြတင်းပေါက်မှ အခန်းတွင်းသို့ မြင်နိုင်သောနေရာသို့ ရောက်လေ၏။

ကျွန်ုပ်သည် ကျောက်စွန်းကို ခြေနှင့်ကုပ်လျက် ကျောက်ထရံကို မှီ၍



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ငုံ့ကြည့်လိုက်သောအခါ၊ ကျွန်ုပ်မြင်လိုသော လူသည် အိပ်ရာပေါ်၌ ပက်လက်လှန်ကာ လော်ကော့ သောက်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်သည် ထိုလူကို မည်သည့်နေရာတွင် မြင်ဖူးခဲ့ပါသနည်းဟု တွေးတောရာတွင်၊ယခင်က ထမင်းဆိုင်၌ တစ်ကြိမ်၊ရှန်ဟဲမြို့ အစည်းအဝေးသို့ ပထမသိန်းနှင့် သွားကြစဉ်က တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ်မျှ မြင်ဖူးသည့် အဖြစ်ကို သတိရမိလေ၏။ ယင်းကဲ့သို့ သတိရလာသည်နှင့် တပြိုင်နက် ကျွန်ုပ်တို့၏ အကြံအစည်အတွက် ကြီးစွာသော အနှောင့်အယှက်ကြီး ဖြစ်မည့်အကြောင်းကို စဉ်းစားမိသဖြင့် ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်၍သွား၏။

ထိုသူသည် ကျွန်ုပ်တို့ကို တမင်ခြေရာခံ၍ လိုက်လာခြင်း ဖြစ်လေသလော၊ ယင်းကဲ့သို့ ဖြစ်ခဲ့ပါလျှင် မည်သို့သော ရည်ရွယ်ချက်နှင့် လိုက်လာခြင်း ဖြစ်လေသနည်း၊ စသည်ဖြင့် တွေးတောလျက်ရှိစဉ်၊၎င်း၏အဖော်ဖြစ်သော ခရီးသည်နှစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာ၍ ထိုသူအနီး၌ ထိုင်ကြလေ၏။ နောက်ဝင်လာသူ တစ်ယောက်က

"မိမှ မိပါ့မလားလို့ စိုးရိမ်မိတာ၊ မိလာလို့ တော်ပါသေးရဲ့ဗျာ။ နက်ဖြန် ယံစီခံစမ်းချောင်းမှာ ကုန်ယန်မိန်နဲ့ တွေ့ပြီးလို့ သူတို့အကြောင်းကို ကျုပ်တို့ ပြောလိုက်လျှင် ကျုပ်တို့တာဝန် ကုန်ရောဗျ"

"နို့ပေမယ့် ဆင်စွယ်ကြုတ် ပြန်ရဖို့ အရေးက လိုသေးတယ်ဗျ။ ဆင်စွယ်ကြုတ်မပါလျှင် ကျုပ်တို့ကို သတ်လိမ့်မယ်"

"မစိုးရိမ်ပါနဲ့ဗျာ၊ ဒီအတွက်တော့ ကျုပ် ကြံစည်ပါမယ်။ ခင်ဗျားလူတွေ ဟိုရောက်တော့ သူတို့ မျှော်လင့်သလို ဂိုဏ်ချုပ်ကြီးရာထူး မရဘဲနဲ့ နောက်ဆုံးစီမံထားတဲ့ နှိပ်စက်နည်းတွေနဲ့ နှိပ်စက်လိုက်ဦးမှာ ကျုပ် မြင်သေးတယ်ဗျာ။ ကျုပ်တို့ပါ လိုက်သွားပြီး ကြည့်ရလျှင် မကောင်းဘူးလားဗျာ"

"ကျုပ်တို့ ဝင်လိုက်ဖို့တော့ အခွင့်မရပေဘူး မှတ်တယ်။တော်တော် ဉာဏ်သွားတဲ့ လူတွေဗျ။ လောရိတ်က ဖော်ပေလို့သာ၊ နို့မို့လျှင်ဖြင့် သူတို့အကြံကို ဘယ်သူမှ ရိပ်မိတော့မှာ မဟုတ်ဘူးနော်"





"ဒါထက် မေးပါရစေဦးဗျာ။ ကုန်ယန်မိန်ကို ကျုပ်တို့ ဘယ်မှာတွေ့မလဲ"

"နက်ဖြန် နေဝင်ချိန်လောက်မှာ၊ ယံစီခံစမ်းချောင်းက စောင့်နေလိမ့်မယ်"

"ကုန်ယန်မိန်ကို ခင်ဗျားသိသလား။ လူများ လွဲနေပါ့မယ်ဗျာ"

"ငွေဇာတပ်ထားတဲ့ ကုန်းနှီးအနီနှင့် ကုလားအုတ်ကို စီးလာလိမ့်မယ်တဲ့။ ...က်ယာဘက် မျက်စိကန်း၊ လက်ဝဲဘက် လက်တစ်ဖက် မပါဘူးတဲ့"

"ကျုပ်တို့လာမယ့်အကြောင်းကို သူ သိသလား"

"သိတော့ မသိဘူး။ သို့သော် လပြည့်နေ့တိုင်း နေ့တိုင်း အပြင်မှ အလှူ...ာ် ငွေများ၊ စာများ ပေးချင်တဲ့လူရှိလျှင် ပေးနိုင်အောင် မဟာယနဂိုဏ်းက ...င်းဆောင် ပုဂ္ဂိုလ်ကြီးများက ကုန်ယန်မိန်ကို ယံစီခံစမ်းချောင်းသို့ လွှတ်တယ် ...။ ကျုပ်တို့ အလုပ်ကတော့ သူ့လက်ထဲကို ဒီစာပေးပြီးလျှင် ပြီးတာ်ပဲ။ ကိုင်း ...က်စောစော မထ,နိုင်ဘဲ နေမယ်၊ အိပ်ကြဦးစို့ဗျာ"

ထိုနောက် ခရီးသည်များသည် မီးခွက်ကို မှုတ်လိုက်သဖြင့် တစ်ခန်းလုံး ...င်၍ သွားရာတွင်၊ ကျွန်ုပ်သည် ကျောက်စွန်းမှ ဆင်းလာပြီးနောက် ကျောင်းဝင်း ...သို့ ပြန်ခဲ့လေ၏။

ကျွန်ုပ်တို့၏ အခန်းတွင်းသို့ ရောက်သောအခါ၊ ပထမသိန်းအား ကြားခဲ့ရ ...ှသော သတင်းစကားများကို ပြန်ကြားပြောဆိုလေရာ၊ပထမသိန်းသည် ...နုပ်၏စကား ဆုံးသော်လည်း မည်သို့မျှ ပြန်မပြောဘဲ နံရံကို စိုက်ငေးကာ ကြည့်လျက် အကြံထုတ်နေလေ၏။ ထို့နောက် ကြမ်းပေါ်တွင် လက်ညှိုးဖြင့် ...ုံးကလေးများကို တစ်လုံးအတွင်း တစ်လုံးဝင်အောင် ရေးဆွဲ၍ အငယ်ဆုံးသော ...ုံးသည် အစက်ကလေး တစ်စက် အရွယ်မျှတိုင်အောင် သေးငယ်လာသော ...ါတွင်မှ အကြံတစ်ခုရသော လက္ခဏာနှင့်

"ကျွန်ုပ်တို့တော့ တော်တော် ကျဉ်းထဲကျပ်ထဲ ရောက်နေပြီဗျို့။ ခါတိုင်းလို ...လျှင်ဖြင့် ဒီလိုနေရာမျိုးမှာ ကျုပ်အကြံကိုတော့ အပျက်မခံဘူး၊ ခင်ဗျားကို ...ပစ်ထားခဲ့ပြီး ကျုပ်တစ်ယောက်တည်း ဆက်လက်သွားရလျှင် အချောင်ကြီးပဲ ...သော် ခင်ဗျားက ကျုပ်အသက်ကို ကယ်ဆယ်ထားတဲ့လူ ဖြစ်လေတော့ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ မတော်ပေဘူးပေါ့ဗျာ။ သေလဲ နှစ်ယောက်လုံး၊လွတ်လျှင်လဲ နှစ်ယောက်လုံး ပေပ။သူတို့လက်ထဲ ရောက်သွားလို့ အနိုင်စက်ခံရမှာတော့ ခင်ဗျား ကြောက်တယ်မဟုတ်လား"

"ကြောက်ပြီလားဆရာ၊ ဘယ့်နှယ်ပြောပါလိမ့်"

"ကြောက်လို့ရှိလျှင် သူတို့လက်ထဲ မရောက်အောင် ကြံစည်မှ တော်ကြမယ်။ သူတို့က ခင်ဗျားပြောတဲ့ ယံစီခံစမ်းချောင်းကို ကျုပ်တို့အရင် ရောက်သွားခဲ့လို့ရှိလျှင် ကျုပ်အကြံ ပျက်ကရော၊ ဒီတစ်ခါတော့ ကျုပ်တို့က သူတို့အရင် ယံစီခံ စမ်းချောင်းကို ရောက်ရမယ်။ သူတို့လဲ ကျေကျေနပ်နပ်နဲ့ စိတ်ချလက်ချ ပီကင်းမြို့ကို ပြန်စေရမယ်။ အဲဒါ ကျုပ်တို့ ကြံဖို့လိုတာပဲ"

"ဆရာပဲ ကြံပါတော့ဆရာ၊ ကျွန်တော်တော့ မကြံတတ်ပါဘူး"

"ကျုပ်အကြံက ဒီလိုဗျ၊ ဒီလူစုကို ယံစီခံ စမ်းချောင်းကို အချိန်အတိုင်း မရောက်စေဘဲ အနည်းဆုံး ၃နာရီလောက် နောက်ကျသွားအောင် လုပ်ဖို့လိုတယ်။ ထိုနောက် ခင်ဗျားက ယံစီခံ စမ်းချောင်းကို ရောက်အောင်သွားပြီး ကုန်ယန်မိန်နဲ့ တွေ့ဖို့လိုတယ်။ သူ့လက်ထဲကို ပီကင်းမြို့ ကျောင်းတော်ကြီးမှ ကျောင်းထိုင်ပုဂ္ဂိုလ်ကြီး ပေးလိုက်တဲ့စာကို ထည့်ရမယ်၊ ကုန်ယန်မိန် ပြန်သွားတဲ့အခါမှာ ကျုပ်က ကုန်ယန်မိန်ကဲ့သို့ ဝတ်ဆင်ပြီး ကုလားအုတ်စီးလို့ စောင့်နေမယ်။ သူတို့လူစု ရောက်လာတဲ့အခါမှာ ကျုပ်က သူတို့ပေးအပ်တဲ့စာကို လက်ခံမယ်။ ဒီတော့ သူတို့လဲ စိတ်ချလက်ချနဲ့ ပြန်သွားရော၊ ကျုပ်တို့လဲ စိတ်အေးလက်အေး ဆက်လက်ပြီး သွားနိုင်ရော၊ မကောင်းဘူးလားဗျာ"

"တယ်ပြီး အေးအေးဆေးဆေးရှိတဲ့ လူတစ်ယောက်ပါပေပဲဗျာ၊ ဖြစ်အောင်သာ စီမံပါတော့ဆရာ။ ထားရာမှာနေပြီး ခိုင်းတာကို လုပ်ပါမယ်"

"ပထမအလုပ်က နက်ဖြန်မနက်မှာ ကျုပ်တို့က သူတို့အရင် အနည်းဆုံး တစ်နာရီလောက် ဦးအောင် ထွက်နှင့်ကြရမယ်၊ ထွက်ပြီးတဲ့နောက် ကျုပ်က ကုလားအုတ်နှင့် ကုန်းနှီးနီကိုရှာဖို့ အရေးအတွက် ခရီးပြင်းနှင်ပြီး ရှေ့က သွားနှင့်မယ်"

"သူတို့ကို နှောင့်နှေးအောင် လုပ်ဖို့ကကောဆရာ"





"ကျုပ်ပြောမယ်၊ ကျုပ်စုံစမ်းခဲ့တဲ့ ခရီးစဉ်အတိုင်း မှန်ခဲ့လို့ရှိလျှင် နက်ဖြန် နေ့တည့် အချိန်လောက်မှာ ရွာတစ်ရွာကို ရောက်လိမ့်မယ်။ ဒီရွာမှာ ထမင်းဆိုင် တစ်ဆိုင်ရှိတယ်။ သူတို့ တခြားနေရာမှာ ရပ်နားဖို့ မရှိဘူး။ ဒီဆိုင်မှာပဲ ရပ်နားရ လိမ့်မယ်၊ ဒီတော့ကာ ကျုပ်တို့က ဒီထမင်းဆိုင်မှာ ကျုပ်တို့ လူတစ်ယောက် ထားခဲ့မယ်။ ဒီလူက သူတို့လားတွေကို ရေတိုက်တဲ့ ရေတံလျှောက်ထဲကို ကျုပ်ပေး တဲ့ဆေး ခပ်လိမ့်မယ်၊ ဆေးခပ်တဲ့ရေကို သောက်ခဲ့လို့ရှိလျှင် သူတို့လားတွေဟာ ...ငါးမိုင်လောက် ခရီးသွားပြီး လဲလိမ့်မယ်"

"နေရာကျပြီဆရာ၊ ဒီအကြံအတိုင်း ထ,မြောက်လျှင် ဒီလူတွေ ကျွန်တော် ...ကို မနှောင့်ယှက်နိုင်တော့ဘူး ဆရာ"

"စိတ်ချပါဗျာ၊ ဒီထက်မကတဲ့ လူတွေတောင် ကျုပ်လမ်းမှာ လာရှုပ်လို့ ကျုပ် ရှင်းပစ်ခဲ့တာ ဘယ်နှစ်ယောက် ရှိပြီလဲ။ ကဲ မနက်ကို ၃နာရီ ထိုးထိုးချင်း ...ကြ ရမယ်၊ အိပ်ပေတော့ဗျာ"

"ခင်ဗျားကော"

"ကျုပ်တော့ မနက်စောစော စားဖို့ သောက်ဖို့ စီမံချေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၉

နံနက် သုံးနာရီထိုးသည်နှင့် တစ်ပြိုင်နက် ပထမံသိန်းသည် ကျွန်ုပ်အား နိုးသဖြင့် အိပ်ရာမှ ထသောအခါ၊ ပထမံသိန်း ပြင်ထားသော ဆန်ပြုတ်ပန်းကန်ကို အိပ်ရာနံဘေး၌ တွေ့ရလေသည်။ကုလီများမှာမူ ပထမံသိန်း နှိုး၍ ထားနှင့်သဖြင့် လားများ ပြင်လျက် ရှိနေကြလေပြီ။

ဆန်ပြုတ် သောက်ပြီးကြသောအခါ ကျွန်ုပ်တို့သည် အခန်းမှ ဆင်းလာကြ၍ စောစောစီးစီးနိုးနေသော ဦးပဥ္စင်းတစ်ပါးအား ပထမံသိန်းက ရွှေဒင်္ဂါးတစ်ပြားပေးလျက် နှုတ်ဆက်ပြီးလျှင် အခြားအခန်းမှ ခရီးသည်များ နိုးမည်စိုးသဖြင့် ဆူဆူညံညံ မဖြစ်စေဘဲ လားများနှင့် ထွက်လာကြလေ၏။ ကျွန်ုပ်တို့သည် တစ်တောင်ဆင်း တစ်တောင်တက် ထွက်လာခဲ့ကြ၍ မွန်းတည့်ချိန် ရောက်သောအခါ၊ ရွာကလေး တစ်ရွာသို့ ဆိုက်ရောက်ခဲ့ကြလေ၏။

ထမင်းဆိုင်၌ ခေတ္တမျှသာ အမောအပန်း ဖြေနေကြပြီးနောက် ပထမံသိန်းသည် လမ်း၌ သွန်သင်လာခဲ့သော အစေခံကို ဆေးပုလင်းနှင့် ထိုထမင်းဆိုင်တွင် ထားခဲ့၍ ခရီးဆက်လက် ထွက်လာကြလေ၏။အတန်ငယ် အတူတကွလာခဲ့ကြသဖြင့် လမ်းဆုံတစ်ခုသို့ ရောက်သောအခါ၊ ပထမံသိန်းသည် ကုန်ယန်မိန်အား ပေးအပ်ရန်စာကို ကျွန်ုပ်၏လက်သို့ ထည့်၍ စာကို ပေးပြီးသောအခါတွင်၊ ထိုနေရာမှ တစ်မိုင်ခရီးခန့်တွင် စခန်းချ၍၊ ၎င်းအား စောင့်ဆိုင်းနေရန် မှာထား





ပြီးနောက် လက်ယာဖက်လမ်းခွဲကို လိုက်သွားလေရာ၊ ကျွန်ုပ်နှင့် အစေခံ ...ခ်ယောက်မှာမူ ဖြောင့်ဖြောင့်သွားသော လမ်းအတိုင်း လိုက်သွားကြလေ၏။

ကျွန်ုပ်သည် ပထမံသိန်းနှင့်အတူ ခရီးသွားစဉ်ကမူ ထိုထူးခြားဆန်းကြယ်...သော ပုဂ္ဂိုလ်၏ ထူးကဲသော ကြံရည်ဖန်ရည် ဉာဏ်နှင့်စွမ်းရည်သတ္တိကို မှီခို...အားထားလျက် ထိုသူ၏ထက်သန်သော စိတ်သည်လည်း လျှပ်စစ်ဓာတ်ပမာ ကျွန်ုပ်...စိတ်သို့ ကူးစက်ထက်သန် စေခဲ့သည်ဖြစ်ရာ၊ ၎င်းနှင့်ခွဲခွာ၍ တစ်ယောက်တည်း...သွားရသောအခါ၌၊ကျွန်ုပ်တို့ သွားရသောကိစ္စ၏ ဘေးအန္တရာယ်များခြင်း...ည်းဟူသော အဖြစ်ကို တွေ့တောလျက် တုန်လှုပ်ထိတ်လန့်ခြင်း ဖြစ်ခဲ့လေ၏။

ထို့ပြင် ယခုအကြိမ်၌မူ ကျွန်ုပ်တို့ကိစ္စ၏ အထ,မြောက်ခြင်း မမြောက်ခြင်း...ခြေအနေမှာ ကျွန်ုပ်၏ပခုံးပေါ်သို့ လုံးလုံးကြီး ကျရောက်လျက် ရှိနေရကား၊ ...န်ယန်မိန်နှင့် တွေ့သောအခါတွင်၊ ကျွန်ုပ်က ချောမောအောင် ဆောင်ရွက်မှသာ ...ှင် ရှေ့အဖို့၌ လမ်းစခန်း သာချေမည် ဖြစ်ချေ၏။ထိုအကြောင်းကို တွေးမိသော...ခါ၊ ကျွန်ုပ်သည် ကျွန်ုပ်၏အစွမ်းကို စိတ်မချနိုင်အောင်ဖြစ်လျက်၊ မဖြေတတ်...သော မေးခွန်းများကို ကုန်ယန်မိန်က မေးမြန်းခြင်း ပြုချေမည်လောဟု စိုးရိမ်...မိ၏။

ညနေ ၅နာရီခန့်အချိန်တွင် ကျွန်ုပ်သည် ယာံစီခံ စမ်းချောင်းသို့ ဆိုက်...ာက်လာခဲ့ရာ၊ အခြားတစ်ဖက်ကမ်းသို့ လှမ်းမျှော်ကြည့်သောအခါ လူစ လူန...၍ မမြင်ရသေးချေ။ စမ်းချောင်းမှာ အခြားသော နေရာများ၌မူ မတ်စောက်သော...ောင်များ၏အကြား၌ ရှိသဖြင့်၊ နက်ဟန် လက္ခဏာရှိသော်လည်း လမ်းနှင့်...ည့်အညီဖြစ်သော နေရာ၌မူ ကမ်းပါးသည် ပြန့်ပြူးညီညာစွာ ရှိနေသဖြင့်...ကလှဟန် မတူချေ။

ကျွန်ုပ်နှင့် အစေခံတို့သည် စမ်းချောင်းကိုဖြတ်၍ အခြားတစ်ဖက်ကမ်းသို့...ောမောစွာ ဆိုက်ရောက်ကြသည်နှင့်တစ်ပြိုင်နက် လူတစ်ယောက်သည် ကုလား...ကိုစီးလျက်၊ ကျွန်ုပ်တို့ထံသို့ လာလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ အနီးသို့...ောက်သောအခါတွင် ထိုသူမှာ လက်ယာဘက်မျက်စိ ကွယ်လျက်၊ လက်ဝဲဘက်



www.burmeseclassic.com

www.burmeseclassic.com



မပါသည့်အပြင်၊ကုလားအုတ်မှာလည်း ငွေဇာသပ်သော ကုန်းနှီးနီ တပ်ထားသည်ကို တွေ့ရသဖြင့် ကုန်ယန့်မိန်ဖြစ်ကြောင်း သိရှိရလေ၏။

ကျွန်ုပ်သည် လားပေါ်မှ ဆင်းသောအခါ၊ထိုသူသည်လည်း ကုလားအုတ်ပေါ်မှ ဆင်းလေ၏။ ထိုအခါ ကျွန်ုပ်က

"မဟာယနဂိုဏ်းမှ ပုဂ္ဂိုလ်ကြီးများ စေလွှတ်သောသူကို ဤနေရာ၌ တွေ့လိမ့်မည်ဟု မှာထားလိုက်ပါသည်၊ အသင့်ပင် ဖြစ်ပေသလော"

"အသင်အား မည်သူ စေလွှတ်လိုက်သနည်း"

"ပီကင်းမြို့ကျောင်းတော်မှ စေလွှတ်လိုက်ပါသည်၊ ဤနေရာ၌ တွေ့သောသူအား ကျွန်ုပ် ယူဆောင်လာသော စာကို ပေးအပ်ရန် မှာထားလိုက်ပါသည်"

"သင်၏စာကို ပြလော့၊ ဆရာတော်ကြီး၏ တံဆိပ်ပါလျှင် ကျွန်ုပ် ဆောင်ယူသွားချေမည်"

ထိုအခါကျွန်ုပ်သည် ပထမံသိန်း ပေးထားသောစာကို ပေးအပ်၍ ထိုသူသည် စာအိတ်ကို လှန်လှောကြည့်ရှုပြီးနောက် ကျေနပ်ဟန် လက္ခဏာနှင့်

"ဆရာတော်ကြီး၏တံဆိပ် မှန်ပေသည်၊ ကျွန်ုပ် ဆောင်ယူသွားမည်၊ သို့သော် ကျွန်ုပ် ချက်ချင်း မသွားနိုင်သေး၊ တစ်လမှတစ်ခေါက် လာရောက်ရခြင်း ဖြစ်သောကြောင့် အခြားစာများကို စောင့်ရဦးမည်"

"ကျွန်ုပ်၏ကိစ္စမှာ အရေးကြီးလှပါသည်၊ ဟန်ကောင်မြို့မှ ဂိုဏ်းချုပ်ကြီးသည် မဟာယနဂိုဏ်း အစည်းအဝေးသို့ ကြွရောက်လာမည် ဖြစ်သောကြောင့်၊ အခြားဂိုဏ်းချုပ်ကြီးများအား ယခုချက်ချင်း ပြန်သွား၍ လျှောက်ထားနှင့်ပါလေ"

"ကျွန်ုပ်၏ဝတ္တရားမှာ အလင်းရောင်ပျောက်သည့်တိုင်အောင် စောင့်ဆိုင်းရန်ဖြစ်သည်၊ မည်သူ ကြွလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ မှောင်မိုက်မှ ပြန်ရမည်"

ထိုအခါမှ ကျွန်ုပ်မှာ ထိုသူအား ချက်ချင်းပြန်စေဖို့ တိုက်တွန်းရန် နည်းမမြင်သည်နှင့် ထိုသူနှင့်အတူ မြက်ခင်းပေါ်၌ထိုင်လျက် စောင့်နေစဉ် ခရီးသည် တစ်စုတို့ မီလာလေမည်လားဟု နောက်သို့တလည်လည် ကြည့်နေမိလေ၏။





နောက်ဆုံး၌ နေမင်းသည် တောင်ထိပ်တွင် တင်လျက်နေရာမှ တဖြည်းဖြည်း ကွယ်ပျောက်သွားခဲ့ရာ၊ ထိုအခါမှ ကုန်ယန်မိန်သည် ထိုင်ရာမှ ထ၍ ကုလားအုတ်ပေါ်သို့ တက်ပြီးနောက်

"ကျွန်ုပ်နှင့်အတူ လိုက်မည်လော၊သို့မဟုတ် ဤနေရာမှ စောင့်နေရစ်မည်လော"

"ကျွန်ုပ်၏ ဆရာတော်ကို စောင့်ရဦးမည်၊ သွားနှင့်ပေတော့၊ ကျွန်ုပ်တို့ကို စောင့်ပါနှင့်တော့"

ကုန်ယန်မိန် ထွက်သွားပြီးနောက်၊ ကျွန်ုပ်တို့သည် ထိုနေရာ၌ နာရီဝက်ခန့်မျှ စောင့်ဆိုင်းနေကြပြီးလျှင်၊လားပေါ်သို့တစ်ဖန် တက်ကြ၍ ထိုသူသွားရာလမ်းအတိုင်း တစ်မိုင်ခရီးမျှ လိုက်သွားကြလေ၏။

ထိုနောက် လေကွယ်သော နေရာတစ်ခုသို့ ရောက်ကြ၍ လားကို ကုန်းဖွတ်ပြီးလျှင် မီးကာတဲ စိုက်ထူဆောက်လုပ်လျက် ပထမံသိန်းအား စောင့်ဆိုင်းနေကြ လေ၏။

ကျွန်ုပ်တို့ စခန်းချသောနေရာကို စမ်းချောင်းမှကြည့်၍ မြင်နိုင်ဖို့ စိုးရိမ်နယ်ရာ မရှိသည်ဖြစ်သောကြောင့်၊ ကျွန်ုပ်သည် အစေခံအား မီးများဖို၍ ညစာချက်ပြုတ်စေပြီးလျှင်၊ ပထမံသိန်းကို ကြိုဖို့ရန် စမ်းချောင်းဆီသို့ တစ်ယောက်တည်း ရောက်လာခဲ့လေ၏။ ကျွန်ုပ်သည် တစ်ခုသော တောင်ချိုးလမ်းသို့ ကွေ့လိုက်သည်နှင့် ဘစ်ပြိုင်နက် တီးတိုးလေချွန်သံကြားသဖြင့် လှည့်၍ ကြည့်လိုက်ရာ၊ လူတစ်ယောက်သည် ကုလားအုတ်တစ်ကောင်ကို စီးလျက်လာသည်ကို တွေ့မြင်ရလေ၏။ ထိုသို့ ချဉ်းကပ်မိသောအခါ ကုလားအုတ်ကုန်းနှီးမှာ အနီရောင်ရှိ၍ ငွေဇာသပ်ထားသည့်ပြင် အပေါ်မှ လူမှာလည်း ကုန်ယန်မိန်၏နည်းတူ မျက်စိ တစ်ဖက်လပ်နှင့် လက်တစ်ဖက် မပါကြောင်း တွေ့ရသဖြင့် ပထမံသိန်း ဖြစ်ကြောင်း ဝမ်းမြောက်စွာသော သိရှိရလေ၏။

ထိုအခါ ပထမံသိန်းသည် ကုလားအုတ်ပေါ်မှ ငုံ့လျက် "လက်ဝဲဖက်အိတ်ထဲ နှိုက်သွား၊ ကျောက်လုံးကြီးတစ်လုံး တွေ့လိမ့်မယ်။ ကျောက်လုံးကျော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပုန်းနေ၊ ကျုပ်က အကူအညီလိုလို့ အသံပြုလိုက်လျှင် ချက်ချင်းပြေးလာခဲ့၊ ခြောက်လုံးပြူး ပါရဲ့လား"

"ပါခဲ့ပါတယ်ဆရာ၊ တော်လဲတော်တဲ့လူပါပေဗျာ၊ ရအောင်လဲ ရှာနိုင်ပါပေတယ်"

"ကုလားအုတ်က မခက်လှဘူးဗျ။ ငွေဇာသပ်တဲ့ကုန်းနှီးက တော်တော်တူအောင် လုပ်ရတယ်။ ဘယ့်နှယ့်လဲ တော်တော်တူရဲ့လား"

"မှောင်မိုက်ထဲမှာတော့ မသိသာပါဘူးဗျာ တူပါတယ်"

"ခင်ဗျား လူကော"

"ဟိုဘက်က တောင်ကွေ့မှာ ထမင်းချက်နေရစ်တယ်"

"ကိုင်း ပုန်းချေတော့ဗျာ၊ ကျုပ်ပြောတာ မမေ့နဲ့နော်"

"စိတ်ချပါဆရာ"

ကျွန်ုပ်သည် ပထမံသိန်းညွှန်ပြသော ကျောက်လုံးကြီး၏နောက်မှ ပုန်းကွယ်လျက် စမ်းချောင်းဆီသို့ ချောင်းမြောင်းကာကြည့်နေရာ နာရီတစ်ဝက်ခန့်မျှ ကြာသောအခါတွင် စမ်းချောင်းသို့ လားများနှင့် ဆင်းလာကြသော လူတစ်စုကို ပြည့်ဝန်းသော လမင်း၏အရောင်တွင် ထင်ရှားစွာ တွေ့မြင်ရလေ၏။ ထိုလူစုသည် စမ်းချောင်းကိုဖြတ်ကူး၍ အခြားတစ်ဖက်ကမ်းသို့ ရောက်ကြသောအခါတွင် တစ်ယောက်သောသူသည် လက်ကို ကန်တော့သဖွယ် ပြုလုပ်၍ ဟစ်အော်လိုက်ရာ ပထမံသိန်းသည် တောင်စွန်းမှ ရုတ်တရက် ထွက်ပေါ်လာ၍ ကမ်းပါးသို့ ချဉ်းကပ်လေ၏။

ကုန်ယာန်မိန် အတုဖြစ်သော ပထမံသိန်းနှင့် ခရီးသည်များ တွေ့ဆုံကြသောနေရာမှာ ကျွန်ုပ် ပုန်းအောင်းနေသော နေရာနှင့် ၁၅ လှမ်းခန့်မျှသာ ဝေးကွာသည် ဖြစ်သောကြောင့် ကျွန်ုပ်သည် မောပန်းလာသော လားများ၏ အသက်ရှူရှိုက်သံများကိုပင် ကြားရလေ၏။ ခေါင်းဆောင်ဖြစ်သောသူသည် ပထမံသိန်းအနီးသို့ ချဉ်းကပ်၍ နှုတ်ခွန်းဆက်သ,ပြီးနောက်

"ခရီးလမ်း၌ ကျွန်ုပ်တို့၏ လားများ ရုတ်တရက် ရောဂါကြောင့် အချိန်





ကြန့်ကြာသွားပါသည်။ ဤလမ်းကို ကျွန်ုပ်တို့ရှေ့မှ ခရီးသည်များ ဖြတ်သွားသည်ကို မြင်လိုက်ပါသလော"

"ခရီးသည်တစ်စု သွားသည်ကို တွေ့လိုက်ရပါသည်။ ကျွန်ုပ်က အလှူငွေခံခြင်းကို မထည့်ကြဘဲ လှောင်ပြောင် ပျက်ရယ် ပြောကြသည် ဖြစ်သောကြောင့် လမ်းလွဲကို ကျွန်ုပ် ညွှန်ပြလိုက်ပါသည်။ နက်ဖြန် ဤအချိန်မှာ ထိုလူများသည် သင်းတ,စာ ဖြစ်ကြပါလိမ့်မည်"

"လူဘယ်နှစ်ယောက် သွားကြသနည်း"

"လေးယောက် သွားကြသည်။ သင်တို့ ဘယ်သူများပေနည်း"

"ကျွန်ုပ်တို့ကား ပီကင်းမြို့တော်က ကျောင်းတော်ကြီးမှ မဟာယန ဂိုဏ်းချုပ်ကြီးများထံ ပို့ဆက်လိုက်သောစာကို ဆောင်ယူခဲ့ကြသူများ ဖြစ်သည်။ ကျွန်ုပ်တို့ရှေ့မှ သွားနှင့်သူများကား ဆင်စွယ်ကြုတ်ကို ခိုးယူ၍ ဟန်ကောင်မြို့မှ ဂိုဏ်းချုပ်ကြီးဟန်ဆောင်လျက် မဟာယနဂိုဏ်း အစည်းအဝေးကြီးသို့ သွားကြသူများ ဖြစ်သည်"

"မစိုးရိမ်လင့်၊ ထိုသူများကား အစည်းအဝေးကြီးသို့ မရောက်နိုင်၊ လမ်းခရီးတွင် ခွေးအ,နှင့် လင်းတ,စာ ဖြစ်မည့်သူများ ဖြစ်ချေသည်။ သင်တို့အဖို့ ဘယ်အရာကို ကျွန်ုပ် ဆောင်ရွက်ပေးစေလိုသနည်း"

"ဤစာကို မဟာယန ဂိုဏ်းချုပ်ကြီးနှစ်ပါး၏ လက်ဝယ်သို့ ဆက်သအလိုပါသည်"

ယင်းကဲ့သို့ ပြောဆိုလျက်၊ ထိုသူသည် အင်္ကျီအိတ်မှ စာတစ်စောင်ကို ထုတ်ပေး၍ ပထမံသိန်းသည် စာကို လုံခြုံစွာ သိုဝှက်လိုက်ပြီးနောက် ကုလားအုတ်သည့်၍ထွက်လာစဉ် နောက်သို့လှည့်ကြည့်လျက်၊ "ဤစမ်းချောင်းအနီး၌ သင်တို့ စခန်းချကြလေနှင့်၊ အလွန်တရာ တောကြမ်းလှသည်။ သူရဲ သဘက်စာ ဖြစ်ကုန်ကြမည်။ ချက်ခြင်း လှည့်၍ပြန်ကြလော့" ဟု သတိပေးလိုက်သေး၏။

ထိုသူတို့သည်လည်း ပထမံသိန်း၏စကားကို ယုံကြည်ဟန်လက္ခဏာနှင့် နောက်ခြင်းပင် စမ်းချောင်းကို ဖြတ်ကူးကြသဖြင့် တဝုန်းဝုန်း မြည်သော ရေသံများကိုပင် ကျွန်ုပ် ကြားလိုက်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချရလောက်အောင် တစ်ခဏမျှ ပုန်းအောင်းနေပြီးနောက်၊ကျွန်ုပ်သည် ကျောက်တုံးကြီး၏နောက်မှ ထွက်လာခဲ့၍ ပထမံသိန်းနှင့်အတူ စခန်းချရာသို့ လျှောက်လာခဲ့ကြလေ၏။ တဲသို့ ရောက်သောအခါ ပထမံသိန်းသည် ကုန်ယန်မိန်ယောင် ဆောင်ထားသော အဝတ်များကိုချွတ်၍ ရှေးနည်းအတိုင်း တရုတ်ဘုန်းကြီး အဝတ်သို့ လဲလှယ်ပြီးလျှင် အစေခံချက်ပြုတ်ထားသော ညစာကို စားသောက်ကြလေ၏။ ပထမံသိန်းသည် ယမန်ညက ထိုသူတို့ တိုင်ပင်ကြသော အကြံအစည်ကို ကျွန်ုပ် ချောင်းမြောင်း နားထောင်ခဲ့သည့်အတွက် သိရှိရ၍သာ အကြံအစည်ကြီး မပျက်ဘဲ ရှိရသည်ဟု ကျွန်ုပ်အား ကျေးဇူးတင်စကား ပြောကြားလေ၏။

ထိုနောက် ထိုနေ့ညဉ့် မဟာယနဂိုဏ်း၏ စည်းဝေးရာဌာနဖြစ်သော ဟိမဝန္တာတောင်ပေါ်ကျောင်းကြီးသို့ ဆိုက်ရောက်ဖို့အကြောင်းနှင့် ပြောပြသဖြင့် ကျွန်ုပ်နှင့်တကွ အစေခံ နှစ်ယောက်တို့မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရလေ၏။

အချို့သော နေရာများ၌ အဆင်းအတက်များသည် အလွန်ကြမ်းလှသည် ဖြစ်သောကြောင့် လားမျ◌ားကို စွန့်ပစ်ထားခဲ့ရမတတ် ရှိနေသော်လည်း ကျွန်ုပ်တို့သည် အစွမ်းရှိသမျှ ကြိုးစား၍ ရာသီဥတုဆိုးကို အောင်နိုင်မည်ဟု ဆုံးဖြတ်ချက်ချထားလေသည်။

တောင်ကမ်းပါးယံ တစ်ခုလုံးမှာ မျက်စိတစ်ဆုံးမျှတိုင်အောင် မိုးပွင့်များ ဖွေးဖွေးဖြူလျက် ရှိလေသည်။

ထိုညသည်ကား လွန်မင်းစွာ ချမ်းအေးလှသောည ဖြစ်ချေ၏။ကျွန်ုပ်တို့သည် ရနိုင်သမျှသော ထင်းခြောက်များကို ရှာဖွေစုဆောင်း၍ မီးဖိုပြီးလျှင် လားရော လူပါ မီးပုံကို ဝန်းရံခါ အိပ်ကြရလေသည်။ညဦး၌မူကား မီးရှိန် ကောင်းသောကြောင့် နွေးပါသေး၏။ သို့ရာတွင် သန်းခေါင်ကျော်လာသော အခါ၌မူ အအေးကလည်း ပို၊ မီးဖို၌လည်း ထင်းကုန်သွားပြီ ဖြစ်သောကြောင့် ပြာဖုံးနေသော မီးကျီခဲကလေးများသာလျှင် ကျန်တော့လေရကား၊ တိရစ္ဆာန်များရော လူပါ သေချင်မတတ် ချမ်းအေးလှပေ၏။ ကူလီနှစ်ယောက်တို့မှာ လဲလျောင်းခြင်းငှာ မတတ်နိုင်ရှာတော့သည်ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် ကျောချင်းကပ်ခါ





◌ုပ်ထိုင်နေကြရာမှ ပိုးဆေးလုံးကောင်များကဲ့သို့ လုံးလျက် ဦးခေါင်းသည် ဒူးနှစ်ဖက်၏အကြားသို့ ရောက်သည့်တိုင်အောင် ကုန်းခါ လုံးခါ တဟီးဟီး တဟဲဟဲနှင့် ငြီးသံမစဲ ရှိနေကြလေ၏။

ကျွန်ုပ်မှာ ရိုးတွင်းချဉ်ဆီသို့တိုင်အောင် စိမ့်ဝင်မတတ် ချမ်းအေးလှသဖြင့် အထက်သွားနှင့်အောက်သွား တဆတ်ဆတ်ရိုက်ခါ ခိုက်ခိုက်တုန်လျက်ရှိရာမှ မျက်ခွံ တစ်ဖက်တစ်ချက်၌ ပိဿလေးကြီးများ ဆွဲထားဘိသကဲ့သို့ လေးလံလှသဖြင့် မျက်လုံးများ မဖွင့်နိုင်လောက်အောင် လွန်မင်းစွာ ငိုက်မျဉ်း အိပ်ချင်သောအဖြစ်သို့တိုင် ရောက်လာခဲ့လေ၏။

ယင်းကဲ့သို့ အိပ်ချင်သည့်တိုင် အိပ်လိုက်ပါမူ တစ်ဖန် နိုးကြားခြင်းရှိမည် မဟုတ်တော့ချေ။

ပထမံသိန်းသည် ထိုအခြင်းအရာကို သိရှိသည်ဖြစ်၍ ဖရောင်းတိုင် တစ်တိုင်၏ အလင်းရောင်၌ ငုတ်တုတ်ထိုင်ခါ ဂဲသြမေတြီ ခေါ် ကျောင်း၌ သင်ခဲ့သည့် စတုရန်းပုံများ တြိဂံသုံးထောင့်ပုံများကို မီးသွေးခဲနှင့် ရေးခြစ်လျက် ရှိရာမှ

"လာဗျာ ကိုကျင်စိန်၊ ဒီလိုနေလို့ ခင်ဗျား ဒုက္ခရောက်တော့မယ်။ကျုပ်နဲ့ ကျားတစ်ပွဲလောက် ထိုးရအောင်" ဟု ပြောလျက် လေးကွက်ကျား ဓယားကို မီးသွေးနှင့် ရေးခြစ်လေ၏။ ထိုနောက် ပထမံသိန်းနှင့် ကျွန်ုပ်သည် ကျားကြီးနှင့် ကျားကလေး တစ်လှည့်စီကိုင်ကြလျက် လေးကွက်ကျား ကစားကြလေရာ၊ ပထမံသိန်းမှာမူ မိမိ၏ နေအိမ်အတွင်း၌ ကျကျနနထိုင်၍ ကစားနေကြသည့်အလား၊ စိတ်ပါ လက်ပါနှင့် ထက်သန်စွာ ကစားလျက် ရှိ၏။

တစ်ခဏမျှကြာလျှင် ထိုသူ၏စိတ်ဓာတ်သည် ကျွန်ုပ်သို့ ကူးစက်လာသည် ဖြစ်သောကြောင့်အိပ်ချင်ခြင်းပြေပျောက်၍ ချမ်းအေးခြင်းကိုပင် သတိမရတော့ချေ။

နံနက်လင်းသောအခါ ကျွန်ုပ်တို့သည် ကျားကစားရာမှ ထကြရာတွင် ကူလီတစ်ယောက်မှာ နိုး၍ မရနိုင်အောင် ဖြစ်နေ၍ လားလေးကောင်အနက် နှင်းကောင်မှာ စင်းစင်းသေလျက် ရှိနေသည်ကို တွေ့ရှိရလေ၏။ပထမံသိန်းသည် ◌်၏ သေတ္တာမှ ဘရန်ဒီအနည်းငယ်နှင့် ဆေးတစ်ခွက်ကို ကူလီ၏ လည်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ လောင်းထည့်လိုက်သောအခါ ကုလီသည် ထူထူထောင်ထောင် ဖြစ်၍လာ၏။ ထိုနောက် ကျွန်ုပ်တို့သည် လားသေ၏ပေါင်များမှ အသားအနည်းငယ်ကို ရိက္ခာအတွက် လှီး၍ယူပြီးနောက် ပစ္စည်းကလေးများကို လားနှစ်ကောင်ပေါ်သို့ တင်၍ ခရီးထွက်ခဲ့ကြ ပြန်လေ၏။

ကုလီတစ်ယောက်မှာ ဘာရမ်ဒီနှင့် ဆေးတန်ခိုးကြောင့် တလှုပ်လှုပ်လိုက်ပါ လာနိုင်သော်လည်း မွန်းမတည့်မီပင် သေဆုံးရှာသဖြင့် ကျွန်ုပ်တို့သည် ထိုသူ၏ အလောင်းကို မိုးပွင့်များအောက်တွင် မြှုပ်နှံခဲ့ကြလေ၏။ထိုအချိန်၌မူကား ကျွန်ုပ်တို့မှာ သည်းမခံနိုင်လောက်အောင် ဆာလောင်ခဲ့ချေပြီ။ ဆန်အနည်းငယ်ကား ရှိ၏။ လား၏ပေါင်သားလည်း ရှိ၏။ သို့ရာတွင် ထင်းဟူ၍ကား လက်လေးဆစ်ခန့်မျှ မတွေ့ရချေ။

ထိုအခါ ကျွန်ုပ်တို့သည် တစ်သက်တွင် နှစ်ကြိမ်ပြုလုပ်ရန် ခဲယဉ်းသော အလုပ်ကို ပြုလုပ်ကြ၏။

ပထမံသိန်းသည် လားသားအနည်းငယ်ကိုလှီး၍ မိုးပွင့်ထဲ၌ ဥ္စာပမှာပြီးလျှင် အလုံးလိုက် မျို၍ချလေ၏။ ကျွန်ုပ်တို့မှာ ထိုအခြင်းအရာကို မြင်ရရုံနှင့် အော်ဂလီဆန်လှသော်လည်း ကျွမ်းတော့မည့်အလား ပူလောင်လှသောဝမ်းပိုက်အေးစေခြင်းငှာ လားသားအစိမ်းကို သူ၏နည်းအတိုင်း မျိုချရလေ၏။ သုံးတုံးမျှ မျိုချလိုက်သောအခါ၌ အတော်ပင် အားအင်ပြည့်တင်း လာခဲ့ပေ၏။

ထိုညဉ့် ကျွန်ုပ်တို့သည် ကျောက်ဂူကြီးတစ်လုံးအတွင်း၌ အိပ်ကြရ၏။ ထင်းမရနိုင်သဖြင့် မီးမဖိုကြရသည့်ပြင် အစာမှာလည်း လားသားအစိမ့်တစ်ပါးဆန်စိမ်းကိုသာ ဝါး၍ စားကြရ၏။ လားနှစ်ကောင်မှာ မိုးပွင့်များအတိ ဖုံးလွှမ်းလျက်ရှိသော တောင်ပေါ်၌ မြက်တစ်ပင်မျှ မရနိုင်သည့်ပြင်၊ ခရီးလည်းပန်း အေးမြသော ဥတုကိုလည်း မခံနိုင်ကြသည် ဖြစ်သောကြောင့်၊ထိုညအတွင်းပင် နှစ်ကောင်လုံး သေဆုံးကြ၏။ ကျွန်ုပ်နှင့် ပထမံသိန်းမှာ ကျားထိုးခြင်းဖြင့် အအေး၏ လွှမ်းမိုးခြင်းကို ကာကွယ်နိုင်ကြသည်ဖြစ်ရာ၊ကျန်သော အစေခံတစ်ယောက်မှာမူကား ထိုည အိပ်စက်ရာမှ တစ်ခါတည်း မထ,နိုင်တော့ချေ။





နံနက်လင်းသောအခါ၌ ကျွန်ုပ်တို့၏ အခြေအနေမှာ စိတ်နှလုံးချမ်းမြေ့ကြည်နူးဖွယ်ရာ မရှိလှချေ။ အစေခံနှစ်ယောက်လုံးမှာ သေဆုံးခဲ့ပြီ ဖြစ်သည့်ပြင် ပစ္စည်းများကို တင်ဆောင်ရန် အတွက်မျှပင်လျှင် လားတစ်ကောင်မျှ မကျန်တော့ချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ထိုနေ့အတွင်း မဟာယနဂိုဏ်း ကျောင်းတော်ကြီးကို ရှာ၍ တွေ့လျှင်လည်းတွေ့၊ မတွေ့ခဲ့လျှင် ဤခရီးသည် အဆုံးစွန်သောခရီး ဖြစ်ချေတော့မည်ဟူသော သဘောမျိုးနှင့် ဂူကြီးမှ ထွက်လာခဲ့ကြလေ၏။

ကံမည်သည် ဆန်းကြယ်လှပေစွ တကား။ ကျွန်ုပ်တို့သည် ဂူတွင်းမှ ထွက်လာ၍ ရှေ့၌ရှိသော တောင်ထွတ်၏ ထိပ်သို့ ခြေလှမ်း၂၀ခန့်မျှဖြင့် တက်မိကြသည်နှင့် တစ်ပြိုင်နက်၊ နောက်၏ တစ်ဖက်၌ရှိသော တောင်ထွတ်ပေါ်၌ နေမင်း၏ အရောင်တွင် တဖွေးဖွေး တပြောင်ပြောင် ရှိနေသော ဟိမဝန္တာ တောင်ပေါ်ကျောင်းကြီးကို ဘွားခနဲ တွေ့မြင်ကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၀

ကျွန်ုပ်တို့သည် ချောက်က ခြားလျက်ရှိသော ကျောင်းအဆောက်အအုံကြီးကို တွေ့မြင်ကြသည်နှင့်တစ်ပြိုင်နက်၊ ကြိုးမိန့်ကျပြီးသော အကျဉ်းသမားကို လွှတ်ခွင့်ပေးလိုက်သည့်အလား၊ ခုန်ချင်ပေါက်ချင်သကဲ့သို့ ဖြစ်ကြပြီးလျှင်၊ တစ်ယောက်၏ ပခုံးကို တစ်ယောက်ဖက်လျက် ရပ်၍ ကြည့်နေမိကြ၏။ ရင်ထဲ၌ ဝမ်းသာလုံးဆို့မတတ် ဖြစ်နေကြပြီးနောက်၊ ကျွန်ုပ်တို့သည် ချောက်ကို မည်သို့ ကူးရချေမည်နည်းဟု ဆင်ခြင်ကြသောအခါတွင် ဝမ်းသာသောစိတ်သည် အတော်ပင် လျော့ပေါ့၍ သွားသေး၏။ အကြောင်းကိုဆိုသော် ကျွန်ုပ်တို့ရှိနေသော တောင်ထွတ်နှင့် ကျောင်းတော်ကြီးရှိရာ တောင်ထွတ်ကို ခြားလျက်ရှိသော ချောက်ကြီးမှာ၊ အနည်းဆုံးပေ ၁၅၀၀ခန့် နက်မည့်ပြင်၊ ဖြတ်ကျော်ရန် လမ်း အစအနကို အလျဉ်းပင် မတွေ့ ကြရသောကြောင့် ဖြစ်ချေသည်။

အရပ်လေးမျက်နှာကို ဝေ့မျှော်ကြည့်ရှုကြပြီးနောက် ကျွန်ုပ်တို့သည် အခြားဘက်သို့ ကူးလိုခဲ့လျှင် ချောက်ထဲသို့ဆင်း၍၊ အခြားဘက်၌ရှိသော ကမ်းပါးယံကို တက်ခြင်းတည်းဟူသော နည်းလမ်းမှတစ်ပါး အခြားနည်းလမ်းမရှိပြီဟု၍ ဆုံး ဖြတ်ကြပြီးလျှင်၊ ဆင်းသက်ရန် ပြင်ဆင်ကြလေ၏။

ပထမ်သိန်းသည် မည်သည့်နေရာ၌မျှ မချခဲ့သော ဆေးသေတ္တာကို လည်ပင်းတွင် ကြိုးနှင့်သိုင်းလွယ်ပြီးနောက် ဆင်းသက်ရန် အသင့်တော်ဆုံးနေရာကို ရွေးချယ်၍ ကျောက်စွန်းတွင် လေးဖက်ထောက်ကာ တွားလျက် ဆင်း၏,ပြု ကြ





သေ၏။ ကိုက်ပေါင်း၅၀ ခန့်မျှသော ခရီးမှာမူ ခြေနင်းရန် နေရာကွက်များကို အလွယ်တကူနှင့် တွေ့နိုင်ကြသည်ဖြစ်၍ ကျောက်တုံးတစ်တုံးမှ တစ်တုံးသို့ ခုန်လွှားကျော်နင်းကာ ဆင်းသက်နိုင်ကြ၏။ ထိုနောက်၌မူ ဤမျှလောက် မလွယ်ကူသာချေ။ အချို့သော နေရာများ၌ အောက်တွင် ၁၀ ပေခန့်လောက်၌ တစ်တောင်ခန့်မျှ စွန်း၍ထွက်နေသော ကျောက်စွန်းကို အားကိုးအားထားပြုလျက် မျက်စိမှိတ်ကာ လျှော၍ချလိုက်ရာ၊ ကျောက်စွန်းနှင့် လွဲချော်၍သွားခဲ့ပါမူ ပေတစ်ထောင်ကျော်နက်သော ချောက်ထဲသို့ အဆီးအတား မရှိဘဲ တလိမ့်ခေါက်ကွေး ကျသွားမည် ဖြစ်ချေသည်။

သို့ရာတွင် ကံကောင်းထောက်မ,သော ကျွန်ုပ်တို့နှစ်ယောက်မှာ ကျောက်စွန်းကို ခြေနင့်ချိတ်မိသည်သာလျှင်ဖြစ်၍ အရှိန်တန့်ရပ် နိုင်ကြလေသည်။ ထိုသို့သောအခါမျိုး၌ ပထမ်သိန်းသည် ဘယ်အခါမဆို ရှေ့မှဆင်းနှင့်၍ နောက်မှလျှောချသာသော ကျွန်ုပ်အား ဆွဲငင်ရပ်တန့်ကာ အရှိန်သတ်၍ ပေးပါပေသည်။

တစ်ခါတစ်ရံကျွန်ုပ်သာလျှင် ရှေ့ကဆင်းခဲ့ရပါမူ၊ အရှိန် မသတ်နိုင်သောကြောင့် အောက်သို့တောက်လျှောက် လျှောကျသွားမည် မလွဲ ဖြစ်ချေသည်။

တစ်နေရာ၌ ကျွန်ုပ်တို့သည် ပေ ၂၀ခန့်မျှဝေးသော နေရာ၌သာလျှင် ကျောက်စွန်းတစ်ခုကို တွေ့မြင်ရ၍၊ ထိုအတွင်း၌ ရပ်နားရန် သော်လည်းကောင်း၊ ခြေကုပ်ရန် သော်လည်းကောင်း၊ အထစ်အဖု တစ်စုံတစ်ခုမျှ မတွေ့ရဘဲ ချောမွေ့နေသော ကျောက်မျက်နှာပြင်ကြီးသာလျှင် ရှိနေချေ၏။ ပေ၂၀ မှ ခုန်၍ချခဲ့သော်၊အနည်းဆုံး ခြေလက်ဖြစ်စေ ကျိုးဖွယ်ရာရှိသောကြောင့် ခုန်ချဖို့ မကြံစည်ဘဲ ဘန့်ရပ်ခါ နေကြရ၏။

ထိုအခါ အကျဉ်းအကျပ်ထဲ၌ ဉာဏ်ထွက်လေ့ရှိသော ပထမ်သိန်းသည် ကျွန်ုပ်၏အင်္ကျီကို ချွတ်စေပြီးနောက်၊ သူ၏ဝတ်လုံကြီးနှင့် လက်ချင်းချည်တုပ်လေ၏၊ ထိုနောက် အင်္ကျီလက်တစ်ဖက်ကို ကျောက်စွန်း၌ရှိသော သစ်မြစ်တစ်ခု၌ ချည်သား၍ ဆက်ထားသော အဝတ်နှစ်ထည်ကို လျှောချလိုက်၏။

အောက်မှ ကျောက်စွန်းနှင့် ၁၀ ပေခန့်လောက်သာ ဝေးကွာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ထိုအဝတ်များ၏အဖျားမှ လူတစ်ရပ်ကိုထည့်လိုက်သော် ခြေထောက်နှင့်ကျောက်စွန်းမှာ လေးပေခန့်မျှသာလျှင် ဝေးကွာတော့မည် ဖြစ်သောကြောင့် လျှောချနိုင်လောက်ဖွယ်ရာ ဖြစ်ပေ၏။

အဝတ်များကို တွဲရစ်ချထားပြီးနောက် ပထမံသိန်းသည် ဆေးသေတ္တာကိုလွယ်လျက် ခါတိုင်းနည်းတူ ရှေ့မှ ဆင်းနှင့်လေ၏။ ပထမံသိန်းသည် ပေါ်ပါး ဖျတ်လတ်သော သူတစ်ယောက်ဖြစ်ရကား သင်္ဘောသားတစ်ယောက်ကဲ့သို့ လက်နှင့် တစ်လှမ်းချင်း လျှောဆင်း၍ အဆုံးသို့ရောက်သောအခါတွင် လက်ကိုလွှတ်လိုက်ရာ ကျောက်စွန်းတွင် သပ်ရပ်စွာ တင်လျက်ရှိ၏။

ကျွန်ုပ်၏ အလှည့်သို့ရောက်သဖြင့် လျှောဆင်းရသောအခါ ကျွန်ုပ်၏ကိုယ်မှာ ပထမံသိန်း၏ကိုယ်ထက် လေးလံသည်ဖြစ်သောကြောင့် အဝတ် စုတ်ပြတ်၍ဖြစ်စေ၊သစ်မြစ် ပဲ့၍ဖြစ်စေ ကျခဲ့ပါမူ အရိုးနှင့်အသား တခြားစီ ဖြစ်သွားမည့်အကြောင်းကို တွေးတောမိခြင်းအားဖြင့် စိတ်သက်သာခွင့် မရလှချေ။ ကျွန်ုပ်သည် တစ်လှမ်းချင်းလျှောဆင်း၍အလယ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် အထက်မှ ဖျတ်ခနဲမြည်သောအသံကို ကြားလိုက်ရပြီးနောက် လေထဲသို့ တဟုန်တည်း ထိုးကျသွားလေရာ ရင်ထဲ၌ အေးခနဲဖြစ်သွားသော အဖြစ်ကိုသာလျှင် သတိရလိုက်တော့၏။

ယင်းကဲ့သို့ လျှောကျသွားစဉ် ကျွန်ုပ်သည် ကြောက်အားလန့်အားနှင့် ကျောက်နံရံကို ခြေနှင့် ကန်ကျောက်မိသည်ဖြစ်သောကြောင့် အပြင်ဘက်သို့ ယိမ်းလွဲပြီးလျှင် ပထမံသိန်း ရှိနေနှင့်သော ကျောက်စွန်း၌ မတင်ဘဲ ကြိုးကိုကိုင်လျက် ထိုအောက်သို့ တောက်လျှောက် လျှောကျသွားလေ၏။ ကျွန်ုပ်၏စိတ်ထဲ၌ကား သေရောဟဲ့ဟု အောက်မေ့လိုက်၏။ သို့ရာတွင် ရုတ်တရက် ဉာဏ်ကောင်းလှသော ပထမံသိန်းသည် သူ၏ရှေ့၌ လျင်မြန်စွာ လျှောကျလျက်ရှိသော အဝတ်ကြိုးကို ရုတ်တရက်ကိုင်ဖမ်း၍ နံရံဖက်သို့ယိမ်းနွဲ့ခါ တစ်ချက်တည်း ဆောင့်၍ တုပ်ဆွဲလိုက်ရာ ကြိုးကိုဆုပ်ကိုင်ထားသော ကျွန်ုပ်မှာ လုံးလုံးပင် မတန့်ရပ်သော်လည်း အရှိန်သတ် ပေးလိုက်သကဲ့သို့ ရှိနေသဖြင့် နာကျင်သင့်သလောက် မနာကျင်ဘဲ အောက်၌ ရှိသော ကျောက်စွန်းတစ်ယစ်ပေါ်၌ တင်လျက် ရှိလေ၏။





"နာသွားသလား ကိုကျင်စိန်"

"မနာလှပါဘူးဗျာ၊ လန့်တာလောက် ရှိတာပါပဲ"

"နေဦး ကျုပ်ဆင်းခဲ့မယ်"

နောက်တစ်ခဏ၌ ပထမံသိန်းသည် ကျောက်စွန်းကို လက်နှင့်ဆုပ်ကိုင်၍ ...က်သို့ တွဲလွဲချလိုက်ပြီးနောက် လက်ကိုလွှတ်လိုက်ရာ၊ ကျွန်ုပ်၏နံဘေး၌ ...က်ကလေးကဲ့သို့ ကျလာလေ၏။ ထိုနောက် ကျွန်ုပ်တို့သည် အဝတ်နှစ်ထည်ကို ...ကြ၍ အသီးသီးဝတ်ကြပြီးလျှင် အောက်သို့ ဆက်လက်၍ ဆင်းသွားကြလေရာ ...ခဲယဉ်းခြင်းနှင့် မကြုံရတော့ဘဲ ချောက်ထဲသို့ ရောက်ကြလေ၏။

သို့ရာတွင် တက်ရန်အရေး လိုချေသေး၏။ ကျွန်ုပ်တို့သည် ၁၀ မိနစ်ခန့်မျှ ...အောင် နားနေကြပြီးနောက် အခြားတစ်ဘက်၌ရှိသော ကမ်းပါးယံ၏ အခြေ...ကို စုံစမ်းကြရာတွင် မည်သည့်နေရာ၌မျှ တက်ဖို့ရန် လမ်းစ,မမြင်သည်နှင့် ...သမျှ သဲရေကျ ဖြစ်ချေတော့မည်လားဟု ပူပန်မိ၏။ သို့ရာတွင် ဘယ်အခါမှ ...မလျှော့သော ပထမံသိန်းမှာမူ အငြိမ်မနေဘဲ ထိုမှ ဤမှ လျှောက်သွား၍ ...က်သို့ တမော့မော့နှင့် ကြည့်နေကြစဉ်

"ကျောင်းတော်ကြီးသို့ ချဉ်းကပ်ဝံ့သူများကား မည်သူများ ဖြစ်သနည်း" ...တ်တရက်မေးလိုက်သော အသံကို ကြားရသဖြင့် တန့်ရပ်ကာ နားထောင်ကြ...ထိုအသံသည် မည်သည့်အရပ်မှ လာသည်ကိုလည်း မသိနိုင်။မည်မျှ...သည်ကိုလည်း မသိနိုင်ကြချေ။

ထိုအခါ ပထမံသိန်းက

"ကျွန်ုပ်သည် သင်တို့ မျှော်လင့်နေကြသော သူပင် ဖြစ်ချေသည်"ဟု ...ပြောလိုက်၏။

နောက် တစ်ခဏ၌ကား အရပ်သုံးပေထက် မမြင့်ဘဲ လောက်လေးကိုင်း...ဲ ခွင်လျက်ရှိသော ခြေရှိသည့် လူပုကလေး တစ်ယောက်သည် ကျွန်ုပ်တို့အနီး... ဂူတစ်ခုမှ ရုတ်တရက် ထွက်ပေါ်လာ၏။ အနီးသို့ ရောက်သောအခါ လူပု...သည်သို့မျှ မပြောဘဲ ဦးခေါင်းကိုညိတ်ခါ ခေါ်သွားလေရာ ကျွန်ုပ်တို့လည်း ...မှ လိုက်ပါသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှသည်ဆောင်ဂူတွင်းသို့ဝင်သွား၍ ကျွန်ုပ်တို့သည် ဂူတွင်းသို့ ရောက် သောအခါတွင် ပထမလူပုနှင့် တညီတညာတည်းရှိ၍ လေးကိုင်း ခြေထောက် ရှိသော လူပု ၁၀ ယောက်တို့သည် မီးရှူးတိုင်ကိုယ်စီနှင့် စောင့်လျက်ရှိကြသည် တွေ့ကြရလေ၏။

ပထမလူပုက အမိန့်ပေးလိုက်ရာတွင်၊ လူ ၁၀ ယောက်တို့သည် မီးရှူး ကိုယ်စီနှင့် လိုဏ်ခေါင်းထဲသို့ ဝင်သွားကြလေရာ၊ ကျွန်ုပ်တို့လည်း နောက်မှ လို သွားကြရ၏။ အနည်းငယ် သွားလတ်သော် အထက်သို့တက်သော လှေကား များကို တွေ့၍ ၎င်းမှ တက်သွားကြလေရာ၊ လှေကားထစ်ပေါင်း ၁၀၀ ထ တက်မိကြသောအခါတွင် တံခါးကြီးတစ်ခုကို တွေ့ရလေ၏။ ခေါင်းဆော လူပုသည် ကျောက်လက်ရိုက်ကြီးတစ်ခုနှင့် တံခါးကို ခေါက်သောအခါ တံခါးသ ပွင့်လာ၍ တိဘက်ဘုန်းကြီးတစ်ပါး ထွက်လာလေ၏။ ပထမသိန်းသည် ၎င်းအ ဆင်စွယ်ကြုတ်ကို ပြသောအခါ ဘုန်းကြီးသည် ဝင်ခွင့်ပြုသည်နှင့် ကျွန်ုပ်တို့သ တွေ့ရသော လှေကားထစ်များကို ဆက်လက်၍ တက်သွားကြရပြန်လေ လှေကားထစ်ပေါင်း ၁၀၀ထစ် တက်မိတိုင်း တံခါးတစ်ခုနှင့် တံခါးစော ဘုန်းကြီးတစ်ပါး တွေ့ရသည်ဖြစ်ရာ၊ ကျွန်ုပ်တို့သည် စုစုပေါင်း တံခါး ၁၀တ ကျော်လွန်၍ တံခါးစောင့်ဘုန်းကြီး ၁၀ပါးတို့နှင့် တွေ့ခဲ့ရလေပြီ။

ထိုအခါ၌မူကား ကျွန်ုပ်မှာ လှေကားထစ်များ တက်ရဖန်များသောကြော ဒူးများတုန်လျက် ရှိနေပြီ ဖြစ်ရာ၊ ရှေ့၌ မည်မျှတက်ရဦးမည် မသိသဖြင့် နားဖို လျှင် အခွင့်တောင်းရန် အကြံ ဖြစ်ခဲ့ချေပြီ၊သို့ရာတွင် ၁၁ တန်သော တံခါး နောက်ဆုံးတံခါးဖြစ်သည်ဟု လူပုက ပြောသောကြောင့် အားခဲ၍ လိုက် ပြန်လေ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ကျယ်ဝန်းသော အခန်းကြီးသဖွယ်ရှိနေသ ဂူကြီးတစ်ဂူသို့ ရောက်ကြသောအခါတွင် တစ်မိုက်ခန့်ကျယ်ဝန်း၍ ၃ တောင်ခန့် သော အပေါက်ကလေးများမှ နေမင်း၏ အလင်းရောင်ကို မြင်ကြရသည် ဖြစ်သေ ကြောင့်၊ ကျွန်ုပ်တို့မှာ ဟိမဝန္တာတောင် ကျောင်းအတွင်းသို့ ရောက်လာကြပြီ





ကြောင်း သိရှိရလေ၏။ တောင်ထိပ်ကျောင်းမှသည် နက်လှသော ချောက်ထဲသို့ ရောက်အောင် ဥမင်လိုဏ်ခေါင်း တူးထားခဲ့ခြင်းမှာ မည်သည့်မင်းလက်ထက်မှ မည်သို့သော အကြံအစည်နှင့် ပြုလုပ်ထားခဲ့သည်ကို တွေးတောအံ့ဩ၍ မဆုံး နိုင်အောင် ရှိနေခဲ့ပေ၏။

အခန်းကြီးအတွင်းသို့ ရောက်ကြသောအခါ၊ လူပုများသည် ကျွန်ုပ်တို့ကို အခန်းတွင်းရှိ ညာဘက်ဘုန်းကြီးတစ်ပါး၏ လက်သို့ အပ်နှင်းပြီးနောက် လှေကား မှ ဆင်းသွားကြလေ၏။ ဘုန်းကြီးသည် ကျွန်ုပ်တို့ကို လက်ယပ် ခေါ်ငင်သဖြင့် ၎င်းနှင့်အတူ လိုက်သွားကြ၍ ကွပ်ပျစ်နှစ်ခု၊ ကျောက်ခေါင်းအုံး နှစ်လုံး၊ ရေအိုး ဘစ်လုံးမှတစ်ပါး အခြားပစ္စည်း တစ်စုံတစ်ခုမျှ မရှိသော အခန်းလေးအတွင်းသို့ ရောက်ကြသောအခါ၊ ဤညဥ့်အဖို့ ဤနေရာ၌ အိပ်ကြရမည် ဖြစ်ကြောင်းနှင့် ပြောပြီးလျှင် အပြင်သို့ ထွက်သွားလေ၏။

မဟာယနဂိုဏ်း၏အထွတ်အထိပ် ဖြစ်လုဆဲဆဲရှိသောဂိုဏ်းချုပ်ကြီးတစ် ပါး ဖြစ်သောကြောင့်၊ အိုးစည် ဗုံမောင်း စသည်တို့နှင့် မြန်မာပြည်မှ ဆရာတော်ကြီး များအား ကြိုဆိုသကဲ့သို့ စိုစိုပြည်ပြည် ကြိုဆိုခြင်းပြုလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်မိ ခဲ့ပါလျှင် မှားလေစွတကား၊ နောင်အဖို့၌ ခမ်းနားမည်ဆိုခဲ့လျှင်မူ မပြောတတ်၊ယခု အဖို့၌မူကား ခမ်းနားမည်နှင့်ဝေးစွ၊ အကျဉ်းသမားနှင့် မခြားနားအောင် ခြောက်သွေ့ ကျပ်တည်းခြင်း ရှိလှချေ၏။သို့ရာတွင် အာတာပွန ဗေဒင်ကျမ်းမူကား ရှိပါပေ၏။

ကျွန်ုပ်တို့သည် ကွပ်ပျစ်ပေါ်တွင်ထိုင်ခါ အမောအပန်းဖြေလျက် ရှိကြစဉ်၊ ဘိဘက်ဘုန်းကြီးတစ်ပါးသည် ကျောက်တကောင်းတစ်လုံးနှင့် ကျောက်ခွက် ဘစ်ခွက်ကို ယူလာခဲ့၍ ကျွန်ုပ်တို့၏ရှေ့တွင် ချထားပြီးနောက် ထွက်သွားလေ၏။ ကျွန်ုပ်တို့သည် ကျောက်တကောင်းထဲမှ အရည်ကို ခွက်တွင်းသို့ငှဲ့၍ သောက်မြည်း ရာတွင် မန်ကျည်းမှည့်နှင့် ထန်းလျက်ဖျော်ထားသော ဖျော်ရည်မျိုးဖြစ်ကြောင်း တွေ့ရှိရလေ၏။ ကျွန်ုပ်တို့မှာ ရက်ပေါင်းအတန်ကြာ အစာ မစားခဲ့ရသည် ဖြစ်သောကြောင့် မွတ်သိပ်လှသော်လည်း ထိုညဥ့်အဖို့မှာ ထိုမျှနှင့်ပင် တင်းတိမ်ကြ ၍ ကွပ်ပျစ်ပေါ်၌ အိပ်ကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်၌ တိဘက်ဘုန်းကြီးတစ်ပါးသည် ကျောက်ခွက်ဖြင့် ထည့်ထားသော ထမင်းနှင့် ပဲဟင်းတစ်ခွက်၊မုန်လာထုပ်နှင့် မုန်လာဥများကို ကျော်ထားသော ဟင်းတစ်ခွက်ကို ကျွန်ုပ်တို့ထံ ယူလာခဲ့၍ ကျွေးမွေးလေရာ၊ ကျွန်ုပ်တို့မှာ မည်သည့်အစာကိုမဆို စားလိုသောစိတ် ရှိနေသည့်တိုင်အောင် မွတ်သိပ်လှသည် ဖြစ်သောကြောင့် ထိုမျှလောက် ညံ့ဖျင်းသော ထမင်းဟင်းများကိုပင် ကြုံး၍ လွေးချင်မတတ် မြိန်ရှက်စွာ စားသောက်ကြလေ၏။ စားသောက်၍ ပြီးသောအခါ ယခင်က တိဘက်ဘုန်းကြီးသည် ကျောက်ခွက်များကို သိမ်းယူရန် ဝင်လာ၍ မဟာယနဂိုဏ်း၏ အကြီးအကဲတစ်ပါးအဖြစ်နှင့် ချီးမြှောက်ခြင်းခံယူမည့် ပုဂ္ဂိုလ်သည် ထိုကြီးမြင့်သော ရာထူးနှင့် ထိုက်တန်သော စွမ်းရည်သတ္တိ ရှိ မရှိကို ထိုနေ့ည သန်းခေါင်အချိန်တွင် စစ်ဆေးစုံစမ်းမည် ဖြစ်သောကြောင့် အသင့်ပြင်ဆင်ထားရန် မှာထားပြီးလျှင် အပြင်သို့ ထွက်သွားလေသည်။

ကျွန်ုပ်တို့သည် ထိုနေ့တစ်နေ့လုံး မည်သို့သောနည်းဖြင့် စုံစမ်းစစ်ဆေးခြင်း ပြုမည့်အကြောင်းကို တွေးတော ဆွေးနွေးလျက် ရှိကြလေရာ၊ ထိုစုံစမ်းပွဲသည် လွယ်လွယ်ကူကူ မဟုတ်မည့် အကြောင်းကိုကား ယုံမှားခြင်း မရှိကြချေ။ မည်သည့်အခါ၌မျှ တုန်လှုပ်ခြင်းဖြစ်သည်ကို မတွေ့မြင်ဘူးခဲ့ရသော ပထမ်သိန်းပင်လျှင် ထိုနေ့အဖို့၌ နေမထိ ထိုင်မထိ ရှိနေဟန်နှင့် အခန်းတွင်း၌ စင်္ကြံလျှောက်ချည် တစ်ခါ၊ ပက်လက်လှန်ချည်တစ်လှည့်နှင့် ဂနာမငြိမ် ဖြစ်၍နေသည်ကို တွေ့ရ၏။

"စွမ်းရည်သတ္တိ ရှိ မရှိ စုံစမ်းမယ်ဆိုတော့ ကြောက်စရာ လန့်စရာကြီးတွေ မြင်ရ တွေ့ရမှာတော့ဖြင့် အမှန်ပဲ။ ဘယ်လိုပဲ ကြောက်လန့်ဖွယ်ရာ ကောင်းပေမယ့် ကျုပ်က စိတ်ခိုင်တဲ့လူ ဖြစ်လို့မို့ မကြောက်လှပါဘူး ကိုကျင်စိန်။ သို့သော် ကျုပ်မသိတဲ့ မေးခွန်းတွေကို မေးလား မြန်းလား လုပ်မှာတွေကို တွေးပြီး ပူပန်နေတယ်။ ကျုပ်လဲ သူတို့ဂိုဏ်းနဲ့ ပတ်သက်တဲ့ လျှို့ဝှက်နက်နဲတဲ့ အချက်တွေကို နှစ်ပေါင်းများစွာ ဆည်းပူးစုံစမ်းလာခဲ့လို့ တော်တော် ခိုင်လုံတယ်လို့ အောက်မေ့တာပဲ၊ သို့သော်လဲ မတတ်နိုင်ဘူးလေ၊ သိသမျှကိုဖြေ၊ မသိတာတွေကိုတော့ ရုတ်တရက် ဉာဏ်ကိုအားကိုးပြီး အလိုက်အထိုက်ကြည့်ပြီး ဖြန်းရ သန်းရတော့မှာပဲ၊





ကျုပ်ဖြင့် တစ်သက်မှာ ဒီတစ်ခါ အထိတ်ဆုံးပဲဗျာ၊ငြိမ်ငြိမ် မနေနိုင်အောင် ဖြစ်နေတယ်"

ထိုကဲ့သို့ ပြောပြီးနောက် ပထမ်သိန်းသည် တစ်နေ့လုံး အခန်းတွင်း၌ ုးလာခတ် ဖြစ်၍နေလေ၏။ ကျွန်ုပ်မှာ ကိုယ်တိုင်ပင် စာမေးပွဲ မဝင်ရစေကာမူ၊ ဆိုးတူကောင်းဖက် ဖြစ်နေသောကြောင့်၊ ပထမ်သိန်းကို အားပေးနေရသော်လည်း ငင်းနှင့်မခြား အလားတူ တုန်လှုပ်လျက် ရှိနေ၏။

ထိုည ၁၂ နာရီထိုး၍ ကလတက်ခေါက်သံ ကြားသည်နှင့် တစ်ပြိုင်နက် တိဘက်ဘုန်းကြီးတစ်ပါးသည် မီးရှူးတစ်တိုင်ကို ကိုင်လျက်၊ အခန်းတွင်းသို့ ဝင်လာ၍ ကျွန်ုပ်တို့ကို ခေါ်ငင်သွားရာ၊ကျွန်ုပ်တို့သည် ဘုန်းကြီး၏နောက်မှ လိုက်သွားကြလေ၏။ ယခင်က ဖော်ပြခဲ့ပြီးသည့် ကျယ်ဝန်းသော အခန်းကြီးအတွင်းသို့ ရောက်ကြသောအခါ၊ဘုန်းကြီးသည် လက်ယာဘက်၌ရှိသော ကျွန်ုပ်တို့ တက်လာခဲ့ရာအပေါက်မှမထွက်ဘဲ လက်ဝဲဘက်၌ရှိသော အပေါက်မှ ထွက်လာကြ၍ အောက်သို့ဆင်းသော လှေကားထစ်များကို တွေ့ရလေ၏။ထိုလမ်းမှာမူကား ကျွန်ုပ်တို့ ရှေ့ဦးစွာ လှုပ်မှုများနှင့် တက်လာသောလမ်း မဟုတ်ချေ။

ဘုန်းကြီးသည် မီးရှူးတိုင်နှင့် ရှေ့ဆုံးမှသွား၍ ကျွန်ုပ်တို့နှစ်ယောက်သည် နောက်မှ ဆင်းလိုက်ကြလေရာ ယခု ဆင်းရသော လှေကားမှာမူ တည့်တည့်ကြီးဆင်းဘဲ ကြောင်လိမ်ကဲ့သို့ ဝက်အူရစ်လှည့်၍ ဆင်းသွားသောလှေကား ဖြစ်လေသည်။၁၀၁ ထစ်မျှ ဆင်းမိသောအခါ လှေကားထစ်များဆုံး၍ ညီညာသော လိုဏ်ခေါင်းကြား လမ်းတစ်လျှောက် ၁၀ လှမ်းခန့် လျှောက်သွားကြရပြီးနောက် ကြောင်လိမ်လှေကားထစ်များကို တစ်ဖန် တွေ့ပြန်သဖြင့် ဆင်းသွားကြရပြန်လေ၏။

၁၀၁ ထစ်မျှ ဆင်းမိတိုင်း ၁၀ လှမ်းမျှတိုင်အောင် ညီညာသော ကြမ်းပြင်တွင် လျှောက်သွားရ၍ လှေကား ၅ တန်မျှ ဆင်းကြသောအခါတွင် ကျွန်ုပ်တို့သည် ဆုံးစခုသော လှေကား၏အဆုံးသို့ ရောက်ကာလ မိုးချုန်းသကဲ့သို့ တဝုန်းဝုန်းမြည်ဟည်းလျက်ရှိသော အသံကြီးကို ကြားကြရလေ၏။ သန်းခေါင်အချိန်တွင် တောင်ခြေ၏အောက် ပေပေါင်းများစွာနက်သော ဥမင်လိုဏ်ခေါင်းကြီး၏ အတွင်း၌



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အရပ်က လာသည်မသိ၊ မည်သို့သော အကြောင်းကြောင့် ဖြစ်ပေါ်လာသည် မသိရဘဲ တခြိမ့်ခြိမ့် တသဲသဲ တဟဲဟဲ တဝုန်းဝုန်း မြည်ဟိန်းနေသော ထိုအသံကြီးကို ကြားရသောအခါ ကျွန်ုပ်မှာ ဣန္ဒြေမဆည်နိုင်အောင် တုန်လှုပ်ချောက်ချားခြင်းဖြစ်လျက် ခြေလှမ်းပျက်သည်တိုင်အောင် တွန့်ဆုတ်သွားမိလေ၏။

ပထမံသိန်းက ကျွန်ုပ်၏လက်ကို ကိုင်ဆွဲလျက် "ဣန္ဒြေ ပျက်ပါမယ်ဗျာ သတိထားမှပေါ့" ဟု တီးတိုးပြောလိုက်သောအခါမှ ရှေ့သို့လျှောက်၍ လိုက်ပါလာခဲ့၏။

ထိုအသံကြီးသည် မြည်ဟိန်းသည်ထက် မြည်ဟိန်း၍လာလေရာ နောက်ဆုံး၌ နားကွဲမတတ်ပင် ဆူညံလျက်ရှိ၏။ ထိုခဏ၌ ကျွန်ုပ်တို့သည် နံရံတွင်ရှိသော အပေါက်ကြီး တစ်ပေါက်သို့ ချဉ်းကပ်လာခဲ့ရာ ဘုန်းကြီးသည် အပေါက်အနီးထွင် ရပ်လျက် မီးရှူးတိုင်ကိုမြှောက်၍ အပြင်သို့ လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်သောအခါတွင်မှ ကျွန်ုပ်သည် ဆူညံသောအသံကြီး ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းမူလကို တွေ့မြင်ရလေ၏။

အလွန်တရာ မြောက်မြားလှသော ရေထုကြီးသည် ပေ ၁၀၀၀ ထက်မနည်း မြင့်သော နေရာအရပ်မှ ချောက်ထဲသို့ ရေတံခွန်သဖွယ် ဖောက်ထိုးလျှော၍ ကျဆင်းလျက်ရှိလေရာ ၎င်းရေထုကြီးမှာလည်း အခြားမဟုတ်၊ မြန်မာပြည်တစ်လျှောက် စီးဆင်းသော ဧရာဝတီမြစ်ကြီး၏ စ,တည်ရာဌာန ဖြစ်ကြောင်းနှင့် ဘုန်းကြီးပြောပြသဖြင့် သိရှိရသောအခါ ကျွန်ုပ်မှာ ကြီးစွာသော အံ့သြခြင်းဖြင့် ငေးမောလျက်။ ထိုကြောင့်လည်း ဤမျှလောက် ကြောက်မက်ဖွယ်ရာ အသံကြီးကို ဖြစ်ပေါ်စေဘိသည် တကားဟု စဉ်းစားမိလေ၏။

ထိုနောက် ကျွန်ုပ်တို့သည် ရှေ့သို့ ဆင်းသွားကြ၍ သတ္တမလှေကား၏ အဆုံးသို့ ရောက်ကြသောအခါ ထိုအရပ်၌ကား၊ ရေပေါက်များသည် အမိုးမှလည်းကောင်း၊ နံရံမှလည်းကောင်း တစ်စက်တစ်စက် စီးဆင်းနေကြသဖြင့် ကြမ်းပြင် တစ်ခုလုံး ရွှဲရွှဲစိုလျက် ရှိနေ၏။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် လွန်မင်းစွာ ကျယ်ဝန်းလှသော လိုဏ်ခေါင်းကြီးအတွင်းသို့ ဆိုက်ရောက်ကြလေရာ ဘုန်းကြီး၏





တွင် ကိုင်ထားသော မီးရှူးတိုင်သည် အခြားဘက်၌ရှိသော နံရံသို့ရောက်ခြင်း တတ်စွမ်းနိုင်သည့် အဖြစ်ကို တွေ့မြင်ရသဖြင့် လိုဏ်ခေါင်း၏ ကျယ်ဝန်း အဖြစ်ကို ခန့်မှန်းနိုင် ကြလေသည်။

ထိုလိုဏ်ခေါင်းကြီးသို့ ရောက်ကြသောအခါ၌ ဘုန်းကြီးသည် မီးရှူးတိုင်ကို က်ကြားတစ်ခုတွင် စိုက်ထူထား၍ ကျွန်ုပ်တို့အား ထိုနေရာမှ စောင့်နေရစ် မှာထားခဲ့ပြီးလျှင် နံရံ၌ရှိသော အပေါက်ငယ်တစ်ခုအတွင်းသို့ ဝင်သွား ။ ကျွန်ုပ်တို့သည် ဆိတ်ငြိမ်စွာ စောင့်နေကြသဖြင့် ၅မိနစ်ခန့်မျှ ကြာ လည်း မည်သူမျှ ထွက်ပေါ်လာခြင်း မရှိချေ။ ယခင် ရေတံခွန်ကြီး၏ အသံကိုမျှ ရာမှ မကြားနိုင်တော့သည်ဖြစ်၍ တစ်ပေါက်ပေါက် ယိုစီးကျသော ရေစက် အသံမှတစ်ပါး မည်သည့်အသံကိုမျှ မကြားရချေ။

ကျွန်ုပ်တို့သည် လိုဏ်ခေါင်း၏အလယ်မှ မှေးမှိန်စွာ တောက်လောင်လျက် ာ မီးရှူးတိုင်၏ အနီးတွင်ရပ်လျက် ထိုမျှလောက် ကြာရှည်စွာ တစ်စုံတစ် က်သောသူမျှ ထွက်ပေါ်လာခြင်း မရှိဘဲ နှစ်ယောက်ထဲ ပစ်ထားခဲ့ခြင်း အဖြစ် အံ့သြစ ပြုလာသည်တွင် ထိုညနေအဖို့ ပထမဆုံး ထူးခြားသော အခြင်းအရာ တွေကြရ၏။ကျွန်ုပ်တို့သည် တစ်ဖက်သောနံရံသို့ မျက်နှာမူကာ ရပ်လျက် နေကြစဉ် ထိုနံရံနှင့် ကျွန်ုပ်တို့၏ အကြားတွင်ရှိသော ကြမ်းပြင်မှ လူတစ် က်သည် ပထမ၌ အရိပ်ကဲ့သို့ မှေးမှိန်စွာ မထင်မရှား ထွက်ပေါ်လာခဲ့ရာမှ ည်းဖြည်း ထင်ရှားသော အဖြစ်သို့ ရောက်လာပြီးလျှင်၊ နောက်ဆုံး၌ သင်္ကန်းကို ခြုံထားသော ဘုန်းကြီးတစ်ပါးအဖြစ်သို့ ရောက်လာခဲ့လေ၏။

ထိုနောက် ဘုန်းကြီးသည် အနီးသို့ ချဉ်းကပ်လာ၍ "သင်သည် မည်သည့် ားပုဂ္ဂိုလ်ကမျှ တိုက်တွန်းသွေးဆောင်ခြင်း မပြုဘဲ၊ သင်၏အလိုဆန္ဒ သက်ဖြင့် ကျွန်ုပ်တို့၏ လျှို့ဝှက်နက်နဲသော ပညာကြီးများကို ရှာမှီးရန် ောက်ခြင်း ဖြစ်ချေသည်။နောက်သို့ ဆုတ်လိုလျှင် ဆုတ်ချေလော့ အချိန်ရှိသေး " ဟု လိုဏ်သံပါသော အသံကြီးဖြင့် ပြောလေရာ၊ ပထမံသိန်းက တည်ငြိမ်စွာ အသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"နောက်သို့ဆုတ်ရန် ကျွန်ုပ် အလိုမရှိပါ"ဟု ပြန်ပြောလိုက်၏။

"သင်၏သဘောအတိုင်း ရှိစေ။ လိုက်ခဲ့လော့"

ထိုအခါ ပထမံသိန်းသည် ၎င်း၏နောက်သို့ လိုက်သွားသဖြင့် ကျွန်ုပ်လ
လိုက်တော့မည် ပြုသည်တွင်၊ ခေါင်းမြီးခြုံထားသောဘုန်းကြီးသည် နောက်
ရုတ်တရက်လှည့်၍

"သင်မူကား ကျွန်ုပ်တို့နှင့် အတူလိုက်ပါရန် အခွင့် မရှိချေ။ကျွန်ုပ်ပြ
မည်ဖြစ်သော အခြင်းအရာများကို အခြားသောလူသားတို့ မကြည့်အပ် မကြ
ထိုက်သည် ဖြစ်သောကြောင့် ဤနေရာမှ စောင့်နေရစ်ရမည်"

ကျွန်ုပ်မှာ ဤမျှလောက် စွန့်စား၍ လိုက်လာခဲ့ပြီးမှ အလုံးစုံ တွေ့မြင်ခ
ထိုက်သည်ဟု သဘောရသည်နှင့် ကန့်ကွက်ပြောဆိုမည် ပြုသည်တွင်၊ ပထမံသိ
က ကျွန်ုပ်ဘက်သို့ လှည့်၍ "နေရစ်ပါ" ဟု အမိန့်ပေးလိုက်သောကြောင့် မပြေ
ဘဲ ဆိတ်ဆိတ် နေလိုက်ရလေ၏။

၎င်းတို့နှစ်ယောက်သည် တစ်ခုသောအပေါက်ဝယ်မှ ဝင်သွားသဖြင့် ပျေ
ကွယ်သွားကြရာတွင်၊ ကျွန်ုပ်မှာ လိုဏ်ခေါင်းကြီးအတွင်း၌ ၁၅မိနစ်ခန့် ကြာသ
တိုင်အောင် တစ်ယောက်တည်း စကြံလျှောက်လျက် ကျန်နေရစ်ခဲ့၏။ ယင်း
ရှိစဉ် ပထမံသိန်း တွေ့မြင်ရမည့် အရာများသည်ကား ဧကန်မုချ ထူးထူး ခြား
ရှိ၍ အခြားသူတို့ မြင်ဖူးမည် ဝေးစွ၊ ကြားရုံမျှပင် မကြားဘူးသော အရာမျ
ဖြစ်ရမည်။ဤမျှလောက် စွန့်စား၍ လိုက်လာခဲ့ပြီးမှ'ဆင်ပြောင်ကြီး အမြီးတွ
မှတစ်'ဟူသော စကားပုံကဲ့သို့ ဖြစ်ရချေတော့မည်။ အကယ်၍ ပထမံသိန်း၌ ဆ
အန္တရာယ် တစ်စုံတစ်ရာနှင့် တွေ့ကြုံခဲ့ပါလျှင်လည်း ကူညီနိုင်လိမ့်မည် စသည်ဖြ
စိတ်ကူးမိပြီးနောက်၊ မည်သို့ပင်ဖြစ်စေ ၎င်းတို့နောက် လိုက်၍ ကြည့်ချေအံ့
ဆုံးဖြတ်လျက် ၎င်းတို့ ဝင်သွားသော အပေါက်ဝယ်သို့ ဝင်၍ လိုက်သွားလေ၏

မှောင်မိုက်ထဲ၌ ၁၀လှမ်းခန့် လျှောက်လာမိသောအခါ ကျွန်ုပ်သည
စတုရန်း ပေ ၃၀ ခန့် ကျယ်ဝန်းသော အခန်းတစ်ခန်းသို့ ရောက်သွား၍ ထိုအခန်
မီးရှူးတိုင်တစ်တိုင် ထွန်းလျက် ရှိသည်ကို တွေ့ရ၏။ ထိုအခန်း၏ အလယ်ဗဟို





ကား လုံးပတ် ပုဆိုးတစ်ပတ်ခန့်မျှရှိသော ကျောက်တိုင်ကြီးတစ်တိုင် ရှိ၏။ ကျွန်ုပ်
သည် နံရံပတ်လည်၌ တံခါးဖြစ်စေ၊ အပေါက်ဖြစ်စေ ရှိချေမည်လောဟု မီးရှူးတိုင်
၏ အလင်းရောင်ဖြင့် လှည့်ပတ်ကြည့်ရှုလေရာ မည်သည့်တံခါး အစအနကိုမျှ
မမြင်ရသည်နှင့် ကြမ်းပြင်ကို ပြန်ကြည့်ပြန်၏။ ကြမ်းပြင်မှာလည်း ကျောက်သား
ပကတိ ရှိနေ၍ တံခါး မရှိခဲ့ချေ။

နောက်ဆုံး၌ ကျွန်ုပ်သည် စိတ်ပျက်စွာနှင့် လာသည့်လမ်းအတိုင်း ပြန်တော့
မည်ဟု မီးရှူးတိုင်ကို ချထားလိုက်ရာတွင် ကျောက်တိုင်အောက်ခြေ၌ ပတ်ကြား
အက်သကဲ့သို့ ကွဲအက်နေသည်ကို ရိပ်ခနဲ မြင်လိုက်ရ၏။ ထိုအခါ ကျွန်ုပ်သည်
မီးရှူးတိုင်ကို ပြန်ကောက်၍ သေချာစွာ စုံစမ်းကြည့်ရာ ကျွန်ုပ်မြင်ရသော ပတ်ကြား
မှာ မသေမချာ ပိတ်ထားသော တံခါးမျှသာဖြစ်ကြောင်း တွေ့ရှိရ၏။

ကျွန်ုပ်သည် တံခါးကို လက်ဖြင့် ဖြည်းညင်းစွာ တွန်းလိုက်သောအခါ
သက်သက်သာသာနှင့် ပွင့်သွား၍ ကျောက်တိုင်ကြီးအောက်ခြေမှာ ခေါင်းပွဖြစ်
ကြောင်း တွေ့ရှိရ၏။ အတွင်းသို့ ဝင်မိသောအခါ အောက်သို့ ဆင်းသွားသော
လှေကားထစ်များကို တွေ့သည်နှင့် ကျွန်ုပ်သည် ဘယ်လိုဖြစ်ဖြစ်ဟူသော စိတ်ထား
မျိုးနှင့် လှေကားထစ်များမှ အောက်သို့ ဆင်းလိုက်သွားလေ၏။

အောက်၌မူကား မှောင်မည်းလျက်ရှိရာ တစ်ခုသော တံခါးဝမှာ အလင်း
ရောင်ကလေး ထွက်နေသည်ကိုသာလျှင် တွေ့မြင်ရ၏။ ကျွန်ုပ်သည် အလင်းရောင်
ထွက်နေသော တံခါးသို့ ချောင်းကြည့်လိုက်သော အခါ၌မူကား အောက်ပါအခြင်း
အရာကို တွေ့မြင်ရလေ၏။

အလျား ပေ ၅၀၊ အနံ ပေ ၃၀ခန့် ကျယ်ဝန်းသော အခန်းတစ်ခန်းအတွင်း
၌ ထောင့်လေးထောင့်တွင် မီးရှူးတစ်တိုင်စီ ထွန်းညှိလျက်ရှိရာ တစ်ဖက်သော
နံရံ၌ကား အင်္ဂရိတ်သမားတို့ အသုံးပြုသည့် ဖားဖိုကြီးတစ်ဖို ရှိ၏။ တစ်ပါးသော
ဘုန်းကြီးသည် ၎င်းဖားဖိုကြီးကို ဆွဲလျက် တရှူးရှူး လေထိုးနေရာ မီးကျည်များသည်
ဖိုကြီး၏အဝ၌ ရဲရဲနီလျက် ရှိ၏။

ပထမံသိန်းမှာ ဖိုကြီးအနီးရှိ ထိုင်ခုံကလေးတစ်ခုတွင် ထိုင်လျက်ရှိ၍ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးခဲ့သမျှသော လူအိုများအနက်တွင် အအိုဆုံး အသက်ရှိသူဖြစ်၍ တစ်ရာထက် မနည်း ခန့်မှန်းရသော ဘုန်းကြီးတစ်ပါးသည် ပထမံသိန်း၏ ရှေ့တွင်ရပ်ကာ ပြောပြဖွယ်ရာများကို သွန်သင်ပြသလျက် ရှိ၏။

အခြား ဘုန်းကြီးနှစ်ပါးသည် မနီးမဝေးမှ ရပ်လျက် ခိုင်းစေသမျှကို ဆောင်ရွက်မည့်ဟန်နှင့် စောင့်ကြည့်နေကြ၏။

ကျွန်ုပ် ချောင်းကြည့်လိုက်သော ခဏ၌ ဘုန်းကြီးအိုကြီးသည် တစ်မိုက် ခန့်ရှိသော ဆေးပုလင်းကလေးတစ်လုံးကို လက်တွင်ကိုင်လျက် ပထမံသိန်း အား

"လူနာကို ပျောက်အောင်ကုသောနည်းကို သင်မြင်ရပြီးပြီ။ ယုံကြည်ပါ ၏လော ငါ့သား"

"ယုံကြည်ပါသည် ဖခင်"

"ယခု လူသေကို အသက်သွင်းသောနည်းကို ငါပြမည်"

ထိုနောက် ရပ်နေသော ဘုန်းကြီးနှစ်ပါးအား လက်ပြလိုက်ရာ ၎င်းတို့သည် အခန်းအပြင်သို့ အခြားအပေါက်မှ ထွက်သွားကြ၍ ထမ်းစင်နှင့် တင်ထားသော အလောင်းတစ်လောင်းကို အခန်းအတွင်းသို့ သွင်းခဲ့ကြ၏။

"ဤအလောင်းကား ယမန်နေ့ညက သေဆုံးသော သီတင်းသုံးဖော် တစ်ယောက်၏ အလောင်းဖြစ်သည်။ သေသည် မသေသည်ကို သင် စစ်လော့"

ထိုအခါ ပထမံသိန်းသည် ထိုင်ရာမှ ထ၍ ဘုန်းကြီးအလောင်း၏ မျက်နှာကို သေချာစွာ ကြည့်ပြီးနောက်၊ ရင်ဘတ်ကို စမ်းသပ်၍

"အသက်မရှိပါ ဖခင်။ ကျေနပ်ပါပြီ"

ထိုအခါ ဘုန်းကြီးအိုကြီးသည် လက်တွင်ကိုင်ထားသော ဆေးပုလင်းမှ ဆေးရည်အနည်းငယ်ကို ကျောက်လုံတစ်ခုထဲသို့ လောင်းထည့်၍ လုံကို မီးပေါ်၌ တင်လိုက်ပြီးနောက် ဖိုကို ပြင်းစွာဆွဲလေ၏။ လုံပေါ်၌ မီးသွေးများ ထပ်လောင်းစုပုံပြီးနောက် ၅ မိနစ်မျှ ကြာအောင် တရှူးရှူးနှင့် ဆွဲလိုက်သောအခါတွင် ရဲရဲနီလာသော မီးကျီးခဲများ၏ အပေါ်၌ အရောင်တလက်လက်ထွက်သော ဓာတ်ငွေ့များ အတွင်းမှ လျှပ်ပစ်သကဲ့သို့ ဝင်းခနဲလက်ခနဲ အတန့်တန့် အစင်းစင်း ဖြစ်ပေါ်လေ၏။





တစ်ခဏမျှ ကြာပြန်သော် သပိတ်တစ်လုံးခန့်ရှိသော ဓာတ်ငွေ့လုံးကြီး တစ်လုံးသည် လျှပ်စစ်ကဲ့သို့ ဝင်းပြောင် တောက်ထိန်စွာ ရှိနေသည်ဖြစ်သောကြောင့်၊ တစ်ခန်းလုံးမှာ မှုန်းတည့်နေ၏ အရောင်ကဲ့သို့ ထွန်းတောက်ထိန်လင်းလျက်ရှိရာ၊ ကျွန်ုပ်မှာကား ထိုဓာတ်ငွေ့ကို မျက်စိဖြင့် တိုက်ရိုက်ကြည့်ခြင်းငှာ မစွမ်းနိုင်အောင် ရှိနေ၏။

ထိုအခါ ဘုန်းကြီးအိုကြီးသည် နေလုံးကဲ့သို့ ထိန်ထိန်ပြောင်လျက်ရှိသော ဓာတ်ငွေ့လုံးကို မိမိ၏လက်တစ်ဖက်နှင့် ထိထား၍ အခြားလက်တစ်ဖက်ဖြင့် ဘုန်းကြီးအလောင်း၏ နဖူးပေါ်သို့ တင်ထားလိုက်သည်နှင့် တစ်ပြိုင်နက်၊အလောင်းသည် သိသိသာသာ လှုပ်ရှား၍လာလေ၏။ ဘုန်းကြီးအိုသည် အလောင်း၏နဖူး၌ တင်ထားသောလက်ကို ရုပ်သိမ်းခြင်း မပြုဘဲ မျက်စိမှိတ်ခါ ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုရာတွင်၊ အလောင်းသည် ထမ်းစင်ပေါ်၌ တဖြည်းဖြည်း ထ၍ ထိုင်လေ၏။ ထိုအခါ ဘုန်းကြီးအိုက

"သင် ဘယ်သူဖြစ်သနည်း"

"အရှင်နှင့် သီတင်းသုံးဖော် ဖြစ်ပါသည်"

"ယခုအခါ ဘယ်အရပ်၌ သင်ရှိနေသနည်း"

"စတုမဟာရာဇ်ဘုံ၌ ရှိနေပါသည်"

"ကျွန်ုပ်တို့ကို သတိရပါ၏လော"

"မရမိပါ"

"ပျော်ပါ၏လော"

"အလွန်ပျော်ပါ၏"

ထိုနောက် ဘုန်းကြီးအိုသည် နဖူး၌ တင်ထားသော လက်ကို ဖြုတ်လိုက်ရာ၊ အလောင်းသည် ယခင်အတိုင်း ပက်လက်လန်လျက် ကျသွားလေ၏။ ဘုန်းကြီး အိုသည် မီးကို လျော့စေပြီးနောက်၊ ပထမံသိန်းဖက်သို့ လှည့်၍

"ယုံကြည်ပါ၏လော ငါ့သား"

"ယုံကြည်ပါသည် ဖခင်"



www.burmeseclassic.com

www.burmeseclassic.com



"လူနှုကို ပြပြီးပြီ၊ လူသေကို စကားပြောအောင် လုပ်ပြ ပြီးပြီ။ ဒီပြင် ဘာများ ငါ့သား ကြည့်ချင်သလဲ"

"အခြားဘုံသားများကို ကျွန်ုပ် ကြည့်လိုပါသည် ဖခင်"

"ကျွန်ုပ်တို့ထက် မြင့်သော ဘုံသားကိုကား ခေါ်မပြနိုင်။ယုတ်နိမ့်သော ဘုံသားများကိုမူကား ခေါ်နိုင်သည်။ ကြည့်လိုသလား"

"ကြည့်လိုပါသည် ဖခင်"

ထိုအခါ ဘုန်းကြီးအိုသည် ထိုင်ခုံတစ်ခုပေါ်၌ လက်ပိုက်ကာ ထိုင်နေ၍ မျက်စိကို စုံမှိတ်လျက် နှုတ်မှ တတွတ်တွတ် ရွတ်ဆိုပြီးလျှင် ကိုယ်ကို ထိုမှ ဤမှ လှုပ်ယိမ်းလေရာ၊မီးရောင်သည် တဖြည်းဖြည်း မှိန်၍ သွားလေ၏။ နောက်ဆုံး၌ အခန်းသည် လွင်ပြင်ထဲတွင် ကြယ်ရောင်ကဲ့သို့သော အလင်းရောင်သာလျှင် ကျန်တော့သည်ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် ရေးရေးမျှသာ မြင်နိုင်တော့သည်ဖြစ်ရာ၊ဝေးလံသောအရပ်မှ မိုးချုန်းသံကဲ့သို့သော အသံကြီးကို ကြားရလေ၏။

နောက် တစ်ခဏ၌ကား ထိုအသံသည် ရပ်စဲသွား၍ အတောင်ပံခတ်သဖြင့် ဗိုဗိုမြည်သော အသံမျိုးကို ကြားရပြန်လေရာ၊ ကြမ်းပြင်သည် ရုတ်တရက် အက်ကွဲသွားပြီးနောက် သံစ်ပင်လုံးခန့် ပမာဏရှိ၍၊ မြွေကြီးသဖွယ် ရှည်လျားသော သတ္တဝါကြီး ပေါ်၍ လာလေ၏။ထိုသတ္တဝါသည် အမောက်အတက်ပါသော ဦးခေါင်းတို့ကို ပထမံသိန်းဘက်သို့ လှည့်၍ ကျယ်ဝန်းလှစွာသော ပါးစပ်ကြီးကို ဖြဲလျက်၊ ဟပ်ဝါးတော့မည်ကဲ့သို့ ထိုး၍ လိုက်လေရာ၊ပထမံသိန်းမူကား ထိုင်ခုံပေါ်၌ ဣန္ဒြေမပျက် လက်ပိုက်၍ ထိုင်နေ၏။

ဘုန်းကြီးအိုကြီးက "မကြောက်နဲ့ ငါ့သား။ ကြောက်ခဲ့လျှင် ဝါး သွားလိမ့်မည်" ဟု သတိပေးသဖြင့် "မကြောက်ပါ ဖခင်" ဟု ပြန်ပြောလေ၏။

ထိုနောက် အရုပ်ကားများနှင့် စေတီပုထိုးတို့၏ မုခ်များ၌သာ တွေ့မြင်ရဖူးသည့် သတ္တဝါကြီးများသည် အထက်မှ အမိုးကို ဖောက်၍ သော်လည်းကောင်း၊ အောက်မှ ကြမ်းကို လျှိုး၍ သော်လည်းကောင်း ဘွား 'ခနဲ ဘွားခနဲ ပေါ်ထွက်လာကြလေရာ ဘုန်းကြီးအိုကြီးက ဤကား နဂါးတည်း၊ ဤကား ဂဠုန်တည်း၊ ဤကား





-နာန်တည်း၊ ဤကား နတ်ဘီလူးတည်း၊ ဤကား မနုဿီဟတည်းဟု ပြောပြ -ဖြင့်သာလျှင် သိရလေ၏။

ထိုသတ္တဝါများသည် တစ်ကောင်နောက်တစ်ကောင် ပထမံသိန်းအား -ိုက်ဝါးတော့မည်ကဲ့သို့ဖြစ်စေ၊ ထိုးပုတ် ကုတ်ခြစ်တော့မည်ကဲ့သို့ဖြစ်စေ အနည်း -ည်း အဖုံဖုံ ခြိမ်းခြောက်ကြလေရာ၊ ပထမံသိန်းမူကား မတုန်မလှုပ် လက်ပိုက် -ုက်သာလျှင် ထိုင်နေလေ၏။ ဘုန်းကြီးအိုသည် ကြမ်းကို ခြေနှင့်ဆောင့်လျက် "ကွယ်ကြလော့" ဟု အမိန့်ပေးလိုက်ရာတွင် သတ္တဝါအားလုံးသည် ကြမ်းမှ -ည်းကောင်း၊ အမိုးမှ လည်းကောင်း၊ နံရံမှ လည်းကောင်း တစ်မုဟုတ်ချင်း ကွယ် -ောက်သွားကြလေ၏။

ထိုအခါ မီးရှူးတိုင်များမှ အလင်းရောင်သည် ပကတိ အလင်းရောင်အတိုင်း -ောက်လင်းပြန်လေရာ၊ ဘုန်းကြီးအိုကြီးက "ဤသတ္တဝါများကား လူသာမညတို့ -ြင်ကောင်းသော သတ္တဝါများ ဖြစ်သည်။ ငါ၏ မန္တာန်အစွမ်းကြောင့်သာလျှင် -ြင်မြင်နိုင်စွမ်းသည်။ စောင့်ဦးလော့၊ ငါတို့ မဟာယနဂိုဏ်း အစဉ်အဆက်မှ ဂိုဏ်း -ူးဆရာတော်ကြီးများကို ငါ့သားကိုယ်တိုင် မျက်မြင်ဒိဋ္ဌ ဖူးတွေ့စေရမည်"ဟု -ပြီးနောက်၊ လည်ပင်းတွင် ဆွဲထားသော အိတ်ကလေးတစ်လုံးမှ ဆေးပုလင်း -င်လုံးကိုထုတ်၍ ဆေးအနည်းငယ်ကို မီးကျီးပေါ်၌ ပက်ဖျန်းလိုက်၏။ ဆေး -ည်သည် မီးခဲများပေါ်သို့ ကျရောက်သည်နှင့် တစ်ပြိုင်နက် မီးခိုးများ အူထွက်လာ -ရာ တစ်ခဏအတွင်းတွင် မီးခိုးများသည် တစ်ခန်းလုံး ပျံ့နှံ့၍ သွားလေ၏။

ကျွန်ုပ်သည် အခန်းတံခါးမှ ချောင်းလျက် ကြည့်နေစဉ် မီးခိုးသည် -ဖြည်းဖြည်းရှင်းသွား၍ ပုံသဏ္ဌာန် မပီမသနှင့် ရေးရေးမျှသာ မြင်ရသော တိဘက် -ုန်းကြီးများစွာတို့သည် ပေါ်ထွက်၍ လာကြလေရာ၊ ၎င်းတို့သည် ထိုမှ ဤမှ -ူးများ သွားလာခြင်း ပြုကြသော်လည်း ခြေသံကား မကြားရချေ။

ဘုန်းကြီးများသည် တစ်ခန်းလုံး ပြည့်နေသည့်တိုင်အောင် ပေါ်ထွက်လာ -၍ အခန်းကို လှည့်ပတ်ကာ လျှောက်သွားကြလေရာ ဦးခေါင်း၌မူကား



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ကို ခေါင်းမြီးခြုံထားသည် ဖြစ်သောကြောင့် မျက်နှာကို မမြင်နိုင်ချေ။ ၎င်းတို့သည် အခန်းကို လှည့်ပတ် လျှောက်သွားကြ၍ ပထမံသိမ်း ရှေ့တည့်တည့်သို့ ရောက်လာသောဘုန်းကြီးသည် တစ်ခဏတာမျှ ရပ်တန့်ပြီးလျှင် ခေါင်း၌ ခြုံထားသော အဝတ်ကို လှပ်၍ လှပ်၍ ပြသွားလေ၏။

ယင်းကဲ့သို့ တစ်ပါးနောက် တစ်ပါး မျက်နှာကို လှပ်၍ပြရာတွင် ကျွန်ုပ်မှာမူ နောက်တည့်တည့်ကျနေသောကြောင့် ၎င်းတို့၏ မျက်နှာကို မမြင်ရသော်လည်း ပထမံသိမ်းမှာမူ မည်သို့သော မျက်နှာမျိုးများကို မြင်ရသည်မသိ၊ ထိတ်လန့်ဟန်နှင့် မျက်နှာ ပျက်ခနဲ ပျက်ခနဲ ဖြစ်သွားသည်ကို တွေ့မြင်ရ၏။ ပထမံသိမ်းကိုပင် ထိတ်လန့်အောင် ပြုနိုင်သော မျက်နှာမှာ လွန်စွာပင် ကြောက်ဖွယ်ရာ ကောင်းလိမ့်မည်ဟု တွေးတောမိသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် အပြင်းအထန် ကြောက်၍ တုန်လှုပ်ခဲ့ပြီးလျှင် ဆက်လက်၍ မကြည့်ဝံ့တော့ဘဲ ထိုင်ရာမှ ထပြေးခဲ့လေ၏။

ကျောက်တိုင်ရင်း၌ရှိသော တံခါးမှ ထွက်ခဲ့ပြီးနောက် ပထမံသိမ်း ထားခဲ့သောနေရာသို့ ရောက်အောင် ပြန်လာခဲ့ရာ ထိုနေရာသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကြောက်အားကြီးလှသဖြင့် မြောမေ့၍ သွားလေ၏။ ကျွန်ုပ်မှာ မည်မျှလောက်ကြာအောင် မြောမေ့နေသည် မသိ၊သတိရလာသောအခါ၌လည်း တစ်ယောက်တည်း ရှိနေသေး၏။ ထိုအခါ ကျွန်ုပ်မှာ သတ္တိမရှိဘဲလျက်နှင့် လိုက်၍ ကြည့်မိခြင်းအတွက် ကိုယ့်ကိုယ်ကို အပြစ်တင်လျက်ရှိစဉ်၊ ပထမံသိမ်းနှင့် ယခင်ဘုန်းကြီးသည် ဆိုက်ရောက်လာ၏။

ကျွန်ုပ်တို့သည် လှေကားထစ်များကို တစ်ဖန်တက်ကြ၍ နေရင်းအခန်းသို့ ပြန်ရောက်ကြသောအခါ၊ ပထမံသိမ်းသည် ကျွန်ုပ်အား စကားမပြောဘဲ ဆိတ်ဆိတ်သာလျှင် နေလေ၏။ ၎င်း၏ မျက်နှာမှာ သွေးမရှိတော့သကဲ့သို့ ဖျော့တော့တော့ ဖြစ်နေခြင်းကိုလည်း တွေ့မြင်ရ၏။ ကျွန်ုပ်ကလည်း စကားမပြောဘဲ ၎င်း၏အကဲကို ခတ်လျက်ရှိရာ၊ နောက်ဆုံး၌ ပထမံသိမ်းက

"ကျုပ်စကားကို ခင်ဗျား ဘာကြောင့် နားမထောင်တာလဲ ကိုကျင်စိန်"





"သိချင်လွန်း အားကြီးလို့က တစ်ကြောင်း၊ ခင်ဗျားအတွက် စိုးရိမ်လို့က တစ်ကြောင်း၊ ဒါကြောင့် ကျွန်တော် လိုက်ကြည့်မိပါတယ် ဆရာ။ ကျွန်တော့်အပြစ်နဲ့ ကျွန်တော် ခံလိုက်ရတာ သေလုနေပါပြီ ဆရာ"

"သည့်ပြင်လူဆိုရင် ကျုပ်စကားကို နားမထောင်ရင် ချမ်းသာပေးဖူးတယ်လို့ မရှိဖူးဘူး။ သို့သော်လည်း ခင်ဗျားကိုတော့ ရှိစေတော့ဗျာ၊ ခင်ဗျားအပြစ်နဲ့ ခင်ဗျားလဲ ခံရလှပါပြီ။ ဒါထက် ကိုကျင်စိန် ကြောက်တတ်သကိုး"

"ခင်ဗျားတောင် မျက်နှာပျက်သေးတာ၊ ကျွန်တော် မကြောက်ဘဲ ရှိပါ့မလားဗျာ"

"ကျုပ်က မြင်ရတဲ့လူ။ ခင်ဗျားက မြင်မှ မမြင်ရဘဲနဲ့ဗျာ"

"ဘယ်လိုမျက်နှာထားမျိုးတွေလဲဗျာ၊ ပြောစမ်းပါဦး"

"မသိချင်ပါနဲ့တော့ဗျာ၊ဘီလူးက အစွယ်ကြီး ဖြဲပြလို့လဲ ကျုပ် မကြောက်ခဲ့ဖူးဘူး၊ ဂုမ္ဘာန်က စားတော့မယ်လုပ်လဲ ကျုပ် မကြောက်ခဲ့ဘူး။ သို့သော်လည်း ဒီမျက်နှာတွေကျတော့ မခံနိုင်ဘူးဗျာ။ အသည်းနှလုံးကို ဘယ်လိုဖြစ်တယ်မသိဘူး။ သို့သော်လဲ ကျုပ်က ထွက်ပြေးတဲ့ဆီအထိ မကြောက်လေတော့၊ ဒီကနေ့အတွက်တော့ စာမေးပွဲ အောင်ခဲ့ပြီ။ နက်ဖြန်မနက်ပဲ ကျန်တော့တယ်"

"မပြီးသေးဘူးလားဗျာ"

"မပြီးသေးဘူး။ မနက်ဖြန်မနက် တစ်ချီ စာမေးပွဲ ဝင်ရလိမ့်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၁

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ် အိပ်ရာမှ နိုးသောအခါ ပထမံသိန်းမှာ အခန်းတွင်း၌ မရှိတော့ချေ။ သို့ရာတွင် ယမန်ညဦးက ပြောထားသောစကားကို သတိရသဖြင့် ထူးခြားသည်ဟု မအောက်မေ့ဘဲ ဆံပြုတ်သောက်ပြီးနောက် စကြံ လျှောက်လျက် စောင့်နေခဲ့လေ၏။

၁၀ နာရီ ထိုးလတ်သော် ပထမံသိန်းသည် ဒယိမ်း ဒယိုင် ရှိနေသော ခြေလှမ်းဖြင့် အခန်းတွင်းသို့ ဝင်လာလေရာ၊ ၎င်း၏ မျက်နှာမှာ လူသေကောင်၏ မျက်နှာကဲ့သို့ သွေးတစ်စက်မျှ မရှိတော့သည်အလား ဖြူရော်ရော် ဖြစ်လျက်ရှိ၏။

ကျွန်ုပ်သည် ပထမံသိန်း၏လက်ကို ကိုင်ဆွဲလျက် ကွပ်ပျစ်ပေါ်သို့ ခေါ်သွား၍ အကျိုးအကြောင်းကို မေးမြန်းလေရာ၊ ပထမံသိန်းက "မပြောပါနဲ့တော့ ကိုကျင်စိန်။ စာမေးပွဲတော့ အောင်ခဲ့ပါပြီ။ သို့သော် ဘယ်လို ခဲခဲယဉ်းယဉ်းနဲ့ အောင်ခဲ့တယ်ဆိုတာ မပြောချင်တော့ပါဘူးဗျာ။ ကျုပ်ဟာ သတ္တိနည်းတဲ့ လူ တစ်ယောက် မဟုတ်ဘူးဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

"ခင်ဗျားသတ္တိမျိုး ရှားပါတယ်ဗျာ၊ မတွေ့ဖူးသေးပါဘူး"

"ကျုပ်တောင်မှ မနည်းကြံပြီး ခံရတယ်ဗျို့။ မနေ့ညက ခင်ဗျားမြင်ရတဲ့ ဟာတွေက ဘာဟုတ်သေးလဲ၊ ကလေးကစားတာလောက် ရှိသေးတာကလား။ မကြောက်ပါဘူးဆိုပေမယ့် အသည်းနှလုံးကို ကိုင်ကိုင်ပြီး လှုပ်လိုက်သလို၊ ရမ်းလိုက်သလို ဖြစ်ဖြစ်သွားလေတော့ တော်တော့လူ ဘာ ခံနိုင်မလဲဗျ၊ ဒီအကြောင်းတွေ





ပြောရလျှင် နောက်နောင်ကို မှောင်မိုက်ထဲကိုတောင် ခင်ဗျား မသွားဝံ့ဘဲ နေပြန်တော့ မယ်"

"ဒီ အတောအတွင်းမှာ နောက်ပြန်ဆုတ်ဖို့များကော့ ခင်ဗျား စိတ်မကူးမိ ဘူးလား"

"အမှန်ပြောရမှာဖြင့် နောက်ပြန်ဆုတ်လိုတဲ့စိတ်တောင် တစ်ကြိမ်ဖြစ်ပေါ် လို့ တစ်မိနစ်လောက်ကြာအောင် ကျုပ် စဉ်းစားမိနေသေးတယ်ဗျ။ နောက်ဆုံး တော့ ဒီအခြေကျမှ နောက်မဆုတ်တော့ပါဘူး ဆိုပြီး ဇွတ်နှစ်တိုးလိုက်တာ အောင်မြင်လာခဲ့ပါပြီဗျာ။ ကိုင်း ဒါထက် စကားပြောနေဖို့ အချိန်မရှိဘူး။ကျုပ်ကို နေ့ ဂိုဏ်းချုပ်ကြီးအဖြစ်နှင့် တင်မြှောက်ပြီး ကျုပ်တို့ မက်မောလာခဲ့တဲ့ တပွနှလေဒင်ကျမ်းစာကြီးကို ကြည့်ဖို့ အခွင့်ရလိမ့်မယ်။ ဒီတော့ အချိန် မရောက် ဘစ်ရေးလောက် မှေးလိုက်စမ်းပရစေဗျာ၊ သူတို့က အခေါ်မလွှတ်ဘဲ ကျုပ် ဘာအကြောင်းနဲ့မှ မနိုးပါနဲ့"

ထိုနောက် ပထမံသိန်းသည် ကွပ်ပျစ်ပေါ်တွင် ပက်လက်လှန်၍ အိပ်လိုက် ံတ်ရောပ္မေပါ ချုံးချုံးကျအောင် ပင်ပန်းလာခဲ့သည် ဖြစ်သောကြောင့် အိပ်ပျော် သို့ ရောက်လေ၏။

ထိုနေ့ နာရီပြန်နှစ်ချက် အချိန်ခန့်တွင် လူပုတစ်ယောက်သည် အခန်းတွင်း ဝင်လာ၍ ပထမံသိန်းအား ခေါ်သွားသဖြင့် အိပ်ရာမှ ထ၍ လိုက်သွားရလေရာ ချိန်တွင်မှ ပြန်လာခဲ့ရလေ၏။

ထိုအခါ၌ကား ပထမံသိန်းမှာ လူစင်စစ်မှ ဟုတ်ပါလေ၏လောဟု ယုံ ည်မှားခြင်း ဖြစ်လောက်အောင် ပါးချောင် နားချောင်ကျလျက် မျက်နှာ၌ သွေး က်မျှ မရှိတော့သည်အလား ပိုးဟပ်ဖြူဖြစ်၍ လာ၏။ ကျွန်တော်က မေးမြန်း သော စကားများကို ဖြေကြားခြင်း မပြုနိုင်ဘဲလျက် ပထမံသိန်းသည် လက်နှစ်ဖက် ခေါင်း၌နှိပ်ခါ မောဟိုက်လာသော ဟန်နှင့် ငြိမ်ဝပ်စွာ ထိုင်လျက် ရှိနေလေ၏။

ကျွန်ုပ်မှာလည်း မည်သို့သော အကြောင်းကြောင့် မသိ၊ အလွန်အမင်း သားလံခြင်း ဖြစ်၍ နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညဉ့် ၈ နာရီခန့်တွင် ယခင်က လူပုသည် ကျွန်ုပ်တို့ နှစ်ယောက်လုံးကို ဂိုဏ်းချုပ်ကြီးနှစ်ပါး ခေါ်တော်မူကြောင်း ဆင့်ဆိုလေရာ၊ ကျွန်ုပ်တို့သည် ၎င်း၏ နောက်သို့ လိုက်ပါသွားကြလေ၏။ ယမန်ညဉ့်က သွားခဲ့သော လမ်းအတိုင်း ကြောင်လိမ်လှေကားထစ်များမှ ဆင်းသက်ကြပြီးနောက် ထိုညဉ့်က ကျွန်ုပ် တစ်ယောက်တည်း ကျန်နေရစ်သည့် ကျယ်ဝန်းစွာသော အခန်းကြီးအတွင်းသို့ ရောက်ကြလေရာ ထိုညဉ့်၌မူ ၎င်းအခန်းကြီးအတွင်း၌ တစ်ရာမကသော မီးရှူးတိုင်များဖြင့် ထိန်ထိန်လင်းအောင် ထွန်းထားလျက် တစ်ရာခန့်မျှသော တိဘက် ဘုန်းကြီးများသည် နံရံပတ်လည် ဝိုင်းရံလျက် ရှိကြလေ၏။

အခန်းကြီး၏ အလယ်၌ကား အရောင်တဖိတ်ဖိတ် တောက်သည့် ကြက်သွေးရောင် ဖဲအဝတ်ကြီးဖြင့် လွှမ်းအုပ်ထားသည့် ပလ္လင်သဖွယ်ရှိသော စင်မြင့် ပေါ်တွင် အဝါရောင် ပိုးကတ္တီပါနှင့် ချုပ်လုပ်ထားသည့် ဖုံကြီးသုံးခု ခင်းကျင်းလျက် ရှိ၏။ ကျွန်ုပ်တို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် မည်သည့်အရပ်မှ လာသည် မသိ၊သာယာကြည်နူးဖွယ်ကောင်းလှသော တီးမှုတ်သံများကို စတင်၍ ကြား လေရာ၊ ကျွန်ုပ်တို့သည် တိဘက်ဘုန်းကြီးတစ်ပါး၏ ညွှန်ကြားချက်အတိုင်း ပလ္လင်၏ ရှေ့တည့်တည့်၌ ရပ်တန့် စောင့်ဆိုင်း နေကြရလေ၏။

တီးမှုတ်သံများသည် တဖြည်းဖြည်း ကျယ်သည်ထက် ကျယ်လာ ၃၀ ခန့်မျှသော လူပုများသည် မီးရှူးတိုင် ကိုယ်စီနှင့် အခြားသော အပေါက်တ ပေါက်မှ နှစ်ယောက်တစ်တွဲ တွဲလျက် ဝင်လာကြလေရာ၊၎င်းတို့၏ အစီအစ ဆုံးသည်နှင့် တစ်ပြိုင်နက် ၂၀၀ ခန့်မျှသော တိဘက်ဘုန်းကြီးများသည် နှစ်ပါးစီတွဲ လျက် ဝင်လာကြပြန်လေ၏။

၎င်းတို့၏ နောက်၌ကား အရောင်တဖိတ်ဖိတ်တောက်သော ဖဲဝတ်လုံကြီး များကို ဝတ်ဆင်ထားသည့် ဂိုဏ်းချုပ်ကြီးနှစ်ပါးတို့ ဝင်လာကြလေရာ၊ ထိုနောက် မှ တိဘက်ဘုန်းကြီး ၁၀၀ ခန့်မျှ ပါလာသေး၏။ နှစ်ယောက်စီတွဲလာသော ဘုန်းကြီးများသည် ပလ္လင်တစ်ဖက်တစ်ချက်၌ တစ်ဦးစီခွဲလျက် လခြမ်းပုံသဏ္ဌာန် ဖြင့် ခြံရံကာ ရှိနေကြလေရာ၊ ဂိုဏ်းချုပ်ကြီးနှစ်ပါးမှုကား ပလ္လင်ပေါ်သို့ တက်ကြပြီး နောက် ကတ္တီပါ ဖုံကြီးများပေါ်တွင် ထိုင်ကြလေ၏။





ယင်းကဲ့သို့ နေရာတကျ ထိုင်မိကြသည်နှင့် တစ်ပြိုင်နက် ဆူညံစွာ တီးမှုတ် သွက်ရှိသော တူရိယာအသံသည် ရပ်စဲ၍ သွားသဖြင့် တစ်ခန်းလုံး တိတ်ဆိတ်စွာ နေ၏။

ထိုအခါ ဘုန်းကြီးတစ်ပါးသည် ပုရပိုက်တစ်ဆူကိုင်လျက် ပလ္လင်အနီး သို့ ချဉ်းကပ်ပြီးလျှင်၊ မဟာယနဂိုဏ်းကြီး၌ ဂိုဏ်းချုပ်ကြီးသုံးပါး ရှိသည့်အနက် နှစ်ပါးမှာ တိဘက်ပြည်မှ လည်းကောင်း၊ တစ်ပါးမှာ တရုတ်ပြည်မှ လည်းကောင်း အသီးသီးခန့်ထားရန် အစဉ်အလာ ထုံးစံရှိလာခဲ့ရာ၊ တရုတ်ပြည်အတွက် လစ်လပ် သော ဂိုဏ်းချုပ်ကြီး၏ နေရာတွင် ဟန်ကောင်မြို့မှ ဂိုဏ်းချုပ်ကြီးကို ခန့်ထားရန် အတွက် တိဘက်ပြည်မှ ဂိုဏ်းချုပ်ကြီးများက သဘောတူညီတော်မူကြောင်းကို ကျယ်လောင်သောအသံဖြင့် ဖတ်ပြလေရာ ခေါင်းလောင်းသံနှင့် ကြေးစည်သံများမှာ ဆူညံ၍ သွားလေ၏။

ထိုနောက် ဘုန်းကြီးလေးပါးတို့သည် ပထမံသိန်း၏ အနီးသို့ ချဉ်းကပ် ပြီးလျှင် အခန်းကြီးအပြင်သို့ ခေါ်ဆောင်သွားလေရာ ၁၀ မိနစ်ခန့် ကြာလတ်သော် ပထမံသိန်းသည် ဖုံပေါ်၌ ထိုင်လျက်ရှိကြသော ဂိုဏ်းချုပ်ကြီးများ ဝတ်ဆင်သည့် နည်းတူ အရောင်တဖိတ်ဖိတ်တောက်သော ဖဲဝတ်လုံကြီးဖြင့် ဝတ်ဆင်လျက် အခြံအရံ ဘုန်းကြီးများနှင့်အတူ အခန်းတွင်းသို့ ဝင်လာခဲ့ရာ၊ ကျွန်ုပ်မှာ ထိုသူ၏ ခန့်ညားရင့်ကျက်လှသော ကာယိန္ဒြေသည် အဝတ်ကြီးနှင့် အလွန်တစ်ရာမှ လိုက်လျောသင့်တော်လှပေသည် တကားဟု စိတ်ထဲ၌ ချီးမွမ်းမိသေး၏။

ပလ္လင်အနီးသို့ ရောက်သောအခါ၊ ပထမံသိန်းသည် ခန့်ညားလှစွာသော ကိုယ်ဟန်အမူအရာဖြင့် ဂိုဏ်းချုပ်ကြီးနှစ်ပါးတို့အား ဦးညွှတ်ခါ အရိုအသေ ပြုလေရာ၊ဂိုဏ်းချုပ်ကြီးများသည် ထိုင်ရာမှ ထ၍ ပလ္လင်ပေါ်မှ ဆင်းလာပြီးလျှင် ပထမံသိန်း၏ လက်ကို တစ်ပါးတစ်ဖက် ကိုင်တွဲလျက် ပလ္လင်ပေါ်သို့ တင်သွားကြ လေသည်။ ထိုနောက် ပထမံသိန်းသည် ဖုံကြီးသုံးခုအနက် အလယ်၌ရှိသော ဖုံကြီးပေါ်တွင် တင်ပျဉ်ခွေလျက် ထိုင်နေလေ၏။

ထိုအခါ အသက်အကြီးဆုံးဖြစ်သော ဂိုဏ်းချုပ်ကြီးက မိမိတို့မှာ မဟာယန



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းကြီး၏ ထုံးစံအတိုင်း ထိုဂိုဏ်းအစဉ်အဆက် နှစ်ပေါင်း နှစ်ထောင်ကျော် အချိန်ကာလ အတောအတွင်း ဆည်းပူးလေ့လာ ရှာဖွေစုဆောင်းလာခဲ့သည့် ခက်ခဲနက်နဲလှစွာသော ပညာကြီးများကို ဂိုဏ်းချုပ်သစ်အား သင်ကြားပြသခဲ့ပြီး ဖြစ်၍ ယနေ့အဖို့မှာ ထိုလောကီပညာရပ်တို့တွင် အခက်အခဲ အနက်နဲဆုံးဖြစ်သည့် အာတပ္ပန ဗေဒင်ကျမ်းကြီးကို မူရင်းအတိုင်း ဖတ်စေခွင့်ပြု၍ သွန်သင်ပြရန်သာလျှင် လိုတော့သည် ဖြစ်ကြောင်းနှင့် မိန့်မြွက်ပြီးနောက် ဝတ်လုံကြီးများအတွင်း၌ လျှို့ဝှက်ဆောင်ယူခဲ့သော အထုပ်တစ်ထုပ်ကို ထုတ်ယူလေ၏။ ၎င်းအထုပ်မှာ အနံ တစ်မိုက်ခန့်ရှိသော ပိုးထည်စဖြင့် အထပ်ပေါင်းများစွာ ရစ်ပတ်ထားသော အထုပ်ဖြစ်လေရာ၊ ဂိုဏ်းချုပ်ကြီးသည် အစကို ဖြေပြီးနောက် အတောင်နှစ်ဆယ်ခန့်တိုင်အောင် ရှည်လျားသော ပိုးစကို ဖြေထုတ်လေ၏။ ကျွန်ုပ်မှာမူ မည်မျှလောက် စိတ်အားထက်သန်စွာ ရှိနေသည်ကို ပြော၍ မပြနိုင်ချေ။ ရှေ့သို့ ဟပ်ထိုးလဲတော့မည်ပင် ဖြစ်၍ သွားသေး၏။

နောက်ဆုံး၌ အရောင်တလက်လက်ထွက်သော မိုးကြိုးပုရပိုက်တစ်ဆူ ပေါ်ထွက်လာလေရာ၊ ဂိုဏ်းချုပ်ကြီးသည် ပုရပိုက်ကို ဖြန့်ပြသောအခါတွင် စာမျက်နှာပေါင်း ၃၀ ခန့် ရှိ၍ အတော်ပင် သေးငယ်သောလက်ရေးဖြင့် ရေးထားသော စာများကို တွေ့မြင်ရလေ၏။ ဂိုဏ်းချုပ်ကြီးက ပထမံသိန်းအား ပုရပိုက်ကို သုံးညဉ့်တိတိ မိမိနှင့်အတူ ယူထား၍ ပုရပိုက်တွင် ပါရှိသော စာများကို ဖတ်ရှုနိုင်ကြောင်း၊ သုံးည စေ့ရောက်သောအခါ၌ မိမိတို့က သင်ကြားရန် ရှိသမျှကို လက်ထပ်သင်ကြားပြသမည် ဖြစ်ကြောင်းနှင့်ပြော၍ ပုရပိုက်ကို ပေးအပ်လိုက်ရာတွင်၊ အစဉ်မပြတ် ကျေနွေကောင်းလှသော ပထမံသိန်းပင်လျှင် ဟန်မဆောင်နိုင်လောက်အောင် ရွှင်ပြုံးခြင်း ဖြစ်သွားသည်ကို ကျွန်ုပ် မြင်မိ၏။

ထိုခဏ၌ အပြင်က အုတ်အုတ်ကျက်ကျက်ဖြစ်သော အသံကို ကြားရသည်နှင့် ဂိုဏ်းချုပ်ကြီးသည် လက်လှမ်း၍ ပေးနေသော ပုရပိုက်ကို ပြန်ယူထားလျက် အနီး၌ရှိသော ဘုန်းကြီးတစ်ပါးကို စုံစမ်းရန် စေလွှတ်လိုက်၏။ ၅ မိနစ်ခန့်ကြာသောအခါ ထိုဘုန်းကြီးပြန်လာ၍ ခရီးသည်တစ်ယောက် ဆိုက်ရောက်လာ





ကြောင်း၊ ၎င်းဂိုဏ်းချုပ်သစ် တင်မြှောက်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ ဂိုဏ်းချုပ်ဟောင်းပါးတို့အား အရေးတကြီး လျှောက်ထားရန်စကား ရှိသည်ဟု ပြောကြောင်းနှင့် လျှောက်ထားလေ၏။ ထိုအခါ ကျွန်ုပ် နှလုံးခုန်လိုက်ပုံမှာ ပါးစပ်ထဲမှ ခုန်ထွက်သွားချေမည်လော ဟူ၍ပင် မှတ်ထင်ရလောက်၏။

ဂိုဏ်းချုပ်ကြီးက အတွင်းသို့ သွင်းခဲ့ရန် အမိန့်ပေးရာတွင် ခရီးပြင်း လာခဲ့ဟန်နှင့် တစ်ကိုယ်လုံး ပေကျံလျက်ရှိသော လူတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာ၍ ပလ္လင်၏ရှေ့တွင် ရပ်လေ၏။

"မည်သို့ လျှောက်ထားရန် ရှိသနည်း။ အသင် မည်သူဖြစ်သနည်း"

"အကျွန်ုပ်ကား ဟန်ကောင်မြို့မှ ဂိုဏ်းချုပ်ဖြစ်ပါသည်။ မတရားသော သူကို ဥပဒေ စည်းကမ်းအတိုင်း စီရင်ပေးဖို့ ခွင့်တောင်းလျှောက်ရန် လာရောက်ခြင်း ဖြစ်ပါသည်"

ထိုအခါ တစ်ခန်းလုံးသည် အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေ၏။

"သင်ကား လူလိမ်တစ်ယောက် ဖြစ်ချေသည်။ ဟန်ကောင်မြို့မှ ဂိုဏ်းချုပ်သည် ငါတို့ထံ ရောက်နှင့်ပြီဖြစ်၍ ယခုပင် မဟာယနဂိုဏ်းချုပ်ကြီးအဖြစ်နှင့် တင်မြှောက်လျက် ရှိသည်"

"အရှင်တို့ မှားကြလေပြီ၊ ဤသူကား ဂိုဏ်းချုပ် မဟုတ်ချေ။ အကျွန်ုပ်ကို ဖမ်းဆီး၍ လူဆိုးများလက်သို့ အပ်ပြီးနောက် ကျွန်ုပ်ယောင်ဆောင်၍ လာသော လူလိမ်တစ်ယောက်မျှသာ ဖြစ်ပါသည်"

"ယင်းသို့ဖြစ်လျှင် မည်သည့်နည်းနှင့် သင်ရောက်အောင် လာနိုင်သနည်း"

"လူဆိုးများလက်မှ လွတ်အောင်ကြံပြီးနောက် တီယန်ဆင်မြို့သို့ သွားပါသည်။ ထိုမှတစ်ဖန် ပီကင်းမြို့သို့သွား၍ ပီကင်းမြို့မှ ဤအရပ်သို့ ရောက်အောင် လာခဲ့ရပါသည်"

ထိုအခါ ပထမံသိန်းသည် အနည်းငယ်မျှ ဣန္ဒြေလည်း မပျက်၊ အသံလည်း တုန်မယင်ဘဲလျက်

"လူတစ်ဦးတစ်ယောက်ကို အကျိုးယုတ် အရှက်ကွဲအောင် လုပ်ကြံပြော



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ဤသူ၏စကားကို နားမဝင်သင့်ပါ၊ အကျွန်ုပ်မှာ ပီကင်းမြို့ ဆရာတော်ကြီးထံမှ ထောက်ခံစာ ပါရှိသည် မဟုတ်ပါလော"

ထိုအခါ နောက်လာသူက

"ကျွန်ုပ်မှာလည်း ပီကင်းမြို့ ဆရာတော်ဘုရားကြီးထံမှ ထောက်ခံစာပါရှိပါသည်"ဟု ပြောလျက် စာတစ်စောင်ကို ထုတ်ပေးလေ၏။

ဂိုဏ်းချုပ်ကြီးနှစ်ပါးသည် စာနှစ်စောင်ကို နှိုင်းယှဉ်ကြည့်ကြပြီးနောက် တီးတိုးတိုင်ပင်ကြလေ၏။ အတန်ငယ်ကြာလတ်သော် တစ်ပါးသော ဂိုဏ်းချုပ်က ပထမံသိန်းအား

"သင်သည် ဟန်ကောင်မြို့မှ ဂိုဏ်းချုပ်မှန်ခဲ့လျှင် ဟန်ကောင်မြို့ ဘုရားရှစ်ခိုးကျောင်းကို ကောင်းကောင်းသိရမည်"

"သိပါသည်"

"ပထမအဆောင် အဝင်အဝ၌ တာယိုသယ်နယ်စား မင်းသားတစ်ပါးလှူဒါန်းခဲ့သော ကြေးခေါင်းလောင်းကြီး ရှိသည်။ ထိုခေါင်းလောင်းကြီး၌ မည်သည့် လက္ခဏာများ ရေးသားထားသနည်း"

"လူ့အလို နတ်မလိုက်နိုင်ဟု ရေးထားပါသည်"ဟု သွက်လက်စွာ ပြန်ပြောလိုက်လေရာ၊ ဂိုဏ်းချုပ်အစစ်သည် အံ့ဩလှသော လက္ခဏာနှင့် ငေးလျက်ကြည့်နေလေ၏။

"လှေကား၌ မည်သည့်အက္ခရာများ ထွင်းထားသနည်း"

"လောဘငယ် လယ်လောက်ရသည်ဟု ရေးထားပါသည်"ဟု မဆိုင်းမတွ ဖြေဆိုပြန်ရာ၊ ကျွန်ုပ်မှာ ချီးမွမ်း၍ မကုန်နိုင်အောင် ရှိနေ၏။

ထိုနောက် မေးခွန်းထုတ်နေသော ဂိုဏ်းချုပ်ကြီးသည် ဂိုဏ်းချုပ်စစ်ဖက်သို့ လှည့်၍ ကြည့်လိုက်ရာ ဂိုဏ်းချုပ်စစ်က

"မည်သည့်အက္ခရာမျှ မရှိပါ"ဟု ဖြေဆိုလိုက်ရာတွင်၊ ကျွန်ုပ်မှာ ဟိုက်ခနဲဖြစ်၍သွား၏။ တရားသူကြီးက "သင်သည် အယောင်ဆောင်သော လူတစ်ယောက်မျှသာဖြစ်ကြောင်း ထင်ရှားချေပြီ။ ထိုကျောင်းမှာ လှေကားမရှိသောကြောင့် အက္ခရာ





နိုင်" ဟု ပြောလိုက်သောအခါ ကျွန်ုပ်မှာ တစ်ခါဖြင့် ကိစ္စချောပြီဟု အောက်မေ့

ဘိ၏။ ထိုနောက် မေးခွန်းထုတ်သော ဂိုဏ်းချုပ်ကြီးသည် ပထမံသိန်း၌ ဝတ်ဆင်

သော ဝတ်လုံကြီးကို ချွတ်ရန် အမိန့်ပေး၍၊ တပည့်များအားလည်း ကျွန်ုပ်နှင့်

မံသိန်းကို လုံခြုံသော အခန်းတစ်ခန်းအတွင်းသို့ သွတ်သွင်းထား၍ အစောင့်

ပ်များနှင့် နေ့ညမပြတ် လုံခြုံစွာ စောင့်ထိန်းရန် အမိန့်ပေးပြီးလျှင် အစည်း

ကို ရုပ်သိမ်းလိုက်လေ၏။ ပထမံသိန်းမှာမူ စကားတစ်ခွန်းမျှ မပြောဘဲ

မလှုပ် မထိတရှိနှင့်သာ လိုက်ပါလာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

ထိုညဥ့်ပတ်လုံး ကျွန်ုပ်နှင့် ပထမံသိန်းသည် အိပ်စက်ခြင်းမပြုဘဲ အကြံအမျိုးမျိုး ထုတ်လျက် ရှိကြ၏။

တိဘက်ဘုန်းကြီးများသည် မိမိတို့၏ လျှို့ဝှက်နက်နဲသော ပညာများကို ရရှိစေရန်အတွက် လိမ်လည်လှည့်ဖြား မတရားသဖြင့် ဝင်လာခဲ့သူနှစ်ယောက်ကို အရှင်မထားဘဲ အသက်ဆုံးရှုံးအောင် စီရင်ကြမည့် အကြောင်းမှာ ယုံမှားဖွယ်ရာ မရှိချေ။

ပထမံသိန်းမှာမူ အသက်ဆုံးရှုံးရမည့်ဘေးထက် အာတပွန ဗေဒင်ကျမ်း ကြီးကို လက်တွင်းသို့ ရောက်ခါနီးဆဲဆဲတွင်မှ မိမိတို့၏အကြံ ပေါ်ပေါက်သွားသည့်အတွက် သာ၍ မချိမဆန့် ဖြစ်လျက်ရှိ၏။ သို့ဖြစ်၍ အခန်းတွင်းသို့ ရောက်ပြီးသည့်နောက် တစ်နာရီခန့်လောက်မှာ မည်သည့်စကားကိုမျှ ပြောဆိုခြင်းမပြုဘဲ အလွန်နှမြောလှသော လက္ခဏာနှင့် တောက်တစ်ခေါက်ခေါက် ဖြစ်နေလေ၏။

"ကျုပ်ဖြင့် စိတ်အကြီးအကျယ်ပျက်လို့မို့ သေရလျှင်တောင် အရေးမကြီးဘူးလို့ အောက်မေ့တော့တယ်ဗျာ၊ သို့သော်လဲ ခင်ဗျားကို ခေါ်လာမိခဲ့တဲ့အတွက် ကယ်ဆယ်ဖို့ဝတ္တရား ရှိပေသေးတယ်၊ ကြံဦးမှပဲ" ဟု ပြောပြီးနောက်၊ ၎င်း၏ ထုံးစံအတိုင်း အခန်းတွင်း စင်္ကြံလျှောက်ခါ အကြံထုတ်လေ၏။

တစ်နာရီခန့်မျှ ကြာသောအခါ ပထမံသိန်းသည် ဆေးသေတ္တာကို ကျွန်ုပ်အား ပြသလျက် "တယ်ပြီး အသုံးဝင်တဲ့ သေတ္တာကလေးဗျာ၊ ကျုပ်တို့အသက်ကို





ဒီတစ်ခါ ဒီသေတ္တာကလေးက ကယ်ဆယ်စေရမယ်" ဟု ပြောပြီးနောက် ၎င်း၏ အကြံအစည်ကို ပြောပြလေရာ၊ ကိုယ်တိုင် စိတ်ကူးမရှိသော ကျွန်ုပ်မှာ ၎င်း၏အကြံ အတိုင်း လိုက်နာဖို့သာလျှင် ပြင်ဆင်ရလေ၏။

ပထမံသိန်းမှုကား ဆေးသေတ္တာမှ မေ့ဆေးပုလင်းကို မီးရောင်တွင် ထောင်ကြည့်လျက် "လုံလောက်ကောင်းပါရဲ့ဗျာ၊ လူ လေးငါးယောက်လောက်တော့ မေ့နိုင်လောက်ပါတယ်"ဟု ပြောလျက် ဆေးရည်ဆွတ်ရန် လက်ကိုင်ပဝါကို ပြင်ဆင်ထား၏။

နံနက်လင်းသောအခါ တိဘက်ဘုန်းကြီးတစ်ပါးသည် ကျွန်ုပ်တို့၏ အခန်း တံခါးကို ဖွင့်ပြီးနောက်၊ ဆန်ပြုတ် အပြည့်ပါသော ကျောက်အင်တုံကိုကိုင်လျက် အခန်းတွင်းသို့ ဝင်လာ၍ ကြွပ်ပျစ်ပေါ်၌ ချထားလေ၏။

ထိုအခါ တံခါးကွယ်လျက် စောင့်နေသော ပထမံသိန်းသည် ထိုသူ၏ လည်ပင်းကို ကိုင်ဖမ်း၍ မအော်ဟစ်နိုင်အောင် ဖျစ်ညှစ်ထားလေရာ ကျွန်ုပ်ကမူ ခြေနှစ်ဖက်ကိုဆွဲ၍ တွန်းလှဲလိုက်၏။ ထိုသူသည် ပက်လက်လန်လျက် ယက်ကန် ယက်ကန် ဖြစ်နေစဉ် ကျွန်ုပ်သည် မေ့ဆေးဆွတ်ထားသော လက်ကိုင်ပဝါဖြင့် ပါးစပ်နှင့် နှာခေါင်းတို့ကို ဖုံးအုပ်လိုက်၏။ တစ်မိနစ်အတွင်းတွင် ထိုသူသည် ရုန်းကန်ခြင်း မပြုတော့ဘဲ ငြိမ်သက်၍ သွားလေရာ ကျွန်ုပ်တို့သည် ပထမဖြစ်သော အဆီးအတားကို အောင်မြင်ခဲ့လေပြီ။

ထို့နောက် ကျွန်ုပ်တို့သည် ထိုသူ၏အဝတ်ကို လျင်မြန်စွာ ချွတ်ယူကြ၍ ကျွန်ုပ်သည် ထိုအဝတ်ကိုဝတ်ပြီးလျှင် တိဘက်ဘုန်းကြီးများ၏ ထုံးစံအတိုင်း မျက်နှာ အထက်ပိုင်းနှင့် ဦးခေါင်းကို အဝတ်နက်ကြီးများဖြင့် စီးအုပ်ပြီးနောက်၊ ပထမံသိန်း၏ အကြံအတိုင်း ရွှေဒင်္ဂါးအနည်းငယ်ကို လက်တွင်ကိုင်လျက် ထွက်လာခဲ့လေ၏။

ပထမံသိန်းမှာမူ ကျွန်ုပ်၏နောက် မလှမ်းမကမ်းမှ လိုက်လာ၏။

တံခါးသို့ ရောက်သဖြင့် ခေါက်လိုက်သောအခါ တံခါးပွင့်သွားပြီးနောက် ဘုန်းကြီးနှစ်ပါးသည် တံခါးတစ်ဖက်တစ်ချက်၌ ရပ်လျက်ရှိသည်ကို တွေ့ရ၏။ ထိုအခါ ကျွန်ုပ်သည် လက်တွင် ကိုင်ထားသော ရွှေဒင်္ဂါးများကို တ...



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ကျဟန်နှင့် လွှတ်ချလိုက်ရာ တစ်ပြားသည် ထိုသူ၏ ခြေထောက်အနီးသို့ လိမ့်သွားသဖြင့် ထိုသူသည် လောဘတကြီး ကုန်း၍ ကောက်ယူ၏။

ဘုန်းကြီးတစ်ပါးက ကုန်းလျက် ကောက်နေဆဲတွင် ကျွန်ုပ်သည် ကျန်သောတစ်ပါး၏လည်ပင်းကို ရုတ်တရက် ကိုင်ဖမ်း ဖျစ်ညှစ်လေ၏။ ထိုခဏ၌ ပထမသိန်းရောက်လာ၍ ကျန်သောတစ်ပါးနှင့် ထွေးလုံး သတ်ပုတ်ကြလေရာ၊ ကျွန်ုပ်နှင့် သတ်ပုတ်ရသော ဘုန်းကြီးမှာ ကျွန်ုပ်ထက် ခွန်အားဗလကြီးမားသောကြောင့် ကျွန်ုပ်ပင် ရှုံးတော့မည့်ဆဲဆဲဖြစ်၍ အောက်မှ ကျလျက်ရှိ၏။

သို့ရာတွင် အစစအရာရာ၌ ကျင်လည်လှသော ပထမသိန်းသည် သူ၏ဘုန်းကြီးကို မေ့နေအောင် စီစဉ်ခဲ့ပြီးနောက် ကျွန်ုပ်အပေါ်မှ စီးနေသော ဘုန်းကြီး၏ ပါးစပ်နှင့်နှာခေါင်းကို မေ့ဆေးလက်ကိုင်ပုဝါဖြင့် ဖုံးအုပ်လိုက်ရာ တစ်မိနစ် မကြာမီ ကိစ္စပြီးလေ၏။

ထိုနောက် ကျွန်ုပ်တို့လည်း မေ့နေသော ဘုန်းကြီး၏အဝတ်ကို ချွတ်ယူကြ၍ ပထမသိန်းသည် ထိုအဝတ်ကို လျင်မြန်စွာ လဲလှယ်ဝတ်ဆင်လေရာ ကျွန်ုပ်တို့ နှစ်ယောက်လုံးမှာ တိဘက်ဘုန်းကြီးများ ဖြစ်သွားကြလေ၏။

ကျွန်ုပ်တို့သည် နံရံ၌ စိုက်ထူထားသော မီးရှူးတိုင်တစ်တိုင်ကို ကောက်ယူကြပြီးလျှင် ထိုနေရာမှ ထွက်ခွာလာကြ၍ လက်ဝဲဖက်တွင် တွေ့ရသော အပေါက်ငယ်သို့ ချိုးဝင်ရာတွင် အောက်သို့ဆင်းသော လှေကားထစ်များကို တွေ့သဖြင့် ဆင်း၍ လိုက်သွားကြလေသည်။

လှေကားအတန်တန် ဆင်းခဲ့ကြပြီးနောက် ကျွန်ုပ်တို့သည် ရေတံခွန်ကြီးရှိသောနေရာသို့ ကျော်လွန်ခဲ့ကြ၍ ကျောက်တိုင်ကြီးရှိသော အခန်းသို့ ရောက်ကြလေ၏။

"ဒီလမ်းက အောက်ကို ဆင်းတဲ့လမ်း မဟုတ်ဘူးထင်တယ် ဆရာ"

"ကျုပ်သိပါတယ်၊ အောက်ဆင်းတဲ့လမ်းက ဟိုဖက်မှာ ရှိပါတယ်။ နို့ပေမယ့် ရောက်ခဲ့ပြီးတဲ့နောက်တော့ လက်ချည်း မပြန်ဘူးလို့ သဘောထားပြီး တစ်နေ့ညက ကျုပ်ကိုစမ်းသပ်တဲ့ အခန်းထဲဝင်ပြီး လိုချင်တာကလေးတစ်ခု ယူမယ်





ရှိပါဗျာ"ဟု ပြောသောအခါ ပထမသိန်းသည်ကား အသက်အန္တရာယ်အတွက် အရေးကြီးနေသော ထိုအခိုက်၌ပင် လိုချင်သော ပစ္စည်းတစ်ခုအတွက် နှောင့်နှေးဆောင် ပြုဝံ့ချေသည်တကား ဟု အံ့ဩမိလေ၏။

ထိုနောက် ကျွန်ုပ်တို့သည် ကျောက်တိုင်ကြီးများ၏ ခြေရင်း၌ရှိသော တံခါးငယ်မှ ဆင်းသက်ကြ၍ ပထမသိန်းအား စုံစမ်းသောအခန်းတွင်းသို့ ရောက်ကြသောအခါ ဖားဖိုကြီးအနီး၌ရှိသော ကျောက်သေတ္တာကြီးကို ဖွင့်ကြလေ၏။

သေတ္တာကြီးအတွင်း၌ကား ဓာတ်လုံးအမြောက်အမြားနှင့် ဆေးပုလင်းများကို ရွေးချယ် ယူငင်ပြီးနောက် သေတ္တာကို ပိတ်ထား၍ အခန်းအပြင်သို့ ထွက်လာခဲ့ကြလေ၏။

ကျွန်ုပ်တို့သည် ဝက်ပါကဲ့သို့ ရှုပ်ထွေးလှစွာသော ဥမင်လိုဏ်ခေါင်းများအတွင်း ချာလပတ်လည်လျက် သွားချီ ပြန်ချီနှင့် ခေါက်တုန့်ခေါက်ပြန် ရှိနေကြပြီးနောက် မီးရှူးတိုင် ကုန်လုဆဲ အခါတွင်မှ လမ်းပေါက်သို့ရောက်ကြ၍ လျင်မြန်စွာ ဆင်းသွားရာတွင် လူပုများ ရှေးဦးစွာ ဝင်လာစဉ်က တောင်ကြားဂူဝသို့ ရောက်ကြလေ၏။

ကျွန်ုပ်တို့သည် ဝမ်းမြောက်ဝမ်းသာနှင့် ဂူဝမှ ထွက်လာ၍ နေ၏ အလင်းရောင်ကို မြင်ကြရသည်နှင့် တစ်ပြိုင်နက် တောင်ပေါ်ကျောင်းကြီးမှ ခေါင်းလောင်းထိုးသံများ၊ ကြေးစည်နှက်သံများ၊ ကလတက်ခေါက်သံများနှင့်တကွ လူများပါ ဆူညံညံ ဖြစ်လျက်ရှိသည်ကို ကြားရသဖြင့်၊ ကျွန်ုပ်တို့ လွတ်ထွက်ပြေးသည့်အကြောင်းကို တစ်ကျောင်းလုံး သိသွားပြီ ဖြစ်ကြောင်း သိရှိရလေ၏။

ထိုအခါ ကျွန်ုပ်တို့သည် ဂူ၏အထွက်၌ မည်သည့်ဘက်ကို လိုက်ရမည် မသိဘဲ ခြေဦးတည့်ရာသို့ ပြေးထွက်လာကြပြီးလျှင် ကျောက်တုံးများ၊ ချိုင့်ဝှမ်းနှင့် လယ်ဘက်ကန်သင်းများကို ခွေးများလိုက်သော ယုန်ကလေးများသဖွယ် ပေါ့ပါး ဖျတ်လတ်စွာနှင့် လွှားခနဲ လွှားခနဲ ခုန်ကျော်ကာ ပြေးလာခဲ့ကြလေသည်။

တစ်နာရီလောက် မရပ်မနားဘဲ ပြေးလွှားခဲ့ကြပြီးနောက် ကျွန်ုပ်တို့သည် အနည်းငယ် အရှိန်သတ်၍ တောင်ကြားကြီးတစ်လျှောက် မှန်မှန်လျှောက်၍ လာခဲ့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြရာ၊ နာရီတစ်ဝက်ခန့် ကြာပြန်သောခါတွင် နောက်မှ ညာသံပေး၍ လိုက်လာသော လူသံများကို သဲ့သဲ့မျှ ကြားရ၏။ ထိုအခါ၌မူကား ကျွန်ုပ်တို့မှာ ဆာလောင်မွတ်သိပ်လှချေပြီ။သို့ရာတွင် ကျွန်ုပ်တို့သည် ဆာလောင်ခြင်းကို ဂရုမစိုက်နိုင်ဘဲ ပြေးချည်တစ်ခါ လမ်းလျှောက်ချည်တစ်လှည့်ဖြင့် တောင်ကြားကြီးတစ်လျှောက် လာခဲ့လေရာ နောက်မှလိုက်ပါလာသော လူသံများသည် တဖြည်းဖြည်း နီးကပ်၍ လာလေ၏။

ထိုအခါ ကျွန်ုပ်တို့သည် တစ်ခါတည်း လွတ်မြောက်အောင် ထွက်ပြေးဖို့ အကြံကို လက်လျှော့၍ ပုန်းအောင်းရန် နေရာများကိုသာလျှင် ရှာဖွေကြရလေရာ၊ လူသံများသည် နောက်မှ ကိုက်၃၀၀ခန့် မျှသာ ဝေးသောအခါ၌ တောင်ကမ်းပါးယံထွင် အိမ်လုံးခန့်ပမာ ကြီးမားသော ကျောက်လုံးကြီးတစ်လုံးကို တွေ့မြင်ကြရလေ၏။ ကျောက်လုံးကြီးသည် တောင်ကြားလမ်းထက် ပေ ၃၀ ခန့် မြင့်သောနေရာတွင် မေးတင်လျက်ရှိရာ ကျွန်ုပ်တို့သည် ထိုနေရာသို့ လျှင်မြန်နိုင်သမျှ လျှင်မြန်စွာ တက်ကြပြီးနောက် ကျောက်လုံးကြီးကွယ်လျက် ပုန်းနေကြလေ၏။

လူသံများသည် ကျွန်ုပ်တို့နှင့် တည့်တည့်ရှိသော နေရာသို့ ရောက်လာကြ၍ ကျွန်ုပ်သည် ကျောက်တုံး၏အစွန်းမှ ချောင်းကြည့်လိုက်သောအခါတွင် ၂၀ ခန့်မျှသော တိဘက်ဘုန်းကြီးများသည် တုတ်ကိုယ်စီနှင့် ပြေးလာကြသည်ကို တွေ့မြင်ကြလေ၏။ထိုအခါ တစ်ပါးသော ဘုန်းကြီးက ရပ်တန့်၍ တုတ်ကြီးဖြင့် ညွှန်ပြလျက် "ဟိုကျောက်တုံးနောက်မှာ ပုန်းနေမလား မဆိုနိုင်ဘူး။ကြည့်စမ်းကြရအောင်" ဟု ပြောလေရာ အခြားသော ဘုန်းကြီးက "အချိန်ကုန်နေလို့ လွတ်သွားပါဦးမယ်။ ဟိုရှေ့မှာ ရိပ်ခနဲလိုလို မြင်လိုက်ပါတယ်၊ လာကြပါ" ဟု ပြောကာမှ ဆက်လက်၍ ထွက်သွားကြလေ၏။

ကျွန်ုပ်တို့သည် ၁၅ မိနစ်ခန့်မျှကြာအောင် စောင့်ဆိုင်းနေပြီးနောက် တောင်ကြားသို့ဆင်းလာ၍ ရှေ့သို့တိုးရမည်၊ နောက်သို့ဆုတ်ရမည်ကို ဆင်ခြင်ကြလေရာ၊ အကယ်၍ နောက်သို့ဆုတ်ပါမူ နှစ်စုခွဲလိုက်ခြင်းဖြစ်ပါက အခြားဖက်သို့ လိုက်သော လူစုနှင့်တွေ့ရမည် မလွဲဖြစ်သောကြောင့် ရောက်ပြီးသော ခရီးကလေးကို





ငြ်နှံ၍ မတုံ့တော့ဟု ဆုံးဖြတ်ပြီးလျှင် ထိုလူစု၏ နောက်မှပင် လိုက်ကြလေ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ထိုလူစု လှည့်၍ ပြန်လာသောအခါ၌ ရင်ဆိုင်တွေ့နေ ..ည်ကို စိုးရိမ်ရသည် ဖြစ်သောကြောင့် ခရီးတွင်စေဖို့ကို မလိုဘဲ နားတစွင့်စွင့်နှင့် ..လျှောက်လာကြလေ၏။

ထိုနေ့အဖို့ ကျွန်ုပ်တို့မှာ အစာစားဖို့ မျှော်လင့်ရန် မရှိသော်လည်း ရေမှာ ..ကား မကြာခဏ တွေ့ကြရသော စမ်းချောင်းများ၌ သောက်သုံးနိုင်ကြ၏။ ကျွန်ုပ် ..တို့သည် ရှေ့မှ လျှောက်သွားကြသော လူစုနှင့် တွေ့ဆုံခြင်းမရှိဘဲ တစ်နေ့ပတ်လုံး ..လျှောက်သွားကြ၍ နေဝင်ချိန်တိုင် ရောက်လေလျှင် မတ်စောက်သော တောင်ကမ်း ..းသည် တဖြည်းဖြည်း ပြေလာ၍ နောက်ဆုံး၌ ပေ ၂၀၀ ကျော် မျှသာ မြင့်သော ..မ်းပါးရှိရာသို့ ဆိုက်ရောက်ကြလေ၏။

ထိုအခါ ကျွန်ုပ်တို့သည် လက်ျာဖက်၌ရှိသော တောင်ကမ်းပါးကို တက်ကြ ..ပြီးနောက် ရှေ့သို့ မျှော်ကြည့်လိုက်သောအခါတွင် တစ်မိုင်ခရီးခန့်တွင် မီးကလေး ..များ တလက်လက် ရှိနေသည်ကို တွေ့မြင်ကြလေ၏။

ထိုအခါ ကျွန်ုပ်တို့သည် ရွာကလေးတစ်ရွာ ဖြစ်ချေမည်လောဟု မျှော် ..လင့်လျက် မီးရောင်မြင်ရာအရပ်သို့ လျှောက်သွားကြလေရာ၊ အနီးသို့ ချဉ်းကပ်မိ ..သောအခါတွင် ကျွန်ုပ်တို့ မျှော်လင့်သည့်အတိုင်း တောင်ယာ လုပ်ကိုင်စားသောက် ..သော ရွာကလေးတစ်ရွာ ဖြစ်ကြောင်း တွေ့ရလေ၏။

ပထမဲသိန်းသည် ကျွန်ုပ်အား သစ်ပင်တစ်ပင်အောက်တွင် ထားခဲ့၍ ..ဒင်္ဂါးအနည်းငယ်ကိုယူလျက် ရွာတွင်းသို့ ဝင်သွားလေရာ၊တစ်နာရီခန့် ကြာသော ..အခါတွင် အထုပ်ကြီးတစ်ထုပ်ပွေ့လျက် ပြန်လာလေ၏။

အထုပ်ထဲ၌ကား သိုးမွေးစောင်နှစ်ထည်၊ တိဘက်တောင်သူများ ဝတ်ဆင် ..သော အဝတ်နှစ်စုံနှင့် ဦးထုပ်နှစ်လုံး၊ ကြက်ကြော်တစ်ကောင်၊ ပြောင်းဖူး လေးဖူး၊ မုန့် ..ာ ၃ ၁၀ ၃၊ နံပြားနှင့်တူသော မုန့်ရှစ်ပြား၊ ဝက်သားခြောက် အနည်းငယ်နှင့် ..တစ်ဘူး ပါရှိလေသည်။ ၎င်းပစ္စည်းများကို ရွှေဒင်္ဂါးနှစ်ပြားနှင့် ဝယ်ယူခဲ့ကြောင်း ..ပြသောအခါ အလွန်တရာ အဖိုးချိုလှသည်ဟု ကျွန်ုပ် အောက်မေ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် အထုပ်တွင်ပါရှိသော အစာများကို မြိန်ရှက်စွာ စားသောက်ကြသည်ဟု ပြောဖို့ မလိုချေ။ ဝမ်းဝအောင် စားပြီးကြသောအခါ ကျန်သမျှအစာကို သိမ်းဆည်းကြပြီးနောက် တိဘက်ဘုန်းကြီး အဝတ်များကို ချွတ်၍ တောင်သူအဝတ်များကိုလဲလျက် ဦးထုပ်ကို ဆောင်းကြလေ၏။

ကျွန်ုပ်တို့၏ ရုပ်အသွင် ပြောင်းလဲသွားပုံကို မြင်ကြရသောအခါကျွန်ုပ်တို့မှာ ဘေးအန္တရာယ် အကြောင်းကိုပင် တစ်ခဏမျှ မေ့လျော့လျက် ပြုံးရယ်မိကြသေး ၏။

ကျွန်ုပ်တို့သည် ထိုရွာအတွင်း၌ တည်းခိုနိုင်သည် မှန်သော်လည်း လိုက်လံစုံစမ်းနေသော ဘုန်းကြီးများ၏ ဘေးရန်မှ စိတ်မချရသည်ဖြစ်သောကြောင့် စောင်တစ်ထည်စီပွေ့လျက် တောင်ကြားသို့ ဆင်းကြပြီးလျှင် တောင်ခေါင်းတစ်ခုကို ရှာဖွေကြရာ တစ်မိုင်ခန့်အတွင်းတွင် အဆင်သင့်တွေ့သည်နှင့် အိပ်စက်ကြလေ၏။

သန်းခေါင်ကျော်သည်နှင့် တစ်ပြိုင်နက် ပထမံသိန်းသည် ကျွန်ုပ်အားနှိုး၍ ခရီးဆက်ကြဖို့ ပြင်ဆင်စေရာ၊ ၎င်း၏အကြံမှာ ညအခါများ၌ ခရီးတွင်အောင်သွား၍ နေ့ခင်းအချိန်တွင် ချောင်ကောင်းကောင်း နေရာတစ်ခု၌ ပုန်းအောင်းအိပ်စက် နားနေရန် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ထိုအချိန်မှစ၍ မိုးလင်းသည်တိုင်အောင် ခရီးသွားကြပြန်လေရာ မည်မျှလောက် ပင်ပန်းနွမ်းနယ်စွာ ရှိကြသည့်အကြောင်းကိုကား ဖော်ပြရန် မလိုချေ။ ကျန်သမျှ အစာကလေးကို ချွေတာစွာ စားသောက်ကြပြီးနောက်၊ ကျွန်ုပ်တို့သည် နေကွယ်မည့် ကျောက်စွန်းတစ်ခု၏ အောက်၌ လှဲလိုက်ကြသည်နှင့် တစ်ပြိုင်နက် အိပ်ပျော်ခြင်းသို့ ရောက်ကြလေ၏။

ပထမံသိန်းက ဆွဲ၍ထူလိုက်သဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ၊ နေပြင်းစွာ ပူလျက်ရှိသည်ကို တွေ့ရသည့်အပြင် အဝေးမှ ခွေးတစီစီနှင့် ဆူညံစွာရှိနေသော အသံများကို ကြားရသဖြင့်

"ဘာဖြစ်တာလဲ ဆရာ"

"ကျုပ်တို့ခြေရာခံပြီး ခွေးတွေနဲ့ လိုက်တယ်ထင်တယ်ဗျို့၊ထ ထ ပြေးကြစို့"





ကျွန်ုပ်တို့သည် စောင်များကို လျင်မြန်စွာ လိပ်ပြီးနောက် ကျောက်စွန်းပေါ်သို့တက်၍ ကြည့်ကြသောအခါတွင် တစ်မိုင်ခရီးခန့်တွင် တောင်ကမ်းပါးယံမှ ဆင်းလာသော ခွေးကြီးသုံးကောင်နှင့် လူ ၁၀ ယောက်ခန့်တို့ကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်ုပ်တို့သည် အချိန်မဖြုန်းဘဲ ထိုလူစုကို ကျောခိုင်းလျက် အစွမ်းကုန်လျှောက်ပြေးကြလေရာ၊ ၁၅ မိနစ်ခန့် ပြေးမိကြသောအခါတွင် နောက်သို့ လှည့်ကြည့်လိုက်ရာ၊ လူတစ်စုမှာ မောပမ်းနေသော လက္ခဏာကြောင့် နောက်၌ ကျန်နေရစ်သော်လည်း ခွေးကြီးသုံးကောင်မှာမူ ကျွန်ုပ်တို့၏နောက်မှ နှစ်ဖာလုံခန့်မျှသာ ကွာချေတော့၏။

ထိုအခါ ပထမံသိန်းက "ခြောက်လုံးပြူး ပါရဲ့နော် ကိုကျင်စိန်"

"ပါ ပါတယ် ဆရာ"

"လူတွေကို လွတ်အောင် ပြေးစေနိုင်ဦးတော့၊ ခွေးတွေကိုတော့ လွတ်အောင် မပြေးနိုင်ပေဘူးဗျို့၊ အနီးရောက်လျှင် ခြောက်လုံးပြူးနှင့်သာ ပစ်ပေတော့ဗျာ"

"စိတ်ချပါ ဆရာ"

ကျွန်ုပ်တို့သည် မရပ်မနားဘဲ ဆက်လက်၍ ပြေးကြသော်လည်း ခွေးကြီးသုံးကောင်တို့သည် ကြောက်မက်ဖွယ်ရာ နက်ကျယ်စွာသော အသံကြီးများဖြင့် ဟိန်းဟောင်လျက် ကျွန်ုပ်တို့၏နောက်မှ ပေ ၁၀၀ ခန့်မျှတိုင်အောင် မီလာကြလေသည်။

လူစုမှာမူ အတော်ပင် ဝေးသေး၏။ ထိုခဏ၌ ပထမံသိန်းသည် သေနတ်ထိမှန်ဘိသကဲ့သို့ မြေပေါ်တွင် ပက်လက်လှန်၍ အိပ်လိုက်ရာ ကျွန်ုပ်မှာလည်း နားမလည်ဘဲနှင့် ထိုသူ၏ အတုယူ၍ အိပ်လိုက်ရ၏။ အကြောင်းသော်ကား ကျွန်ုပ်တို့၏ ရှေ့တည့်တည့်၌ နက်နဲလှသော ချောက်ကြီးတစ်ခု ကာဆီးလျက်ရှိ၍ ချောက်၏အောက်၌ကား အဟုန်ပြင်းစွာနှင့် စီးဆင်းလျက်ရှိသော စမ်းချောင်းတစ်ချောင်း ရှိနေသောကြောင့်တည်း။

ကျွန်ုပ်သည် ချောက်ထဲသို့ ဖောက်ထိုးမိုးမျှော် ကျသွားသည့်အဖြစ်ကို အသည်းအေးစွာနှင့် ကြည့်လျက်ရှိစဉ် အမွေးစုတ်ဖွားနှင့် ခွန်အားကြီးမားမှု၍



www.burmeseclassic.com

www.burmeseclassic.com



နွားကလေးပမာဏရှိသော ခွေးကြီးသုံးကောင်တို့သည် တဟူးဟူး တဟားဟား ကြုံးဝါးသော အသံကြီးများဖြင့် ပြေးဝင်လာပြီးလျှင် တစ်ကောင်သောခွေးသည် မြေပေါ်၌ လဲလျက်ရှိသော ကျွန်ုပ်၏ လည်မျိုကို ချိန်ဟပ်လေ၏။

သို့ရာတွင် ကျွန်ုပ်သည် လက်တွင် အဆင်သင့်ကိုင်ထားသော ခြောက်လုံးပြူးနှင့် ခွေးကြီး၏ အာခေါင်တည့်တည့်ကြီး ထိုးသွင်းပစ်ချလိုက်သောကြောင့် ခွေးကြီး၏သွားများသည် ကျွန်ုပ်၏လည်ပင်းနှင့် မထိသေးမီ ခွေးကြီးသည် ဂျွမ်းပြန်၍ ထိုးကျသွားလေ၏။

ထိုခဏ၌ သေနတ်သံကြားသောကြောင့် ပထမဲသိန်းကို ကြည့်လိုက်သော အခါ ပထမဲသိန်းကလည်း ဒုတိယခွေးကြီး၏ ဦးခေါင်းကို သေနတ်နှင့် ပစ်ခွဲလိုက်လေ၏။

တတိယခွေးကြီးမှာမူ ပါးနပ်သောခွေး ကြီးဖြစ်သောကြောင့် ရုတ်တရက် မဝင်သေးမူ၍ လှည့်ပတ်ကာ ချောင်းမြောင်းဟိန်းဟောင်လျက် ရှိရာ၊ ပထမဲသိန်းသည် ကျွန်ုပ်ထံ ပြေးဝင်လာသော ထိုခွေး၏နံဘေးကို ထုတ်ခြင်းဖောက် ပစ်ချလိုက်လေ၏။

နောက်မှ လိုက်လာသော လူစုမှာမူ ထိုအခိုက်အတန့်၌ တောင်စွန်းတစ်ခု ကွယ်လျက်ရှိသောကြောင့် ကျွန်ုပ်တို့ကိုမမြင်ဘဲ ရှိနေရာ ပထမဲသိန်းက "မြန်မြန်လုပ်ဗျ ကိုကျင်စိန်" ဟု ပြော၍ ခွေးကြီးတစ်ကောင်ကို ချောက်ထဲသို့ ဆွဲချလိုက်လေ၏။ ကျွန်ုပ်ကလည်း ဒုတိယခွေးကို ပစ်ချ၍ တတိယခွေးကို ပထမဲသိန်းပင် လျှင် ပစ်ချပြီးသောအခါ၊ ပထမဲသိန်းက "နောက်ကလူစု ကျုပ်တို့ကို မမြင်သေးဘူး၊ ခွေးရော ကျုပ်တို့ပါ ပျောက်သွားရင် ခင်ဗျာ့လူစု အကြံရ ကြပ်လိမ့်မယ်။ လာဗျာ၊ ချောက်ထဲ ခုန်ဆင်းစို့"

"ရေနက်လျှင် အတွက်မရှိဘူး၊ ရေတိမ် ကျလျှင်တော့ ကျုပ်တို့ သေပြီးသားပဲ"

"မထူးလှဘူးဗျာ၊ ရေတိမ်လျှင်ပဲ ကျုပ်တို့ကံပေါ့၊ပြောနေ ကြာရော၊ လာဗျာ ခုန်ချမယ်"





ထိုနောက် ကျွန်ုပ်တို့သည် ချောက်ကမ်းပါးမှ ခုန်ချလိုက်ရာ၊ ကံအားလျော်စွာ ရေနက်နှင့် ကြုံသောကြောင့် နစ်မြုပ်သွားပြီးနောက် ပေါ်လာကြလေ၏။

သို့ရာတွင် ရေခဲကဲ့သို့ အေးမြလှသော ရေသည် ရိုးတွင်းချဉ်ဆီကျအောင် စိမ့်ဝင်သွားလေရကား၊ တစ်ခဏခြင်းတွင် မေးခိုက်ခိုက် တုန်လာကြလေ၏။ သို့ပါသော်လည်း ကျွန်ုပ်တို့သည် ကမ်းပါးပေါ်မှ လူစုက ငုံ့၍ကြည့်ခဲ့လျှင် မြင်နိုင်သည့်အဖြစ်ကို သိသည်နှင့် ထိုနေရာတစ်ဝိုက်တွင် ကမ်းပါးပေါ်သို့ မတက်သေးမူ၍ စမ်းချောင်းသို့ စုန်ဆင်း ကူးသွားကြလေ၏။

အတန်ငယ် ကူးမိကြလေလျှင် ရေစီးသည် လျင်မြန်သည်ထက် တိုး၍ လျင်မြန်လာသည့်အဖြစ်ကို တွေ့ကြရလေရာ၊ ပထမဲသိန်းသည် ကျွန်ုပ်နှင့် အတူယှဉ်လျက် ကူးသွားရာမှ ရုတ်တရက် ကမ်းဘက်သို့ လှည့်ကူးလျက် "ကမ်းဘက်ကူး ကိုကျင်စိန်၊ မြန်မြန်လုပ်၊ ကမ်းဘက်ကူး" ဟု ဟစ်အော် သတိပေးလေ၏။

ကျွန်ုပ်သည် ကမ်းဘက်သို့ ယက်ကူးပါသော်လည်း ရေစီးမှာ ပြင်းထန်သည့်ထက် ပြင်းထန်လာခဲ့သည် ဖြစ်သောကြောင့် ရည်ရွယ်သလောက် ခရီးမပေါက်ဘဲ ဖြစ်နေ၏။ ပထမဲသိန်းမှာ ကမ်းသို့ရောက်ပြီး၍ ထိတ်လန့်သောအမူအရာနှင့် ဟစ်အော်လျက်ရှိသောကြောင့် ကျွန်ုပ်သည် အကြောင်းမည်သို့ ရှိသည်ကို သိလိုသည်နှင့် ရှေ့သို့ မျှော်ကြည့်လိုက်ရာတွင်၊ ကျွန်ုပ်၏ ရှေ့ ပေ ၁၀၀ ခန့်၌ စမ်းချောင်းသည် လုံးလုံးပျောက်ကွယ်၍ သွားသည့်အဖြစ်ကို တွေ့မြင်ရသည်နှင့် မျက်လုံးပြူး၍ သွားလေ၏။ အကြောင်းသော်ကား စမ်းချောင်းသည် ထိုနေရာ၌ ရေတံခွန်သဖွယ် စောက်ထိုးကြီး စီးဆင်းနေသည့်အဖြစ်ကို တွေ့မြင်ရသောကြောင့် ပေတည်း။

ထိုအခါ ကျွန်ုပ်သည် ရှိသမျှသော ခွန်အားကို ဖျစ်ညှစ်၍ ထုတ်လျက် ကမ်းဘက်သို့ ယက်ကူးလေရာ၊ ရေတံခွန်၏အစွန်းတွင် တင်လျက်ရှိသော ကျောက်ဆောင်ကြီး တစ်တုံးကို တွယ်မိရုံကလေးမျှသာလျှင် ချိတ်မိလေ၏။ သို့ပါသော်လည်း ပြင်းထန်လှသော ရေအဟုန်သည် ကျွန်ုပ်၏တစ်ကိုယ်လုံးကို တွန်း၍မှိုတို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လေရကား၊ ကျွန်ုပ်သည် ရေညှိဖြင့် ချော်လျက်ရှိသော ကျောက်စွန်းကို အနိုင်နိုင် တွယ်ဖက်၍ ထားရလေ၏။ အမောအပန်းပြေသောအခါမှ ကျွန်ုပ်သည် ကျောက်တုံးကြီးပေါ်သို့ ရောက်အောင် တွယ်တက်၍ အခြေအနေကို ကြည့်လိုက်သောအခါ ကျောက်တုံးနှင့် ကမ်းပါးမှာ ၁၅ ပေခန့်မျှ ဝေးသည်ကို တွေ့ရ၏။ ကျွန်ုပ်မှာ ထိုခရီးကို ခုန်ကူးရန်လည်း မတတ်နိုင်၊ ရေထဲမှ ဆင်းကူးရန်မှာလည်း ရေသည် ရေတံခွန်စွန်း ဖြစ်သောကြောင့် မြားပစ်သကဲ့သို့ လျင်မြန်သဖြင့်၊ ရေတံခွန်အောက်သို့ ပါသွားရန်သာလျှင် ရှိချေ၏။

အောက်သို့ ပါသွားခဲ့လျှင်လည်း ကျောက်တုံး ကျောက်ဆောင်များနှင့် ရိုက်မိသဖြင့် ကြေမွပျက်စီးရုံမျှသာလျှင် ရှိချေသည်။

ထိုသို့သော အကျဉ်းအကျပ်၌ ရှိနေစဉ် ကျွန်ုပ်သည် ကမ်းပါးထိပ်မှ ပထမံသိန်း၏ အော်ဟစ်သောအသံကို ကြားသဖြင့် မော်ကြည့်လိုက်ရာ၊ သစ်တုံးကြီးတစ်တုံးကို ကမ်းပါးမှ လျှောချပေးနေသည်ကို မြင်ရ၏။ ကျွန်ုပ်သည် ကျွန်ုပ်ထံသို့ လျင်မြန်စွာ မျောပါလာသော သစ်တုံးကို ကြည့်လျက်၊ကျွန်ုပ်ရှိရာသို့ ထိုသစ်တုံး ရောက် မရောက် ဟူသော အချက်၌ ကျွန်ုပ်၏အသက် တည်လျက်ရှိသည် ဖြစ်သောကြောင့် အသက်အောင့်လျက် ကြည့်နေမိ၏။

သစ်တုံးသည် ပြင်းထန်စွာသော ရေစီး၏ အဟုန်ဖြင့် ချာလပတ်လည်ကာ မျောပါလာခဲ့၍ ကျွန်ုပ်ရှိနေသော ကျောက်တုံးအနီးသို့ ရောက်လာသောအခါတွင် ကျွန်ုပ်သည် လက်နှင့် ကျောက်တုံးကို တွယ်ထား၍ လက်တစ်ဖက်နှင့် သစ်တုံးထိပ်၌ ကျွန်ုပ်ဖို့ ဖန်တီးပါလာသည့် တစ်ကိုင်းတည်းသော သစ်ကိုင်းကို ဆွဲထားလိုက်လေ၏။ ထိုအခါ သစ်တုံးသည် တစ်ပတ်တိတိ ပတ်ချာလည်ပြီးနောက် ကျွန်ုပ်ရှိနေသော ကျောက်တုံးနှင့် ကမ်းပါး၏ အကြားတွင် တံတားသဖွယ် ကန့်လန့်ကြီးတင်လျက် ရှိနေလေ၏။

ကျွန်ုပ်သည် သစ်တုံးပေါ်တွင် ကားရားခွလျက် တဖြည်းဖြည်း တရွေ့ရွေ့ ရွေ့သွားလေရာ၊ နောက်ဆုံး၌ ကမ်းပါးသို့ ချောမောစွာ ဆိုက်ရောက်သည်တွင်မှ အသက်ရှူနိုင်ခွင့် ရလေ၏။





ထိုနောက် ကျွန်ုပ်တို့သည် ကမ်းပါးထိပ်သို့တက်၍ ရေတံခွန်အောက်သို့ ...က်ကြသည့်တိုင်အောင် ကမ်းပါးမှ လျှောက်သွားကြပြီးလျှင် ထိုကမ်းပါးတစ် ...က်၌ အနံ့အပြားရှိသော သစ်တုံးများကို နွယ်ကြိုးများနှင့် တုပ်ချည်ခါ သစ် ...င်ဖွဲ့ကြလေ၏။ ကျွန်ုပ်တို့အား လိုက်လံဖမ်းဆီးသူများမှာမူ ခြေရာမကောက်နိုင် ...ည် ဖြစ်သောကြောင့် လက်လျှော့ပြန်သွားကြဟန် လက္ခဏာရှိသည်ဖြစ်၍ ကျွန်ုပ် ...အား ထပ်မံနှောင့်ယှက်ခြင်း မပြုဘဲ ရှိလေရာ၊ ကျွန်ုပ်တို့သည် ဖောင်ကလေးနှင့် ...င်းတစ်လျှောက် နှစ်ရက်ခရီးမျှ စုန်ဆင်းသွားကြရာတွင် ရွာကလေးတစ်ရွာ ဆိုက်ရောက်ကြလေ၏။

ထိုရွာ၌ ကျွန်ုပ်တို့သည် လားများနှင့် ရိက္ခာများ ဝယ်ယူကြ၍ လမ်းစခန်း ...မ်းပြီးနောက် ဆက်လက်၍ ခရီးသွားကြပြန်လေရာ၊ ၅ ရက်ခန့် သွားမိကြ ...အခါတွင် ပင်လယ်ကမ်းခြေရှိ မြို့တစ်မြို့သို့ ဆိုက်ရောက်ကြ၍၊ ထိုမြို့မှ ...ာကြ့်နှင့် လိုက်ပါခဲ့ပြီးလျှင် မူလခရီး စ၍ထွက်ခဲ့သော ရှန်ဟဲမြို့သို့ ပြန်လည် ...ရောက် လာကြလေ၏။

ထိုညဥ့်၌ ကျွန်ုပ်တို့သည် ပထမံသိန်း ငှားရမ်းထားသော နေအိမ်၌ အတူ ...အိပ်ကြရ၍ နံနက်လင်းသောအခါ ကျွန်ုပ်သည် ပထမံသိန်းကို မတွေ့တော့ဘဲ ...ပေါ်၌ တင်ထားခဲ့သော စာတစ်စောင်ကိုသာလျှင် တွေ့ရလေ၏။

စာကို ဖောက်၍ ဖတ်သောအခါ၌မူကား အောက်ပါအတိုင်း တွေ့ရှိရ ...၏။

...ည်စိတ်ချရသော မိတ်ဆွေကြီး ကိုကျင်စိန်

ဤစာကို ခင်ဗျားဖတ်နေသော အချိန်၌ ကျွန်ုပ်မှာ ဂျပန်ပြည်သို့ ခုတ်နှင်လျက်ရှိသော သင်္ဘောတစ်စင်းပေါ်၌ ရှိနေပေလိမ့်မည်။ ညက ခင်ဗျားအိပ်ရာဝင်ပြီးနောက် ဂျပန်ပြည်သို့ စေလွှတ်ထားသော ကျွန်ုပ်၏ ကိုယ်စားလှယ် တစ်ယောက် ရောက်လာ၍ အလွန်အရေးကြီးလှသော ကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ ဂျပန်ပြည်သို့ ကျွန်ုပ် ချက်ခြင်းသွားဖို့ အရေးတစ်ခု ဖြစ်ပေါ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စမှာ ခင်ဗျားနှင့် မသက်ဆိုင်သဖြင့် ခင်ဗျားသည် ကျွန်ုပ်နှင့်အတူ တစ်ခေါက်မျှ ခရီးသွားခဲ့ရုံမျှနှင့် စွန့်စားခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းမျိုးအတွက် စိတ်ကုန်ခမ်းလောက်ပြီဟု ခန့်မှန်းသည့်အတွက်ကြောင့် ခင်ဗျားကို ခေါ်ငင်သွားဖို့ အကြံမရှိပါ။ ခင်ဗျားအား ငွေ ၅၀၀၀ကျပ် ပေး၍ ငှားရမ်းခဲ့သော ကိစ္စမှာ အထ,မမြောက်သေးဟု ဆိုစေကာမူ ခင်ဗျား၌ ငွေ ၅၀၀၀ကျပ် ရရှိပြီးဖြစ်၍ ကျွန်ုပ်၌လည်း ထိုအခန်းအတွင်းမှ ရရှိခဲ့သော ဆေးပုလင်းမှာ ငွေ ၅၀၀၀ကျပ် မက အဖိုးတန်သည် ဖြစ်သောကြောင့် နှစ်ဦးနှစ်ဝ အကျိုးကျေးဇူးရှိသည်ဟု ဆိုနိုင်လောက်ပါသည်။

ကျွန်ုပ်၏ကိစ္စကို ဆောင်ရွက်စဉ်က ခင်ဗျားသည် ဝတ္တရား ကျေပွန်ရုံမျှမက အစစအရာရာ၌ ကျွန်ုပ် စိတ်ကျေနပ်လောက်အောင် ပြုမူဆောင်ရွက်ခဲ့သည် ဖြစ်သောကြောင့် ကျွန်ုပ်သည် ကျေးဇူးသိတတ်သူတစ်ယောက် ဖြစ်သည့်အားလျော်စွာ ခင်ဗျားအား ကူညီစောင်မ,ရန် အခွင့်အရေး ပေါ်လာသောအခါ၌ ကူညီရန် အဆင်သင့်ရှိသည်ဟု စိတ်ချယုံကြည် စေလိုပါသည်။

အထူးမှာထားလိုသော အကြောင်းတစ်ခုမှာ ထိုအသင်းသားများသည် ကျွန်ုပ် ခိုးယူခဲ့သော ပစ္စည်းအတွက်ကြောင့် ခင်ဗျား၏ အသက်နှင့် ကျွန်ုပ်၏ အသက်ကို ရန်ရှာကြပါလိမ့်မည်။ ထိုဂိုဏ်းသားများသည် အပြည်ပြည် အနယ်နယ်၌ အနှံ့အပြား ရှိနေကြ၍ ရန်ငြိုးမပြေနိုင်သော လူများ ဖြစ်ကြသောကြောင့် သွားလေရာ အရပ်တိုင်း၌ သတိ ဝီရိယနှင့် သွားလာပါလေ ကိုကျင်စိန်။

သိမ်း



ထိုစာကို ဖတ်ပြီးနောက် ကျွန်ုပ်သည် လင်ချင်းဆောင်၏ နေအိမ်သို့သွား အပ်နှံထားခဲ့သော ငွေ ၅၀၀၀ကျပ် ကို တောင်းခံရာ လင်ချင်းဆောင်သည် မှုလောက် လျှင်မြန်စွာ ပြန်ရောက်လာလိမ့်မည်ဟု မမျှော်လင့်သဖြင့် အံ့သြစွာနှင့် ကို ထုတ်ပေးလိုက်၏။ ကျွန်ုပ်သည် နောက် ၃ ရက်မျှတွင် မြန်မာပြည်သို့ က်ခွာသွားမည်ဟု ကြံရွယ်ချက်နှင့် ရှန်ဟဲမြို့ရှိ မိတ်ဆွေများအား လှည့်လည် း်ဆက်လျက်ရှိ၏။

တစ်ညသ၌ ကျွန်ုပ်သည် လင်ချင်းဆောင်၏ နေအိမ်ရှေ့ခန်းတွင်ထိုင်လျက် ိမ်သားများနှင့် စကားပြောနေစဉ် ကျွန်ုပ်၏ လည်ပင်းအနီးမှ ဗိုခနဲ ဖြတ်သွား သော အရာဝတ္ထုတစ်ခုကို မြင်လိုက်ရပြီးနောက် နံရံ၌ ဒိုင်းခနဲစိုက်နေသော ခမြှာင်တစ်လက်ကို မြင်ရလေ၏။ ကျွန်ုပ်သည် ပြတင်းပေါက်သို့ လျှင်မြန်စွာ ်ကပ်ကြည့်ရှုရာတွင် ထောင့်ချိုးလမ်းသို့ ခတ်သုတ်သုတ် ချိုးဝင်သွားသော ရုတ်လူမျိုးတစ်ယောက်ကို ရိပ်ခနဲ တွေ့မြင်ရလေ၏။

ထိုအခါမှ ကျွန်ုပ်သည် ပထမသိမ်း၏ သတိပေးစာကို သတိရသည်နှင့် က်သင်္ဘောနှင့်ပင် ရန်ကုန်မြို့သို့ လိုက်ပါလာခဲ့လေ၏။

ရန်ကုန်မြို့ လတ္တာလမ်း၌ တည်းခိုနေစဉ် ကျွန်ုပ်မရှိခိုက် နေ့ခင်းကြောင် ာင်တွင် ကျွန်ုပ်၏သေတ္တာကို မွှေနှောက်ရှာဖွေထားကြသည်က တစ်ကြိမ်၊ ချိန်တွင် ကျွန်ုပ်၏နောက်မှ တကောက်ကောက်လိုက်နေသော လူတစ်ယောက် မြင်ရသည်က တစ်ကြိမ်၊ ထိုနှစ်ကြိမ်မျှနှင့်ပင် ကျွန်ုပ်သည် လန့်ထိတ်ခြင်းဖြစ်၍ လေးမြို့သို့ ချက်ခြင်းပင် ထွက်ခွာ တိမ်းရှောင်သွားခဲ့လေ၏။

မန္တလေးသို့ ရောက်ပြန်သော်လည်း ကျွန်ုပ်၏ အိမ်အနီး၌ ရစ်သီ ရစ်သီ နေကြသော လူများကို မကြာခဏ တွေ့မြင်ရသည် ဖြစ်သောကြောင့် ကျွန်ုပ်၏ က်ကို ရန်ရှာမည့်လူများ ဖြစ်ကြောင်း သိရှိရလေ၏။

သို့ဖြစ်၍ ကျွန်ုပ်သည် အကြံတစ်ခု ရသည်နှင့် ဆေးတိုက်တစ်တိုက်သို့ ၍ ပထမသိမ်း ခိုးယူခဲ့သော ဆေးပုလင်းနှင့် အဆင်တူသော ပုလင်းတစ်လုံးကို ပြီးနောက် အညိုရောင်ရှိသော ဆေးရည်များ သွန်းလောင်းထည့်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညအခါ၌ လူ ၂ ယောက်တို့သည် အိမ်ရှေ့မှ တရစ်သီသီ ရှိနေကြစဉ် ကျွန်ုပ်သ
ပြတင်းပေါက်သို့ထွက်၍ ထိုသူတို့ မြင်နိုင်လောက်သော နေရာတွင် ပုလင်း
တင်ထားပြီးနောက် တူတစ်လက်နှင့် ထုနှက်လိုက်ရာ ပုလင်းသည် အစိတ်
အမွှာမွှာ ကြေမွ၍ ကျသွားလေ၏။ ထိုနေ့မှစ၍ ကျွန်ုပ်အား နှောင့်ယှက်သောသူ
သည် မပေါ်လာတော့ဘဲ ပျောက်ကွယ်၍ သွားလေတော့သတည်း။ ။

# ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ကျွန်ုပ်သည် ပထမံဆရာသိန်းဝတ္ထု ပထမတွဲဖြစ်သော အထက်ပါ အကြောင်းအရာများကို စီရင်ရေးသားစဉ်အခါက ဒုတိယတွဲဖြစ်သော အောက်ပါ အကြောင်းအရာများကို ဆက်လက်ရေးသား ဖော်ပြရလိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။သို့ရာတွင် အောက်ပါစာကို ရရှိသောအခါ၌ မမျှော်လင့်ဘဲနှင့်လည်း ဖြစ်တတ်သည်။ မျှော်လင့်သော်လည်း မဖြစ်တတ် ဟူသော လောက ဓမ္မတာအတိုင်း၊ ကျွန်ုပ် ကြံရွယ်ဘဲလျက်နှင့် ဒုတိယတွဲ ဆက်လက်ရေးသားဖို့ အခွင့်ကြုံလာခဲ့ပြန်လေပြီ။ ရရှိသော စာမှာ အောက်ပါအတိုင်း ဖြစ်၏။

**ဆရာကြီး ရှေ့ဥဒေါင်း စင်ဖျား**

ကျွန်တော်သည် ဆရာကြီး၏ ပထမံဆရာသိန်းဝတ္ထုကို ဖတ်ရှုရစဉ် အခါက ယုတ္တိယုတ္တာရှိစေရန် စာရေးဆရာတို့၏ဉာဏ်ဖြင့် မည်မျှ ဖန်တီးထားစေကာမူ၊ အကယ်စင်စစ် ဖြစ်ပျက်ခဲ့သော အကြောင်းအရာများ မဟုတ်နိုင်။ ဆရာကြီး၏ စိတ်ကူးဉာဏ်ဖြင့် ကြံစည်ရေးသားခဲ့ခြင်းမျှသာ ဖြစ်ရမည်ဟု မှတ်ယူခဲ့ပါသည်။ သို့သော် ဦးသိန်းတို့ အိမ်သားတစ်စုတို့ကိုယ်တိုင်နှင့် သိကျွမ်းရ၍၊ အာတပွန ဗေဒင်ကျမ်း၏ ယောဇာတမ်းများကို ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ရသည့်အခါ၊ ပထမံသိန်းဆိုသည်မှာ ဆရာကြီး၏ စိတ်ကူးသက်သက်ဖြင့် ဖန်ဆင်းထားသူ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ လူကိုယ်တိုင် အသက်ရှင်လျက် ရှိခဲ့ဖူးသူတစ်ယောက် ဖြစ်ကြောင်းကို မျက်မြင်ဒိဋ္ဌ သိရှိခဲ့ရပါသည်။

ဦးသိန်းနှင့် ရှေးဦးစွာ တွေ့ဆုံရစဉ်က ဤလူကြီးသည် ကျွန်တော် ဖတ်ခဲ့သည့် ပထမံဆရာသိန်းပင် ဖြစ်သည်ဟု မတွေးထင်မိပါ။ ဗေဒင်ဟောပြောခြင်း ခံရ၍ ၎င်း၏အနေအထိုင် ထူးဆန်းပုံများကို တွေ့ရသော အခါမှ တရေးရေး ပေါ်၍ လာပါတော့သည်။ နောက်ဆုံး၌ ဗေဒင်ကျမ်းကို ရယူပုံအကြောင်းနှင့် ဥပေါသထ ရဟန်းကြီးအကြောင်းတို့ကို ဖတ်ရှုရသော အခါတွင်မူကား၊ ကျွန်တော် တွေ့ရသော ဦးသိန်းသည် ဆရာကြီး၏ ပထမံဆရာသိန်းပင် ဖြစ်သည်ဟု ဒွိဟ လုံးဝ, ကင်းစင် သွားပါတော့သည်။

ကျွန်တော်သည် ဦးသိန်းနှင့် ဆက်ဆံရစဉ်၊ ကိုယ်တွေ့ အဖြစ်အပျက်များကို ကျွန်တော်ကိုယ်တိုင်ရေး၍ အခြားသူတို့ တွေ့ကြုံရသော အဖြစ်အပျက်များကိုလည်း ကြုံတွေ့သူတို့ကိုယ်တိုင် ရေးသားပေးဖို့ တိုက်တွန်းပြီးမှ ဆရာကြီးထံသို့ ပေးပို့လိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ ကိုယ်တွေ့များသည် ဆရာကြီး၏ဝတ္ထု ပထမတွဲထက် ညံ့ဖျင်းသည် မထင်ပါ။ ၎င်းတို့ကို ဖတ်ရှုပြီးနောက် အကယ်၍ ပထမတွဲ၏ အဆင့်အတန်းကို မီသည်ဟု ယူဆခဲ့ပါလျှင်၊ ကျွန်တော် ပေးပို့လိုက်သော အဖြစ်အပျက် အကြောင်းအရာများကို ဆရာကြီး အလိုရှိရာ အသုံးပြုနိုင်ပါကြောင်း။

သောင်းညွန့်

၎င်းစာနှင့်အတူ ပါဆယ်ထုပ်တစ်ခုလည်း ပါရှိလေရာ၊ ၎င်းကိုဖြေ၍ ဖတ်ကြည့်ရာတွင် မောင်သောင်းညွန့် ထင်မြင်သည့်အတိုင်း ပထမတွဲ အဆင့်အတန်းကို မီကာ၊ ပထမတွဲ၏ အဆက်လည်း ဖြစ်သည့်အလျောက် ဒုတိယတွဲဟူ၍ ဆက်လက်ရိုက်နှိပ်ရန် စီမံရခြင်း ဖြစ်ပါကြောင်း။

ရွှေဥဒေါင်း

## အခန်း ၁

ကျွန်တော် မောင်သောင်းညွန့်မှာ ရွှေဘိုဒိစတြိတ် ဝက်လက်မြို့အပိုင် ဟာလင်းကြီးရွာ မြေပိုင်ရှင် ဦးစိုးခေါင်၏ သားဖြစ်၍ မန္တလေးမြို့ ကောလိပ်ကျောင်းတွင် အိုင်အေအထက်တန်းတိုင်အောင် ပညာသင်ကြားခဲ့ဖူးသူ ဖြစ်ပါသည်။ ကျွန်တော်သည် အလွန်ထူးဆန်း အံ့ဩဖွယ်ကောင်းလှသော ပထမံဆရာသိန်း၏ အကြောင်းခြင်းရာများကို ရေးသားဖော်ပြရာ၌ ဖတ်ရှုသူတို့ အံ့အားသင့်စေလိုသော သဘောဆန္ဒဖြင့် အဝင့်အဝါ အပိုအလျှိုး မပါစေဘဲ၊ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ ခဲ့ရသမျှ ဟုတ်တိုင်းမှန်ရာ အဖြစ်အပျက်များကိုသာ ဖော်ပြ၍ ယုံကြည်လောက်သည့် အခြားသူများ မြင်တွေ့ကြုံဖူးသည်များကိုလည်း ၎င်းတို့ကိုယ်တိုင် ဆိုင်ရာတာစ်ခန်းစီ ရေးသားစေပြီးမှ ထည့်သွင်း ဖော်ပြလိုက်ပါသည်။

ပထမံဆရာသိန်း အကြောင်းကို ဖော်ပြရာတွင် ကျွန်တော်တို့ အိမ်သူအိမ်သား အကြောင်းများသည် အတိုင်အဖောက်သဖွယ် ရောယှက်လျက်ရှိသည် ဖြစ်သောကြောင့် ရှေးဦးစွာ ကျွန်တော်တို့ ဖသားတစ်စု၏ အကြောင်းကို အနည်းငယ် ဖော်ပြရန် လိုပေလိမ့်မည်။ ကျွန်တော်၌ မတင်ကြည်အမည်ရှိ နှမတစ်ယောက် ရှိရာ ကျွန်တော်တို့၏မိခင်သည် မတင်ကြည် ၅ နှစ်သမီး အရွယ်ကပင် ကွယ်လွန်အနိစ္စ ရောက်ခဲ့သော်လည်း ကျွန်တော်တို့၏ ဖခင်သည် နောက်အိမ်ထောင်မပြုတော့ဘဲ၊ သမီးကလေးအား သဒ္ဒါ သင်္ဂြိုဟ် အစရှိသော စာကြီးပေကြီးများကို



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပြသပေးသော အလုပ်ဖြင့် အချိန်ကုန်လွန်စေလျက်၊ ၎င်းကိုယ်တိုင်လည်း စာပေ ပရိယတ္တိတို့ကို လိုက်စားလေ့လာခြင်းအားဖြင့် မွေ့လျော်ပျော်ပိုက်ခဲ့သူ တစ်ယောက် ဖြစ်ပေသည်။ သို့ဖြစ်၍ ကျွန်တော့်မှာ ကောလိပ်ကျောင်းမှ ထွက်ခဲ့ပြီးနောက် စပါးအပေးအယူ အစရှိသည့် မြေပိုင်ရှင်တို့၏ ခပ်ချောင်ချောင် အလုပ်မျိုးကိုသာ ဖခင်အား ကူညီလုပ်ကိုင်ပေး၍ မမွေကြောင်းဖက်၌ အတော် နှံ့စပ်လျက်ရှိသော နှမ မတင်ကြည်နှင့် သဘာဝဓမ္မ အကြောင်းတို့ကို ဆွေးနွေးငြင်းခုံခြင်းအားဖြင့် အချိန် ကုန်လွန်စေခဲ့ပေ၏။ ယင်းသို့ ဆွေးနွေးကြရာ၌ လောကဓာတ်ပညာ သင်ခန်းစာများကို ကျောင်း၌ လေ့လာသင်ကြားခဲ့ဖူးသော ကျွန်တော်သည်၊ အေ ဘီ စီ ဒီ ကိုမျှ မသင်ခဲ့ရဘူးသော မတင်ကြည်ကို ခပ်ချောင်ချောင် အနိုင်ရလိမ့်မည်ဟု မှတ်ထင်ခဲ့မိဖူး၏။ သို့ရာတွင် သဘာဝအဖြစ်အပျက် အကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးကြသည့် အခါတိုင်း ကျွန်တော်သည်သာလျှင် ချာလည်လည်ဖြစ်၍နေရသဖြင့် ကျွန်တော်တို့ဖခင်၏ ပြုံးရယ်ခြင်း ခံခဲ့ရဖန် များလှလေပြီ။ သို့သော် အဘိဓမ္မာ၏ နက်နဲသောသဘောကို မရိပ်မိသေးသော ကျွန်တော်မှာ မိမိ ရေလည်အောင် မပြောတတ်သောကြောင့်သာလျှင် အရှုံးရသည်ဟု မှတ်ထင်ခဲ့မိ၏။ ကျွန်တော်တို့ ဖခင်မှာမူ သားနှင့် သမီးတို့၏ သဘာဝဓမ္မအကြောင်း နှီးနှော ပြောဆိုကြခြင်းကို နားထောင်ရခြင်းသည် အိမ်ထောင်သစ် ပြုရခြင်းထက် မြိန်ရှက်နှစ်သက်ဖွယ်ကောင်းသည်ဟု ဖွင့်ဟ,ဝန်ခံလျက် တပြုံးပြုံးနှင့် နားထောင်လေ့ရှိပေ၏။

ကျွန်တော်တို့၏ ဖခင်မှာ လယ်မြေများကို ကိုယ်တိုင်ထွန်ယက် လုပ်ကိုင်သည် မဟုတ်ဘဲ၊ လယ်စုချထားခြင်းအားဖြင့် တစ်နှစ်လျှင် အခွန်တော် ထမ်းဆောင်ပြီးသည့်နောက် စပါး သုံးထောင်ခန့် မိမိအတွက် ကျန်ရှိခဲ့သည်ဖြစ်ရာ၊ ထိုအခြေအနေမှာ အောက်မြန်မာပြည်၌ မကြီးကျယ်လှသော်လည်း ကျွန်တော်တို့ ဒေသ၌မူ လူရာဝင်သော မြေပိုင်ရှစ်တစ်ဦးဟူ၍ အသိအမှတ်ပြုခြင်း ခံရလေပြီ။ သို့ဖြစ်၍ ကျွန်တော်တို့ ဖသားတစ်စုမှာ ရွာစွန်၌ရှိသော ၃ ဆောင်ပြိုင် အိမ်ကြီးတွင် နိုင်းစေရန် အစေခံ သုံးလေးယောက်တို့နှင့်တကွ တင့်တယ်သိုက်မြိုက်စွာ နေထိုင်ကြပေ၏။





ကျွန်တော်နှင့် နှမ မတင်ကြည်တို့မှာ 'မိတဆိုး' များ ဖြစ်သည့်ပြင်၊ မွေးပေါက်ဖော် သားချင်းမှာလည်း နှစ်ယောက်တည်း ဖြစ်ကြသောကြောင့်၊ အခြားသော မောင်နှမများကဲ့သို့ ဒူးနေရာ တော်နေရာဟူ၍ သတ်မှတ်ခြားနားခြင်းမရှိဘဲ နီးရင်းချစ်ခင်သော သူငယ်ချင်း မိတ်ဆွေများသဖွယ် အရောတဝင် ခေါင်ငင်ပြောဆို နေထိုင်လေ့ရှိကြ၏။ ညနေခင်း အချိန်များတွင် ရွာပြင်၌ရှိသော လယ်ကွင်းကြီးများ တစ်လျှောက် လမ်းလျှောက်ကြခြင်းကို ဖြစ်စေ၊ အိမ်ရှေ့ ဝရန်တာ၌ ကုလားထိုင် တစ်လုံးစီဖြင့် ထိုင်ကာ၊ရယ်ကာ မောကာ စကားပြောဆိုနေကြခြင်းကို ဖြစ်စေ၊ လှည်းပေါ်တွင် အတူထိုင်လျက် ဝက်လက်မြို့သို့ ဈေးဝယ်သွားကြခြင်းကို ဖြစ်စေ၊ ရွာသူရွာသားများ မြင်ကြရသည့်အခါ ကဲ့ရဲ့လှောင်ပြောင်လိုသော မျက်နှာထားမျိုး ဖော်ပြသူသာလျှင် များကြပေ၏။ သို့သော် ကျွန်တော်တို့စိတ်၌မူ၊ ၎င်းရွာသူရွာသားများနှင့် အိမ်ထောင်ဖက် ပြုရလိမ့်မည်ဟု မမှတ်ထင်သောကြောင့် ပေလောမသိ၊ ထိုသူများက ကဲ့ရဲ့လှောင်ပြောင်ခြင်းအတွက် စိတ်ထဲ၌ ထိခိုက်လောက်အောင် မရှိလှပေ။

တစ်နေ့သော ညနေ၌ ကျွန်တော်တို့ မောင်နှမနှစ်ယောက်သည် ဥတုရာသီသာယာသည်နှင့် ရွာ၏ အရှေ့ဘက်၌ရှိသော ကွင်းကြီးတစ်လျှောက် လမ်းလျှောက်လာကြ၍၊ မိုင်တစ်ဝက်ခန့် ရောက်ကြသောအခါ ကုန်းမြင့်ကလေးပေါ်၌ တည်ဆောက်ထားသည့် 'ကျတ်တီးကုန်း' နေအိမ်ကြီးကို အဝေးမှ မြင်ကြရလေ၏။ ၎င်းနေအိမ်ကြီးမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်အခါက ဝက်လက်မြို့မှ စက်သူဌေးတစ်ဦးက ထူးဆန်းသောစိတ်ကူးဖြင့် တည်ဆောက်ထားခြင်း ဖြစ်လေရာ၊ အိမ်ရှင်သည် ဆောက်ပြီးသည်နောက် တစ်လခန့်မျှလောက်သာ နေထိုင်၍ ဝက်လက်သို့ တစ်ဖန် ပြောင်းရွှေ့သွားသည်ဟု ပြောကြ၏။ ကျွန်တော်တို့ လူလားမြောက်သည့်အခါမှ စ၍မူကား၊ ၎င်းနေအိမ်ကြီးအတွင်းသို့ တစ်ဦးတစ်ယောက်သောသူမျှ ဝင်ထွက် ကူးသန်းခြင်းကိုပင် မမြင်ရချေ။

နေအိမ်ကြီးမှာ တိုက်ခံအိမ်ကြီးဖြစ်၍ ဝင်းထရံ ပတ်လည်ခတ်လျှော် ခရတွင်း၊ ရေကန်၊ အစေခံတဲ၊ မီးဖိုဆောင် စသည်တို့ဖြင့် တစ်ဆောင်စီ တစ်ဖွဲ့စီ



www.burmeseclassic.com

www.burmeseclassic.com



သိုက်မြိုက်ခမ်းနားစွာ ဆောက်လုပ်ထားသည်ဖြစ်ရာ၊ ပြတင်းပေါက်များမှာ ကျွန်တော်တို့ လူမှန်းသိသော အရွယ်မှစ၍ ပိတ်ဆို့ထားခြင်းကိုသာ မြင်ရဖူး၏။ ကောလာဟလ သတင်းတစ်ခု အဆိုမှာ ၎င်းကုန်းသည် 'ကျတ်'များ နေထိုင်သော ကုန်း ဖြစ်သောကြောင့်၊ စက်သူဌေးသည် အယုံအကြည်မရှိဆို၍ ဆောက်လုပ်ခဲ့ သော်လည်း၊ နောက်ဆုံးတွင် ကျတ်များ နှောင့်ယှက်သဖြင့် မနေနိုင်သောကြောင့် စွန့်ပစ် ထွက်ပြေးကြသည်ဟု ပြောကြ၏။

ထိုအချိန်၌ နေဝင်လုနီးပြီ ဖြစ်သော်လည်း၊ ကျွန်တော်တို့သည် ခြေခင်း လက်ခင်း သာယာသည်နှင့် 'ကျတ်တီးကုန်း' အိမ်ကြီးကို ကျော်လွန်၍ တစ်မိုင် ခန့် ခရီးပေါက်သည်တိုင်အောင် ဆက်လက်လျှောက်သွားကြ၏။ ထိုအခါ၌ကား မှောင်စ,ပြုပြီဖြစ်၍ အိမ်ဘက်သို့ လှည့်ပြန်ကြမည်ပြုရာ၊ မတင်ကြည်သည် ကျွန် တော်၏ လက်မောင်းကို ရုတ်တရက်ဆွဲလျက် "ကြည့်စမ်း မောင်ကြီး"ဟု ဆိုကာ အိမ်ကြီးကို လက်ညှိုးညွှန်လေ၏။

ထိုအခါ ကျွန်တော်သည် လက်ညှိုးညွှန်ရာသို့ မျှော်ကြည့်လိုက်ရာတွင် အိမ်ကြီး၏ အထက်ထပ် ပြတင်းပေါက်မှ မီးရောင် လက်ခနဲ မြင်လိုက်ရပြီးနောက် ကွယ်ပျောက်၍၊ အခြားသော ပြတင်းတစ်ပေါက်မှ လက်ခနဲ မီးရောင်ထိုးထွက်လာ ပြန်သည်ကို တွေ့မြင်ရလေ၏။ ယခင်က ကျွန်တော်တို့လာခဲ့စဉ် ပြတင်းပေါက် များ ပိတ်ဆို့လျက် ရှိသည်ကို ကျွန်တော်ကိုယ်တိုင် သတိပြုခဲ့မိသည် ဖြစ်သော ကြောင့် ကျွန်တော်တို့ ကျော်လွန်လာခဲ့သည့် အတောအတွင်းတွင် တစ်စုံ တစ်ယောက်သော သူသည် အိမ်ကြီးပေါ်သို့တက်၍ ပြတင်းပေါက်များကို ဖွင့်လှစ် ကာ လက်ဆွဲမှန်အိမ် ဖြင့် လှည့်လည်ကြည့်ရှုဟန် တူပေ၏။ နှမ မတင်ကြည်မှာမူ လူမရှိ၍ နာမည်ကြီးသော အိမ်ပေါ်မှ မီးရောင်လက်ခြင်းကို မြင်ရသည့်အတွက် ကြောင့် ထိတ်လန့်တုန်လှုပ်သွားသော်လည်း ကျွန်တော်မှာမူ သာမန်နည်းအားဖြင့် တွေးဆ,နိုင်သော အခြင်းအရာတစ်ခုကို အလွန်ခေါင်လှအောင် တွေးဆ,တတ် သော ဝါသနာ မရှိသည်ဖြစ်၍ ကျွန်တော်ယူဆသည့်အတိုင်း မတင်ကြည် အကြောက်ပြေ ပျောက်အောင် ပြောပြ ရ၏။





"ဘယ်သူများပါလိမ့် မောင်ကြီး"

"ငါတို့ရွာထဲက လူတစ်ယောက်ယောက် ဖြစ်မှာပေါ့ကွယ်"

"ရွာထဲက လူဆိုလျှင် ဒီအချိန်မှာ ငွေ ၁၀ ပေးမယ်ဆိုလို့တောင် ဒီအိမ်ကြီး ပေါ်ကို တက်မယ့်လူ မရှိဘူး၊ ပြီးတော့ သော့ကလဲ ဝက်လက်မှာမှ ရှိတယ်"

ကျွန်တော်သည် ခိုင်ခန့်စွာ ဆောက်လုပ်ထားသော တံခါးကြီးများကို စဉ်းစားမိသောအခါ၊ အိမ်ထဲသို့ ဝင်ရောက်သောသူသည် ဝက်လက်မြို့မှ သော့မရ ခဲ့လျှင် အတော် ပြင်းထန်စွာ ဖောက်ခွဲ၍ ဝင်မှသာ ဖြစ်နိုင်မည့်အကြောင်းကို သတိရမိ၏။ ထိုအခါ ကျွန်တော့်မှာ မည်သူမည်ဝါ ဖြစ်သည့်အကြောင်းကို သိလို သော စိတ်ဇော ထက်သန်လာသည်နှင့် ရွံ့တွံ့တွံ့ရှိနေသော နှမ မတင်ကြည်ကို အကြောက်ပြေပျောက်အောင် အားပေးကာ၊ ၎င်း၏လက်ကို ဆွဲကိုင်လျက် အိမ်ကြီး ဘက်သို့ လျှောက်လာခဲ့ကြလေ၏။ စင်စစ်မှာလည်း ရွာသို့ ပြန်လိုခဲ့လျှင် ၎င်းလမ်းမှ တစ်ပါး အခြားသောလမ်း မရှိသဖြင့် မတင်ကြည်လည်း စွန့်စားလျက် ပါလာခဲ့ရ လေ၏။

ကျွန်တော်တို့ လျှောက်လာကြစဉ် မီးရောင်သည် နေအိမ်အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းလာ၍၊ ဖွင့်ထားသော ပြတင်းပေါက်များမှ တလက်လက် အရောင်ထွက်နေသည်ကို တွေ့မြင်ကြရကား၊ ထိုသူသည် အိမ်ကြီးကို အထက်ထပ် မှ အောက်ထပ်ပါ နှံ့စပ်အောင် လှည့်လည်ကြည့်ရှုနေခြင်း ဖြစ်မည်ဟု တွေးလျက် ဆက်လက် လျှောက်လာကြသောအခါ၊ ဝင်းတံခါးအနီးတွင်း လှည်းတစ်စီး ဆိုက် ကပ်လျက်ရှိသည်ကို တွေ့ကြရလေသဖြင့် 'ကျတ်' ဖြစ်ခဲ့လျှင်၊လှည်းနွားနှင့် လာ ကြမည် မထင်ဟု မတင်ကြည် ကြောက်ရွံ့ခြင်း ပြေပျောက်အောင်ပြောလျက် ဆက်လက်လျှောက်လာခဲ့ကြလေ၏။ အနီးသို့ ရောက်ကြသောအခါ နွားဝါ ဆွဲတစ်ရှဉ်း က,ထားသည့် သပ်ရပ်သော လှည်းတစ်စီးကို တွေ့မြင်ရသဖြင့် ထည်းတိုက်စားသော သာမန်နွားလှည်းမျိုး မဟုတ်ကြောင်း သိရှိရလေ၏။

ထိုခဏ၌ အိမ်တွင်းဆီမှ မီးရောင်ထွက်လာ၍ အရပ်ပုပု လူတစ်ယောက် သည် ရေ့မှ မှန်အိမ်တစ်လုံးကို ဆွဲလျက်၊ အရပ်မြင့်မြင့် လူတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ကပ်၍ လိုက်ပါလာသည်ကို တွေ့မြင်ကြရလေရာ၊ ၎င်းတို့နှစ်ယောက်မှာ စိတ်ပါလက်ပါနှင့် အရေးကြီးသော အကြောင်းအရာမျိုးကို တီးတိုးပြောလာကြဟန် ရှိသဖြင့်၊ ကျွန်တော်တို့နှစ်ယောက် ရောက်နေကြသည်ကို မမြင်ကြဘဲ၊ လှည်းအနီးသို့ ရောက်လာကြသောအခါမှ ရုတ်တရက် တန့်ရပ်နေကြလေ၏။

အရပ်ပုပုနှင့်လူမှာ ဝက်လက်မြို့မှ ပွဲစား ကိုသာဟန်ဖြစ်ကြောင်း သိသည်နှင့် ကျွန်တော်က နှုတ်ဆက်လိုက်ရာ၊ ကိုသာဟန်သည် မီးအိမ်ကိုမြှောက်၍ ကျွန်တော်၏မျက်နှာကို ကြည့်နေစဉ် နောက်မှ လိုက်ပါလာသည့် အရပ်မြင့်မြင့်လူသည် ရုတ်တရက် တွန့်ဆုတ်သွားပြီးလျှင် တုန်လှုပ်သော အမူအရာနှင့် "ဘယ့်နှာလဲ၊ ဘယ့်နှာလဲ၊ ဘယ်က လူတွေလဲ" ဟု တုန်တုန်ရီရီ မေးမြန်းလေ၏။

ထိုအခါ ကိုသာဟန်က ကျွန်တော်မှန်း သိသည်နှင့် "ကိစ္စမရှိပါဘူး ဆရာကြီးရဲ့၊ ဒီရွာက ကိုသောင်းညွန့်ပါပဲ၊ နောက်ကိုလဲ ဆရာကြီးနဲ့ သိကျွမ်းရအောင် ကျွန်တော်က မိတ်ဆက်ပေးခဲ့ပါမယ်၊ မြေပိုင်ရှင် ဦးစိုးခေါင်ရဲ့သား ကိုသောင်းညွန့်နဲ့ နှမ မတင်ကြည်ပါတဲ့" ဟု ပြောပြီးလျှင် ကျွန်တော့်ဘက်လှည့်၍ "ဒီဟာက ဒီအိမ်ကြီးမှာနေမယ့် ဆရာကြီး ဦးသိန်းပါတဲ့၊ ဒါထက် ခင်ဗျားတို့မောင်နှမက ဒီမှာ ဘာလာလုပ်နေကြတာလဲ၊ မိုးချုပ်လှပါပြီကောဗျ"

"ကျွန်တော်တို့မောင်နှမ လမ်းလျှောက်လာရင်း အိမ်ကြီးပေါ်မှာ မီးရောင်မြင်တာနဲ့ ဘယ်သူများလဲလို့ လာကြည့်ကြတာပါပဲ၊ ဆရာကြီးက ဝက်လက်ပေါက ဟုတ်မထင်ပါဘူး"

ကျွန်တော်က အထက်ပါအတိုင်း စကားပြောလျက်ရှိစဉ် ဦးသိန်းဆိုသူသည် ကျွန်တော့်အား မသင်္ကာဟန်တူသော အမူအရာမျိုးနှင့် စိုက်ကြည့်နေရုံမျှမက၊ ကျွန်တော်၏စကား ဆုံးသည်နှင့်တစ်ပြိုင်နက် ကိုသာဟန်၏လက်မှ မှန်အိမ်ကို လှမ်းယူ၍ မြှောက်ကိုင်ကာ ကျွန်တော်၏မျက်နှာကို စိုက်ကြည့်နေသေး၏။

ထိုနောက်မှ ဦးသိန်းက ကိုသာဟန်ဘက်သို့လှည့်လျက် "ဒီလူ့အသားက ဝါတာတာနဲ့ ဗမာအစစ်မှ ဟုတ်ပါလေရဲ့လား၊ ကျုပ်တော့ ဒီလူဟာ ဗမာမစစ်ဘူးထင်တယ်၊ ဟုတ်လားဗျို့ မောင်ရင်ဟာ ဗမာအစစ် ဟုတ်ရဲ့လား"





ထိုလူ၏ အမူအရာကို မြင်ရသောအခါ ကျွန်တော့်မှာ မတုန်မလှုပ်တန်ဘဲ သူက တုန်လှုပ်ရချေသလောဟု ပြုံးရယ်လိုလှသော်လည်း၊ ထိုလူကြီး၏ ဣန္ဒြေကြီးသော မျက်နှာထားကို မြင်ရသည်နှင့် မျက်နှာပိုးသတ်လျက် "ဗမာအစစ်ပါခင်ဗျား၊ ဘိုးစဉ်ဘောင်ဆက်က ဒီရွာမှာမွေးပြီး ကြီးပြင်းလာခဲ့တဲ့ လူတွေပါ" ဟု ပြန်ပြောလိုက်လေ၏။

"ဪ ဒီရွာသားလား၊ စိတ်မရှိပါနဲ့ မောင်ရယ်၊ ကျုပ်က နှလုံးသွေးပျက်နေတဲ့ လူမို့လို့ တွေးမိတွေးရာ တွေးတတ်လို့ပါ၊ ကိုင်း လာ ကိုသာဟန် ညဉ့်နက်လာတော့မယ်၊ ကျုပ်တို့ ပြန်လိုက်ကြဦးစို့၊ သွားလိုက်ပါဦးမယ် မောင်ရင်တို့"

၎င်းနောက် ကိုသာဟန်နှင့် ဦးသိန်းဆိုသူတို့သည် လှည်းပေါ်သို့တက်ကြ၍ ကိုသာဟန်က လှည်းမောင်းလျက် ဝက်လက်မြို့သို့ ထွက်သွားကြလေရာ၊ ကျွန်တော်တို့ မောင်နှမလည်း ရွာဖက် လျှောက်လာခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

ဟာလင်းကြီး ရွာသူရွာသားများသည် 'ကျတ်တီးကုန်း' နေအိမ်ကြီးတွင် လူနေတော့မည်ဟု ကြားသိကြရသောအခါ၊ ရွာသူရွာသားတို့၏ ထုံးစံအတိုင်း မည်ကဲ့သို့သောလူမျိုး နေထိုင်မည့်အကြောင်း၊ ကြာရှည်စွာ နေထိုင်ခြင်းငှာ ဖြစ်နိုင်မည် မဖြစ်နိုင်မည်အကြောင်း စသည်တို့ကို အမျိုးမျိုး တွေးတောပြောဆိုလျက် ရှိကြကုန်၏။ မည်သို့ပင်ဖြစ်စေ ယခုနေထိုင်မည့် လူစုသည် ခေတ္တခဏ သဘောမျိုးဖြင့် နေထိုင်ရန် ကြံရွယ်ဟန် လက္ခဏာ မရှိချေ။ အကြောင်းကိုဆိုသော် နောက်တစ်နေ့၌ပင် ဝက်လက်မြို့ပေါ်မှ လက်သမားတစ်စု ဆိုက်ရောက်လာကြ၍ အိမ်ကြီး၌ လိုအပ်သော အရာများကို ပြင်ဆင်ဆောက်လုပ်နေကြသဖြင့်၊ တူသံ လွှသံ ပဲကွပ်သံများသည် နေဝင်ချိန်တိုင်အောင် တဒုန်းဒုန်း တဒိုင်းဒိုင်း ဆူညံလျက်နေသောကြောင့် ဖြစ်ပေ၏။ ချွတ်ယွင်းသော အရာများကို ပြင်ဆင်ခြင်း၊ တစ်အိမ်လုံးကို ရေနံသုတ်ခြင်း၊ ပန်းဆွဲ ခါးပန်း စသည်တို့ကို သဘော်ဆေးဖြူ သုတ်လိမ်းခြင်း၊ ဝင်းထရံများကို ကတ္တရာစေးသုတ်ခြင်း စသည်ဖြင့် ပြုလုပ်ပေးကြရကား၊ နေအိမ်ကြီးမှာ ယမန်နေ့ကပင် ဆောက်လုပ်ပြီးသည့်အလားကဲ့သို့ သစ်လွင်ပြောင်လက်စွာ ရှိနေလေ၏။ ယခုနေထိုင်မည့် ဦးသိန်းဆိုသူမှာ ငွေကြေးကို ချွေတာတွန့်တိုသည့် လက္ခဏာလည်း မရှိ၊ ချွေတာရေးအတွက် တောရွာကလေးသို့ ပြောင်းရွှေ့နေထိုင်ရန် ကြံစည်သည့် လက္ခဏာလည်း မရှိချေ။





တတိယနေ့ နံနက်၌ ကျွန်တော်သည် ဈေးဝယ်ရန် အနည်းငယ်ထိစွရှိသည်နှင့် မြင်းတစ်စီးနှင့် ဝက်လက်သို့ ထွက်လာခဲ့ရာ၊ လမ်းခရီးတွင် လှည်းတစ်စီးကို တွေ့ဆုံလေ၏။ လှည်းပေါ်၌ကား ဦးသိန်းသည် ဖုံလိပ်ကြီးတစ်လိပ်ကို မီးကာ ထိုင်လျက်၊ ၎င်းအနီးတွင် ပိန်ပိန်ပါးပါးရှိသော အဒေါ်ကြီးတစ်ယောက် ထိုင်၍ လှည်းနောက်မြီးပိုင်းတွင်ကား ကျွန်တော်၏ အသက်ခန့်ရှိသော လူငယ်တစ်ယောက်သည် ခြေတွဲလောင်းချကာ လိုက်ပါ၍ ၎င်းအနီးတွင် မိန်းမပျိုတစ်ယောက် ထိုင်လျက် ပါလာသည်ကို တွေ့မြင်ရလေ၏။ နောက်ပိုင်းမှ လူငယ်များမှာ ဦးသိန်း၏ သားနှင့်သမီး ဖြစ်တန်ရာ၍ ဦးသိန်းသည် ဇနီးနှင့်တကွ အိမ်သူအိမ်သားများပါ ပြောင်းရွှေ့လာကြသည့် လက္ခဏာ ရှိပေ၏။ ၎င်းတို့၏လှည်းနှင့် မနီးမဝေးမှလည်း မွေ့ရာ၊ ကုလားထိုင်၊ ခုတင် စသော အိမ်ထောင်ပစ္စည်းများ တင်ဆောင်လာသည့် လှည်း လေးငါးစီးတို့ လိုက်ပါလာသည်ကို တွေ့မြင်ရသေး၏။

ဦးသိန်းသည် ကျွန်တော့်ကို မြင်သောအခါ မှတ်မိဟန် လက္ခဏာနှင့် လှည်းကို ရပ်တန့်စေ၍ "ဟိုညက တိုတိုတောင်းတောင်း စကားပြောမိတာကို အမှုမယူပါနဲ့ မောင်ရယ်၊ ဦးက နှလုံးမခိုင်တဲ့ရောဂါ ရှိလို့ပါ၊ သည်းခံပါနော်၊ မောင်ရင့်နာမည် ဘယ်သူတဲ့"

"မောင်သောင်းညွန့်ပါတဲ့ ခင်ဗျာ"

"အဲ အဲ မောင်သောင်းညွန့် စိတ်မရှိပါနဲ့နော်"

"ဘယ်လိုမှ သဘောမထားပါဘူး ဦးရယ်၊ အချိန်မတော် တွေ့တယ်ဆိုတာ အသက်ာစရာပေပေါ့"

"ဒါထက် မောင်ရင့်အသားကလဲ နည်းနည်းတော့ ဝါတာတာ နေတယ်၊ ဘာရုတ်သွေး စပ်သလား"

"မစပ်ပါဘူး ခင်ဗျာ၊ ဗမာ အစစ်ပါ"

"သြော် သြော် ဟုတ်ကဲ့လား၊ စိတ်မရှိနဲ့နော် ဟောဒါက ကျုပ်အဒေါ်ကြီး နောက်ကဟာက ကျုပ်သားနဲ့ သမီးပါပဲ၊ ကျုပ်တို့က တိတ်တိတ်ဆိတ်ဆိတ် နေချင်လေတော့ ဒီအရပ်ကို တမင်ရွေးပြီး လာနေတာပါပဲ မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်ဆိတ်ဖို့ဆိုတာတော့ ဒီထက်ကောင်းတဲ့နေရာ မရှိနိုင်ပါဘူး ဦးရယ်"

"ဟုတ်ပါ့မလား၊ကျုပ်တို့အိမ်နား ပတ်လည်မှာ ရွာသားတွေ ဘာတွေ လမ်းလျှောက်လား ဘာလား မလုပ်ကြဘူးလား"

"နေဝင် မိုးချုပ်တိုင်အောင် လူသွားလူလာတော့ မရှိပါဘူး ခင်ဗျာ၊ နေ့လယ် နေ့ခင်းမှာတော့ နည်းနည်းပါးပါး ရှိမှာပေါ့"

"ဟိုအံရပ် ဒီအရပ်က သူတောင်းစားတွေ၊ လူလေ လူလွင့်တွေ လာလား သွားလားကော လုပ်တတ်သေးသလား"

"မလာတတ်ပါဘူး ခင်ဗျာ"

ထိုအခါ ဦးသိန်း၏ဇနီးက ဖြတ်၍

"မောင်ရင်ကလေး သွားစရာ ရှိပါလိမ့်ဦးမယ်၊ နောက်များမှ မေးကြသေးတာပေါ့၊ သွားပါစေဦးတော့လား"

"ဟုတ်ပေတယ် ဟုတ်ပေတယ်၊ကိုင်း ကျုပ်တို့ သွားလိုက်ပါဦးမယ် မောင်ရင်"

ထိုခဏ၌ ပစ္စည်းများတင်သော လှည်းများလည်း မီလာကြ၍၊ ဦးသိန်းတို့၏ လှည်းနှင့်အတူ မောင်းနှင်သွားကြလေရာ ကျွန်တော်လည်း ဝက်လက်ဘက်သို့ ဆက်လက်၍ မြင်းစိုင်းသွားလေ၏။

ဝက်လက်သို့ ရောက်သောအခါ ပွဲစား ကိုသာဟန်နှင့် တွေ့ဆုံမိလေရာ၊ ကိုသာဟန်မှာ အနည်းငယ် အရက်မူးနေဟန် လက္ခဏာနှင့် အလွန် သွက်လက်ရွှင်ပြုံးသော မျက်နှာထားဖြင့် အိမ်ပေါက်မှ ကျွန်တော့်အား လက်ယပ်ခေါ်ငင်သည်နှင့် မြင်းကို ခေတ္တရပ်ခါ စကားပြောမိသေး၏။

"ဟိုညက ဆရာကြီးဦးသိန်းတို့လူစု ပြောင်းသွားကြလေရဲ့ဗျ"

"ကျွန်တော်နဲ့ လမ်းမှာ တွေ့လိုက်ပါတယ်"

"ဟုတ်ကဲ့လား၊ ငွေ အပေးအကမ်းတော့ တော်တော်ရက်ရောတဲ့ လူကြီး တစ်ယောက်ပဲဗျ"

"ဟုတ်ဟန် တူပါတယ်၊ ဒါကြောင့်မို့လို့ စောစောစီးစီး ကြိတ်နေတယ် မှတ်တယ်"





"မနေ့က ဈေးရထားမှာ ဝီစကီတစ်လုံး ဝယ်ထားလိုက်တယ်၊ ဆရာ လာကြိတ်လှည့်ပါဦး၊ ရောက်တဲ့အခါ ဖြည်းဖြည်းပေါ့ဗျာ"

"ရှိပါစေတော့ဗျာ၊ ကျွန်တော် အရင်လိုတဲ့ ကိစ္စကလေး ရှိသေးလို့ပါ၊ ဒါထက် ပွဲခအတွက် တော်တော် မြက်မြက်ကလေး ရလိုက်တယ် မှတ်တယ်"

"အိမ်ရှင် စက်ပိုင်ကြီးနဲ့ စေ့စပ်ပေးရုံ အတွက်ကလေးနဲ့ ငွေ ၂၀၀ကျပ်ပေးသွားတယ်ဆရာရေ့။ဟီ ဟီ ဟီ မွှလိုက်တာဗျာ၊ငွေစက္ကူ တစ်ရာတန်လောက်များကို ဒီလူကြီးက သကြားထုပ်တဲ့ စက္ကူလောက်ပဲ မှတ်ထင်ပါရဲ့၊ ခပ်အေး အေးနဲ့ပဲ ၁က္ကူနှစ်ချပ် ထုတ်ပေးသွားတယ်ဗျ၊ လာပါဗျာ တစ်ခွက်လောက် ကြိတ်သွားပါဦး"

"စောစောစီးစီးကြီး တော်ပါသေးပြီဗျာ၊ ကိစ္စလဲ ရှိပါသေးတယ်"

"ကျုပ်တို့တော့ ထမင်းမစားခင် စားသောက်ကောင်းအောင် တစ်ခွက် လောက်၊ စားပြီးတော့ တစ်ခွက်လောက်၊ နေ့လယ်တော့ စကား ပြောကောင်း ဆိုကောင်းရှိအောင် တစ်ခွက်လောက်၊ ဒါလောက်ပဲဗျာ"

"ညနေတော့လဲ ဒီအတိုင်းပဲ မဟုတ်လား၊ ဒီလိုဆိုရင် ခင်ဗျားဟာ မိုးလင်းတယ် မရှိတော့ဘူးပေါ့"

"ဆိုချင်လဲ ဆိုနိုင်တာပေါ့၊ ဒါထက် ဦးသိန်းကို ဘယ်လို အကဲခတ်မိသလဲဗျ"

"ကျွန်တော်တော့ နှုတ်ဆက်ရုံ ဆိုသလို စကားပြောခဲ့ရလို့ အကဲမခတ်မိသေးပေါင်ဗျာ"

"ကျုပ်ကတော့ ဒီလူကြီးဟာ ဦးနှောက် တယ်မကောင်းဘူး ထင်တယ်"

"ဒါကြောင့်လဲ အိမ်တစ်လုံးစပ်ပေးရုံနဲ့ ငွေ ၂၀၀ကျပ်ပေးခဲ့တာ ထင်ပါရဲ့ဗျာ"

"ဒါကြောင့် မဟုတ်ပါဘူးလေ၊ လူတစ်ယောက်ဟာ ဒီလိုအရပ်ကို တရုတ်သူတောင်းစားတွေ မလာဘူးလား၊ တရုတ်ဘုန်းကြီးများကော မလာတတ်ဘူးလား၊ ၁င်းထရံကို မြင့်မြင့်ကြီး ခတ်ထားဖို့ အိမ်ရှင်က သဘောမတူ ပေဘူးလား၊ ဒီတာ ချီးတွေကို ထပ်ခါထပ်ခါ မေးခဲ့လို့ရှိရင် ခင်ဗျားကော ဘယ့်နှယ် ထင်မိမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ထူးဆန်းတယ်လို့ ဆိုရမှာပေါ့"

"ကျုပ်ကတော့ သူပြောတဲ့ ဝင်းထဲရဲ့ မြင့်မြင့်ထဲမှာ၊ စန္ဒလီတွေနဲ့ နေဖို့ သင့်တယ် ထင်တယ်"

"ဘယ်လို နေရာမျိုးလဲဗျ"

"တယ်ဝေးတဲ့ လူကိုး၊အရှူးထောင် ပြောတာပေါ့ ဆရာရဲ့၊ ဟိ ဟိ ဟိ ဟား ဟား ဟား" စသည်ဖြင့် မိမိပျက်လုံးကို မိမိနှစ်သက်သည့် လက္ခဏာနှင့် ဟက်ဟက်ပက်ပက် ရယ်မောနေလေရာ၊ ကျွန်တော်မှာ ခပ်ရွံ့ရွံ့ရှိသည်နှင့် မြင်းကို စိုင်းလျက် ထွက်လာခဲ့လေ၏။

ဦးသိန်းတို့ မိသားစုသည် 'ကျတ်တီးကုန်း' နေအိမ်ကြီးသို့ ဆိုက်ရောက်၍ သုံးလေးရက်မျှ နေထိုင်ကြပြီးသော်လည်း ဟာလင်းကြီးရွာထဲသို့ တစ်ကြိမ်တစ်ခါမျှ လာရောက်လည်ပတ်ခြင်းလည်း မရှိ။ မည်သူနှင့်မျှလည်း အသိအကျွမ်းဖွဲ့ခြင်း မရှိ။ ဝင်းတွင်းမှ ဝင်းပြင်သို့ပင် ထွက်လာခြင်းမရှိဘဲ တစ်အိမ်ထောင်တည်း သက်သက် နေထိုင်လျက် ရှိကြလေ၏။ ထိုမျှမကသေးဘဲ လေးငါးရက် ကြာလတ်သော် ဝက်လက်မြို့မှ လှည်းများ ဆိုက်ရောက်လာ၍ လှည်းသမားများသည် သစ်သားဝင်းထရံကို သံဆူးကြိုးများဖြင့် သုံးလေးဆင့်တိုင်အောင် ပတ်ပတ်လည် ကာရံပေးကြသည်များကိုလည်း တွေ့မြင်ရ၏။ ဝင်းထရံပြီးစီးလတ်သော် နောက်ထပ်၍လှည်း လေးငါးစီး ဆိုက်ရောက်လာပြန်ရာ၊ ၎င်းတို့တွင် ဆန်၊ ဆီ၊ ငရုပ်၊ ကြက်သွန်၊ အာလူး၊ ပဲဆန်၊ သကြား၊ လဖက်ခြောက်တို့အပြင်၊ နို့ဆီဘူး၊ ငါးသေတ္တာ၊ အမဲသားသေတ္တာ၊ ဝက်သားဘူး အစရှိသည့် စားသောက်ဖွယ်ရာများကို နင့်လှအောင် တင်ဆောင်လာကြသည်ဟု သိရှိရသောကြောင့်၊ အနည်းဆုံး သုံးလေးလအတွက်မျှ စားနပ်ရိက္ခာ ဖူလုံအောင် စုဆောင်းသိုမှီးထားသည်ဟု တွေးထင်ရန် ရှိနေ၏။

ထိုသို့သော အခြင်းအရာကို တွေ့မြင် ကြားသိ ကြရသောအခါ၊ ဟာလင်းကြီး ရွာသူရွာသားများသာမက ရွာနီးချုပ်စပ်ရှိ တောသူ တောသားများပင်လျှင် ဦးသိန်း၏ ထူးဆန်းသော အနေအထိုင် အပြုအမူအကြောင်းကို အမျိုးမျိုး တွေးတော ပြောဆိုကြ၍ မည်သို့သော အကြောင်းကြောင့် ဤကဲ့သို့ လျှို့ဝှက်စွာ နေထိုင်ကြရ





သည် ဟူ၍လည်း စိတ်ထင်သလို မှန်းဆ,ပြောဆို နေကြလေ၏။ အချို့ကလည်း ဦးသိန်း တစ်အိမ်သားလုံးသည် ရှားသွပ်သောရောဂါ စွဲကပ်နေကြဟန် တူသည်ဟု တွေးတောပြောဆိုကြရာ၊ တချို့ကလည်း ရာဇဝတ်ပြစ်မှု တစ်ခုခု ကျူးလွန်ခဲ့မိသည့် အတွက်ကြောင့် ဤအရပ်သို့ ပုန်းလျှိုး ခိုအောင်းရန် ပြေးလာကြသည်ဟု မှန်းဆ ပြောဆိုကြ၏။ ကျွန်တော့်အဖို့မှာမူကား ၎င်းတွေးဆချက် နှစ်ခုလုံးကို ဟုတ်မှန်သည်ဟု မထင်မိချေ။

ပထမညဥ့် တွေ့စဉ်က ဦးသိန်း၏ အမူအရာမှာ ထိတ်လန့်တုန်လှုပ်ခြင်း အားကြီးလှသည်ဟု မှတ်ထင်ဖွယ် ရှိသော်လည်း၊ နောက်တစ်ကြိမ် တွေ့ရသောအခါ၌မူကား၊လူကြီးလူကောင်းတစ်ယောက် ပီပီ ဣန္ဒြေရရနှင့် စကားပြောဆိုသည်ဟု ကျွန်တော် မှတ်မိ၏။ ထို့ပြင် ဝါရမ်းပြေးဆိုသော တွေးဆ,ချက်မှာလည်း ယုတ္တိ မရှိလှချေ။ဟာလင်းကြီးရွာသည် မီးရထားလမ်းနှင့် လည်းကောင်း၊ မြစ်ဆိပ်နှင့် လည်းကောင်း အတော်အတန် ကွာလှမ်းသည် မှန်သော်လည်း ပုလိပ်တို့ မရောက်ပေါက်နိုင်အောင် ချောင်ကျသော ဒေသတစ်ခု မဟုတ်ချေ။ ၎င်းတို့ နေထိုင်ပုံမှာလည်း လူတိုင်း သတိထားမိလောက်အောင် ထူးခြားခြင်း ရှိသောကြောင့် ပုလိပ်လက်မှ လွတ်အောင် တိမ်းရှောင်သူတို့ကို ဤကဲ့သို့ ထူးခြားသော အနေအထိုင်မျိုးဖြင့် မိမိတို့ကိုယ်ကို ထင်ရှားအောင် ပြုလုပ်ချေမည် မထင်ပေ။ ကျွန်တော် ၏ ထင်မြင်ချက်မှာ လူသူလေးပါးတို့နှင့် ဆက်ဆံခြင်းကို အလျဉ်း အလိုမရှိလောက်အောင် ဆိတ်ငြိမ်ခြင်းကို နှစ်သက်သည်ဟူ၍သာ ထင်မြင်မိတော့၏။ လူသူလေးပါးတို့နှင့် ဆက်ဆံရမည်ကို အဘယ်မျှလောက်အထိ ရှောင်ကွင်းသည်ကိုလည်း ကျွန်တော်တို့ကိုယ်တိုင် မကြာမီအတွင်း ကြုံတွေ့ကြရ၏။

ဟာလင်းကြီးရွာ၌ ကျွန်တော်၏ ဖခင်သည် ရွာသူကြီးပင် မဟုတ်ငြားသော်လည်း ပစ္စည်းအင်အားကြောင့် လည်းကောင်း၊အရွယ် ဝုဍ္ဍိကြောင့် လည်းကောင်း၊ အမျိုးအနွယ်ကြောင့် လည်းကောင်း၊ သိက္ခာသမာဓိကြောင့် လည်းကောင်း အကြီးဆုံး လူတစ်ယောက်အနေဖြင့် အသိအမှတ် ပြုထားကြသည့်ပြင် ရွာလူကြီးများ ကိုယ်တိုင်ကလည်း ဖခင်၏ လောကုတ္တရာ ဗဟုသုတအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆရာတစ်ဆူအနေဖြင့် ၎င်း၏ ပြဇာတ်ကို နာယူလေ့ရှိကြ၏။ သို့ဖြစ်ရကား ကျွန်တော်၏ ဖခင်သည် မိမိကိုယ်ကို ရွာ၏အမိအဖ၊ သို့မဟုတ် အိမ်ရှင်ဟု သဘော ထား၍ နောက်မှရောက်လာသော ဆရာသိန်းတို့လူစုကို ဧည့်သည်ဟု သဘောပိုက် ပြီးလျှင်၊ အိမ်ရှင်တို့ ထုံးစံအတိုင်း ဧည့်သည်များအား လောကဝတ်ပျူငှာ ပြုလိုသော သဘောဖြင့် ၎င်းတို့၏နေအိမ်သို့ တစ်ခေါက်တစ်လေမျှ ဖြစ်စေ၊ အလည်အပတ် သွားရောက်ထိုက်သည်ဟု ယူဆခဲ့၏။ သို့ဖြစ်၍ ဖခင်သည် ကျွန်တော်တို့ မောင်နှမ အား အဝတ်အစားများ သင့်တင့်အောင် လဲလှယ် ဝတ်ဆင်စေပြီးလျှင် တစ်ညနေ၌ အကောင်းဆုံး နွားတစ်ရှည်းကို ခြူကုံးများ ဆင်ယင်စေလျက် ကျွတ်တီးကုန်းရွာ သို့ ထွက်ကြရန် ပြင်ဆင်လေ၏။

ကျွန်တော်၏နှမ မတင်ကြည်မှာမူ ဦးသိန်းတွင် မိမိနှင့်အရွယ်တူ သမီး မိန်းမပျိုကလေးတစ်ယောက် ပါလာသည်ဟု သိရှိရသောကြောင့်၊ တွေ့ဆုံရမည် အတွက် ဝမ်းမြောက်ဟန် လက္ခဏာရှိသော်လည်း၊ ကျွန်တော့်မှာမူ ဦးသိန်းတို့၏ နေထိုင်ပုံအကြောင်းကို သိရှိသဖြင့် ၎င်းတို့နှင့် တွေ့ဆုံရန် သွားရမည့်အရေးကို စိတ်လေးမိ၏။ သို့ရာတွင် လူကြီးဖြစ်သူက ဆုံးဖြတ်ပြီးသည်ကို လူငယ်က ကန့်ကွက်ရန် အလိုမရှိသည်နှင့် မည်သို့မျှ မပြောဘဲ၊ လှည်းပေါ်သို့တက်၍ လိုက်ပါ သွားလေ၏။ သို့ဖြစ်၍ ခြောက်စထောင် လှည်းကလေးပေါ်တွင် ဖခင်သည် လှည်း မောင်းသူနောက်မှ ထိုင်လျက်၊ကျွန်တော်တို့မောင်နှမက နောက်မှ ထိုင်ကြပြီးလျှင် ခြူကုံးသံ တချွမ်ချွမ်နှင့် ရွာဦးမှ ထွက်လာခဲ့ကြလေ၏။ နွားတစ်ရှည်းမှာ အဝါရောင်ပေါ်တွင် စာဥပြောက်ကလေးများပေါ်လျက် ထိပ်တွင် ကြာကလေး ကိုယ်စီနှင့် အလွန် ညီညာလှပ၍ 'ဆင်ရုံ' နင်းသွားကြသည့် အခါ၊လူတိုင်း ငေးကြည့်ကြပေရကား၊ လည်ပင်းမှ ခြူကြီးသံ၊ လည်သိုင်းမှ ခြူကလေးသံတို့ဖြင့် တချွမ်ချွမ် တချွင်ချွင်မြည်အောင် လှမ်းသွားကြရာတွင် ဖခင်သည် နွားကောင်း ပိုင်ရှင်တို့၏ ကျေနပ်ခြင်းဖြင့် တပြုံးပြုံး လှမ်းကြည့်လျက် "ငါတို့နဲ့ အသိ အကျွမ်း ဖွဲ့ရလို့ မင်းတို့လူများမှာ ရှက်စရာ မရှိပါဘူးကွယ့်" ဟု ပြောသေး၏။ သို့ရာတွင်





'ထောင်လွှားတက်ကြွ၊ မြင့်လွန်းကလည်း၊ လျှောကျ နောက်ဆုံး ရှိချေ၏' ဟူသော သံပေါက်အတိုင်း ဖြစ်ရချေဦးတော့မည် တကား။

ကျွန်တော်တို့သည် 'ကျွတ်တီးကုန်း' အိမ်ကြီး၏ တံခါးသို့ ရောက်ကြ ၍ လှည်းကို ရပ်ပြီးလျှင်၊ ကျွန်တော်သည် လှည်းပေါ်မှ ခုန်ဆင်း၍ ဝင်းတံခါးကို ဖွင့်ပေးမည် ပြုသည်တွင် ၃ တောင်ခန့် အလျားရှိ၍ သဘော်ဆေးဖြူ သုတ်ထား သော ပျဉ်ပြားကြီးတစ်ချပ်ပေါ်၌ ဆေးနက်ဖြင့် အောက်ပါအတိုင်း စာလုံးကြီးများ ရေးထားကာ ချိတ်ဆွဲ ထားသည်ကို အံ့ဩစွာ တွေ့မြင်ကြရလေ၏။

## မည်သူနှင့်မျှ မတွေ့လို။
## မည်သူမျှ ဝင်းတွင်းသို့ မဝင်ရ။

ကျွန်တော်တို့ မောင်နှမသည် ထိုစာလုံးကြီးများကို ဖတ်ရသောအခါ၊ ငိုအားထက် ရယ်အားသန် ဆိုသော စကားပုံအတိုင်း ပြုံးရယ်ချင်သလို ဖြစ်ကြသော် လည်း၊ ဖခင်မှာမူ နှုတ်ခမ်းကိုကိုက်ကာ၊ မျက်မှောင်ကြုတ်လျက် ချက်ခြင်းပင် လှည်းကို လှည့်မောင်းရန် အမိန့်ပေးလေရကား၊ ကျွန်တော်တို့ လူငယ်များမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်နှာပိုးသတ်၍ လိုက်ကြရလေ၏။ ဝင်စစ်သော်ကား ကျွန်တော်တို့၏ ဖခင်သည် ဤအကြိမ်ကဲ့သို့ ရှက်ရမ်း ရမ်းလို သည့် မျက်နှာထားမျိုး ဖြစ်ပေါ်လာခြင်းကို မတွေ့ကြရဘူးချေ။အိမ်သို့ အပြန်လမ်း တစ်လျှောက်လုံး စကားတစ်ခွန်းမျှ မပြောဘဲ၊ ဆေးပြင်းလိပ်ကြီးကို တခဲတည်း ခဲလျက်သာ လိုက်ပါလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

ကျွန်တော်တို့ မောင်နှမမှာမူ၊ တာဝန်ခံလူကြီးများ မဟုတ်ကြသောကြောင့်၊ အထက်ဖော်ပြပါ 'ဆိုင်းဘုတ်' အတွက်နှင့် ပတ်သက်၍ စိတ်ထဲ၌ စွဲမြဲလောက်အောင် ထိခိုက်နစ်နာခြင်း မရှိကြဘဲ၊ မေ့မေ့ပျောက်ပျောက် ဟူဘီသကဲ့သို့ နေလိုက်ကြ၏။

နောက်တစ်နေ့ နံနက်၌ ကျွန်တော်သည် အရှေ့ဖက်ရွာကလေးတွင် ကိစ္စတစ်ခု ရှိသည်နှင့် အိမ်မှထွက်လာ၍ 'ကျတ်တီးကုန်း' နေအိမ် ဝင်းတံခါးဝသို့ ရောက်သောအခါ၊ ယမန်နေ့က မြင်ခဲ့ကြသော 'ဆိုင်းဘုတ်' ကြီးကို တမင်ရပ်၍ ဖတ်ကြည့်နေမိသေး၏။ ယင်းသို့ရှိစဉ် ဝင်းထရံအကြားမှ ချိုပြုံးသော မျက်နှာကလေးတစ်ခုသည် ကျွန်တော့်အား စိုက်ကြည့်နေသည်ကို တွေ့မြင်ရရုံမျှမက၊ ကျွန်တော့်အား အနီးသို့ချဉ်းကပ်ရန် လက်ယပ်ခေါ်ငင်လျက် ရှိသည်ကိုပင် တွေ့မြင်ရ၏။ ကျွန်တော်သည် အနီးသို့ ချဉ်းကပ်သွားသောအခါ၊ မျက်နှာပိုင်ရှင်မှာ အခြားသူ မဟုတ်၊ လှည်းပေါ်၌ တစ်ကြိမ် ကျွန်တော် မြင်လိုက်ရဖူးသည့် ဦးသိန်း၏ သမီးပင်ဖြစ်ကြောင်း သိရှိရလေ၏။

မိန်းမပျိုကလေးသည် တောင်မြောက်လေးပါးကို မျှော်ကြည့်ပြီးနောက်၊ တိုးတိုးအသံဖြင့် "မနေ့ညက ရှင်တို့လှည်း လှည့်ပြန်သွားတာကို ကျွန်မနဲ့ ကိုကို မြင်လိုက်ကြရလို့ အားနာလိုက်တာရှင်၊ ရှင်တို့အဖေနဲ့ နှမကိုလဲ ကျွန်မတို့ အလွန်တရာ အားနာတဲ့အကြောင်း တောင်းပန်လိုက်တဲ့အကြောင်း တစ်ဆိတ်လောက် ပြောပြလိုက်ပါ ကိုသောင်းညွှန့်"





"ကိုယ်ပိုင်တိုက်အတွင်း ကိုယ့်သဘောနဲ့ ကိုယ်လုပ်တာကို တောင်းပန်နေစရာ မလိုပါဘူး ထင်ပါတယ်ဗျာ"

"ဟုတ်ပါရိုးလားရှင်၊ ကိုယ်ပိုင်တိုက်ပေမယ့် တစ်ဦးက လောကဝတ်မျှော လာတဲ့အခါမှာ တစ်ဦးက သဘောအတိုင်း ထင်သလို လုပ်မယ်ဆိုလို့ ဆော်နိုင်ပါရိုးလားရှင်။ ကျွန်မကလေ ဒီပြင်လူထက် ရှင့်နှမကို သိပ်အားနာတာပဲ၊ ရှက်လဲ ရှက်လိုက်တာ၊ သေလိုက်ချင်တာပါပဲ"

"ဒီအတွက်ကြောင့်တော့ ဒီလောက် စိတ်မချမ်းမသာ မရှိပါနဲ့တော့၊ သူငယ်ဆိုတာမျိုးဟာ လူကြီးသဘောအတိုင်း လိုက်နာကြရတာကိုး၊ ဒါထက် ယခုလို ဆိုင်းဘုတ်ဆွဲထားခြင်းဟာလဲ လုံလောက်တဲ့အကြောင်းတစ်ခု ရှိလို့ဟာပေါ့"

"အကြောင်းတော့ ရှိတာပေါ့ ကိုသောင်းညွှန့်၊ သို့သော်လဲ ကျွန်မ သဘောကတော့ ဘေးအန္တရာယ် ရှိတယ်ဆိုရင် ဟိုရှောင် ဒီတိမ်း လုပ်မနေချင်ဘူး၊ ပြောင်ပြောင်ကြီး မျက်နှာချင်းဆိုင် တွေ့လိုက်ချင်တယ်။ အလို ပော ဘယ်သူပါလိမ့်၊ သြော် ကိုကိုပါလား၊ ကိုကိုရေ ကျွန်မနဲ့ ကိုကို့အတွက် ကျွန်မက ကိုသောင်းညွှန့်ကို တောင်းပန်နေရတယ် လာပါဦး" ဟု ခေါ်လိုက်သောအခါ မောင်ကြီးဖြစ်သူသည် အနီးသို့ ချဉ်းကပ်လာ၍ ကျွန်တော့်အား တောင်းပန်စကား ပြောကြားပြန်လေ၏။

"ကျွန်တော်တော့ သိပ်ဝမ်းနည်းတာပဲဗျ၊ နှမနဲ့ အဖေကြီးကိုလဲ ကျေနပ်အောင် ပြောပြလိုက်ပါတော့ဗျာ။ ကိုင်း မြရင်ရေ ဖေဖေ လဖက်ရည်သောက်ဖို့ သွားလုပ်ပေးလိုက်ဦး။ နိုးလောက်ပြီ ထင်တယ်။ နေပါဦးဗျာ ခင်ဗျားတော့ မသွားပါနှင့်ဦး၊ ကျွန်တော် စကားတစ်ခွန်း နှစ်ခွန်း ပြောစရာ ရှိပါသေးတယ်"

ဝင်းနောက် နှမ မမြရင်သည် ကျွန်တော့်အား ပြုံးရယ်ကာ နှုတ်ဆက်၍ အိမ်ထဲသို့ ဝင်ပြေးလေရာ မောင်ဖြစ်သူကမူ ဝင်းတံခါးမှ မင်းတုံးကြီးများကို ဖြုတ်၍ တံခါးကို ဖွင့်ပြီးလျှင် အပြင်သို့ ထွက်လာလေ၏။ ထိုနောက် ကျွန်တော်၏ လက်ကို ကိုင်ဆွဲလျက်

"လာပါဗျာ ခင်ဗျားနဲ့ နည်းနည်းလောက် လမ်းလျှောက်ကြရအောင်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဗျာ စီးကရက်သောက်ပါဦး၊ ဒါထက် ကျွန်တော် လိုက်လာတဲ့အတွက် ခင်ဗျာ့မှာ အလုပ်များ ပျက်နေမှာလား"

"အရေးမကြီးပါဘူး၊ ခင်ဗျားနဲ့ သိကျွမ်းရတာ ဝမ်းသာပါတယ်"

" အမှန် ပြောရမှာဖြင့် ဒီအိမ်ရောက်ကတည်းက ဝင်းပြင်ဖက်ကို ဒီတစ်ခါပဲ ထွက်ဖူးသေးတယ်"

"ခင်ဗျားနှမ မမြရင်ကော"

"ကျွန်တော်တောင် မထွက်ရတာ သူက သာပြီး ဆိုးတာပေါ့ဗျ၊ ဒီကနေ့တော့ ကျွန်တော်တော့ လစ်လာခဲ့တာပဲ။ သိများသွားလျှင်တော့ တော်တော်ဒေါ်ဖောင်း ဦးမယ်၊ ကျွန်တော်တို့က မထွက်ရတာကိုသာ မြင်တယ်၊ သူ့ခမြာတော့ ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုတာလို မထွက်စေချင်တဲ့ အကြောင်းကြီးတစ်ခုရှိလို့ဟာပေါ့ဗျ"

"တစ်ခါ တစ်ခါ ယခုလို လစ်နိုင်တဲ့အခါမှာ ကျွန်တော်တို့အိမ်ကိုလာပြီး စကားစမြည် ပြောလှည့်ပါလားဗျာ။ ရွာပေါက်အဝင်ဝက ဆင်ဝင်ကြီးနဲ့အိမ်ဟာ ကျွန်တော်တို့အိမ်ပါပဲ"

"လာနိုင်တဲ့အခါ လာပါ့မယ်ဗျာ စိတ်သာချပါ။ထမင်းချက်တဲ့ ဦးကျားနဲ့ လှည်းသမား ကိုပေါကလွဲလို့ စကားပြောစရာ ယောကျ်ား တစ်ယောက်မှ မရှိဘူးဗျ"

"ဒီလိုဆိုလျှင် ခင်ဗျားနှမကလေးမှာ သာပြီး ပျင်းရှာမှာပေါ့ဗျ"

"နို့ပေမယ့် မိန်းကလေးဆိုတာ အိမ်ထဲမှာ အလုပ်လုပ်နေရတာမျိုး မို့လို့တယ် မထူးလှဘူး ထားပါဦးတော့ ။ ကျွန်တော်တို့ ယောကျ်ားကလေးမှာ သာပြီး ဆိုးတာ ပေါ့ဗျ။ ကြည့်စမ်းပါဦးဗျာ၊ကျွန်တော့်အသက် ၂၁နှစ် ရှိပါပြီ။ ဒါနဲ့တောင် ကောလိပ်ကျောင်းဆိုလို့ ဝေးရော၊ဘုန်းကြီးကျောင်းတောင်မှ မနေခဲ့ရဖူးဘူး၊ ရှင်လဲ မပြုခဲ့ရဖူးဘူး၊ အိမ်မှာ ဖေဖေသင်ပေးတဲ့ သင်ပုန်းကြီးကလေး ကုန်ပြီး၊ ဟိုစာဖတ် ဒီစာဖတ်နဲ့ပဲ ဗဟုသုတ ရှာခဲ့ရတာပဲ။ ဒီတော့ ခင်ဗျားတို့လို ဟာနဲ့ စကားပြောကြလျှင် ကျွန်တော်တော့ လူနုံ လူအ,ကြီးတစ်ယောက် ဖြစ်နေတော့ တာပေါ့ဗျ။ သိပ် ငွကျတယ်ဗျာ၊ ကျွန်တော်တို့ ဖေဖေဟာ"





ယင်းသို့ စကားပြောလျက်ရှိစဉ် ကျွန်တော်သည် ထိုသူ၏ အင်္ကျီရုပ်ကို အကဲခတ်လျက်ရှိရာ ကျော့ရှင်းဖြောင့်စင်းသော ကိုယ်ကာယ၊ ထွားကြိုင်းသန်စွမ်းတန်ရှိသော လုံးလုံးလူဖန်၊ကျယ်ဝန်းသော နဖူးပြင်၊ ပေါ်လွင်သော နှာတံ စသည်တို့နှင့် ပြည့်စုံသည် ဖြစ်သောကြောင့်၊ အရေးအခွင့် ရခဲ့လျှင် လူတော် လူကောင်းတစ်ယောက် ဖြစ်လိမ့်မည်ဟု ဆုံးဖြတ်မိ၏။ ကျွန်တော်က

"ပညာဆိုတာမျိုးဟာ ကျောင်းမှာ နေရမှ တတ်တာမျိုး မဟုတ်ပါဘူးဗျ၊ အကြားအမြင် အတွေ့အကြုံ ရှိသမျှကို နား မျက်စိ ဖွင့်ထားပြီး စဉ်းစား ဆင်ခြင်တတ်တဲ့ ဝါသနာရှိလျှင်၊ပညာရှိတစ်ယောက် ဖြစ်နိုင်တာပါပဲဗျ၊ ခင်ဗျားလဲ အပျော်အပါးဖက်ထက် စဉ်းစားဆင်ခြင်တတ်တဲ့ဖက်ကို လိုက်စားခဲ့တဲ့ လူတစ်ယောက်နဲ့ တူပါတယ်"

"အပျော်အပါး လိုက်စားဖို့ဆိုတာ ဝေးရော၊ ကျွန်တော့်ဆံပင်ကိုသာ ကြည့်ပါတော့ဗျ" ဟု ပြောလျက် ဦးထုပ်ကို လှစ်ပြလိုက်ရာ၊ နားထင် တစ်ဖက်တစ်ချက်တို့၌ ဆံပင်များသည် အဖြူနှင့်အနက်ရောလျက် ဖောင်းဝတ်ရောင်ရှိနေသည် ဖြစ်၍၊စိတ်ကျဉ်းကျပ် ညစ်ညူးစွာနှင့် လူဖြစ်ခဲ့ရရှာသည်ဟု သိရှိရ၏။ ထို့နောက် ကျွန်တော်က

"ကိုယ့်အဖြစ်ကို ကိုယ်မကျေနပ်တိုင်း မကျေနပ်စရာတွေချည်း လျှောက်ပြီး စဉ်းစားနေခဲ့တယ် ထင်ပါရဲ့ဗျာ"

"ဘယ့်နှယ်လုပ်မလဲဗျ၊ လူချင်းတူတူ သူချင်းမျှမျှ လွတ်လွတ်လပ်လပ် မနေခဲ့ရတော့၊ လွတ်လပ်တဲ့ လူတွေချည်း တွေးပြီး သရေကျခဲ့မိတာပေါ့ဗျ"

"ဒါဖြင့် တစ်ခါတလေ အပျင်းပြေဆိုသလို မမြရင်ကိုပါခေါ်ပြီး ကျွန်တော်တို့အိမ်ကို အလည် လာခဲ့ကြပါလားဗျာ။ ကျွန်တော့်နှမနဲ့ မမြရင်နဲ့ မိန်းကလေးချင်း သိကျွမ်းကြရအောင်၊ မကောင်းဘူးလား"

"လာတော့ လာချင်တာပဲ၊ နို့ပေမယ့် သိပ်ခဲယဉ်းတယ်ဗျာ။ သို့သော်လဲ နေ့ခင်း နေ့လယ် ဖေဖေအိပ်ပျော်တဲ့အချိန်မှာ တစ်ခါတလေ အလစ်သုတ်ပြီး ထွက်လာခဲ့ကြဦးမယ်ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးစားပါဦးဗျာ၊ ဒါထက် ခင်ဗျားနာမည် ဘယ့်နှယ့်ခေါ်သလဲ"

"ဘသင်တဲ့ဗျ၊ ခင်ဗျားတော့ ကိုသောင်းညွှန့်နော်"

"ဟုတ်ပါတယ်"

"ကိုင်း ကျွန်တော်က ဒီကပဲ ပြန်လိုက်ဦးမယ်ဗျာ၊ ကျွန်တော်တို့ကို ဖိတ်ကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ တစ်ခေါက်လောက်တော့ လာဖြစ်အောင် အလည် လာခဲ့ကြပါဦးမယ်"

"ခပ်မြန်မြန် လာကြဗျာ"

"မြန်နိုင်သမျှ မြန်ပါစေ့မယ်၊ ကိုင်း ပြန်လိုက်ဦးမယ်ဗျ"

ကိုဘသင်သည် ကျွန်တော့အား နှုတ်ဆက်၍ လှည့်ပြန်သွားပြီးနောက် အတန်ငယ် ရောက်သွားသောအခါမှ တစ်ဖန် လှည့်ပြန်လာ၍

"နေပါဦးဗျာ၊ ကျွန်တော်ပြောလိုက်စရာ စကားကလေး ကျန်ပါသေးတယ်။ ကျွန်တော်တို့ မိသား ဖသားတစ်စု နေကြ ထိုင်ကြပုံအကြောင်းကို ခင်ဗျားတို့ရွာက တွေးကြ တောကြ ပြောကြ ဆိုကြမှာ ဧကန်ပဲ။ တချို့က ရူးတယ်ပြောကြတယ်၊ တချို့ကလည်း ဝရမ်းပြေးများလို့ ပြောကြလိမ့်မလား မသိဘူး။ ဖေဖေကလဲ သူ့အကြောင်းကို ဘယ်သူ့မှ မပြောရဘူးလို့ မှာထားတယ်။ သို့သော် ကျွန်တော်က အချုပ်စကား တစ်ခုတော့ ပြောလိုက်မယ်၊ ကျွန်တော်တို့ ဖေဖေဟာ မရူးတာတော့ အမှန်ပဲဗျ။ ခင်ဗျားတို့ ကျွန်တော်တို့ စိတ်ကောင်းသလိုပဲ ကောင်းပါတယ်။ ပြီးတော့ ရာဇဝတ်ပြစ်မှု တစ်ခုခု ကျူးလွန်မိလို့ ပုလိပ်လက်မှ တိမ်းရှောင်နေတဲ့ လူစားမျိုးလဲ မဟုတ်ပါဘူး။ သူ့မှာ စိုးရိမ်ရတဲ့ ဘေးအန္တရာယ် တစ်စုံ တစ်ခု ရှိလေတော့ လူသူကင်းရှင်း တိတ်ဆိတ်တဲ့ အရပ်မျိုးမှာ လျှို့ဝှက်စွာ နေထိုင်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်ပြောလျှင် ယုံပါတော့ဗျာ ကိုသောင်းညွှန့်"

"ဘယ့်နှယ် မယုံကြည်ဘဲ နေပါ့မလားဗျ။ သို့သော် တစ်ခု မေးပါရစေ၊ ဘေးဥပဒ်အန္တရာယ် တစ်စုံတစ်ခုကို စိုးရိမ်ရလို့ရှိလျှင် ပုလိပ်ကိုတိုင်ပြီး အစောင့်အရှောက် တောင်းထားပါလားဗျ"

"ကျွန်တော် တစ်ခုပြောမယ်၊ ဖေဖေ ကြောက်နေရတဲ့ ဘေးအန္တရာယ်





မျိုးဟာ သူလိုငါလို လူသားမျိုး မဟုတ်ဘူးဗျ။ လူသားဆိုလျှင် ပုလိပ် မဆိုထားနဲ့၊ စစ်တပ်ကြီးနဲ့ ဝိုင်းထားလို့တောင် လုံခြုံနိုင်မှာ မဟုတ်ဘူးဗျ။တစ်နေ့နေ့မှာ ဒီဘေးကြီး ဆိုက်ရောက်ရမှာကတော့ ဧကန် မချွတ်ပဲလို့ ပြောတယ်"

"လူသား မတတ်နိုင်လျှင် ဝိဇ္ဇာများရဲ့ ဘေးလားဗျ"

"ဒီလိုလဲ မပြောနိုင်ဘူးတဲ့ဗျ၊ သို့သော် ကျွန်တော် ပြောတန်သလောက် ပြောပြီးပြီဗျ။ တော်ကြပါစို့၊ ဖေဖေ့အပေါ်မှာ ကျွန်တော် သစ္စာဖောက်ရာ ရောက်တော့မယ်၊ ကိုင်း ပြန်လိုက်ဦးမယ်ဗျာ"

ၤင်းနောက် ကိုဘသင်သည် ၎င်း၏ နေအိမ်ဘက်သို့ လှည့်ပြန်သွားလေရာ ကျွန်တော်သည် ဆက်လက်၍ လျှောက်လာရင်း လူသားလည်း မတတ်နိုင်၊ ဝိဇ္ဇာလည်း မဟုတ်ဆိုသော ဘေးရန်မျိုးမှာ မည်သည့်ဘေးရန်မျိုး ဖြစ်သည်ဟု တွေးတောလာမိလေ၏။ ထိုညဉ့်၌ ကျွန်တော်သည် ရတ်တရက် အိပ်မပျော်နိုင်သည် ဖြစ်သောကြောင့် ဦးသိန်းတို့ အိမ်သားများအကြောင်းကို ဆက်လက်တွေးတောရင်း ကျွန်တော် မြင်ခဲ့ ကြားခဲ့ရသော အကြောင်းအရာများသည် ဤ အရှုပ်အထွေးကို ရှင်းလင်းရန်အတွက် သဲလွန်စသဖွယ် အထောက်အပံ့ ဖြစ်ချေမည်လောဟု လွန်ခဲ့ပြီးသမျှသော အတွေ့အကြုံများကို တစ်ခုစီ ပြန်လှန်ဖော်ထုတ်ကာ စဉ်းစား ဆင်ခြင်ခြင်း အားဖြင့် အချိန် ကုန်လွန်ခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄

ကျွန်တော့်မှာ ကိုယ်နှင့် မသက်ဆိုင်သော အကြောင်းခြင်းရာများတွင် စွက်ဖက်ဝင်ရှုပ်တတ်သော ဝါသနာ မရှိခဲ့သော်လည်း ဦးသိန်းတို့ အိမ်သူအိမ်သားများ၏ နက်နဲရှုပ်ထွေးသော အဖြစ်အပျက်ကိုမူ စိတ်ထဲတွင် ဖျောက်၍ မရနိုင်ဘဲ အားလပ်သောအချိန် ဟူသမျှတွင် ၎င်းအကြောင်းကိုသာ စဉ်းစားတွေးတော နေမိခဲ့လေ၏။ ၎င်းစိတ်ကို ဖျောက်ဖျက်နိုင်စေရန်အတွက် ကျွန်တော်သည် အလုပ်ကြမ်းလုပ်ခြင်း၊ မြင်းစိုင်းခြင်း၊ စာဖတ်ခြင်း စသည်ဖြင့် အမျိုးမျိုး ကြိုးစားခဲ့သော်လည်း ထမြောက်အောင်မြင်ခြင်း မရှိပဲ တစိုက်တည်းစိုက်ကာ တွေးတောစဉ်းစားနေသည်ကိုသာ တွေ့ရသောကြောင့် နောက်ဆုံး၌ ဤအရှုပ်အထွေးကို မပြီးမချင်း ကျွန်တော့်စိတ်သည် အားလပ်ခွင့် ရနိုင်တော့မည် မဟုတ်ဟု ဆုံးဖြတ်ချက်ချကာ လက်လျှော့လိုက်ရလေ၏။

၎င်းအကြောင်းနှင့်ပတ်သက်၍ ကျွန်တော်သည် အနည်းနည်း အဖုံဖုံ တွေးတောခဲ့သော်လည်း စိတ်ကျေနပ်လောက်သည့် တွေးဆ,ချက်ကို တစ်ကြိမ် တစ်ခါမျှ မစဉ်းစားမိသေးချေ။ ထိုအကြောင်းများကို ကျွန်တော်သည် နမ မတင် ကြည်အား လည်းကောင်း၊ ဖခင်အား လည်းကောင်း ပြောပြခြင်း မပြုပဲ၊ကိုဘသင် တို့ မောင်နှမက တောင်းပန်လိုက်သည့်အကြောင်း မျှလောက်ကိုသာ အမြွက်အား ဖြင့် ပြောပြခဲ့၏။ သို့ဖြစ်၍ နမနှင့် ဖခင်ဖြစ်သူတို့မှာ ကျွန်တော်၏စိတ်၌ ယားကျိကျိ ဖြစ်နေသည့် အကြောင်းကို မရိပ်မိကြချေ။





တစ်ညသ၌ ကျွန်တော်သည် အိပ်ရာထဲတွင် ဤဖက်မှ ထိုဖက်သို့စောင်းခါ တလူးလူး တလိမ့်လိမ့်နှင့် အိပ်မပျော်နိုင်ပဲ ရှိသည်နှင့်၊ အိပ်ရာမှထ,၍ တုတ်ကောက်တစ်ချောင်းကို ကောက်ယူပြီးလျှင် အိမ်မှ ဆင်းလာခဲ့လေ၏။ ရွာပြင်သို့ ရောက်လျှင် မည်သည့်ဘက်သို့ လျှောက်ရမည်နည်းဟု စဉ်းစားပြီးနောက် 'ကျွတ်ဘီးကုန်း' နေအိမ်ကြီးဘက်သို့ ခြေဦးလှည့်ကာ လျှောက်လာခဲ့လေ၏။

ရွာမှ ကျော်ကြည့်လိုက်သော် အိမ်ကြီးမှာ ကုန်းမြင့်ကလေးပေါ်၌ တည်ရှိသည် မှန်သော်လည်း၊ ရွာနှင့် အိမ်ကြီးအကြားတွင်လည်း အခြားကုန်းမြင့် ရှိနေသေးသည် ဖြစ်သောကြောင့်၊ အိမ်ကြီးကို မမြင်နိုင်ချေ။ သို့ရာတွင် အိမ်ကြီးတည်ရှိရာ အရပ်မှ အထက်ကောင်းကင်တွင် ခပ်ဖွေးဖွေးရှိသော အလင်းရောင်ကို မြင်ရသည်ဟု မှတ်ထင်မိ၏။ ကျွန်တော်သည် အိမ်ကြီးဘက်သို့ လျှောက်လာ၍ လမ်းခုလတ်၌ရှိသော ကုန်းမြင့်ကို တက်စ,ပြုသည်နှင့် တစ်ပြိုင်နက်၊ ယခင်ကသော်ပြခဲ့သော အလင်းရောင်သည် တိုး၍တိုး၍ လင်းလာသည်ဟု မှတ်ထင်ရလေရာ၊ ကုန်းမြင့်ထိပ်သို့ရောက်၍ အိမ်ကြီးတစ်ကိုယ်လုံးကို မြင်ရသော အခါတွင်မူကား၊ ကျွန်တော်မှာ အံ့အားသင့်စွာနှင့် ရပ်ငေး၍ ကြည့်နေမိလေ၏။ အကြောင်းမူကား အိမ်ကြီး၏ အထက်ထပ်နှင့် အောက်ထပ် နှစ်ရပ်စလုံးတို့မှ အလွန် စူးရှထိန်ဝင်းသော အလင်းရောင်များသည် ပြတင်းအပေါက်တိုင်း အပေါက်တိုင်းတို့မှ ထွက်လျက် ရှိနေသဖြင့်၊ မည်းမည်းမှောင်လျက်ရှိသော အထက်ကောင်းကင်ကို ဖွေးဖွေးဖြူသော ငွေဓားကြီးများဖြင့် ထိုးစိုက်ထားသကဲ့သို့ ထင်ရှားစွာ တွေ့မြင်ရလေ၏။ ၎င်းအလင်းရောင်မှာ သာမန် ရေနံဆီမီးအိမ်မျိုးမှ ထွက်နိုင်သော အရောင်မျိုး မဟုတ်ဘဲ၊ အလွန် စူးရှဖြူဖွေးလှသည့်ပြင် အလွန်လည်း အားကြီးလှသည် ဖြစ်ရကား၊ 'ဟာရီကိန်း' ခေါ် ဓာတ်ဆီမီးအိမ်မျိုး အမြောက်အမြားကို အထက်ထပ်ရော အောက်ထပ်ပါ အနှံ့အပြား ထွန်းထားဟန် လက္ခဏာရှိ၏။ ပြတင်းတစ်ပေါက်ရှိ တံခါးကို ပိတ်ထား၍ တရုတ်ကပ်များကိုသာ ဖွင့်ထားဟန် တူပေရာ၊ ၎င်းတရုတ်ကပ် အကြားတို့မှ ထွက်လာသော အလင်းရောင်ပင်လျှင် အလွန်အမင်း ပြင်းထန်လှသဖြင့် မှောင်မည်းသော ကောင်းကင်ပြင်တွင် အတန့်တန့် အစင်းစင်း ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိနေလေ၏။ကျွန်တော်သည် ဂျင်မခါနာကာလပ် စသော အဆောက်အအုံ
များ၌ ခရစ်စမတ်ပွဲ အချိန်များတွင် မီးများလင်းအောင် ထွန်းထားသည်ကို တွေ့မြင်
ရဖူးသော်လည်း၊ အဆောက်အအုံလည်း ယခုထက်ကြီး၍ မီးအိမ်များသည်
ယခုလောက် များပြားသည် မဟုတ်သောကြောင့်၊ ရုတ်တရက် မြင်လိုက်ရစဉ်က
အိမ်ကြီးကို မီးသင့်လောင်နေပြီဟူ၍ပင် ထင်လိုက်မိ၏။ ကျွန်တော်သည် ကုန်းမြင့်
ထက်နားမှ နာရီတစ်ဝက်ခန့် ကြာသည့်တိုင်အောင် ရပ်လျက်ကြည့်နေသဖြင့်
၁၁ နာရီ ထိုးပြီဖြစ်သော်လည်း ပြတင်းပေါက်များ ပိတ်သွားသည်ကိုသာ တွေ့မြင်
ရ၍ မီးရောင်များမှုကား လျော့ပေါ့ခြင်းမရှိဘဲ ကျိုးအက်ကြား၊ ခေါင်မိုးအကြား
စသည်တို့မှ လင်းမြဲတိုင်းလင်းလျက် ထွက်နေလေ၏။ နောက်ဆုံး၌ ကျွန်တော်
သည် ဤထူးဆန်းသော အခြင်းအရာအကြောင်းကို စဉ်းစားစိတ်ကူးရင်း ရွာဘက်
သို့ ပြန်လျှောက်လာခဲ့လေ၏။

နောက်တစ်နေ့၌ ကျွန်တော်သည် နှမ မတင်ကြည်အား ‘ကျတ်တီး
ကုန်း’ အကြောင်းကို မည်မျှလောက် သတင်းကြားဖူးသည်ဟု တီးခေါက် စုံစမ်း
ကြည့်သောအခါ၊မတင်ကြည်မှာ အခြားသော ရွာသူကလေးများထံမှ ထိုအကြောင်း
ကို ကြားရပြီး ဖြစ်သည့်ပြင်၊ ရွာသူတို့ဘာဝ အမျိုးမျိုးအဖုံဖုံ တွေးတောပြောဆို
ကြသည့်ပြင်၊ ထင်မြင်ချက်များကိုပါ ကြားသိထားပြီးကြောင်း တွေ့ရှိလေ၏။
သို့ရာတွင် အဘိဓမ္မာနည်းအတိုင်း ယူဆသော သူတစ်ယောက်က ခေတ်ကာလ
လောကဓာတ် ပညာနည်းအတိုင်း ယူဆသူ တစ်ယောက်ထက် ပို၍ ကြောက်တတ်
သည်ဟု စွပ်စွဲခြင်း ခံရမည်စိုးသောကြောင့်၊ ကျွန်တော့်အား ဖွင့်ဟ, တိုင်ပင်ခြင်း
မပြုခဲ့ချေ။ ကျွန်တော်တို့ မောင်နှမမှာ ခမ္ဘခန်ကြောင်း သက်သက်နှင့် လောက
ဓာတ်ပညာတို့တွင် တစ်ဖက်စီ အယူသည်းသူများ ဖြစ်ကြောင်းကို အထက်တွင်
အမြွက်မျှ ဖော်ပြခဲ့ဖူးလေပြီ။ သို့ဖြစ်ရကား နှမ မတင်ကြည်မှာ ကောလာဟလ
ကြားသိရသော သတင်းများကြောင့် စိတ်ထဲတွင် အတော်အတန် ထိခိုက်နေခဲ့ဟန်
တူသော်လည်း စိတ်တင်းသောသူငယ်မ ဖြစ်သည်အတွက်ကြောင့်၊ ကျွန်တော်နှင့်
ဖွင့်ဟ,တိုင်ပင်ခြင်း မပြုဘဲ ကျွန်တော်၏ အကဲကို ခတ်နေခြင်း ဖြစ်၏





‘ကျတ်တီးကုန်း’ အိမ်သူအိမ်သားများနှင့် ပတ်သက်၍ ၎င်း၏စိတ်ထဲ၌ ထိတ်လန့်
ကြောက်လှပ်ခြင်း ဖြစ်နေခဲ့ကြောင်းမှာကား ယုံမှားဘွယ်ရာ မရှိချေ။

တစ်နေ့သ၌ ကိုဘသင်သည် ကျွန်တော် ဖိတ်ကြားထားသည့်အတိုင်း
၎င်း၏နှမ မမြရင်နှင့်အတူ ကျွန်တော်တို့နေအိမ်သို့ လာရောက် လည်ပတ်ကြလေ
ရာ၊ ကျွန်တော်နှင့် ကိုဘသင်တို့သည် တွေ့လျှင်တွေ့ချင်း တစ်ယောက်အပေါ်၌
တစ်ယောက် စိတ်ပါဝင်စားခြင်း ရှိကြသည့်နည်းတူ၊ မမြရင်နှင့် မတင်ကြည်တို့
မှာလည်း ပထမအကြိမ် တွေ့ရလျှင်ပင် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်
ကြင်နာ ရင်းနှီးစွာ ရှိကြလေ၏။ ယင်းကဲ့သို့ တစ်ခေါက် နှစ်ခေါက် စသည်ဖြင့်
လာရောက်လည်ပတ်မိကြသော်၊ ကျွန်တော်တို့သည် နေအိမ်အတွင်း ညှိခံရရုံနှင့်
မကျေနပ်နိုင်ကြသည် ဖြစ်၍ နေ့လယ်အတွက် စားစရာများကို ထုတ်ပိုး
ဆောင်ယူကြလျက်၊ ဟာလင်းကြီးရွာ၏ ထူးဆန်းသည့် အခြင်းအရာများဖြစ်သည့်
ရေပူရေအေး တွင်းများနှင့် တွင်းမ ခေါ် ရေတွင်းကြီးများသို့ ပျော်ပွဲစား ထွက်
ကြသော၏။ တွင်းမ ခေါ် ရေတွင်းကြီးမှာ ပျူမြင်း ပြိုမင်းတို့ လက်ထက်ကတည်းက
တူးဖော်ထားသည်ဟု အယူရှိကြ၍ အင်္ဂလိပ်အရေးတော် ပေါ်စဉ်က ၎င်းတွင်းမှ
အင်္ဂလိပ်စစ်သားဦးထုပ်များ ပေါ်ထွက်ကာ နိမိတ်ပြသည် ဟူ၍လည်းကောင်း၊
၎င်းတွင်းသည် ပင်လယ်သမုဒ္ဒရာနှင့် တဆက်တည်းရှိသောကြောင့် တွင်းထဲသို့
အုန်းသီးတစ်လုံး ပစ်ချခဲ့လျှင် သမုဒ္ဒရာထဲသို့ သွား၍ပေါ်သည် ဟူ၍လည်းကောင်း
စသည် ပြောဆိုကြ၏။ ဟာလင်းကြီးရွာသည် ပင်လယ်နှင့် မိုင်ပေါင်းများစွာ
ကွာသောကြောင့် ပစ်ချလိုက်သော အုန်းသီးသည် ပင်လယ်၌ ပေါ်သည်
ဆိုသည်ကို မည်သူမျှ သွားရောက် ကြည့်ရှုဖူးသည် ဟူ၍ကား မကြားရဘူးချေ။
သို့ပင်ဖြစ်စေ၊ ၎င်းရေတွင်းကြီးနှင့် ရေပူ ရေအေးတွင်းများသည် ဤဒေသ
အရပ်တွင် အထူးအဆန်းများ ဖြစ်ကြသောကြောင့် တမင်သက်သက် လာရောက်
ကြည့်ရှုကြသူတို့မှုကား မရှားပါးလှချေ။

ကိုဘသင်တို့ မောင်နှမ နှစ်ယောက်သည် ကျွန်တော်နှင့်အတူ သွားလာနေ
ကြရသည့် အခါများတွင် ကလေးသူငယ် နှစ်ယောက်ကဲ့သို့ ရွှင်ပြုံးကြည်လင်



www.burmeseclassic.com

www.burmeseclassic.com



စွာရှိကြ၍ ၎င်းတို့၏ ကျယ်တည်းကျဉ်းမြောင်းသောအဖြစ်ကို ခေတ္တ ခဏမျှဖြစ်စေ မေ့လျော့နေကြသည့် လက္ခဏာရှိပေရာ၊ ကျွန်တော်တို့ မောင်နှမမှာလည်း ၎င်းတို့ စိတ်ချမ်းသာအောင် ကျေးဇူးပြုရသည့်အဖြစ်ကို အလွန် နှစ်သက်ဝမ်းမြောက်မိကြ၏။ ယင်းကဲ့သို့ တစ်ခေါက်မှ နှစ်ခေါက် စသည်ဖြင့် ကြိမ်ဖန်များစွာ လာရောက်ကာ အတူတကွ နေထိုင်ကြရာတွင် သိကျွမ်းရုံမျှသော အဖြစ်မှ ရင်းနှီးသောအဖြစ်သို့တိုင် ရောက်လာကြ၍ နောက်ဆုံး၌ ကျွန်တော်မှာ မပြရင်နှင့်လည်းကောင်း၊ ကိုဘသင်မှာ မတင်ကြည်နှင့်လည်းကောင်း ချစ်ကြိုက်စုံမက်ကာ သမီးရည်းစားဘဝသို့ ကူးပြောင်း လာခဲ့ကြလေ၏။ သို့ရာတွင် ကျွန်တော် ရေးသားဖော်ပြလိုက်သည့် အကြောင်းအရာမှာ ပထမံသိန်း၏ အဖြစ်အပျက်သာ ဖြစ်သောကြောင့် သမီးရည်းစား နှစ်စုံတို့၏ ဖြစ်ပျက်ခြင်းရာများကို အကျယ်တဝင့် ဖော်ပြခြင်း မပြုဘဲ အကြောင်းအခွင့် တိုက်ဆိုင်သလောက်ကိုသာ ဖော်ပြရပေတော့မည်။

ယင်းကဲ့သို့ ချစ်ကြိုက်စုံမက်သော အဖြစ်သို့တိုင် ရောက်သောအခါတွင်မူကား၊ ဝက်လက်သို့ ကိစ္စနှင့် ဦးသိန်း သွားရသောနေ့များတွင် လည်းကောင်း၊ ပန်းနာထ,သဖြင့် အိပ်ရာမှ မထ,နိုင်သောအခါများတွင်လည်းကောင်း ကိုဘသင်တို့ မောင်နှမ နှစ်ယောက်သည် ကျွန်တော်တို့အိမ်၌ နေကုန်သည့်တိုင်အောင် အချိန်ဖြုန်းလေ့ ရှိကြ၏။ ၎င်းတို့၏မိခင် ဒေါ်သန်းတင်မှာမူ သားသမီးများ ကျပ်တည်းစွာ နေထိုင်ရခြင်းကို ကရုဏာဖြစ်ရာသောကြောင့် တတ်နိုင်သမျှ ဖေးဖေးမမ ကူညီ စောင့်ရှောက်ပြီးလျှင်၊ ၎င်းတို့ မရှိခိုက်တွင် ဦးသိန်းအား သင့်လျော်အောင် လှည့်ဖြားပြောဆိုကာ ဖုံးဖိလျှို့ဝှက် ထားရှာ၏။ ကျွန်တော်၏ ဖခင်မှာမူ ကျွန်တော်တို့ လေးဦးသား၏ အကြောင်းကို ရိပ်မိ၍၊ သဘောတူညီဟန် လက္ခဏာဖြင့် ကျွန်တော်တို့ လေးယောက်လုံးတို့အား သားသမီးများသဖွယ် သဘောပိုက် ထား တော့ဟန် တူပေ၏။ သို့ရာတွင် ကျွန်တော်တို့နှင့် ရောနှောခြင်းကား မရှိ၊ ၎င်း၏ စာအုပ်များနှင့်သာ အချိန်ကုန်စေခဲ့၏။

တစ်ခါတစ်ရံ၌မူကား ဦးသိန်းသည် သားသမီးများထွက်၍ လည်ပတ်သည့်အကြောင်းကို ရိပ်မိဟန် လက္ခဏာနှင့် အထူးစောင့်ရှောက် ကြပ်မတ်ထိန်းသိမ်း





ထားသည့်ပြင်၊ ဝင်းတံခါးအနီးတွင် စာတစ်အုပ်နှင့်ပင် ထိုင်၍ စောင့်တတ်သေး၏။ ထိုသို့သော အခါများတွင်မူကား၊ ကိုဘသင်တို့ မောင်နှမမှာ ကျွန်တော်တို့အိမ်သို့ အလည်လာခွင့် မရတော့ဘဲ၊ တနင်္ဂနွေ တစ်ပတ် နှစ်ပတ် တိုင်အောင် ဝင်းထဲတွင် အောင်း၍ နေကြရရှာ၏။ ထိုသို့သော နေ့ရက်များ၌ ကျွန်တော်သည် ကျုတ်တီးကုန်း အိမ်ကြီးဆီသို့သွား၍ ဝင်းပြင်မှ မယောင်မလည် ချောင်းမြောင်းကြည့်ရှုသည့်အခါ၊ ဦးသိန်းသည် ဝင်းတံခါးအနီးတွင် စကြံလျှောက်လျက်ဖြစ်စေ၊ သစ်ပင်ရိပ်အောက်တွင် ထိုင်လျက်ဖြစ်စေ၊ စန္ဒလိစောင့်ရင်း ဝင်းပြင်သို့ မသကာသော ကြည့်ခြင်းမျိုးဖြင့် လှမ်းမျှော်ကြည့်ရှုသည်ကိုပင် တွေ့မြင်ရ၏။

ဦးသိန်းအကြောင်းကို ကိုဘသင်တို့ထံမှ ကျွန်တော်တို့ တီးခေါက်စုံစမ်းသဖြင့် သိရှိရသလောက်မှာ၊ အရွယ်ကောင်းစဉ်အခါက ဦးသိန်းသည် တရုတ်ပြည်၊ ထိုင်းပြည်၊ ယိုးဒယားပြည်၊ အင်ဒိုချိုင်းနားပြည် အစရှိသော တိုင်းပြည်များသို့ လှည့်လည်သွားရောက်၍ ကုန်ကူးသန်းရောင်းဝယ်ခြင်း အလုပ်ဖြင့် စီးပွားဥစ္စာ ရှာဖွေခဲ့ရာ၊ အသက် အတော်အတန် ကြီးပြင်းသောအခါမှ ဒေါ်သန်းတင်နှင့် အိမ်ထောင်ကျ၍ ကိုဘသင်တို့ မောင်နှမကို မွေးဖွားသည်ဟု သိရှိရ၏။ ၎င်းတို့ မောင်နှမ လူလားမြောက်သော အချိန်မှစ၍မူကား၊ ဦးသိန်းသည် ပစ္စည်းဥစ္စာ ရှာဖွေခြင်း မပြုတော့ဘဲ၊ သိမ်းရရှိထားသော ပစ္စည်းဖြင့်သာ ငြိမ်းချမ်းစွာ စားသောက်နေကြတော့သည်ဟု သိရှိရ၏။ အောက်မြန်မာပြည်ဘက်၌ လယ်မြေကေ အမြောက်အမြား ရှိသည်ဟူ၍ ပြောသံ ကြားရသော်လည်း ကျွန်တော်တို့က မြင်ခဲ့လျှင် ပစ္စည်းကို စုံမက်သည်ဟု ထင်ကြမည်စိုးသဖြင့် စုံစမ်းမေးမြန်းခြင်း မပြုကြချေ။

ကိုဘသင်တို့ မောင်နှမနှင့် တနင်္ဂနွေ နှစ်ပတ်ခန့်ကြာအောင် မတွေ့ဆုံရဘဲ အဆက်အသွယ်ပြတ်ခဲ့လျက် ရှိလတ်သော်၊ ကျွန်တော်သည် တွေ့လို မြင်လို စကားပြောလို လှပြီဖြစ်၍ တွေ့ဆုံရန် အကြံထုတ်လေ၏။ တစ်နေ့သ၌ ဝင်းထရံကို ပတ်လည်လည် လှည့်၍ စမ်းသပ်ကြည့်သည့်အခါ အိမ်နောက်ဖေးရှိ တစ်နေရာသော ဝင်းထရံမှာ ခပ်နဲ့နဲ့ ဖြစ်နေသည်ကို တွေ့ရသဖြင့်၊ လက်နှင့် ဆွဲဆုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်အခါ ပြူတ်ထွက်ပါလာသည်ကို တွေ့ရလေ၏။ ထိုနောက် ၎င်းအကြားမှ ဦးခေါင်းလျှိုကြည့်၍ ဝင်နိုင်သည်ကို တွေ့ရသောအခါ၊ 'ခေါင်းတန် ကိုယ်ဆန့်' ဟူသော စကားအရ တစ်ကိုယ်လုံးလျှို၍ ဝင်နိုင်သည့်အဖြစ်ကို တွေ့ရလေ၏။

ပထမအကြိမ်၌ ကျွန်တော်သည် ဝင်းထရံတွင်း ကြာရှည်စွာ မနေဝံ့သည် ဖြစ်၍ မမြရင်အား အိမ်နောက်ဖေး ပြတင်းပေါက်မှ လှူရောင်ပြ၍ ခေါ်ပြီးလျှင် စကား တစ်ခွန်း နှစ်ခွန်း တန်သည်ဖြင့် နှုတ်ဆက်ပြီးနောက် ပြန်ထွက်လာခဲ့ရလေ၏။ နောက်အခေါက် များတွင်မူကား၊ အချိန်းအချက် ပေးထားပြီး ဖြစ်သောကြောင့် နေဝင်ပြီးချိန်မှ ထိုအိမ်သို့သွား၍ ဝင်းထရံအကျိုး အနီးတွင် အဆင်သင့် စောင့်လျက်ရှိသော မမြရင်နှင့် တွေ့ဆုံ စကားပြောကြားရ၏။ ကျွန်တော်တို့သည် ဖြုတ်ထားသော ဝင်းထရံတစ်ချောင်းကို ဟောင်းလောင်းမထားမူ၍ နေရာတကျ ပြန်တပ်ထားကြရန် သတိမမေ့ကြချေ။ သို့ဖြစ်ရကား ကိုဘသင်တို့ မလာနိုင်သော်လည်း ကျွန်တော်မှာမူ ချစ်လှသော ရည်းစားသည် မမြင်ရင်နှင့် တစ်ရက်ခြားလိုပင် တွေ့ဆုံခွင့် ရခဲ့လေ၏။

ယင်းသို့ တွေ့ဆုံကြရသော အခါများ၌ ကျွန်တော်တို့သည် ဦးသိန်း ကြောက်ရွံ့စိုးရိမ်နေရသည့် ဘေးအန္တရာယ်အကြောင်းကို ထည့်သွင်းပြောဆို ကြရာ မမြရင်ကိုယ်တိုင်မှာလည်း မည်သို့သော ဘေးရန်မျိုးဟူ၍ သိရှိဟန် လက္ခဏာ မရှိဘဲ၊ တိဘက်ပြည်သို့ ဦးသိန်းရောက်ခဲ့စဉ်က ဖြစ်ဖူးသည့် ရန် ဟူ၍သာ သိရှိရ၏။ မည်သို့သော လူမျိုးနှင့် ရန်ဖြစ်ခဲ့ဖူးသည် ဟူ၍ပင် ပြောပြ မတတ်နိုင်ချေ။ စင်စစ်သော်ကား၊ ဦးသိန်းတို့ အိမ်သူအိမ်သားများသည် ထိုအခြင်းအရာကို မမြရင် မသိစိမ့်သောငှာ တတ်နိုင်သမျှ လျှို့ဝှက်ထားခဲ့ဟန် လက္ခဏာရှိသောကြောင့် ကိုဘသင် သိရှိသလောက်ပင် မမြင်ရင် သိရှိရိပ်မိဟန် မတူချေ။

ရင်။ ။ "အခုတလောဖြင့် ဖေဖေက သာပြီး အကြောက်ကြီးနေသေး တယ်။ သူ့မှာ ဒီလိုချည့်ပဲ၊ တပေါင်းလပြည့်နေ့ နီးလာတိုင်း လာတိုင်း ထိတ်ထိတ် လန့်လန့် ဖြစ်ရတာချည်းပဲ၊ ဘယ်အရပ်မှာနေနေ ဘယ်လိုချောင်ကြီးထဲမှာ နေ





ဒီတပေါင်းလပြည့် နီးလာပြီဆိုမှဖြင့် မအိပ်နိုင် မစားနိုင် တဖျပ်ဖျပ်နဲ့ လန့်လန့် နေတာပဲ၊ လပြည့်နေ့လွန်လို့ ဘာမှ မဖြစ်တော့မှဘဲ သူများနည်းတူ အိပ်နိုင် စားနိုင် သွားနိုင် လာနိုင် ရှိတော့တယ်။ ဒါကြောင့် လပြည့်ပြီးသား ဖြစ်ချင်လှပြီ ကိုသောင်းရယ်"

ကျွန်တော်။ ။ "လွန်ခဲ့တဲ့နှစ် တပေါင်းလပြည့်နေ့များမှာ ဘာများ ထူးထူးခြားခြား တွေ့မြင်ရဖူးသလဲ"

ရင် ။ ။ "ကျွန်မတို့ ဘာမှ မမြင်ရဘူး ကိုသောင်းရဲ့၊ လပြည့်နေ့ နက်ကတည်းက လပြည့်ကျော် တစ်ရက်နေ့ထိအောင် ကိုကိုနဲ့ ကျွန်မတို့ကို အခန်းတစ်ခုစီသွင်းပြီး သော့ပိတ်ထားတာချည်းပဲ"

ကျွန်တော် ။ ။ "ဒါထက် တစ်အိမ်လုံး မီးတွေ လင်းထိန်နေအောင် ညတိုင်း ထွန်း ထွန်း ထားတာက ဘယ်လိုအဓိပ္ပာယ်လဲ မြရဲ့"

ရင် ။ ။ "ဒါကလဲ ဖေဖေ့စိမ်ကိန်းပဲ ကိုသောင်းရဲ့၊ တစ်အိမ်လုံး အထက်ထပ်ရော အောက်ထပ်ရော ဘယ်နေရာ တစ်ကွက်ကလေးမှာမှ မှောင်ရိပ် မရှိရအောင် ဓာတ်မီးအိမ်တွေကို အခန်းတိုင်းစေ့အောင် ထွန်းထားတာပဲ၊ အပေါ်ထပ်မှာ ၆ လုံး၊ အောက်ထပ် ၆ လုံး ထွန်းထားပြီး ညတိုင်း ညတိုင်း တံခါး တွေ မင်းတုံးတွေ ကို ဖေဖေကိုယ်တိုင် လိုက်ကြည့်ပြီးမှ အိပ်ရာထဲ ဝင်တော့တာပဲ ကိုသောင်းရဲ့"

ကျွန်တော် ။ ။ "ဒီလိုဆိုလျှင် တထိတ်ထိတ် တလန့်လန့်ထဲမှာ မြ နေ ရ ဘယ်ဖြစ်ပါမလဲ မြရယ်။ ဘယ်လိုပဲရှိရှိ အိမ်ကလူကြီးများကို လွှတ်ပြီး မြကို ဟောင်းခိုင်းချင်တော့တာပဲ၊ မသကာ သဘောမတူဘူးဆိုပြီး မပေးစားဘဲ နေရုံရှိမှာ ပဲ"

ရင် ။ ။ [ထိတ်လန့်သော အမူအရာနှင့်] "မလုပ်ပါလေနဲ့ ကိုသောင်း ရယ်၊ ဒီလိုမျိုးဆိုရင် ဖေဖေက ညကြီးသန်းခေါင်မှာ တစ်အိမ်ထောင်လုံး ပြောင်း သွားရင် ကိုသောင်းတို့ မကြားနိုင် မမြင်နိုင် မတွေ့နိုင်တဲ့ ချောင်ကြီးထဲ သွားနေတော့ မှာ ဒကာန်ပဲ။ ဒီတော့မှ သာပြီး ဆိုးကုန်ကြတော့မယ် ကိုသောင်းရေ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ။ ။ "သူ့မျက်နှာ ကြည့်ရတာ ဒါလောက်ရက်စက်မယ် မထင်ပါဘူး မြရယ်"

ရင် ။ ။ "အောင်မယ်လေး မလုပ်လေနဲ့၊ သူ့စကား နားမထောင်ဘဲ တိတ်တဆိတ်ထွက်သွားပြီး ကိုသောင်းနဲ့ တွေ့တယ် ဆိုတယ် ဆိုတာ သူသိရလျှင် ကျွန်မတို့ မောင်နှမနှစ်ယောက်လုံး သတ်တောင်ပစ်သေးရဲ့၊ ကိုသောင်းက ဘာမှတ်လို့လဲ"

ကျွန်တော် ။ ။ "ဒီလို အနေအထိုင်မျိုး နေလာခဲ့တာ တော်တော်ကြာခဲ့ပြီလား"

ရင် ။ ။ "ကျွန်မတို့ လူမှန်းသိကတည်းက ပါပဲရှင်"

ကျွန်တော် ။ ။ "ဒီလောက်ကြာမှဖြင့် သူစိုးရိမ်လာခဲ့တဲ့ ဘေးအန္တရာယ်ဟာ ပေါ်လာတော့မယ် မထင်ပါဘူး မြရယ်"

ရင် ။ ။ "ဒီလိုမဟုတ်ဘူးတဲ့ ကိုသောင်းရဲ့၊ နှစ်ပရိစ္ဆေဒ ကြာရှည်လာလေလေ၊ ပေါ်လာဖို့ဟာ တစ်နှစ်ထက်တစ်နှစ် သေချာလာလေလေတဲ့၊ ပြောတတ်ပါဘူး ကိုသောင်းရယ်။ မြဖြင့်လေ ဘယ်အရပ်က ဘယ်သူ့လက်ချက်နဲ့ ပေါ်လာမယ့်ဘေးအန္တရာယ်မျိုးမှန်းလဲ မသိရတော့ ကျောထဲက စိမ့်စိမ့်ပြီး တစ်ခါတစ်ခါ တော့လဲ လာမှာဧကန်ဖြင့် မြန်မြန်လာပြီး မြန်မြန်သေလိုက်ရလျှင် ပြီးသွားလိမ့်မယ်လို့ ထင်မိတော့တာပဲ ကိုသောင်းရယ်"

ကျွန်တော် ။ ။ "ဘယ်လို ဘေးရန်မျိုးပဲ လာလာ ဝက်လက်မှာ ပုလိပ်ဌာနလဲ ရှိပါတယ်။ အရေးရှိလျှင် မြင်းနဲ့ပြေးပြီး ခေါ်နိုင်တာပေါ့။ ဒါနဲ့မှ မလုံလောက်ရင် ရွှေဘိုမှာ စစ်တပ်တောင် ရှိပါသေးတယ် မြရယ်။ မင်းမဲ့တိုင်းပြည်မှ မဟုတ်ပဲကဘဲ"

ရင် ။ ။ (ဦးခေါင်းရမ်းလျက်) "ဒီလောက် လွယ်ကူလှမယ်မထင်ဘူး ကိုသောင်းရေ့၊ ဒီလို အားကိုးလို့များဖြစ်လျှင် ကျွန်မတို့ ကိုကိုလဲ ဆံပင်တွေ ဖြူစရာ မဟုတ်ဘူး၊ ကျွန်မတို့ မေမေလဲ တပိန်ပိန် တညှော်ညှော် ဖြစ်နေဖို့ မရှိဘူး၊ မြတစ်ယောက်ပဲ လူချင်း သူချင်း တူနိုင်တော့တယ်။ ဒီဟာ ဘာကြောင့်





သဲဆိုတော့ ကိုကိုနဲ့ မေမေတို့ကတော့ ဘယ်လို ဘေးအန္တရာယ်မျိုး ဆိုတာကို ပုံမိကြဟန် တူတယ်။ မြကိုတော့ သူတို့က လုံးလုံး အသိမပေးဘဲ ဖုံးပြီးထားတယ်။ မို့လျှင် မြလဲ ကိုကို့လို ဆံပင်တွေ ဖြူကုန်ရဦးတော့မှာပဲ"

ကျွန်တော် ။ ။ "မလုပ်ပါနဲ့ မြရယ်၊ မြတော့ ဆံပင်ဖြူတာ ကျုပ်မခံနိုင်ဘူး။ စုန်းသော၊ ကဝေသော၊ ဝိဇ္ဇာသော၊ အမှောင့်ပယောဂသော၊ ဘာကောင်နဲ့ သတ်ရ သတ်ရ၊ မြ ဆံပင်ကလေးတစ်ပင် ဖြူမှာတော့ ကျုပ် မခံနိုင်ဘူး"

မမြရင်က ကျွန်တော်၏ မေတ္တာသဘောကို ကျေနပ်နှစ်သိမ့်သည့် သကေတအားဖြင့် ကျွန်တော်၏လက်ကို ကိုင်ဆုပ်မည်ဟု လက်လှမ်းပြီးမှ တစ်စုံတစ်ရာကို မြင်လိုက်သည့်အဟန်နှင့် လက်ကို ပြန်ရုပ်ကာ မျက်လုံး မျက်ဆန် ပြူးလျက် ကြည့်နေလေ၏။ ကျွန်တော်သည် မမြင်ရင်ကြည့်ရာသို့ လှမ်းကြည့်လိုက်သောအခါ၊ အလွန် ခေါသကြီးလှသဖြင့် နှာခေါင်းပွပွ၊ မျက်လုံးဝိုင်းဝိုင်း ဖြစ်နေသည့် မျက်နှာကြီးတစ်ခုသည် သစ်ပင်နှစ်ပင်အကြားမှ ကျွန်တော်တို့အား စိုက်လျက် ကြည့်နေသည်ကို တွေ့မြင်ရလေ၏။ ထိုသူသည် ကျွန်တော်တို့က သိမြင်ကြောင်း သိရှိသောအခါ၊ ပုန်းကွယ်ရာအရပ်မှ ထွက်လာခဲ့လေရာ၊ ထိုအခါမှ ဦးသိန်းဖြစ်ကြောင်း ကျွန်တော် သိရှိရလေ၏။ ဦးသိန်းသည် ကျွန်တော်တို့ရှိရာသို့ လျှောက်လာစဉ်တွင် ခေါသအမျက် ပြင်းစွာထွက်နေသည်ဖြစ်၍ တုတ်ခိုင်သော မျက်ခုံးများ၏ အောက်မှ မျက်လုံးများသည် တပြောင်ပြောင် တလက်လက် အရောင်ထွက်လျက် ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

ကျွန်တော်တို့နှစ်ယောက်သည် ကြက်သေ သေလျက် ငေးကြည့်နေစဉ် ဦးသိန်းသည် ကျွန်တော်တို့ နှစ်ယောက်အကြားမှ ဝင်ရပ်ကာ အိမ်ဘက်သို့ လက်ညှိုးညွှန်လျက် "ဝင်သွားလိုက် ကောင်မလေး" ဟု အံကြိတ်ကာ အမိန့်ပေးလိုက်ရာ၊ မမြရင်သည် ကျွန်တော့်အား မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် အိမ်ထဲသို့ ကုပ်ကုပ်ကလေး ဝင်သွားရရှာလေ၏။

နောက်တစ်ခဏ၌ ဦးသိန်းသည် ကျွန်တော့်ဘက်သို့ မျက်နှာလှည့်၍ စားတော့ ဝါးတော့မည် မျက်နှာထားမျိုးနှင့် ကြည့်လိုက်လေရာ၊ ကျွန်တော်မှာ နောက်သို့ ခြေတစ်လှမ်းဆုတ်၍ လမ်းလျှောက်တုတ်ကောက်ကိုသာ ဖွဲ့စွဲ့ပါအောင် ဆုပ်ကိုင်ထားရလေ၏။

သိန်း ။ ။(မျက်လုံးပြူး မျက်ဆန်ပြူးနှင့်) "မင်း မင်း မင်း တယ်စော်ကားတဲ့ ကောင်ကလေးပါကလား။ ငါက ဝင်းထရံကြီးလုံအောင် ကာထားတာဟာ မင်းတို့လို တောလေ ဂျပိုးတွေ မဝင်ရအောင်ဆိုတာ မင်း မသိဘူးလား၊မင်းဟာ သေတွင်းက ထွက်လာခဲ့တယ်ဆိုတာ မင်းသိရဲ့လား၊ ငါ ပစ်လိုက်တော့မယ်လို့ စားစားကလေး လိုတော့တယ်၊ မြင်ရဲ့လား သေနတ်" ဟု ပြောလျက် ခြောက်လုံးပြူးသေနတ်ကို ထုတ်၍ ပြလေ၏။

ကျွန်တော် ။ ။ "စိတ်ဆိုးရင်လဲ ခံရတော့မယ် ဦးခင်ဗျာ၊ ပိုင်နက်ကျူးလွန်မိတာ မှန်ပါတယ်။ သို့သော် ကျွန်တော်ဟာ တောလေ ဂျပိုး မဟုတ်ပါဘူး





ခင်ဗျာ၊ လူကြီး လူကောင်း သားသမီး မှန်ပါတယ်။ ဒါထက် ဦးရဲ့ သေနတ်ကြီးဟာ ကျွန်တော့်ဘက်လှည့်ပြီး ချိန်ထားလို့ မတော်ပါဘူး ထင်ပါတယ်၊ ဦးရဲ့လက်က တုန်တုန်ယင်ယင်နဲ့ မတော်တဆ ထွက်သွားမှာ စိုးရပါတယ်။ သေနတ်ကို ပြန်ထည့်မထားလျှင် ကိုယ့်ကိုယ်ကို ကာကွယ်တဲ့သဘောနဲ့ ဦးရဲ့လက်ခေါက်ကို တုတ်နဲ့ ရိုက်ချရပါလိမ့်မယ်"

သိန်း ။ ။(သေနတ်ကို ပြန်သိမ်းထား၍ အနည်းငယ် ပြောင်းလဲလာသော လေသံနှင့်) "ဒါဖြင့် မင်း ဘာလုပ် ငါ့အိမ်ဝင်းထဲ လာရသလဲ၊ မင်းမှာ လုပ်စရာအလုပ် ဘာမှမရှိလို့ သူတစ်ပါးအလုပ်တွေ လျှောက်ကြည့်နေရတာလား၊ ငါ့သမီးနဲ့ မင်းက ဘယ်တုန်းကသိပြီး ဘာတွေများ အောက်အစ်ပြီး မေးနေရတာလဲ၊ မင်းက မတော်တဆ ကံအားလျော်စွာ ရောက်လာတာလား၊ သို့မဟုတ် အချိန်းအချက်ပေးပြီး ဆုံကြတာလား မှန်မှန် ပြောစမ်း"

ထိုအခါ ကျွန်တော့်မှာ ယောက္ခမထံမှ သမီးကို တောင်းရသောတုံးစံမျိုးရှိသော်လည်း လူကြီးများကို စေလွှတ်ခဲ့သော် လက်ခံတွေ့ဆုံလိမ့်မည်ဟူ၍ပင် အမှန် မပြောနိုင်သောကြောင့် ဖြစ်လိုရာဖြစ်စေ ယခု အခွင့်သာနေသည်ကို လက်လွှတ်စေလိုသော သဘောနှင့် "မှန်ပါတယ် ဦးခင်ဗျာ၊ ကံအားလျော်စွာ ဆုံမိကြခြင်း မဟုတ်ပါ၊ တမင်ချိန်းပြီး တွေ့ရခြင်း ဖြစ်ပါတယ်။ ဦးရဲ့သမီး မမြရင်နဲ့ ကျွန်တော်ဟာ မေတ္တာမျှပြီး ဖြစ်သောကြောင့် ကျွန်တော်က လူကြီးမိဘများ စေလွှတ်ဖို့ ကြံရွယ်နေဆဲ ဖြစ်ပါတယ်"

ထိုအခါ ဦးသိန်းသည် တိုး၍ အမျက်ထွက်လာလိမ့်မည်ဟု ကျွန်တော် အင်မှတ်သည့်အတိုင်း မဖြစ်လာဘဲ တီးတိုးရယ်မောကာ ကျွန်တော့်မျက်နှာကို စေ့စေ့ ကြည့်လျက်

သိန်း ။ ။ "ပခုက္ကူမှာတုန်းက ဘူလီဆိုတဲ့ သဘော်ခွေးလေးတစ်ကောင် မွေးတာ တစ်နေ့သော်လဲ မြွေတစ်ကောင် ချီလာ၊ တစ်နေ့သော်လဲ မြွေတစ်ကောင် ကိုက်လာ၊ ကြည့်လိုက်တော့ မြက်ရှောချည်း ဟာကိုး။ တစ်နေ့သ၌တော့ ဂိန်ခနဲ အော်သံကြားလိုက်လို့ လိုက်ကြည့်ကြတော့၊ လား လား ၊မြွေဟောက်က ဘူလီကို



www.burmeseclassic.com

www.burmeseclassic.com



နာနပေါက်သတ်ထားတာကို၊ ဘူလီ ကိစ္စတုန်းရှာလေရော၊ ဒါကြောင့်မို့ မောင်လဲပဲ သတိမထားလျှင် မြွေဟောက်နဲ့ တွေ့မယ်နော်။ ကျုပ် ဒါပဲ ပြောတတ်တယ်"

ကျွန်တော် ။ ။ "ဦးက မမြရင်ကို မြွေဟောက်လို့ ဆိုချင်တာလား ခင်ဗျာ"

သိန်း ။ ။ "မြရင်က အဆိပ်ရှိလို့ မဟုတ်ပါဘူး၊ သို့သော်လဲ ကျုပ်တို့ အိမ်သူအိမ်သားများဟာက တော်တော့ လူငယ်များ ဆက်ဆံဖို့ အပုံကြီး ခဲယဉ်းတယ်၊ တော်တော်ကြာ သူတို့ ဒုက္ခ တွေ့ကြရမှာပဲ"

ကျွန်တော် ။ ။ "ကျွန်တော်ဟာ သာမန်လူငယ်တစ်ယောက်လဲ မဟုတ်ပါဘူး ဦးရယ်၊ မမြရင်အတွက်ဆိုရင် ဘယ်လိုဒုက္ခမျိုးမဆို ကျွန်တော် ခံဝံ့ပါတယ်၊ စမ်းကြည့်ပါတော့ခင်ဗျာ"

သိန်း ။ ။ (ကြင်နာခြင်း မကင်းသော လေသံနှင့်) "ဩော် မောင်သောင်းညွန့်၊ မောင်သောင်းညွန့်၊ ဘယ်လိုဘေးအန္တရာယ်မျိုး ဆိုတာကို မသိသေးလို့ မောင်ပြောနေတာပဲ၊ ကျုပ်ပြောလိုက်မယ်၊ ကျုပ်တို့ တစ်အိမ်သားလုံးဟာ ကျိန်စာသင့်ထားတဲ့ လူစုတွေဖြစ်လေတော့ မောင်နဲ့ ကျုပ်တို့နဲ့ ဆက်ဆံလျှင် ဘေးတွေ့ရမယ် မချွတ်ဧကန်ဖြစ်တယ်၊ ဒါကြောင့် ရှောင်ပါလေ၊ ရှားပါလေ မောင်သောင်းညွန့်"

ကျွန်တော် ။ ။ " ကျွန်တော်က မကြောက်၊ စွန့်ချင်လျှင်ကော ဦးရယ်"

သိန်း ။ ။ "ကျုပ်တို့အပူကို သူတစ်ပါးကပ်တာ ကျုပ် ခွင့်မပြုနိုင်ဘူး"

ကျွန်တော် ။ ။ "ဒါတော့ မတရားဘူး ထင်ပါတယ် ဦးရယ်။ ဘေးရန်မကင်းကြောင်းကို ဦးက ပြောပြလို့ ကျွန်တော်သိပြီးတဲ့နောက် ကျွန်တော် စွန့်စားချင်လို့ရှိလျှင် ဦးတာဝန် ကုန်ရောပေါ့။ ကျွန်တော့်ဖိုက်နဲ့ ကျွန်တော့်ကံ ကျွန်တော် စွန့်ခွင့်ရထိုက်တာပေါ့ ဦးရယ်။ မမြရင်အတွက်ဆိုလျှင် ကျွန်တော်က ဒီတစ်သက်တွင် မကဘူး၊ ဆယ်သက် ဆယ်ပြန် သေသော်လဲ စွန့်စားဖို့ အသင့်ရှိပါတယ် ဦးရယ်။ အခွင့်ပြုတော်မူပါ"

သိန်း ။ ။ (တိုး၍ ကြင်နာဟန်နှင့် အနည်းငယ် ပြုံးလျက်) "လူကလေး





ကတော့ဖြင့် သတ္တိကောင်းကလေးနဲ့ တူရဲ့။ သို့သော် ဘယ်လိုဘေးအန္တရာယ်မျိုးလဲဆိုတာ မသိရသေးခင်တော့ လူစွမ်း ကောင်းနိုင်ကြတာပေါ့လေ"

ကျွန်တော် ။ ။ "ဒီလိုဆိုလျှင် ဖွင့်ပြောပြီး ကြည့်စမ်းပါလား ဦးခင်ဗျာ"

ထိုအခါ ဦးသိန်းသည် ရုတ်တရက် မဆုံးဖြတ်နိုင်သေးသည့် အမူအရာနှင့် တွေဝေကာ စဉ်းစားစိတ်ကူးရင်း "ဗလကလေးကလဲ ကောင်း၊ သတ္တိကလေးကလဲ ကောင်းသနဲ့၊ တော်တော်တော့ အသုံးကြမည့် သူငယ်နဲ့ တူတယ်" ဟု တိုးတိုးရေရွတ် ပြောဆိုနေသေး၏။ နောက်ဆုံးတွင်မှ

သိန်း ။ ။ "ဒီလိုလေ မောင်သောင်းညွန့်၊ ကျုပ် အလျှင်စလိုပြောမိတဲ့ စကားအတွက် စွဲမယူနဲ့နော်။ ဖြစ်ထိုက်လျှင်လဲ အချိန်တန်တော့ ဖြစ်ကြရတာပေါ့၊ သို့သော် ဒီအတောအတွင်းမှာ ကျုပ်အိမ်ကို လူတစ်စုက အလုံးအရင်းနဲ့ တိုက်ကြလိမ့်မယ်လို့ ကျုပ်သိရှိတယ်။ တကယ့်တကယ် အရေးဆိုလျှင် မောင့်ကို ကျုပ်တို့ အားထားနိုင်ရဲ့လား"

ကျွန်တော် ။ ။ "တတ်နိုင်သမျှ ကူညီ စောင့်ရှောက်ပါ့မယ် ခင်ဗျား၊ စိတ်ချပါတော့"

သိန်း ။ ။ "ကျုပ်တို့ဆီက လာခဲ့ပါလို့ သတင်းပို့လိုက်လို့ရှိရင် ဘယ်အခါမဆို အချိန်မရွေး ချက်ချင်း လာခဲ့ပါ့မယ်လို့ ကတိထားနိုင်ပါ့မလား"

ကျွန်တော် ။ ။ "ကျွန်တော် လာခဲ့ပါမယ်ဗျာ။ သန်းခေါင်ကျော် လင်းအားကြီးအချိန် ဖြစ်ပါစေ၊ခေါ်လိုက်လျှင် ကျွန်တော် ချက်ချင်း ပြေးလာခဲ့ပါမယ်။ သို့သော် ဘယ်လို ဘေးအန္တရာယ်မျိုးဆိုတာ တဆိတ်လောက် သိပါရစေလား ဦး ခင်ဗျား"

သိန်း ။ ။ "မောင် သိရလို့ အကျိုးရှိမှာ မဟုတ်ပါဘူး၊ တကယ်ဆိုတော့ ကျုပ်ပြောပြလို့တောင် မောင်နားလည်မှာ မဟုတ်ဘူး။ ကိုင်း ကိုင်း ပြန်ပေဦးတော့၊ ကျုပ်မှာ အလုပ်ကလေး ရှိသေးတယ်။ ဒါထက် မောင့်ကတိကို မမေ့နဲ့နော်"

ကျွန်တော်။ ။ "ကျွန်တော် ဒီလိုလူ မဟုတ်ပါဘူး ဦးရဲ့။ သို့သော် ဘစ်ခုတော့ ကျွန်တော် တောင်းပန်ပါရစေ။ ကျွန်တော်နဲ့ တွေ့မိဆုံမိ စကားပြောမိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် မမြရင်အပေါ်မှာတော့ စိတ်မဆိုးပါနဲ့ ခင်ဗျာ၊ သူ့အပြစ် မဟုတ်ပါဘူး၊ ကျွန်တော့်အပြစ် လုံးလုံးဖြစ်ပါတယ်”

သိန်း ။ ။ “ကောင်းပါပြီလေ။ သို့သော် မြရင်နဲ့ ကိစ္စဟာတော့ တယ်ပြီး အလျှင်စလို သဘောမထားကြနဲ့ ဦးနော်။ အကြောင်းညီညွတ်လျှင် ထမြောက်ကြဖို့ပေါ့။ ကိုင်း ကိုင်း၊ ပြန်ပေဦးတော့ မောင်သောင်းညွန့်”

ကျွန်တော်သည် အိမ်သို့ လမ်းလျှောက်ပြန်လာစဉ် ဦးသိန်းနှင့် တွေ့ဆုံစကားပြောခဲ့ရသည့် အခြင်းအရာ အကြောင်းကို ပြန်ပြောင်း တွေးတောလာခဲ့၏။ ဦးသိန်းသည် ကျွန်တော့်အား သေနတ်နှင့် ချိန်ရွယ်ခဲ့ဖူးသော အဖြစ်မှသည်၊ သမီး မမြရင်နှင့် သဘောတူကောင်း တူမည်ဆိုသော မျှော်လင့်ချက်မျိုးပေးသည့် အဖြစ်မျိုးသို့တိုင် ပြောင်းလဲ ရောက်လာခဲ့သည် ဖြစ်သောကြောင့်၊ ကျွန်တော့်အဖို့ အားတက်ဖွယ်ရာကြီးတစ်ခု ဖြစ်ချေတော့၏။ ကျွန်တော်နှင့် မမြရင်တို့မှာ ရှေးယခင်ကကဲ့သို့ ရံဖန်ရံခါ တွေ့ဆုံခွင့် ရတော့မည် မဟုတ်ဘဲ၊ ကျပ်တည်းစွာ ထိန်းသိမ်းအုပ်ချုပ် ထားတော့မည်ကား မုန်၏။ သို့သော် အကြောင်းညီညွတ်လျှင် ပေးစားပါမည်ဆိုသော ကတိထားချက်တစ်ခု ရရှိခဲ့သောကြောင့် ကျွန်တော်တို့၏ အခြေအနေမှာ ဦးသိန်းနှင့် မတွေ့ရမီကထက် တိုးတက် ကောင်းမွန်လာသည်ကား ယုံမှားဖွယ်ရာ မရှိဟု ကျွန်တော် ယူဆခဲ့၏။

သို့သော် ဦးသိန်းတို့ အိမ်သူအိမ်သားများအပေါ်သို့ ဆိုက်ရောက်အံ့ဟု ချိန်ရွယ်လျက်ရှိသော ဘေးအန္တရာယ်မှာ မည်သို့သော ဘေးအန္တရာယ်မျိုး ဖြစ်သည်ဟု တွေးဆ,ရန် ကိစ္စမှုကား၊ ယခင်က အတိုင်းပင် မရှင်းမလင်း ရှိနေ၍ အနည်းငယ်မျှ ပိုမိုကျေနပ်အောင် ခန့်မှန်းရန် မတတ်နိုင်ခဲ့ချေ။

သားအဖ နှစ်ယောက်လုံးက ပြောဖူးသော စကားတစ်လုံးမှုကား သဲလွန်စသဖွယ် ရှိနေ၏။ ၎င်းတို့ နှစ်ယောက်လုံးက အကယ်၍ ကျွန်တော့်အား ထုတ်ဖော်ဖွင့်ဟ ပြောဆိုစေကာမူလည်း၊ ကျွန်တော် နားလည်နိုင်မည် မဟုတ်ဟု ပြောကြ၏။ လူတို့ နားမလည်နိုင်သော ဘေးအန္တရာယ်မျိုး ဆိုသည်မှာ၊ အလွန်တရာ ထူးဆန်း၍ တုန်လှုပ်ချောက်ချားဖွယ် ဖြစ်ရမည်ဟု ကျွန်တော် စဉ်းစားမိ၏။





မည်သို့ပင်ဖြစ်စေ မည်သည့် ဘေးအန္တရာယ်မျိုးနှင့် ကျွန်တော်ကိုယ်တိုင် ရင်ဆိုင်တွေ့ဆုံရသည် ဖြစ်စေ၊ ကျွန်တော့်မှာ မမြရင်အပေါ်၌ ချစ်ကြိုက်ခဲ့သော မေတ္တာစိတ်ကို ထောက်ထားခြင်းအားဖြင့် တွန့်ဆုတ် တိမ်းရှောင်၊ သွေဖီ ကွင်းဖယ်ခြင်း မပြုတော့ဟူ၍ စိတ်နှလုံးကို ဒုန်းဒုန်းကြီး ချခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

နောက်တစ်နေ့သည်ကား တပေါင်းလဆန်း ၆ ရက် ရှိပြီဖြစ်၍ မမြရင်ပြောဖူးသည့် လပြည့်နေ့တိုင် ရောက်ဖို့မှာ ၉ ရက် မျှသာ လိုပေတော့၏။ သို့ဖြစ်သောကြောင့် နောက် ၉ ရက် အတောအတွင်း ဦးသိန်းတို့အိမ်၌ တစ်စုံတစ်ခု မဖြစ်ခဲ့လျှင် ထိုနှစ်အတွက် စိတ်ချရပြီ ဖြစ်သောကြောင့် ကျွန်တော်မှာ မမြရင်နှင့် အကြောင်း ဆက်ဖို့ ကိစ္စကို တိုက်တွန်းပူဆာ နိုင်တော့မည်ဖြစ်သဖြင့်၊ ထင်သလောက် အချိန် ကြာလှမ်းလှမည် မဟုတ်ဟု အားတက်ခဲ့မိ၏။

သို့ဖြစ်ရာကား၊ ကျွန်တော်သည် အိပ်ရာမှ နိုးကတည်းက မျက်နှာထား ရွှင်ရွှင်နှင့် တေးချင်းတအေးအေး ရှိနေရာ၊ နှမ မတင်ကြည်၏ ညှိုးငယ်သော မျက်နှာကို မြင်လိုက်ရသောအခါမှ ၎င်းတို့၏ အဖြစ်အပျက်ကို သတိ ရှိမိတော့၏။ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း၊ ကျွန်တော်တို့ မောင်နှမမှာ မမြရင်တို့ မောင်နှမနှင့် ချစ်ကြိုက်လျက်ရှိကြရာ၊ မမြရင်တို့ မောင်နှမ အတန်ကြာအောင် မပေါ်လာသည့် အတောအတွင်း ကျွန်တော်မှာ မမြရင်နှင့် ရံဖန်ရံခါ တွေ့ဆုံ စကားပြောခွင့် ရခဲ့သော်လည်း မတင်ကြည်မှာမူ ကျွန်တော်ကဲ့သို့ အခွင့်မသာခဲ့ချေ။ သို့ဖြစ်၍ တွေ့ဆုံခဲ့ရသည့် အခါများတွင် မတင်ကြည်အား ၎င်းတို့မောင်နှမ မာကြောင်း သာကြောင်း မျှလောက်ကိုသာ ပြောပြ၏။အလွန် အကျွမ်းတဝင် နေထိုင်လာခဲ့ကြသော မောင်နှမ ဖြစ်စေကာမူ၊ ကျွန်တော်တို့ မြန်မာတိုင်းစံမှာ ယောက်ဖ,လောင်းနှင့် နှမအကြားတွင် စကားအောင်သွယ်ရိုး မရှိသောကြောင့်၊





ပြောသူကလည်း မပြောဝံ့၊ မေးသူကလည်း မမေးဝံ့ချေ။ မတင်ကြည်သည် ကျွန် တော်၏မျက်နှာ ရွှင်ရွှင်ပျပျ ရှိနေခြင်းကို မြင်ရခြင်းအားဖြင့် အရေးလှသည်ဟု အကဲခတ်ရရှာ၏။ ကျွန်တော့်အဖို့ အရေးလှခဲ့လျှင် သူ့အဖို့လည်း မျှော်လင့်ချက် ရှိသည်ဟု အားတက်ရရှာတော့၏။ ကျွန်တော်ကလည်း အဖြစ်အပျက်ကို အစုံ အလင် မပြောပြဘဲ အစစ အရာရာတွင် ရှေးယခင်ကထက် မျှော်လင့်ချက်ရှိသည် ဟူ၍သာ အတိုချုပ်အားဖြင့် ပြောပြရလေတော့၏။ ကျွန်တော်၏ စိတ်ထဲ၌ကား ဦးသိန်းသည် ကျွန်တော်နှင့် မမြရင်တို့ကို သဘောတူခဲ့လျှင် မတင်ကြည်နှင့် ကိုဘသင်တို့ကိုလည်း ကန့်ကွက်လိမ့်မည် မဟုတ်ဟု တွေးဆ,မိ၏။

ထိုနေ့၌ ကျွန်တော်တို့မောင်နှမ စကားပြောနေကြစဉ်၊ ကိုဘသင်နှင့် မမြရင်တို့ မောင်နှမ ဆိုက်ရောက်လာကြရာ ကျွန်တော်တို့မှာ အံ့သြခြင်းနှင့် ဝမ်းသာခြင်းတို့ မည်သည်က ကဲလွန်သည်ဟု မပြောတတ်နိုင်အောင် အူယား ဖားယား ခရီးဦးကြို ပြုကြ၏။ နှုတ်ခွန်းဆက်သ ပြီးကြသောအခါ ကိုဘသင်က ယခင် ဦးသိန်းနှင့် တိုင်ပင်ကြသည့် အခြင်းအရာ အကြောင်းကို ကျွန်တော်တို့အား ရှင်းလင်းပြောပြ၏။ ဖြစ်ပျက်ပုံမှာ ဦးသိန်းသည် ယမန်နေ့က ကျွန်တော်နှင့် တွေ့ပြီးသည့်နောက်၊ ကိုဘသင်ကို ခေါ်၍ မမြရင်နှင့် ကျွန်တော်တို့အကြောင်းကို စုံစမ်း မေးမြန်းလေရာ၊ ကိုဘသင်က 'တစ်ချက်ခုတ် နှစ်ချက်ပြတ်' ဟူသော သဘောမျိုးနှင့် နှမအကြောင်းသာလျှင်မက၊ ၎င်းနှင့် မတင်ကြည်တို့ အကြောင်း ကိုပါ ထည့်သွင်းပြောပြလိုက်၏။ ဦးသိန်းသည် မိမိ အခွင့်မရှိဘဲ တိတ်တဆိတ် ...မှ ထွက်ခွာလည်ပတ်ကြခြင်းကို ပြင်းစွာ အမျက်ထွက်သော်လည်း စိတ်ကို ချုပ်တည်း၍ မည်သို့မျှ အဖြေမပေးဘဲ ဆိတ်ဆိတ်သာ နေသည်ဆို၏။ နောက် ...နေ့၌မူ ကျပ်တည်းကျဉ်းမြောင်းစွာ နေထိုင်လာခဲ့ရသော သားသမီးများကို ...ကာသက်ဟန် လက္ခဏာနှင့် ကိုဘသင်တို့ မောင်နှမအား ကျွန်တော်တို့ မောင်နှမကို လက်ဖက်ရည်သောက် ဖိတ်ခေါ်ခဲ့ရန် စေလွှတ်လိုက်ခြင်း ဖြစ်သည်ဟု ...။

သို့ဖြစ်၍ ကျွန်တော်တို့ မောင်နှမသည် ဝမ်းသာအားရနှင့် အတူလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေရာ၊ ဦးသိန်းတို့ လင်မယားသည် ကျွန်တော်တို့အား လောကဝတ် ပျူငှာ ညှေ့ခံကျွေးမွေး ပြုစုကြပါပေ၏။ အဘိုးကြီးနှင့် အဘွားကြီး နှစ်ယောက်လုံး ကပင် ကျွန်တော်တို့ မောင်နှမအား နှစ်သိမ့်ကျေနပ်သည့် လက္ခဏာနှင့် ကျွန်တော် တို့၏ အနွယ်အဆက်များအကြောင်းကို ထောက်လှမ်း မေးမြန်းကြ၏။ ကျွန်တော် တို့၏ ဖခင်သည် လည်းကောင်း၊ ကွယ်လွန်သူ မိခင်သည် လည်းကောင်း ဤနယ် တစ်ဝိုက်တွင် 'ဆွေကြီး မျိုးကြီး' များ ဖြစ်ကြသောကြောင့် ကျွန်တော်တို့အကြောင်း ကို ကြားသိကြရသောအခါ တိုး၍ ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်ကြသည့် လက္ခဏာ ရှိကြ၏။

အထူးတလည် ချက်ပြုတ်စီမံထားသော မုန့်ဟင်းခါး (မုန့်တီ) ကို စားသောက်ကြပြီးနောက်၊ မတင်ကြည်သည် မမြရင်တို့ သားအမိနှင့် စကား လက်ဆုံ ဝင်လျက်ရှိစဉ်၊ ဦးသိန်းသည် ကျွန်တော့်အား ဦးခေါင်းညိတ်ကာ ခေါ် သွားသဖြင့် ကျွန်တော်လည်း ထ၍ လိုက်သွားလေ၏။

ပုရပိုက်များ၊ ပေစာများဖြင့် ပြည့်နှက်လျက်ရှိသော အခန်းတစ်ခန်းသို့ ရောက်ကြသောအခါ၊ ဦးသိန်းသည် ပက်လက်ကုလားထိုင်တစ်လုံးတွင် ထိုင်၍ ကျွန်တော့်အားလည်း အခြားကုလားထိုင်တစ်လုံးတွင် ထိုင်စေပြီးမှ လော လောကဓာတ်ရာနှင့်ဆိုင်ရာ ဗဟုသုတများအကြောင်းကို ဆွေးနွေးတီးခေါက် စုံစမ်း ကြည့်ရှု၏။ ၎င်းနောက် လောကဓာတ်ပညာအကြောင်းကို စမ်းသပ်မေးမြန်းပြီး နောက် လက္ခဏာဖတ်ကျမ်း၊ ဗေဒင်ကျမ်း စသည်တို့ကို ယုံကြည်ခြင်း ရှိပါသလော ဟု မေးမြန်း၏။ ကျွန်တော်မှာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ တစ်ယော ဖြစ်၍ မြတ်စွာဘုရားအလောင်းတော်အား လက္ခဏာဖတ်ခြင်းများ အကြောင်း ဗုဒ္ဓဝင်ကျမ်းများတွင် ဖတ်ရှုရဖူးသဖြင့် ယုံကြည်ပါသည်ဟု ဝန်ခံရသော်လည် ဗေဒင်ဆိုသည်ကိုမူကား အယုံအကြည် နည်းပါးကြောင်းနှင့် ပြန်ပြောလေ၏။

ဦးသိန်းသည် ဆေးပြင်းလိပ်ကြီးကို ခဲရင်း၊ ကျွန်တော်၏ မျက်နှာ အကဲခတ် နားထောင်နေပြီးနောက်

သိန်း ။ ။ "မယုံကြည်ပုံကို အကိုးအကား ကြားပါရစေဦး မောင်"





ကျွန်တော် ။ ။ "ကျွန်တော် ကြားဖူးတာတော့ မှန်လှပါတယ်ဆိုတဲ့ ဗေဒင်ဟာ ဂြိုဟ် အစီးအနင်းကိုကြည့်ပြီး ဟောတယ်ဆိုတာကိုး ဦးရဲ့။ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကြီးပွားမှု၊ ဆုတ်ယုတ်မှု ဆိုတာဟာ ၎င်းပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ အလျောက် ဖြစ်ရတယ်လို့ ကျွန်တော် ယုံကြည်တာကိုး ဦးရဲ့။ ဒါကြောင့် ဒီလူကို အထက်ကောင်းကင်မှ ဂြိုဟ်အသွားအလာ စသည်တို့က ကောင်းကျိုးပေးနိုင်တယ်၊ ဆိုးကျိုးပေးနိုင်တယ်လို့ ယုံကြည်ရမယ်ဆိုလျှင် ပြုခဲ့တဲ့ ကံတွေကို လွှင့်ပစ်လိုက်ရ ရှိတော့တာပေါ့ ဦးရဲ့။ ဒီလိုဆိုရင် ကောင်းမှုကုသိုလ်တွေ ပြုနေဖို့မလိုတော့ဘဲ၊ ဂြိုဟ်စာကျွေးနေကြဖို့အလုပ် ရှိတော့သလို ဖြစ်မနေဘူးလား ဦးရယ်"

သိန်း ။ ။ "ဒီလို ဟုတ်ပါရိုးလား မောင်ရယ်။ ဂြိုဟ်က ကျုပ်တို့ကို ကောင်းကျိုးချမ်းသာ ပေးနိုင်သည်မဟုတ်၊ လူတစ်ယောက် မွေးဖွားစက နက္ခတ် သည် ထိုလူနှင့် တစ်နည်းနည်း ဆက်သွယ်လျက်ရှိသောကြောင့် နက္ခတ်အသွား အလာကိုလိုက်၍ ထိုလူမှာ ချမ်းသာခြင်း ဆင်းရဲခြင်း ဖြစ်ရမယ်ဆိုတယ်။ စင်စစ်မှာ တော့ သူ့ကို ကောင်းကျိုးပေးနိုင်တာက သူ့ကံက ပါပဲ။ သို့သော် နက္ခတ်ကို ကြည့် ခြင်း အားဖြင့် ထိုလူ၏ ကံအစွမ်းအစကို သိမြင်နိုင်တယ်လို့ ဆိုလိုခြင်း ဖြစ်တယ်"

ကျွန်တော် ။ ။ "လူတစ်ယောက်၏ ကံနဲ့၊ နက္ခတ်နဲ့ ဘယ်ပုံဆက်သွယ် ခြင်း ရှိနိုင်ပါသလဲ ဦးခင်ဗျား"

သိန်း ။ ။ "စကြဝဠာမင်း ပေါ်မယ်ဆိုလျှင် စကြာရတနာ ဆိုက်ရတယ် လို့ ကျမ်းမှာ တွေ့ဖူးတယ် မဟုတ်လား"

ကျွန်တော် ။ ။ "တွေ့ဖူးပါတယ် ဦးရယ်"

သိန်း ။ ။ "ကောင်းပြီ၊ ဒီစကြာရတနာကို ဘယ်သူက စေလွှတ်လိုက် တယ် ဆိုမလဲ၊ စကြဝဠာမင်း ပေါ်ထွန်းခြင်းနဲ့ စကြာရတနာ ဆိုက်ရောက်ခြင်း ဟာ ဘယ်နည်းနဲ့ ဆက်သွယ်ခြင်းရှိတယ် ဆိုမလဲ၊ လောကဓာတ်ပညာသမား များကတော့ ဆက်သွယ်ခြင်း ရှာမရလျှင် မယုံကြည်ဘူးလို့ ဆိုကြသော်လဲ၊ ဆက် သွယ်ခြင်း ရှာမတွေ့ဘဲနဲ့ အမှန်ဖြစ်ပျက်နေတဲ့ အခြင်းအရာတွေ များစွာရှိတယ် ခြင်းစစ်မှာတော့ တစ်နည်းနည်းနဲ့ ဆက်သွယ်ခြင်း ရှိမှာပေါ့လေ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လူတို့ပညာ နဲ့ မမြင်နိုင်၊ ဆက်စပ်လို့ မရနိုင်သေးလို့သာကိုး။ တကယ့် တကယ် ပညာထွန်းကား တိုးတက်လာတဲ့ တစ်နေ့ကျလျှင် ယခု မမြင်သေးတဲ့ အဆက်တွေကို ထိုအခါတိုင်တော့ မြင်ကြဦးမှာပေါ့"

ငင်းနောက် ဦးသိန်းသည် ကျွန်တော်၏ ခုနှစ် သက္ကရာဇ်တို့ကို မေးမြန်း၍ ကျောက်သင်ပုန်း တစ်ချပ်ပေါ်တွင် ရေးမှတ်ပြီး အလွန်ထူးဆန်းလှသော ကြေးနီ ပုရပိုက်တစ်ဆူကို မီးခံသေတ္တာမှ ထုတ်ယူ၍ အနည်းငယ် လှန်လှောကြည့်ရှုပြီးနောက် ကျောက်သင်ပုန်းတွင် အနည်းငယ် ခြစ်မှတ် တွက်ချက်လေ၏။ ထိုနောက် သင်ပုန်းကို ချထား၍

သိန်း ။ ။ "၇ နှစ်သားအရွယ်က ရေတစ်ကြိမ် နစ်ဖူးတယ်၊ ဆွေမျိုးသားချင်းထဲက ဆယ်ခဲ့တယ်၊ နောက်တစ်နှစ် သစ်ပင်ပေါ်က ကျပြန်တယ်။ သို့သော် ကောက်ရိုးပုံပေါ်ကျလို့ ကိစ္စမရှိပါဘူး။ ၁၀ တန်းမှာ စာမေးပွဲတစ်ကြိမ် ကျရှုံးဖူးတယ်။ ၁၈ နှစ်သားတုန်းက ကျောင်းသူကလေးတစ်ယောက်နဲ့"

ကျွန်တော် ။ ။ (မျက်နှာပူလျက်) "ကလေးချင်းဘဝပါ ဦးရယ်။ ထိထိရောက်ရောက် မဟုတ်ကြပါဘူး"

သိန်း ။ ။ "မှန်ပါတယ်။ ယခုတော့ သူငယ်မက အိမ်ထောင်ကျသွားပါပြီ"

ကျွန်တော်မှာ ဦးသိန်းပြောသမျှသည် တစ်ခုမကျန် မှန်နေသောကြောင့် အံ့သြစွာနှင့် ငေးကြည့်နေမိသေး၏။ ထိုနောက်

ကျွန်တော် ။ ။ "နောက်ကြောင်းတော့ ဟုတ်ပါပြီ။ ရှေ့အဖို့ အကြောင်းအရာကို သိပါရစေလား ဦးခင်ဗျာ"

သိန်း ။ ။ "ရှေ့အဖို့လည်း မညံ့ပါဘူး၊ သို့သော် ကျုပ်က ရှေ့အဖို့ တယ်ပြီး မဟောချင်ဘူး၊ ဟောလိုက်လျှင် ကောင်းပြန်လျှင်လည်း အားမထုတ်ချင်ဘဲ လူပျင်းတစ်ယောက် ဖြစ်သွားရော၊ ဆိုးပြန်လျှင်လည်း စိတ်နှလုံးပူပန်ပြီး အပိုသက်သက် ဆင်းရဲဒုက္ခ ရောက်ရပြန်ရော။ ဒါကြောင့် ကျုပ်အကြောင်းကိုတောင် ကျုပ် တွက်မကြည့်ဘူး။ နောင်ရေးအတွက် မေးချင်လျှင် တစ်ကိုယ်တည်း





အတွက် မမေးနဲ့၊ တစ်တိုင်းပြည်လုံးအတွက်၊ သာသနာတော်ကြီးအတွက် မေးကြည့်နိုင်တယ်"

ကျွန်တော် ။ ။ "မြန်မာပြည်အတွက် ရှေ့အဖို့ ဘယ်လိုလဲ ဦးရယ်"

သိန်း ။ ။ (တွက်ချက်ကြည့်ရှုပြီးနောက်) "မင်းပြောင်းမင်းလဲ ဖြစ်ပေါ်ဦးမှာတော့ ကေန်ပဲ၊ ပြောင်းလဲလျှင် ထုံးစံအတိုင်း အကောင်းနဲ့ အဆိုးဟာတော့ တွဲလျက်သား ရှိနေဦးမှာပဲ၊ သို့သော် အကောင်းဖက်က များလိမ့်မယ်လို့ ဆိုရမယ်။ မင်းသစ်က အတိုင်အတောလည်း ခံလှမယ် မဟုတ်ဘူး။သူ ပေးထားသမျှနဲ့ ကျေနပ်ကြရလိမ့်မယ်။ သို့သော် ယခုထက်တော့ ခပ်များများကလေး ပေးတတ်ပါတယ်။ ပိုချင်ယူ မလိုချင်ထားခဲ့ဆိုတဲ့ သဘောမျိုးပဲ၊တစ်ခု အားကိုးစရာ တစ်ချက်ကတော့ ယခု လက်ထက်မှာလို တောင်သူတွေ သိပ်ပြီး မဆင်းရဲကြပေဘူး၊ အလုပ်အကိုင်များလဲ ပေါပါလိမ့်မယ်။စက်မှုလက်မှု ပညာများလဲ တိုးတက်ဖို့လမ်း ရှိတယ်။ လူတစ်မျိုးက တစ်မျိုးကို မျိုမသွားလျှင် ယခုထက်တော့ အသက်မွေး ချောင်ချိကြဖို့ ရှိပါတယ်"

ကျွန်တော် ။ ။ "ကိုယ့်မင်းကိုယ့်ချင်း အဖြစ်မျိုးကော ဦးရယ်"

သိန်း ။ ။ "ကျုပ်တို့လို တိုင်းပြည်ငယ်ကလေးမျိုးဟာက ယခုခေတ်မျိုးမှာ တသီးပုဂ္ဂလနေကြလို့ ဖြစ်နိုင်တဲ့ခေတ် မဟုတ်ပါဘူး မောင်ရယ်၊ အိပ်မက်လောက်ပဲ ရှိကြမှာပေါ့။ အာရှတိုက် ပြည်ထောင်စုကြီး ဆိုတာမျိုး တည်ထောင်ပြီးမှာမှ ကိုယ့်မင်းကိုယ့်ချင်း အဖြစ်မျိုး လှမ်းနိုင်ကြမှာပါ။ သို့သော် ကျုပ်ဗေဒင်ကိန်းအရတော့ ရှေ့နှစ်ပေါင်း ၁၀၀ အတွင်း မမြင်သေးပါဘူး"

ကျွန်တော် ။ ။ "အရပ်ရပ် ပေါင်းချုပ်ကြည့်လိုက်လျှင် မင်းသစ်ပြောင်းလဲခြင်းဟာ ကောင်းတယ်မဟုတ်လား ဦးရဲ့"

သိန်း ။ ။ "သေကြေပျက်စီး ဆုံးရှုံးကြရတာတွေကို ထည့်မတွက်လျှင် ကောင်းတယ်လို့ ဆိုရပေမယ်၊ အချုပ်မှာတော့ တိုင်းသူပြည်သားများရဲ့ နိုးကြားကြိုးပမ်းမှုအပေါ်မှာ တည်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ။ ။ "ဗေဒင် မှန်ခဲ့လို့ရှိလျှင် နိုးကြားသည်ဖြစ်စေ၊ မနိုးကြားသည်ဖြစ်စေ ဒီလိုဖြစ်ရမယ်ဆိုလျှင် ဖြစ်နိုင်မယ် မဟုတ်ဘူးလား ဦးရဲ့"

သိန်း ။ ။ "ဟာ ဒီလို ဘာဟုတ်မလဲ၊ လူတစ်ယောက်မှာ ဖြစ်စေ၊ လူတစ်မျိုးလုံးမှာ ဖြစ်စေ ရှောင်လွှဲနိုင်တဲ့ ကံမျိုးရှိတယ်၊ မရှောင်လွှဲနိုင်တဲ့ ကံမျိုးရှိတယ်၊ ဥပမာ ဓေဝဒတ် မြေမျိုမယ်ဆိုတော့ ဘုရားတောင်လဲ ရှောင်လွှဲ မပေးနိုင်ဘူး။ မောင်တို့ ကျုပ်တို့မှာလဲ သူ့တစ်ပါးလက်နက်နဲ့ သေရမယ့်ကံ ပါတဲ့လူဟာ ဘယ့်နှယ်မဆို ဒီနည်းနဲ့ သေရမှာပဲ၊ သို့သော် ခလုတ်တိုက်မှု ခြေချော်ကျမှုဆိုတဲ့ ဟာကလေးမျိုးတွေကတော့ သတိကောင်းလျှင် ရှောင်နိုင် ဖယ်နိုင်တယ်၊ ကျုပ်တို့ ဗေဒင်ထဲမှာ ခလုတ်တိုက်မှုလောက် ကိစ္စကလေးမျိုးတွေ မပါဘူး။ ဒါမျိုးတွေကတော့ တစ်မျိုးအားဖြင့် လက်ငင်းကိစ္စပေပဲ။ ဒါကြောင့် လူမျိုးကိစ္စမှာ မင်းပြောင်းမင်းလွှဲ ကောင်း မကောင်းအကြောင်း၊ တွက်လို့ရသော်လဲ ရှောင်ချို ချမ်းသာမှုကတော့ လူမျိုး၏ ဉာဏ်ဝိရိယအပေါ်မှာ တည်နေတာကိုး မောင်ရဲ့"

၎င်းနောက် ကျွန်တော်သည် အခန်းထဲမှ ထွက်လာခဲ့၍ မမြရင်တို့ဝိုင်းသို့ဝင်ပြီးလျှင် စကားစမြည် ပြောကြပြီးနောက် နှုတ်ခွန်းဆက်ကာ ပြန်လာခဲ့ကြလေ၏။ ကျွန်တော်တို့ မောင်နှမ နှစ်ယောက်လုံး သတိပြုမိကြသော အချက်တစ်ခုမှာ ဦးသိန်းတို့ လင်မယားနှစ်ယောက်လုံးသည် ကျွန်တော်တို့နှင့် စကားပြောနေခိုက်တွင် အတန်ငယ် ရယ်နိုင်ပြုံးနိုင် ရှိကြသော်လည်း စိတ်ထဲ၌ အမြဲ စိုးရိမ်ကြောင့်ကြနေရသည့်ကိစ္စ တစ်စုံတစ်ခု ရှိဘိသကဲ့သို့ တဖျပ်ဖျပ် လန့်၍ နားစွင့်ကာ စွင့်ကာ ရပ်တန့်နားထောင်ခြင်းများကို ကြိမ်ဖန်များစွာ မြင်တွေ့ခဲ့ကြရ၏။

## အခန်း ၇

…ာက်နေ့များတွင် ကိုဘသင်တို့ မောင်နှမသည် ကျွန်တော်တို့ထံ ပေါ်လာခြင်း…ည်း မရှိ၊ အကြောင်းတစ်စုံတစ်ရာမျှလည်း မကြားမသိရတော့ချေ။ ကျွန်တော်…မှ နံနက်တိုင်းနှင့် ညနေတိုင်း မှန်မှန်လမ်းလျှောက်ရင်း ကျွတ်တီးကုန်း အိမ်ကြီး… မျှော်ကြည့်မိသော်လည်း လူစ လူနကိုမျှ မမြင်ခဲ့ရချေ။ ယခင်က ကျွန်တော်…င်ခဲ့ဖူးသည့် ဝင်းတရံပြုတ်မှာလည်း နေရာတကျ ပြန်တပ်ထားကြလေပြီ။ …တိယနေ့ ညနေတွင် ကျွန်တော် လမ်းလျှောက်သွားစဉ် သရက်ပင်ကြီးအောက်မှ …ကဲ့သော မျက်နှာထားနှင့် ခေါင်းပါးရိပ်ခြည် မျှော်ကြည့်နေသော ဦးသိန်း… မြင်လိုက်ရသော်လည်း ဦးသိန်းသည် ကျွန်တော့်အား မမြင်ချင်ပြု၍ ဣန္ဒြေကြီး…ရှိနေသောကြောင့် နှုတ်ဆက်ရန် မဝံ့ဘဲ လျှောက်ပြန်မြဲတိုင်း လျှောက်လာခဲ့ရလေ…၊ ထိုအခြင်းအရာကို ထားဘိဦး။ ထို ၃ ရက်အတွင်း၌ ၆ ကြိမ်တိုင်တိုင် …န်တော် လမ်းလျှောက်ခဲ့စဉ် ကိုဘသင်ကိုဖြစ်စေ၊ မမြရင်ကိုဖြစ်စေ ပြတင်းပေါက်…သည်တို့ မှ လူရိပ် လူယောင် ပြသည်ကိုမျှ မမြင်ခဲ့ရကား၊ အကြောင်းတစ်စုံတစ်ရာ…ခြားလေသလောဟု စဉ်းစားမိသဖြင့် နှလုံးပူပန်ခြင်း ဖြစ်မိ၏။ ထို အတော…ကြောင်း ဦးသိန်းက ကျွန်တော့်အား မမြင်ယောင်ဆောင်ခြင်းမှာလည်း အကဲ…ချေ။

စတုတ္ထနေ့ နံနက်(တပေါင်းလဆန်း ၁၀ ရက်နေ့) ၌ ကျွန်တော်သည် …အတိုင်း ကျွတ်တီးကုန်း အိမ်ကြီးဘက်သို့ တုတ်တစ်ချောင်းနှင့် လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့၍ လမ်းခုလတ်တွင်ရှိသော ကုန်းမြင့်ကို တက်မိသည်နှင့် တစ်ပြိုင်နက်၊ ကွတ်အကျီအနွမ်းနှင့် ဘောင်းဘီစုတ်ကို ဝတ်လျက်၊ အသက် ၆၀ ခန့်ရှိသော အဘိုးကြီး တစ်ယောက်သည် လမ်းဘေးတွင် တောင်ဝှေးကိုထောက်ကာ ရပ်နားနေသည်ကို တွေ့မြင်ရလေ၏။ အနီးသို့ ချဉ်းကပ်၍ ၎င်း၏မျက်နှာကို သေချာစွာ ကြည့်သောအခါ၊ တရုတ်ကပြားဖြစ်၍ အလွန် ကြုံလှီ နွမ်းဟိုက်နေသည့် အဖြစ်ကို တွေ့မြင်ရလေ၏။ အမာရွတ်ကြီးတစ်ခုလည်း မေးရိုးအောက်မှ နားထင်သို့တိုင် အောင် ထောင်တက်နေရကား၊ ပိန်ခွက်သောပါးကို တိုး၍ ပိန်ခွက်စေသဖြင့် အရုပ်ဆိုးသော မျက်နှာကို ပို၍ အရုပ်ဆိုးစေ၏။

ကျွန်တော်။ ။ "ဘယ့်နှယ်လဲ ဆရာကြီး၊ ဘာစောင့်နေသလဲ"

လူကြီး ။ ။ "ကျုပ်နောက်က လိုက်လာတာ မောင်က စုံထောက်မို့လား၊ မလုပ်နှင့်မောင်ရေ့၊ အဘိုးကြီးပေမယ့် နားပါးသေးတယ်၊ ကြားလား။ မောင် လိုက်လာတာကို အဝေးကြီးက ကျုပ်က ခြေသံကြားတယ်၊ နားလည်ရဲ့လား"

ကျွန်တော် ။ ။ "မဟုတ်ရပါဘူးဗျာ၊ကျွန်တော့်ဘာသာ လမ်းလျှောက် လာတာပါ။ စုံထောက်လဲ မဟုတ်၊ ပုလိပ်လဲ မဟုတ်ရပါဘူး"

လူကြီး။ ။ "မဟုတ်ရင် ကောင်းတယ်။ ပုလိပ်ဆိုရင် ယီးတီးယားတား မလုပ်နဲ့၊ ခေါင်းပြုတ်သွားမယ် သိရဲ့လား။ လောလျံတဲ့။ နာမည်ပြောင်းပစ်လိုက် မယ်။ နားလည်ရဲ့လား"

ကျွန်တော် ။ ။ "မဟုတ်ပါဘူး ဆရာကြီးရဲ့၊ ဒေါသ ကြီးလှချေကလား၊ ကျွန်တော်က ဟိုနားက ရွာကပါ၊ မစိုးရိမ်ပါနဲ့။ လူကောင်းပါ ခင်ဗျ"

လျံ။ ။ (ကျေနပ်လာသည့် လက္ခဏာနှင့်) "ဝက်လက်က ကောင်ကလေး တစ်ကောင်က လူကို ဘိန်းစားကြီးလေး ဘာလေးနဲ့ အော်ငေါက်ပြီး ပိုက်ဆံတောင်း ဖူးလို့ ကျုပ်က သတိထားနေရတာပါ။ တိဘက်ပြည်တစ်ခွင်၊ ထိုင်းနိုင်ငံတစ်ခွင် နဲ့လာခဲ့တာ၊ ဒီလို တစ်ခါမှ အခေါ်မခံခဲ့ရဖူးဘူး၊ အားကြီး စိတ်ဆိုးတယ်"

ကျွန်တော်။ ။ "ဆရာကြီးက ဟိုပြည်ဒီပြည် နဲ့လာခဲ့ဖူးတာကိုး၊ အခု ဘယ်သွားမလို့လဲ"





လျံ။ ။ "ဦးသိန်းအိမ်ကို သွားမယ်လို့၊ သူ ဒီအနားဆီမှာ နေတယ်ဆို၊ ဆရာသိန်းလို့လဲ ခေါ်တယ်၊ ပထမံ ဆရာသိန်းလို့လဲ ခေါ်ကြတယ်။ မောင် သိသလား"

ကျွန်တော်မှာ ထိုအမည်ကို ကြားရသောအခါ၊ ပထမံဆရာသိန်း၏ အတ္တုပ္ပတ္တိကို ဖတ်ရဖူးသည်နှင့် အံ့အားသင့်ကာ ငေးကြည့်နေမိသေး၏။ ထိုနောက်

ကျွန်တော် ။ ။ "ဟိုရှေ့က ကုန်းပေါ်မှာ မြင်ရတဲ့ အိမ်ကြီးပဲ။ သို့သော် သူ့အိမ်ကို ညေ့်သည်တွေ ဘာတွေ လာတာကို မကြိုက်တတ်ဘူးနော်"

လျံ။ ။ "ကျုပ်က ညေ့်သည်မဟုတ်ပါဘူး မောင်ရဲ့။ အိမ်သား တစ်ယောက်ပါ။ ကိုင်း သွားဦးမယ်"

ထိုနောက် လောလျံသည် တောင်ဝှေးကို ထောက်၍သော်လည်း အလွန် လျင်မြန်လှသော ခြေလှမ်းများဖြင့် ခပ်သုတ်သုတ် လျှောက်သွားလေရာ၊ ကျွန်တော် မှာ 'အိမ်သား' ဆိုသော စကားအတွက်ကြောင့် အလွန်သိချင်သောစိတ် ဖြစ်ပေါ် လာသည်နှင့် ခပ်လှမ်းလှမ်းမှ တဖြည်းဖြည်း လိုက်ပါသွားလေ၏။

လောလျံသည် ဝင်းတံခါးသို့ ရောက်သောအခါ၊ ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကိုဖတ်၍ အလွန်သဘောကျသည့် လက္ခဏာနှင့် အူနှိပ်ကာ ရယ်ပြီးမှ 'အို ဆရာကြီးတို့' ဟု ကျယ်လောင်စွာ ဟစ်ခေါ်လိုက်လေ၏။ကျွန်တော်မှာ မနီးမဝေးရှိ ညောင်ပင်ကြီးကို ကွယ်လျက် ချောင်းကြည့်နေရာ၊ နှစ်ခွန်းမှ သုံးခွန်း ခေါ်လိုက်သောအခါ ဦးသိန်းကိုယ်တိုင် ဝင်းတံခါးဆီသို့ လျှောက်လာသည်ကို တွေ့မြင်ရလေ၏။ ဦးသိန်း၏ တွန့်ဆုတ် ဆိုင်းလင့်သော ခြေလှမ်းကို မြင်သဖြင့် သည်း လောလျံက "ဆရာကြီးကြောက်တာ ကျုပ်သိပါတယ်၊ လာသာ လာပါ၊ အခြားလူ မဟုတ်ပါဘူး၊ ကျုပ်ပါဗျ" ဟု အော်ပြောလိုက်၏။

ထိုအခါ ဦးသိန်းသည် စိုးရိမ်ခြင်းကင်းဟန် မတူဘဲ ရှေ့သို့ တိုးလျှောက် ၍ ဝင်းတံခါးပေါက်မှ ချောင်းကြည့်ပြီးလျှင်

သိန်း ။ ။ (ဒေါသကြီးသော အသံနှင့်) "ဟေ့ လူ၊ မင်းဘယ်က ဘာကောင်ကြီးလဲ။ ဘာလုပ် ဒီအိမ် လာရှုပ်ရတာလဲ၊ သွားလိုက် ခုချက်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



မြင်ရဲ့လား ဒီမှာ" ဟု ပြောလျက် သေနတ်နှင့် ချိန်လေ၏။ ထိုခဏ၌ ဦးသိန်း၏ လှည်းသမားနှင့် ထမင်းချက်တို့သည် ဦးသိန်းနောက်မှ ရောက်လာကြလေ၏။

လုံ ။ ။ (ရုတ်တရက် နိမ့်ချသော အမူအရာနှင့်) "လူကြီးချင်း ကိုယ်ချင်းစာပြီး အလုပ်ကလေးများရှိလျှင် ခိုင်းပါ ဆရာကြီးရယ်၊ လူဆင်းရဲ အလုပ်လက်မဲ့ ဖြစ်ပါတယ်"

သိန်း ။ ။ "ဒီအိမ်မှာ ဘာအလုပ်မှ ခိုင်းစရာမရှိဘူး၊ ရော့ ငွေတစ်ကျပ် ယူသွားတော့"

လုံ ။ ။(ငွေကို လှမ်းမယူဘဲ) "ပေးမယ့်ပေးရင် လမ်းစရိတ်ပြည့်အောင်"

သိန်း ။ ။ (ပြန်လှည့်သွား၍) "ဟော့ တော်ပြီ၊ လာမရှုပ်နဲ့၊ သွားပေတော့"

လုံ ။ ။ "မဟုတ်ပါဘူး ဆရာကြီးရယ်။ မရဏ ကျောက်ဂူကြီးထဲ အတူတူ ဝင်ခဲ့ကြရတဲ့ လူပါ၊ ကြည့်စမ်းပါဦးဗျ"

ထိုအခါ ဦးသိန်းသည် နောက်မှ လုံဖြင့် ထိုးဆွ,လိုက်ဘိသကဲ့သို့ ချာခနဲ လှည့်ပြီးလျှင်

သိန်း ။ ။ "ဘာပြောတာလဲ၊ ခင်ဗျား ဘယ်သူလဲ"

လုံ ။ ။ "ဟီ ဟီ ဟီ ၊ မ မှတ်မိဘဲကိုး။ မရဏဂူထဲက ကြေးပုရပိုက် ဝင်နိုင်ကြတဲ့ လူဟာလေ"

သိန်း ။ ။ (မျက်နှာ၌ သွေးဆုတ်လျက်) "ဘုရား ဘုရား ဘုရား။ လောလုံလားဟေ့"

လုံ ။ ။ "မှန်ပါတယ်။ တပည့်ကြီးပါပဲ ဆရာကြီး"

ငင်းနောက် ဦးသိန်းမှာ တိုး၍ တုန်လှုပ်လာသော အမူအရာ ရှိသော်လည်း၊ နောက်မှ ရပ်လျက်စောင့်နေသော တပည့်များကို ခေါ်၍ ဝင်းတံခါးကို ဖွင့်ကြရန် အမိန့်ပေးလေ၏။ စင်စစ်သော်ကား ဦးသိန်းသည် လောလုံကို မှတ်မိသည်နှင့် တစ်ပြိုင်နက် လန့်ထိတ်ခြင်း ပြေပျောက်သွားဟန် လက္ခဏာရှိသော်လည်း၊ ထိုလူကြီး ရောက်လာခြင်းကို ကောင်းသော အတိတ်နိမိတ်တစ်ခုဟူ၍ ယူဆ,ဟန် မတူချေ။





တံခါးဖွင့်ပြီး၍ လောလုံ ဝင်သွားသောအခါ

သိန်း ။ ။ "လောလုံတစ်ယောက်တော့ သေရွာလောက်ပြီလို့ မှတ်နေ ဘာ၊ ရုတ်တရက် ပေါ်လာတော့ ဘယ်မှတ်မိမလဲကွဲ့။ ကွဲသွားတာကလဲ ကြာလှ ပြီ၊ ဘယ်ဆီများ ရောက်နေသလဲကွဲ့"

လုံ ။ ။ "ဆရာပေးခဲ့တဲ့ ငွေကလေး ကုန်ကတည်းက"

သိန်း ။ ။ "ငွေ ၅၀၀ဝကျပ်ကို ငွေကလေးခေါ်သလား မင်းက"

လုံ ။ ။" ဆောင်ရွက်ရတဲ့ ကိစ္စနဲ့ နှိုင်းစာလိုက်တော့ မထူးလှပါဘူး ဆရာကြီးရယ်။ ဘယ်နှစ်နှစ် အသက်စွန့်ပြီး လိုက်ခဲ့ရသလဲ ခင်ဗျ"

သိန်း ။ ။ "ရှိပါစေကွယ်၊ လွန်ပြီးတာတွေ ရှိပါစေတော့။ ဒါထက် င်းက ဘာများ လိုချင်လို့လဲ"

လုံ ။ ။ "လိုချင်တာက စားဖို့ရယ်၊ သောက်ဖို့ရယ်၊ ဝတ်ဖို့ရယ်၊ နေဖို့ ထိုင်ဖို့ရယ်၊ ဒါလောက်ပါပဲ"

သိန်း ။ ။ "လှည်းနွားတော့ မင်း ကြည့်နိုင်ရဲ့နော်"

လုံ ။ ။ "လှည်းမောင်းတာ ခက်တာ မဟုတ်ပါဘူး ဆရာကြီး၊ ိုက်ဆံမရှိလို့ ခြေကျင်သွားရတာက ခက်တာပါဗျ"

သိန်း ။ ။ "ကောင်းပြီ၊ အိမ်ကလူက အလုပ်ထွက်ချင်တယ် ပြောတယ်။ င်းကို သူ့နေရာမှာ ထားရမှာပ။ လာ လာ ၊ ဝင်ခဲ့ဟေ့"

ငင်းနောက် လောလုံသည် ဝင်းထဲသို့ဝင်၍ ဦးသိန်းနောက်သို့ လိုက်သွား သရာ၊ ကျွန်တော်မှာ ပုန်းကွယ်ရာအရပ်မှ ထွက်လာ၍ ပြတင်းပေါက်များမှ ဘသင်ကို ဖြစ်စေ၊ မမြရင်ကို ဖြစ်စေ မြင်ရချေမည်လောဟု အိမ်ဝင်းကို လှည့် ကြည့်ရှုသေး၏။ သို့ရာတွင် မည်သူ့ကိုမျှ မတွေ့မမြင်ရဘဲ တစ်အိမ်လုံး ိတ်ဆိတ်လျက် နေသည်ကိုသာ တွေ့ရလေ၏။

ကျွန်တော်သည် အိမ်သို့အပြန် လမ်းခရီးတွင် ထူးဆန်းသော လောလုံ၏ ူးဆန်းစွာ ဆိုက်ရောက်လာပုံ အကြောင်းကို စဉ်းစားစိတ်ကူးလာခဲ့ရာ၊ ဤတရုတ် ပြားကြီး ဆိုက်ရောက်လာခြင်းသည် ဦးသိန်းတို့အိမ်၌ တစ်စုံတစ်ခု ဖြစ်စေဖို့



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းစေဆော် ပေးသကဲ့သို့ ဖြစ်ချေမည်လောဟု တွေးတောမိ၏။ကျွန်တော် တွေးထင်သည့် အတိုင်းလည်း ဟုတ်မှန်နေသည်ကို တွေ့ရ၏။

သို့သော် ကျွန်တော်သည် ဤအတ္ထုပ္ပတ္တိကို ရေးသားဖော်ပြရာ၌ ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ ကြုံတွေ့ရသော အခြင်းအရာများကိုသာ ရေးသားဖော်ပြရန် ကြံရွယ်ချက်ရှိရကား၊ ကျွတ်တီးကုန်း အိမ်ကြီးအတွင်း၌ ထိုအချိန်အခါက အဖြစ်အပျက်များကို ထမင်းချက်သမား ကိုကူးကိုယ်တိုင် ဆက်လက်ရေးသားရန် စိမ် တိုက်တွန်း လိုက်ရပေသည်။ နောက်တစ်ခန်းမှာ ထိုသူကိုယ်တိုင် ကလောင်ကိုင်၍ ရေးသားချက်များဖြစ်ရာ၊ ကျွန်တော်က စာစီစာကုံးနှင့် ပတ်သက်၍ ချွတ်ချော်သော အသုံးအနှုန်းမျှလောက်ကိုသာ ပြင်ဆင် ရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

## အခန်း ၈

ကျွန်တော် မောင်ကူးမှာ ဘုန်းကြီးကျောင်း၌ သင်ပုန်းကြီး ကုန်ခဲ့ရုံမျှလောက်သာ သင်ကြားခဲ့ဖူးသော်လည်း ကိုသောင်းညွန့်က အတန်တန် တိုက်တွန်းသောကြောင့် မြင်ခဲ့ရသမျှ ကြားခဲ့ရသမျှအတိုင်း အပို အလို မရှိစေရအောင် ရေးသားလိုက်ရပေ သည်။ ကိုသောင်းညွန့်က ကျွန်တော့်အကြောင်းကို မရေးရ၊ မြင်ခဲ့ရ ကြားခဲ့ရသမျှ ကိုသာ ရေးရမည် မှာထားသော်လည်း ကျွန်တော့်အား စာတတ်ပုဂ္ဂိုလ်ကြီးတစ်ဦး မှတ်ထင်နေကြမည်စိုး၍ သင်ပုန်းကြီးကုန်ရုံသာ သင်ခဲ့ဖူးသည်ဟု ဖွင့်ရေးရခြင်း ဖြစ်ပါသည်။

ကျွန်တော်မှာ ဝက်လက်မြို့အုပ် အဆက်ဆက်ထံတွင် ထမင်းချက်အလုပ် ဖြင့် အမှုထမ်းခဲ့ဖူးရာ၊ နောက်ဆုံးရောက်လာသော မြို့အုပ်မှာမူ ထမင်းချက် တစ်ယောက် ပါလာသည့်အတွက်ကြောင့် ကျွန်တော် အလုပ်လက်မဲ့ ဖြစ်နေပါ သည်။သို့သော် မကြာလှပါ၊ မုန့်တီသည် ဒေါ်ယုန်ထံတွင် ဝိုင်းလုပ်ဝိုင်းစား အလုပ် မျိုး ဖြင့် ကပ်ရပ်နေထိုင်ရ၍ လေး ငါး ခြောက်သီတင်း ကြာသောအခါ ပွဲစားကိုသာ ဟန်နှင့် တွေ့၍ အလုပ်လိုချင်သလားဟု မေးပါသည်။ ကျွန်တော်က လခကောင်း ကောင်းရလျှင် လိုချင်ပါသည် ပြောသောအခါ၊ ကိုသာဟန်က လခ ကောင်းလိမ့် မည်။ သို့သော် အသွားအလာ အနေအထိုင် ကျဉ်းကျုတ်လိမ့်မည်ဟု ပြောပါသည်။ ကိစ္စမရှိပါ ငွေမှန်မှန်ရလျှင် လုပ်ချင်ပါသည်ဟု ပြောသောအခါ ကိုသာဟန်က ဦးသိန်းထံသို့ ခေါ်သွား၍ အလုပ် ဆက်သွယ်ပေးပါသည်။ နောက်တစ်နေ့တွင် ည်းနှင့် ကျွတ်တီးကုန်းနေအိမ်သို့ လိုက်ပါ ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်ရခြင်း အလုပ်တွင် ရံဖန် မြန်မာလို၊ ရံဖန် တရုတ်လို၊ ရံဖန် အင်္ဂလိပ်လို ပြင်ဆင် ပေးရပါသည်။ သို့သော် ကျွန်တော်မှာ အစုံတတ်သောကြောင့် မခက်ခဲလှပါ။ မြန်မာလို ချက်ထားပြီးမှ တရုတ်လို စားချင်သည်ဟု ပြောလျှင် မှန်လာထုပ် ခပ်များများ လှီးထည့်ပြီး၊ ရေနှင့် ကြိုပေးလိုက်ရပါသည်။ အင်္ဂလိပ်လို စားချင်ပြန်လျှင်လည်း တုံးထားသော အမဲသားကို တောက်တောက်စင်းပြီး ငရုတ် ကောင်းကလေး ဖြူးခါ ကက်တလိပ် လုပ်ပေးလိုက်ရုံ ရှိပါသည်။

သို့သော် ဦးသိန်းတို့ အိမ်သူအိမ်သားများ အကြောင်းကို ရေးရပါဦးမည်။ လှည်းသမား ကိုပေါအပြင် အိမ်သူအိမ်သား ၄ ယောက် ရှိသည်အနက် စိတ် အညစ်ဆုံးသော သူမှာ အဒေါ်ကြီး ဒေါ်သန်းတင် ဖြစ်ပါသည်။ ခဏ ခဏ မှိုင်နေ သည်ကို တွေ့ရသည့်ပြင် ဝင်းထဲတွင် တစ်ယောက်တည်း လမ်းလျှောက်ရင်း ရင်ဘတ်ကို ခဏခဏ ထုတတ်ပါသည်။ ကျွန်တော်က ဘယ်လိုပင် ကောင်းအောင် ချက်ပြုတ်ကျွေးသော်လည်း အဆီစားလို့ အသားမဖြစ်နိုင် ဆိုသလို အလွန် ပိန်ကြုံ ပါသည်။

ကိုဘသင်နှင့် မမြရင် မောင်နှမ နှစ်ယောက်မှုကား လူငယ်များ ဖြစ်ကြ သည့်အလျောက် စိတ်ညစ်သောအလှည့်တွင် စိတ်ညစ်ကြ၍၊ တစ်ရံတစ်ခါလည်း ပျော်ရွှင်စွာနှင့် ရယ်ကာပြုံးကာ နေကြသည်ကို တွေ့ရပါသည်။

ဦးသိန်း ကိုယ်တိုင်မှာမူကား ဒေါ်သန်းတင်ကဲ့သို့ စိတ်ညစ်သည် မဟုတ် သော်လည်း၊ အခါခပ်သိမ်း စိုးရိမ်သောက မကင်း ရှိနေသည်ကို တွေ့ရပါသည်။ အိမ်သူအိမ်သားများသည် မည်သို့သော အကြောင်းကြောင့် ဤကဲ့သို့ မှိုင်မှိုင်တွေ တွေ ရှိနေကြသည်ကို ကျွန်တော် သိလိုသည်နှင့် ဦးသိန်းတို့လင်မယား စကားပြော ဆို တိုင်ပင်ကြခြင်းများကို တစေ့တစောင်းမှ တိတ်တဆိတ် ချောင်းမြောင်းနား ထောင် မိပါသည်။ ၎င်းတို့ကို ကြည့်ရသည်မှာ တစ်နေ့တခြား တိုး၍တိုး၍ မှိုင်တွေ ချ နေကြသောကြောင့် သာ၍ သိချင်သောစိတ် ဖြစ်ပေါ်လာရပါသည်။ ချောင်း၍ နားထောင်သော အခါများ၌၊ ဘယ်အတွက်ကြောင့် ပူပန်ကြောင့်ကြခြင်း ဖြစ်နေ ရသည်ဟု ဖွင့်ဟ ထုတ်ဖော် ပြောဆိုသည်ကို မကြားရဘဲ စိတ်ထင်သလောက်





ဆိုးကောင်းမှ ဆိုးမည်ဟု ဒေါ်သန်းတင်က ဦးသိန်းအား အားပေးစကား ပြောကြား ခြင်းများကိုသာ ကြားမိပါသည်။ မည်သူက အားပေးသည်ဖြစ်စေ ဦးသိန်းမှာ နေ့စဉ်အမျှ ကြည့်ကလိ ကြောင်ကလောင် ဖြစ်နေသည်ကို တွေ့မြင်ရပါသည်။

ထူးခြားသော အချက်တစ်ခု သတိပြုမိသည်မှာ ဦးသိန်းသည် ဒေါ်သန်း တင်နှင့် တစ်ခန်းတည်း အတူတကွ မအိပ်ဘဲ၊ အိမ်အပေါ်ထပ်ရှိ အနောက်စွန်ဆုံး အခန်းတွင် တစ်ယောက်တည်း အိပ်ပါသည်။ ဒေါ်သန်းတင်နှင့် မမြရင်တို့က တစ်ခန်းအိပ်၍ ကိုဘသင်က တစ်ခန်းအိပ်ပါသည်။ ဦးသိန်းသည် ၎င်း၏အခန်း ကို အခါခပ်သိမ်း သော့နှင့်ပိတ်ထား၍ အခန်းတွင်းသို့ မည်သူမျှ ဝင်ခွင့်မပြုပါ။ သူ၏အခန်းကို သူကိုယ်တိုင် ရှင်းလင်း၍ မည်သူတစ်စုံတစ်ယောက်ကိုမျှ အခန်းဝ သို့ပင် ရောက်အောင် သွားခွင့်မပြုပါ။ ညစဉ် ညတိုင်းလည်း ပြတင်းပေါက်နှင့် တံခါးအားလုံးကို ဦးသိန်းကိုယ်တိုင် ပိတ်ဆို့၍ မင်းတုံးနှင့် ကန့်လန့်ကျင်များ ချထားလေ့ ရှိပါသည်။

သို့ပါသော်လည်း ဦးသိန်းသည် တစ်ညဉ့်ပတ်လုံး ဖြောင့်အောင် အိပ်စက် ရခြင်း ရှိဟန်မတူပါ။ အိမ်နောက်ဘက်၌ရှိသော အစေခံတဲမှ ညဉ့်အချိန်များတွင် နား ထောင်လိုက်သည့်အခါ ဦးသိန်းသည် သူ၏အခန်းထဲတွင် တဒေါက်ဒေါက် လျှောက်သော ခြေသံများကို သန်းခေါင်ကျော် လင်းအားကြီး တိုင်အောင် ကြားနေ ရပါသည်။

တစ်နေ့သ၌ ကျွန်တော်သည် ချက်ပြုတ်ခြင်းကိစ္စ ပြီးစီးသည်နှင့် မီးဖို ချောင်အနီး၌ ထိုင်နေစဉ် ဦးသိန်းက လက်ယပ်ခေါ်ငင်ပြီး မေးမြန်းစစ်ဆေးပါ သည်။

သိန်း ။ ။ "ဟေ့ ငါလူ၊ မင်း သေနတ်ပစ်တတ်သလား"

ကျွန်တော် ။ ။ "မကိုင်ဖူးပါဘူး ဆရာကြီး"

သိန်း ။ ။ "မြို့အုပ်အိမ်မှာ အစေခံလုပ်လာပြီး ကြက်ကလေး၊ ငှက်က လေးများမှ မပစ်ဖူးဘူးလား"

ကျွန်တော် ။ ။ "ကျွန်တော်က သူ့အသက် သတ်ရမှာ ကြောက်တယ် ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



သိန်း ။ ။ "ညံ့တဲ့လူကိုးကွ။ ဒါဖြင့် မင်းကို လူတစ်ယောက်က ရန်ရှာလျှင် ငုံ့ခံနေမလားကွာ"

ကျွန်တော် ။ ။ "လူနဲ့လူချင်း စော်ကားရင်တော့ ဘယ်ခံနေမလဲ ဆရာကြီး"

သိန်း ။ ။ "သူတစ်ပါးက တုတ်နဲ့ ရိုက်လျှင်ကော"

ကျွန်တော် ။ ။ "ဓားနဲ့ ပြန်ခုတ်မှာပေါ့ ဆရာကြီး"

သိန်း ။ ။ "အေး တော်တယ်ဟေ့ ငါ့လူ။ မင်းမှာ ဓားရှိရဲ့လား"

ကျွန်တော် ။ ။ "ဓားမ သာရှိတယ် ဆရာကြီး"

သိန်း ။ ။ "ဟာ၊ ဒါနဲ့ ဘယ်ဖြစ်မလဲ။ ဓားရှည်တစ်လက် ကောင်းကောင်း ငါပေးထားမယ်။ အရေးရှိရင် အားကိုးပါရစေနော် တပည့်"

ကျွန်တော် ။ ။ "ဘယ်လို အရေးများ မြင်လို့လဲ ဆရာကြီး"

သိန်း ။ ။ "ဆယ်ရေး တစ်ရေး၊ ကိုးရေး တစ်ရာပေါ့ကွယ်။ ငါတို့မှာ အရေးရှိရင် ငါတို့သားအဖ နှစ်ယောက်ရယ်၊ မောင်ပေါ်ရယ်၊ ဟိုရွာက မောင်သောင်းညွန့်ရယ်၊ မင်းရယ်၊ ယောကျ်ားငါးယောက်ပေါ့ကွယ် နော်"

ကျွန်တော် ။ ။ "စိတ်ချပါ ဆရာကြီး"

ငင်းနောက် ဦးသိန်းသည် ကျွန်တော့်အား ဓားရှည်တစ်ချောင်းကို ပေးထားရာ၊ ကျွန်တော်မှာ မည်သည့်အရေးမျိုး ပေါ်ပေါက်လာမည်ဟု မတွေးတောတတ်သော်လည်း ဓားကို ထက်လှအောင် သွေးထားလေ၏။

ဦးသိန်းနှင့် အထက်ပါအတိုင်း စကားပြောရပြီးသည် နောက်၌ ကျွန်တော်မှာ မည်သို့သော ဘေးရန်မျိုးကို ဦးသိန်း ကြောက်ရွံ့စိုးရိမ် နေသည်ဟု သိလိုသောစိတ်သည် တိုး၍တိုး၍ ဖြစ်ပေါ်လာလေ၏။ ညဥ့်အချိန်များ၌ ဦးသိန်း မအိပ်နိုင်ခြင်းကို ထောက်ချင့်သော်၊ ဘေးအန္တရာယ်သည် ညအခါ၌ ပေါ်လာလိမ့်မည်ဟု ဦးသိန်း ယူဆ,ဟန်တူသောကြောင့် ညဥ့်အချိန်တွင် ချောင်း၍ကြည့်ရသော် ရိပ်မိနိုင်လိမ့်မည်ဟု ကျွန်တော် တွေးထားမိ၏။

တစ်နေ့သ၌ ဦးသိန်းမှာ ခေါင်းကိုက်သည်ဖြစ်၍ အိပ်ခန်းမှ မဆင်းနိုင်



သောကြောင့် ငင်း၏ထမင်းပွဲကို ပြင်ဆင်၍ ကျွန်တော်ကိုယ်တိုင် အခန်းဝသို့ ရောက်အောင် ပို့ပေးရ၏။ ယင်းသို့ပို့ရစဉ် ဦးသိန်း၏ အခန်းပြင်ဘက်ရှိ ထောင့်တစ်ထောင့်၌ အလွန်ကြီးမားသော ကျွန်းသေတ္တာကြီးတစ်လုံးကို တွေ့ရသည်နှင့် အုံကြည့်ရာ၊ တိုလီမိုလီပစ္စည်းများဖြင့် တစ်ဝက်ခန့် ပြည့်နေသည်ကို တွေ့ရလေ၏။ သို့ရာတွင် သေတ္တာကြီးမှာ အလွန်ကြီးမားလှသောကြောင့် ကျန်တစ်ဝက်တွင် လူတစ်ယောက် ဝင်နေက ဝင်နိုင်သေးသည့်အဖြစ်ကို သိရှိရ၏။

ထမင်းပွဲကို ပြန်သိမ်းခဲ့ပြီးနောက် ကျွန်တော်မှာ ညဥ့်အချိန်၌ သေတ္တာကြီးထဲတွင် ပုန်းအောင်းဖို့အရေးကိုသာ တစ်နေ့ပတ်လုံး စဉ်းစားစိတ်ကူး နေမိတော့၏။ နောက်ဆုံး၌ ဖြစ်လိုရာ ဖြစ်စေ အလုပ်ပြုတ်ရုံထက် ဒုက္ခမရောက်နိုင်၊ ထိုသေတ္တာကြီးအတွင်းမှ ပုန်းအောင်း၍ ကြည့်တော့အံ့ဟု ဆုံးဖြတ်လိုက်လေ၏။

သို့ဖြစ်၍ ငင်းညဥ့်၌ ကျွန်တော်သည် အလုပ်ဝတ္တရားများ ဆောင်ရွက်ပြီးစီးသည်နောက်၊ လှည်းသမား ကိုပေါ်အား ခေါင်းကိုက်သည်ဟု ပြော၍ အစေခံတို့ ဝင်ပြီးလျှင် တံခါးကိုပိတ်၍ ပြတင်းပေါက်မှ တိတ်တဆိတ် ခုန်ဆင်းချခဲ့လေ၏။ ငင်းနောက် အိမ်သူအိမ်သားများ အလစ်တွင် အိမ်အပေါ်ထပ်သို့တက်၍ သေတ္တာကြီးထဲသို့ ဝင်ပြီးမှ အဖုံးကို ပိတ်ထားလိုက်လေ၏။ ဦးသိန်းမှာ အခန်းထဲမှ မထွက်သောကြောင့် အိမ်သူအိမ်သားများ၏ အလစ်ကို ချောင်းရခြင်းမှာ ခက်ခဲလှချေ။

သေတ္တာကြီးထဲသို့ ကျွန်တော် ဝင်သောအချိန်မှာ ညဥ့် ၈ နာရီကျော်ခန့်ရှိပြီဖြစ်ရာ၊ တစ်အိမ်လုံး မီးများ ထိန်ထိန်လင်းလျက် ရှိသောကြောင့် သော့ပေါက်မှ ချောင်း၍ ကြည့်လိုက်သောအခါ ဦးသိန်း၏ အခန်းဝကို တည့်တည့်ကြီး မြင်နိုင်ပေ၏။ ကျွန်တော်သည် သေတ္တာကြီးထဲမှ ကွေးလျက် ချောင်းကြည့်နေစဉ်၊ အခန်းမကြီးထဲမှ နာရီကြီးသည် တဒက်ဒက် မြည်နေသည်ကို ကြားရ၍၊ ၉ – နာရီ၊ ၁၀– နာရီ၊ ၁၁– နာရီ၊ ၁၂ နာရီ ထိုးသံများကိုလည်း ရေတွက်သိရှိရ၏။ ထူးခြားဆန်းကြယ်လေလေ တစ်စုံတစ်ခုကို တွေ့မြင်ရချေတော့မည်ဟု စိတ်ထဲက မျှော်လင့်ချက်ကလေး ရှိနေသောကြောင့် ရင်ထဲက တဒုံးဒုံး တဒိုင်းဒိုင်းမြည်အောင် လှိုက်ဖိုလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလေ၏။ ယင်းသို့ မှော်လင့်သည့်အတွက်ကြောင့် စိတ်ထဲ၌ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ခဲ့ရာ ချွေးများသည် နဖူးပြင်မှ တဒီးဒီး စီးကျ၍ လာလေ၏။

နာရီပြန် ၂ ချက်ထိုးသံ ကြားရပြီးနောက်၊ ကျွန်တော့်မှာ တစ်စုံတစ်ရာ ထူးထူးခြားခြား မြင်တွေ့ရလိမ့်မည်ဟူသော မျှော်လင့်ချက်ကို လက်လျှော့ရချေတော့မည်လောဟု အောက်မေ့နေစဉ် အလွန် တိတ်ဆိတ်လှသော ညဉ့်အချိန်၌ ကြည်လင်လှစွာသော အသံဖြင့် စီကနဲ မြည်လိုက်သံကို ကြားလိုက်ရလေ၏။ ကျွန်တော့်မှာ မည်သို့သော အကြောင်းကြောင့် မသိ တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထလျက် မည်သည့်အသံမျိုးနှင့် တူလေသည်ကို အထူး နားစိုက်၍ ထောင်မိရာ၊ အသံမှာ ကြေးစည်ကိုနှက်သော အသံကဲ့သို့ 'တီ ဝေ ဆေ ဝေ လွေ့လွေ့' စသည်ဖြင့် အရှည်ကြီးဆွဲ၍ မြည်သည်ကို ကြားရ၏။ သို့ရာတွင် မည်သည့်ကြေးစည်မျိုးမျှနှင့် မတူ၊ ကြည်လင် သာယာလှသောအသံ ရှိသည် ဖြစ်သောကြောင့် ကြေးစည်မဟုတ်ဘဲ ငွေစည် ဖြစ်လေမည်လောဟု တွေးတောဖွယ် ရှိ၏။ ထူးခြားသော အချက်တစ်ခုမှာကား၊ ၎င်းအသံ ကိုယ်တိုင်မှာ ရူးရူးရားရားလည်း မဟုတ်၊ ကျယ်လောင်ခြင်းလည်း မရှိလှသော်လည်း နှလုံးသားကို လေဖေ့လိုက်သည့် အလားကဲ့သို့ တစ်ကိုယ်လုံး ရှိန်းဖိန်းတုန်မှုပြီး အကြီးအကျယ် တုန်လှုပ် ထိတ်လန့်ခြင်း ဖြစ်မိ၏။

အသံ ကြားရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်မှာ ငိုက်မျဉ်းစ ပြုနေရာမှ လတ်ဆတ်ကြည်လင်သော အဖြစ်သို့ ချက်ချင်းရောက်၍ ဝေါက်ခနဲ ထထိုင်လိုက်ရာ အသံသည် 'တီ ဝေ ဝေ ဝေ လွေ့ လွေ့' ဟူ၍ သုံးကြိမ်တိတိ မြည်ပြီးနောက် ရပ်စဲ၍ သွားလေ၏။

ထိုအတောအတွင်း၌ ဦးသိန်းသည် အိပ်ရာမှ လန့်နိုးဟန်ရှိ၍ အခန်းတွင်း၌ ထိုမှ ဤမှ စကြံလျှောက်နေသော ခြေသံများကို ကြားရလေရာ ၎င်း၏နှုတ်မှလည်း ညည်းတွားရေရွတ်သော အသံများကို ကြားရလေ၏။

နောက် တစ်ခဏ၌ ဦးသိန်းသည် အိပ်ခန်းတံခါးကိုဖွင့်၍ အခန်းပြင်သို့ ထွက်လာလေရာ ကျွန်တော်သည် မပြတ်ထွန်းညှိထားသော မာတ်မီးရောင်တွင်





၎င်း၏မျက်နှာကို ချောင်းကြည့်လိုက်သောအခါ အလွန်အမင်း အပြင်းအထန် ထိတ်လန့်တုန်လှုပ်နေသော လူတစ်ယောက်၏ မျက်နှာထားကဲ့သို့ မျက်လုံးများ ပြိုင်းလျက် အံသွားကြိတ်ခါ၊ နဖူးပြင်၌ အကြောကြီးများ ပြိုင်းပြိုင်းထနေသည်ကို တွေ့မြင်လိုက်ရလေ၏။ ဦးသိန်းသည် အခန်းမှ ထွက်လာ၍ လမ်းလျှောက်လာသဖြင့် ကျွန်တော်၏ သေတ္တာကြီးအနီးသို့ ရောက်သောအခါ၊ ၎င်း၏ ဦးခေါင်းသက်ဆီမှ 'တီ ဝေ ဆေ လွေ့ လွေ့' ဟူသော အသံတစ်ချက်သည် ထပ်မံဖြစ်ပေါ်လာပြန်လေရာ ဦးသိန်းမှာ ဦးခေါင်းကို တစ်စုံတစ်ခုဖြင့် ရိုက်နှက်လိုက်ဘိသကဲ့သို့ ခနဲ ကုန်းသွားပြီးလျှင် တစ်ကိုယ်လုံးမှာလည်း ဆတ်ဆတ်တုန်သွားသည်ကို မြင်လိုက်ရသေး၏။ ၎င်းနောက် နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ဆို့ကာ ကုန်းလျက် လျှောက်သွားသည်ကို မြင်လိုက်ရ၏။

ဤနည်းအားဖြင့် ဦးသိန်းသည် အိမ်ပေါ်၌ ခေါက်တုန့်ခေါက်ပြန် စကြံလျှောက်လျက်ရှိရာ နောက်ထပ်၍ အသံမကြားရတော့ဘဲ တိတ်ဆိတ်သွားသည်တွင်မှ၊ ၎င်း၏ မျက်နှာသည် တဖြည်းဖြည်း နဂိုအခြေအနေသို့ ပြန်ရောက်၍၊ နောက်ဆုံးတွင်မှ မိမိအခန်းတွင်းသို့ ပြန်ဝင်သွားလေ၏။ ကျွန်တော်မှာ သေတ္တာထဲတွင် ပ်နေရင်း၊ မည်သည့်အရပ်မှ ၎င်းအသံ ဖြစ်ပေါ်လာသည်ဟု တွေးတော၍ မရနိုင်ဘဲ နောက်ဆုံးတွင် အိပ်ပျော်ခြင်းသို့ ရောက်ရလေ၏။

နံနက် မိုးလင်းသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အိမ်သားများ၏ ပ်ရှားသွားလာပုံများကို အလစ်ချောင်း၍ စောင့်နေပြီးနောက် တံခါးဖွင့်၍ အခွင့်သာသည်နှင့် တစ်ပြိုင်နက် အိမ်ပေါ်မှဆင်း၍ မီးဖိုချောင်ဆီသို့ ဝင်ပြေးလေ၏။ ကျွန်တော်၏ စိတ်ထဲ၌ ဆုံးဖြတ်ချက်တစ်ခု ချထားသည်ကား၊ လခ မည်မျှ ယောက် ရသည်ဖြစ်စေ အချိန်မတော် သန်းခေါင်ကျော်အခါ မည်သည့်အရပ်မှ ည်သော အသံမှန်းမသိ၊ 'တတီတီ တဝေဝေ တလွေ့လွေ့' ဖြင့် ညံနေသော ဤအိမ်ကြီးတွင် ဆက်လက်၍ အလုပ်လုပ်ရန် မကြံရွယ်ဘဲ အမြန်ဆုံး အလုပ်ထွက် ရန် ဆုံးဖြတ်ထားမိလေ၏။ ကျွန်တော် ကြံရွယ်သည့်အတိုင်းလည်း အခွင့်သာခဲ့ လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ ကျွန်တော်သည် ဦးသိန်းအား လက်ဖက်ရည်တိုက်ပြီး၍ ချက်ပြုတ်ရန်အတွက် စီမံမည်ဟု မီးဖိုချောင်မှ ထွက်လာစဉ်၊ အလွန် အရုပ်ဆိုးသော တရုတ်ကပြားကြီး တစ်ယောက်သည် တုတ်ကြီးတစ်ချောင်းကို ကိုင်ကာ ကျွန်တော် ရှိရာသို့ လျှောက်လာသည်နှင့် ကျွန်တော်လည်း ဓားရှည်ကို ကိုင်ဆွဲကာ ရပ်စောင့် နေလေ၏။

တရုတ် ။ ။ "ဟေ့လူ၊ ဘာလုပ်မလို့လဲ"

ကျွန်တော် ။ ။ "ငါ့အနားကပ်လျှင် ဓားနဲ့ ခုတ်မလို့"

တရုတ် ။ ။ "မင်း ဘာကောင်လဲ"

ကျွန်တော် ။ ။ "ဘာကောင်မှ မဟုတ်ဘူး။ ထမင်းချက်တဲ့လူကွ"

တရုတ် ။ ။ "ဒါဖြင့် ငါ့တစ်ယောက်အတွက် ပိုချက်လိုက်၊ နားလည် လား။ နည်းနည်းမချက်နဲ့နော်၊ များများ စားတတ်တယ်"

ကျွန်တော် ။ ။ "မင်းခိုင်းလျှင် ငါလုပ်ရမှာလား"

တရုတ် ။ ။ "ဘယ်သူခိုင်းမှ လုပ်မှာလဲ"

ကျွန်တော် ။ ။ "ငါ့ဆရာကြီးက ခိုင်းမှ လုပ်မှာပေါ့"

တရုတ် ။ ။ "မင်းဆရာကြီးကို ငါက ခိုင်းနိုင်တယ်ဆိုတာ မသိဘူးလား"

ကျွန်တော် ။ ။ "နားမလည်ဘူး၊ သူခိုင်းမှ ငါလုပ်မယ်။ သွား တရုတ်ပုပ်"

တရုတ် ။ ။ "အောင်မယ်၊ လူကို တရုတ်ပုပ်တွေ ဘာတွေနဲ့၊ လူဝါးဝ လှပါကလား၊ တောသား"

ကျွန်တော်။ ။ "ဟေ့ မင်းခေါင်း ပြုတ်သွားမယ်၊ သိလား"ဟု ပြော၍ ဓားနှင့် ရွယ်လေရာ၊ တရုတ်ကြီးကလည်း တုတ်နှင့် ရွယ်လေ၏။

ထိုခဏ၌ ဦးသိန်းရောက်လာ၍ ကျွန်တော်တို့အား ဖျန်ဖြေပြီးလျှင် တရုတ် ကြီးနှင့် စကားတီးတိုး တိုင်ပင်နေကြ၏။ နောက်ဆုံး၌ ဦးသိန်းက ကျွန်တော့်အား ထိုအိမ်၌ အလုပ်မရှိတော့ကြောင်းနှင့် ပြော၍ လခကို တစ်လတွက် အပိုရှင်းပေး လိုက်ရာ၊ ကျွန်တော်ကလည်း ထွက်ချင်ဆဲ ဖြစ်နေသဖြင့် တစ်စုံတစ်ရာ ပြန်လည် ချေပ ပြောဆိုခြင်းမပြုဘဲ ငွေကိုပိုက်လျက် ထိုနေ့ပင် ထွက်လာခဲ့လေ၏။





ဤသည်ကား ဦးသိန်း၏ အိမ်အတွင်း၌ ကျွန်တော် တွေ့မြင် ကြားသိခဲ့ရ သမျှသော အခြင်းအရာများ ပေတည်း။ ကိုသောင်းညွန့်က ငွေ ၁၀ကျပ်ပေး၍ ခိုင်းသောကြောင့် ကြုံခဲ့ရသမျှအတိုင်း ရေးသားလိုက်ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၉

ထမင်းချက် ဦးကူးရေးသားသော အဖြစ်အပျက်များကို ဖော်ပြပြီးနောက် ဝက်လက်မြို့ ဆရာဝန် ဒေါက်တာချက်တာဂျိ ကြုံတွေ့၍ ၎င်းကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော အကြောင်းအရာများကို မြန်မာဘာသာ ပြန်ဆိုထည့်သွင်း ဖော်ပြလိုက်ရပါသည်။ ဒေါက်တာ ချက်တာဂျီမှာ 'ကျတ်တီးကုန်း' နေအိမ်သို့ တစ်ကြိမ်မျှသာ ရောက်ခဲ့ဖူးသော်လည်း ထိုသူ ကြုံတွေ့ခဲ့သော အခြင်းအရာများသည် ကျွန်တော် ကြုံတွေ့ရသော အဖြစ်အပျက်များကို သက်သေခံသဘောနှင့် ထောက်ခံလျက် ရှိသောကြောင့် ဤနေရာ၌ ထည့်သွင်း ဖော်ပြထိုက်သည်ဟု သဘောရသည့်အတိုင်း ထည့်သွင်းလိုက်ရခြင်း ဖြစ်ပေသည်။

* * *

ကျွန်ုပ် ဒေါက်တာ ချက်တာဂျီသည် ကျတ်တီးကုန်းနေအိမ်သို့ တစ်ကြိမ်မျှ ပင့်ခေါ်သွားရောက်ရာတွင် ကြုံတွေ့ခဲ့ရသော အချင်းအရာများမှာ အလွန်တရာ ထူးဆန်းအံ့ဩ ဖွယ်ကောင်းလှသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ကိုသောင်းညွန့်၏ တောင်းပန်ချက်အရ တွေ့ရသမျှ မြင်ရသမျှကို ဟုတ်တိုင်းမှန်ရာ ရေးသားဖော်ပြလိုက်ရပေသည်။

လွန်ခဲ့သော မတ်လအတွင်းက ကျွန်ုပ်သည် ဦးသိန်း မကျန်းမာကြောင်းနှင့် ကိုဘသင်က လာရောက်ပြောဆို ပင့်ခေါ်သွားသည်ဖြစ်၍ ၎င်းနှင့်အတူ နေအိမ်





သို့ လိုက်ပါသွားခဲ့ရပါသည်။ ကျွန်ုပ်သည် ဦးသိန်းတို့ အိမ်သူအိမ်သားများ၏ နေထိုင်ပုံ ထူးဆန်းခြင်း အကြောင်းကို သတင်းသန့်သန့် ကြားခဲ့ဖူးရာ၊ ယခုကဲ့သို့ ပင့်ခေါ်သောအခါ၌ ကိုယ်တိုင် ကြုံတွေ့ခွင့် ရချေတော့မည်ဟု ဝမ်းသာမိပါသည်။

ကျတ်တီးကုန်း နေအိမ်ကြီးသို့ ဆိုက်ရောက်သွားသောအခါ သံဆူးကြိုးများ ကာရံထားလျက်၊ မြင့်လှသော ဝင်းထရံနှင့် တံခါးကြီးများကို တွေ့မြင်ရသဖြင့်၊ ခံတပ်ကြီး တစ်ခုသဖွယ် ရှိပါပေသည်ဟု စိတ်ထဲ၌ အောက်မေ့မိပါသည်။ ကိုဘသင်နှင့်အတူ အိမ်တွင်းသို့ ရောက်ကြသောအခါ၊ အလွန်တရာ ပိန်ကြုံဖျော့တော့စွာ ရှိနေသော ဒေါ်သန်းတင်နှင့် တွေ့၍ ထိုမိန်းမကြီးပင်လျှင် လူနာဖြစ်နေသဖြင့် ဆေးဝါးကုသခြင်း ခံထိုက်ပြီဟု အောက်မေ့မိပါသည်။

နောက်ဆုံး၌ ကိုဘသင်သည် ကျွန်တော့်ကို ဒေါ်သန်းတင်နှင့် လွှဲအပ်သွားခဲ့လေရာ၊ ဒေါ်သန်းတင်သည် ဦးသိန်း မကျန်းမာသည့်အကြောင်းကို အနည်းငယ် လှစ်ခံ ပြောဆိုပြီးနောက်၊ ဦးသိန်းရှိသည့် အပေါ်ထပ်အခန်းသို့ ခေါ်ဆောင်သွားသည်။ ကိုဘသင်မှာ ကျွန်တော်တို့နှင့်အတူ မလိုက်ဘဲ ချန်နေရစ်သဖြင့် ကျွန်တော့်စိတ်ထဲ၌ အံ့ဩမိပါသည်။

လူနာ၏ အခန်းမှာ အိမ်အပေါ်ထပ် အစွန်တွင်ရှိနေ၍ လူနာမှာ တစ်ယောက်အိပ် ကျွန်းခုတင်ကလေးပေါ်တွင် လဲလျောင်းလျက် ရှိနေရာ နံရံပတ်လည်၌ကား ပေစာဟောင်းများ၊ ပုရပိုက်များနှင့် စာအုပ်ဟောင်းများသည် စင်များပေါ်တွင် ထောင်ထားလျက် အမိုးသို့ခိုက်အောင် စုပုံခါ ရှိနေလေ၏။ အခန်း၏ တစ်ဖက်သော ထောင့်၌ကား မီးခံသေတ္တာကြီးတစ်လုံးရှိရာ အဖုံးများ ပိတ်လျက်ရှိ၏။ ၎င်းမျက်နှာ၌ရှိသော ကြွက်လှော်ကပေါ်၌ကား ကြေးဓားနှင့်လုပ်သည့် တရုတ်ရုပ်တို့၏ အသုံးအဆောင်များသည် စုပုံလျက် ရှိနေလေ၏။

ကျွန်ုပ် ဝင်သွားသည့်အခိုက်၌ ဦးသိန်းသည် ကျွန်ုပ်တို့ကို ဂရုစိုက်ဟန် ... ကာမရှိဘဲ နံရံဘက်သို့ မျက်နှာမူကာ ခပ်ပြင်းပြင်း အသက်ရှူရှိုက်လျက်ရှိ ... ၎င်း၏ တောက်ပသော မျက်လုံးများနှင့် ဖျော့တော့သော ပါးပြင်တို့ကို မြင်ရခြင်းအားဖြင့် အဖျားတက်လျက် ရှိသည်ဟု ကျွန်ုပ် သိရှိနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် လူနာအနီးရှိ ကုလားထိုင်ပေါ်တွင် ဝင်ထိုင်၍ ၎င်း၏လက်ကို သွေးစမ်းကြည့်အံ့ဟု ဖြည်းညင်းစွာ ကိုင်တွယ်လိုက်သောအခါ ဦးသိန်းသည် ပြင်းစွာ ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့် လက်ကိုရုန်းပြီးလျှင် ခုတင်ပေါ်တွင် ပေါက်ခနဲ ထ၍ ထိုင်ကာ ဟစ်အော်နေလေ၏။

သိန်း ။ ။ "လွှတ်ပါ ဖယ်ပါ။ ဘာကြောင့် ငါ့လက်ကို ကိုင်တာလဲ။ တစ်သက်လုံး ခြောက်လှန့်လို့ အားမရနိုင်သေးဘူးလား၊ သေရချေရဲ့ဗျာ၊ သေမှာဖြင့်လဲ မြန်မြန် သေပါရစေတော့ဗျာ" ဟု ဟစ်အော်လိုက်သောအခါ ဒေါ်သန်းတင်က ချော့မော့၍

တင်။ ။ "မဟုတ်ဘူးလေ ကိုသိန်း၊ ဒီဟာက ကိုသိန်းကို ကုရအောင်လာတဲ့ ဆရာဝန် ချက်တာကျီလေ၊ သတိထားမှပေါ့ ကိုသိန်းရယ်"

ထိုအခါ ဦးသိန်းသည် သတိရလာသည့် လက္ခဏာနှင့် နဖူးကို လက်ဝါးနှင့် ပွတ်သပ်ပြီးလျှင် ခုတင်ပေါ်တွင် ပြန်အိပ်၍ ငြိမ်ဝပ်စွာ နေလေ၏။ ထိုအခါ ကျွန်ုပ်သည် ဦးသိန်း၏ သွေးချောင်းကို စမ်းသပ်၍ နာရီဖြင့် ရေတွက်ကြည့်ရာ တစ်မိနစ်လျှင် ၁၂၀ မျှ ရှိသည်ကို တွေ့ရလေ၏။ နောက်ဆုံး၌

ကျွန်ုပ်။ ။ "ကိစ္စ မရှိပါဘူး၊ စိုးရိမ်စရာ ဘာမှ မရှိပါဘူး၊ ကွီနိုင်ကလေး နည်းနည်းတိုက်ပြီး ဆေးကလေး ထုတ်ပစ်လိုက်လျှင် သက်သာပါလိမ့်မယ်"

သိန်း ။ ။ "ကိစ္စမရှိဘူးဆိုတာ ကျုပ်ကို ပြောနေဖို့ မလိုပါဘူး၊ ကျုပ်သိပါတယ်။ ကျုပ်က ဖျားလို့ နာလို့ သေမယ့်အကောင် မဟုတ်ဘူး။ ကျုပ်သိတယ်။ ကိုင်း မသန်းတင် အပြင်ကို ခဏလောက် ထွက်နေလိုက်စမ်းပါ။ ဒေါက်တာကို ကျုပ် စကားတစ်ခွန်း နှစ်ခွန်းလောက် ပြောချင်တယ်"

ထိုအခါ ဒေါ်သန်းတင်သည် မထွက်ချင် ထွက်ချင်နှင့် အခန်းပြင်သို့ ထွက်သွားလေရာ၊ ကျွန်ုပ်လည်း လူနာ ပြောရန်ရှိသော စကားကို နားထောင်ရန် ပြင်ဆင်လျက် ရှိ၏။ အခန်းတံခါးကို အပြင်မှ ပိတ်လိုက်ပြီးသည့်နောက်

သိန်း ။ ။ "ကျုပ်အသည်းကို တစ်ဆိတ်လောက် သေသေချာချာ စစ်ဆေးကြည့်စမ်းပါ ဒေါက်တာ၊ အသည်းမှာ အနာဖြစ်ဖူးလို့ ရန်ကုန်က ဆရာဝန်ကြီးတစ်ယောက်က ဒီရောဂါနဲ့ သေလိမ့်မယ်လို့ ကျုပ်ကို ပြောဖူးတယ်။ ဟောဒီနံရိုးအောက်နားကို စမ်းကြည့်စမ်းပါ"





ကျွန်ုပ် ။ ။ (စမ်းသပ်ကြည့်ပြီးနောက်) "ကိစ္စမရှိဘူး။ အနာဖြစ်ဖူးပေမယ့် အခုတော့ ကောင်းကောင်း ပျောက်နေပါပြီ၊ ဒီအတွက်တော့ ခင်ဗျား ဘာမျှ စိုးရိမ်ဖို့ မရှိပါဘူး"

သိန်း ။ ။ (ဝမ်းသာသော အမူအရာ မရှိဘဲ) "အဲဒါ ဖွ,ကျတာပဲ၊ ကျုပ်က အသည်းနာရောဂါနဲ့ သေပါစေလို့ ဆုတောင်းနေတာ၊ ကိစ္စမရှိဘူးဆိုတော့ မျှော်လင့်ချက် ကုန်နေပြန်တာပဲ၊ ကြည့်စမ်း ဟောဒီ ဒဏ်ရာကို"

ထိုနောက် ဦးသိန်းသည် အင်္ကျီကိုလှန်၍ ရင်ဘတ် လက်ဝဲဖက်၌ရှိသော အမာရွတ်ကြီးတစ်ခုကို ပြလေ၏။

သိန်း ။ ။ "ဒီဟာ နှလုံးသားတည့်တည့်ပေါ်မှာ ရှိနေတယ် မဟုတ်လား"

ကျွန်ုပ် ။ ။ "မှန်ပါတယ်"

သိန်း ။ ။ "အဲဒါဟာ ရင်ဘတ်ကို တည့်တည့်ကြီး လှံနဲ့ ထိုးတဲ့ဒဏ်ရာပါဗျာ၊ ဒီပြင်လူဆိုရင် နှလုံးသားပေါက်ပြီး သေလောက်တယ် ဟုတ်စ၊ ကျုပ်မှာတော့ နံရိုးပေါ် တည့်တည့်ကြီးကျပြီး အခေါင်းမပေါ်ဘဲ၊ အသားဒဏ်ရာလောက်သာ ရလာခဲ့တယ်ဗျာ၊ ဘယ်လောက် ထူးဆန်းသလဲ"

ကျွန်ုပ် ။ ။ "ကံကောင်းတာပေါ့ ဆရာကြီးရယ်"

သိန်း ။ ။ "ခင်ဗျားတို့ကတော့ ကံကောင်းတယ်လို့ ထင်တယ်၊ ကျုပ်ကတော့ ဟိုတုန်းက သေသွားရလျှင်၊ ဒုက္ခတွေ အများကြီး လွတ်သွားတယ်လို့ ထင်ချင်တယ်"

ကျွန်ုပ် ။ ။ "ဘယ်လို ဒုက္ခမျိုးလဲ ဆရာကြီးရဲ့"

သိန်း ။ ။ "လူဆိုတာ တစ်သက်တစ်ခါတော့ သေကြရတာပေါ့၊ အဆန်း မဟုတ်ပါဘူး၊ သို့သော်လည်း ရက်တရက် မသေနိုင်ဘဲနဲ့ တစ်နေ့နေ့တော့ ဘာနိုးနိုးနဲ့၊ သေးအန္တရာယ်ကို မျှော်ပြီး စောင့်နေရတဲ့ အဖြစ်မျိုးက သိပ်ဆိုးတယ် ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ။ ။ (နားမလည်နိုင်သည်နှင့်) "ဘယ်လို မျှော်နေရပုံလဲ ဆရာကြီးရဲ့"

သိန်း ။ ။ "တစ်ခုသော ဘေးအန္တရာယ်ဟာ အမှန် ပေါ်လာမယ်လို့ သိရပြီး၊ ဘယ်အချိန် ဘယ်အခါမှာ လာမယ်လို့ မသိရဘဲ တစောင့်စောင့်နဲ့ မျှော်နေရလျှင် မဆိုးရွားဘူးလား ဒေါက်တာ"

ကျွန်ုပ်။ ။"ယခုပြောတာမျိုးကို ကျွန်တော်တော့ မကြုံဖူးဘူးဗျာ"

သိန်း။ ။"လူသာမန်တွေတော့ ဘာကြုံဖူးမှာလဲ၊ ဒါထက် စိတ်နဲ့ ကိုယ်နဲ့ ခွာတဲ့ အတတ်အကြောင်း ဒေါက်တာ ကြားဖူးရဲ့လား"

ထိုအခါကျွန်ုပ်သည် ကယောင်ချောက်ချား ပြောပြန်ပြီးမှ မှတ်ထင်သည်နှင့် ဦးသိန်း၏မျက်နှာကို လှမ်းကြည့်လိုက်မိရာ၊ ၎င်း၏မျက်လုံးမှာ ကြည်လင်ဖွာ ရှိကြ၍၊ ကောင်းကောင်းကြီး သတိရနေသည့် အဖြစ်ကို တွေ့မြင်ရလေ၏။ သို့ဖြစ်၍

ကျွန်ုပ်။ ။ "ကျွန်တော်တို့ သင်ခဲ့ရတဲ့ ဆေးပညာထဲမှာ ဒီအကြောင်း မပါဘူး ဆရာကြီး"

သိန်း။ ။"ခင်ဗျားက အရှေ့တိုင်းသား ဖြစ်လျက်နဲ့ အနောက်က ပညာတွေသင်ပြီး ကိုယ့်အရှေ့တိုင်းပညာတွေ စွန့်ပယ်ထားတာကိုး၊ အနောက်တိုင်းက လူစုတွေက ကိုယ်ကာယ ကျန်းမာ ချမ်းသာမှုလောက်ကိုသာ ဂရုစိုက်ပြီး၊ စိတ်အကြောင်းကို လုံးလုံးကြီး စွန့်ပယ်ထားကြတာကိုး။စင်စစ်က စိတ်ကရှေ့ဆောင် ရုပ်ကနောက်လိုက် ဖြစ်လေတော့ စိတ်ကိုနိုင်လျှင် ကိုယ်ကို နိုင်တော့တာပဲ ဒေါက်တာ"

ကျွန်ုပ်။ ။ "ဒီအကြောင်းကို ကျွန်တော်တို့ပြည်က ကုလားဘုန်းကြီးများ ပြောသံဆိုသံ ကြားဖူးရဲ့၊ ကိုယ်တိုင်တော့ မလိုက်စားဖူးဘူး ဆရာကြီး"

သိန်း။ ။ "အဲဒါ ဝမ်းနည်းစရာပဲ၊ စိတ်ကို နိုင်လို့ရှိလျှင် ကိုယ်ကို အသာထားခဲ့ပြီး၊ စိတ်အလိုအလျောက် ခွာထွက်သွားနိုင်တယ်ဆိုတာ ယုံရဲ့လား"

ကျွန်ုပ် ။ ။ "ဖြစ်နိုင်ကောင်း ဖြစ်နိုင်ပါလိမ့်မယ်"

သိန်း ။ ။ "အမှန်ဖြစ်နိုင်တယ် ဒေါက်တာ၊ စိတ်ဟာ ရုပ်ထက် တန်ခိုး





သတ္တိ ကြီးတယ်ဗျ၊ ဥပမာ ခင်ဗျားတို့တိုင်းပြည်က ကုလားမျက်လှည့်ဆရာ တစ်ယောက်ဟာ သရက်စေ့တစ်စေ့ကို ချက်ခြင်းစိုက်ပြီး နာရီဝက်အတွင်း သီးအောင် ပွင့်အောင် ပြုလုပ်နိုင်တာကို မြင်ဖူးရဲ့လား"

ကျွန်ုပ် ။ ။ "ကြားတော့ ကြားဖူးတယ်၊ မမြင်ဖူးဘူး၊ သို့သော် ဒီဟာက တကယ်ဖြစ်တာ ဟုတ်မထင်ပါဘူး၊ မျက်လှည့် ထင်ပါရဲ့ ဆရာကြီး"

သိန်း ။ ။ "ခင်ဗျားဟာ ထမင်းစားပြီး တဖြည်းဖြည်း ကြီးလာခဲ့သလို၊ သရက်ပင်ဟာလဲ မြေဆီမြေနှစ်ကို ချက်ခြင်းစုပ်ပြီး ချက်ခြင်းကြီးသွားတာ အမှန်ဗျ၊ မျက်စိလှည့်စားရုံ မဟုတ်ဘူး။ စိတ်ကို လေ့ကျင့်ထားတဲ့လူဟာ ဓာတ်တွေကို နိုင်နင်းပြီး သရက်ပင်လိုဟာမျိုးကို ချက်ခြင်း ကြီးအောင် လုပ်နိုင်တယ်၊ ချက်ခြင်း သေကြေအောင်လဲ လုပ်နိုင်တယ်။ သို့သော် မျက်လှည့်ဆရာဆိုတဲ့ လူမျိုးဟာက စိတ်ကို လေ့ကျင့်ထားတဲ့အထဲမှာ အောက်တန်းစားထဲက ရှိသေးတယ်။ အထက်တန်းစား ရသေ့ရဟန်းများဆိုလျှင်တော့ ဒီလောက် ဘယ်က,မတုန်း၊ သူတို့မှာ စိတ်တန်ခိုးသတ္တိတွေ အများကြီးရှိတယ်"

ကျွန်ုပ် ။ ။ "ဆရာကြီးက လက်တွေ့ ကြုံခဲ့ဖူးလို့လား"

သိန်း ။ ။ "ကြုံခဲ့ဖူးလို့ ကိုယ်ကျိုးနည်းနေတာပေါ့ ဒေါက်တာ၊ ဒီပြင် ကျုပ်လို ကြုံတွေ့ဖူးတဲ့ လူတွေသာ ကျုပ်လို စိတ်ဒုက္ခ မရောက်ကြပါစေနဲ့လို့ ဆုတောင်းပါတယ်"

ကျွန်ုပ်။ ။ "ဒါဖြင့် ကြုံဖူးတဲ့အတွက် ဘာအကျိုးရှိသလဲ ဆရာကြီး"

သိန်း ။ ။ "အကျိုး ရှိမရှိ ဆုံးဖြတ်ဖို့ဟာ လောကမှာ အားကြီးခက်တယ်။ သိချင်တာ ရတဲ့လူက အကျိုးရှိတယ်လို့ ဆိုရင်၊ သိချင်တာ သိရတဲ့လူကလဲ အကျိုးရှိတယ်လို့ ဆိုမှာပဲ၊ သို့သော် ဒီဟာကို ထားလိုက်ပါတော့၊ ဒေါက်တာတို့ ရှင်ကို ကုသတဲ့ လူစုဟာ စိတ်အကြောင်းကို နားလည်အောင် လေ့လာထားလျှင် သာပြီး ခရီးရောက်လိမ့်မယ်"

ထိုအခါ ကျွန်ုပ်သည် ကျွန်ုပ်၏ အသက်မွေးဝမ်းကျောင်း ပညာအကြောင်း ကို အပြင်လူတစ်ယောက်က ဩဝါဒပေးခြင်းကို 'ကြားပြင်းကတ်'သလိုလို ရှိသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြန်တော့မည်ဟု ထိုင်ရာမှ ထပြီးလျှင်၊ သွာခါနီးတွင် လူနာကို သွေးစမ်းကြည့်လိုက်ရာ လူနာမှာ အဖျားသွေး လုံးလုံးမရှိတော့ဘဲ အပူချိန် ဒီဂရီမှာလည်း မှန်တမ်းရှိနေသည်ကို တွေ့ရလေ၏။ ၎င်းနောက် ကျွန်ုပ်သည် အဖျားကျသွားသည့်အတွက် ဝမ်းမြောက်ကြောင်းပြော၍ ပြန်တော့မည်ဟု အခန်းထောင့်၌ ထောင်ထားသော တုတ်ကောက်ကို လှမ်းယူလိုက်ရာ စားပွဲကလေးပေါ်တွင် တစ်စုံတစ်ခုသော အရာကို ဖုံးထားသည့်အဝတ်ကို လက်နှင့် တိုက်မိသဖြင့် ရုတ်တရက် အဝတ်လှစ်သွားသည်ကို မြင်လိုက်မိ၏။ ထိုအရာမှာကား မြေကြီးဖြင့် ပြုလုပ်ထားသည့် လက်ထပ်ကိတ်မုန့်ပုံသဏ္ဌာန် ရှိသည်ဟု မှတ်ထင်လိုက်မိ၏။

ဦးသိန်းသည် အဝတ်လှစ်သွားသည်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် စိတ်ဆိုးသော မျက်နှာထား ဖြစ်ပေါ်လာ၍ နှုတ်မှ ကျိန်ဆို ရေရွတ်လိုက်သည်ကို ကြားလိုက်ရ၏။ ကျွန်ုပ်မှာမူ မတော်တဆ ဖြစ်မိသည့်အတွက် ဝမ်းနည်းကြောင်း ပြောရလေရာ၊ ဦးသိန်းသည် ထိုအခါမှ အမျက်ပြေပျောက်ဟန် လက္ခဏာနှင့် ပြုံးရယ်ပြီးလျှင် ဖုံးထားသော အဝတ်ကို လက်ဖြင့်ကိုင်လှပ်၍ ပြလိုက်၏။

သိန်း ॥ ॥ "ကြည့်သာကြည့်ပါ အရေးမကြီးပါဘူး။ ကျုပ်က ယောင်တတ်လို့ပါ၊ ဟိုတုန်းက ကျုပ်ရောက်ခဲ့တဲ့ ခရီးစဉ်ကို ရွှံ့နဲ့ ပုံလုပ်ပြီး မှတ်သားထားတာပါ" ဟု ပြောပြောဆိုဆိုနှင့် ကျွန်ုပ်အား ပြသလေ၏။

ကျွန်ုပ်သည် ကိတ်မုန့်နှင့်တူသော အရာကို သေချာစွာ ကြည့်ရှုသောအခါ၊ ၎င်းပြောသည့်အတိုင်း ရွှံ့ဖြင့်လုပ်ထားသည့် တောင်ပုံစံဖြစ်၍ နိမ့်သောနေရာများ၊ မြင့်သောနေရာများသည် ပကတိအတိုင်းလိုလိုပင် ကျနစွာရှိသည်ကို တွေ့ရလေ၏။

သိန်း ॥ ॥ "ဒီဟာ တခြားမဟုတ်ဘူးဗျ။ မြန်မာပြည်က တိဘက်ကိုသွားတော့ ဟိမဝန္တာတောင်ကို ကျော်ဖြတ်ရတဲ့ ခရီးစဉ်ပဲ။ ကျုပ်က သေချာတဲ့ဝါသနာရှိလို့ပါပဲဗျာ။ ယခုတော့ အသုံးဝင်တော့တာ မဟုတ်ပါဘူး။

ကျွန်ုပ်။ ။(သေချာစွာ ကြည့်ပြီးနောက်) "ဒီနေရာမှာ ဆေးနီနဲ့ မှတ်သားထားတာက ဘာလဲ ဆရာကြီး"

သိန်း ॥ ॥(မျက်နှာပျက်သွားလျက်) "ဒီဟာ မရဏဂူဆိုတဲ့ လိုဏ်ခေါင်း





ကြီးပါ ဒေါက်တာ၊ ကိုင်း ကိုင်း ကျွန်တော့်အတွက် တိုက်မယ့်ဆေးဝါးများကို ဒေါ်သန်းတင်ဆီမှာ ရေးပြီး ပေးထားခဲ့ပါတော့ ဒေါက်တာ"

ကျွန်ုပ် ॥ ॥ "ကောင်းလှပါပြီ ဆရာကြီး" ဟု ပြောလျက် ကျွန်ုပ်သည် တုတ်ကောက်ကိုယူ၍ အခန်းမှ ထွက်တော့မည် ပြုသည်နှင့် တစ်ပြိုင်နက် အလွန်ထူးဆန်းသော အသံတစ်သံကို ကြားလိုက်ရသည်နှင့် တန့်ခနဲ ရပ်ငေးနေမိ၏။ အသံမှာ မြန်မာများ ဘုရားရှိခိုးသည့်အခါ ကျောင်းများမှ ကြားဖူးရသော အသံမျိုးနှင့် တူလှ၍ အလွန်ကြည်လင်စွာ ရှိသည့်ပြင်၊ ဦးသိန်း၏ ဦးခေါင်းထက်ဆီမှ ဖြစ်ပေါ်လာသည်ဟု ထင်လိုက်ရ၏။ ဦးသိန်းမှာမူ အလွန်အမင်း ပြင်းထန်စွာ ထိတ်လန့်ဘန်လှုပ်သော အမူအရာနှင့် ခေါင်းအုံးပေါ်၌ ပက်လက်လန်ခါ လဲကျသွားသည်ကို တွေ့မြင်လိုက်ရ၏။ ကျွန်ုပ်မှာ အလွန် အံ့သြလှသည်နှင့် အသံကြားရာသို့ မော့ကြည့်လိုက်သော်လည်း၊ မည်သည့်အရာကိုမျှ မမြင်၊ မည်သို့သောနည်းဖြင့် ၎င်းအသံဖြစ်ပေါ်လာသည်ကိုပင် မတွေးတောနိုင်အောင် ရှိနေလေ၏။ ထိုနောက်မှ ဣန္ဒြေဆည်နိုင်သော အခြေသို့ ရောက်လာ၍

သိန်း ॥ ॥ "ကိစ္စမရှိပါဘူး ဒေါက်တာ၊ ကျုပ်အတွက် စီမံထားတဲ့ ခေါင်းလောင်းသံ ဖြစ်ပါတယ်။ ကိုင်း ကိုင်း ကျုပ်သောက်ရမည့် ဆေးဝါးများကို တနဲ့ရေးပြီး၊ ဒေါ်သန်းတင်ကို ပေးထားခဲ့ပါတော့"

ကျွန်ုပ်မှာ ထိုထူးဆန်းသော အသံအကြောင်းကို သိလိုသေးသည်နှင့် စုံစမ်းမေးမြန်းလိုသော်လည်း၊ ဦးသိန်း၏ သွားစေလိုသော ဆန္ဒကို ရိပ်မိသည်နှင့် အခန်းမှ ထွက်လာခဲ့ရလေ၏။ ကျွန်တော်သည် ဒေါ်သန်းတင်အား လူနာအတွက် ဆေးဝါးများ ရေးသားပေးခဲ့ပြီးနောက် မောင်ဘသင်နှင့်အတူ လှည်းဖြင့် ဝက်လက်သို့ ပြန်လာခဲ့စဉ် ဦးသိန်းအကြောင်းကို သိလိုလှသည်နှင့် တီးခေါက်စုံစမ်း ကြည့်ခဲ့သေး၏။ သို့ရာတွင် မောင်ဘသင်မှာ ၎င်းကိုယ်တိုင် စုံလင်စွာ မသိရသောကြောင့်သော်လည်းကောင်း၊ သို့တည်းမဟုတ် မပြောလိုသောကြောင့် သော်လည်းကောင်း၊ ရှောင်ရှောင်လုပ်၍ စကားပြောနေရကား၊ နောက်တစ်ကြိမ် ပင့်ခေါ်သောအခါမှ ဦးသိန်းကိုယ်တိုင်ထံမှ ၎င်း၏ ရှေးဟောင်းနှောင်းဖြစ်များ အကြောင်းကို တီးခေါက်



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းရရှိတော့မည်ဟု မျှော်လင့်အားထား လာခဲ့မိ၏။ သို့ရာတွင် ကျွန်ုပ်၏ မျှော်လင့်ချက်မှာ အချည်းနှီး ဖြစ်လေတော့၏။ အကြောင်းကိုဆိုသော် နောက်တစ်နေ့တွင် ဦးသိန်းထံမှ စာတစ်စောင် ရရှိလေရာ၊ ၎င်းစာ၌ ဦးသိန်းမှာ ကောင်းစွာ ကျန်းမာလာပြီဖြစ်၍ ကျေးဇူးတင်ရှိကြောင်း၊ နောက်ထပ်၍ ဒေါက်တာ လာရောက်ရန် မလိုတော့ကြောင်းများနှင့် ပါရှိ၍၊ ဆေးဖိုးဝါးခနှင့် ခြေကြွအတွက်ပါ တစ်ပါတည်း ပေးပို့လိုက်သောကြောင့် ဖြစ်ပေ၏။

ဤသည်ကား ဦးသိန်းအကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ် သိရှိရသမျှ အလုံးစုံပေတည်း။

ဦးသိန်းအကြောင်းကို သိလိုသူ မိတ်ဆွေများက ဦးသိန်းသည် မိမိစိတ်ကို မိမိ အစိုးရသော လူတစ်ယောက် ဟုတ် မဟုတ်၊ ရူးသွပ်သော ရောဂါဝေဒနာ စွဲကပ်ခြင်း ရှိမရှိ အကြောင်းများကို မေးမြန်းစုံစမ်းကြဖူးရာ၊ ကျွန်ုပ်၏ ထင်မြင်ချက်မှာ ဦးသိန်းသည် အနည်းငယ်မျှ စိတ်၌ ချွတ်ယွင်းတိမ်းစောင်းခြင်း မရှိရုံမျှမက၊ အကြားအမြင် ဗဟုသုတများသော လူကြီးတစ်ယောက် ဖြစ်သည်ဟု ရဲရဲစွာ ထွက်ဆိုဝံ့ပေကြောင်း။ သို့သော် ၎င်း၏ ရုပ်လက္ခဏာမှာမူကား ချွတ်ယွင်းသောအချက်များ ရှိသည်ဖြစ်၍၊ ရုတ်တရက် ရောင်တာခင် တိမ်းပါး ယိမ်းပါး ဖြစ်ခဲ့သည်ရှိသော် အံ့ဩဖွယ်ရာ ရှိမည် မဟုတ်ချေ။

## အခန်း ၁၀

ကျွန်တော်ရေးသားမည့် အကြောင်းအရာများကို ထောက်ခံချက် သဘောအနေဖြင့် ထမင်းချက်ဦးကူးနှင့် ဆရာဝန် ချက်တာဂျီတို့၏ ရေးသားချက်များကို ထည့်သွင်းဖော်ပြ ပြီးပြီ ဖြစ်၍ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ရသော အဖြစ်အပျက်များကို ဆက်လက်ဖော်ပြပေမည်။ ကျွန်တော်ကိုယ်တိုင် ဖော်ပြခဲ့သော အကြောင်းအရာများမှာ တရုတ်ကပြား လောလျံ ဆိုက်ရောက်လာသည့်နေ့အထိ ရောက်ရှိကြောင်းကို စာဖတ်သူတို့ သတိပြုမိကြမည်ဖြစ်ရာ၊ ဒေါက်တာ ချက်တာဂျီ ဖော်ပြခဲ့သော အကြောင်းအရာများမှာမူ ထိုထက် ရက်သတ္တ အနည်းငယ်မျှ အလျင်ကျပေလိမ့်မည်။

ကျွန်တော်မှာ ဦးသိန်းကိုယ်တိုင်နှင့် တွေ့ဆုံ၍ ဗေဒင်ပညာအကြောင်းကို ဆွေးနွေးရသည့်နေ့မှစ၍ မမြရင်ကို လည်းကောင်း၊ ကိုဘသင်ကို လည်းကောင်း တွေ့ဆုံခွင့်လည်းမရ၊ သတင်း တစ်စုံတစ်ရာမျှလည်း မကြားခဲ့ရဘဲ ရှိခဲ့ရကား၊ ၎င်းတို့ အိမ်သားများအတွက် များစွာ ပူပန်စိုးရိမ်ခြင်း ဖြစ်ခဲ့ရ၏။ နှမ မတင်ကြည်လည်း ကျွန်တော်နည်းတူ စိုးရိမ်ရှာပေလိမ့်မည်။ သို့သော် မောင်ကြီးဖြစ်သည့်အလျောက် ၎င်း၏အပူထုပ်ကို ဖြေ၍မပြဘဲ၊ ကျွန်တော်၏ အရိပ်အကဲကိုသာလျှင် ကြည့်လျက်ရှိ၏။ ကျွန်တော်မှာလည်း နံနက်တိုင်းနှင့် ညနေတိုင်းပင် လမ်းလျှောက်ထွက်ပြီး တင်းပေါက်ဆီသို့ မျှော်ကြည့်မိရာ၊ မောင်နှမ နှစ်ယောက်လုံး မည်သူ့ကိုမျှ မတွေ့ရဘဲ အိမ်တွင်းပုန်းများ ကပ်နေကြရဟန် လက္ခဏာရှိ၏။

သို့ရာတွင် တပေါင်းလဆန်း ၁၃ ရက်နေ့၌ကား၊ ရွာကျောင်းသားကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် ကျွန်တော့်ထံ စာတစ်စောင်ယူခဲ့ရာ၊ ကျွန်တော်တို့ မောင်နှမသည် ဝမ်းသာအားရနှင့် အောက်ပါစာကို စိတ်အားထက်သန်စွာ ဖတ်ရှုကြရလေ၏။

**ချစ်မိတ်ဆွေများ**

ကျွန်တော်တို့ မောင်နှမအတွက် ခင်ဗျားတို့ မောင်နှမက စိုးရိမ်ပူပန်ခြင်း ဖြစ်နေကြလိမ့်မည်ဟု သိရှိရသည်အလျောက် အနည်းငယ် စိတ်သက်သာခွင့် ရကြစေရန် ဤစာကို ရေးသားပေးပို့ လိုက်ရပါသည်။ကျွန်တော်တို့မှာ အိမ် မှထွက်လာဖို့ မဆိုထားဘိ၊အခန်းထဲမှထွက်၍ ပြတင်းပေါက်မှ ရပ်ကြည့်ဖို့ပင် အခွင့် မရကြပါ။သို့သော် ကျွန်တော်တို့ကို အတင်းအကြပ် ပိတ်လှောင်ထားခြင်းကား မဟုတ်၊ နှုတ်ကတိဖြင့် အကျယ်ချုပ် ချုပ်ထားခြင်းမျှသာ ဖြစ်ပါသည်။ ကျွန်တော်တို့က လပြည့်နေ့မတိုင်မီ ဘယ်ကိုမျှလည်း မသွား၊ ပြတင်းပေါက်ကပင် ရပ်၍ မကြည့်ပါဟု ကတိထားလိုက်ရသည့်နည်းတူ၊ ဖခင်ကလည်း လပြည့်နေ့ကျော်လွန်သည့်အခါ လွတ်လပ်စွာ နေထိုင်ခွင့်ပြုပါမည်ဟု အပြန်အလှန် ကတိထားပါသည်။

ကျွန်တော်တို့ ဖခင်သည် နှစ်စဉ် တပေါင်းလပြည့်နေ့ ရောက်တိုင်းရောက်တိုင်း အထူး သတိဝီရိယနှင့် နေထိုင်လေ့ရှိကြောင်းကို ယခင်က ပြောပြခဲ့ပြီးဖြစ်ရာ၊ ယခုနှစ်မှာ အခါတိုင်းထက်ပင် တိုး၍ စိုးရိမ်ရသည်ဆို၍ အထူး သတိဝီရိယနှင့် နေထိုင်ရပါသည်။ ကျွန်တော်တို့ စိုးရိမ်နေကြသော ဘေးအန္တရာယ်မှာ စိတ်ထဲက အရမ်းမဲ့ တွေးတောပူပန်နေကြရသော ဘေးအန္တရာယ်မဟုတ်၊ အမှန်စင်စစ်





ဆိုက်ရောက်မည့်ဘေးမျိုး ဖြစ်ပါသည်။ သို့မဟုတ်ခဲ့လျှင် ကမ္ဘာ့ အရှေ့ပိုင်း၌ အနှံ့အပြား လှည့်လည်သွားလာခဲ့ဖူးသော ကျွန်တော်တို့၏ဖခင်သည် ယခုကဲ့သို့ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်မည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ အရပ်ရပ်ကိစ္စ ချောမောခဲ့ပါလျှင် လပြည့်ကျော် တစ်ရက်နေ့တွင် ကျွန်တော်တို့မောင်နှမ ဆက်ဆက်ကြီး ရောက်အောင် လာခဲ့ပါမည်။

ဘသင်

အထက်ပါစာကို ဖတ်ရှုကြရသောအခါ၊ကိုဘသင်တို့ မောင်နှမမှာ အတင်းအကျပ် ပိတ်လှောင်ထားခြင်း ခံရသည် မဟုတ်ကြောင်း သိရှိရသဖြင့် ကျွန်တော်တို့မှာ စိတ်သက်သာရာ ရကြ၏။ သို့ရာတွင် မည်ကဲ့သို့မျှ ကူညီရန် တတ်နိုင်ကြသည့် အတွက်မူကား ဝမ်းနည်းကြရ၏။

၎င်းတို့ စိုးရိမ်ပူပန်နေကြရသော ဘေးအန္တရာယ်သည် မည်သည့်အရပ်မှ ပေါ်ပေါက်လာလေမည်ကို တစ်နေ့အတွင်း အကြိမ်ပေါင်း ၅၀ မက တွေးတောမိကြ၏။ သို့ရာတွင် ကွက်စိပ်ရိုက်၍ တွေးကြလေလေ၊ ကျေနပ်လောက်အောင် မတွေးတောနိုင်ဘဲ ရှိကြလေလေ ဖြစ်နေကြရလေ၏။

နောက်ဆုံးတွင်မူကား မည်သည့် ဘေးအန္တရာယ်မျိုးနှင့် ကြုံတွေ့ကြရသည်ဖြစ်စေ၊ လပြည့်နေ့ဆိုသည်မှာ ၂ ရက်မျှသာ ကျန်တော့သည် ဖြစ်သောကြောင့် အလွန်ဆုံးအားဖြင့် ၃ ရက်မျှ ကြာလွန်သောအခါတွင် လူချင်း မျက်နှာချင်းဆိုင် ဆုံတွေ့ကြရချေတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် တစ်ယောက်ကိုတစ်ယောက် အားပေးနေကြ လေတော့၏။ ထိုအချိန်ကာလ အတောအတွင်း၌ ထူးဆန်းအံ့ဩဖွယ်သော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာခဲ့ပြန်သဖြင့်လည်း ကျွန်တော်တို့ စောင့်ဆိုင်းရခြင်းမှာ အချိန်ကုန်မှန်း မသိလိုက်ရသကဲ့သို့ ဖြစ်ရပေသေး၏။ ထိုအကြောင်းကို နောက်တစ်ခန်းတွင် သီးသန့် ရေးသားဖော်ပြ ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၁

တပေါင်းလဆန်း ၁၄ ရက်နေ့ နံနက်၌ ကျွန်တော်နှင့် နှမ မတင်ကြည်တို့သည် နေအိမ်မှ လမ်းလျှောက်ရန် ထွက်လာခဲ့ကြရာ၊ ကျတ်တီးကုန်းအိမ်ကြီးနှင့် ဟာလင်းကြီးရွာ အကြားရှိ ကုန်းမြင့်သို့ ရောက်ကြသောအခါ၊ ကုန်းထိပ်၌ အမောပြေ ထိုင်နေကြရင်း ကျတ်တီးကုန်းနေအိမ်ကြီးသို့ မျှော်ကြည့်နေကြလေ၏။ နက်ဖြန်သည်ကား လပြည့်နေ့ဖြစ်သောကြောင့် ဤ ၂ ရက်မျှ ချောမောခဲ့လျှင် ကိုဘသင်တို့နှင့် တွေ့ဆုံရချေတော့မည်ဟု စိတ်အားတင်းလျက် ရှိနေကြ၏။

ကျွန်တော်တို့သည် ဤအကြောင်းကို ပြောဆိုရင်း ကျတ်တီးကုန်းဘက်သို့ မျှော်ကြည့်နေကြစဉ်၊ ဝေးလံသောအရပ်မှ တဂူးဂူးမြည်သော အသံများကို ကြားရသည်နှင့် အသံကြားရာဖြစ်သော အရှေ့မြောက်အရပ်သို့ မျှော်ကြည့်မိကြ၏။ ပထမ၌ လေမုန်တိုင်းကျခြင်း ဖြစ်လေမည်လောဟု မတင်ကြည်က တွေးတောသေး၏။ ကျွန်တော်ကမူ လေမုန်တိုင်းမဟုတ်နိုင် လေယာဉ်ပျံ ပျံသောအသံနှင့် တူသည်ဟု ပြောမိသော်လည်း ထိုအရပ်သို့ တစ်ကြိမ်တစ်ခါမျှ လေယာဉ်ပျံများ ပျံသန်းဖူးသည် မရှိသောကြောင့် ဟုတ်နိုင်မည် မထင်ဟု ပြောမိကြ၏။

နောက်ဆုံး၌ ကျွန်တော်တို့ မျှော်ကြည့်နေကြသည့် အရှေ့မြောက်အရပ်ဆီမှ ငှက်ကလေးတစ်ကောင် ဝဲလာသကဲ့သို့ ရေးရေးမျှ မြင်ကြရလေရာ မကြာမီ ထိုအရပ်၌ ရှိသမျှသော ငှက်တို့သည် ကောင်းကင်၌ ပျံဝဲလျက် ရှိကြသောကြောင့် ကောင်းကင်တစ်ခုလုံး ငှက်များဖြင့် ပြည့်လျက်ရှိနေလေ၏။ထိုအတောအတွင်း





၌ လေယာဉ်ပျံသည် ကျွန်တော်တို့ရှိရာသို့ ရှေးရှုပျံသန်းလာလေရာ၊ ၎င်းဒေသ ဘက်လျှောက်၌ရှိသော ကျေးရွာများမှ ယောက်ျား မိန်းမနှင့် ကလေးသူငယ်မကျန် လေယာဉ်ပျံကို တစ်ကြိမ်တစ်ခါမျှ မမြင်ကြရဘူးသောကြောင့် လယ်ပြင် ကွင်းပြင် စသည်တို့မှ အသီးသီး သူ့ထက်ငါ ထွက်၍ ကြည့်နေကြလေ၏။

လေယာဉ်ပျံသည် ကျွန်တော်တို့၏ ဦးခေါင်းပေါ်သို့ ရောက်သည်နှင့်တစ် ပြိုင်နက် စက်ကိရိယာနှင့် ပတ်သက်၍ ရုတ်တရက် အခက်အခဲ ကြုံတွေ့သည့် လက္ခဏာနှင့် ရှေ့သို့တိုးခြင်းငှာ မတတ်နိုင်ဘဲ၊ ၎င်းနေရာ၌ပင် တဝဲဝဲ တလည် လည် ရှိနေလေရာ မတွေ့ကြုံဘူးသော တောသူ တောင်သားများကမူ၊ ၎င်းတို့ အတွက် အဆန်းအပြားဖြစ်အောင် ပျံဝဲ၍ ပြနေသည်အထင်နှင့် လက်ခုပ်လက်ဝါး တီးကာ ရယ်မောကြည့်ရှု နေကြလေ၏။

လေးငါးခြောက်ပတ်မျှ ပျံဝဲပြီးသော် လေယာဉ်ပျံသည် နိမ့်ကျသည်ထက် နိမ့်ကျလာ၍ အင်ဂျင်စက်များမှလည်း မီးခိုးများ တအူအူ ထွက်လျက်ရှိလေ၏။ နောက်ဆုံး၌ လေယာဉ်ပျံမောင်းသမားသည် ဆက်လက်ပျံသန်းဖို့ လက်လျှော့ သည့်လက္ခဏာနှင့် အောက်သို့ဆင်းသက်ရန် ကွင်းပြင်ကောင်းကောင်းကိုသာ ရှာဖွေနေဟန် တူလေရာ လေယာဉ်ပျံသည် လျောကျသည်ထက် လျောကျလာပြီး နောက်၊ ရိုးပြတ်များဖြင့် ပြည့်လျက်ရှိသော လယ်ကွင်းထဲသို့ ရုတ်တရက် ထိုးဆင်း သိုက်လေ၏။

ရွာနီးချုပ်စပ် တစ်လျှောက်မှ ကြည့်ရှုနေကြသော ရွာသူရွာသားများသည် လေယာဉ်ပျံ ဆင်းသက်သည်ကို မြင်ကြသောအခါ နီးကပ်စွာ ကြည့်ကြကုန်အံ့ ဟု သူ့ထက်ငါ တိုးဝှေ့ကာ လယ်ကွင်းဆီသို့ ဆူညံစွာ ပြေးလွှားကြလေရာ၊ ကျွန်တော်တို့ မောင်နှမမှာလည်း ၎င်းတို့နှင့်အတူ လယ်ကွင်းဆီသို့ ပြေးသွားကြလေ၏။

လယ်ကွင်းမှာ ရိုးပြတ်များနှင့် ပြည့်လျက်ရှိသော်လည်း မြေပြင် ညီညာလှ သည် ဖြစ်သောကြောင့် လေယာဉ်ပျံဘီးများသည် မြေနှင့် ထိချည် ခွာချည် နှစ်ကြိမ် ဖြစ်သွားပြီးနောက် မြေပြင်တစ်လျှောက် လိမ့်သွား၍ ကန်သင်းနှင့် တိုက်မိတိုက်



www.burmeseclassic.com

www.burmeseclassic.com



ခင် ရှိသောနေရာတွင် ရပ်တန့်နေလေ၏။ ကျွန်တော်တို့နှင့် တကွ ကြည့်ရှုနေကြသော ပရိသတ်များသည် လေယာဉ်ပျံဆိုက်ရာသို့ ပြေးသွားကြလေရာ၊ ကျွန်တော်တို့ ရောက်သွားကြသောအခါ လေယာဉ်ပျံပေါ်မှ ဥရောပတိုက်သား ခရီးသည် ၃ ယောက်၊ လေယာဉ်ပျံမောင်းသူနှင့် စက်ဆရာတစ်ယောက်တို့သည် ကတိုက်ကရိုက် ဆင်းသက်လျက် ရှိကြလေ၏။ ဤမျှနှင့် လူကုန်ချေပြီဟု ကြည့်နေကြစဉ် နောက်ဆုံး၌ တရုတ်ဘုန်းကြီး သုံးပါးတို့သည် အခြားသူများကဲ့သို့ ပျာယီးပျာယာ အမူအရာမရှိဘဲ ခပ်အေးအေးနှင့် ခြေလှမ်းမှန်မှန် ဆင်းသက်လျက် ရှိကြလေ၏။ လေယာဉ်ပျံ အရာရှိများနှင့်တကွ ခရီးသည်များမှာ မရည်ရွယ်ဘဲနှင့် ရုတ်တရက် သက် ဆင်းရခြင်း ဖြစ်သောကြောင့် ချွတ်ယွင်းသော စက်ကိရိယာများမှ မီးထ၍ တောက်နေမည်လောဟု စိုးရိမ်ကြဟန် တူပေရာ၊ တရုတ်ဘုန်းကြီး သုံးပါးတို့မှာမူ ထိုအကြောင်း နားမလည်သောကြောင့် သော်လည်းကောင်း၊ ဂရုမစိုက်သောကြောင့် သော်လည်းကောင်း ခြေလှမ်းမပျက်ဘဲ ဣန္ဒြေရရ ဆင်းသက်နေကြလေ၏။

သွားရောက်ကြည့်ရှုကြသော ပရိသတ်များအနက်တွင် ကျွန်တော်တစ်ယောက်တည်းသာလျှင် အင်္ဂလိပ်စကားပြောတတ်သူ ပါရှိသည်အလျောက် ကျွန်တော်မှာ ရှေ့ဆုံးသို့ တိုးဝင်၍ လေယာဉ်ပျံ အရာရှိများအား မည်သို့သော အကူအညီ အလိုရှိသည်ကို စုံစမ်းမေးမြန်းလေ၏။ လေယာဉ်ပျံ အရာရှိက မိမိတို့ ရှေးဦးစွာ အလိုရှိသော အရာမှာ၊ တည်းခိုရန် နေရာပင် ဖြစ်ပါသည်ဟု ပြောသည်နှင့် ကျွန်တော်က ကျွန်တော်တို့၏နေအိမ်တွင် ခရီးသည်များအားလုံး အဆိုက် အလျောက် တည်းခိုနိုင်ရန် စီမံပေးမည်ဟု တာဝန်ခံယူ လိုက်ရလေ၏။

နောက်ဆုံး၌ လေယာဉ်ပျံ အရာရှိများနှင့် ဥရောပတိုက်သား ခရီးသည်များသည် ကျွန်တော်တို့နှင့်အတူ လိုက်ရန် ပြင်ဆင်ကြလေရာ တရုတ်ဘုန်းကြီး သုံးပါးကမူ မလိုက်လိုကြကြောင်းနှင့် ငြင်းဆန်၍၊ ၎င်းတို့၏ လွယ်အိတ်ငယ်များကိုသာ ကိုယ်စီ ကောက်ယူ လွယ်ပိုးကြလေ၏။ သို့ဖြစ်ရကား ရွာသားနှစ်ယောက်တို့ကို လေယာဉ်ပျံစောင့်ရန် မှာထားခဲ့ပြီးနောက်၊ ကျွန်တော်တို့ မောင်နှမသည်





လိုက်လိုသူများကို နေအိမ်သို့ ခေါ်ဆောင်သွားကြလေရာ၊ ရွာသူရွာသားများသည်လည်း နောက်မှ လိုက်ပါလာကြလေ၏။ တရုတ်ဘုန်းကြီးများမူကား ကျွန်တော်တို့နောက်သို့ မလိုက်ဘဲ၊ ဘုန်းကြီးကျောင်းပျက်ကြီးတစ်ဆောင် ရှိရာသို့ ရှေ့ရှု ထွက်သွားကြလေ၏။

နေအိမ်သို့ ရောက်ကြသောအခါ ကျွန်တော်တို့သည် ခရီးသည်များအား နေရာထိုင်ခင်းပေး၍ ၎င်းတို့ စားသောက်ရန်အတွက် နံနက်စာချက်ပြုတ်ဖို့ ကျွန်တော်က စီမံရလေ၏။၎င်းနောက် ကျွန်တော်သည် ခရီးသည်များ နှင့် စကားပြောဆိုနေရာ၊ စက်ဆရာနှင့် လေယာဉ်ပျံမောင်းသမားတို့က ၎င်းတို့အဖြစ်အပျက်ကို အင်္ဂလိပ်လို ပြောပြလေ၏။

စက်ဆရာ ။ ။ "သိပ် ထူးဆန်းတာပဲ မိတ်ဆွေ၊ စက်မှာလည်း ဘာမှ အပြစ်ရှာလို့ မရဘူး၊ ဓာတ်ဆီလည်း အများကြီး ကျန်သေးတယ်၊ ဒါနဲ့တောင် လေယာဉ်ပျံ မောင်းလို့မရတာ အလွန်ပဲ အံ့သြဖို့ကောင်းတယ်"

မောင်းသမား ။ ။ "ကျွန်ုပ်လည်း တစ်ခါမှ ဒီလို မကြုံဖူးဘူး၊ ကျွန်ုပ်က ဘည့်တည်မောင်းတယ်၊ လေယာဉ်ပျံက လက်ယာဖက်ကို ချိုးတယ်၊ တစ်ပတ်ပြီး တစ်ပတ် တစ်ပတ်ပြီးတစ်ပတ် လှည့်ပြီး နောက်ဆုံးမှာ ရှေ့တိုးလို့ မရလေတော့၊ ကွင်းထဲကို ထိုးဆင်းချလိုက်ရတယ်၊ တိမ်းမှောက်မသွားတာ ကံကောင်းသေးတယ်"

စက်ဆရာ။ ။ "ကျွန်တော်ကတော့ တရုတ်ဘုန်းကြီးသုံးပါး တက်လာကတည်းက တစ်ခုခုတော့ ဖြစ်ကြတော့မှာပဲလို့ စိုးရိမ်မိသားကပဲ"

ခရီးသည်တစ်ယောက် ။ ။ "ဒါဖြင့် ဘာကြောင့် တင်လာကြသေးသလဲ"

စက်ဆရာ ။ ။ "အထက်က အမိန့်ကိုဗျ၊ သူတို့က အထက်လူကြီးကို သွားကပ်ကြလေတော့ အထက်လူကြီးအမိန့်ကို ကျွန်တော်တို့ မဖီဆန်နိုင်ဘဲ တင်ခဲ့ကြရတာကိုး"

ကျွန်တော် ။ ။ "သူတို့က ဘယ်မြို့က တက်စီးလာကြတာလဲ"

မောင်းသမား ။ ။ "တိဘက်ပြည် လာဆာမြို့ကဗျ"

ကျွန်တော် ။ ။ "ခင်ဗျားတို့က ဘယ်ကစပြီး ပျံလာခဲ့ကြသလဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်းသမား ။ ။ "နန်ကင်းမြို့က ပျံလာခဲ့ကြတယ်"

ကျွန်တော် ။ ။ "ဒီလမ်းအတိုင်း သွားနေကြပဲလား"

မောင်းသမား ။ ။ "ဘယ်က ဟုတ်လိမ့်မှာလဲဗျာ၊ ဒီတစ်ခေါက်မှာ အထက်အရာရှိကြီးများက ဘာစိတ်ကူးရတယ် မဆိုနိုင်ပါဘူး၊ တိဘက်က လှည့်ပြီး သွားရမယ်လို့ အမိန့်ပေးလိုက်ကြတယ်"

ကျွန်တော် ။ ။ "သွားဖို့က ဘယ်ကို သွားဖို့လဲ"

မောင်းသမား ။ ။ "ရန်ကုန်ကို သွားဖို့ဗျ၊ အခုတော့ လေယာဉ်ပျံကို ဒီမှာ ခဏထားခဲ့ပြီး မီးရထားနဲ့ ဆက်လိုက်ကြရတော့မှာပေါ့"

ကျွန်တော်။ ။ "ဒီက ဆက်ပျံလို့ မရဘူးလား"

မောင်းသမား ။ ။ "လယ်ကွင်းထဲက အရှိန်ရအောင် ထ,ပျံဖို့ မဖြစ်နိုင်ပေဘူး"

ခရီးသည်တစ်ယောက် ။ ။ "ကျုပ်တော့ မဟုတ်တော့မှ လွဲရော တရုတ်ဘုန်းကြီးတွေက ပြုစားထားတယ် ထင်တာပဲ"

ကျွန်တော် ။ ။ (အံ့ဩစွာနှင့်) "ဘာကြောင့် ဒီလိုထင်နိုင်ပါသလဲဗျာ"

ခရီးသည် ။ ။ "ဗန်းမော်မြို့ လွန်ကတည်းက သူတို့မှာပါတဲ့ မြေပုံကြီး တစ်လိပ်ကို ဖြေကြည့်ပြီး၊ တစ်ပါးက ရွှေဘိုမြို့နားဆီကို ထောက်ပြပြီး ဟာလင်း ဟာလင်းနဲ့ ရွတ်နေသံ ကြားရတယ်။ ဘာ အဓိပ္ပာယ်လဲတော့ မဆိုနိုင်ဘူး"

ကျွန်တော် ။ ။ "ဒီဟာ ဟာလင်းရွာပဲ ခင်ဗျ"

ခရီးသည် ။ ။ "တန်တော့ဗျို့ ဟုတ်ပြီ၊ဒီရွာနားမှာ ဆင်းရအောင် သူတို့ စီမံနေတာပဲ"

မောင်သမား ။ ။ "ကျုပ်က ဒီဟာမျိုးတွေကို ယုံတော့ မယုံတတ်ပါဘူး၊ နို့ပေမယ့် လေယာဉ်ပျံကို လုံးလုံး လှည့်မရဘဲ သူသွားချင်ရာ အတင်းသွားနိုင် နေပုံ ထောက်လိုက်တော့၊ ဟုတ်ကောင်း ဟုတ်နေမလား မဆိုနိုင်ဘူး"

အခြား ခရီးသည်တစ်ယောက်။ ။ "မဟုတ်နိုင်တာ ကဘဲဗျာ၊ ဒီခေတ် ကြီးမှာ ဒါမျိုးတွေ မရှိနိုင်ပါဘူး၊ စက်ပျက်လို့ ဖြစ်ပါလိမ့်မယ်"





စက်ဆရာ ။ ။ (မခံချင်သော အမူအရာနှင့်) "ကျုပ်စက်ကို ကျုပ် နားလည်တယ်။ နည်းနည်းကလေးမှ မချွတ်ယွင်းဘူး၊ အားလုံး ကောင်းတယ်"

ခရီးသည် ။ ။ "ဒါဖြင့် မောင်းတာ ဟန်မကျလို့ဘဲဗျ"

မောင်းသမား ။ ။ "ဟေ့ ဆရာ၊ကျုပ် လေယာဉ်ပျံမောင်းလာတာ ၃နှစ် ရှိပြီ။ကျုပ်ကိုတော့ နာမည် မဖျက်ပါနဲ့။ ကျုပ်အလုပ်ကို ကျုပ်နားလည်ပါတယ်"

ၾငင်းနောက် ကျွန်တော်သည် ခရီးသည်များအတွက် နံနက်စာ ပြင်ဆင် ကျွေးမွေး၍ ဝက်လက်ဘူတာသို့ လှည်းနှင့်ပို့ရန် စီမံပေးလေရာ၊ ခရီးသည်များ သည် ကျွန်တော်တို့ အိမ်သူအိမ်သားများအား ကျေးဇူး အလွန်တရာ တင်ရှိကြောင်း ပြောဆို၍ ရန်ကုန်ရထားနှင့် လိုက်ကြရန်အတွက် ဝက်လက်ဘူတာရုံသို့ ထွက်သွား ကြလေ၏။ ကျွန်တော်မှာ ၎င်းတို့ကို ဘူတာရုံသို့ရောက်အောင် ပို့လိုသော်လည်း အရေးကြီးသော လပြည့်နေ့ နီးကပ်နေပြီ ဖြစ်သောကြောင့်၊ မပို့နိုင်ဘဲ နှုတ်ဆက်၍သာ လွှတ်လိုက်ရလေ၏။တရုတ်ဘုန်းကြီး သုံးပါးတို့မှကား ၎င်းတို့နှင့်အတူ လိုက်ပါ၍ မသွားကြ၊ ပေါ်လည်း မပေါ်လာချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၂

ထိုနေ့ညဉ့် ကျွန်တော်မှာ တရုတ်ဘုန်းကြီးသုံးပါး အကြောင်းကို သိလိုလှသည်ဖြ
၍ အိမ်မှ တစ်ယောက်တည်း ထွက်လာခဲ့ပြီးလျှင် ၎င်းတို့ ခြေဦးလှည့်သွားသည်
ကို မြင်လိုက်ရသည့် ဘုန်းကြီးကျောင်းပျက်ဆီသို့ လျှောက်လာခဲ့လေ၏။ လမ်း
လျှောက်လာစဉ် ကျွန်တော်သည် တရုတ်ဘုန်းကြီးများ၏ တန်ခိုးသတ္တိအကြောင်း
နှင့် ပတ်သက်၍ စက်ဆရာနှင့် လေယာဉ်ပျံမောင်းသမားတို့ ပြောခဲ့ကြဖူးသော
စကားများကို စဉ်းစားတွေးတောလာခဲ့ရာ၊၎င်းတို့ ပြောသည့်အတိုင်း တထစ်ချ
မယုံကြည်စေကာမူ စုံစမ်းကြည့်ထိုက်သော အခြေခံရှိသည်ဟူ၍ သဘောပိုက်
၏။ မည်သို့ပင်ဖြစ်စေ ဤနယ်၌ တရုတ်ဘုန်းကြီးသုံးပါး ဆိုက်ရောက်နေခြင်း
သည် အမှန်စင်စစ် စုံစမ်းထောက်လှမ်းထိုက်သော အခြင်းအရာတစ်ခု ဖြစ်သည်ဟု
သဘောရသည့်အတိုင်း ၎င်းတို့နှင့် ကိုယ်တိုင် တွေ့ဆုံမေးမြန်းကြည့်ရန် ထွက်
လာခဲ့ခြင်း ဖြစ်လေသည်။

ဘုန်းကြီးကျောင်းပျက်ကြီးမှာ ဇရပ်များ ခြံရံလျက်ရှိရာ၊ ကျွန်တော်သည်
ကျောင်းပရဝုဏ်နှင့် တစ်ခေါ်လောက်သို့ ရောက်လျှင်ပင် ဇရပ်ပျက်တစ်ဆောင်
၌ ရပ်လျက် မျှော်ကြည့်နေသော တရုတ်ဘုန်းကြီးတစ်ပါးကို တွေ့မြင်ရသဖြင့်
သုတ်သုတ် လျှောက်သွားလေ၏။အနီးသို့ရောက်လျှင် အသက် ၃၀ ကျော်မျှ ထင်
၍၊ ဣန္ဒြေအလွန်ကြီးလျက် သက်န်းအပြည့်အစုံ ရုံထားသော တရုတ်ဘုန်းကြီး
တွေ့မြင်ရလေရာ၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တို့မည်သည်မှာ မည်သည့်လူမျိုး





ဝတ်သော ဘုန်းကြီးပင်ဖြစ်စေ၊ ဗုဒ္ဓဘာသာရဟန်း ဖြစ်ခဲ့လျှင် ရှိခိုးပူဇော်ထိုက်သည်
ဟု မှတ်ယူကြသော ထုံးစံအတိုင်း ဇရပ်အောက်မှ ဝပ်၍ ဝတ်ချလေ၏။

ထိုအခါ တရုတ်ဘုန်းကြီးသည် လက်ပိုက်ခါ ကျွန်တော့်အား ကြည့်နေ
ရာမှ "ဘာ အလိုရှိသလဲ"ဟု ပါဠိဘာသာဖြင့် မေးလိုက်ရာ၊ ကျွန်တော်မှာ အိုင်အေ
တန်း၌ ပါဠိဘာသာ သင်ကြားခဲ့ဖူးသည့်အလျောက် အနည်းငယ် နားလည်သဖြင့်
ဖူးမြော်ကန်တော့ရန် လာရောက်ရကြောင်း၊ အလိုရှိသော အရာဝတ္ထုရှိပါက လှူဒါန်း
လိုပါကြောင်းနှင့် ပြန်လျှောက်လေ၏။

ဘုန်းကြီး။ ။ "လှူဒါန်းလိုလို့ လာသလား၊ ငါတို့ကို ကြည့်လိုလို့
လာသလား"

ကျွန်တော် ။ ။ "ကြည့်လည်း ကြည့်လို၊ လှူလည်း လှူလိုလို့ပါဘုရား"

ဘုန်းကြီး။ ။ "ကောင်းစွ ကောင်းစွ၊ ငါတို့လိုသမျှ ငါတို့မှာ အပြည့်
အစုံ ပါသည်၊သို့သော် သင်၏ သဒ္ဓါတရားအတွက် အကျိုးရှိစေလတံ့၊ သင်၏
အလိုဆန္ဒ ပြည့်လတံ့"

ထိုအခါ ကျွန်တော်က ကျွန်တော်၌ မည်ကဲ့သို့သော အလိုဆန္ဒမျိုးရှိသည်
ဟူ၍ သိနိုင်ပါသနည်းဟု မေးရာ၊ ဘုန်းကြီးက ပုဂ္ဂိုလ် သတ္တဝါဆိုလျှင် အလို
ဆန္ဒတစ်ခုခု ရှိရမြဲဖြစ်ကြောင်း၊ ကျွန်တော်၌ အလိုဆန္ဒ အမျိုးမျိုးရှိခဲ့လျှင်၊
အနီးဆုံးဖြစ်သော အလိုဆန္ဒသည် ပြည့်ဝလိမ့်မည်ဖြစ်ကြောင်းနှင့် ပြန်ပြောလေ
၏။ ကျွန်တော်သည် ဘုန်းကြီးကား ရှေ့အဖို့ မည်မျှလောက် သိလေသနည်းဟု
စမ်းသပ်လိုသည်ဖြစ်၍၊ ကျွန်တော်၏ အကြီးဆုံးဖြစ်သောဆန္ဒမှာ အဘယ်သို့
ရှိပါသနည်းဟု မေးမိရာ၊ ဘုန်းကြီးသည် တင်ပျဉ်ခွေကာ အတန်ကြာအောင်
ငေးစိုက်တွေးတောနေပြီးမှ လူပျို လူရွယ်တို့၏ အကြီးဆုံးသော အလိုဆန္ဒမှာ၊
မိမိတို့ ချစ်ကြိုက်သောမိန်းမနှင့် အကြောင်းဆုံဆည်းဖို့ပင် ဖြစ်ကြောင်း၊ ကျွန်တော့်
အတွက်မှာမူ ဘုန်းကြီးများ မရောက်လာခဲ့လျှင် အချိန်နှောင်းရုံမက လွဲချော်ဖို့ပင်
သမ်းရှိသော်လည်း၊ ဘုန်းကြီးများ ဆိုက်ရောက်လာသည့်အတွက် ဆောလျင်စွာ
လိုအင်ဆန္ဒပြည့်ဝဖို့ လမ်းမြင်ကြောင်းများနှင့် ပြန်လည် ဟောပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှာ တရုတ်ဘုန်းကြီးများ လာရောက်ခြင်းသည် ကျွန်တော်၏ လိုအင်ဆန္ဒနှင့် ဘယ်ကဲ့သို့ ဆက်သွယ်ခြင်း ရှိနိုင်မည်ကို တွေးတောလျက်ရှိစဉ်၊ တရုတ်ဘုန်းကြီးသည် တင်ပျဉ်ခွေရာမှ ထ၍ ၎င်း၏ဆရာတော် ခေါ်တော်မူပြီ ဖြစ်သောကြောင့် သွားဦးမည်ဟုပြော၍ ကျောင်းထဲသို့ ဝင်သွားလေ၏။ ကျွန်တော်မှာမူ ဘာသံကိုမျှ မကြားလိုက်ရသောကြောင့်၊ ဆရာတော်ဆိုသူက မည်သို့နည်းနှင့် ခေါ်လိုက်သည်ဟု နားမလည်နိုင်အောင် ဖြစ်နေရစ်လေ၏။

အိမ်သို့ ပြန်လာခဲ့ပြီးနောက် ကျွန်တော်သည် ထိုညဉ့်တွင်မှ မတင်ကြည်အား တရုတ်ဘုန်းကြီးနှင့် တွေ့ခဲ့ရသော အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြလေရာ၊ မတင်ကြည်ကမူ ကိုဘသင်တို့ အိမ်သားများအတွက် အလွန် စိတ်လေးလှသည်ဟု ပြော၍၊ ထိုအချိန် ထိုအခါ၌ တရုတ်ဘုန်းကြီးများ ဆိုက်ရောက်လာခြင်းသည် ဦးသိန်းတို့နှင့် သက်ဆိုင်သဖြင့်၊ မကောင်းသော အတိတ်နိမိတ် ဖြစ်လိမ့်မည် ထင်ကြောင်းနှင့် ပြောပြသေး၏။ ကျွန်တော်ကမူ တရုတ်ဘုန်းကြီးများသည် သိက္ခာ သမာဓိနှင့် ပြည့်စုံဟန် တူသောကြောင့်၊ လူတစ်ဖက်သားကို ဘေးအန္တရာယ်ပြုမည် မထင်ကြောင်း၊ နောက်တစ်နေ့သည်ပင်လျှင် တပေါင်းလပြည့်နေ့ ဖြစ်သောကြောင့်၊ ချောမောစွာ ကျော်လွန်သွားလိမ့်မည်ထင်ကြောင်းနှင့် စိတ်သက်သာအောင် ပြောပြရ၏။ မတင်ကြည်ကမူ ၎င်း၏စိတ်ထဲ၌ တစ်စုံတစ်ခု ဖြစ်လိမ့်မည်ဟု ထင်မြင်နေသဖြင့် စိတ်လေးလှသောကြောင့် နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ကျုတ်တီးကုန်း နေအိမ်ကြီးသို့သွား၍ အိမ်သူအိမ်သားများအား သတိပေး နှိုးဆော်ဖို့ ကျွန်တော့်အား တိုက်တွန်းလေရာ ကျွန်တော်ကလည်း ထိုနည်းအတိုင်း ပြုလုပ်ပေးပါမည်ဟု ကတိ ထားလိုက်ရလေ၏။

လပြည့်နေ့ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် တုတ်ကောက်တစ်ချောင်းကို ကိုင်လျက် ကျုတ်တီးကုန်းအိမ်ဘက်သို့ လျှောက်သွားလေရာ ခပ်လှမ်းလှမ်းမှ အကဲခတ်လိုက်လျှင်ပင် အိမ်ကြီးမှာ နေထိုင်သူ မရှိသကဲ့သို့ တိတ်ဆိတ်ခြောက်သွေ့လျက် ရှိနေသည်ကို တွေ့ရ၏။ အခါတိုင်းမှာမူ အိမ်သူအိမ်သားများကို မမြင်ရသော်လည်း မီးဖိုချောင်မှ မီးခိုးတလူလူ ထွက်ပြူနေ





သည်ကို တွေ့ရသေးရာ၊ ယခုမှာမူကား မီးဖိုလည်း မမြင်၊ ကောက်ရိုးပုံ၌ ကောက်ရိုးစဉ်းလေ့ရှိသော လှည်းသမားမောင်ပေါ၏ ခုတ်ထစ်သံမျှကိုလည်း မကြားရဘဲ တိတ်ဆိတ်စွာ ရှိနေသည်ကို တွေ့ရလေ၏။ ကျွန်တော်မှာ မည်ကဲ့သို့ ကြိမ်းမောင်းခြင်း ခံရသည်ဖြစ်စေ၊ ဦးသိန်းကို တွေ့အောင်ရှာ၍ ၎င်းအား သတိပေးအံ့ဟု အကြံအစည်နှင့် ဝင်းကြီးကို လှည့်ပတ်ကာ ကြည့်ရှုနေလေ၏။

ဝင်းကြီးကို တစ်ပတ် ပတ်လုမိမတတ် လှည့်ပတ်ပြီးလတ်သော် သရက်ပင်ကြီး တစ်ပင်အောက်၌ သေနတ်ကိုယ်စီနှင့် ချောင်းနေကြသော လူနှစ်ယောက်ကို မြင်ရလေရာ၊ ၎င်းတို့သည် ကျွန်တော့်ကို မြင်သဖြင့် ချောင်းမြောင်းရာမှ ထွက်လာကြသော အခါတွင်မှ ဦးသိန်းနှင့် တရုတ်ကပြား လောလျံတို့ဖြစ်ကြောင်း သိရှိရလေ၏။ ဦးသိန်းမှာ ကာကီဘောင်းဘီတိုနှင့် ကာကီရှပ်တိုကိုဝတ်လျက် စစ်သားသဖွယ် ပြင်ဆင်ထားလေရာ၊ လောလျံမှာမူ တရုတ်ဘောင်းဘီတိုနှင့် ခွပ်ကျယ်အကျႌတိုဖြင့် တရုတ်ပီပီ ဝတ်ဆင်ထားလေ၏။

ဦးသိန်းသည် ကျွန်တော့်ကို မြင်သောအခါ ဝင်းတံခါးပေါက်ဆီသို့ လှည့်လာခဲ့ရန် ပြောသည်နှင့် ကျွန်တော်လည်း တံခါးရှိရာသို့ လှည့်ပတ်ကာ လျှောက်လာခဲ့လေ၏။ တံခါးကို ဖွင့်ပေးပြီးနောက်၊ ဦးသိန်းသည် ရှေးယခင်အခါများထက် ဘည်ငြိမ်သော အမူအရာ ရှိသည်ဖြစ်၍ ကျွန်တော့်အား ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်လေ၏။

သိန်း ။ ။ "အရေးကြီးတဲ့ အချိန်အခါမှာ ယခုလိုလာပြီး မေးဖော်ရတာ သိပ်ဝမ်းသာတယ် မောင်သောင်းညွန့်၊ ကျုပ်ကတော့ ကျုပ်တို့နဲ့အတူ တစ်ရက်နှစ်ရက်လောက် လာပြီးနေဖို့ မောင့်ကိုခေါ်ယူဖို့တောင် စိတ်ကူးမိသေးတယ်၊ နို့ပေမယ့် ဘုန်းကြီးအပူ ရှာကပ် ဆိုတာမျိုးလို့ မလုပ်ချင်တာနဲ့ မခေါ်ဘဲ နေခဲ့တယ်"

ကျွန်တော် ။ ။ "ဒီလိုဆိုလျှင် ခေါ်ရောပေါ့ ဦးရယ်၊ ကျွန်တော်လဲ ပြောဘားသားကပဲ၊ လိုလျှင် ဘယ်အချိန်မဆို ခေါ်ပါလို့ ပြောထားပြီကော။ ကျွန်တော်က ဝင်းပြင်က လာလာပြီးကြည့်တော့ ဦးတို့ကို မမြင်တာနဲ့ သိပ်စိုးရိမ်နေတာပဲ"

သိန်း ။ ။ "စိုးရိမ်တယ်ဆိုတာလဲ ဟုတ်ပေမှာပလေ။ ကျုပ်တို့လဲ



www.burmeseclassic.com

www.burmeseclassic.com



အထူး သတိဝီရိယနဲ့ နေကြရတာပဲ။ ဒါပေမယ့် ဒီကနေ့တစ်ရက် လိုပါတော့တယ်၊ နက်ဖြန်ဆိုလျှင် စိတ်ချလက်ချ နေကြရပြန်ပါပြီ၊ ဟုတ်ဘူးလား လောလျံ"

လျံ။ ။ "နက်ဖြန်ခါဆိုလျှင် အရက်သောက်ချင်သောက်၊ ဘိန်းရှူချင်ရှူ၊ အေးအေးဆေးဆေး နေကြရတော့မှာပေါ့ ဆရာကြီး"

သိန်း ။ ။ "ဒါပေါ့ကွယ်၊ မင်းရှူချင်တဲ့ ဘိန်းလဲ ရှူရတော့မှာပေါ့၊ ဒီကနေ့တစ်ရက် ကြိုးစားပြီး စောင့်ကြည့်ဖို့ လိုပါတော့တယ်။ သတ္တဝါတစ်ခုကံတစ်ခု ပေါ့ကွယ်။ သူတို့က ဘယ်လိုပင် တန်ခိုးကြီးသော်လဲ ငါတို့ ကံကောင်းနေသေးလျှင် မတတ်နိုင်သေးပါဘူးကွဲ့၊ မောင်တို့အိမ်သားများကော ကျန်းမာကြရဲ့လား"

ကျွန်တော် ။ ။ "ကျန်းမာပါတယ် ဦးရယ်။ ဒါထက် မနေ့က လေယာဉ်ပျံတစ်စင်း ဒီအနားမှာ ဆင်းရတာ သိရဲ့လား ဦးရဲ့"

သိန်း ။ ။ "ကြားလိုက်ပါရဲ့ မောင်၊ လေယာဉ်ပျံဆိုတာ ကျုပ်တို့အဖို့တော့ အထူးအဆန်း မဟုတ်ပါဘူး၊ စီးလည်း စီးခဲ့ဖူးပါပြီ"

ကျွန်တော် ။ ။ "လေယာဉ်ပျံက မဆန်းသော်လဲ၊ ဒီအရပ်မှာ ဆင်းရပုံက သိပ်ဆန်းတယ် ဦးရဲ့"

သိန်း ။ ။ "ဘယ်က ပြန်ခဲ့တဲ့ လေယာဉ်ပျံတဲ့လဲ"

ကျွန်တော် ။ ။ "တိဘက်ပြည်က ပျံခဲ့တာတဲ့ ဦးရဲ့"

သိန်း ။ ။ (စိတ်အားကြီးစ ပြုရ်လာသော အမူအရာနှင့်) "ဘာ့ကြောင့် ဒီမှာ ဆင်းရတာတဲ့လဲ"

ကျွန်တော် ။ ။ "စက်မပျက်ဘဲနဲ့ မောင်းလို့မရဘဲ၊ တဝဲလည်လည် ဖြစ်နေပြီး၊ လယ်ကွင်းထဲမှာ ထိုးဆင်းလိုက်ရတယ်"

သိန်း ။ ။ "ပြောစမ်းပါဦး၊ ဘယ်သူတွေ ပါလာသတဲ့လဲ"

ကျွန်တော် ။ ။ "ဥရောပတိုက်သား ခရီးသည် သုံးယောက်အပြင် တိဘက်ဘုန်းတော်ကြီးသုံးပါး ပါလာတယ် ဦးရဲ့။ ဥရောပ တိုက်သားတွေကတော့ ရန်ကုန်ရထားစီးကြဖို့ ဝက်လက်ကို သွားကုန်ကြပြီ"





သိန်း ။ ။ (အရေးတကြီး မျက်နှာမျိုးနှင့်) "ဘုန်းကြီးတွေကကော"

ကျွန်တော် ။ ။ "ဘုန်းကြီးတွေကတော့ သူတို့နှင့်အတူ မလိုက်ကြသေးဘူး၊ ဟိုဘက်က ဘုန်းကြီးကျောင်းပျက်ကြီးထဲမှာ တည်းနေကြတယ်"

ထိုစကားကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက်၊ ဦးသိန်းသည် လက်အုပ်ချီကာ မြေပေါ်တွင် ဒူးထောက်လျက်၊ "မြတ်စွာဘုရား ကယ်တော်မူပါ"ဟု လေးနက်စွာ ရွတ်ဆိုပြီးလျှင် တစ်ဖန် မတ်တတ်ရပ်၍၊"နောက်ဆုံးကျတော့ ဘယ်လိုပင် တိမ်းရှောင်နေသော်လည်း၊ ကံသာလျှင်အမိ ကံသာလျှင် အဘ ဆိုတာလို၊ ကံစီမံရာ ခံကြရမှာပဲ" ဟု ညှိုးငယ်စွာ ပြောလေ၏။

တရုတ်ကပြားကြီး လောလျံမှာမူ ထိုစကားများကို ကြားရသောအခါ၊ မျက်နှာ၌ သွေးတစ်စက်မျှ မရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွား၍ နဖူးမှ စီးကျသော ချွေးများကို လက်ဖြင့်သပ်၍ ချလေ၏။ ထိုနောက်မှ

လျံ။ ။ "အားကြီး ဝကျတယ်ဗျာ။ ငေါ်ငေါ်ပြတ်ပြတ် ဖြစ်နေတုန်းကတော့ သူတို့ မပေါ်လာ၊စားဖို့ သောက်ဖို့ နေရာရတော့မှ သူတို့ရောက်လာတာ သိပ်ဝကျတာပဲ" ဟု စိတ်ပျက်သော အမူအရာနှင့် ပြောလေ၏။

သိန်း ။ ။ (ရုတ်တရက် စိတ်အားတင်းလျက်) "မကြောက်ပါနဲ့ ဆလာလျံရယ် ယောက်ျားတွေကပဲ၊ နေလဲ ရဲရဲ၊ သေလဲ ရဲရဲပေါ့။ငါ့မှာတော့ ဘယ်တော့ ပေါ်လာမှန်း မသိဘဲနဲ့ တစောင့်စောင့် နေရတုန်းကသာ အသည်းထိတ်မိတာပါ။ ယခုလို သေသေချာချာ ပေါ်လာပြန်တော့လဲ ရဲရဲကြီး အလုပ်လုပ်ဖို့ ရှိတာပေါ့ကွယ်။ အားမငယ်ပါနဲ့"

လျံ။ ။ "ကျွန်တော် အကြောက်ဆုံးက တဝေဝေ တလွေလွေနဲ့ လာပြီး သတိပေးတာ ကြောက်တာပါပဲ။ ရင်ဆိုင်တွေ့ရလျှင်တော့ ဒီလောက် မကြောက်လှပါဘူး။ သို့သော် ဘာပဲဖြစ်ဖြစ် ဆရာကြီးနဲ့ ကျွန်တော်နဲ့ သေအတူ ရှင်အတူပေါ့ ဆရာကြီးရယ်"

သိန်း ။ ။ "ဒါပေါ့ကွယ် လောလျံရယ်။ ကိုင်း မောင်သောင်းသိန်း ပြန်ပေတော့၊ မြရင်တို့ကိုသာ ကြည့်ရှုရစ်ပါတော့ကွယ်။ အဒေါ်ကြီး ဒေါ်သန်းတင်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ပစ်မထားကြနဲ့၊ သူ့ခမြာလဲ ကြာကြာနေရတော့မယ် မထင်ပါဘူး။ ကိုင်း ပြန်ပေတော့ကွယ် မောင်သောင်းညွန့်”

ကျွန်တော် ။ ။ နေစမ်းပါဦး ဦးရဲ့။ ဒီလိုနဲ့ ကျွန်တော် မပြန်နိုင်သေးဘူး။ ဦးတို့ဟာက ဆောင်းပါးရိုပ်ခြည်လောက်ချည်း ပြော ပြော နေကြတာကိုး၊ ကျွန်တော် တတ်နိုင်တဲ့ နေရာက ကူညီစမ်းပါရစေ။ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါဦး ဦးရဲ့။ ဦးတို့က ဒီဘုန်းကြီးသုံးပါးကို ကြောက်နေကြလို့ ဟလား။ ဒီလိုဆိုလျှင် သူကြီးကို ကျွန်တော်တိုင်ပြီး ရွာသားတွေနဲ့ ဝိုင်းဖမ်းပြီး ပုလိပ်ဌာနကို ပို့လိုက်ပါမယ် ဦးရဲ့၊ ပြောသာ ပြောပါ”

သိန်း ။ ။ (ဦးခေါင်းရမ်းလျက်) “မရဘူး မောင်သောင်းညွန့်၊ မကြာခင် မောင် သိရပါလိမ့်မယ်။ ကျုပ်တို့ကိစ္စအကြောင်းကို ဘသင်ဆိမှာ ဒီကိစ္စအကြောင်းနဲ့ ပတ်သက်တဲ့ မှတ်တမ်းတွေ ရှိပါတယ်၊ နက်ဖြန်တော့ သူနဲ့တိုင်ပင်ပြီး အလုပ်လုပ်ကြရသေးတာပေါ့”

ကျွန်တော် ။ ။ “အလုပ် လုပ်ရအောင်ဟာ မဖြစ်ခင်က ကြိုတင်ပြီး ပြောပြမှပေါ့ ဦးရဲ့၊ ဦးက ဘယ်လိုအန္တရာယ်မျိုးပဲကွဲ့လို့ ပြောပြလျှင် ကျွန်တော်တို့က သင့်တော်သလို ကြည့်ပြီး စီမံနိုင်ကြတာပေါ့ ဦးရဲ့”

သိန်း ။ ။ “တော်ပါတော့ မောင်သောင်းညွန့်၊ မောင့်စေတနာကို ကျုပ် ကျေးဇူးတင်ပါတယ်၊ သို့သော်လဲ ကျုပ်တို့ကိစ္စက လူသားများ လွဲတိမ်းဖယ်နိုင်တဲ့ ကိစ္စမျိုး မဟုတ်ပါဘူး။ သူ့လမ်းကြောင်းအတိုင်း သူ သွားရမှာပါပဲ၊ ကျုပ် လဲပဲ တိမ်းဖယ်နိုင်မလားလို့ ဝင်းထရံတွေခတ်၊ သံဆူးကြိုးတွေကာ၊ ဟိုပြေး ဒီပြေးနဲ့ လုပ်ခဲ့မိတာတွေဟာ နောက်ဆုံးတော့ အပို ဖြစ်နေတော့တာပဲ။ အမှန်ပြော ရမှာဖြင့် ကျုပ် အလုပ်လုပ်ခဲ့ခြင်းဟာလဲ ရှောင်တိမ်းနိုင်မယ်လို့ ထင်လုလို့လဲ မဟုတ်ပါဘူး။ဒီအတိုင်း ထိုင်ပြီး စောင့်နေရတာထက်တော့ တစ်ခုခု လုပ်နေရ တာက တော်သေးရဲ့ ဆိုတဲ့သဘောနဲ့ အလုပ် လုပ်ခဲ့ခြင်း ဖြစ်ပါတယ်၊ကျုပ်နဲ့ ဟောဒီ က လောလျှံနဲ့ဟာက ကံတူအကျိုးပေး၊ တစ်လှေထဲစီး ဆိုတဲ့ လူနှစ်ယောက်ပါပဲ။ ကျုပ်တို့လို ဘေးအန္တရာယ်မျိုးကို ဒိပြင်လူများ မကြုံ မတွေ့ရာကြပါစေနဲ့လို့





ဆုတောင်းမိပါတယ်။ ကိုင်း ကိုင်း သွားပေဦးတော့ မောင်သောင်းညွန့်၊ ကျုပ်မှာ နောက်ဆုံးစာတွေ ရေးခဲ့ဖို့ အလုပ်တွေ ရှိသေးတယ်၊ ပြန်ပေဦးတော့”

ရင်းနောက်၊ ဦးသိန်းသည် ကျွန်တော်၏ လက်ကို စိစိပါအောင်ဆုပ်ကိုင် ရင်း ကျွန်တော်၏ မျက်နှာကို စေ့စေ့ကြည့်ပြီးနောက် ကျွန်တော်၏ ပခုံးကိုကိုင်ကာ ဖြည်းညင်းစွာ တွန်းထုတ်လိုက်လေရာ ကျွန်တော်မှာ ထပ်မံ၍ တောင်းပန်ရန် နည်းလမ်း မရှိတော့ဘဲ နောက်သို့ ဆုတ်လာခဲ့ရလေ၏။ ဦးသိန်းမှာမူ အိမ်ဘက် သို့ လှည့်၍ ဝင်သွားလေရာ၊ လောလျှံမှာလည်း သခင်နောက်မှ လိုက်သောခွေးကဲ့သို့ နောက်မှကပ်၍ လိုက်ပါသွားလေ၏။

ကျွန်တော်မှာမူ နေအိမ်သို့ ပြန်လာခဲ့စဉ် ဦးသိန်းတို့၏ ကိစ္စကို တွေးတော ခြင်းစားလာခဲ့ရာ၊ အကြောင်းခြင်းရာ အနည်းငယ်မျှ တိုး၍ သိရလေလေ တိုး၍ ရက်နဲ့လေလေ ရှိနေသည်ကို တွေ့ရသောကြောင့် ဦးခေါင်းရှုပ်ကာ ပြန်လာခဲ့ရလေ ၏။

ထင်ထင်ရှားရှား သိသာနိုင်သော အချက်တစ်ခုမှာ တိဘက်ဘုန်းကြီးများ ဆိုက်ရောက်လာခြင်းသည် ဦးသိန်းတို့ စိုးရိမ်ပူပန် နေကြရသည့် ဘေးအန္တရာယ် နှင့် ဆက်သွယ်ခြင်း ရှိဟန်တူသောကြောင့် နှမ မတင်ကြည်က စိတ်လေးသည် ဆိုခြင်းမှာ အကြောင်းမဲ့သက်သက် မဟုတ်ကြောင်း ကျွန်တော် ရိပ်မိရပေ၏။

သို့ရာတွင် ကျွန်တော် နားလည်ဖို့ ခက်ခဲနေသော အချက်တစ်ခုမှာ ကျွန် တော်တွေ့ခဲ့ရသော တိဘက်ဘုန်းကြီးသည် သိက္ခာ သမာဓိနှင့် ပြည့်စုံ၍ လောကီမှု ရေးရာများကို ဂရုစိုက်ဟန် လက္ခဏာ မရှိသောကြောင့် ဦးသိန်းကိုဖြစ်စေ၊ အခြား သူတစ်ယောက်ကို ဖြစ်စေ၊ အကျိုးယုတ် အရှုက်ကွဲဖြစ်အောင် ပြုလုပ်ရန် ခဲယဉ်း သည့်ခြင်းပင် ဖြစ်ချေ၏။သို့သော် ကျွန်တော်သည် ထိုဘုန်းကြီး၏ မျက်နှာကို ကက်ထဲတွင် ပေါ်အောင်ဖော်၍ စေ့စေ့စပ်စပ် စဉ်းစားကြည့်မိသော အခါတွင်မူကား ထိုမျက်နှာနှင့် မျက်လုံးများသည် အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့သေးသော အခါတွင် တည်ငြိမ်ချမ်းမြေ့ သိက္ခာပြည့်သည်ဟု ဆိုရသော်လည်း ဆန့်ကျင်ဘက် သဘောနှင့် အနှောင့်အယှက် တွေ့ရသော အခါ၌မူကား၊ ကြောက်ဖွယ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် မီးရောင်တလျှပ်လျှပ် ထွက်စေတတ်သည့် နက်မှောင်သော အခြင်းအရာ ရှိသည်ဟု စဉ်းစားမိ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် လောက၌ တစ်ဦး တစ်ယောက်သောသူ၏ မုန်းတီးခြင်းခံရမည်ဆိုလျှင် ထိုဘုန်းကြီး၏ မုန်းတီးခြင်းကို နောက်ဆုံးမှ ခံဝံ့တော့မည်ဟု အောက်မေ့မိ၏။ ပမာဆိုသော် နက်စွာသော ပင်လယ် ၏ ငြိမ်သက်ခြင်းသည် လေပြင်းမုန်တိုင်း မပေါ်သေးသောကြောင့် ငြိမ်သက်ခြင်း မျှသာဖြစ်၍ ယုံကြည်စိတ်ချရသော ငြိမ်သက်ခြင်း မဟုတ်သကဲ့သို့ ဖြစ်ပေ၏။

သို့ရာတွင် လူရည်သန့်လှ၍ လူကြီးလူကောင်းတစ်ယောက် လက္ခဏာရှိ သော ဦးသိန်းသည် ယုတ်ညံ့ဟန် လက္ခဏာရှိ၍ 'ကပ်ပါး ရပ်ပါး' အမျိုးအစားဖြစ် သော တရုတ်ကပြား လောလျံနှင့် ပူးပေါင်း၍ မည်သို့သောကိစ္စမျိုးတွင် ဘုန်းတော်ကြီးများကို ဆန့်ကျင်ဖက် ပြုခဲ့ကြလေသနည်း။ ထို့ပြင် ၎င်းတို့စိုးရိမ်ရ သော ဘေးအန္တရာယ်သည် ကိုယ်ကာယကို အနှောင့်အယှက်ပြုမည့် ဘေးရန်မျိုး ဖြစ်ခဲ့လျှင် ပုလိပ်လက်သို့အပ်ရန် ကျွန်တော်ပေးသောအကြံကို ဘယ်အတွက် ကြောင့် လက်မခံလေသနည်း။ စင်စစ်သော်ကား ကျွန်တော်မှာ ထိုကဲ့သို့သော အကြံ ပေးရစေကာမူ၊ အပြစ်တစ်စုံတစ်ရာတွင် ထင်ရှားခြင်းမရှိသော သက်နှ ဝတ်သုံးပါးကို အကြောင်းမဲ့သက်သက် ဖမ်းဆီးရမည်ဆိုလျှင်လည်း ခပ်ကျပ်ကျပ် ပင် ဖြစ်နေသေး ၏။

ကျွန်တော်မှာ အထက်ပါ မေးခွန်းများကို စိတ်ကျေနပ်အောင် မဖြေဆိုနိုင် ဘဲ ရှိခဲ့ရာ၊ ဦးသိန်းနှင့် လောလျံတို့၏ မျက်နှာထားနှင့် အမူအရာတို့ကို မြင်ရခြင်း အားဖြင့်လည်း ထိုသူတို့သည် အရေးကြီးသော အခြင်းအရာတစ်ခုကို အရေးတကြီး ပြုလုပ်၍ ကြောက်ရွံ့စိုးရိမ် နေကြသည်ဟု ဆိုရန် ခဲယဉ်းလှပေ၏။

သို့ဖြစ်ရကား ဦးသိန်းတို့၏ ကိစ္စကြီးတစ်ခုလုံးမှာ ကျွန်တော်၏စိတ်၌ ရှင်းလင်းခြင်းငှာ မတတ်နိုင်အောင် ရှုပ်ထွေးလှသော ချည်ခင်ကြီး တစ်ထွေးကဲ့သို့ ဖြစ်နေလေ၏။

စိတ်ဒွိဟ မရှိအောင် သေချာသော အချက်တစ်ခုမှာကား၊ ကျွန်တော် ယခုသိရသော အခြေအနေအတိုင်းဆိုလျှင်၊ ဦးသိန်းက ကျွန်တော့်အား အနှောင့်





အယှက် မပြုရန် အတိအလင်း တားမြစ်ထားသည်ဖြစ်၍၊ မည်သို့သောနည်းနှင့်မျှ ၎င်းသဘောမတူဘဲ ကျွန်တော်က အကူအညီပေးရန် မဖြစ်နိုင်ချေ။ ကျွန်တော်က အကူအညီပေးခဲ့လျှင် ဦးသိန်းက ၎င်း၏အမှု၌ ဝင်ရှုပ်သည်ဟု မှတ်ယူတော့မည် ဧကန်ဖြစ်၏။ သို့ဖြစ်ရာကား ကျွန်တော့်မှာ မည်သို့သော ဘေးဥပါဒ် အန္တရာယ် မျိုး ပေါ်ပေါက်လာသည် ဖြစ်စေ၊ ဦးသိန်းသည် ၎င်းဘေးရန်ကို ကျော်နင်းနိုင်ပါ စေဟူ၍ လည်းကောင်း၊ ယုတ်စွာအဆုံးအားဖြင့်၊ ကိုဘသင်နှင့် မမြရင်တို့ မောင် နှမ လွတ်ကင်းချမ်းသာပါစေ ဟူ၍ လည်းကောင်း၊ ဆုတောင်းမေတ္တာ ပို့သ နေရုံမျှသာ ရှိပေတော့၏။

ကျွန်တော်သည် နေအိမ်သို့ လမ်းလျှောက်ပြန်လာ၍ ကုန်းမြင့်ကလေးကို ကျော်လွန်မိသည်နှင့် တစ်ပြိုင်နက် ယမန်နေ့ညက တွေ့ခဲ့သော တိဗက်ဘုန်းကြီး သည် စကြံလျှောက်လျက် ရှိသည်ကို တွေ့ရလေ၏။ ကျွန်တော်သည် ၎င်းကို မြင်လျှင် မြင်ချင်း၊ ၎င်းတို့အကြောင်းကို ဆက်လက်စုံစမ်းလိုသည်နှင့် အနီးသို့ ချဉ်းကပ်ကာ နှုတ်ဆက်လေရာ၊ ဘုန်းကြီးသည် ကျွန်တော့်အား မှတ်မိသည့် လက္ခဏာနှင့် ကြည်ဖြူစွာ စကားပြောလေ၏။ ထိုအခြင်းအရာကို တွေ့ရသည်နှင့် ကျွန်တော်မှာ အားတက်၍ အာလာပ သလ္လာပ စကားပြောဆိုပြီးလျှင်၊ ဗုဒ္ဓဘာသာ နှစ်ဂိုဏ်း ရှိသည်အနက်၊ ဟီနာယနဂိုဏ်းနှင့် မဟာယနဂိုဏ်းတို့ အကြောင်းကို မေးမြန်းစုံစမ်းလေ၏။

(ဗုဒ္ဓဘာသာ ကိုးကွယ်သူများအနက်တွင် မြန်မာပြည်၊ သီဟိုဠ်ကျွန်း စသော အရပ်တို့၌ ကိုးကွယ်သူများကို ဟီနာယနဂိုဏ်းဟု ခေါ်တွင်၍ တိဗက် ပြည်မှ ကိုးကွယ်သူများကို မဟာယနဂိုဏ်းသားဟူ၍ ခေါ်တွင်ကြောင်း ကြားဖူး ကြပေလိမ့်မည်။ ဟီနသည် သေးခြင်း၊ ယုတ်ခြင်း အဓိပ္ပာယ်ရှိ၍၊ မဟာဆိုသည် ကား ကြီးခြင်း၊ မြတ်ခြင်း အဓိပ္ပာယ်ရှိသောကြောင့်၊ ကျွန်တော်တို့ဂိုဏ်းထက် တိဗက်ဂိုဏ်းက အဘယ်အကြောင်းကြောင့် မြတ်ရလေသည်ဟု သိလိုသောဆန္ဒ မှာ ကျွန်တော်၌ တစ်သက်လုံး မကျေနပ်ခဲ့သော အချက်တစ်ခုပင် ဖြစ်ပေ၏။)

တိဗက်ဘုန်းကြီးသည် ၎င်းတို့၏ဂိုဏ်းက ကြီးကြောင်း၊ မြတ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



များကို ကျွန်တော့်အား အကျိုးအကြောင်းဖော်ပြ၍ ဟောပြောလေရာ၊ ကျွန်တော်မှာ ၎င်း၏ ဟောပြောချက်များကို လုံးဝ မကျေနပ်သေးရုံသာမက၊ ဦးသိန်းကိုနှင့် ပတ်သက်၍လည်း စုံစမ်းလိုသေးသည် ဖြစ်သောကြောင့်၊ ဘုန်းကြီးနှင့် စကားအဆက်မပြတ်အောင် ပြော၍၊ ၎င်းနှင့်အတူ လိုက်ပါသွားလေ၏။ ဘုန်းကြီးလည်း ကျွန်တော်လိုက်လိုသည့် ဆန္ဒကို ရိပ်မိဟန် လက္ခဏာနှင့် ၎င်းတို့၏ ကျောင်းပျက်ကြီးသို့ ခေါ်ဆောင်သွားလေရာ၊ ကျွန်တော်လည်း လိုက်ပါသွားလေ၏။

ဘုန်းကြီးနောက်မှ လိုက်ပါသွားစဉ်၊ ကျွန်တော်သည် ၎င်းတို့၏ တန်ခိုးသတ္တိအကြောင်းနှင့် ပတ်သက်၍၊ လေယာဉ်ပျံစီး ခရီးသည်များ ပြောပြသွားပုံနှင့် ဦးသိန်းတို့က ၎င်းတို့အား ကြောက်ရွံ့နေကြပုံများကို စဉ်းစားမိလေရာ၊ ထိုအခါ ကျွန်တော်တို့မှာ လူပြတ်သော တောခရီးတွင် နှစ်ယောက်ထဲ ရှိနေကြသောကြောင့်၊ အကယ်၍ ကျွန်တော်အား ရန်မူလိုခဲ့ပါမူ၊ ၎င်းပြုသမျှ ကျွန်တော် ခံရမည် အဖြစ်ကို သတိရမိ၏။ သို့ဖြစ်၍ ကျွန်တော်သည် တိဘက်ဘုန်းကြီးအား လှမ်း၍ ကြည့်လိုက်မိသေးရာ၊ ထိုပုဂ္ဂိုလ်၏ ရုပ်လက္ခဏာမှာ မိမိအား မတရားပြုကျင့်ခဲ့လျှင် ငုံ့၍ခံတတ်သည့် နိမိတ်လက္ခဏာမျိုး မတွေ့ရသော်လည်း လူတစ်ဖက်သားအား မတရားသဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းပြုမည့် ပုဂ္ဂိုလ်မျိုး မဟုတ်နိုင်ဟူ၍ကား ထင်ရှားစွာ တွေ့မြင်နိုင်ပေ၏။ ထူးခြားသော အချက်တစ်ခုမှာကား ထိုဘုန်းကြီးသည် မည်သည့်ဂိုဏ်းသား ဖြစ်စေကာမူ၊ ၎င်း၏ ကိုယ်ဟန်အမူအရာနှင့် ရင့်ကျက်သော ဣန္ဒြေတို့မှာ၊ ဝါတော် ၆၀ ရှိသော ရဟန်းကြီးပမာကဲ့သို့ တည်ကြည်ငြိမ်သက်ခြင်း ရှိပေ၏။

လမ်းလျှောက်သွားကြစဉ် ဘုန်းကြီးက မိမိမှာ သေက္ခ (ကျင့်ဆဲ) ပုဂ္ဂိုလ်မျှသာဖြစ်၍ ခရီးပေါက်ရောက်ပြီးဖြစ်သော မိမိ၏ ဥပဇ္ဈာယ်ဆရာများထံတွင် ဆည်းကပ်နေရကြောင်းနှင့် ပြောပြလေရာ၊ ကျွန်တော်မှာ ခရီးပေါက်ပြီးဆိုသော ပုဂ္ဂိုလ်များကို အဝေးမှ မြင်လိုက်ရဖူးသော်လည်း၊ နီးကပ်စွာ ဖူးတွေ့လိုသော ဆန္ဒ ရှိသည်နှင့် ကျွန်တော်၏ဆန္ဒကို ဘုန်းကြီးအား လျှောက်ထားလေ၏။

ထိုအခါ ဘုန်းကြီးက ၎င်း၏ဆရာတော်များသည် ဈာန်သမာပတ် ဝင်





စားနေခိုက်- ဖြစ်သောကြောင့်၊ ဖူးရုံမျှသာ တွေ့နိုင်၍ လျှောက်ထားမေးမြန်းရန် နှင့် မရနိုင်ကြောင်းပြော၍ ကျွန်တော်အား ခေါ်သွားလေ၏။

ကျွန်တော်တို့သည် ဇရပ်ပျက်ကြီးသို့ ဆိုက်ရောက်ကြသောအခါ၊ ဘုန်းကြီးက ဖြည်းဖြည်းနင်းရန် သတိပေး၍၊ ကျွန်တော်အား ကျောင်းပျက်ကြီးပေါ်သို့ ခေါ်သွားလေ၏။ ကျောင်းကြီးမှာ နှစ်ပေါင်းများစွာကပင် ပျက်စီးယိုယွင်းနေခဲ့သည်ဖြစ်၍၊ မြူမှုန်များသည် ကြမ်းပြင်၌ လက်တစ်သစ်ခန့်မျှ ထူထပ်စွာ ဖုံးအုပ်လျက်ရှိရာ၊ ကျွန်တော်တို့သည် ခန်းမကြီးကိုကျော်လွန်၍ ကျောင်းဦး၌ရှိသော ဘုရားဆောင်သို့ တောက်လျှောက် ဝင်သွားကြလေ၏။ ယင်းသို့ ဝင်သွားကြစဉ်၊ ဘုန်းကြီးက အထူးဖြည်းညင်းစွာ ခြေချဖို့ ကျွန်တော့်အား သတိပေးပြန်သည်နှင့် ကျွန်တော်မှာ အသက်ကိုမျှ မရှူဝံ့ဘဲ နင်းသွားရလေ၏။

ဘုရားဆောင်သို့ ဝင်သွားကြသောအခါ၊ ၎င်းအဆောင်မှာ ပြတင်းပေါက်များ ပိတ်ဆို့ထားပါလျက်နှင့် မှောင်သင့်သလောက် မမှောင်ဘဲ ရှိနေသည်ကို ကျွန်တော် သတိပြုမိလေရာ၊ ကျွန်တော်သည် ဘုန်းကြီးနောက်မှ လိုက်သွား၍ ဆင်းတုတော်မရှိဘဲ၊ ပလ္လင်သက်သက်မျှသာ နေရာသို့ ချဉ်းကပ်မိကြသောအခါ၊ အလွန်တရာ ထူးဆန်းသော အခြင်းအရာကို တွေ့မြင်ရလေ၏။

မှန်စီရွှေချ၍ မြူမှုန်များ အလိမ်းလိမ်းကပ်လျက်ရှိသော ပလ္လင်အိုကြီးတစ်ဖက်တစ်ချက်၌ တိဘက်ဘုန်းကြီး နှစ်ပါးတို့သည် တင်ပျဉ်ခွေကာ မျက်လွှာချလျက် လက်နှစ်ဖက်ကို ရင်ခွင်၌တင်ကာ၊ ဆင်းတုတော်များ ပမာကဲ့သို့ ထိုင်လျက်ကြရာ၊ ၎င်းတို့၏ နှာသီးဖျားတို့မှ အလင်းရောင် နှစ်သွယ်စီတို့သည် ဓာတ်မီးထိုးလိုက်သည့် အလားကဲ့သို့ တစ်ချက်တစ်ချက် ဝင်းခနဲ ဝင်းခနဲ ထွက်ပေါ်လျက်ရှိလေ၏။ ကျွန်တော်သည် ထိုအခြင်းအရာကို သေချာစွာ ကြည့်ရှုသောအခါ၊ ထွက်ပေါ်နေသော အလင်းရောင်သည် အချိန်မှန်မှန်ကြီး ဖြစ်ပေါ်နေကြသည်ကို တွေ့ရှိရသောကြောင့် ထိုပုဂ္ဂိုလ်များ၏ ထွက်သက်သည် သာလျှင် အလင်းရောင်ဖြစ်၍ ဝင်သက်မှာမူကား၊ အလင်းရောင် ငြိမ်း၍ ငြိမ်း၍ သွားလေသည်ဟု ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ ထွက်ပေါ်လျက်ရှိသော အလင်းရောင်ဖြင့် ကျွန်တော်သည် ၎င်းတို့ မျက်နှာကို သေချာစွာ ကြည့်ရှုပြန်သောအခါ၊ မျက်လုံးတို့မှ မျက်နက်များ သည် အထက်သို့ လန်တက်နေကြသောကြောင့်၊ မျက်ဖြူများသာလျှင် တွေ့မြင် ရပေ၏။ ထိုပုဂ္ဂိုလ်များသည် တင်ပျဉ်ခွေလျက် မဟုတ်ဘဲ လဲလျောင်း၍ နေကြ မှု၊ တစ်စုံတစ်ခုသောရောဂါ အပြင်းဖမ်းသဖြင့် မျက်ဖြူဆိုက်နေကြသည်ဟု မှတ် ထင်ဖွယ်ရာ ရှိပေ၏။ ၎င်းတို့သည် ကျွန်တော်တို့နှစ်ယောက် ဝင်ရောက်လာ သည့်အဖြစ်ကို အနည်းငယ်မျှ အသိအမှတ်ပြုကြသည့် လက္ခဏာ မရှိချေ။ အ အားဖြင့် ခန့်ရသော် တစ်ပါးသောဘုန်းကြီးမှာ အသက် ၇၀ ထက် မနည်း ရှိ တူ၍၊ ကျန်တစ်ပါးမှာ ၆၀ ခန့်လောက် ရှိမည်ဟု ခန့်မှန်းရပေ၏။

ထိုပုဂ္ဂိုလ်နှစ်ပါး၏ရှေ့တွင် ရေအိုးငယ်တစ်လုံးစီနှင့် မှန်တစ်ချ ချထားလျက်ရှိရာ၊ ၎င်းပစ္စည်းများအနီးတွင်လည်း စက္ကူတစ်ရွက်စီ ချထားသည် တွေ့မြင်ရ၏။ ကျွန်တော့်အား ခေါ်ဆောင်လာခဲ့သော တပည့်ဘုန်းကြီးသည် အနီးသို့ချဉ်းကပ်၍ စာရွက်ပေါ်၌ ရေးခြစ်ထားသော အက္ခရာများကို ကြည့် နောက်၊ ကျွန်တော့်အား အခန်းပြင်သို့ လက်ယပ်ခေါ်ငင် သွားလေ၏။ ကျော အောက်သို့ ရောက်သောအခါ

ဘုန်းကြီး ။ ။ "၁၁ နာရီမထိုးမချင်း သူတို့ကို မနှောင့်ယှက်ဖို့ စာ ထားတယ်၊ ဆွမ်းပြင်ပြီးမှ သူတို့ကို နှိုးရမယ်၊ ဒါထက် နာမ်နဲ့ ရုပ်နဲ့ ခွဲနိုင်တယ် တာ သင်ကြားဖူးတယ် မဟုတ်လား။ သင်မြင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးနှစ်ပါးဟာ ရုပ်ချ ပဲ ရှိကြတယ်၊ နာမ်ဝိညာဉ်တွေကတော့ တိဘက်ပြည်က ရဟန်းတော်အစည်းအ မှာ တက်ရောက်နေကြတယ်၊ လပြည့်နေ့တိုင်း အစည်းအဝေး လုပ်လေ့ ယနေ့ လပြည့်နေ့မို့ အစည်းအဝေးကို သူတို့ သွားကြရတယ်"

ကျွန်တော် ။ ။ "တစ်ခု မေးပါရစေ၊ သူတို့ တက်ရောက်တော့ သူတို့ ဟိုက ရဟန်းတော်များက မြင်နိုင်ရဲ့လား"

ဘုန်းကြီး ။ ။ "သင်တို့လို ငါတို့လို လူမျိုးကတော့ မမြင်နိုင်ဘူ သူတို့ ခရီးပေါက်ပြီး ပုဂ္ဂိုလ်အချင်းချင်းကတော့ မြင်နိုင်တယ်"





ကျွန်တော် ။ ။ "ဟိုက မြင်နိုင်တာကတော့ ရှိပါစေဦးတော့၊ သူတို့က ဘာ မြင်နိုင်ရဲ့လား"

ဘုန်းကြီး ။ ။ "မြင်နိုင် ကြားနိုင်တာပေါ့"

ကျွန်တော် ။ ။ "ကောင်းပါပြီ၊ သူတို့မှာ မျက်စိလည်းမပါ၊ နားလည်း နာမ်ဝိညာဉ် သက်သက်မျှ ဖြစ်လျက်နဲ့ ဘယ်လိုလုပ်ပြီး မြင်နိုင်ကြမလဲ"

ဘုန်းကြီး ။ ။ "ငါက ဥပမာတစ်ခုပြမယ်၊ ရောဂါ အကြီးအကျယ် နှိပ်စက်တဲ့ လူတစ်ယောက်ဟာ တစ်ခါတစ်ရံ နစ်မျောသွားပြီး ဟိုရောက် ရောက် ရောက်ခဲ့တယ်လို့ မကြားဖူးဘူးလား"

ကျွန်တော် ။ ။ "ကြားဖူး ပါတယ်၊ တချို့လည်း ငရဲပြည် ရောက်ခဲ့သတဲ့၊ ချို့လည်း နတ်ပြည် ရောက်ခဲ့သတဲ့"

ဘုန်းကြီး ။ ။ "သူတို့ ဟိုရောက်တဲ့အခါမှာ ကိုယ်ကာယကြီးဟာက င်ပေါ်မှာ ကျန်နေရစ်တယ် မဟုတ်လား၊ ဒါနဲ့ ဘယ်နှယ်ကြောင့် ငရဲပြည် ပြည်တို့မှာ မြင်နိုင် ကြားနိုင်သလဲ"

ကျွန်တော် ။ ။ "ဒါဖြင့် သူတို့ ရောက်ခဲ့တယ်ဆိုတာ စိတ်မှာထင်တာ က်ဘူး၊ တကယ် ရောက်ခဲ့ကြတာပေါ့"

ဘုန်းကြီး ။ ။ "တကယ် ရောက်တာပေါ့၊ ရုပ်ဆိုတာ ရုပ်နဲ့ ရုပ်ကြွမ်းလို့ ယ်၊ ရုပ်ကြမ်းကြီးဟာက နေရစ်သော်လည်း ရုပ်နုက လိုရာကို သွားနိုင်တယ်"

ကျွန်တော် ။ ။ "တပည့်တော်တို့ ဗုဒ္ဓဘာသာ အဘိဓမ္မာနည်းအတိုင်း ဒီလို မဟောခဲ့ပါကလား"

ဘုန်းကြီး ။ ။ "သင်တို့ ဟိနယာနဂိုဏ်းက စာတွေက မစုံဘူး၊ ငါတို့ ယနဂိုဏ်းကမှ စုံတယ်၊ ဒါကြောင့် သင်တို့ဂိုဏ်းကို ယုတ်တယ်လို့ ငါတို့ ၎်"

ကျွန်တော် ။ ။ "ကိုယ်တော်တို့အယူက သီယိုဆိုဖီ အယူဝါဒနဲ့ ခပ်ဆင် ူနေပြီကော"

ဘုန်းကြီး ။ ။ "သီယိုဆိုဖီ ဆိုတာက၊ ဟိုအထဲကနှုတ်၊ ဒီအထဲက



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူပြီး၊ တစ်ဘာသာဖြစ်အောင် ထူထောင်ထားတာပဲ၊ ဒီတော့ တူချင် တူလိမ့်မယ်"

ကျွန်တော်။ ။"တပည့်တော် တစ်ခု မေးလျှောက်ပါရစေ၊ ကိုယ်တော်တို့အထဲက ခရီးပေါက်ရောက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်များဟာ ဒုစရိုက် ၁၀ ပါး လုံးခြုံပါသလား"

ဘုန်းကြီး။ ။"ဒုစရိုက်ဆိုတာ ဘယ်လိုဟာလဲ"

ကျွန်တော်။ ။"သူတစ်ထူးကို နှစ်နာအောင်၊ ဆုံးရှုံးအောင် ပြုလုပ်တဲ့ အလုပ်မျိုးကို ဆိုလိုပါတယ်"

ဘုန်းကြီး။ ။"သတ္တဝါမှန်လျှင် ငါတို့ နာကျင်အောင် မပြုလုပ်ဘူး"

ကျွန်တော်။ ။"ဘယ်လိုနည်းနဲ့မှ မပြုလုပ်ဘူးလား ကိုယ်တော်"

ဘုန်းကြီး။ ။"သို့သော် ချွင်းချက်တစ်ခုတော့ ရှိတယ်။ ငါတို့အနက်က ပုဂ္ဂိုလ်မြတ်တစ်ပါးကို သတ်ဖြတ်ဖူးတဲ့ လူတစ်ယောက်ကိုတော့ ငါတို့ ချမ်းသာ မပေးနိုင်ဘူး"

ကျွန်တော်။ ။"ဘာကြောင့်လဲ ကိုယ်တော်"

ဘုန်းကြီး။ ။"တစ်ယောက်ကို ချမ်းသာပေးလိုက်လျှင် နောက် အခြား အလာဖြစ်ပြီး၊ ငါတို့ကို မကြောက်တော့ဘဲ ခဏခဏလာပြီး နှောင့်ယှက်နေ လိမ့်မယ်၊ ဒါကြောင့် ငါပြောတဲ့အပြစ်မျိုး ကျူးလွန်ဖူးတဲ့လူကတော့ တစ်နေ ရာမှာ တစ်နေ့နေ့ တွေ့အောင်ရှာပြီး ငါတို့တပည့်သားများက အပြစ်ပေး စီရင် တယ်။ ကိုင်း ကိုင်း ပြန်ပေဦးတော့၊ ငါ့မှာ ဆွမ်းကပ်ဖို့အလုပ် ရှိသေးတယ်"

၎င်းနောက် ကျွန်တော်သည် ကျောင်းပရဝဏ်အပြင်သို့ ထွက်လာခဲ့သော ရာ တိဘက်ဘုန်းကြီးပြောလိုက်သော စကားများကို ပြန်ပြောင်းစဉ်းစား လေ၏။ ထူးဆန်းသော အချက်တစ်ခုမှာ ရုပ်နှ ရုပ်ကြမ်းဟူ၍ နှစ်မျိုးရှိသည်ဆို၍ ရုပ်နုသည် ရုပ်ကြမ်း၏ အပြင်ဘက်သို့ထွက်၍ အလိုရှိရာသို့ သွားလာနိုင်သည် ဆို၏။ ဤစကားမှာ အဘိဓမ္မာကျမ်းနှင့် ဆက်စပ်၍မရသောကြောင့် မှန်နိုင်မည် မထင်ချေ။ သို့သော် နှစ်မျောသွားသော လူများသည် အကယ်ပင် ငရဲပြည်





နတ်ပြည်တို့သို့ ရောက်သွား၍ မြင်ခဲ့ကြားခဲ့ရသည် ဆိုပါလျှင်၊ထိုသူတို့၏ အယူဝါဒ ကို ငြင်းပယ်ရန် ခဲယဉ်းသကဲ့သို့ ဖြစ်နေပြန်၏။ အဘိဓမ္မာနည်းအားဖြင့်ဆိုသော် ခန္ဓာငါးပါးမျှသာ ရှိသောကြောင့်၊ ရုပ်နုအတွက် အမည်မှည့်ရန် ခက်ခဲနေ၏။ နောက်ဆုံး၌ မှန်ခြင်း မှန်ခဲ့လျှင် မြတ်စွာဘုရား၏ အဘိဓမ္မာတရားသာလျှင် မှန်ရမည်၊ ၎င်း၏အယူဝါဒ မှန်ခဲ့လျှင်လည်း အခေါ်အဝေါ်ကွဲလွဲ၍ ရုပ်နုဟု ခေါ်ခြင်းမျှသာ ဖြစ်ရမည်ဟု ဆုံးဖြတ်လိုက်ရပေ၏။

ထိုနောက် အပြစ်ရှိသောသူကို အပြစ်အလျောက် စီရင်ရမည် ဆိုရာ၌ သည်း၊ ကျွန်တော်တို့ နားလည်လာခဲ့သည့် သူတော်သူမြတ်များ၏ အကျင့်နှင့် မကိုက်ညီချေ။ သူတော်ကောင်းမှန်ခဲ့လျှင် လက်တုံ့ပြန်ကောင်းသည်ဟု အယူမရှိ ချေ။ အကယ်တန္တ၊ ထိုပုဂ္ဂိုလ်များသည် မြန်မာပြည်သို့ ရည်ရွယ်ချက်တစ်ခုခုနှင့် လာရောက်ခဲ့ခြင်း ဖြစ်ခဲ့လျှင်၊ ကျွန်တော်တို့ စိုးရိမ်ပူပန်လာခဲ့သည့် ဦးသိန်းသည် မည်ကဲ့သို့သောအပြစ်မျိုး ကျူးလွန်ခဲ့ဖူး လေသနည်း၊ ခရီးပေါက်ရောက်ပြီဆိုသော တိဘက်ရဟန်းတော်တစ်ပါးကိုပင် သတ်ခဲ့ဖူးလေသလော စသည်ဖြင့် တွေးတော စဉ်းစားမိလေ၏။

နောက်ဆုံး၌ ထိုပုဂ္ဂိုလ်များသည် မည်သို့သော ကိစ္စနှင့်လာ၍ မည်ကဲ့သို့ အပြစ်ပေး စီရင်ကြသည် ဖြစ်စေ၊ အပြစ်ရှိသော လူကိုသာ အပြစ်ပေး၍ အပြစ်မရှိ သော သူများကို ရောနှောအပြစ်ပေးခြင်း မပြုကြပါစေနှင့် ဟူ၍သာ ဆုတောင်းမိ သော၏။

အိမ်သို့ ပြန်ရောက်သောအခါ ကျွန်တော်သည် မတင်ကြည် စိတ်ပူမည် စိုးသောကြောင့်၊ကျွန်တော် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို အလုံးစုံ ပြောမပြ ဘဲ သင့်တော်သလောက်မျှကိုသာ ဖာဖာထေးထေးနှင့် ပြောပြရ၏။ ထိုနေ့ တစ်နေ့လုံး ကျွန်တော်သည် ဦးသိန်းကိစ္စ အကြောင်းကို အနုလုံ ပဋိလုံ ပြန်လှန် စဉ်းစားရင်း ထိုနေ့ ကုန်လွန်စေဖို့သာလျှင် ဆုတောင်းနေမိရာ၊ ကျွန်တော်၏ တစ်သက်၌ ထိုနေ့ကဲ့သို့ နေ့တာရှည်သောနေ့ကို တစ်ကြိမ်တစ်ခါမျှ မကြုံဘူးချေ။

ကျွန်တော်သည် စာဖတ်ခြင်း၊ စာရေးခြင်း၊ လမ်းလျှောက်ခြင်း၊ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခြင်းစသော နည်းအမျိုးမျိုးတို့ဖြင့် အချိန်ကုန်အောင် ကြိုးစားခဲ့ရာ အလုပ်ပေါင်းများစွာပြီး၍ မောဟိုက်မတတ် ဖြစ်သော်လည်း နေမဝင်သေးချေ။ ကျွန်တော်၏နှမ မတင်ကြည်မှာလည်း ကျွန်တော်ကဲ့သို့ အကြောင်းမျိုးစုံ မသိရစေကာမူ၊ နေမထိ ထိုင်မထိ ဖြစ်နေရှာသည့်အဖြစ်ကို သိရှိရ၏။

နောက်ဆုံး၌ ညစာထမင်း စားသောက်ပြီးစီးကြသဖြင့် မီးထွန်းခြင်း၊ ဘုရားဝတ်တက်ခြင်း၊ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း စသော ကိစ္စများ ပြီးစီးကြ၍၊ ကျွန်တော်တို့၏ဖခင်သည် အိပ်ရာသို့ စောစောဝင်တတ်သော ထုံးစံအတိုင်း၊ ၎င်း၏အိပ်ခန်းသို့ ဝင်သွားသောအခါ ကျွန်တော်တို့မောင်နှမမှာ တစ်စုံတစ်ခု ဖြစ်ပွားသည်ကို စောင့်မျှော်နေကြသည့် အမူအရာမျိုးနှင့် အိမ်ရှေ့ခန်းတွင် ထိုင်လျက် ကျန်ရစ်နေကြလေ၏။

## အခန်း ၁၃

အိမ်ရှေ့ခန်း၌ လသာမီးအိမ်တစ်လုံး ထွန်းလျက်ရှိရာ၊ မတင်ကြည်သည် ပြတင်းပေါက်အနီးတွင်ထိုင်လျက် ကျွတ်တီးကုန်း နေအိမ်ကြီးဘက်သို့ လှည့်ကာ မျှော်ကြည့်နေလေ၏။ ကျွန်တော့်မှာလည်း အခြားသော ပြတင်းပေါက်တစ်ခု၌ ထိုင်ကာ ၎င်းနည်းတူ မျှော်ကြည့်နေမိရာ၊ ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ တိတ်ဆိတ်စွာ ရှိနေကြသဖြင့်၊ ဧည့်ခန်းရှိ နာရီကြီး၏ ချောက်ချက် ချောက်ချက် မြည်သံသည် အခါတိုင်းထက် တိုး၍ ကျယ်လောင်သည်ဟု မှတ်ထင်မိ၏။ ထိုအချိန်မှာ ၁၁ နာရီ ကျော်ပြီဖြစ်၍ ရွာထဲမှ "သက်ကြီးခေါင်းချ" ကြက်တွန်သံများသည် တစ်ချက်ချက် ပေါ်ထွက်လာပေ၏။

ရွာရှေ့၌ရှိသော လှည်းလမ်းပေါ်မှလည်း တောလှည်းတစ်စီးသည် တအိအိ မောင်းနှင်လျက်ရှိရာ၊ လှည်းပေါ်မှ လှည်းမောင်းသမားသည်လည်း တေးချင်းကလေး တအေးအေးနှင့် မောင်းနှင်သွားသည်ကို ကြားရပေ၏။

အတန်ငယ်ကြာလတ်သော် မတင်ကြည်သည် အပ်ချည်နှင့် အပ်များကို ကောက်ယူ၍ ဇာထိုးခြင်းအလုပ်ကို စ,တင်လုပ်ကိုင်ရာ၊ ကျွန်တော်လည်း ဘအုပ်တစ်အုပ်ကို ကောက်ယူဖတ်ရှုလေ၏။ သို့ရာတွင် မတင်ကြည်သည် လည်းကောင်း၊ ကျွန်တော်သည် လည်းကောင်း အလုပ်၌ စိတ်ဝင်စားခြင်း မရှိဘဲ ပြတင်းပေါက်မှ လည်ပင်း တဆန့်ဆန့်နှင့် မျှော်ကြည့်မိကြလေရကား၊ မတင်ကြည်



www.burmeseclassic.com

www.burmeseclassic.com



သည် အလုပ်ကိုချထား၍၊ ကျွန်တော်ကလည်း စာအုပ်ကိုပစ်ချပြီးလျှင် ကျတ်တီးကုန်းဘက်သို့ မျှော်ကြည့်သည့်အလုပ် သက်သက်ဖြင့်သာ ထိုင်နေမိကြလေ၏။ တစ်ခါတစ်ရံ ကြွက်တစ်ကောင် လျှောက်ပြေးသောအခါ၌ ဖြစ်စေ၊ အိမ်မြှောင်စုတ်ထိုးလိုက်သော အခါ၌ဖြစ်စေ၊ တဖျပ်ဖျပ် လန့်မိကြ၍ တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်မိကြ၏။ ယင်းသို့ ရှိနေကြသည့်အတိုင်း၊ ဘာစိုတစ်ခု ဖြစ်လိမ့်မည်ဟု မျှော်လင့်နေကြသော စိတ်သည်၊ တစ်ခဏထက် တစ်ခဏ ကြီးလာလေသည်ဖြစ်၍ ရင်ထဲ၌ တလှပ်လှပ် လှုပ်ခါလျက် ရှိလေသည်။

ကျွန်တော်သည် တည်ငြိမ်စွာထိုင်၍ မနေနိုင်သည် ဖြစ်သောကြောင့် ပြတင်းပေါက်မှ မတ်တတ်ရပ်၍ အထက်ကောင်းကင်သို့ မျှော်ကြည့်လိုက်ရာ၊ လပြည့်နေ့ လဝန်းကြီးသည် ကောင်းကင်ပြင်၌ အတော်မြင့်နေပြီ ဖြစ်သော်လည်း မိုးတိမ်များ ပြေးလွှားလျက်ရှိသည် အတွက်ကြောင့်၊ ရံဖန်ရံခါ တိမ်များဖုံးအုပ်လျက်၊ ရံဖန်ရံခါမှသာ တောက်ပနိုင်လေသည်။

ကျတ်တီးကုန်း အိမ်ကြီးဆီသို့ မျှော်ကြည့်လိုက်သောအခါ ကုန်းမြင့်ကလေးတစ်ခု ကွယ်လျက်ရှိသောကြောင့် အိမ်ကြီးကို တိုက်ရိုက် မမြင်နိုင်ရာ၊ ကျွန်တော်မှာ ၎င်းကုန်းမြင့်ပေါ်မှ တက်၍ကြည့်လိုသော စိတ်ဇောတို့သည် သည်းမခံနိုင်အောင် ဖြစ်ပေါ်လာလေတော့၏။ နောက်ဆုံး၌ မည်သို့ဖြစ်ရသည် ဖြစ်စေ၊ ကုန်းမြင့်သို့ သွား၍ ကြည့်ချေတော့မည်ဟု ဘလေဇာ ကုတ်အင်္ကျီကို ဝတ်ဆင်လေရာ နှမ မတင်ကြည်ကလည်း တစ်ယောက်တည်း မနေရစ်လိုဘဲ အတူ လိုက်ပါလိုကြောင်းနှင့် အတင်းပူဆာ ပြောဆိုနေလေ၏။

သို့ဖြစ်ရကား မတင်ကြည်အား တဘက်တစ်ထည်ကို ခြုံစေလျက်၊ ကျွန်တော်တို့မောင်နှမသည် အိမ်တံခါးကိုပိတ်၍ ကုန်းမြင့်ဆီသို့ လျှောက်သွားကြပြီးလျှင်၊ ကုန်းမြင့်ပေါ်သို့ မျှော်ကြည့်လိုက်ကြလေ၏။

အခါတိုင်း၌ဆိုပါမူ နေအိမ်ကြီးမှာ ဤအချိန်မျိုးတွင် ဓာတ်မီးအိမ်များ ထိန်ထိန်လင်းအောင် ထွန်းထားတတ်သော်လည်း၊ ထိုညဉ့်၌မူကား တစ်အိမ်လုံး မီးအစအန မမြင်ရဘဲ မှောင်မည်းလျက် ရှိသည်ကို တွေ့ရလေ၏။ အိမ်ပတ်လည်၌





ရှိသော သစ်ပင်ကြီးများသည်လည်း မိုက်မိုက်မည်းမည်းရှိနေကြသည် ဖြစ်သောကြောင့်၊ လမင်းကို ငပုပ်ဖမ်းစားခြင်းကဲ့သို့ အိမ်ကြီးကို ဖမ်းစားတော့မည်လိုလို၊ စိတ်ထဲတွင် အသည်းထိတ်စရာများကိုသာ တွေးတောမိလေတော့၏။ ပထမ၌ ကျွန်တော်တို့ မောင်နှမမှာ ကုန်းထိပ်မှ မျှော်ကြည့်လိုက်ရလျှင်၊ အိမ်ကြီးကို တပ်အပ်မြင်ရသဖြင့် စိတ်သက်သာခြင်း ရလိမ့်မည်ဟု မှတ်ထင်ခဲ့ကြသော်လည်း၊ ထိတ်လန့်ခြင်း မသက်သာသည့်ပြင် တိုး၍ ရင်ဖိုလိုက်ခြင်းကိုသာ ခံစားကြရသောကြောင့် နေအိမ်သို့သာလျှင် လျင်မြန်စွာ ပြန်လာကြရလေ၏။

အိမ်သို့ ပြန်ရောက်သောအခါ၊ ပြတင်းပေါက်ကို ဖွင့်ပြန်၍ ကုလားထိုင်တစ်လုံးစီဖြင့် ထိုင်ခါ မျှော်ကြည့်နေကြပြန်လေရာ၊ ကျွန်တော်တို့မှာ မည်သည့်အခြင်းအရာကို စောင့်မျှော်နေကြသည်ဟု ပြောနိုင်ကြသော်လည်း၊ တစ်စုံတစ်ခု ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ထူးထူးခြားခြား ဖြစ်ပေါ်လိမ့်မည် ဟူ၍ကား၊ စိတ်ထဲတွင် အမြဲပိုက်လျက် ရှိနေမိကြလေ၏။

အခန်းမကြီးမှ နာရီကြီးသည် ၁၂ နာရီ ထိုးပြီးသည်နှင့် တစ်ပြိုင်နက် မတင်ကြည်သည် ထိုင်ရာမှ ရုတ်တရက် ထ၍ "နားထောင်စမ်း ကိုကို"ဟု ဆိုကာ၊ လက်ကို နားရွက်နောက်တွင်ကာလျက် နားစွင့်နေရာ ကျွန်တော်မှာ ၎င်းနည်းတူ ပြုလုပ်၍ နားထောင်သော်လည်း မည်သည့်အသံကိုမျှ မကြားရချေ။

ကြည်။ ။ "မကြားဘူးလား ကိုကိုရဲ့၊ ဒီဘက်နားက လာပြီး နားထောင်ကြည့်စမ်းပါ"

ကျွန်တော်။ ။ "ငါဖြင့် ဘာသံမှ မကြားရပေါင်ကွယ်"

ကြည်။ ။ "ဒီဘက်ကို တိုးပါဦး၊ ကိုင်း မကြားဘူးလား"

ကျွန်တော်သည် ၎င်းနေရာဘက်သို့ သွား၍ နားနှစ်ဖက်လုံးကို လက်ဖြင့် ထောင်ပေးကာ နားစိုက်လိုက်သောအခါ၊ မြေပေါ်၌ တသိမ့်သိမ့် ဖြစ်သွားသံလို အသံမျိုးတစ်ခုကို တီးတိုးမျှ ကြားရလေ၏။

ကျွန်တော်။ ။ "ဘာသံလဲကွဲ့"

ကြည်။ ။ "ကျွန်မတို့ဘက်ကို လူတစ်ယောက် ပြေးလာတဲ့အသံပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရေ့” ဟု ပြောပြီးနောက်၊ မတင်ကြည်သည် ရပ်တည်ရာ မရအောင် တုန်လှုပ်သောလက္ခဏာနှင့် ဘုရားစင်ဘက်သို့ လှည့်ပြီးလျှင်၊ ကြမ်းပေါ်၌ ဒူးထောက်ကာ ဝပ်တွားလျက် “မြတ်စွာဘုရား ကယ်တော်မူပါ ဘုရား၊ ကိုဘသင်တို့ အန္တရာယ်ကင်းလို့ ရန်ငြိမ်းပါစေ ဘုရား” စသည်ဖြင့် ရှိခိုးကာ ရေရွတ်နေလေ၏။

ကျွန်တော်မှာမူ ကြားရသောအသံကို ဆက်လက်နားထောင်နေလေရာ အသံမှာ တဖြည်းဖြည်း တိုး၍တိုး၍ ထင်ရှားလာပြီဖြစ်သောကြောင့်၊ မတင်ကြည်ပြောသည့်အတိုင်း လူတစ်ယောက်ပြေးသော ခြေသံပင်ဖြစ်၍ တစ်ခဏထက်တစ်ခဏ နီးကပ်လာကြောင်း တွေ့ရှိရလေ၏။

ခြေသံများသည် လှည်းလမ်းတစ်လျှောက် တဖုတ်ဖုတ် တဖက်ဖက်နှင့် အဆက်မပြတ် ဖြစ်ပေါ်လျက်ရှိရာ၊ အနည်းငယ်မျှ ရပ်နားခြင်းလည်း မရှိ၊ နှေးကွေးလေးလံသွားခြင်းလည်း မရှိရကား၊ ဧကန်မုချ အရေးတကြီးရှိ၍ ပြေးလာခြင်း ဖြစ်ကြောင်းမှာ ထင်ရှားလှပေ၏။

ကျွန်တော်တို့ နားထောင်လျက်ရှိစဉ်၊ ခြေသံသည် ခပ်ဆတ်ဆတ် မြည်လျက်ရှိရာမှ ခပ်ထိုင်းထိုင်း ဖြစ်သွားအောင် ပြောင်းလဲသွားပြန်သည်ကို တွေ့ရသဖြင့် မြေမာတစ်လျှောက် ပြေးလာရာမှ သဲဖုတ်များရှိရာသော လမ်းပေါ်သို့ ရောက်လာကြောင်း သိရှိရလေ၏။ ထိုနောက် သဲဖုတ်ကိုကျော်လွန်၍ မြေမာလမ်းကို တစ်ဖန် ရောက်ပြန်လေရာ၊ ခြေသံသည် ယခင်ကအတိုင်း ခပ်ဆတ်ဆတ် မြည်ထွက် လာပြန်လေ၏။ ထိုအတောအတွင်း၌ ခြေသံသည် နီးကပ်သည်ထက် တိုး၍ နီးကပ်လာခဲ့ပြန်လေပြီ။

ထိုခဏ၌ ခြေသံသည် လမ်းခွဲသို့ ရောက်လာပြီဖြစ်ရာ၊ ကျွန်တော်တို့ ရှိရာသို့ ချိုး၍ လာချေမည်လော။ သို့တည်းမဟုတ် ဆက်လက်၍ လျှောက်ပြေးသွားမည်လောဟု စောင့်၍ နားထောင်နေမိကြ၏။ နောက် တစ်ခဏ၌ ခြေသံသည် ရွာဘက်သို့ ချိုးသောလမ်းကို လိုက်လာသည်ဖြစ်ရာ၊ ကျွန်တော်သည် လ,ရောင်တွင် တမွှေးမွှေးပြေးနေသော လူတစ်ယောက်၏ ပုံသဏ္ဍာန်ကို မြင်ရစ ပြုလေပြီ။

မကြာမီ ထိုလူသည် ရွာတွင်းသို့ဝင်လာ၍ ကျွန်တော်တို့အိမ်ဆီသို့ ဆိုက်





ဆိုက်မြိုက်မြိုက် ပြေးလာသည်ကို တွေ့ရှိရလေရာ၊ ကျွန်တော်တို့ မောင်နှမသည် အိမ်ပေါ်မှဆင်း၍ ဝင်းတံခါးဆီသို့ ပြေးသွားပြီးလျှင် တံခါးကို ဖွင့်ပေးကြလေ၏။

တံခါးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ပြေးလာသောလူသည် မောကြီးဟိုက်ကြီးနှင့် ကျွန်တော်၏လက်ထဲတွင် ခွေယိုင်ကာ လဲကျသွားလေရာ၊ ထိုသူမှာ အခြားသူမဟုတ် ကိုဘသင်ဖြစ်ကြောင်း တွေ့ကြရလေ၏။

ထိုအခါ ကျွန်တော်က အဖြစ်အပျက်ကို မေးမြန်းရာ၊ ကိုဘသင်မှာ မည်သို့မျှ ပြန်မပြောနိုင်ဘဲ “အဖေ အဖေ၊ ကျွန်တော်တို့အဖေ” ဟူ၍သာ ရေရွတ်နေလေ၏။

ထိုအတောအတွင်း ကိုဘသင်၏မျက်လုံးမှာ ကြောက်လန့်တုန်လှုပ်အားကြီးသည့် လက္ခဏာနှင့် ပြူးပြူးဝိုင်းဝိုင်း ရှိနေလေရာ၊ မျက်နှာတစ်ခုလုံးမှာလည်း လူသေကောင်ကဲ့သို့ ဖျော့တော့လျက်၊ တစ်ကိုယ်လုံးမှာလည်း ကျွန်တော်၏လက်ထဲတွင် ဆတ်ဆတ်တုန်လျက် ရှိ၏။ ထိုအခိုက်တွင် ကိုဘသင်မှာ ရှပ်လက်တိုနှင့် ဘောင်းဘီတိုမျှလောက်သာ ဝတ်ဆင်လျက်ရှိရာ၊ ကျွန်တော်က အအေးမိမည်စိုး၍ အိမ်ပေါ်သို့ တွဲခေါ်သွားရင်း

“စကားမပြောနဲ့ ဦးဗျာ။ အမောပြေတော့မှ ပြောတာပေါ့၊ မလန့်ပါနဲ့ ခင်ဗျာ။ ကျွန်တော်တို့တတွေ ရှိသားကပဲ၊ ဘာကြောက်စရာ ရှိသလဲ” ဟု အားပေး ၁ကားပြောစဉ်တွင် မတင်ကြည်လည်း ရေတစ်ဖန်ခွက်ကို ခပ်ပေးလေ၏။

ကိုဘသင်သည် အနည်းငယ် မောဟိုက်ခြင်းပြေပျောက်၍ ခရေတစ်ခွက်ကို သောက်ပြီးသောအခါမှ၊ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင် ထိုင်နိုင်တော့လေရာ၊ မတင်ကြည်ကလည်း ဦးခေါင်းကိုပွတ်၍ အားပေးလျက် ရှိလေ၏။

ကျွန်တော် ။ ။ “ခင်ဗျားအဖေ ဘာဖြစ်လို့လဲ ကိုဘသင်”

သင် ။ ။ “ထွက်သွားပြီဗျ”

ကျွန်တော် ။ ။ “အလို ဘယ်ဆီ ထွက်သွားတာလဲဗျာ”

သင် ။ ။ “အဖေလဲ ထွက်သွားပြီ၊ လောလျှံလဲ ထွက်သွားပြီ၊ ဘယ်တော့ ပြန်လာကြမှာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ။ ။ "ဘယ်ဆီထွက်သွားလို့ ပြန်မလာဘဲ နေရာမှာလဲဗျ။ ကိုဘသင်ကလဲ ယောက်ျားပီပီ အလုပ် လုပ်စမ်းပါဗျာ၊ ခင်ဗျားက ကယောင်ကတမ်း စကားတွေပြောပြီး အချိန်ဖြုန်းနေတဲ့အတွက် လက်လွန်ကုန်တော့မယ်ဗျ။ လိုက်ဖို့လိုရင် လိုက်ကြရအောင်၊ ဘယ်ဆီသွားကုန်ကြသလဲ ပြောစမ်းပါဦးဗျ"

သင်။ ။ "အကြောင်းမထူးတော့ပါဘူးဗျာ၊ လိုက်လို့လဲ အပိုပါပဲ။ ဒီလို ဖြစ်လိမ့်မယ်ဆိုတာ ထင်လွန်းလို့ ကြိုးစားပြီး သတိဝီရိယနဲ့ နေကြတာပဲ ကိုသောင်းညွန့်ရဲ့။ နို့ပေမယ့် ကြမ္မာငင်လာတော့ ဘယ်ဆီပြေးလို့မှ မလွတ်နိုင်ကြပါကလား" ဟု ပြောရင်း ရှိုက်ကြီးတငင် ဖြစ်လာရှာလေတော့၏။

ကျွန်တော် ။ ။ "ဝမ်းနည်းတော့ ဝမ်းနည်းစရာပေါ့၊ နို့ပေမယ့် ဘယ်လို ဖြစ်ပျက်တယ်ဆိုတာ ကျွန်တော်တို့ကို ပြောပြစမ်းပါဦးဗျ"

သင် ။ ။ "မိုးမလင်းခင်တော့ ကျွန်တော်တို့ ဘာမှ လုပ်နိုင်ကြမယ် မဟုတ်ပါဘူးဗျာ။ မိုးလင်းတော့မှ ခြေရာခံပြီး လိုက်ရှာရတော့မှာပါပဲ"

ကျွန်တော်။ ။ "မမြရင်နဲ့ ဒေါ်သန်းတင်တို့ကောဗျာ၊ ဒီခေါ်ထားရရင် မကောင်းဘူးလား၊ မမြရင်က သိပ်ကြောက်မနေဘူးလား"

သင် ။ ။ "ဒီအဖြစ်အပျက်ကို မြရင် ဘာမှ မသိသေးပါဘူး၊ သူက သူ့အခန်းနဲ့သူ အိပ်လေတော့၊ ဒီအကြောင်းအရာတွေကို သူ ဘာမှ မသိရှာသေးဘူး၊ မယ်တော်ကြီးကတော့ တစ်နေ့နေ့မှာ ဒီလိုဟာမျိုး ဖြစ်လိမ့်မယ်လို့ နှစ်ပေါင်းများစွာကတည်းက မျှော်လင့်လာခဲ့လေတော့၊ ဒီကနေ့ည တကယ့်တကယ် ဖြစ်တဲ့အခါမှာ တယ်ပြီး မတုန်လှုပ်လှဘူးဗျို့။ အပုံကြီး စိတ်တင်းနိုင်တယ်။ ဒါကြောင့် မသိသေးတဲ့အလိုက် အသာထားပြီး၊ သူတို့နှစ်ယောက်ကို ခေါ်လား ငင်လား၊ ရွှေ့လား၊ ပြောင်းလား လုပ်နေကြဖို့ မလိုဘူးထင်တယ်"

ကျွန်တော်။ ။ "ခုချက်ခြင်း ပြောင်းဖို့ ရွှေ့ဖို့ မလိုကြသေးလျှင် မနက်ကျတော့မှ ပြောင်းတာပေါ့၊ ဒီအတောအတွင်းမှာ အဖြစ်အပျက် အကျိုးအကြောင်းကို ကျွန်တော်တို့ကို ပြောပြစမ်းပါဦးတော့ဗျာ"

သင်။ ။ "ဖြစ်ပုံက ဒီလိုဗျ၊ ကျွန်တော်တို့အဖေ ငယ်စဉ်က ပြုခဲ့မိတဲ့ အပြ





အမှုတစ်ခုအတွက်ကြောင့် လက်တုန့်ပြန်တဲ့သဘောနဲ့တစ်နေ့နေ့မှာ ဆောအန္တရာယ် ဘစ်ခုခု တွေ့လိမ့်မယ်လို့ နှစ်ပေါင်းများစွာကတည်းက စိုးရိမ်ပူပန် လာကြတဲ့အကြောင်းကို ခင်ဗျားတို့ သိပြီးပြီ၊ အပြစ်ကျူးလွန်သည့်အခါကလည်း ဖေဖေနဲ့ ဆောလျှံနဲ့ အတူတူပဲ ကျူးလွန်ခဲ့ကြသဘဲ့၊ တစ်လောက ကျွန်တော်တို့အိမ်ကို ဆောလျှံ ရောက်လာကတည်းက ဒီတပေါင်းလပြည့်နေ့တော့ဖြင့် ဧကန္တ တစ်စုံ ဘစ်ခု ဖြစ်ကြရတော့မှာပဲလို့ ဖေဖေက တစ်ထစ်ချ ယုံကြည်ထားတယ်"

ကျွန်တော်။ ။ "ဘယ့်နှယ့်ကြောင့် တပေါင်းလပြည့်နေ့ရယ်လို့ တပ်အပ် ပြောနိုင်သတဲ့လဲဗျာ"

သင်။ ။ "ဒီလိုဗျ၊ ဖေဖေတို့ ကျူးလွန်မိတဲ့အပြစ်က တပေါင်း လပြည့် နေ့မှာတဲ့၊ တပေါင်းလပြည့်နေ့ဟာပဲ ခံရလိမ့်မယ်လို့ သတိပေးခြင်း မံရဖူးသတဲ့"

ကျွန်တော်။ ။ "ပြောပါဦးဗျာ"

သင်။ ။ "ဒီကနေ့ လပြည့်နေ့ရောက်လာတော့ ဖေဖေဟာ ကျွန်တော်တို့ ထင်တဲ့အတိုင်း၊ တုန်တုန်ယင်ယင် မဟုတ်တော့ဘဲ ခပ်အေးအေးနဲ့ ခပ်တင်းတင်း နေနိုင်တာကို တွေ့ရတယ်ဗျ၊ လက္ခဏာက ဘာလဲဆိုတော့ သေရမည့်အတူတူ မျက်နှာပြောင်ပြောင်နဲ့ သေတော့မယ်လို့ အောက်မေ့လေသလား၊ သို့မဟုတ် သေရမည့်ဘေးမျိုးဟာ အဝေးကကြည့်တော့ ကြောက်စရာကောင်းပြီး၊ တကယ့် တကယ် နီးလာတော့ ထင်သလောက် ကြောက်စရာမကောင်းလို့ လေလား မပြော တတ်ပါဘူး ကိုသောင်းညွန့်ရယ်"

ကျွန်တော်။ ။ "လူတိုင်း လူတိုင်းတော့ ဒီလိုဟုတ် မထင်ပါဘူးဗျာ။ ဆော်တော် သတ္တိကောင်းတဲ့ လူမို့လို့ တင်းနိုင်တယ် ထင်ပါရဲ့။ ကိုင်း ပြောပါဦးဗျာ"

သင်။ ။ "ဒီကနေ့တော့ ဖေဖေက ကျွန်တော့်ကို ရှေးဟောင်းနှောင်းဖြစ် ဆော့ ပြန်ပြောပြီး ထိုင်းနိုင်ငံ၊တရုတ်ပြည်၊ တိဘက်ပြည်များကို ရောက်ခဲ့ရဖူးတဲ့ အကြောင်းတွေကို ပြောပြတယ်။ပြောလို့လဲ ပြီးရော၊ ည ၉ နာရီလောက်မှာ ကျွန်တော်နဲ့ မမြရင်တို့ကို ကိုယ့်အခန်းထဲ ကိုယ်ဝင်စေပြီး တံခါးကို သော့နဲ့ ခတ်ထားဘယ်။ တစ်ခါ တစ်ခါမှာ ဒီလို သူ လုပ်တတ်လေတော့ ကျွန်တော်တို့က



www.burmeseclassic.com

www.burmeseclassic.com



လည်း ခပ်အေးအေးပဲ နေလိုက်ကြတယ်။ ဖေဖေရဲ့အကြံက ဘယ်လိုလဲဆိုတော့ သူ့မှာ တကယ်လို့ ဘေးအန္တရာယ် တွေ့ရစေဦးတော့၊ ကျွန်တော်နဲ့မြရင်ကို ဘေးအန္တရာယ်က လွတ်စေဖို့ ကြံရွယ်ရှာတာ ထင်တယ်"

ကြည်။ ။"ရင်သွေးဆိုတော့ တတ်နိုင်သမျှ ကာကွယ်ပေးချင်ရှာတာပေါ့"

သင်။ ။"ဒါနဲ့ ကျွန်တော်ကိုတော့ အခန်းပေါက်ရောက်အောင် လိုက်ပို့ပြီး ခင်ဗျားကို ပေးရစ်ဖို့ စာတစ်စောင် အပ်ထားခဲ့တယ်"

ကျွန်တော်။ ။"ကျွန်တော့်နာမည်နဲ့လားဗျာ"

သင်။ ။"အစစ်ပဲ၊ ခင်ဗျားနာမည် လိပ်တပ်လို့ပါတယ်။ ဆုံးအောင် ပြောပြီးတော့ ကျွန်တော် ပြပါမယ်။ ဒါနဲ့ ကျွန်တော်က သားယောကျ်ားကလေး ဖြစ်သည့်အလျောက် ဖခင်နဲ့ သေအတူ ရှင်အတူ တစ်ညလုံး စောင့်ဖို့လိုလျှင် စောင့်ပါရစေလို့ ပြောတော့၊ ဖေဖေထားတဲ့နေရာမှာ နေစမ်းပါတဲ့၊ တင်းတင်းကျပ် ကျပ် မျက်နှာထားနဲ့ ပြောလေတော့ ကျွန်တော်လဲ မငြင်းနိုင်တော့ဘဲ အခန်းထဲ ဝင်နေလိုက်တော့၊ ဖေဖေက ပြင်ဖက်ကနေပြီး သော့နဲ့ ပိတ်သွားလေရော ခင်ဗျား သားလုပ်တဲ့လူက ဘယ်လိုပင် ကူညီချင်သော်လဲ၊ ဖခင်လုပ်တဲ့လူက အတင်းငြင်း နေတော့ ဖွတ်လုပ်ရမှာ အခက်သားကိုး ကိုသောင်းညွန့်ရဲ့"

ကြည်။ ။"ကိုယ့်ဝတ္တရား ကုန်နေပြီကော ကိုဘသင်"

သင်။ ။"ကျုပ်ကတော့ ဖေဖေ ဘယ်လိုငြင်းသော်လဲ ကျုပ်က ဖွတ်အတင်းကူမှသာ ဝတ္တရား ကုန်လေမလားလို့ ထင်မိပြန်တယ်"

ကျွန်တော်။ ။"ခင်ဗျာ့ ဖေဖေက ဖွတ်လုပ်လို့ရမယ့် လူမျိုးတော့ မဟုတ်ဘူး ကိုဘသင်၊ အတင်း ကူညီပါရစေဆိုလျှင်လည်း သူ စိတ်ဆိုးရုံရှိမှာ ပဲထင်တယ်။ ဒါနဲ့ ပြောပါဦး"

သင်။ ။"ကျွန်တော့်ကို အခန်းထဲ သွင်းထားခဲ့ပြီး၊ ဖေဖေဆင်းသွားတော့ ၁၀ နာရီလောက် ရှိပြီဗျ။ ကျွန်တော့်မှာတော့ ရုတ်တရက် မအိပ်နိုင်သေးဘဲ ခုတင်အနီးမှာ မီးထွန်းပြီး ဓမ္မစကြာစာအုပ်ကို လှဲရင်း ဖတ်နေတာကိုး ခင်ဗျာ စာအုပ်ဆုံးလို့ မှေးမှေး မှေးမှေး ဖြစ်နေတုန်း၊ ကြေးစည်တီးသံလိုလို ကြားလိုက် ရလေတော့၊ ဗြုန်းဆို လန့်နိုးပြီး နာရီကိုကြည့်လိုက်တော့ ၁၂ နာရီ ထိုးနေပြီဗျ ကြေးစည်သံကလဲ တစ်ချက်တည်း ကြားလိုက်ရပြီး ရပ်သွားတယ်။ ဒါနဲ့ ကျွန်တော် က ဒီအချိန်ကြီးမှာ ဘယ်ဆီက ဘယ်သူများ ကြေးစည်နှက်နေပါသလဲလို့ အောက် မေ့ပြီး ကုတင်ပေါ်က ထ,လိုက်တဲ့အခါမှာ 'တီဝေဝေ ဝေဝေ လွေ့ လွေ့'လို့ ကြေးစည်သံတစ်ချက် ထပ်ပြီး ကြားလိုက်ရပြန်တယ်။ ပထမတစ်ချက် ကြားလိုက် တုန်းကတော့၊ မှေးမှေး မှေးမှေး ဖြစ်နေလို့ ဘယ်ဆီက တီးသံရယ်လို့ အသေအချာ မပြောနိုင်ဘူး။ ဒုတိယ အချက်ကျတော့မှ ကျွန်တော်တို့အိမ်ပေါ်က တီးလိုက်တဲ့ အသံပဲလို့ ကျွန်တော် သိလိုက်ရတယ်။ သို့သော် ကျွန်တော်တို့အိမ်မှာ ကြေးစည် မရှိဘူးလေတော့၊ ဘယ်သူက ယူလာခဲ့ပြီး တီးလေသလဲလို့ မစဉ်းစားတတ်အောင် ဖြစ်မိတယ်"

ကျွန်တော်။ ။"ခင်ဗျားအခန်းက ဘယ်မှာလဲ"

သင်။ ။"ကျွန်တော့်အခန်းက အိမ်ရှေ့ဘက်က၊ မေမေနဲ့ မြရင်တို့ အခန်းက အိမ်နောက်ဘက်က ဖြစ်နေလေတော့၊ ဒီကနေ့ည အဖြစ်အပျက်ကို ကျွန်တော်တစ်ယောက်တည်း တပ်အပ်သေချာ မြင်လိုက်ရတယ်"

ကြည်။ ။"မြင်လိုက်ရပုံ ပြောစမ်းပါဦး ကိုဘသင်ရယ်"

သင်။ ။" ဒီလိုဗျ၊ ကျုပ်က ဒုတိယကြေးစည်သံ ကြားပြီးတဲ့နောက် အိမ်ရှေ့ဘက်က ပြတင်းပေါက်ကို ဖွင့်ပြီး ကြည့်လိုက်တယ်။ လမင်းကလည်း သာလိုက်တာ ထိန်လို့၊ နေ့ ကျနေတာပဲ။ ဒါနဲ့ ကျွန်တော်က ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်တော့ ဘုန်းကြီးသုံးပါးက အိမ်ရှေ့တည့်တည့်မှာ ရပ်ပြီး အိမ်ပေါ်ကို မော့်ကြည့်နေကြတာကိုးဗျ။ လ,ရောင်ကလည်း သူတို့မျက်နှာတွေပေါ် တည့်တည့်ကြီး ထိုးနေလေတော့ ဗမာဘုန်းကြီးတွေ မဟုတ်မှန်း သိရတယ်"

ကျွန်တော်။ ။"တိဘက်ဘုန်းကြီးတွေ မဟုတ်လားဗျ"

သင်။ ။"တိဘက်ဘုန်းကြီးတော့ ကျွန်တော် မမြင်ဖူးဘူး။ မျက်နှာ တွေကတော့ တရုတ်တွေနဲ့ ခပ်ဆင်ဆင် တူတာပဲ။ နှစ်ပါးကတော့ တော်တော် အသက်ကြီးပြီ။ တစ်ပါးကတော့ ခပ်ရွယ်ရွယ်ပဲ ရှိသေးတယ်"





www.burmeseclassic.com

ကျွန်တော်။ ။ "ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ကျုပ် ဘုန်းကြီးတွေပါပဲ"

သင်။ ။ (အံ့သြသော မျက်နှာနှင့်)"ခင်ဗျားက သူတို့ကို တွေ့ဖူးလို့လား"

ကျွန်တော်။ ။ "တွေ့ဖူးတယ်လေ၊နောက်တော့ ပြောပြပါမယ်။ ဆက်ပြောစမ်းပါဦး"

သင်။ ။ "ဒါနဲ့ ဘုန်းကြီးသုံးပါးက အိမ်ရှေ့မှာ စီတန်းရပ်နေပြီး မျက်လုံးတွေက အိမ်ပေါ်ကိုလှမ်းကြည့်ပြီး ပါးစပ်က ဘာရွတ်ကြတယ် မဆိုနိုင်ဘူး တိုးတိုး တိုးတိုးနဲ့ ရွတ်နေကြတယ်ဗျ။ စကားလုံးကို ကျွန်တော် မကြားရသော်လဲ ဥုံ ဥုံနဲ့ မြည်တဲ့ အသံတွေကိုတော့ ကြားရတယ်"

ကြည်။ ။ "မန်းနေကြတာ ထင်ပါရဲ့ ကိုဘသင်"

သင်။ ။ "အစစ်ဘဲ၊ မန်းနေကြတာ ကေန်ပဲ။ ဘာကြောင့်လဲဆိုတော့ သူတို့က ဥုံ ဥုံ နဲ့ ၇ ချက်လောက်လဲ မန်းပြီးရော အိမ်ပေါ်က လူတွေ ဆင်းပြေးကြတဲ့ ခြေသံတွေ၊ မင်းတုပ်ဖွင့်တဲ့အသံတွေ ကြားရပြီး၊ ဖေဖေနဲ့ လောလျံတို့က မဟားတရား ပြေးထွက်သွားတာကို မြင်လိုက်ရတာကိုးဗျ။ သူတို့မှာ အဝတ်တောင် ထပ်ဝတ်ဖို့ အချိန်ရဟန် မတူဘူး။ စွပ်ကျယ်အင်္ကျီကလေး ကိုယ်စီနဲ့ ထွက်လာကြတယ်"

ကြည်။ ။ "ဆန်းပါပေ့ရှင်၊မန်းခေါ်လိုက်တာ ထင်တယ်"

သင်။ ။"ဟုတ်မှာပါပဲ။ ဒါနဲ့ ဖေဖေတို့လည်း သူတို့ရှေ့မှာ ကျောင်းသားကလေးများ ရပ်သလို လက်ပိုက်ပြီး ရပ်နေကြပါရော။ ဒီတော့မှ ဘုန်းကြီး သုံးပါးက ချာခနဲလှည့်ပြီး ထွက်သွားလိုက်ကြတော့ ဖေဖေနဲ့ လောလျံတို့ကလဲ နောက်က တကောက်ကောက်ပါအောင် လိုက်သွားကြပါလေရောဗျ။ သူတို့ကို လက်နဲ့လဲ မဆွဲဘူး၊ ကြိုးနဲ့လဲ မချည်ဘူး၊ ဘယ်နှယ်မှလည်း မပြောဘူး။ ရှေ့က သွားတာနဲ့ သခင့်နောက်က ခွေးများလိုက်သလို၊ တကောက်ကောက် လိုက်သွားကြ လေရောဗျာ။ ဒါနဲ့ ၅ ယောက်သား ဝင်းထဲက ထွက်ပြီး လမ်းမကြီးပေါ် တက် လျှောက် သွားလိုက်ကြတာ၊ ကျွန်တော်လည်း ပြတင်းပေါက်က မျက်စိတစ်ဆုံး မျှော်ကြည့် နေရစ်တော့တာပဲ။ လှမ်းလို့တောင် မခေါ်လိုက်နိုင်ဘူးဗျ"





ကြည်။ ။ "သိပ်ထူးဆန်းတာပဲနော်။ဒီကတည်းက မပေါ်လာတော့ဘူးလား"

သင်။ ။ "တစ်ခါတည်း ပျောက်၊တစ်ခါတည်း မပေါ်လာတော့ဘူး။ အစတော့ ကျုပ်က ကိုယ့်မျက်စိကိုတောင် ကိုယ်မယုံနိုင်သေးလို့ မျက်စိကို ပွတ်ကြည့်၊ မျက်စိကို ဖြဲကြည့်နဲ့ ကြည့်မိသေးတယ်။ ဟုတ်ပါရဲ့ဗျာ၊ အထင်မမှား ပါဘူး။တကယ့်ကို ခေါ်သွားလို့၊ တကယ့်ကို ပျောက်ခြင်းမလှ ပျောက်သွားကြ တော့တာပါဘဲ"

ကျွန်တော်။ ။ "ဒီတော့ ခင်ဗျား ဘယ့်နှယ်လုပ်သလဲ"

သင်။ ။ "ဒီတော့မှ ကျွန်တော်က အခန်းတံခါးကို ပြေးပြီး ကိုယ်စောင်း တိုက်လိုက်တာ၊ လေးငါးချက်လောက် ဆောင့်လိုက်တော့ လက်ယှက်ကျိုးပြီး တံခါးကြီး ပွင့်ထွက်လာတော့တာကိုးဗျ။ အပြင်ရောက်တော့ ဖေဖေ့ အခန်းထဲဝင်ပြီး သော့တွဲကိုယူ၊ မေမေ့အခန်းတံခါးကိုဖွင့်"

ကျွန်တော်။ ။"ဒေါ်သန်းတင်ကိုလည်း သော့ပိတ်လှောင်ထားတာ လား"

သင်။ ။ "ဘယ်သူ့ကိုမှ အလွယ်မထားဘူး။ သော့ခတ်ပြီး လှောင်ထား တာချည်းပဲ။ ဒီတော့မှ မေမေက ထွက်လာပြီး မြရင် နီးမှာစိုးလို့ ဆူဆူညံညံ မလုပ်ဖို့ ပြောပြီး၊ သူတို့ လိုက်သွားကြကုန်ပြီလားတဲ့၊ လိုက်သွားကြကုန်ပြီလို့ ကျွန်တော်က ပြောတော့ ဖြစ်ရမည်ဟာ ဖြစ်ရတာပဲ ကောင်းပါရဲ့သားရယ်၊ တမူမူ အနှေးနှေးနဲ့ အသက်ရှင်နေတာလဲ ကောင်း မထင်ပါဘူး၊ကောင်းရာ မွန်ရာ ရောက်ပါစေလို့ ငါတို့က ဆုတောင်းမေတ္တာ ပို့ကြရုံ ရှိကြတော့တာပေါ့တဲ့ ပြောတယ်၊ မေမေက ကျွန်တော်ထင်သလောက် ဆွေ့ဆွေ့ ခုန်အောင် မပူလှပါ ဘူးဗျာ။ ခပ်အေးအေးပဲ"

ကြည်။ ။ "ပူရဖန်များတော့လဲ မပူနိုင်တော့ဘူး ထင်ပါရဲ့ရှင်။ မြရင်ကော မနိုးရစ်ဘူးလား"

သင်။ ။ "မအိပ်ခင်ကတည်းက မေမေက ကော်ဖီထဲမှာ အိပ်ဆေးခပ်ပြီး

www.burmeseclassic.com



တိုက်ထားတယ်လို့ ပြောတယ်၊ မနိုးရစ်ခဲ့ဘူး။ ဒီတော့ ကျုပ်က ဝက်လက်ကိုသွား ပြီး ပုလိပ်ကို တိုင်ချေရမလားလို့ မေးတော့၊ မေမေက မလုပ်ပါနဲ့ သားရယ်တဲ့၊ ဖေဖေက မတော်တဆ သူပျောက်သွားလို့ရှိလျှင်၊ ပုလိပ်ကို တိုင်လား တန်းလား မလုပ်ရစ်ဖို့ အတန်တန် အထပ်ထပ် မှာခဲ့ပါတယ်တဲ့၊ ဒါဖြင့် ဒီလိုပဲ ထိုင်ပြီး နေကြရတော့မှာလားလို့ ကျုပ်က မေးတော့၊ မင်းတို့ ထောက်လှမ်းစုံစမ်းချင် သေးလျှင် စုံစမ်းကြတာပေါ့တဲ့၊ သို့သော်လဲ ရပ်သိရွာကြားမလုပ်ဘဲ တိုးတိုး တိတ်တိတ် စုံစမ်းကြလျှင် ကောင်းတယ်တဲ့။ မင်းအဖေကလဲ ဒီအတိုင်း မှာခဲ့ တယ် ပြောပါရောဗျာ။ ကျွန်တော့်စိတ်ထဲမှာတော့ ချက်ချင်း ရှာချင်တာပေါ့လေ။ ဒါနဲ့ ဘာမှ မပြောနဲ့ ။အိမ်ပေါ်က ဆင်းပြေးလာပြီး ဝင်းပေါက်ကထွက် ဟိုဘက် ဒီဘက် မျှော်ကြည့်ပေမဲ့ ဘယ်ဘက်လမ်း လိုက်သွားကြသလဲဆိုတာ လုံးလုံး အစ အန မမြင်ရဘူးဗျ။ ဘယ်ဘက်က အသံကြားလေမလဲလို့ ရပ်ပြီး နားထောင်တော့ လည်း တစ်တောလုံး တိတ်နေတာပဲ၊ ဘာသံကိုမှ မကြားရဘူး၊ဒီတော့မှ လမ်းပေါ် မှာ ရပ်ပြီး၊ဘယ်လိုလုပ်ရလျှင် ကောင်းမလဲလို့ စဉ်းစားနေတုန်း ခင်ဗျားတို့ မောင်နှမ ကို သတိရတာကိုး။ ဒါနဲ့ ဘယ်လိုပဲရှိရှိ ဒီရောက်အောင်ပြေးပြီး ပြောချေတော့မယ် လို့ မနားတမ်း ပြေးလာလိုက်တာ၊ မောလိုက်တဲ့ဖြစ်ခြင်း၊ မပြောပါနဲ့တော့၊ လမ်းမှာ အသက်ထွက်မသွားတာ ကံကောင်းတာပဲ။ ကိုင်း ဒါနဲ့ စဉ်းစားကြစမ်းပါဦးဗျာ အကြံထုတ်ကြစမ်းပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ ပြောကြစမ်းပါဦး မတင်ကြည်ရယ်"

ယင်းသို့ အကူအညီတောင်းပြီးသော် ကိုဘသင်သည် သနားစဖွယ် မျက်နှာ ငယ်ကလေးဖြင့် ကျွန်တော်တို့မောင်နှမအား ညှိုးငယ်စွာ ကြည့်လျက် ရှိလေ၏။

ကျွန်တော်။ ။ "မိုးမလင်းခင်တော့ဖြင့် ကျွန်တော်တို့ ဘာမှ မလုပ်နိုင် သေးပေဘူး ကိုဘသင်။ ကျွန်တော် အကြံပေးချင်တာကတော့၊ မိုးလင်းလင်းချင်း ဥပဒေစည်းကမ်းနဲ့ ညီညွတ်အောင် ဝက်လက်ဌာနာကို လူလွှတ်လိုက်ပြီး တိုင် ချက်ပေး။ပေးမယ့်လူလဲ ထွက်ကရော ကျုပ်တို့ကလဲ ကျုပ်တို့နည်းနဲ့ လိုက် စုံစမ်း ရော၊ မကောင်းဘူးလားဗျာ"





သင်။ ။ "ခင်ဗျားပဲ တော်အောင် ကြည့်စီမံပေးပါတော့ဗျာ၊ သို့သော် သည်း ခြေရာခံပြီး လိုက်ဖို့က မလွယ်ဘူးဗျာ"

ကျွန်တော်။ ။ "ရွာထဲက ဘိုးကွန်းဆိုတဲ့ လူတစ်ယောက်က အမဲလိုက် ငါသနာပါလို့ သမင်ခွေးကြီးတစ်ကောင် မွေးထားတယ်၊ သူ့ခွေးဟာ အနံ့ခံ လိုက်တဲ့အလုပ်မှာ တော်တော်စွမ်းတယ်လို့ ပြောကြတယ်၊ ဒီခွေးကို ငှားပြီး လိုက်ရှာကြတာပေါ့ဗျာ"

သင်။ ။ "ဖေဖေမှာ ဒုက္ခတွေ့နေတုန်း ကျွန်တော်တို့က ယခုလို အေးအေးဆေးဆေး ထိုင်စောင့်နေကြရဖို့ သိပ်ခက်တာပဲ ကိုသောင်းညွန့်ရယ်၊ ကျွန်တော်တို့ကို မျှော်ချင် မျှော်နေမှာဗျ"

ကျွန်တော်။ ။ "ကျွန်တော့် သဘောအရတော့၊ ခင်ဗျားဖေဖေဟာ ကျွန်တော်တို့ရဲ့ အကူအညီကို လိုချင်မယ့်လက္ခဏာ မရှိပါဘူးဗျာ၊သူ့ဟာသူ သိသား ပဲ၊ ဒါကြောင့်လဲ ခင်ဗျားတို့အားလုံးကို သော့နဲ့ခတ်ပြီး လှောင်ထားခဲ့တာပေါ့၊ ဒီကိစ္စဟာက ဘယ်လိုလူမျိုးမှ ကယ်နိုင်မည့်ကိစ္စမျိုး ဟုတ်မထင်ဘူး ကိုဘသင်၊ သူ့ကြမ္မာနဲ့သူ ဖန်တီးလာပြီး ၊ကျုပ်တို့ထက် တန်ခိုးအာနိသင်ကြီးတဲ့ ပုဂ္ဂိုလ်တွေ ခံမဲလာတဲ့အလုပ်နဲ့ တူပါတယ်။ဒါကြောင့် ညကြီးသန်းခေါင်မှာ စမ်းရမ်းပြီး၊ ဟိုလိုက် ဒီလိုက်နဲ့ လိုက်နေကြမယ့်အစား၊ မိုးလင်းမှ မြင်မြင်ထင်ထင် လိုက်ကြလျှင် ကောင်းပါလိမ့်မယ်"

သင်။ ။ "ကိုင်း ဒါဖြင့် ဒီကိစ္စကို ခင်ဗျားကို လုံးလုံးကြီး ပုံလိုက်ပါပြီဗျာ၊ ကြည့်လို့သာ စီမံပါတော့"

ထိုအချိန်ကား ၃ နာရီ ထိုးလုပြီဖြစ်ရာ၊ ကျွန်တော်တို့သည် လူပန်းစိတ်ပန်း ဖြစ်နေသော ကိုဘသင်ကို သင်ဖြူးဖျာပေါ်တွင် အိပ်ရာပြင်ပေး၍၊ကျွန်တော်တို့ မောင်နှမသည် အနီးတွင် လဲလျောင်းရင်း နံနက်လင်းအောင် စောင့်ဆိုင်းနေ ကြလေ၏။

ယင်းသို့ရှိနေစဉ် ကျွန်တော်သည် ကိုဘသင်၏ စကားတစ်ခွန်းကို သတိ ရသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်။ ။ "ဒါထက် နေပါဦးဗျာ၊ ကျွန်တော့်ဖို့ ခင်ဗျားဖေဖေက အပ်ထားတဲ့ စာအိတ်ဆိုတာ ဘယ်မှာလဲဗျ"

သင်။ ။ "ဪ ဟုတ်ပေသားပဲ၊ မေ့နေတယ်ဗျို့"ဟု ပြော၍ ကိုဘသင်သည် ရှပ်အင်္ကျီနှင့် စွပ်ကျယ်အတွင်းတွင် ထိုးထားသော စာအိတ်တစ်ခုကို ထုတ်၍ ပေးလေ၏။

ကျွန်တော်သည် စာအိတ်ကို ဖတ်ကြည့်လိုက်သောအခါ –

**'ဟာလင်းကြီးရွာ မောင်သောင်းညွန့်သို့ '**ဟု ရေးသားထားသည့်ပြင်၊ အောက်နားကလည်း မှတ်ချက်အနေဖြင့် **'ဦးသိန်း မပေါ်လာဘဲ ပျောက်ဆုံးသွားသော အခါတိုင် ရောက်မှ ပေးအပ်ရန်'** ဟူသော စာတစ်ကြောင်းကိုလည်း တွေ့ရှိရလေ၏။

ကျွန်တော်သည် ထိုစာကို ရရှိသောအခါ၊ ဦးသိန်း ပျောက်ဆုံးသွားသည့်အတွက် ဝမ်းနည်းခြင်းကိုမျှ သတိမရနိုင်ဘဲ၊ ကျွန်တော် သိလိုလှသည့် လျှို့ဝှက်နက်နဲသော အဖြစ်အပျက် အခြင်းအရာများကို သိရပေတော့မည်ဟု ဝမ်းမြောက်မိသေး၏။

ကျွန်တော်သည် စာအိတ်ကိုဖောက်၍ ဖတ်မည်ပြုသောအခါ အတွင်းမှ စာရွက်ထုပ်ကလေးဖြင့် စာတစ်ရွက် ပေါ်လာလေရာ၊ စာရွက်ကို ဖြန့်ကြည့်ရာတွင် အောက်ပါအတိုင်း ရေးသားပါ ရှိလေ၏။

တပေါင်းလပြည့်နေ့

စာရေးခဲ့ပါသည် တူ မောင်သောင်းညွန့်

ဦးအကြောင်းကို မောင်သိလိုခြင်းမှာ ဓမ္မတာသဘောအတိုင်း ဖြစ်၍ သိလိုပေလိမ့်မည်ဟု ရိပ်မိသော်လည်း၊အလုံးစုံသိရလျှင် တူမောင်ပင် စိတ်ဒုက္ခ ရောက်လိမ့်မည်ဟု သိရသောကြောင့်၊ ဖွင့်ဟ ရှင်းလင်း ပြောပြခြင်းမပြုဘဲ နေခဲ့သည်။

ဘေးအန္တရာယ်သည် ကျုပ်တစ်ဦးတည်းနှင့် သာ သက်ဆိုင်သော်လည်း၊မြရင်၏ဖခင် ဖြစ်သည့်အတွက်ကြောင့်၊





တူမောင်သည် ကျုပ်အတွက် စိုးရိမ်ပူပန်ပေလိမ့်မည်ဟု ကျုပ် သိရသည်။ ထို့ကြောင့် တူမောင်ကို ဖွင့်ပြောရလျှင် ကျုပ်အတွက် စိတ်သက်သာခွင့် ရလိမ့်မည်ဟု သိလျက်နှင့် တူမောင်ကို ထောက်ထားညှာတာသည့်အတွက် အောင့်အီး၍ မျိုသိပ်ထား ခဲ့ရခြင်း ဖြစ်သည်။

ယခုနှစ်အဖို့မှာ ကျုပ် စိုးရိမ်ပူပန်လာခဲ့သော ဘေးအန္တရာယ်သည် ဧကန်အမှန် ဆိုက်ရောက်တော့မည် အရိပ်နိမိတ်များ တွေ့မြင်ထားရသည့်ပြင်၊တိဘက်ဘုန်းကြီးသုံးပါး ဆိုက်ရောက်သည်ဟု တူမောင် ပြောပြကတည်းက ကျုပ်အဖို့ ယနေ့သည်ကား နေ့စေ့ပြီဟု စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်ပါသည်။ ကျုပ်ကို အပြစ်ပေးစီရင်မည့် ပုဂ္ဂိုလ်များသည် သားမယား၊ သားသမီးများ မွေးဖွားပြီးသည့်တိုင်အောင်၊ နှစ်ပေါင်း ၃၀ လုံးလုံး စောင့်ဆိုင်းနေရသည့်အကြောင်းကိုကျုပ် နားမလည်နိုင်အောင် ရှိမိသည်။စင်စစ်သော်ကား ထိုသူတို့သည် တထိတ်ထိတ် တလန့်လန့်နှင့် နှစ်ပေါင်း ၃၀မျှ ကျုပ်နေခဲ့ရခြင်းကို အရသာ ခံနေကြ၍၊ ကျုပ်၏ဒုက္ခကို ပို၍ကြီးလေအောင် ပြုလုပ်ထားကြခြင်း ဖြစ်လေသလော မပြောတတ်ပေ။

မည်သည့်ဒေသ၊ မည်သည့်မြို့ရွာသို့ တိမ်းရှောင်ပုန်းအောင်း၍ နေသည်ဖြစ်စေ၊ထိုသူများသည် တစ်နေ့မပြတ် ကျုပ်ကို ကြေးစည်သံဖြင့် သတိပေးလျက် ရှိကြသောကြောင့်၊ တစ်နေ့ တစ်ရက် တစ်နာရီမျှ ကျုပ်ဒုက္ခကို ကျုပ်မမေ့နိုင်ပါ။ တစ်ခါတစ်ရံ သားသမီးများနှင့် ရယ်ကာမောကာ စကားပြောပြီး၍ အခန်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက်၊ကြေးစည်သံပေး၍ အချက်ပေးကြပါသည်။ အမှန်စင်စစ်မှာ အကယ်သေရခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထိုကြေးစည်သံလောက် ကျုပ် မကြောက်တော့ပါ။ သို့ဖြစ်၍ ယနေ့သေရလျှင် ဝဋ်ကျွတ်သည်ဟု ထင်မိပါသည်။

တိဘက်ရဟန်းကြီး ဥပေါ်သထ ပျံတော်မူရပုံ အကြောင်းကို ဤစာ၌ ထပ်မံရေးသားခြင်း မပြုတော့ဘဲ၊ ထိုစဉ်အခါက ကျုပ် ရေးသားထားသော ဒိုင်ယာရီမှတ်တမ်း စာအုပ်မှ ဆုတ်၍ ထည့်ပေးလိုက်ပါသည်။ထိုနှစ်က ထုတ်သော 'မြန်မာ့တာရာ' သတင်းစာထဲတွင်လည်း အမည်နာမ ဖော်ပြခြင်း မပြုဘဲ၊ အဖြစ်အပျက် အခြင်းအရာများကို မိတ်ဆွေတစ်ဦးက ရေးသားပေးပို့သဖြင့် ထည့်သွင်း ဖော်ပြခဲ့ဖူးပါသည်။ တိဘက်ရဟန်းများအကြောင်းကို ကြားရဖူးသောလူများကပင်လျှင် ၎င်းအဖြစ်အပျက်များကို မယုံကြည်နိုင်ဘဲ၊ ဝတ္ထုသဘောမျိုးနှင့် စိတ်ကူးဉာဏ်နှင့် ရေးသားထားသည်ဟု မှတ်ထင်ကြပါသည်။ကျွန်ုပ် ပေးပို့လိုက်သော ဒိုင်ယာရီမှတ်တမ်းကို တူမောင်ဖတ်ရသောအခါ၊ခေတ်ကာလ လောကဓာတ်ပညာ ဆရာကြီးများသည် ရုပ်တရားနှင့်ပတ်သက်၍ ကကြီး၊ ခခွေးလောက်မျှသာ ရောက်ကြသေးကြောင်း ရိပ်မိနိုင်ပါလိမ့်မည်။

ကျုပ်ကိုယ်တိုင် ကြုံတွေ့ ခံစားခဲ့ရသော ဆင်းရဲဒုက္ခများအတွက် ညည်းတွားခြင်း မပြုလိုသော်လည်း၊ကျုပ်အဖို့မှာမူ အပြစ်နှင့် ခံရသောဒဏ်သည် မျှတသည်ဟု မထင်ပါ။အပြစ်ထက် ဒဏ်က ကြီးလေးနေသည်ဟု ထင်ပါသည်။ ထေရ်ကြီးဝါကြီးဖြစ်သော ရဟန်းတစ်ပါးကို မဆိုထားနှင့်၊ သတ္တဝါ တစ်ဦးတစ်ယောက်ကို နာကြည်းအောင် ပြုလိုသောစိတ်မျိုး မရှိပါ။ သို့သော် လူလားမြောက်သော အရွယ်ကတည်းက မှန်းထားလာခဲ့သော ဇေဒင်ကျမ်းကို ရလိုလှသည့်အတွက် ယခုပြုခဲ့သည့် အပြစ် အထိ ပြုခဲ့ရခြင်း ဖြစ်ပါသည်။





ပြုပင် ပြုခဲ့စေကာမူ လောလုံ့က ဖြစ်စေ၊ကျုပ်က ဖြစ်စေ ရဟန်းကြီး ဥပေါ်သထကို သတ်ဖို့ ကြံရွယ်ချက် မရှိပါ၊ထိုသူ၏ တပည့်များက ကျုပ်တို့ကို ဝိုင်းဝန်းသတ်ဖြတ်တော့မည့်အရေးကို မြင်သည်နှင့် ကိုယ့်ကိုယ်ကို ကာကွယ်သော သဘောနှင့် ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပါသည်။သို့သော် လွန်ပြီးသောအမှုကို ပြန်လှန်ဆွေးနွေး ရေးသားနေသော်လည်း အကျိုး မရှိတော့ပါ။ ပညာအတွက် ဖြစ်စေ၊ စည်းစိမ်ဥစ္စာအတွက် ဖြစ်စေ၊ လောကတန်ခိုးအတွက် ဖြစ်စေ ဆည်းပူးသူများသည် ကျုပ်တို့ တွေကြုံခံစား ခဲ့ကြရသည့် ဆင်းရဲဒုက္ခမျိုးနှင့် မကြုံရ မတွေ့ရပါစေနှင့်ဟူ၍သာ ဆုတောင်းခဲ့ပါသည်။

ဒိုင်ယာရီမှတ်တမ်းတွင် တူမောင် နားမလည်နိုင်ဟု မှတ်ထင်သော အချက်များကို ဖြည့်စွက်ရှင်းလင်းဖော်ပြ၍ နောက်ဆက်တွဲအနေဖြင့် ရေးထားခဲ့ပါသည်။

ကျုပ် သွားရတော့မည်။ ကောန်မလွဲဖြစ်သည် တူမောင်။ သမီးမမြရင်ကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းသင်းရစ်ပါလေ။ သား မောင်ဘသင်ကိုလည်း တူမောင်၏နှမ မတင်ကြည်နှင့် ချစ်ကြိုက် စုံမက်ခြင်းကို ကျုပ် သဘောတူပါသည်။ ဘယ်နည်းနဲ့မဆို သားသမီး များအတွက် စိတ်ချသွားနိုင်သဖြင့် ဝမ်းမြောက်ပါသည်။ ဒေါ်သန်းတင်ကိုလည်း ပြုစုစောင့်ရှောက်ရစ်ပါလေ၊ ဘဏ်တိုက်များတွင် အပ်နှံထားသော ပစ္စည်းများအကြောင်းကို ဒေါ်သန်းတင် သိရှိသည့်အတိုင်း မြရင်နှင့် ဘသင်တို့ အညီအမျှ ခွဲဝေယူရစ် ကြပါစေ။

နောက်ဆုံးစကား မှာထားလိုသည်ကား လောက၌ အချို့ လူများလည်း ရွှေငွေတည်းဟူသော ပစ္စည်းဥစ္စာကို ရှာမှီးကြ၏ ။ အချို့လည်း ဩဇာတိက္ကမ ကြီးမားမှုအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပမ်းကြ၏။ ကျုပ်မူကား ထိုအရာတို့ထက် မြတ်သည်ထင်သော ပညာဗဟုသုတကို ရှာမှီးခဲ့၏။ ပညာဗဟုသုတ အနက်တွင် နောင်အနာဂတ်အဖို့ ကြိုတင် သိစွမ်းနိုင်သော ပညာသည် အလွန်မြတ်သည်ဟု မှတ်ယူခဲ့၏။ မှတ်ယူသည့်အလျောက် အာတာပနှ ဗေဒင်ကျမ်းနောက်သို့ နှစ်ပေါင်းများစွာ ငွေကုန်လူပန်းခံ၍ လိုက်ခဲ့၏။ နောက်ဆုံး၌ အကြံအစည် ထ,မြောက်အောင်မြင်၍ ဗေဒင်ကျမ်းကို လက်ဝယ်သို့ရ၏။ နောင်အနာဂတ်အဖို့ အဖြစ်အပျက်များကို သိရအောင် တွက်ချင်တိုင်းတွက်၍ ကြည့်နိုင်၏။လူအသီးသီး အကြောင်းကို လည်းကောင်း၊တိုင်းပြည် တစ်ပြည်အကြောင်းကို လည်းကောင်း၊ တစ်ကမ္ဘာလုံး အကြောင်းကို လည်းကောင်း သိချင်တိုင်း တွက်၍ ကြည့်နိုင်၏။ သို့သော် ရှေ့အဖို့ ကြိုတင် သိရှိရခြင်းသည် ကျုပ်မျှော်လင့်သည့်အတိုင်း စိတ်၏ချမ်းသာခြင်းကို ရစေနိုင်သည် မဟုတ်ချေ။

နောက်ဆုံး ကျုပ် သိရှိရခြင်းကား ချမ်းသာမှုမည်သည် လွတ်လပ်ခြင်းအပေါ်၌ တည်လျက်ရှိ၏။အနှောင်အဖွဲ့ ရှိနေသလောက် ဒုက္ခဆင်းရဲ ရောက်ရမည်သာ ဖြစ်၏။ သို့သော် လွတ်လပ်ခြင်းဆိုရာ၌ နိုင်ငံရေးကို ကျုပ်ရည်ရွယ်ခြင်း မဟုတ်ကြောင်း သတိပြုစေလို၏။ နိုင်ငံကြီး လွတ်လပ်သော်လည်း မိမိစိတ်မှ မိမိလွတ်လပ်ခြင်း မရသောသူသည် စင်စစ် ချမ်းသာသုခ မရနိုင်ဟု မှတ်ပါလေ။

သို့ဖြစ်၍ မီးခဲသေတ္တာထဲ၌ ထားခဲ့သော ပုရပိုက်သုံးဆူကို မောင်ဘာသင်နှင့်တိုင်ပင်၍ ဖျက်ဆီးပစ်လိုက်ကြပါလေ။

ပထမံ ဆရာသိန်း





ကျွန်တော်သည် ဦးသိန်း၏စာကို ဖတ်ရှုပြီးနောက်၊ ၎င်းနှင့်အတူပါလာသော စာရွက်ထုပ်ကလေးကို ဖြေကြည့်ရာ၊ နှုတ်ခမ်းသားများသည် စုတ်ပြတ်လျက်ရှိနေသဖြင့်၊ စာတစ်အုပ်မှ ဆုတ်ယူထားသော စာရွက်များဖြစ်ကြောင်း ထင်ရှားသ၏။ ၎င်းတွင် ရေးသားပါရှိသော မင်မှာ မှေးမှိန်လျက် ရှိနေလေ၏။

စာရွက်ကို ဖြန့်ကြည့်လိုက်သောအခါ ထိပ်ဆုံးစာကြောင်းမှာ၊ နောက်ထပ်ဖြည့်စွက်ရေးသားထားသည့် လက္ခဏာရှိ၍ အောက်ပါအတိုင်း ရေးထား၏။

'သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် ဟိမဝန္တာတောင်တန်းရှိ မရဏဂူကြီးအတွင်း၌ ပထမံဆရာသိန်း ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များ'

စာရွက်များတွင် ရေးသားပါရှိသော စာများကို နောက်တစ်ခန်းတွင် ဆက်ပြမည်ဖြစ်ရာ၊ ၎င်းတွင်ပါရှိသည့် အချို့သော အကြောင်းအရာများသည် ကျွန်တော်တို့သိလိုသော အကြောင်းအရာနှင့် မသက်ဆိုင်သော်လည်း၊ ထုတ်နုတ်ပယ်ရှားခြင်း မပြုဘဲ၊ (မူ) အတိုင်း ထည့်သွင်းဖော်ပြလိုက်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၄

ကျွန်ုပ်သည် အာတပွန ဗေဒင်ကျမ်းကို ရရှိလိုမှုအတွက် တိဘက်ပြည်သို့ တစ်ကြိမ်သွားရောက်ခဲ့စဉ်က လက်တွင်းသို့ ရောက်တော့မည့်ဆဲဆဲ ရှိခဲ့ပြီးမှ၊ အထ,မမြောက်ဘဲ ရှိသည့်အတွက် စိတ်ထဲတွင် မဆူးမရဲ ဖြစ်နေခဲ့၏။ ကျွန်ုပ်၏ ဝါသနာမှာ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ အခက်အခဲ တွေ့ရလေလေ၊ တိုး၍ စိတ်အားထက်သန်လေလေ ဖြစ်တတ်သည့်အတိုင်း၊ စိတ်အားလျှော့ခြင်းမရှိဘဲ တစ်နေ့နေ့တွင် လက်ထဲသို့ ရောက်စေရမည်ဟု အားခဲကြံစည်ခဲ့၏။

နောက်ဆုံး ကြားသိရသော သတင်းတစ်ရပ်အရမှာ ထိုကျမ်းကို တိဘက်ပြည် လာမာရဟန်းတော်ကြီးထံ၌ မထားတော့ဘဲ၊ ရဟန်းတော်များအနက်တွင် ထေရ်ဝါအကြီးဆုံးဖြစ်သည့် ဥပေါသထ ရဟန်းကြီးနှင့်အတူ ရှိနေကြောင်း၊ ၎င်းရဟန်းကြီးသည် ဟိမဝန္တာတောင်တန်းရှိ မရဏအမည်ရှိသော ဂူကြီးတွင် သီတင်းသုံးလျက်ရှိကြောင်း၊ ၎င်းဂူကြီးတွင် အခြားသောရဟန်းများရှိသော်လည်း ဂူကြီးသို့သွားသော လမ်းခရီးတစ်လျှောက်တွင် လူသားစားသည့် လူရိုင်းတစ်မျိုး နေထိုင်သည်ဖြစ်၍၊ ၎င်းတို့ကို ကျော်လွှန်သွားရန် အလွန်ခဲယဉ်းမည်ဖြစ်ကြောင်း ကြားသိရ၏။

ထိုစဉ်အခါက ကျွန်ုပ်နှင့်အတူ နှစ်ပေါင်းများစွာ နေထိုင်လာခဲ့သည့် လောလျံအမည်ရှိ တရုတ်ကပြားတစ်ယောက် ရှိ၏။ ထိုသူသည် အရက်သမားဘိန်းစားတစ်ယောက် ဖြစ်သော်လည်း ၎င်းအား ကျေးမွေးပြုစုထားသော ကျေးဇူးကို သိသည်ဖြစ်၍ ကျွန်ုပ်အပေါ်၌ သစ္စာရှိ၏။ မည်သူ၏စကားကိုမျှ နားမထောင်





ကျွန်ုပ်တစ်ဦးတည်းကိုသာလျှင် 'တစ်ပါးကျွန်' ပီပီ အမှုထမ်းလေ့ရှိ၏။ ၎င်းကို မွေးမြူရခြင်းမှာ စရိုက်ကုန် မနည်းလှသော်လည်း ကျွန်ုပ်ကဲ့သို့ လူတစ်ယောက်အဖို့မှာ သစ္စာရှိခြင်း၊ အားကိုးရခြင်း စသော အရည်အချင်းများသည် အလွန်တရာ အဖိုးတန်လှသောကြောင့် လောလျံကို လက်မလွှတ်နိုင်ချေ။ လောလျံကလည်း မှန်မှန်ရှူ၍ မှန်မှန်သောက်ရသော သခင်တစ်ဦးထံမှ ထွက်ခွာရန် ခဲယဉ်းသောကြောင့် သူနှင့် ကျွန်ုပ်တို့မှာ မကွဲမကွာနိုင်ဘဲ အစဉ်အတွဲ နေကြရ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ဗေဒင်ကျမ်းနောက်သို့ တစ်ကြိမ်လိုက်ဦးမည်ဟု ဆုံးဖြတ်ပြီး ဖြစ်သည့်အတိုင်း လောလျံနှင့်အတူ မန္တလေးမြို့မှ မြစ်ကြီးနား၊ ၎င်းမှ တစ်ဖန် ဧရာဝတီမြစ်တစ်လျှောက် လှေဖြင့် ဆန်တက်ကြ၍၊ ဘေးအန္တရာယ်အမျိုးမျိုးတို့ကို တွေ့ကြုံခဲ့ကြပြီးနောက်၊ ဟိမဝန္တာတောင်တန်းဆီသို့ ဆိုက်ရောက်လာကြလေ၏။ လမ်းခရီးတွင် လူရိုင်းအမျိုးမျိုးတို့နှင့် တွေ့ရ၍၊ အချို့ကို သေနတ်လက်နက်ဖြင့် ခြိမ်းခြောက်ရခြင်း စသည်ဖြင့် အနည်းနည်း အဖုံဖုံ လွတ်မြောက်အောင် ကြံဆောင်သွားလာကြလေရာ၊ ၎င်းအဖြစ်အပျက်များကို စုံလင်အောင် ရေးသားဖော်ပြမည် ဆိုပါက၊ စွန့်စားခန်း ဝတ္ထုတစ်ပုဒ်ဖြစ်အောင် ရှည်လျားတော့မည်။

ဟိမဝန္တာတောင်ခြေ တစ်လျှောက်တွင် သုံးလကျော်ကျော်မျှ လှည့်လည်၍၊ ကျွန်ုပ်၌ပါလာသော မြေပုံအရ မရဏဂူကို ရှာဖွေခဲ့ကြလေသော်၊ တစ်နေ့သော ညနေခင်းအချိန်၌ ကျွန်ုပ်တို့သည် စုဆောင်းရရှိခဲ့သော တောသစ်သီးများကို သစ်တစ်ပင်၏ ခြေရင်းတွင် စုပုံလျက်၊ ခရီးပန်းလာကြသည့်အလျောက် မြိန်ရှက်စွာ စားသောက်တော့မည် ပြုကြသည်တွင် လေးမြားကိုင်စွဲထားသော လူရိုင်းတစ်စုသည် ကျွန်ုပ်တို့ကို တစ်ခဏချင်းတွင် ဝိုင်းရံပြီး ဖြစ်နေလေ၏။ ကျွန်ုပ်နှင့် လောလျံတို့မှာ သေနတ်ကိုယ်စီ ပါရှိသော်လည်း ခုခံရန်ပင် အချိန်မရကြဘဲ၊ လူရိုင်းများလက်ထဲတွင် ကြိုးများဖြင့် ချည်နှောင်ပြီး ဖြစ်နေလေတော့၏။

အကြီးအကဲနှင့်တူသော လူရိုင်းသည် လက်တွင် ကိုင်ဆောင်ထားသော မြားတန်ဖြင့် အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်၊ တပည့်များသည် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို ကြိုးဖြင့် ဆွဲခေါ်သွားကြလေရာ၊ ကျွန်ုပ်တို့မှာ မရုန်းမကန်ဝံ့ဘဲ လိုက်သွားကြရလေ၏။ တစ်ခဏမျှ ကြာလတ်သော် နေဝင်သွား၍၊ လပြည့်နေ့ လမင်းသည် တောင်ထိပ်မှ ထွက်ပြူလာလေရာ၊ လူရိုင်းများသည် ဆိုင်းငံ့ရပ်နားခြင်း မရှိဘဲ၊ ကျွန်ုပ်တို့နှစ်ယောက်ကို တွန်းထိုးခေါ်ငင် သွားကြလေ၏။

ချောင်းကြီး ချောင်းငယ်၊ တောင်ကြားကြီး တောင်ကြားငယ်တို့ကို ဖြတ်ကျော်ပြီးလတ်သော်၊ ကျွန်ုပ်တို့သည် အလွန်မြင့်မား မတ်စောက်လှသော တောင်ကြီးနှစ်လုံးတို့ အကြားသို့ ဆိုက်ရောက်လာကြ၍၊ကျဉ်းမြောင်းသော တောင်ကြားလမ်းတစ်လျှောက် လျှောက်သွားကြရလေ၏။ထိုအချိန်၌ လမင်းသည် ကောင်းစွာ သာလျက်ရှိသော်လည်း မတ်စောက်သော တောင်ကြီးများ၏အကြား၊ ကျဉ်းမြောင်းလှသော လမ်းတစ်လျှောက် လျှောက်သွားကြရသဖြင့်၊လရောင် မဝင်နိုင်သည် ဖြစ်သောကြောင့်၊ အချို့လူရိုင်းများသည် အသင့်ဆောင်ယူလာကြသော မီးရှူးတိုင်များကို ထွန်းညှိကြလေ၏။ နှစ်ယောက်သောလူရိုင်းသည် မီးရှူးတိုင် ကိုယ်စီကိုင်လျက် ရှေ့ဆုံးမှ လမ်းပြ၍ လျှောက်သွားကြရာ၊ ကျန်သော လူရိုင်း ၂၀ ခန့်တို့သည် ကျွန်ုပ်တို့ကို ဝန်းရံ၍ လိုက်ပါလာကြ၏။

တောင်ကြားလမ်းတစ်လျှောက် တစ်နာရီကျော်ကျော်မျှ လျှောက်လာခဲ့ကြလတ်သော်၊ ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာ၍၊ လူနှစ်ယောက်တည်းသာ လျှင် နံဘေးချင်းယှဉ်လျက် လျှောက်နိုင်သောကြောင့်၊ လူရိုင်းများသည် ကျွန်ုပ်တို့ ရှေ့မှ သော်လည်းကောင်း၊ နောက်မှ သော်လည်းကောင်း လိုက်ကြရ၏။ ကျွန်ုပ်သည် အထက်ကောင်းကင်သို့ မော့ကြည့်လိုက်သောအခါ၊ တောင်ကြီးများသည် နံဘေး တစ်ဖက်တစ်ချက်၌ ပေ ၃၀၀၀ ထက် မနည်း မတ်စောက်စွာ ထိုးတက်နေကြရကား၊ ကျွန်ုပ်တို့၏ ဦးခေါင်းထက်တွင် ထိုလုမတတ် ရှိနေကြသည် ဖြစ်သောကြောင့် မိုးကောင်းကင်ကို အပ်ချည်မျှင် တန်းထားသလောက်မျှသာ မြင်နိုင်လေတော့၏။

ကျွန်ုပ်တို့ရှေ့တွင် တောင်ခေါင်းထဲမှ ထိုးဖောက်ထွက်လာသည့် လဏ္ဍာနှင့် ကန့်လန့်ဖြတ် စီးဆင်းလျက်ရှိသော ချောင်းငယ်တစ်ခုသို့ ရောက်ကြသော





အခါ၊ လူရိုင်းများသည် ရပ်တန့်ကြလေရာ၊ ချောင်းကမ်းပါးတွင် ပုဆိုးတစ်ပင်ခန့် တုတ်သော အဓိကရ သစ်ပင်တစ်ပင် ပေါက်ရောက်လျက် ရှိလေ၏။ ချောင်းတစ်ဖက်ကမ်း၌ အချို့သော လူရိုင်းများသည် အသင့်ခုတ်လှဲ စုပုံထားသည့် ထင်းတုံးကြီးများကို မီးရှို့၍ မီးပုံကြီးဖြစ်အောင် ဖိုကြလေရာ၊လူရိုင်း ၄ ယောက်တို့ကမူ ကျွန်ုပ်တို့၏ အဝတ်များကို ချွတ်စေ၍ ချောင်းထဲတွင် ရေချိုးရန် အမိန့်ပေးလေ၏။ တပေါင်းလ ဖြစ်သည်အလျောက် ညဥ့်အချိန်၌ ချမ်းအေးလှ၍၊ ရေမှာလည်း ရေခဲရည်ကဲ့သို့ အေးမြနေသော်လည်း၊ကျွန်ုပ်မှာ ပင်ပန်းကြီးစွာ လမ်းလျှောက်ရ၍ မောပဟိုက်လျက် ရှိကြသောကြောင့်၊ မခံမရပ်နိုင်အောင် မချမ်းအေးလှပေ။

လူရိုင်းများသည် ကျွန်ုပ်တို့ တစ်ကိုယ်လုံးကို သဲများဖြင့် ပွတ်တိုက်၍ အထူးစင်ကြယ်အောင် ရေချိုးပေးလေရာ၊ ထိုအတောအတွင်း၌ ထင်းတုံးကြီးများသည် အရှိန်ကောင်းစွာ တောက်လောင်နေကြသဖြင့် တဟုန်းဟုန်းမြည်လျက် ရှိကြလေပြီ။ လူရိုင်းအချို့ကလည်း လက်မောင်းလုံးခန့်တုတ်၍ နှစ်လံခန့်ရှည်သော သစ်ကိုင်းကြီးနှစ်ကိုင်းကို တစ်ဖက်တွင် ချွန်လျက် ရှိကြလေ၏။

လျံ။ ။ "ဘယ့်နှယ်ထင်သလဲ ဆရာကြီး"

ကျွန်ုပ် ။ ။ "ငါတော့ မထင်တတ်ပါဘူး။ နောက်ဆုံး မသက်သာသရဲ့ ပေါ့ကွယ်"

လျံ။ ။ "သေတာက ကိစ္စမရှိဘူး၊ သဲနဲ့ပွတ်ပြီး ရေချိုးပေးတာက ဘယ့်နှယ်ထင်သလဲ"

ကျွန်ုပ် ။ ။ "စင်ကြယ်အောင်ပေါ့ကွယ်"

လျံ။ ။ "သူတို့ကိုယ်ကို စင်ကြယ်အောင် မဆေးဘဲနဲ့၊ ကျွန်တော်တို့ကို ဘာကြောင့် ဆေးပေးရသလဲ"

ကျွန်ုပ် ။ ။ "ညှော်သည်တွေမို့ ညှော်ဝတ်ကျေအောင် လုပ်ပေးကြတာပေါ့ကွယ်"

လျံ။ ။ "ဘာဟုတ်မလဲ ဆရာ၊ ငါးကို အကြေးထိုးသလို စင်စင်ကြယ်ကြယ်စားချင်လို့ လုပ်ပေးကြတာ ဆရာကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ။ ။ (ကျောချမ်းလျက်) "ဒါဖြင့် တုတ်ကြီးတွေ ချွန်နေကြတာဘာ ကောကွယ်"

လျံ။ ။ "တုတ်မဟုတ်ဘူး ဆရာကြီးရဲ့၊ တံစို့ကြီးတွေဗျ။ ကျွန်တော်တို့ကို ထိုးပြီး ကင်စားကြမယ်လို့"

ထိုခဏ၌ မီးပုံကြီးအနီးရှိ လူရိုင်းများသည် မီးခဲများကို ယက်ဖြဲ၍ မီးပုံတစ်ဖက်တစ်ချက်တွင် တုံးများ ခုပေးနေကြလေရကား၊ လောလျံ၏တွေးလုံးမှာ ဟုတ်မှန်မည့် လက္ခဏာရှိသဖြင့် ကျွန်ုပ်မှာ ကြက်သီးမွေးညင်း ထမိ၏။

လျံ။ ။ "သေတာကတော့ သေစေပါတော့၊ ဖင်ကို တံစို့ထိုးခံရမှာ ယားကျိကျိရှိတယ် ဆရာကြီးရယ်"

ကျွန်ုပ် ။ ။ " ယားပဲ ယားနိုင်ပါ့မလား၊ လျှာပဲ ထွက်ရမလား၊ ကြည့်ပါ ဦးကွယ်"

လျံ။ ။ "လျှာတော့ မထုတ်လေနဲ့ ဆရာကြီး၊ သူတို့ကို ပြောင်တယ်ဆိုပြီး အပြစ်ပေးနေဦးမယ်။ ကြိတ်သာ ခံပေတော့"

ကျွန်ုပ် ။ ။ "မင်းကလဲကွယ်၊ ဒီအထဲမှာ သူတို့ အပြစ်ပေးမှာ ကြောက်နေဦးမှာလား"

လောလျံ၌ ထူးခြားသော အချက်တစ်ခုမှာ ဘေးအန္တရာယ် မတွေ့သေးသောအခါ၌ ကြောက်ရွံ့သလို လုပ်တတ်သော်လည်း ဘေးနှင့် ရင်ဆိုင်တွေ့သောအခါများတွင် ရွှတ်တွတ်တွတ်ပြော၍ သေမင်းကို ပမာမခန့် ပြုလုပ်တတ်သောဝါသနာရှိ၏။

ရေချိုးပြီးလတ်သော် လူရိုင်းများသည် ကျွန်ုပ်တို့ကို အဝတ် မဝတ်သေးဘဲ သစ်ပင်ကြီးခြေရင်းသို့ ခေါ်သွားပြီးလျှင်၊ အရှင်လတ်လတ် နတ်တင်သည့်သဘောနှင့် တင်မြှောက်ပသ နေကြသေး၏။ ထိုကိစ္စ ပြီးစီးလတ်သော် ကျွန်ုပ်တို့ကို မီးပုံသို့ ခေါ်သွား၍ လက်နှစ်ဖက်ကို ကိုယ်တွင်ကပ်၍ ချည်ထားသည့်ပြင်၊ ခြေထောက်များကိုလည်း ကြိုးဖြင့်တုပ်၍ တုတ်လျှိုရန်အတွက် ကွင်းတစ်ခု ပြုလုပ်ထား ၏။





လျံ။ ။ "ကျွန်တော်တော့ ကောင်လုံးပေါင်းခါနီးမှာ အတောင်ပံတွေခြေထောက်တွေကို ကိုးယိုးကားယားမနေအောင် တုပ်ဆိုင်းထားတာမျိုး မှတ်တာပဲ"

ကျွန်ုပ် ။ ။ "တိတ်တိတ် နေစမ်းကွယ်"

လျံ။ ။ "ဟုတ်ပါတယ် ဆရာကြီးရဲ့။ မြင်ဖူးလား၊ တံစို့ကြီးတွေ ယူလာပြီ။ ကြည့်ပါလား"

လောလျံပြောသည့်အတိုင်း လူရိုင်းအချို့သည် တံစို့ကြီးနှစ်ချောင်းကို ကျွန်ုပ်တို့ထံ ယူလာကြလေရာ၊ အခြားလူရိုင်းများသည် ကျွန်ုပ်တို့နှစ်ယောက်ကို မြေပေါ်တွင် အလျားလိုက် မှောက်ထားလိုက်ကြလေ၏။

လျံ။ ။ "ဘုရား ဘုရား မီးပေါ်မရောက်ခင် တံစို့ထိုးတာနဲ့ သေပြီးသားဖြစ်ပါ့မလား။ ပူပူလောင်လောင်ကြီးများ ခံနေရဦးမှာလား"

ကျွန်ုပ်မှာမူကား တစ်ခွန်းတလေမျှ ပြန်၍ မပြောနိုင်တော့ချေ။ လူရိုင်းများသည် လက်မောင်းလုံးခန့်တုတ်သော တံစို့ကြီးနှစ်ချောင်းကိုယူလာ၍ တစ်ချောင်းကို လောလျံ၊ တစ်ချောင်းကို ကျွန်ုပ်၏ ပေါင်ကြားအနီးတွင် ချထားပြီးသော် အကြီးအကဲလုပ်သူက သံချပ်ထိုးသည့်အတိုင်း အသံတိုင်၍ ငယ်သားများက ညီညာစွာလိုက်၍ အတိုင်အဖောက် ဆိုကြလေ၏။ ထိုအတောအတွင်း ကျွန်ုပ်တို့မှာ သေချင်းဆိုးနှင့် သေရမည့်အရေးကိုသာ တွေးတော၍ ဦးခေါင်းကိုမျှ မော်မကြည့်ဝံ့တော့ဘဲ မျက်နှာကို မြေကြီးတွင် အပ်ထားရလေတော့၏။

၁၀ ခွန်း ခန့်စီမျှအတိုင် အဖောက် ရွတ်ဆိုပြီးလတ်သော် အကြီးအကဲသည် ရပ်တန့်လိုက်၍ လူရိုင်း ၄ ယောက်တို့သည် တံစို့တစ်ချောင်းလျှင် နှစ်ယောက်စီ ကောက်ယူကြလေရာ၊ အချို့လူရိုင်းများကလည်း ကျွန်တော်တို့၏ကျောပြင်ကို ခြေထောက်ဖြင့် ဖိနှိပ်ကာ နင်းထားကြ၏။ ထိုသို့ ပြုလုပ်ပေးခြင်းမှာ တံစို့ထိုးလိုက်သောအခါ တွန့်လိမ်ရွေ့လျား မသွားစေဟန် တူ၏။

ကျွန်ုပ်မှာမူ မျက်စိကို စုံမှိတ်၍ ဒွါယ၌ သစ်သားချွန်ကြီး ရောက်လာတော့မည့်အရေးကို တရွေးရွေး တထိတ်ထိတ် စောင့်မျှော်လျက်ရှိရာ 'ထိုးတော့မည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိတော့မည်၊ ရောက်လာတော့မည်' စသည်ဖြင့် အောက်မေ့နေဆဲတွင် လူရိုင်းများသည် ရှုံခနဲ ဖြစ်သွား၍ ကျွန်ုပ်တတ်ဖူးသော တိဘက်ဘာသာစကားဖြင့် 'လူမိုက်တွေ၊ ဒါမျိုး လုပ်ကြပြန်ပြီလား' ဟု ငေါက်ငန်းပြောလိုက်သံကို ကြားလိုက်ရလေ၏။

ထိုအခါ ကျွန်ုပ်သည် ဦးခေါင်းထောင်၍ ကြည့်လိုက်ရာတွင် သစ်ပင်ကြီးနှင့် ကျောက်တောင်ကြီးအကြားရှိ လိုဏ်ခေါင်းဝမှ တိဘက်ဘုန်းကြီးတစ်ပါး ရပ်လျက်ရှိသည်ကို တွေ့ရလေ၏။ ယင်းသို့ ပြောပြီးသည်နောက်၊ ဘုန်းကြီးက 'အားလုံး သေမကုန်ချင် သွားလိုက်၊ နောက်တစ်ကြိမ် ဒီအကျင့် မဖျောက်လျှင် နင်တို့မီးထဲ နင်တို့ ခုန်ဆင်းရမယ်၊ သွားကြ' ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် လူရိုင်းများသည် မြေပေါ်တွင်မှောက်ကာ အရိုအသေပြုပြီးလျှင် လာသည့် လမ်းအတိုင်း ဖရိုဖရဲ ထွက်ပြေးသွားကြလေ၏။

ထို့နောက် ဘုန်းကြီးသည် မြေပေါ်၌ လဲလျက်ရှိသော ကျွန်ုပ်တို့ထံလာ၍ အနှောင်အဖွဲ့များကို ဖြေပေးလေရာ၊ ကျွန်ုပ်တို့သည် ယခင်က ချွတ်ထားသော အဝတ်များကို ကောက်ယူဝတ်ဆင်ကြရလေ၏။ လူရိုင်းများသည် ကျွန်ုပ်၏ ခြောက်လုံးပြူးသေနတ်ကို နားမလည်ဘဲ ချန်ထားခဲ့သည်နှင့် ကျွန်ုပ်တို့လည်း ကောက်ယူ၍ ခါးတွင် ထိုးထားကြလေ၏။

၎င်းနောက် ဘုန်းကြီးသည် ကျွန်ုပ်တို့ကို ၎င်း၏ ဂူတွင်းသို့ ခေါ်သွားလေရာ ဂူဝမှာ သစ်ပင်ကြီးဖြင့် ဖုံးကွယ်လျက်ရှိသောကြောင့်၊ တည်ရှိကြောင်းကို ယခင်ကမသိဘဲ သာမန်အားဖြင့် ရှာဖွေမည်ဆိုလျှင် မြင်နိုင်ဖို့ ခဲယဉ်းပေ၏။

ဂူတွင်း၌ကား ပျားဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းညှိလျက်ရှိရာ ဘုန်းကြီးသည် ကျွန်ုပ်တို့အား သားရေနယ်များပေါ်တွင် ထိုင်စေပြီးနောက်၊ သစ်သီးများ ထုတ်လာကာ ကျွေးမွေးလေ၏။ သစ်သီးများမှာ နံ့သာပု ငှက်ပျောသီး၊ သစ်တော်သီး၊ ပန်းသီး၊ ဒူးရင်းသီးတို့ ဖြစ်လေရာ၊ ၎င်းတို့မှာ ထိုဒေသ၌ပေါ်သော အသီးအနှံမျိုး ဖြစ်ကြသည်မှန်သော်လည်း ဟိမဝန္တာတောင်ခြေ၌ မည်သည့်နည်းနှင့် ရရှိသည်ကို နားမလည်နိုင်ကြသဖြင့် အံ့ဩငေးမောကာ ကြည့်နေမိကြ၏။ မည်သည့်နည်း





နှင့် ရောက်နေကြသည်ဖြစ်စေ၊ ၎င်းတို့ကို ကျွန်ုပ်တို့ စားသုံးကြသောအခါတွင် အလွန်တရာ ချိုမြိန်မွှေးကြိုင်လှသဖြင့် ၎င်းတို့အမျိုးအစားတွင် ပထမတန်း သစ်သီးများဖြစ်ကြောင်း တွေ့ရှိရလေ၏။

ကျွန်ုပ်သည် သစ်သီးများကိုစားရင် အနီး၌ စောင့်ကြည့်နေသော ဘုန်းကြီးကို မီးရောင်တွင် လှည့်ကြည့်မိလေရာ၊ ၎င်း၏မျက်နှာမှာ လွန်မင်းစွာအိုလှ၍ ရာထောင်မျှသော အတွန့်အလိပ်တို့ဖြင့် ပြည့်လျက်ရှိနေရကား၊ အီဂျစ်ပြည်တွင် ကျွန်ုပ် မြင်တွေ့ရဖူးသည့် လူခြောက်ရုပ်နှင့် မျောက်တို့ စပ်၍ ဖောက်ထားသည်နှင့် တူလှပေတော့သည်ဟု စဉ်းစားမိ၏။ စင်စစ်မှာ ကျွန်ုပ်သည် အရှေ့ဘက်နိုင်ငံတလွှားတွင် အနှံ့အပြား ခရီးသွားခဲ့ဖူးသဖြင့် တွေ့မြင်ခဲ့ရဖူးသည့် ရှုတ်တွအိုမင်းဆုံးသော လူအိုတစ်ယောက်သည် ထိုဘုန်းကြီးနှင့် နှိုင်းစားလိုက်လျှင် လူမျိုကလေးမျှလောက်သာ မှတ်ထင်ရပေလိမ့်မည်။ ၎င်း၏ရုပ်ရည် အိုမင်းရှုတ်တွပုံကိုကြည့်၍ ၎င်း၏အသက်ကို ခန့်မှန်းရသော် အသက် ၃၀၀ ထက် မနည်းရှိလိမ့်မည်ဟု ဆိုနိုင်လောက်၏။ သို့သော် အသက် ၃၀၀ ရှိသော လူအိုဟူ၍ကား ကျွန်ုပ် မတွေ့ရဘူးချေ။ ဤမျှပင် ရင့်အိုသော်လည်း ထိုဘုန်းကြီးသည် တွန့်လိပ်ရှုံ့သာရှိ၍၊ ကုန်းကွခြင်း၊ လေးကန်ခြင်းကား အလျှင်းမရှိ၊ တောင်ဝှေးတစ်ချောင်းနှင့် တဒေါက်ဒေါက် သွားလာနိုင်သည်သာ ဖြစ်ချေ၏။

သစ်သီးများ ကျွေးမွေးပြီးလတ်သော် ဘုန်းကြီးသည် မည်သည့်ကိစ္စဖြင့် ဤဒေသခရီးသို့ လာရောက်ကြသည်ဟု သိလိုသောစိတ် မရှိဟန်နှင့် ကျွန်ုပ်တို့အား အလျှင်းပင် မေးလား မြန်းလား မပြုလုပ်ဘဲ ဂူတွင်းသို့ ခေါ်သွားပြီးလျှင်၊ အိပ်ရန်အတွက် သားရေနယ် တစ်ချပ်စီနှင့် ဝါးလုံး ခေါင်းအုံးတစ်လုံးစီပေး၍ ထွက်သွားလေ၏။ ဂူကြီးမှာမူ အတွင်း၌ အလွန်တရာ ရှည်လျားလှသည်ဖြစ်၍ ကျွန်ုပ်တို့သည် အိပ်သောနေရာသို့ မရောက်မီ ပေ ၂၀၀ ခန့်မျှ ဖြတ်ကျော်သွားရ၍ ကမ္ဘဋ္ဌာန်းကလေးများသဖွယ် ဂူခန်းကလေးများကိုလည်း မြင်ခဲ့ရ၏။

ကျွန်ုပ်တို့ အိပ်ရသောနေရာ၌ ပျားဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းညှိလျက်ရှိရာ လောလောသည် လူရိုင်းများလက်မှ လွတ်မြောက်ခဲ့ခြင်းအကြောင်းကို



www.burmeseclassic.com

ဝမ်းမြောက်ဝမ်းသာ ပြောလိုသော်လည်း၊ ကျွန်ုပ်မှာမူ စဉ်းစားတွေးတောရန် စိတ်ကူးတစ်ခု ရှိနေသည့်အတွက်ကြောင့်၊ လောလျှံ၏စကားကို တိုတိုနှင့် သိမ်းလိုက်လေ၏။ ကျွန်ုပ် တွေးတောနေသော အချက်ကား ဤဂူကြီးသည် မရဏဂူခေါ်သော ဂူကြီးမှင့် ဖြစ်တန်ရာ၍၊ ဤဘုန်းကြီးသည် ဥပေါသထမည်တွင်သော ရဟန်းပင် ဖြစ်ချေမည်လော၊ အကယ်၍ ဤအတိုင်းမှန်ခဲ့လျှင် ကျွန်ုပ်တို့ ရည်စူးလာခဲ့သည့် ဌာနသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေပြီဖြစ်၍၊ အာဘတပ္ပနဗေဒင်ကျမ်းသည် မည်သည့်နေရာ၌ ရှိနေသနည်း စသည့် စိတ်ကူးများပင် ဖြစ်ချေ၏။

ကျွန်ုပ်သည် ထိုအကြောင်းကို လောလျံအား ဖွင့်ဟ,တိုင်ပင်သောအခါ ရှေ့ဘလျံက ကျွန်ုပ်တို့သည် အသက်ကိုစွန့်၍ နေ့ရက်များစွာ လာခဲ့ရခြင်း ဖြစ်သောကြောင့်၊ ဤဘုန်းကြီးသည် ကျွန်ုပ်တို့၏ အသက်သခင် ဖြစ်စေကာမူ ထိုသူ၏လက်ဝယ်၌ ကျွန်ုပ်တို့ အလိုရှိသောပစ္စည်း ရှိနေသည်မှန်က မထောက်ထား မညှာတာနိုင်ဘဲ ခိုးယူရမည်ဖြစ်ကြောင်း၊ မိမိကလည်း တတ်နိုင်သမျှ ကူညီဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ပြောဆိုပြီးနောက်၊ တခေါခေါနှင့် ဟောက်ကာ အိပ်ပျော်သွားနှင့်လေတော့၏။

ကျွန်ုပ်သည် ဤအကြောင်းကို စဉ်းစားရင်း မည်သို့နည်းနှင့် စုံစမ်းရမည်နည်းဟု အကြံထုတ်လျက်ရှိရာ၊ မည်မျှ မောပန်းလာခဲ့သည် ဖြစ်စေကာမူ၊ နှစ်ပေါင်းများစွာ စွဲလမ်းတပ်မက်လာခဲ့သည့် ပစ္စည်းတစ်ခု ဖြစ်သောကြောင့်၊ လောလျှံ အိပ်ပျော်သော်လည်း ကျွန်ုပ် အိပ်မပျော်နိုင်ချေ။

မီးတိုင်ဏ်ကို ငြိမ်းပြီးနောက်၊ ကျွန်ုပ်သည် သားရေနယ်ပေါ်တွင် တလိမ့်လိမ့် တစ္စန်တွန်နှင့် အကြံထုတ်နေစဉ်၊ ဂူ၏ တစ်ဖက်သောမျက်နှာမှ လက်ခနဲ ဖြစ်ပေါ်နေသော မီးရောင်တစ်ခုကို မြင်လိုက်သည်နှင့် အိပ်ရာမှထ၍ မီးရောင်ရှိရာသို့ တဖြည်းဖြည်း လျှောက်လာခဲ့လေ၏။ ထိုအချိန်၌ကား ၁၂ နာရီကျော်ခန့် ရှိလောက်ချေပြီ။

ကျွန်ုပ်သည် အလင်းရောင်ကလေးရှိရာသို့ ချဉ်းကပ်မိသောအခါ၊ အလင်းရောင်မှာ ကျောက်ကြားထဲမှ ထိုးထွက်လာခြင်းဖြစ်၍၊ လက်သန်းခန့်မျှသော





ဘုတ်လျက် ရှည်လျားစွာ ရှိနေသည်ကို တွေ့မြင်ရလေ၏။ အနီးသို့ရောက်၍ အလင်းရောင်၏ အရင်းအမြစ်သို့ ကပ်၍ ကြည့်လိုက်သောအခါ ကျောက်နံရံကို တွေ့ရလေရာ၊ အလင်းရောင်ထွက်သော အပေါက်မှ ချောင်းကြည့်လိုက်ရာတွင်မူကား၊ ဥပေါသထ ရဟန်းကြီးသည် ပလ္လင်တစ်ခုပေါ်တွင် ပုြားဖယောင်းတိုင်ကြီး ၂ တိုင်အကြား၌ တင်ပျဉ်ခွေကာ ထိုင်နေသည်ကို တွေ့ရလေ၏။

ပထမ၌ ထိုရဟန်းကြီးသည် ကမ္မဋ္ဌာန်းထိုင်နေသည်ဟု မှတ်ထင်မိရာ၊ မျက်လွှာကို ချထားခြင်း မတွေ့ရသောအခါမှ မဟုတ်ကြောင်း သိရ၏။ ကျွန်ုပ် ကြည့်နေစဉ် ရဟန်းကြီးသည် ပလ္လင်ရှေ့သို့ လှမ်းကြည့်လိုက်ရာ၊ ထိုအခါမှ ဂူထဲတွင် သူတစ်ပါးတည်း မဟုတ်ကြောင်း သိရ၏။ ကျွန်ုပ်သည် ထိုသူကို သေချာစွာ ကြည့်ရှုသောအခါ၊ အခြားမဟုတ် ကျွန်ုပ်၏ဆရာ ပထမ ဦးအောင်ပင် ဖြစ်ကြောင်း သိရ၏။ ကျွန်ုပ်၏ဆရာသည် ဝိဇ္ဇာဓိုရ်တစ်ဦးဖြစ်၍ အသက်ရှည်ခြင်း၊ အလိုရှိရာသို့ သွားလာနိုင်ခြင်း စသောသတ္တိတို့နှင့် ပြည့်စုံသော်လည်း၊ ရှေ့အနာဂတ် အကြောင်းကို မသိနိုင်ချေ။ ကျွန်ုပ် ကြည့်နေသောခဏ၌ ဦးအောင်သည် အနာဂတ်ကာလ အကြောင်း ရဟန်းကြီးထံတွင် ဗေဒင်မေးလျက်ရှိရာ၊ ရဟန်းကြီးသည် နံဘေးတွင် ချထားသော ပုရပိုက်ကို ဖြန့်ကြည့်၍ တွက်ချက်ကာ ဟောပြလျက်ရှိ၏။ ၎င်းတို့ ပြောကြသော စကားများကို ကျွန်ုပ် မကြားရချေ။

၁၅ မိနစ်ခန့်ကြာအောင် အလိုရှိရာကို မေးမြန်းပြီးသော်၊ ဦးအောင်သည် ရဟန်းကြီးကို ကန်တော့၍ ဂူပြင်သို့ ထွက်သွားလေ၏။

ကျွန်ုပ်သည် အပေါက်ငယ်မှ ဆက်လက်၍ ချောင်းကြည့်နေသေးရာ၊ ခဏမျှကြာသော် ပြဒါးဝိဇ္ဇာတစ်ဦးသည် စပျစ်သီး၊ သစ်သော်သီး စသော လှူဖွယ်ဝတ္ထုတို့ကို ဆောင်ယူခဲ့၍ ဦးအောင်နည်းတူ ရဟန်းကြီးအား ဗေဒင်မေးနေသည်ကို တွေ့ရပြန်လေ၏။ ထို့နောက် ဆေးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်းဝိဇ္ဇာများလည်း ထိုနည်းအတူ လှူဖွယ်ဝတ္ထုများနှင့် လာရောက်ကြ၏။ ထို့နောက် အစွဲဝေါ်နံ့ရောက်လာ၍ အများနည်းတူ ဗေဒင်မေးသည်ကို တွေ့ရ၏။ ကျွန်ုပ်မှာ ပထမဝိဇ္ဇာသား တစ်ဦးဖြစ်သောကြောင့် မည်သူမည်ဝါ ဖြစ်ကြသည်ကို သိရှိနိုင်ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့သည် ထိုအရပ်၌ မရနိုင်သော သစ်သီးဝလံများကို ဆောင်ယူခဲ့ကြသည်ဖြစ်၍၊ ရဟန်းကြီးက ကျွန်ုပ်တို့အား စောစောက ကျွေးမွေးနိုင်ခြင်းမှာ အံ့ဖွယ်ရာ မဟုတ်တော့ချေ။

နှစ်နာရီခန့်မျှ ဟောပြောပြီးလတ်သော် ပရိသတ်များ စဲ၍သွားလေရာ၊ ရဟန်းကြီးသည် ပလ္လင်နံဘေး၌ ခင်းထားသော သားရေနယ်ပေါ်တွင် လဲလျောင်းကျိန်းစက်လေ၏။ဖဲဒင်ကိုမူ ပလ္လင်ပေါ်တွင် တင်ထားသည်ကို ကျွန်ုပ် မြင်ရ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏ အိပ်ရာသို့ ပြန်၍ တွေ့မြင်ခဲ့ရသော အဖြစ်အပျက်များကို ပြန်၍ပြောင်းဆင်ခြင်သည့်အခါ၊ ဤဂူသည် မရဏဂူကြီးပင်ဖြစ်၍၊ ပလ္လင်ပေါ်မှ ဖဲဒင်ကျမ်းမှာ အာတပွန်ဖဲဒင်ကျမ်းပင် ဖြစ်ကြောင်းမှာ အနည်းငယ်မျှ သံသယ မရှိတော့ချေ။ထိုအခါ ၎င်းကျမ်းကို ရလိုသော လောဘဇောသည် တစ်ခဏထက် တစ်ခဏ တိုး၍ တိုက်တွန်းလာလေ၏။

နောက်ဆုံး၌ ကျွန်ုပ်သည် အိပ်ပျော်လျက်ရှိသော လောလျံကို ထားခဲ့၍ ရဟန်းကြီး ကျိန်းစက်လျက်ရှိသော ဂူဆီသို့ လျှောက်လာပြီးလျှင်၊ အပေါက်မှဝင်၍ ပလ္လင်ဆီသို့ ဖြည်းညင်းစွာ လျှောက်လာခဲ့ရာ၊ ရဟန်းကြီးမှာ သားရေနယ်ကလေးပေါ်တွင် အိပ်ပျော်လျက် ရှိနေလေ၏။ ပလ္လင်သို့ရောက်လျှင် ကျွန်ုပ်သည် ဖယောင်းတိုင် ၂ တိုင်အကြား၌ ချထားသော ကြေးပုရပိုက်ကို ကိုင်မိသည်နှင့် တစ်ပြိုင်နက် 'ဒုက္ခကို သုခမှတ်ထင်သော လူမိုက်၊ ငရဲပန်းကို ရွှေပန်းမှတ်ထင်သော လူမိုက်၊ ရှောင်လော့၊ ရှားလော့၊ ချထားလော့' ဟု တိဘက်ဘာသာဖြင့် ပြောလိုက်သံကို ကြားရသည်နှင့် လှည့်ကြည့်လိုက်သောအခါ၊ ရဟန်းကြီးသည် ကျွန်ုပ်နံဘေးသို့ ရောက်နေသည်ကို တွေ့ရလေ၏။

ကျွန်ုပ်သည် အံ့အားသင့်သွားသော်လည်း ပုရပိုက်ကို မလွှတ်သေးဘဲ ရှိနေသေးရာ၊ ရဟန်းကြီးက တစ်ဖန်ထပ်၍ "ဖယ်လော့၊ ရှားလော့၊ ချထားလော့" ဟု ပြောပြန်သည်နှင့် ပြန်ထားမည် ပြုရလေ၏။ ထိုကဲ့သို့ ပုရပိုက်ကို ပြန်ထားရခြင်းမှာ ကျွန်ုပ်အဖို့၌ ကျွန်ုပ်ရင်ထဲမှ နှလုံးသည်းပွတ်ကို ဖြုတ်၍ ချထားခဲ့ရခြင်းကဲ့သို့ မခံမရပ်နိုင်အောင် ရှိနေလေရကား၊ မည်ကဲ့သို့ ဖြစ်ရသည်ဖြစ်စေ ဤကျမ်းကို





ငါရအောင် လုယူတော့မည်ဟု အောက်မေ့လျက်၊ ခါးမှ ခြောက်လုံးပြူးကို ထုတ်နှုတ်ပြီးလျှင် ရဟန်းကြီးကို ချိန်ရွယ်မိလေ၏။

ထိုအခါ ရဟန်းကြီးသည် မီးပွင့်သော မျက်လုံးများဖြင့် ကျွန်ုပ်အား စေ့စေ့ကြည့်လျက် "မလုပ်နှင့်၊ ဝဋ်သင့်တော့မည်။ ဖယ်လော့၊ ရှားလော့၊ သွားလော့" ဟု ခပ်ဆတ်ဆတ် ပြောလိုက်သည်နှင့် တစ်ပြိုင်နက်၊ ကျွန်ုပ်၏ လက်များသည် တုန်ရီလာ၍ ၊ကျွန်ုပ်၏ ရင်ဘတ်ကို တစ်စုံတစ်ယောက်သောသူက လက်သီးဖြင့် ထုလိုက်ဘိသကဲ့သို့ နင့်ခနဲ ဖြစ်သွားပြီးလျှင် သေနတ်ကို နံဘေးသို့ ဖယ်လိုက်ရ၏။ နောက်တစ်ခဏ၌ကား ဒိန်းခနဲ မြည်သော သေနတ်သံတစ်ချက် ကြားလိုက်ရ၍ ရဟန်းကြီးသည် ရှေ့သို့ ထိုးလဲသွားလေရာ၊ ကျွန်ုပ်သည် ၎င်းကိုကျော်လွန်၍ ကြည့်လိုက်သောအခါ၊ ဂူဝ၌ မီးခိုးတလူလူ ထွက်နေသေးသော ခြောက်လုံးပြူးသေနတ်တစ်လက်ကို ကိုင်ကာ ရပ်နေသော လောလျံကို တွေ့မြင်ရလေ၏။ စင်စစ်သော်ကား လောလျံသည် ကျွန်ုပ်နောက်သို့ လိုက်ပါ၍ ရဟန်းကြီး၏ နောက်ကျောကို နောက်မှ သေနတ်နှင့် ပစ်လိုက်ခြင်းဖြစ်၏။ ကျွန်ုပ်သည် ရဟန်းကြီးကို ခွဲ့ထူကြည့်လိုက်သောအခါ ကျောဘက်မှ နှလုံးသားကို ထွင်းဖောက်သွားသည့် ဒဏ်ရာဖြင့် အသက်ကုန်လျက် ရှိနေလေ၏။

ကျွန်ုပ်မှာ ရဟန်းကြီး ပျံလွန်သည့်အတွက် ဝမ်းနည်းခြင်းနှင့် ဖဲဒင်ကျမ်းကို ရသည့်အတွက် ဝမ်းမြောက်ခြင်းတို့ကို ချိန်စက်၍ ကြည့်လိုက်သော်၊ ချိန်ခွင်လျှာသည် ဝမ်းသာသောဘက်က သာလျက်ရှိသည်ဟု ဝန်ခံရပေမည်။

တစ်သက်လုံး ကြိုးဝမ်းလာခဲ့ရသော ဖဲဒင်ကျမ်းမှုကား လက်ဝယ်သို့ ရောက်လေပြီ။ သို့သော် ဤကျမ်းကိုယူ၍ တိုင်းပြည်သို့ ပြန်ရန်အရေးကား ရှိချေသေး၏။ ကျွန်ုပ်မှာ အကျပ်အတည်းနှင့် တွေ့ကြုံသောအခါများတွင် ဉာဏ်ရွှင်သည်ဟု မိတ်ဆွေများ၏ ချီးမွမ်းခြင်းကို ခံရဖူးသည့်အတိုင်း၊ ရဟန်းကြီး၏ အလောင်းကို ကြည့်လိုက်ကာမျှနှင့် တစ်ချက်တည်း ဉာဏ်ပေါ်၍ လာလေ၏။ သို့ဖြစ်၍ ရဟန်းကြီး၏အလောင်းကို သားရေနယ်ပေါ်သို့ ရွှေ့ထားပြီးလျှင်၊ ၎င်း၏ သင်္ကန်းကိုချွတ်၍ ကျွန်ုပ်ကိုယ်၌ ဝတ်ရုံလေ၏။ ထိုနောက် ရေတစ်ခွက်ကို ယူ၍



www.burmeseclassic.com

www.burmeseclassic.com



မှန်ကဲ့သို့ ကျွန်ုပ်၏မျက်နှာရိပ်ကို ရေထဲတွင် ကြည့်ပြီးလျှင် မျက်နှာကို သစ်ခေါင်းရည်ဖြင့် လိမ်းကျံ၍ အတွန့်အလိမ်များနှင့် တူစေရန် သစ်စေးဖြင့် ရေးဆွဲလေ၏။ ကျွန်ုပ်မှာ ရုပ်ဖျက်ခြင်းအတတ်ကို နှစ်ပေါင်းများစွာကပင် လေ့လာပြီး ဖြစ်ရကား၊ တောင်ဝှေးကို ကောက်ယူ၍ ရဟန်းကြီးနည်းတူ ခြေထောက်ခပ်ဆာဆာလှုပ်ကာ လမ်းလျှောက်ပြလိုက်သောအခါ၊ လောလျံပင်လျှင် အံ့အားသင့်စွာနှင့် ငေးကြည့်နေလေ၏။

ထိုခဏ၌ ဂူပြင်မှ ချောင်းဟန့်သံကြားသည်နှင့် လောလျံသည် မှောင်ရိပ်တွင် ကွယ်လျက်ရှိရာ၊ ကျွန်ုပ်မှာ ပလ္လင်ပေါ်တွင် တက်၍ ထိုင်နေလေ၏။ ထိုအခါ နောက်ကျသော ဝိဇ္ဇာတစ်ဦးသည် လှူဘွယ်ဝတ္ထုကလေးများနှင့် ဝင်လာ၍ ပလ္လင်ရှေ့တွင် ထိုင်ပြီးလျှင်၊ အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်သောအခါတွင် မိမိသည် ကျွတ်တမ်းဝင်မည် မဝင်မည်ကို ဗေဒင်ကြည့်ပေးပါရန် မေးလေ၏။

ကျွန်ုပ်သည် ဗေဒင်ကျမ်းကို လှန်ကြည့်၍ တွက်ချက်ဟန်ပြုပြီးလျှင် လှူအိုသံနှင့်တူအောင် ရှိုက်၍ ရှိုက်၍ ပြောလျက်၊ တိဘက်ဘာသာဖြင့် 'ဘုရားပွင့်တော်မူသောအခါတွင် သင်သည် သံဃာကို ဂိုဏ်းခွဲသောအပြစ်နှင့်၊ မဟာအဝီစိငရဲတွင် တစ်ကမ္ဘာလုံး ခံရလိတ္တံ့" ဟု ဟောလိုက်၏။ စကားဆုံးသည်နှင့် ဝိဇ္ဇာသည် "အလိုလေး၊ အလိုလေး "ဟု ဟစ်အော်ကာ နားနှစ်ဖက်ကို လက်ဖြင့်အုပ်လျက် ဂူပြင်သို့ ထွက်ပြေးသွားလေ၏။ ကျွန်ုပ်၏ ရုပ်ဖျက်ခြင်းကား ပထမစာမေးပွဲ အောင်ခဲ့လေပြီ။

ရင်းနောက် ကျွန်ုပ်တို့သည် ဖယောင်းတိုင်များကို ယူကြ၍ ကျွန်ုပ်တို့၏ အိပ်ရာသို့ ဝင်ကြလေရာ၊ ကျွန်ုပ်သည် မေးကနဲဖြစ်သွားသည်နှင့် တိဘက် ဘုန်းကြီးတစ်ပါးသည် ကျွန်ုပ်၏ခြေရင်းမှ ရပ်နေသည်ကို တွေ့ မြင်ရလေ၏။ လောလျံမှာလည်း မအိပ်သေးသဖြင့် ကျွန်ုပ်ကဲ့သို့ မြင်ရ၏။ ထိုဘုန်းကြီးမှာ ခပ်ရွှယ်ရွှယ်မျှသာရှိသောကြောင့် ဘုန်းကြီးတစ္ဆေချောက်ခြင်း မဟုတ်ကြောင်း ထင်ရှား၏။

ကျွန်ုပ်တို့ နှစ်ယောက်လုံးအား စူးစူးရှားရှား စိုက်၍ ကြည့်နေပြီးနောက် ပြောသည်မှာ "ပထမ ငသိန်းနဲ့ တရုတ်ပျက် လောလျံတို့၊ သင်တို့ကား ငါတို့ပြည်၌





ထေရ်ဝါအကြီးဆုံး ပုဂ္ဂိုလ်မြတ်ကြီးကို သတ်ဖြတ်လိုက်ကြသည့်အတွက် ကံကြီးထိုက်ကြလေပြီ။ သို့သော် နောင်ဘဝ၌ သင်တို့ကို ပဉ္စာနန္ဒိယက် စီမံမည်မှန်သော်လည်း သင်တို့မသေမီ ဤဘဝအတွင်း ငါတို့က အပြစ်ပေး ဆုံးမရဦးမည့် ဝတ္တရားရှိသေးသည်။ သင်တို့ကို ယခုချက်ချင်း ငါ သတ်လိုက သတ်နိုင်သည်။ သို့သော် ချက်ချင်းသေခဲ့လျှင် သင်တို့၏ အပြစ်ကြီးသလောက် ဒုက္ခကြီးနိုင်မည့်မဟုတ်သောကြောင့် ပြုသောအပြစ်နှင့် ခံရသောဒဏ်တို့ မျှတစေခြင်းငှာ အချိန်ဆွဲ၍ ငါတို့ စီရင်လိမ့်မည်။

"သင်တို့သည် တပေါင်းလပြည့်နေ့တွင် ငါတို့၏ဆရာတော်ကို သတ်ဖြတ်ခြင်းဖြစ်သောကြောင့် သင်တို့ကိုလည်း ဤနေ့ ဤရက်တွင် ငါတို့စီရင်ရမည်။သို့သော် ရှေ့နှစ်တွင် စီရင်မည်၊ ၂ နှစ်ကြာသောအခါ စီရင်မည်၊ ၁၀ နှစ်ကြာသောအခါ စီရင်မည်ဟူ၍ ငါတို့ မဆုံးဖြတ်ရသေး။ တပေါင်းလပြည့်နေ့တစ်နေ့နေ့တွင် ငါတို့လက်တွင်းသို့ သင်တို့ ရောက်ကြရမည်ကား မြေကြီး လက်ခတ် မလွဲသကဲ့သို့ သေချာလေပြီ။ ယခုအဖို့ကား သင်တို့ နေရစ်ကြပေဦးလော့။ သို့သော် သင်တို့ ကျူးလွန်ခဲ့သောအပြစ်နှင့် ခံရမည့်ဒဏ်ကို သင်တို့ သတိရစေခြင်းငှာ ငါတို့က မကြာမကြာ ကြေးစည်သံပေး၍ သတိပေးမည်။ သင်တို့ အလိုရှိသော ဆဒင်ကျမ်းကိုမူ၊ ဆရာတော်ကြီး မရှိသည့်နောက်၊ ငါတို့၌ အသုံးမဝင်တော့ပြီဖြစ်၍ ဆောင်ကြဉ်းသွားနိုင်ကြ၏။ ဤကျမ်းကို လိုချင်မှုကြောင့် ဤမျှလောက် ကြီးလေးသော အပြစ်ကြီးကို ကျူးလွန်ရသည်များအား ဆန္ဒပြည့်ဝစေရန် ဤကျမ်းကို ငါတို့ လွှဲအပ်ခဲ့သည်။ သို့သော် ကျမ်းကို အသုံးချပြီးသော တစ်နေ့၌၊ ရင်း၏ အကျိုးသည် ပြုခဲ့မိသောအပြစ်နှင့် ထေမိသည် မထေမိသည်ကို သင်တို့ သိရစ်လိမ့်မည်။ သင်တို့ထံသို့ နောက်တစ်ကြိမ် ငါလာတော့မည် မဟုတ်။ ငါလာသောအခါ အပြစ်ဒဏ်ပေးရန်သာ လာတော့မည်ဖြစ်သောကြောင့် စိုးရိမ်ကြီးစွာနှင့် စောင့်မျှော်ရစ်ကြပေလော့"

ထိုစကားကို ပြောပြီးသည်နောက် ဘုန်းကြီးလည်း ကွယ်ပျောက်သွားလေရာ၊ ကျွန်ုပ်နှင့် လောလျံတို့သည် အိပ်ရာမှ လူးလဲကာ ထ,ထိုင်၍ နှစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်တူ အိပ်မက် မက်နေကြသလောဟု တွေးတောမိလေ၏။ ကျွန်ုပ်တို့ ထင်မြင်ချက်ကား ဘုန်းကြီးကို သတ်မိသည့်အတွက် ဉပါဒါန်စွဲလမ်း၍ ထင်မိ မြင်မိကြသည်ဟု အောက်မေ့ကြသည်အလျောက် ပြောမိကြသေး၏။ သို့ရာတွင် ကျွန်ုပ်တို့၏စကား ဆုံးသည်နှင့် တစ်ပြိုင်နက်၊ ကြည်လင်ထင်ရှားလှသော ကြေးစည်သံသည် ကျွန်ုပ်တို့ဦးခေါင်းထက်မှ သုံးကြိမ်တိုင်တိုင် ပေါ်ထွက်လာလေသည်ကို ကြားကြရသော အခါတွင်မူကား ယခင်က မြင်လိုက် ကြားလိုက်ကြရခြင်းများသည် ဉပါဒါန်ကြောင့်မဟုတ် အကယ်စင်စစ် ဖြစ်ချေသည် တကားဟု မျက်ဝါးထင်ထင် သိမြင် ကြရလေ၏။

နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် အိပ်ရာမှထ၍ သစ်သီးဝလ်များကို ထုပ်ပိုးယူငင်ပြီးလျှင် ဂူမှထွက်ခွာရန် ပြင်ဆင်ကြလေ၏။ လောလျံသည် သစ်သီးထုပ်ကိုထမ်း၍ ကျွန်ုပ်က မုရပိုက်ကို ကိုယ်တိုင်သည်ပိုးရန် ပြင်ဆင်လေ၏။ ထူးခြားသော အချက်တစ်ခုမှာ ပလ္လင်အနီးရှိ သားရေနယ်ပေါ်တွင် တင်ထားသော ရဟန်းကြီး၏အလောင်းမှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့လေပြီ။

ကျွန်ုပ်တို့သည် ထိုအခြင်းအရာ အတွက်ကြောင့် စိတ်ထဲ၌ တုန်လှုပ်ခြင်းမကင်းခဲ့သော်လည်း နံနက်အချိန်ဖြစ်သောကြောင့် ညကကဲ့သို့ ထိတ်လန့်လောက်အောင် မရှိကြဘဲ ကျွန်ုပ်တို့ မြင်လိုက်ရသော ဘုန်းကြီးနှင့် ၎င်းပြောသွားသော စကားများသည် အိပ်မက်မျှသာ ဖြစ်တန်ရာသည်ဟု အောက်မေ့မိကြ ပြန်လေ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ဂူမှ ထွက်ကြမည် ပြုသည်နှင့် တစ်ပြိုင်နက်၊ ယခင်က ကြေးစည်သံ သုံးချက်သည် ထင်ရှားစွာ ဖြစ်ပေါ်လာပြန်လေရာ၊ ကျွန်ုပ်တို့လည်း ကြောက်အားတကြီးနှင့် ဂူမှ ထွက်လာခဲ့ကြလေ၏။

တောင်ကြားလမ်းတစ်လျှောက် လျှောက်လာကြသောအခါ ကျွန်ုပ်သည် တောင်ဇော်ကိုကိုင်လျက် ခြေခပ်ဆာဆာလုပ်၍ လမ်းလျှောက်ပြီးလျှင် လောလျံက နောက်မှ လိုက်ပါလာလေရကား၊ ကျွန်ုပ်တို့ကို မြင်ရသော လူရိုင်းများသည် ဂူထဲမှ ဘုန်းကြီးအိုကြီးပင် မှတ်ထင်ကြသောကြောင့် ဝေးလျှင် ရှောင်တိမ်း၏။





နီးလျှင် မြေပေါ်တွင် အလျားမှောက်ကာ လှဲအိပ် နေကြလေ၏။ သို့ဖြစ်ရကား ကျွန်ုပ်တို့သည် လူသားစားသော လူရိုင်းများ၏နယ်မှ လွတ်မြောက်လာခဲ့ကြလေ၏။

လမ်းခရီးတွင် တောတိရစ္ဆာန်တို့၏ ဘေးအန္တရာယ် အမျိုးမျိုးတို့နှင့် ကြုံတွေ့ရသော်လည်း ကျွန်ုပ်တို့မှာ မည်သည့်နည်းနှင့် သေရမည်ဟု သတ်မှတ်ပြီးဖြစ်သည့် လက္ခဏာနှင့် အခြားသော ဘေးရန်တို့ကို လွတ်မြောက်လာခဲ့သည်သာ ဖြစ်ပေရာ၊ ထွက်သွားသည့်နေ့မှ ၆ လတိတိ စေ့ကုန်သောနေ့တွင် နေရင်း ဌာနသို့ ပြန်လည် ဆိုက်ရောက်လာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၅

ကျွန်တော်သည် အထက်ပါ ထူးဆန်းသောမှတ်တမ်းကို ဖတ်ရှုလျက်ရှိစဉ် မတင်ကြည်နှင့် ကိုဘသင်တို့လည်း နားထောင်လျက်ရှိကြရာ ပြီးဆုံးခြင်းသို့ ရောက်သောအခါတွင် အရဏ်တက်လျက် ရှိနေခဲ့လေပြီ။ သို့ဖြစ်၍ မတင်ကြည်သည် ထမင်းချက်သော ဒေါ်ပုကိုနိုး၍ ကော်ဖီကို သောက်ကြပြီး၊ဦးသိန်းအား ရှာဖို့ကိစ္စအတွက် ပြင်ဆင်ကြလေ၏။လွယ်အိတ်တစ်လုံးတွင် ဘီစကွတ်မုန့်များနှင့် ကော်ဖီပါသော သာမိုတစ်ဘူးကိုထည့်၍ ကျွန်တော်တို့ဖခင်အား အဖြစ်အပျက်ပြောပြဖို့ကိစ္စကို မတင်ကြည်အား လွှဲထားခဲ့ပြီးလျှင် ကိုဘသင်နှင့် ကျွန်တော်တို့သည် သမင်ခွေးကြီး ရှိသော ဘိုးကွန်းအိမ်သို့ ထွက်လာခဲ့ကြလေ၏။

ဘိုးကွန်းသည် အိပ်ရာမှ မထ,သေးသော်လည်း ကျွန်တော်တို့က နိုးကာ ခွေးကို အလိုရှိကြောင်း ပြောပြ၍ ကိစ္စကို အနည်းငယ် ပြောပြပြီးလျှင် ငွေ ၁၀ကျပ် ပေးပါမည်ဟု ကတိထားသောအခါ ဘိုးကွန်းသည် ခွေးနှင့်တကွ ၎င်းကိုယ်တိုင်လိုက်ပါ၍ ကူညီဆောင်ရွက်ရန် သဘောတူညီလေ၏။ သို့ဖြစ်၍ ဘိုးကွန်းသည် ခါးစောင်းခန့်မြင့်သော လန်ဘား ခေါ် သမင်ခွေးကြီးကို ထုတ်လာ၍ လည်ပတ်တွင် ကြိုးတပ်ပြီးလျှင် ကြိုး၏,တစ်စကိုကိုင်ကာ ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာလေရာ ကျွန်ုပ်တို့သည် ကျတ်တီးကုန်းအိမ်ကြီးသို့ ရှေ့ဦးစွာ လာကြသေး၏။

နေအိမ်ကြီးသို့ ရောက်သောအခါ ကိုဘသင်သည် အိမ်ထဲသို့ ဝင်ပြေး၍ ဦးသိန်း၏ ဖိနပ်ဟောင်းတစ်ဖက်ကို ယူလာပြီးလျှင် ဘိုးကွန်းအား ပေးအပ်လေရာ၊





ဘိုးကွန်းသည် ဖိနပ်ဟောင်းကို လန်ဘားအား ပြလေ၏။ လန်ဘားသည် ဖိနပ်ဟောင်းကို နှိမ်ကြိမ် သုံးကြိမ်မျှ နမ်းရှုပ်ပြီးနောက်၊ မြေကြီးကို နှာခေါင်းနှင့် ကပ်လျက် အနံ့ခံမိသည်နှင့် လမ်းတစ်လျှောက်လိုက်ကာ ကြိုးတင်းအောင် ရုန်းသဖြင့် ဘိုးကွန်းလည်း ကြိုးစကိုကိုင်လျက် လိုက်လေ၏။ကိုဘသင်နှင့် ကျွန်တော်တို့ သည်လည်း ဘိုးကွန်းနောက်မှ လိုက်ကြရလေ၏။

ဝင်းပြင်သို့ ရောက်ကြသောအခါ လန်ဘားသည် ရွာဘက်သို့ မလှည့်ဘဲ ရှေ့ရှုရှုသို့ ဦးခေါင်းလှည့်ကာ လိုက်လေရာ၊ကျွန်တော်တို့သည်လည်း ၎င်းနောက်မှ လိုက်ကြရလေ၏။ ထိုအခါ၌ကား ၇ နာရီ ထိုးပြီဖြစ်၍ နေထွက်နေပြီ ဖြစ်ရကား၊ ခွေးကြီးသည် နှာခေါင်းကို မြေကြီးနှင့်မခွာဘဲ အရှေ့ဖက်သို့ ရှုရှုစိုက်စိုက် လိုက်လေသဖြင့် ကျွန်တော်တို့က နောက်မှ ခပ်သုတ်သုတ် လိုက်ရလေ၏။ ချောင်းငယ်တစ်ခုသို့ ရောက်သောအခါ၊ လန်ဘားသည် အနံ့ပြတ်သွားသဖြင့် ယီးတီးယောင်တောင် ဖြစ်နေသော်လည်း ဘိုးကွန်းက အခြားဘက်သို့ဆွဲခေါ်၍ ကမ်းပါးကို ပြလိုက်ရာတွင်၊ အနံ့ကို တစ်ဖန်တွေ့ဟန် လက္ခဏာနှင့်ပင် အရှေ့ဘက်သို့ပင် ဆက်လိုက် သွားကြပြန်လေ၏။

သုံးမိုင်ခရီးခန့် ပေါက်ရောက်ကြသော်၊ ကျွန်တော်တို့သည် 'ဘီလူးအိုင်' ခေါ် နဂါးကျစ်သို့ ချဉ်းကပ်လာကြရာ၊ ၎င်းနဂါးကျစ်မှာ အလွန်တရာ နာမည်ဆိုးသဖြင့်၊ ရွာသူ ရွာသားများသည် မည်သည့်အခါမျှ ချဉ်းကပ်ခြင်း မပြုကြချေ။ ဤနေရာ၌ 'နဂါးကျစ်' ဟူသော စကားကို ရှင်းလင်းဖော်ပြရန် လိုပေ၏။ ဟာလင်းကြီးနယ်၌ မည်သည့်အခါမျှ ခမ်းခြောက်သည်မရှိသော ရွှံ့ဗွက်အိုင်ကြီးများ ရှိလေရာ၊ရေများသည် ၎င်းမှ အခါခပ်သိမ်း တစိမ့်စိမ့် စီးထွက်လျက်ရှိ၏။ ယင်းသို့ စီးထွက်သောရေသည် အလွန်တရာ ပူလှ၍ ကြက်ဥကျက်အောင် ပြုနိုင်ပေရာ၊ ဆောင်းဥတုအခါများတွင် အငွေ့တထောင်းထောင်း ထွက်လျက်ရှိ၏။ ထိုအကြောင်းကြောင့် နဂါးခိုအောင်းသော တွင်းများဟု မှတ်ယူကြသဖြင့်၊ ၎င်းဗွက်အိုင်ကြီးကို 'နဂါးကျစ်' ဟူ၍ ခေါ်တွင်ခြင်း ဖြစ်လေသည်။ ဟာလင်းကြီးနယ်တွင် နဂါးကျစ်များသည် အရွယ်အစားစား ရှိကြလေရာ၊ကျွန်တော်တို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် 'ဘီလူးအိုင်' ခေါ် နဂါးကျစ်ကြီးမှာ၊ အကြီးဆုံးနှင့် ကြောက်မက်ဖွယ် အကောင်းဆုံး ဖြစ်ပေ၏။

ဘီလူးအိုင်သို့ ချဉ်းကပ်လာကြသောအခါ၊ အစဉ်မပြတ် စိမ့်ထွက်နေသော ရေကြောင့် မြေကြီးမှာ စွတ်စိုထိုင်းမှိုင်းလျက်ရှိရာ၊ ကျွန်တော်တို့သည် ၎င်းဘက်သို့ လျှောက်သွားသော ခြေရာများကို ထင်ရှားစွာ မြင်နိုင်ပေ၏။ ခြေရာများအနက်တွင် ကိုဘသင်သည် ၎င်းဖခင်၏ ခြေရာကို မြင်ရသည်နှင့် ညှိုးငယ်သောမျက်နှာဖြင့် ကျွန်တော့်အား လက်တို့၍ ပြသ၏။ အခြားသော ခြေရာများမှာမူ တိဘက်ဘုန်းကြီးများစီးသည့် ဖိနပ်များဖြစ်၍ စွတ်စိုသောမြေပေါ်တွင် ရှုပ်ထွေးလျက် ရှိနေကြလေ၏။ တချို့နေရာ၌ကား ဘုန်းကြီးသုံးပါးနှင့် ဦးသိန်းတို့ ဆရာတပည့်သည် ရင်ဘောင်တန်း လမ်းလျှောက်ကြသည့် လက္ခဏာနှင့် ခြေရာတစ်ခုစီ ထင်ရှားစွာ ဖြစ်ပေါ်လျက် ရှိလေ၏။

ဘီလူးအိုင်နှင့် ၂ ဖာလုံခန့်ကွာသော နေရာသို့ ရောက်ကြသောအခါ၊ ဘိုးကွန်းသည် ကြောက်ရွံ့လာသည့် လက္ခဏာနှင့် ရှေ့သို့ မတိုးလိုကြောင်းနှင့် ငြင်းဆန်နေလေရာ၊ ကျွန်တော်က အဘယ်ကြောင့် ကြောက်ရသနည်းဟု မေးသောအခါ၊ ရွာသား တစ်ဦးတစ်ယောက်မျှ မသွားဝံ့သောနေရာသို့ မိမိလည်း မသွားလိုကြောင်းနှင့် ပြန်ပြောလေ၏။ ထိုအခါ ကိုဘသင်က "ဟေ့လူ ရှုပ်မနေနဲ့၊ သွားဆိုရင်သွား၊ ငွေ ၁၀ကျပ် ပေးမယ်။ ဒါနဲ့မှ မင်းမသွားရင် လူရော ခွေးရော နဂါးကျစ်ထဲ ကန်ချလိုက်မယ်။ နားလည်လား" ဟု ပြောလိုက်ရာတွင်၊ ကျွန်တော်မှာ ကိုဘသင်၌ ဖခင်၏သွေး ပါသည့်အဖြစ်ကို သတိရမိလေ၏။ ဘိုးကွန်းမှာမူ ကျွန်တော်တို့ကို ကြောက်သော်လည်း နဂါးကျစ်ကို သာ၍ကြောက်သည့် လက္ခဏာနှင့် ငြင်းဆန်လျက်ပင် ရှိနေသေးရာ၊ နောက်ဆုံး၌ ကျွန်တော်က "မင်း မလိုက်ချင်နေ၊ လန်ဘားကို ဗွားလိုက်၊ ငွေ ၁၀ကျပ် တိုးပေးမယ်" ဟု ပြောသည်နှင့် ဘိုးကွန်းလည်း သဘောတူညီ၍ ခွေးကို ကျွန်တော်၏လက်သို့ အပ်ပြီးလျှင် ပြန်ပြေးလေတော့၏။

ဘိုးကွန်း ပြန်သွားသည့်နောက် ကျွန်တော်သည် လန်ဘား၏ကြိုးကို ကိုင်လျက်၊ ဘီလူးအိုင်ဘက်သို့ ဆက်လက်လိုက်သွားလေရာ၊ ကိုဘသင်လည်း





နောက်မှ လိုက်ပါလာလေ၏။ ထိုအရပ်၌ ရွံ့နွံများကိုသာ အမြှုပ်တစီစီနှင့် တွေ့မြင်ရ၍ ၎င်းဆိုးများသည်လည်း တဂိဂိနှင့် ထိုးလျက်ရှိရကား ဘိုးကွန်းလည်း ကြောက်ရွံ့ပေသည်မှာ အပြစ်မဆိုသာပေ။ ယောက္ခမလောင်းအတွက်၊ ယောက်ဖလောင်းနောက်သို့ လိုက်နေရသော ကျွန်တော်ပင်လျှင် စိတ်အားငယ်လျက် ရှိခဲ့လေပြီ။

တစ်ဖာလုံခန့်မျှ ဆက်လက်သွားမိကြပြန်သော် ကျွန်တော်တို့၏ လက်ယာဘက် တစ်လံလောက်တွင် ပြန်၍ ခြေရာများကို တွေ့မြင်ကြရလေရာ ကျွန်တော်သည် ၎င်းခြေရာများကို သေချာစွာ လှမ်းကြည့်လိုက်သောအခါတွင် ဘုန်းကြီးသုံးပါးတို့၏ ခြေရာများကိုသာ တွေ့ရ၍၊ ဦးသိန်းနှင့် လောလျှံတို့၏ ခြေရာများကိုမူကား မတွေ့ရတော့ချေ။ သို့ဖြစ်၍ ၅ ယောက်သွားကြ၍ ၃ ယောက်သာ ပြန်လာကြကြောင်း ထင်ရှားနေလေပြီ။ ကိုဘသင်မှာမူ ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ "သြော် ဖေဖေ ဖေဖေ" ဟူ၍သာ ညည်းတွားနေလေတော့၏။

ကျွန်တော်တို့သည် လန်ဘားနောက်မှ ဆက်လက်လိုက်သွားကြ၍ ဘီလူးအိုင် ခေါ် နဂါးကျစ်၏ အစွန်းသို့ ရောက်ကြသောအခါ ပေ ၅၀၀ ခန့် ကျယ်ဝန်းသော ရွံ့နွံဗွက်ကြီးသည် အမြှုပ်တစီစီရှိ၍ အလယ်ကောင်၌ ရွံ့နွံများသည် ဆူပွက်နေသော ရေနွေးအိုးကြီးကဲ့သို့ ပွက်ပွက်ထလျက်ရှိရာ၊ ကျွန်တော်တို့သည် ထိုအခြင်းအရာကို စိတ်အားငယ်စွာဖြင့် စိုက်ငေးလျက် ကြည့်နေကြစဉ် ရွံ့နွံများသည် ရုတ်တရက် ပြင်းထန်စွာ လှုပ်ရှားလာ၍ အလယ်ဗဟိုလောက်ဆီမှ ဗိုးဗိုးဗွက်ဗွက် နိုးဒိုးဇွက်ဇွက် မြည်လာပြီးလျှင် ရွံ့နွံများ လိမ်းကျံလျက်ရှိသော ကိုယ်ကာယနှစ်ခုသည် ရွံ့ဗွက်ထဲမှ လေထဲသို့ ၃ ပေခန့် မြောက်တက်သွားပြီးနောက် တစ်ဖန်ပြန်၍ ဇွက်ခနဲကျကာ နစ်မြုပ်သွားလေတော့၏။ ဤအခြင်းအရာကို ကျွန်တော် ယခုရေးသားနိုက်၌ပင်လျှင် ကြက်သီးမွေးညင်း ထမိသေး၏။ ထိုအခါကမူကား ကျွန်တော်မှာ ရင်ဘတ်ကို ရိုက်နှက်လိုက်ဘိသကဲ့သို့ ဒိန်းခနဲဖြစ်သွား၍ အသက်မျှရှိုက်နိုင်ဘဲ ငေးကြည့်နေမိရာ၊ ကိုဘသင်မူကား မြေပေါ်တွင် ဒူးထောက်လျက် "ဖေဖေရဲ့ ဖေဖေရဲ့" ဟု ရေရွတ်နေလေတော့၏။ ခွေးကြီးမှာမူကား ကျွန်တော်၏ လက်ထဲတွင် တဟီးဟီးနှင့် ညည်းညူနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာ၌ ကြာရှည်စွာ ဆက်လက်နေခြင်းအားဖြင့် အကျိုးမရှိခြင်းကို သိရှိသည်နှင့် ကျွန်တော်သည် ကိုဘသင်အား ပြန်ကြရန် သတိပေးလေရာ၊ကို ဘသင်သည် ရုတ်တရက် အမျက်ထွက်သော မျက်နှာထားနှင့် ကျွန်တော့်ဘက်သို့ လှည့်ပြီးလျှင် "တိဘက်ဘုန်းကြီးသော ဘာသော နားမလည်ဘူး၊ ကျွန်တော့်ဖေဆေး သတ်တဲ့လူတွေကို တွေ့အောင်ရှာပြီး ပုလိပ်လက်ကို ကျွန်တော် အပ်မယ်၊ ပေးစမ်း ဗျာ" ဟုပြောလျက် ခွေးကြီးကို ကျွန်တော်၏လက်မှ လုယူ၍ အပေါ်သို့ပြန်တက် သော တိဘက်ဘုန်းကြီးများ၏ ခြေရာများကို ပြလေ၏။

ခွေးကြီးသည် တစ်ကြိမ်နှစ်ကြိမ် နမ်းကြည့်ပြီးနောက်၊ ထုံးစံအတိုင်း ရှေ့သို့ လိုက်မည့်အစား မြေပေါ်၌ ပြားပြားဝပ်ပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန် လျက် အလွန်အမင်း ကြောက်ရွံ့တုန်လှုပ်ဟန် လက္ခဏာနှင့် တဟီးဟီး ညည်း တွားလျက် ရှိလေ၏။

"မလုပ်နဲ့ ကိုဘသင်၊ ကျွန်တော်တို့ထက် သူတို့က တန်ခိုးကြီးတယ်ဗျ၊ သေပြီးတဲ့သူကို အသာထားပြီး ကျန်ရစ်တဲ့လူများကို စောင့်ရှောက်ဖို့ဝတ္တရား ရှိသေးတယ်၊ ပြန်လိုက်ကြဦးစို့ဗျာ"

၎င်းနောက် ကျွန်တော်တို့သည် ဘီလူးအိုင်မှ တက်လာခဲ့ကြ၍ လမ်းတွင် စောင့်မျှော်နေသော ဘိုးကွန်းလက်သို့ လန်ဘားကို ပေးအပ်ပြီးလျှင် ကျွတ်တီးကုန်း အိမ်ကြီးသို့ ပြန်လာခဲ့ကြလေ၏။

* * *

'ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့' ဟူသော စကားအတိုင်း ကျွန်တော်တို့သည် ဦးသိန်းအတွက် ဆွမ်းကျွေး သပိတ်သွတ်ခြင်း စသော ကိစ္စများကို ဆောင်ရွက်ပြီးစီးကြသဖြင့် လုံးလုံးကြီး မမေ့နိုင်ကြသေးစေကာမူ အလွန်အမင်း ပူပန်ခြင်းမှ သက်သာရာ ရကြလေပြီ။ သပိတ်သွတ်ပြီးသည် နှင့် တစ်ပြိုင်နက်၊ ဒေါ်သန်းတင်၏ ဆန္ဒအတိုင်း၊ ၎င်းတို့သည် ကျွတ်တီးကုန်းအိမ် ကြီးမှ ဟာလင်းကြီးရွာတွင်းရှိ အိမ်တစ်အိမ်သို့ ပြောင်းရွှေ့လာကြလေ၏။ ဒေါ်သန်းတင်၏ ခင်ပွန်းသည် ဦးသိန်း ကွယ်လွန်ခြင်းအတွက် ပူဆွေးဒုက္ခ





ရောက်ရရှာသည် မှန်သော်လည်း နှစ်ပေါင်း ၃၀ ခန့်တိုင်တိုင် ပူပန်သောက ရောက်ခဲ့ရသော အဖြစ်မှ ဦးသိန်းမှာ ဝဋ်ကျွတ်သွားရှာပေပြီဟု မှတ်ယူသည့် သက္ခဏာနှင့် ဖြေမဆည်နိုင်လောက်အောင် မရှိခဲ့ချေ။ သို့ဖြစ်၍ ဦးသိန်းကွယ်လွန် သည့်နောက် တစ်လအတွင်းတွင် စားနိုင် သောက်နိုင် ဖြစ်လာ၍ အသားအရည် ဖိုဖိုဖတ်ဖတ် ဖြစ်လာရှာ၏။ သို့ဖြစ်ရကား ကျွန်တော်တို့၏ နှစ်ထပ်မင်္ဂလာ ဆောင် နှင်းရန်ကိစ္စမှာ အချိန်ဆိုင်းရွှေ့ရန် မလိုတော့ချေ။ သို့သော် တစ်လအတွင်းတွင် ၂ မင်္ဂလာ မပြုကောင်းဟု ရွာသားများက အယူရှိကြသောကြောင့် ကိုဘသင်နှင့် ခတင်ကြည်တို့ မင်္ဂလာဆောင်ကို ကဆုန်လတွင် ပြုလုပ်၍ ကျွန်တော်နှင့် မမြရင်ကို နယုန်လတွင် ထိမ်းမြားမင်္ဂလာ လက်ထပ်ခြင်း ပြုလုပ်ကြရလေ၏။

အလွန်တရာ ကြိုက်မွေ့လှသော အာတာပွန ဗေဒင်ကျမ်းကိုမူကား ကျွန်တော် တို့သည် ပုရပိုက်ပါ ထုနက်ရိုက်ချုံး၍ အရည်ကျိုပြီးလျှင် ဆင်းတုတော်ဖြစ်အောင် သွန်းလုပ် ကိုးကွယ် ထားကြလေတော့သတည်း။

ရွှေဥဒေါင်း

BURMESE CLASSIC .com

www.burmeseclassic.com